www.burmeseclassic.com

# လရော်ကျေးရှင်

# မျက်လုံးရိုင်း



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ရွှေသမင်
စာပေ

မှ စီစဉ်တင်ဆက်သည်။

BURMESE CLASSIC .com

ရွှေသမင်စာပေ
အမှတ် (၃၇/၃၉)၊ ၄၄ လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁- ၂၉၆၁၁၀၊ ၀၁- ၃၉၈၅၅၇၊
၀၁-၈၆၁၀၀၈၈

www.burmeseclassic.com

www.burmeseclassic.com

# ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ❖ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ❖ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်


- ❖ နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- ❖ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး။
- ❖ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ❖ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ❖ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ❖ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ❖ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ❖ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ❖ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- ❖ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- ❖ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ❖ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။




www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဒေါ်ကေခိုင်ဦး (မြ-၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/အဖုံးပုံနှိပ်သူ - ဒေါ်နွဲ့နွဲ့ရီ (မြ-၀၉၈၇၀)
ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၈၈)၊ ၅၁ လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အကြိမ် - ပထမအကြိမ်
၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀/-

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

လရောင်ကျူးရင့်
မျက်လုံးရိုင်း/ လရောင်ကျူးရင့်၊ ရန်ကုန်။ ရွှေသမင်စာပေ
၂၀၁၂။
၄၄၀- စာ ၊ ၁၅ စင်တီ x ၁၈ စင်တီ ။
(၁) မျက်လုံးရိုင်း




## အခန်း (၁)

မိုးစက်တို့ အင်အားကောင်းလွန်းသဖြင့် အမြန်နှုန်းနှင့် ဖယ်ရှား
...တ်ခါပေးနေသည့် ဝိုက်ဘာကလည်း ခြေကုန်လက်ပန်းကျလာခဲ့ပြီ
...င်သည်။ လေနှင့်ရောသော မိုးသံက တဝေါဝေါ ပြင်းထန်နေလျက်
...ဝန်းကျင်တစ်ခုလုံးမှာ အမှောင်ထုနှင့် မိုးရေတွေသာ ကြီးစိုးနေခဲ့
...ည်။

"ကျွတ်!.. ဒုက္ခပဲကွာ .."

ကားကို ရပ်ထားလိုက်ဖို့ပဲ ရှိတော့တာမို့ စိတ်ပျက်သွားမိသည်။
...ရှေ့ရှေ့ တိုးသွားနေလို့ရပေမယ့် မီးရောင်က ရှေ့ကို တိုးမပေါက်
...သဖြင့် တဖြည်းဖြည်း အန္တရာယ်ကြီးလာမှာ ဖြစ်သည်။

ဒီတိုင်းရပ်နေပြန်ရင်လည်း ဒီနေရာဟာ လမ်းကွေ့တစ်ခု ဖြစ်နေ
... မလွယ် ..။

"တောက် .."

နာရီ မြှောက်ကြည့်တော့ ည ကိုးနာရီ ..၊

www.burmeseclassic.com



မိုးစရွာကတည်းက လမ်းဘေးက မိုင်တိုင်တွေကို ကြည့်လို့မ တော့တာမို့ မိုးရွာချိန် ညနေ ခြောက်နာရီကနေ တွက်ကြည့်လိုက်လျှ ကားရဲ့ပြေးနှုန်းနဲ့ ခရီးကို ဘယ်လိုမှ ခန့်မှန်းလို့ မရတော့ပေ ..။

အမြန်လမ်းမကြီးပေါ်ကနေ လွန်မြောက်ခဲ့ပြီလား၊ မလွန်မြောက် ခဲ့သေးဘူးလား ဒါလည်း မသိ ..။ မိုးစသည်းလာတုန်းက ကားက အရှိန်နဲ့မောင်းလို့ ရသေးသည်။ သိပ်မကြာလိုက်ဘဲ လမ်းပေါ်မှာ ရေ တွေဖြစ်ကုန်လျက် ဖွေးခနဲ ဝေါခနဲ ခုန်တက်သွားသည့် ရေပန်းတွေက ကားကို ထုထောင်း ဝါးမျိုတော့မလို တောက်လျှောက် ပါလာကာမှ အရှိန်မတင်နိုင်တော့သည့်ကားက လိပ်တစ်ကောင်လို ..။

ကောင်းကင်ကနေ တဝေါဝေါဆင်းနေသည့် မိုးစက်များနှင့် လမ်းပေါ်ကနေ မြောက်တက် စင်ထွက်နေသည့် ရေတွေကြားမှာ ပတ် ဝန်းကျင်လည်း ပျောက်ဆုံးနေခဲ့၏။

ဘယ်လိုအငြိုးနဲ့ ဒီလောက်တောင် ရွာနေရတာလဲ ဒီမိုး ..၊

"ဒုန်း .."

"ဟာ!..."

ရုတ်တရက် အကြမ်းပတမ်း ဆောင့်ခုန်သွားကာ စိုးရိမ်စိတ်နှင့် မို့ သူ ထိတ်လန့်သွားမိသည်။ တစ်ခုခုနဲ့ တိုက်မိလိုက်သလားဟ တွေးမိကာ ကားကို ရပ်ပစ်လိုက်တော့ ပတ်ဝန်းကျင်မှာ မိုးသည် သည်းနှင့် ဒီအတိုင်း ..၊

ကားချင်းဆောင့်မိရင်တော့ ထိခတ်မိသည့်အကွာအဝေးမှာ ကား တစ်စီးလုံး ပျောက်ကွယ်နေတာ မဖြစ်နိုင်ပေ။ ထို့ကြောင့် အသင့်ပ လာသည့် မိုးကာအင်္ကျီကို ထုတ်ယူပြီး မြန်မြန်ဆန်ဆန် ဝတ်လိုက် သည်။ ဓာတ်မီးထုတ်၍ တစ်ဖက်လှည့်ပြီး တံခါးဖွင့်လိုက်တာနှင့် မိုးစက်တွေက လူကိုသာမကဘဲ ကားထဲထိ ခုန်ပေါက်ဝင်ဖို့ ကြိုးစား လာကြ၏။





မိုးကာခေါင်းစွပ်ကို မျက်နှာလုံတဲ့အထိ ထပ်ဆွဲချလိုက်ပြီး ကား ဘီးတွေအောက်ကို ဓာတ်မီးနဲ့ လိုက်ထိုးကြည့်မိသည်။ ငုတ်တုတ်ထိုင် ပြီး ဟိုဘက်အထိ ကုန်းကွ လိုက်ရှာပေမယ့် ဘာမှမရှိ ..။

သို့သော် နောက်ပိုင်းကို လျှောက်သွားပြီး ထိုးကြည့်လိုက်တော့ လမ်းမအစပ်မှာ ဆန့်ကောလောက်ရှိသည့် စက်ဝိုင်းခြမ်းပုံ ကျင်းချိုင့် ကြီးတစ်ခုက နည်းနည်းနောနော နက်တာမဟုတ်..၊ ဓာတ်မီးနဲ့သေချာ လိုက်ထိုးကြည့်ပြီးမှ စိတ်ချသွားခဲ့၏။

အကယ်၍ ကားက ချိုင့်ကျတာမဟုတ်ဘဲ တရားခံလည်း ရှာလို့ မတွေ့ခဲ့ဘူးဆိုလျှင် သူ ဘယ်လိုမှ ဘဝင်ကျနိုင်မှာ မဟုတ်ပေ။ ခုတော့ စိတ်ချလက်ချဖြစ်သွားပြီမို့ ရှေ့ကို ပြန်လှည့်လိုက်လျှင် ..၊

"ဟာ!.."

ဖြူဖွေးသည့်မျက်နှာတစ်ခုက ကိုယ့်ဘေးမှာ လက်တစ်ကမ်း လောက်ပဲ ကွာသည်၊ မိုးတွေသည်းနေသဖြင့် ဘာမှ သေချာမမြင်ရမီ ထိုမျက်နှာကပဲ လူကို ထိတ်လန့်စေကာ အရိပ် နောက်ပြန် တစ်လှမ်း ဆုတ်လိုက်မိ၏။

ထိုစဉ် ပြေးနေသည့်လူ တုံ့ခနဲ ရပ်လိုက်သလို ဆူညံအော်ဟစ် နေသည့် မိုးစက်တွေ ချက်ချင်း လျော့ကျသွားသည်။ တစ်နေရာကနေ တစ်နေရာ ရောက်သွားသလို ဒီနေရာမှာ လျော့ကျသွားကာ ခပ်ဝေး ဝေးဆီမှာ ဆူညံသံတွေ ဖြစ်နေတာ ကြားရင်း မိုးတိတ်သွားပုံက ချက် ချင်းကြီး ..။

"ဘယ်သူလဲ .."

လွှတ်ခနဲ မေးလိုက်ပြီးမှ ဓာတ်မီးပြန်ဖွင့်ဖို့ သတိရသည်။ ဒါပေ မယ့် လူတစ်ယောက်ဆိုလျှင် ဓာတ်မီးထိုးကြည့်လိုက်ဖို့က မသင့်တော် ပေ။ လူမှန်းဘာမှန်း ခွဲခြားရခက်လောက်အောင် မလှုပ်မယှက်ကြီး ရပ်ကြည့်နေပုံကြောင့်လည်း ထိတ်လန့်စိတ်တွေ ဖြစ်ခဲ့ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲလို့ ပြောပြပါလား"

ထပ်မေးလိုက်မိကာ ဓာတ်မီးကို ကိုင်ထားလျက်အတိုင်း မီးဖွင့်လိုက်သည်။ မီးရောင်က ခပ်စိုက်စိုက်ထိုးကျသွားသော်လည်း ပတ်ဝန်းကျင်က မိုးစက်မှုန်လောက်ကို မီးရောင်က အောင်နိုင်စွာ ဖြိုခွင်း၏။

လူလား .. သရဲလား ..။

မြင့်လိုက်ကာမှ ပိုလန့်သွားသည်။ မိန်းကလေးတစ်ယောက် ဖြစ်နေပြီး ခပ်တွန့်တွန့်ဆံပင်ရှည်တွေက ရေစိုရွှဲကပ်လျက် ရင်ဘတ်ပေါ်ပြန်ကျနေတော့ ခါးလောက်နီးနီး ရှည်သည်။

ဆံမြိတ်ချထားတာလား .. ရေနဲ့ ပြိုကျတာလား မသိဘဲ နဖူးကနေ အစုလိုက် ခပ်ကျဲကျဲပြန်ကျနေသည့် ဆံပင်တွေကလည်း ကလေးတွေ သရဲခြောက်တမ်းကစားတဲ့အခါ မျက်နှာပေါ်ကို တမင်ဆွဲချပြီး ကြောက်အောင် လုပ်ပြတာမျိုး ..၊ တကယ့်ကို ဖရိုဖရဲ ..။

မျက်လုံးနှစ်လုံးကလည်း သေချာ စိုက်ကြည့်လေ ပိုပြီး ပြူးပြဲဝိုင်းစက်လာလေ ..၊ သူ စိုက်ကြည့်နေတဲ့အတိုင်း မမှိတ်မသုန် ပြန်ကြည့်နေတာ မျက်တောင်တစ်ချက်မှ မခတ်ပေ။ ထို့ပြင် လူနဲ့မတူအောင် ရှည်လျားကော့နက်နေသည့် မျက်တောင်တွေက မျက်လုံးတွေဝိုင်းနေတော့ ကျောချမ်းစရာ ..။

"မင်း .. မင်းက ဘာလဲ .."

ယောက်ျားကြီးတစ်ယောက်ဖြစ်ပြီး ကြောက်သံပါနေပြီလားမသိ၊ ကြောက်နေတာထက် ဘာမှန်းမသိနိုင်ခြင်းကြောင့် စိတ်လှုပ်ရှားတာဆို ပိုမှန်လိမ့်မည်။

သူမက အနက်ရောင်ဂါဝန် ခြေသလုံးတစ်ဝက်လောက် အရှည်ပေါ်မှာ ရှပ်အင်္ကျီအဖြူကွက်ကို ထပ်ဝတ်ထား၏။ ရေနဲ့ အင်္ကျီ ကပ်နေသဖြင့် ပိန်သွယ်သွယ်ကိုယ်လုံးက သေချာကြည့်ဖို့ မလိုဘဲ ထင်းနေသည်။ အသက်တော့ သိပ်မကြီးနိုင်ပါ။ အလွန်ဆုံးရှိမှ ဆယ့်ငါး ဆယ့်





ခြောက် ..။

"ဟော့ .. မေးနေတာ ကြားလား"

အော်ငေါက်သလို ထပ်မေးလိုက်မှ သူမ မျက်လုံးသူငယ်အိမ် အနည်းငယ် လှုပ်သွားပြီး ခေါင်းညိတ်၏။

"ကြားပါတယ်"

လို့ ဖြေသံက ရိုကျိုးဟန် နည်းပါးလျက် 'မဖြေချင်လို့ မဖြေတာ' လို့များ ထပ်ပြောလာမလား တွေးလိုက်မိတဲ့အထိ ..။

မိုးစက်တို့က တဖြောက်ဖြောက်နှင့် အားရကျေနပ်သွားလို့ လက်ပြနှုတ်ဆက်နေသလို ဝုန်းဒိုင်းကြဲခြင်းကို စွန့်လွှတ်သွားပြီဖြစ်သည်။ အရိပ် က သူမကို အကဲခတ်ကာ လူတော့ လူစစ်စစ်ပဲလို့ တွက်နိုင်ပြီမို့ ရှေ့ထပ်တိုး၏။

"ဒီမှာ ဘာလာလုပ်နေတာလဲ .. မင်း ဘယ်ကလဲ"

မေးလိုက်ပြီးမှ ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်မိသေးသည်။

အမြန်လမ်းမကြီး မဟုတ်တော့ပေမယ့် မြင်ရသလောက်မှာ လူနေအိမ်ခြေလည်း မရှိ၊ ဒီအချိန် မဟုတ်ရင်တော့ ဒီလမ်းတွေပေါ်မှာ ကားအသွားအလာတောင် ကျဲပါးတတ်တာ သူ သိသည်။

သူမက တစ်ယောက်တည်း ဘာလဲ ..၊

ပြောရမယ်ဆို ရှည်မျောမျော ပိန်ကပ်ကပ်လေးနှင့် ပါးရိုးလေးတွေပါ ပေါ်တဲ့အထိ ပိန်တာက သိသာသည်။ မျက်တောင်တွေ လွှန်းစွာရှည်လျက် မျက်လုံးပြူးနေတာက ပြည့်ဖြိုးမှုမရှိသည့်မျက်နှာနှင့် တော်တော်ကြည့်ရဆိုးနေတာ ဖြစ်သည်။

လူစင်စစ်ဖြစ်နိုင်တာသိလျက်နှင့် လူနဲ့ကို မတူသည်မို့ ..၊

"မင်း စကားကောင်းကောင်း ပြောတတ်တယ်မို့လား .. ပြောချင်ပြော၊ မပြောပြဘူးဆိုလည်း ရှေ့က ဖယ်၊ ငါ သွားစရာရှိတယ်"

"ကျွန်မ လိုက်ချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ!..."

သူ ခြေလှမ်းလိုက်ကာမှ သူမ လှုပ်လှုပ်ရှားရှားဖြစ်သွားကာ လူ သေကောင်လို ပြူးပြူးပြဲပြဲ ကြောင်စီစီမျက်လုံးတွေက အသက်ဝင်လာသည်။

"ဘယ်ကို လိုက်ချင်တာလဲ .. မင်းက .."

သူမ မဖြေပါ။ လူကို မျက်လုံးပြူးနှင့်ကြည့်ကာ နှုတ်ခမ်းတစ် ချက်ပြင်၍ လက်လေးပိုက်သည်။ ထိုအခါကျမှ ဖြူဖတ်ဖတ် အပြာ ရောင်သမ်းချင်နေသည့် နှုတ်ခမ်းတွေမှာ သူမ ချမ်းနေပြီဆိုတာကို သတိထားမိလိုက်၏။

"ဟော့ .. မေးနေတာ ဖြေလေ၊ မင်းက ဒီနေရာကို ဘယ်လိုရောက် နေတာလဲ၊ အခု ဘယ်ကို လိုက်မှာလဲ"

သူမ ခေါင်းခါလိုက်ပြီး မျက်နှာငံ့သွား၏။ အရိပ် မျက်နှာ ခပ်မှုန်မှုန် ဖြစ်သွားကာ ...

"ကိုယ့်ကိုယ်ကိုယ်တောင် ဘာလုပ်နေမှန်း သိရဲ့လား.. မင်း .."

သူမ ပြန်မော့ကြည့်ပေမယ့်,တစ်လုံးမှ ပြန်မပြော ...၊

"ကဲ .. ဖယ် .. ငါ့မှာ ကိုယ့်အလုပ်နဲ့ ကိုယ်၊ မင်းသွားမယ့်နေရာ ကို ဝိုင်းစဉ်းစားပေးဖို့ အချိန်မရှိဘူး"

ဖယ် .. ဆိုတော့လည်း သူမက ဖယ်ပေးသည်။ သူ ကားပေါ် တက်လိုက်တာနှင့် သူမ လှုပ်ရှားသွားတာကို သိသော်လည်း လှည့် မကြည့်မိပေ။ သို့သော် စက်နှိုးပြီးကာမှ သေချာ ပြန်ငဲ့ကြည့်လိုက်တော့ အံ့သြသွားမိ၏။

သူမက လမ်းဘေးက ချုံပုတ်တစ်ခုနားမှာ ထိုင်စရာတစ်ခုခုပေါ် မှာ ထိုင်နေတာမျိုး ...၊

ကြည့်စမ်း ...၊ သူ မိုးကာချွတ်တာ၊ ဖြစ်သလို လိတ်ပတ်ပြီး အိတ်ထဲထည့်၍ နောက်ခန်းထဲ လှမ်းထည့်ရင်း ကားထဲဝင်လိုက်တာ





အလွန်ဆုံး နှစ်မိနစ်ပေါ့ ...။

ဒီအချိန်မှာ ဒီကနေ ထိုနေရာထိ ခုလို နေသားတကျထိုင်ပြီးသား ဖြစ်နေဖို့က ဝိစိမှတ်သံကို နားစွင့်နေသော နေရာလုကစားနည်း အတွက် အသင့်ပြင်ထားကြသည့် ကလေးတွေပဲ ဖြစ်နိုင်မှာ ဖြစ်သည်။

သူမပုံစံက ဒီတိုင်းဖြစ်နေသည်ဆိုလျှင် လိုက်ပါရစေလို့ လာ ပြောတာက ဘာလဲ ...၊

ကားကြုံလိုက်ချင်တာက အဓိကလား ...၊ ဒီနေရာမှာ အချိန်မီ ပြေးထိုင်ဖို့က အဓိကလား ...၊ ဒါမှမဟုတ် ပြောကြည့်ရုံပဲဖြစ်ပြီး မရနိုင်မှာကို သိပြီးသားဖြစ်တာမျိုးလား ...၊

ရုတ်တရက် ကားထွက်သွားဖို့ စိတ်က ဒုတိယဖြစ်သွားကာ ဘိတ်ဆိတ်စွာ ထိုင်နေသည့် သူမဆီကိုပဲ အရိပ် စိတ်ဝင်တစား ဖြစ် သွားသည်။

လိုက်ပါရစေ .. ဖွင့်ပြောရင်တောင် ဒီနေရာမျိုးမှာ သူ ကူညီဖို့ စဉ်းစားချင်မှ စဉ်းစားမှာဖြစ်၏။ ဘယ်လိုပုံစံမှန်း မသိသည့် သူမကို တော့ တော်တော် အံ့သြသွားမိသည်။ ဒါပေမယ့် ဘာဆိုင်လို့လဲ ...၊

စက်နှိုးပြီးသည့်ကားကို သာသာလေး လိမ့်ထွက်လိုက်ရင်း မျက် လုံးက နောက်ထပ် ရောက်သွားပြန်၏။ ကားမီးရောင် ဖြာနေသဖြင့် မိုးစက်တွေပါ ကင်းရှင်းနေသည့် ပတ်ဝန်းကျင်က ပီပြင် ရှင်းလင်း နေသည်။

ဒီကောင်မလေး ဘာကို ထပ်စောင့်မှာလဲ ...၊ အကြောက်အလန့် ရှိ ပေကပ်ကပ်ပုံက လူသားစစ်စစ်လို့ ထင်ပြီးသားကိုတောင် ဇဝေ ဇဝါ ပြန်တွေးမိရတဲ့အဖြစ် ...၊ ထိုစဉ် ...

"ဟင်!..."

ဘီးလိမ့်စပြုနေသည့် ကားကို ချက်ချင်းပြန်ရပ်လိုက်မိ၏။ ဘယ် ရောက်သွားပြန်ပြီလဲ ...၊ မတင်ရသေးသည့် မှန်တံခါးကနေ ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ထွက်ကြည့်လိုက်ရင်း ကားကို အလိုလို နောက်ပြန်ဆုတ်မိသည်။

ဒီအနီးအနားမှာ ချက်ချင်း ပျောက်ကွယ်သွားအောင် ပြေးပုန်းစရာ နေရာမရှိသလို ဒီအကွာအဝေးလောက်နဲ့ လူလုံးပျောက်သွားဖို့လည်း မဖြစ်နိုင် ...။

တကယ်ကို ပြန်မတွေ့တော့ဘူးဆိုရင်တော့ ဒါ မရိုးသားတော့တာ သေချာပါပြီ။ ကားကို တအိအိ ပြန်ဆုတ်ခဲ့ရင်း စောစောကချိုင့်နေရာအစပ်ကို ရောက်မှ ရပ်လိုက်၏။ ထိုအခါကျမှ ကောင်မလေးထိုင်နေခဲ့သည့်နေရာက ကားရှေ့ကိုရောက်ကာ မြင်ကွင်းကို ရှင်းလင်းစွာ မြင်လိုက်ရတော့သည်။

သူမသည် လက်ပိုက်ထားလျက်နှင့် ထိုနေရာမှာပဲ ခွေခေါက်ပုံကျနေ၏။ အရိပ် စိတ်ထဲမှာ ချက်ချင်း နေရာယူသွားခဲ့တာက သနားကရုဏာ ဖြစ်မိခြင်း ...၊

"ကျွတ်!... သေတော့မှာပဲ"

ရေစပ်စပ်နှင့် ချိုင့်ထဲမှာ အကွေးလိုက်လေး ကျနေတာမို့ မြင်ကွင်းကို သူ လျစ်လျူမရှုနိုင်တော့ပေ။ ထို့ပြင် ဒါဟာ မရိုးသားမှုတစ်စုံတစ်ရာ မပါနိုင်တာကို စိတ်က ယုံကြည်နေကာ ...

"ဟေ့ .. ချာတိတ် .. ဟေ့ .. ထစမ်း"

ရေစပ်ထဲ ရောက်နေသည့် မျက်နှာကိုပဲ အရင်ဆွဲမော့လိုက်ကာ နှိုးနေရင်း ပခုံးလေးနှစ်ဖက်ကနေ ဆွဲထူလိုက်မိသည်။

"အား!..."

ညည်းသံသဲ့သဲ့လေးနှင့် သူမ လှုပ်ရှားလာ၏။ သတိရလာတာမဟုတ်ဘဲ လက်ပိုက်လေးကို ပိုကျစ်နေအောင်လုပ်ကာ ပုစွန်တုပ်လိုကွေးဖို့ အတင်းကြိုးစား၏။

"ဟေ့ .. ဒီမှာကြည့်စမ်း .. အတင်း ကုပ်ကွေးမနေနဲ့၊ ဟား!... ပြဿနာပဲကွာ"





အေးစက် တောင့်တင်းနေသည့်ကိုယ်ကို သူ ဒီတိုင်းပဲ မပါပါအောင် ပွေ့ယူလိုက်ကာ ...

"ဒီနားမှာ ခဏထိုင် .. ဟိတ် .. ကြားလား၊ လဲသွားဦးမယ်"

ရေထဲကလွတ်သည့်နေရာ သူမ ထိုင်ခဲ့သည့် သစ်တုံးမှာပဲ မှီပေးထားခဲ့ပြီး ကားဆီ ပြန်ပြေးရသည်။ ပြီးတော့ နောက်ခန်းတံခါးဖွင့်၊ နေရာလုပ်ပြီးမှ သူမကို ပြန်ခေါ်၍ ကားထဲ ထည့်သည်။ မပြီးသေးသည့်တာဝန်က ကားထဲမှာ အမြဲတမ်း အဆင်သင့်ပါသည့် ဆေးဝါးပစ္စည်းတို့နှင့် ဆေးတိုက် ပြုစုပြီးမှ ကားထွက်ရသည်။ ဒါပေမယ့် သူ သိနေသည်။

မသေဘူးဆိုရင်တောင် အအေးပတ်သည့်ရောဂါကို သူမ အသေအချာ ခံစားရတော့မည်။ ဘာဖြစ်လို့လဲဆိုတော့ ရေစိုအဝတ်တွေလဲပေးဖို့အထိတော့ သူ မတတ်နိုင်ခဲ့ပေ ..။

ဒါတောင် ခရီးဝေးသွားတော့မည်ဆို စားသောက်စရာ ဆေးဝါးကအစ အဝတ်အထည် အသုံးအဆောင်တွေ ဘာမှ လိုလေသေးမရှိအောင် တတ်နိုင်ဆုံး စီစဉ်ပေးတတ်သည့် အဘွားတို့ ကျေးဇူးကြောင့်ဖြစ်သည်။

အင်္ကျီအဝတ်အစား အပိုတွေ ပါပေမယ့် သူမကို ပေးဝတ်ဖို့က..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

ဝေးကွာခဲ့ကြသည့် ရာသီစက်ဝန်းက အဖန်တလဲလဲ ပြောင်းနေခဲ့ပြီး တွေ့ဖို့မလွယ်တော့ဘူးလို့ ထင်လာခဲ့သည့် လျော့ရဲသော မျှော်လင့်ချက်တွေလည်း တစ်စစ ပျောက်ဆုံးခဲ့ပြီဖြစ်သည်။

ဒါပေမယ့် မထင်မှတ်သော ပြန်လည် ဆုံစည်းခြင်းက မထူးဆန်းသော အဖြစ်လေးတစ်ခုမှာ အသက်ရှူမှားခဲ့ရတဲ့အထိ ..။

"မမကြီး အောက်မှာ အစ်ကိုလေး ရောက်နေတယ်"

"ဘာ!..."

အလုပ်လုပ်မလို့ ကွန်ပျူတာရှေ့မှာ ထိုင်မိရုံရှိသေးသည်။ ကောင်မလေးတစ်ယောက် လာပြောတာကို တအံ့တသြ လှည့်ကြည့်မိသည်။

ဒီအချိန်ဟာ သားငယ် ရောက်လာတတ်သည့်အချိန် မဟုတ်..။

"သူငယ်ချင်းတွေနဲ့လား မနီ .."

"မဟုတ်ဘူး မမကြီး .. ဒါပေမယ့် လူတစ်ယောက်တော့ ပါတယ်၊ အဲဒီလူရဲ့ကားနဲ့ပဲ လာတာ .. အစ်ကိုလေးရဲ့ကား မဟုတ်ဘူး၊ လမ်းမှာ တစ်ခုခုဖြစ်လာတာ ထင်တယ်"

"ဟင်!..."





ပန်း ဖျတ်ခနဲ ထရပ်မိသည်။ ဒီလိုမဖြစ်ဘဲ ဒီအချိန် ရောက်လာ မဟုတ်ဘူးဆိုတာ မတွေးမိသည့် ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ရင်း ာက်ထပ်ကို ဆင်းလာခဲ့မိသည်။

"ကျွန်တော်က အဆောင်မှာနေတာ အစ်ကိုရ .. ကျောင်းပိတ်ရင် ောင် အိမ်ကို မပြန်ဖြစ်တာ များတယ်၊ ခုလို အကြောင်းကိစ္စတွေ လာရင်တော့ ခလုတ်ထိမှ အမိ'ဂ'တာလေ .. အဟွန်း .."

ဧည့်ခန်းက ထွက်ပေါ်လာသည့် သားငယ်ရဲ့စကားသံကြောင့် လှမ်းတွေ ပိုမြန်သွားသည်။ ပြဿနာတစ်ခုခု ဖြစ်လာပုံပေါ်သည့် သံ မဟုတ်ပေမယ့် ဘာဖြစ်လာလဲဆိုတာ သိချင်စိတ်ဖြင့် လှေကား နောက်ဆုံးတစ်ကွေ့ကို အမြန်ဆုံးနှုန်းနဲ့ ရောက်သွားခဲ့၏။

ထိုအခါ ပန်း ရဲ့ခြေလှမ်းတွေ တုံ့ခနဲ ရပ်သွားသည်။

သားငယ် က လှေကားဘက်ကို နောက်ခိုင်းမကျတကျ ထိုင်နေ ထိုသူကတော့ ဘေးတစောင်းပုံ ..၊

"သားအမိနှစ်ယောက်တည်းဆိုပြီး တစ်မြို့တည်းမှာ တစ်နေရာ နေကြတာလား .."

"ဟုတ်တယ် .. အဲဒါကို တချို့က အံ့သြကြတယ်၊ ကိုယ့်အတွေး ယ် မှန်နေပေမယ့် ဒီလောက် ခြံကြီးဝင်းကြီးရှိရက်နဲ့ တခြားသွား ာဆိုတော့ အံ့သြစရာပဲလေ၊ ဒါပေမယ့် ဘယ်သူ ဘာပြောပြော ထင်ရာ ကိုယ်လုပ်ရဖို့ပဲ မဟုတ်ဘူးလား .."

"သြော် .. သြော် ..."

ခေါင်းညိတ်၍ မထိတထိ ပြုံးလိုက်သော မျက်နှာကို ငေးသွားမိ ပြီးတော့ ပန်း သိလိုက်၏။

ထိုသူဟာ တစ်ချိန်က သူမနှင့် အရင်းနှီးဆုံး ယောကျ်ား ..၊ သူ့နာမည်က ..၊

"ဒါနဲ့ အစ်ကို့နာမည်ကရော .."



www.burmeseclassic.com

www.burmeseclassic.com



"အရိပ်ထင်"

"မိုက်သားပဲ"

ပန်း ရင်ခုန်သံတွေ မြန်ဆန် ခုန်ပေါက်လာကြ၏။ လူကို မြင် လိုက်တာနှင့် သူပဲဆိုတာ သိလိုက်ခြင်းသည် အရိပ်ထင် ဆိုသော နာမည့်ကြောင့် ပို သေချာသွားခဲ့ပြီး ...

"အားနာလိုက်တာ အစ်ကိုရာ .. ကျွန်တော့်ကိုလည်း ကူညီ[illegible] သေးတယ်၊ အိမ်ထိ လိုက်ပို့ရတော့လည်း အစ်ကိုပဲ၊ ဒါနဲ့ အစ်ကိုက.."

"ဘာဖြစ်လို့လဲ .."

"မန္တလေးဇာတိဆိုတော့ အခု ရန်ကုန်မှာ အိမ်ထောင်ကျနေတာ လား"

"ကိုယ့်မှာ အိမ်ထောင်မရှိပါဘူး၊ ရန်ကုန်မှာ ခုမှ အခြေချတာ ဆိုတာလည်း မြေစမ်းခရမ်းပျိုးတာမျိုးမှ မဟုတ်တာ၊ လုပ်ငန်း အ[illegible] စိုက်ခဲ့တာက ကြာပြီလေ၊ လူတခြား အလုပ်တခြား ဖြစ်နေလို့ [illegible] အပြီးရွှေ့လာတာ"

"ဪ .. ဒါဆို ဂွတ်ဒ်တာပေါ့၊ အစ်ကိုနဲ့ ကျွန်တော် အဲ[illegible] တွေ့လို့ရပြီ၊ တကယ်ပါ .. ကျွန်တော့်ကို ကူညီခဲ့တာရော နောက်[illegible] အစ်ကို့ကို မြင်တည်းက ခင်ချင်စိတ်တွေ ဖြစ်နေတာရော၊ နောက်[illegible] ကျွန်တော်နဲ့ပတ်သက် တတ်နိုင်တဲ့အကူအညီမျိုး လိုလာရင် အ[illegible] မရွေး ပြော .. ဖုန်းတစ်ချက်ပဲ ဆက်၊ ရေ့ရောက်နေစေရမယ်"

ရယ်သံကို နားထောင်ရင်း သူပဲဆိုတာလည်း သေချာနေပေမ[illegible] ပန်း မယုံနိုင်စွာ ရင်ခုန်သံတွေက မြန်နေဆဲ ...၊

ဟိုတုန်းကနဲ့ အခု ပုံစံချင်း အများကြီး ကွာသွားပေမယ့် [illegible] ကြည်သည့်မျက်နှာထက်က မျက်ခုံးနှစ်ဖက်နဲ့ တန်းစင်းသည့်နှာတံ[illegible] ဘယ်လိုမှ မပြောင်းလဲနိုင် ...၊

ထိုနှာတံနဲ့ မျက်ခုံးတွေဟာ ဖြူဝင်းသည့်မျက်နှာမှာ မဟာ[illegible]





[illegible]အောင် ချောသည်။ အနီးအဝေး ဘယ်ကကြည့်ကြည့် ထိုလူဟာ ရှင်း သန့်ချောမွေ့နေသည်ဟုသာ သတ်မှတ်သွားမှာ ဖြစ်၏။

ထိုယောကျ်ားကိုသာ ပန်း ချစ်ခဲ့ဖူးသည်၊ ခုချိန်ထိ နောင် ဘယ် သောအခါဖြစ်ဖြစ် ဘယ်လိုမှ မေ့နိုင်မှာမဟုတ်သော ...။

"ဟော .. မေမေ ဆင်းလာပြီ"

စိတ်ကူးတို့သည် ဖျတ်ခနဲ လှည့်ကြည့်လိုက်သည့် မျက်ဝန်းတွေ [illegible]င့် ဆုံလိုက်သည့်ခဏမှာပဲ နိုကိုးရာမဲ့သွားခဲ့သလို ...၊

"မေမေ .."

သားငယ်က ပန်း နားထိ လျှောက်လာကာ လက်ကို ဆွဲယူခေါ် [illegible]ရင်း ...

"သား လမ်းမှာ ရန်ဖြစ်လာခဲ့တာ မေမေ .. ဟိုကောင်တွေက [illegible]ပ်စုတောင့်တော့ သားပဲ နာတာပေါ့၊ အဲဒါ အစ်ကိုက ဝင်ကူညီခဲ့တာ"

သားငယ် မျက်နှာကို ပြန်ကြည့်လိုက်တော့ အညိုကွက်တချို့ ထင် [illegible]က် နှုတ်ခမ်းအစပ်မှာလည်း ရောင်နေ၏။ ပန်း ကြည့်လိုက်ကာမှ [illegible]သားငယ် က နှုတ်ခမ်းကို လက်ခုံနဲ့ကပ်ကွယ်ထားလိုက်ပြီး ရယ်ကာ...

"အပေါ်ယံပါ မေမေကလည်း .. ဘာမှမဖြစ်ပါဘူး"

ပြောပြီး ဧည့်သည်ရှေ့မှာ နေရာပေး ထိုင်စေလျက် ...

"သားဧည့်သည်ကို မေမေ ခဏ ဧည့်ခံပေးထား၊ သား ရေ ပြေး [illegible]လိုက်ဦးမယ်"

"သား ဒဏ်ရာတွေ ဆေးထည့်ရမှာလေ .."

"ဟာ .. မလိုပါဘူးဆို မေမေကလည်း .."

သားငယ် က မတ်တတ်ကနေ မထိုင်ဘဲ ပန်း ရဲ့ပခုံးကို ဖက်ထား [illegible] ခါးညွှတ်လျက်နှင့် ...

"အစ်ကို .. ဒါ ကျွန်တော့်မေမေ ဒေါ်လျှပ်ပန်း .."

လူငယ်လေးတစ်ယောက်၏ ပွင့်လင်းဖော်ရွေသော [illegible]ရယ်မှု



www.burmeseclassic.com

www.burmeseclassic.com



တွေဟာ လူကြီးနှစ်ယောက်၏ အုံဖွဲ့ ပူနွေးသော မဲ့ပြုံးတွေကို အမှတ် တမဲ့ ကျော်လွှားသွားခဲ့ပြီး ...

"ခုပဲ ပြန်ဆင်းခဲ့မယ်နော် အစ်ကို .. ကျွန်တော် ပြန်လိုက်ပို့မှာ

သားငယ် ထွက်သွားသည်နှင့် အရိပ် ၏ ရှုးရဲအေးစက်နေသည် မျက်လုံးတွေက ကြေကွဲရိပ်ထင်လျက် ပြုံးယောင်သမ်းသော မျက်ဝန်း အစုံကို ထွင်းဖောက် လွှမ်းမိုးလျက် ...

"မင်းပဲကိုး .."

မျက်နှာပြင်မှ ပြောင်းလဲ ဖြစ်ထွန်းသွားသည့် ကောက်ကြောင်း တို့နှင့် လေသံကြောင့် တစ်စုံတစ်ရာကို မျှော်လင့် ငေးမောနေခဲ့သော ပန်း ရဲ့မျက်နှာလေး ကွက်ခနဲ ပျက်သွားသည်။

သူမ တစ်သက်လုံး မျှော်လင့်လာခဲ့ရသော ပြန်လည် တွေ့ ခြင်းက ဤသို့မဟုတ် ...။

"လျှပ်ပန်း ဟုတ်လား .. နောက်ထပ်တစ်မျိုး ရှိသေးတယ်၊ မင်း ပြောပြမထားဘူးလား"

"ကိုကို .."

"မီးစနေ"

နားထဲမှာ တကယ့် မီးစကြီးတစ်စ တိုးဝင်သွားသလိုပင် ...၊ ပ မျက်နှာလေး ငယ်ကျသွားသည်။ ကော့နက်ရှည်လျားသည့် မျက်တော တို့သည် ဖျတ်ခနဲ ခတ်ပစ်လိုက်တာမျိုး မဟုတ်ဘဲ တစ်ချက်ေ တုန်ခါသွားခြင်းသာဖြစ်လျက် မျက်ရည်ပူတို့ကြောင့် ပြိုးပြက်လက်

"မင်း .. .."

မပြောမဆိုနိုင်လောက်အောင် မချိမဆံ့ ဖြစ်နေသည့် ဒေါသ ကို ပန်း မြင်နေရပေမယ့် မယုံနိုင် ...၊ ကိုကို ဒီလောက်ထိ ဒေါသထွ စရာ ပန်း ဘာလုပ်ခဲ့မိလို့လဲ ...။

တကယ်ဆို ကိုကို့အတွက် ပန်း ကသာ ...၊





"မင်း လုပ်ရက်တယ် မီးစနေ .. မင်းရဲ့လုပ်ရပ်အတွက် မင်းကို ဘယ်တော့မှ ခွင့်မလွှတ်ဘူး၊ ကမ္ဘာပတ်ပြီး ရှာနေတာ မဟုတ်ပေ ငါ ရောက်တတ်လေရာအရပ်မှာ မင်းရုပ် မင်းအသံမျိုး မြင်ရ ကြားရမလားဆိုပြီး အမြဲတမ်း နားစွင့် ရှာဖွေနေခဲ့တာ .. အဲဒါ မင်း အတွက် ငါ ပြန်ပေးမလို့ စုဆောင်းလာခဲ့တဲ့ လက်ဆောင်တွေကြောင့် ငါ ခံစား စုဆောင်းလာခဲ့ရတဲ့ မင်းရဲ့အမုန်းတွေနဲ့ အုံဖွဲ့မှုကို အလကား ဖြစ်မခံနိုင်ဘူး"

"ကိုကို့ကို .. ကိုကို့ကို ဟုတ်လား .. ပန်း ကိုကို့ကို ဘယ်တုန်းက ခဲ့ဖူးလို့လဲ .."

တုန်ခါ တိုးသဲ့သည့် မျက်ဝန်းတို့က ငွေ့ရည်ဖွဲ့ခဲ့သော နှုတ်ခမ်း ကြားမှ စကားသံက မသိတဲ့လူအတွက်ဆိုရင်တော့ နားထောင် ဖွယ် မရှိပါ။

အလွန်လှပ၍ သနားစဖွယ် သည်မျက်နှာလေးကို စေ့စေ့ကြည့်မိ နှင့် လက်နက်ချ ဒူးထောက်ပြီးသား ဖြစ်ဖွယ်အတိ ...။

ဒါပေမယ့် သူ့ရင်ထဲမှာတော့ ကြည့်နေရင်း အမုန်းတွေသာ ဖြစ် ခဲ့သည်။ နောက်ဆက်တွဲ ခံစားရသည်က နာကျင်ခြင်း ...၊

ဟိုတုန်းက ဝိုင်းခြောက်ခြောက် ဖြူဖပ်ဖပ်နှင့် မျက်လုံးကြီးတဝင်း အထင်းသားရှိကာ လူပြောစရာဖြစ်လောက်အောင် ကြည့်ရဆိုး သူမလေးကို သူတစ်ယောက်သာ ကြင်နာခဲ့သည်၊ သူမအတွက် အရာရာအတွက် အားလုံး အကုန် .. ကာကွယ် ဖြည့်ဆည်းပေး လည်း သူပဲ ...။

ဒါပေမယ့် သူ့ဘဝ လုံးဝ ပျက်စီး ပြာကျသွားအောင် မွှေနှောက် ခဲ့သော သူမကတော့ ...၊

"မင်းက တကယ့် မီးစပဲ မီးစနေ .. မင်းနဲ့ ငါ ဒီနေ့ ပြန်ဆုံရတာ မ်းသာတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ စကားပြန်စလိုက်ရင်း တစ်ဆို့ နာကျင်နေသည့် ရင်ဘတ်
ဖွင့်ကာ ပင့်သက်ရှိုက်၍ ရှင်းသည်။ ပြီးတော့ မျက်လုံးရိုင်းတို့မှ မျ
ရည်စတွေကို နှုတ်ခမ်းမဲ့ကြည့်၍ ကျောခိုင်းရပ်မိရင်း ...

"မင်း မကြောက်တတ်မှန်း ငါ သိပါတယ်၊ ဒါပေမယ့် ထပ်ပြေ
မယ် .. မင်း ဒီနေရာကနေ နောက်ထပ် ရှောင်ပြေးဖို့ မကြိုးစားပါနဲ့

ပန်း ဘာမှမပြောနိုင်ခင်မှာ သူကချည်း နာကြည်းမုန်းတီးမှု
ကို ပြသကာ ...

"မင်းနဲ့ငါ ထပ်ပြီး ဆုံစည်းရဦးမှာ .. ဟွန့် .."

သူ ဘယ်သူ့ကိုမှ နှုတ်မဆက်ဘဲ ချက်ချင်း ထပြန်သွားသည်
မငိုတတ်ခဲ့သော မျက်ဝန်းမှ မျက်ရည်တွေကို မျက်တောင်တွေ
ထုတ် သိမ်းဆည်းရင်း ပန်း စိတ်တွေကို ပြန်တင်းမိသည်။

ကိုကို ဘာလို့ မုန်းတာလဲ ..၊

မုန်းရတဲ့အကြောင်းရင်းကို မသိသော်လည်း မုန်းရက်တာကို
ရင်နာမိသည်။ ကိုယ့်ဘဝအကြောင်း၊ ကိုယ့်ရဲ့ရင်ထဲက ဘယ်
ရှာဖွေတွေ့ရှိနိုင်မှာ မဟုတ်သော တွယ်တာတတ်လွန်းသည့် အမြ

ဒါတွေကို ကိုကို တစ်ယောက်သာ နားလည်တတ်သည်၊ ကို
သည်သာ ကိုယ့်အပေါ်မှာ နားလည်နိုင်ဆုံးလို့ ယုံကြည် မျှော်လ
ခဲ့သမျှ ..၊

ပန်း ရင်ထဲမှာ မချိမဆံ့ နာကျင်လာသည့် အချစ်နှင့်ပတ်သ
သော ခါးသီးမှုဟာ ကိုကို့အမုန်းတွေ ဘာကြောင့် ဖြစ်လာခဲ့သ
တာကို နားလည်ဖို့ မကြိုးစားချင်တော့တဲ့အထိ အဖွန်းရောက် န
ခဲ့လျက် ..၊

"ဘယ်သူ ဘာပြောပြော ကိုယ်ထင်ရာ ကိုယ်လုပ်ရဖို့ပဲ ကို





## အခန်း (၃)

"ဒီမှာ လာတက်ရင် ဒီက သင်ပေးသမျှ ခေါင်းထဲရောက်ရမယ်၊
အောင်လက်မှတ် ချီးမြှင့်ခြင်းခံရတဲ့သူက တကယ် အောင်မြင်စွာ
တ်မြောက်တဲ့သူ ဖြစ်ရမယ်၊ ကျွန်တော် ပြောတာ သဘောပေါက်
နော်"

"ဟုတ်ကဲ့ပါ ဆရာ .. အားလုံး ဒီတိုင်းပဲ ဆောင်ရွက်နေကြပါ
ယ်"

"ဒီမှာ အောင်မြင်လာတဲ့သူကို ကမ္ဘာ့မှာ ပြန်ပြီး ခန့်အပ်မှာ
ကျွန်တော့်ရှေ့ကို ရောက်လာတဲ့သူဟာ အောင်လက်မှတ် မိတ္တူ
ရွက် ကိုင်လာတဲ့သူ မဖြစ်စေချင်ဘူး၊ စီမံခန့်ခွဲမှုပညာကို တကယ်
ကျင်တတ်မြောက်နေရမှာ .."

"ဟုတ်ကဲ့ .. စိတ်ချပါ သူဌေး၊ ကုမ္ပဏီက ဖွင့်ထားတဲ့ သင်တန်း
တချို့သင်တန်းတွေလို မဖြစ်စေရပါဘူး .. အထူး ဂရုစိုက်ပါ့မယ်"

"ဟုတ်ပါပြီ .. အားလုံး သွားလို့ရပြီ"



www.burmeseclassic.com

www.burmeseclassic.com



သူ နာရီကြည့်လိုက်ပြီး အတွင်းရေးမှူးကို မှာစရာရှိတာ မှ
သည်၊ ထိုစဉ် ညှိသည်ရောက်နေကြောင်း အကြောင်းကြားလိုက်
သဖြင့် ...

"လွှတ်လိုက် .."

သူ ခွင့်ပြုလိုက်တာနှင့် ရှေ့ကို ရောက်လာသူက သားငယ်

"ဟော ..

"ဟုတ်ကဲ့ အစ်ကို .."

သားငယ် မျက်နှာက အားတုံ့အားနာ အပြုံးတို့ မရဲတရဲနှင့်

"ကျွန်တော် အပြင်ကနေ စောင့်နေသင့်တာနော် .. ဟို အစ်ကို့
တွေ့ဖို့ ဒီလောက်ထိ ကျော်ဖြတ်ရမယ်မှန်း သိရင် .."

"ဪ .. ရပါတယ် .. ဒါက ကုမ္ပဏီကိစ္စ ဆွေးနွေးတဲ့အခ
မို့လို့ပါ၊ ထိုင်လေကွာ .."

သားငယ် က ရှေ့မှာ ဝင်ထိုင်လိုက်ပြီး ကားသော့ကို ဆုပ်
လျက်နှင့် လက်ကို စားပွဲပေါ်တင်ကာ ...

"အစ်ကို့ကို အားနာလို့ပါ .. ကျွန်တော်က အထူးအထွေ
မရှိဘဲနဲ့ တမင်ဝင်လာတာ"

"ဟုတ်လား .. ဒါဆိုရင်တော့ မင်း စောင့်ရလိမ့်မယ်၊ ဒီအချိ
ကိုယ် ထွက်သွားလို့ မရဘူး"

"ကျွန်တော် နားလည်သွားပြီ .. နောက်မှပဲ ဖုန်းနဲ့ ကွန်တ
လုပ်တော့မယ်၊ ဘာဖြစ်လို့မှန်း မသိဘူး ကျွန်တော် အစ်ကိုနဲ့ စ
ပြောချင်စိတ်တွေ ဖြစ်နေတာ ဟိုနေ့ပြီးကတည်းကပဲ"

"အဟွန်း .."

အရိပ် က ပြုံး၍ ခေါင်းညိတ်သည်။ သားငယ် က ထိုနှုတ်
တွေက အပြုံးကိုကြည့်၍ လိုက်ပြုံးသည်။

အရိပ်ထင် ဆိုသူကို သူ ဘာဖြစ်လို့ မြင်မြင်ချင်း ယုံကြည်ခဲ့





မသိ ...။

'မင်း မေမေက အရိမ်းလှတာပဲကွ' လို့ ပြောသံတွေအပေါ်မှာ
စိတ်တိုရလွန်းလို့ အမေတစ်ယောက်ကို စောင်ထုပ်ထဲမှာ ထည့်ဝှက်
သလို ဝှက်ထားချင်ခဲ့၏။

မိတ်ဆွေ၊ ဆရာသမား၊ သူငယ်ချင်းတွေကအစ မေမေ့ကို မမြင်
ဘူးကြတာပဲ များသည်။

အဆောင်မှာ သွားနေဖို့ အကြောင်းပြကောင်းနှင့် ခွဲထွက်လိုက်
တာကိုက မေမေ့ကို ဝစီကံ မနောကံတွေနဲ့ ပြစ်မှားနေကြတာကို မလို
ချင်၍ ဖြစ်သည်။

ဒါပေမယ့် အရိပ်ထင် ဆိုသူကိုတော့ မေမေ့ရှေ့ ရောက်အောင်
သူကိုယ်တိုင် လိုလားစွာ ခေါ်သွားမိခဲ့၏။ မေမေကနေ သူ့အတွက်
ကျေးဇူးတင်စကားတွေ ပြောပေးစေချင်ခဲ့သည်။

ဒီထဲမှာ မေမေနဲ့ ဒီလူ ရင်းနှီးသွားနိုင်မလားဆိုသော တခြားလူ
တွေအပေါ် မလိုလားခဲ့ဖူးသည့်စိတ်ကူးမျိုး စိုးစိမျှ မပါခဲ့ပေ ...။

တကယ်ကို ယုံကြည်လေးစားခြင်းအတိဖြင့် ခင်မင်သွားခဲ့တာ
သေချာပါသည်။

"ဒါဆို ကျွန်တော် လစ်တော့မယ် .. ညကျ ဖုန်းဆက်လို့တော့
ရပါတယ်နော်"

"ရတယ်လေ .. မင်း တစ်ခုခု သောက်သွားပါလား"

"နေပစေ အစ်ကို .. အနှောင့်အယှက်ပေးမိတာ ဆောရီးပါ၊
ခွင့်ပြုဦးနော် .."

သားငယ် ထွက်သွားတော့ ကျောပြင်ကို ရှုးခနဲကြည့်၍ အရိပ်
နှုတ်ခမ်း မသိမသာ မဲ့သွားသည်။ လျှပ်ပန်း ရဲ့သား ...၊

မင်းက လျှပ်ပန်း ရဲ့တစ်ဦးတည်းသော အချစ်ဆုံးသားလေးပဲ။
ပြုံးစစနှုတ်ခမ်းတို့ တင်းခနဲ စေ့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



လုပ်ကိုင်စရာရှိသမျှ အရာရာကို မေ့လျော့ကာ စိတ်မျက်ဝန်းထဲမှာ ထင်လာတာက လျှပ်ပန်း ဆိုသည့် မီးစနေမလေး ..။

မီးစနေ ဆိုတဲ့နာမည်ကို သိထားတာ သူတစ်ယောက်တည်း ..၊ ဒီနာမည်ကို မေ့ပစ်လိုက်တော့ဆိုတာလည်း သူပဲ ပြောခဲ့တာဖြစ်သည်။

သူမဘဝရဲ့ မကောင်းခြင်း အရာရာကို ဖယ်ရှားပေးချင်ခဲ့သည်။ စရိုက်ဆန်ဆန် လေလွင့်ချင်နေသည့်စိတ်ဓာတ်လေးကို တတ်နိုင်သမျှ တည့်မတ်ပေးခဲ့၏။

သူမအတွက် ဘာမဆို သူသာလျှင် ရှေ့ကနေ ရင်ဆိုင် ဖြတ်သန်းခဲ့တာပေါ့။

ဒါတောင် သူ့ဘဝ အသိုက်ပျက်အောင် သူမ လုပ်ရက်ခဲ့သည်။

ဘဝမှာ အထီးကျန်စွာ ဖြတ်သန်းနေရတဲ့ အရိပ်ထင် ဖြစ်သွားအောင် သူမ ကောက်ကျစ်ခဲ့၏။ ဒါတွေကို ဘယ်လိုမှ မေ့မရနိုင်ခဲ့သော နေ့ရက်များမှာ သူ အံကြိတ် ဆုတောင်းနေခဲ့တာက တစ်နေ့နေ့မှာ ပြန်ဆုံခဲ့လျှင် ..၊





## အခန်း (၄)

"အမလေး .. လေး .. မျက်လုံးကြီး တဝင်းဝင်းနဲ့ ပြောချင်ဆိုချင်တဲ့ ပါးစပ်ကလည်း ထော်လန်လို့၊ မဖြစ်ပါဘူး .. သူ့ကို မင်းဘယ်ကခေါ်လာတာလဲ သား .."

"နေပါဦး မေမေရယ် .. ကျွန်တော် ပြောပါရစေဦး"

"အို .. မပြောနဲ့ .. မပြောနဲ့ .. ငါက အိမ်တွင်းအောင်းပြီးသူတွေကို ရှောင်ပုန်းနေရတယ်၊ အတင်းအဖျင်းပြောမှာတွေကို မကြားချင်တော့လို့လေ .. မင်းကတော့ ပြောမယ့်လူစိမ်းကို ငါ့ရှေ့ထိ ခေါ်လာတယ်ပေါ့"

"မဟုတ်ပါဘူး မေမေရယ် .. ကျွန်တော် ရှင်းပြတာကို ခဏလေး နားထောင်ပါ"

"မထောင်ဘူး .. သွား .. အခု ပြန်ပို့လိုက်၊ အခု နော် .."

ခေါင်းခါ အော်ဟစ်ရင်း အခန်းထဲ ပြေးဝင်သည်။ တံခါးပိတ်သံ ခိုမ်းခနဲ မြည်ဟီးကျန်ရစ်သည်အထိ သူတို့ မတ်တတ်ရပ်နေကြသည် ဖြစ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုလေး .. ညှိသည်အတွက် အိပ်ခန်း ပြင်ပြီးပါပြီရှင့်"

မိန်းကလေးတစ်ယောက် ရောက်လာပြီး အရိပ် ရှေ့မှာ လက်ချင်းဆုပ် ခေါင်းငုံ့ရပ်ပြီး အကြောင်းကြားသည်။ သူ့စိတ်တွေ ရှုပ်ထွေးနေပေမယ့် မပြောလည်း ပြီးမှာမဟုတ်တာမို့ ညှိခန်းဆီကို တစ်ချက်ကြည့်ကာ ...

"သူက ညှိသည်မဟုတ်ဘူး .. ဒီမှာ နေမှာ"

"ရှင် .. ဟုတ်ကဲ့"

"အခု သူ ရှိနေတဲ့အခန်းနဲ့ တစ်ခန်းကျော်အခန်းမှာ ပြောင်းထားလိုက်၊ နေကောင်းလာတဲ့အထိ လိုအပ်တာ အားလုံး လုပ်ပေး၊ ဒီအိမ်ကအကြောင်း၊ စည်းကမ်း လိုအပ်သမျှတွေ ပြောပြ .."

"ဟုတ်ကဲ့ .."

"အမိကက ဒီရက်ပိုင်းမှာ မေမေ သူ့ကို မတွေ့စေနဲ့၊ တွေ့သွားရင်လည်း အခြေအနေကို ဝင်ထိန်းပေး .."

"နေပါဦး အရိပ် .. မင်း လုပ်နေတာတွေ ငါတို့လည်း ဘာမှမသိရပါလား"

သူ ပြောဆို မှာကြားနေတုန်း ဦးလေးဝမ်းကွဲတော်သည့် ဦးမြတ်ထွန်း နဲ့ သားဖြစ်သူ ထွန်းမင်းဦး တို့ အနားရောက်လာကြ၏။

တစ်အိမ်တည်းမှာ နှစ်ခြမ်းကွဲသလို ဖြစ်နေတာက ဦးမြတ်ထွန်းတို့ရဲ့ နေရာတကာ မျက်လုံးဒေါက်ထောက် ကြည့်တတ်ခြင်းနှင့်အပြောအဆို မညင်သာမှုတွေကြောင့်ဆိုလျှင် မမှားနိုင်ပေ ...။

ထို့ကြောင့် သူတို့ ဝင်ပါလာတာကို အရိပ် စိတ်ညစ်သွားမိ၏။

"မနေ့ကတည်းက ရောက်လာတာတောင် ညှိသည် ပါလာတာကို ပြောဖော်မရဘူး .. ဆရာဝန် ဝင်ထွက်နေတာမြင်လို့ မေးကြည့်မှပဲသိရတော့တယ်"

"သူက ညှိသည်မဟုတ်ပါဘူး လေးလေး .. အဲ့ဒါကြောင့်





နေထိုင်ကောင်းမှပဲ အကျိုးအကြောင်း ပြောပြတော့မယ်ဆိုပြီး မပြောဖြစ်သေးတာပါ"

လျှပ်ပန်း ဒီမှာနေတော့မယ်ဆိုတာကို ဦးမြတ်ထွန်း ကလည်း သိပြီးသား ဖြစ်သည့်ပုံနှင့် ...၊

"သွေးသားမတော်စပ်တဲ့ မိန်းကလေးတစ်ယောက်ကို ခေါ်လာတာ ညှိသည်အဖြစ်နဲ့ မဟုတ်ဘူးဆိုတော့ ဘယ်လိုပုံစံဖြစ်သွားမလဲမင်း တွေးမိရဲ့လား"

"ဘာကို တွေးမိရမှာလဲ လေးလေး .. သူ့အသက် ခုမှ ဆယ့်ခြောက်နှစ်ပဲ ရှိသေးတာ"

"မင်းအသက်ကရော ဘယ်လောက်ကြီးနေလို့လဲ"

ဦးမြတ်ထွန်း က ကောက်ခနဲ ပြန်မေးသည်။ မဖြေနိုင်သည့်မျက်နှာကို စိုက်ကြည့်ရင်း အောင်နိုင်သူ၏မဲ့ပြုံးနှင့် ...

"ဒုက္ခရောက်နေတဲ့သူကို ကယ်တင်ချင်တယ်ဆိုရင်လည်း ကိုယ့်ဒုက္ခကို ကိုယ် ရှင်းနိုင်သေးရဲ့လားဆိုတာ ပြန်တွေးဦး အရိပ် .. မင်းမှာစိတ်မမှန်တဲ့မအေက တစ်ဖက်၊ ကလေးပေါက်စလေး တစ်ဖက်၊ ဒီကောင်မလေးရဲ့ဒုက္ခကို မင်း ဘယ်တစ်ဖက်နဲ့ ဖေးမနိုင်မှာလဲ၊ လက်နှစ်ဖက်ပဲရှိတာကို သုံးဖက်တွဲချင်လို့ မရဘူးဆိုတာလည်း စဉ်းစားဦးမှပေါ့"

"မေမေက ဒုက္ခတစ်ခု မဟုတ်ပါဘူး .. ညီလေးကလည်း .."

"အရိပ် .. မင်းကို လေးလေး ပြောနေတာ ထည့်တွေးဖို့ တစ်ခုတည်းပါ၊ သူတို့ကို ဒုက္ခသုက္ခတွေလို့ ညွှန်ပြနေတာ မဟုတ်ဘူး၊ ဘာပဲဖြစ်ဖြစ် အားလုံးက မင်းတစ်ယောက်ရဲ့ပခုံးပေါ်မှာပဲ မှီတွဲနေကြတာမဟုတ်ဘူးလား .. ဘာမှမသက်ဆိုင်တဲ့လူတစ်ယောက်ရဲ့ဘဝကို အစကာ အဆုံးထိ တာဝန်ယူ စောင့်ရှောက်ဖို့ဆိုတာ မလွယ်ကူတဲ့ဘဝကိုမင်း တွေးကြည့် .. လုံးဝ လုံးဝကို မဖြစ်နိုင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ပြောမနေပါနဲ့ ဖေဖေရာ .. ဘယ်တုန်းကများ ဖေဖေ ပြောတာကို နားထောင် ခေါင်းညိတ်ခဲ့တာ ရှိလို့လဲ၊ ကိုကြီးက ငါ့အိမ် ငါ့ပစ္စည်းဆိုတဲ့မာန အရမ်းထားတာပဲ၊ ဖေဖေ့ကိုလည်း .."

"ထွန်းမင်းဦး .."

ဖြတ်တောက်သည့် တားဆီးသံကြောင့် ထွန်းမင်းဦး စကားမဆုံးလိုက်ပေ ..။

"လူကြီးတွေ စကားပြောနေရင် နားထောင် .. ဝင်မပါပါနဲ့"

"ဒါကတော့ ကိုကြီး တမင်သက်သက် ဟောက်တာပဲ၊ ကျွန်တော်က လူကြီးတွေစကားဝိုင်းထဲမှာ မျက်လုံး ပေကလက်ပေကလက်နဲ့ မော့ငေး နားထောင်ရုံပဲရှိရအောင် နှပ်ချေးတွဲလွဲနဲ့ လက်တောက်လောက်အရွယ်လား .."

"ဟေ့ .. မင်း ပါးစပ်ပိတ်ထားစမ်း"

ဦးမြတ်ထွန်း က သားဖြစ်သူကိုပဲ လှည့်၍ မာန်မဲလိုက်ကာ ...

"ငယ်တဲ့သူကို မင်းက နားလည်ပေးပါ"

ဟု အရိပ် ကိုပါ လှည့်ပြောလိုက်ပြီး ...

"ဒီကောင်မလေးက မိဘမဲ့လား .."

အရိပ် က မဖြေ ..၊

"ဘယ်ကဘယ်လို ပါလာတာလဲ .. မင်း ဒီလောက် အလွယ်တကူ ယုံကြည်ပြီး မွေးစားဖို့ထိ ဆုံးဖြတ်ရတယ်ဆိုတော့ မွေးစားလောက်စရာ သူ့ဘက်မှာ ခိုင်မာတဲ့ ချို့ယွင်းချက်တစ်ခုခု ဘာရှိလို့လဲ"

အရိပ် မျက်လုံးအကြည့် သူ့ဆီ ရောက်လာပေမယ့် ဖြေကြားခြင်းမရှိ ..၊ ဦးမြတ်ထွန်း မျက်နှာ အနည်းငယ် တင်းမာစပြုလာခဲ့ပြီး ...

"ငါတို့ရဲ့ 'ဓမ္မတစ်လူ'စံအိမ်မှာ ဒီအခြေအနေ ရောက်တဲ့အထိ ဖရိုဖရဲတွေ ဖြစ်လာခဲ့ပြီးပြီ၊ နောက်ထပ် လူစိမ်းတစ်ယောက်ကို ဘာမသိ ညာမသိ .."





"မသိတဲ့အလုပ်ကို ကျွန်တော် မလုပ်ဘူး လေးလေး .. သူ့ကိုမွေးစားဖို့ ဖြစ်လာတာလဲ တမင် ကြိုးစားပြင်ဆင်ထားခဲ့တာ မဟုတ်ဘူး၊ အခြေအနေပေါ်မှာ ဖြစ်လာတဲ့ခံစားချက်အတိုင်း ဆုံးဖြတ်ခဲ့တာ"

"အဲဒါကို ငါလုပ်တာ အမှန်တရားပဲလို့ မင်း မထင်သင့်ဘူးလေ၊ ရှေ့ရေးနောက်ရေးဆိုတာ ရှိတယ်၊ ခုပဲ မင်းအမေနဲ့ မင်း အဆင်မပြေဖြစ်နေရပြီ"

သားအမိ ဘာတွေ ပြောဆို ဖြစ်ပျက်နေသလဲဆိုတာတောင် သိလိုက်ပြီးပြီဆိုတော့ အရိပ် မျက်နှာ တင်းသွားသည်။

ပြီးတော့ ဦးမြတ်ထွန်း ကို စေ့စေ့ကြည့်၍ ...

"အဆင်မပြေ ဖြစ်ရခြင်းတွေကို ပတ်ဝန်းကျင်လေထဲက ဗိုင်းရပ်စ်က သယ်လာတာပါ၊ ဒါကို အဆင်ပြေအောင် ကြိုးစားဖို့ ဘယ်လေတိုက်မှာလဲ"

ဦးမြတ်ထွန်း မျက်ခုံးကြီးနှစ်ဖက် ကုတ်ကျသွားတော့ အရိပ်က နေရာမှ လှည့်ထွက်လာခဲ့ရင်း ...

"မမြင်ရတဲ့အရိပ်မျက်နှာတွေကို ကျွန်တော် စိတ်မဝင်စားဘူး၊ ဘယ်သူ ဘာပြောပြော ကိုယ်ထင်ရာ ကိုယ်လုပ်ရဖို့ပဲ"

နောက်ကျောကနေ ပြေးဝင်ပစ်စိုက်လာမည့် မျက်စောင်းတွေကို ဥပေက္ခာထားခဲ့လိုက်သည်။ လျှပ်ပန်း ဆိုသော မိန်းကလေးကို အသေအကြေ ကာကွယ်ပေးချင်စိတ်တွေနဲ့ အတိုက်အခံပြုခဲ့တာ မဟုတ်ပါ..။

မှားပြီဆိုရင်တောင် မှားမှန်းသိဖို့သာ လိုသည်။ နောင်တတွေနဲ့ နှင့်သည်းနေဖို့ မလို ..။

ကိုယ့်လုပ်ရပ်အပေါ် ဝေဖန်လာတာကို သူ မကြိုက်ဆုံးဖြစ်သည်။ အထူးသဖြင့် ဦးမြတ်ထွန်း တို့ သားအဖလို လူတွေ ..၊

မခေါ်ချင်လည်း မရ၊ မတော်ချင်လည်း မရ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

"မီးစနေ ဟုတ်လား .. နာမည်က ဘာကြီးလဲ၊ နာမည်ဆိုတာ ပညတ်သွားရာ ဓာတ်သက်ပါ .."

"ဟုတ်တယ် .."

"မိန်းကလေးနာမည်လို့တောင် ထင်စရာ မရှိဘူး၊ အားလုံးက ဒီနာမည်ပဲ ခေါ်ကြတာလား"

"ဟုတ်တယ် .."

သူမက ခေါင်းပဲညိတ်နေကာ 'ဟုတ်တယ်'ချည်းပဲ ပြော၏။ ခပ်တွန့်တွန့်ဆံပင်ရှည်တွေ ဖရိုဖရဲက ဒီတိုင်းပဲရှိနေလျက် ထမင်းချက် ဒေါ်နု လဲပေးထားသည့် အင်္ကျီရင်စေ့ပွပွနှင့် လည်ပင်းရိုးတွေ ထောင်နေတာကိုလည်း မြင်နေရသည်။

လက်ကောက်ဝတ် အရိုးဆစ်လေးတွေသာမက ပါးရိုးတွေပေါ် အောင် ပိန်လှီနေပုံကြောင့် မိန်းမငယ်လေးတစ်ယောက်နဲ့တောင် မတူ တော့ပေ ..။





သူမကို သေချာကြည့်လိုက်မိတိုင်း သူ စိတ်မချမ်းမသာဖြစ်မိ၏။ ယ့်သောကမှ ပူလောင်လှသည် ထင်ခဲ့ပေမယ့် သူမနဲ့တွေ့မှပဲ ငါ ဆိုးတဲ့လူတွေ ရှိသေးပါလားလို့ ဖြေစရာ ရှာတွေ့၏။

ဝမ်းနဲ့လွယ်ပြီး မွေးထုတ်ခဲ့သည့် မိဘတွေက စွန့်ပစ်ခဲ့ပေမယ့် တ်ဆိုင်သည့်လူတစ်ယောက်က သူငယ်ချင်းရဲ့ရင်သွေးလေးဆိုသည့် သောဇဥ်လေးထားကာ သူမ တစ်နှစ်သမီးလောက်မှာ အစ်မဝမ်းကွဲ စ်ယောက်ထံ တစ်ဆင့် အပ်နှံခဲ့၏။

ထို မိသားစုလက်ထဲမှာလည်း လှျပ်ပန်း ဆိုသည့် နာမည်လေး ျာက်ကာ 'မီးစနေ'လို့တောင် မခေါ်ကြတော့ဘဲ 'မီးစ'မ ဟု တွင်ခဲ့ သည်။

"မီးစနေ လို့ ခေါ်ရလောက်အောင် မင်းက ဘာတွေ ဒုက္ခပေးခဲ့ လို့လဲ"

"ဟင့်အင်း .."

သူမက ခေါင်းခါရင်း မျက်နှာမှော့သည်။ ပြီးတော့ ဆံပင်တွေ ာ်နှာပေါ်မှာ တစ်စုစ နှစ်စုစ ပုံပန်းမကျစွာ ဖြာဆင်းနေတာကို ည်း ပွတ်သပ် ဖယ်ရှားရမှန်း မသိဘဲ သူ့ကို ကြည့်၍ ...

"ကျွန်မ မွေးလာတာနဲ့ အမေက မီးတွင်းမှာ ဆုံးသွားတယ်၊ ာက်သုံးလမှာ အဖေက သင်္ဘောနစ်ပြီး အစပျောက်သွားတယ်၊ ာက်ထပ် ခြောက်လကြာတော့ အဘွား လှေကားပေါ်က ပြုတ်ကျပြီး ျင်းပြီး ဆုံးသွားတယ်တဲ့ .."

"ဒါတွေ မင်းကို ဘယ်သူ ပြောတာလဲ"

"အမေစိုး အမြဲတမ်း ပြောနေတဲ့စကားတွေပါ"

ပြောပြနေသူက မျက်ရည်တစ်စက်မှ မကျပေမယ့် အလွန် ကြကွဲဖွယ်ကောင်းသည့်အဖြစ်တစ်ခုဆိုတာ သူ ခံစားမိနေခဲ့သည်။ ဒီကလေးကို မသေစေလို၍ ကယ်တင်ခဲ့ပြီးမှ ဘာဖြစ်၍များ



www.burmeseclassic.com

www.burmeseclassic.com



မကောင်းသည့်အတိတ်အကြောင်းတွေနဲ့အတူ မီးစနေ ဆိုသည့်နာမည်နဲ့တကွ ဖော်ပြအပ်နှံခဲ့တာလဲ ..။

'ဒီကလေးကို စောင့်ရှောက်ပေးပါ၊ သူ့နာမည်က လျှပ်ပန်း' ...ရင် မပြီးဘူးလား ..။

တွေးလိုက်မိရင်း သက်ပြင်းရှိုက်မိ၏။

သူမလေးရဲ့ဘဝ ဤသို့ အစချီခဲ့ရသည့် အဓိကတရားခံ...လက်လွှဲအပ်နှံခဲ့သူသာ ဖြစ်သည်။ ဘဝတစ်ခုကို ကယ်ဆယ်ချင်တ...လား .. တမင် ညှိုဦးပန်းခဲ့တာလား ..။

"ကျွန်မ ဆယ်တန်းရောက်တဲ့နှစ်အထိ ဦးလေးသက် ဆီ...ငွေပို့နေသေးတယ်"

"ဦးလေးသက် ဆိုတာ .."

"ဦးသက်လွင် လေ .. ကျွန်မကို အမေစိုး တို့ဆီ ပို့ခဲ့တဲ့လူ..."

"ဪ .."

လစဉ် နှစ်စဉ် ငွေပို့နေသည်ဆိုတာကလည်း အံ့သြစရာ ဖြစ်...ခဲ့သည်။ သူမ ဆယ်တန်းတက်နေကာမှ ပံ့ပိုးမှုတွေ ပြတ်တောက်...ကာ ဒေါ်စိုးစိုး ဆိုသည့် မွေးစားသည့် မိသားစုကလည်း ရဲတ...မိုက်ရိုင်းစွာ တိုက်ထုတ်လာခဲ့ကြသည်။

"တစ်ခုခု ပြဿနာဖြစ်လာပြီဆို မီးစ'မ'ကြောင့် .. အိမ်မှာ မီး...ရှိတယ်လေ .. စနေမ စုံနေတာပါပဲ၊ ကျောင်းက ပြန်ရောက်လာလ...ထမင်းမစားရတာပဲ များပါတယ်"

"ဘာ!..."

အရိပ် အလန့်တကြား ဖြစ်သွားတော့ သူမက ပြုံးရှာသေးသ...ဒါပေမယ့် မငိုသောမျက်ဝန်းလေးတွေမှာ ငွေ့ရည်ဖွဲ့နေလျက် နှုတ်...ထောင့်လေးတွေ ဆတ်ခနဲ မဲ့ခနဲ ညွတ်ကျသွားတတ်ပြီး ...

"တစ်နေ့ ထမင်းတစ်နပ်ကိုတောင် နေ့တိုင်း မမှန်ပါဘူး





နားထဲမှာ ပူလောင်လာကာ အရိပ် မျက်နှာလွှဲရင်း ဆံပင်တွေထဲ...တ်က အလိုလိုရောက်၏။ မပြောနဲ့တော့လို့ တားလိုက်ချင်သော်...ည်း သူမရဲ့ဘဝကို သူ သိမထားလို့ မဖြစ် ..။

တစ်ခုပြီးတစ်ခု သိလာရတာနဲ့အမျှ သူ့ဆုံးဖြတ်ချက် မမှားဘူး...ဘာလည်း ခိုင်မာခဲ့၏။ အရိပ် နားထောင်နေရင်း အခန်းတံခါးကို...ဘ်လိုက်သည်။ နာလံထစ လူမမာမို့ ခြံထဲဆင်းပြီး အေးဆေး...ခြန်းပြောဆိုဖို့က မဖြစ်နိုင် ..။

အခန်းထဲမှာပဲ ပြောနေရပေမယ့်လည်း ဒီလောက်ထိ ဆိုးဝါး...ည့်အဖြစ်တွေကိုတော့ တခြားလူ မသိစေချင်တာမို့ ...

"ကဲ .. ပြောပါဦး၊ ခုနက မင်းစကားထဲမှာပါတဲ့ တစ်ခုခု...သနာဖြစ်ရင်ဆိုတာ အဲဒါ ဘာတွေလဲ .."

လျှပ်ပန်း သည် မေးတာကို မဖြေသေးဘဲ မတိုမရှည်နှင့် ညစ်...နေသည့် လက်သည်းတွေကိုငုံ့ကြည့်ရင်း လက်သည်းချင်း ထိခတ်...ခြစ်နေ၏။

ခဏကြာမှ သူ့မျက်နှာကို မော့ကြည့်လာကာ ...

"အမှန်အတိုင်း ပြောရမှာလားဟင် .."

"မင်းက ငါ့ကို ညာလို့ရမယ်များ ထင်လို့လား၊ လုပ်လေ ..ကြည့်"

"ဟင့်အင်း .. မဟုတ်ဘူး .."

သူ စိတ်တိုသွားတော့လည်း ပျာပျာသလဲ တောင်းပန်ရှာ၏။...လေးထိုင်ရင်း ပေါင်ပေါ် ဆွဲတင်ထားသည့်စောင်ကိုပါ ခွာချ...လက်လေးပိုက်၍ ...

"ညာပါဘူး ကိုကို .. ကျွန်မ ညာလည်း မညာတတ်ပါဘူး"

...င်းနှီး မသင်ပြရဘဲ သူမ နှုတ်ဖျားမှ 'ကိုကို'ဆိုတာကို အလို...ဘတ် ချောမောစွာ ကင်ပွန်းတပ်ခဲ့တာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုခေါ်လိုက်ခြင်းအတွက် တုံ့နေးရက်ရွံ့ခြင်း မဖြစ်၊ မျက်နှ
ထက်မှာလည်း မည်သို့သော ပြောင်းလဲမှုတစ်စုံတစ်ရာကိုမှ မတွေ့
ခဲ့ပါ ..။

သူ့အတွက်ကတော့ သူမ ဤသို့ ခေါ်လိုက်ခြင်းကြောင့် အိမ်မှ
အနေခက်ရမှာ သေချာသွားခဲ့သည်။

ညီလေးရဲ့ 'ကိုကို'လို့ မပီတပီ ခေါ်သံလေးကို ကြားပြီး သူ
ဒီတိုင်း လိုက်ခေါ်တာလည်း ဖြစ်နိုင်တာမို့ ထားလိုက်ရတော့သည်

"ကိုကို့ကို ညာချင်လို့ မဟုတ်ပါဘူး .. ဒါပေမယ့် ကျွန်မဘဝ
အမှန်အတိုင်း မပြောရဲတော့ဘူး"

"ဘာဖြစ်လို့လဲ .."

"ကျွန်မအကြောင်းသိတဲ့ လူတိုင်းက ကျွန်မကို လက်မခံ
တော့ဘူး .. ကျွန်မနဲ့ မပတ်သက်ဖို့ပဲ ကြိုးစားကြတယ်"

"ဘာလဲ .. စနေသမီး ဂြိုဟ်မွှေတယ်ဘာညာ ဆိုတာတွေလား

"အဲဒါတွေရော .. နောက်ပြီး .."

ပန်း ဘာမှ ထပ်မပြောတာကို အရိုပ် ကလည်း မမေးဘဲ ဒီတိ
တိတ်ဆိတ်စွာ စောင့်နေခဲ့သည်။ အခန်းလေးထဲမှာ ကြာရှည်စွာ တိ
ဆိတ်နေခဲ့ပြီး ...

"ကျွန်မကို စုန်းမ ဆိုပြီးတော့ .."

"ဘာ!... ဘယ်လို .."

သူ နားကြားလွဲသွားသလိုလို မယုံနိုင်တာလိုလို ..။

ထပ်မေးလိုက်မိကာမှ ဖျတ်ခနဲ ပင့်တက်လာသည့် မျက်တော
ရှည်တွေအောက်က မျက်နက်ဝန်းတို့ကို အနီးကပ် စိုက်ကြည့်လို
မိသည်။

ထူပိတ်ကော့နက်သည့် မျက်တောင်ရှည်တွေက အတုတပ်
သလား ထင်ရအောင် သဘာဝလွန်နေသည်။ မျက်ဝန်းတို့သည် အ





ာင်ဖြစ်နိုင်သော်လည်း နက်ရှုန်းလက်တောက်သည့် မျက်နက်ဝန်း
က မျက်ဝန်းအိမ်နဲ့ ပြည့်နေသလို ထူးခြားနေ၏။

မျက်ဝန်းမျက်တောင်တွေဟာ ကဗျာဖွဲ့မမှီနိုင်အောင် လှတာမျိုး
မယ့် ပိန်လှိုခြောက်ကပ်နေသော မျက်နှာပေါ်မှာတော့ ကြည့်ရဆိုး
လေသည်။

ထို့ကြောင့် ဒီအချိန်မှာ သူမကို မြင်တဲ့လူတိုင်းက ပြူးပြူးပြဲပြဲနဲ့
မလိုပဲဟုသာ ကဲ့ရဲ့ကြမှာဖြစ်ကာ မေမေကိုယ်တိုင် လက်သျှိုးထိုးပြီး
ရဲ ..'လို့ အော်ခဲ့သေးတာ ပြန်တွေးမိသည်။

ဒီမျက်လုံးတွေကြောင့် သူမကို ဤသို့ ကဲ့ရဲ့ခဲ့ကြတာလား ..။

"ကိုကို လန့်သွားတာလားဟင်"

ကုတ်ချီထားသည့် မျက်ခုံးတန်းနှစ်ဖက် ချက်ချင်း ပြေကျသွား
အရိပ် က ခေါင်းခါသည်။

"ဘာလို့ လန့်ရမှာလဲ .. ပြောပါဦး၊ အဲဒီလို ဘာကြောင့် ပြောကြ
သလဲ"

"ကျွန်မမျက်လုံးနဲ့ စိုက်ကြည့်လိုက်ရင် တစ်ယောက်ယောက်က
ခု ဒုက္ခတွေ့တာပဲတဲ့ .."

"အဓိပ္ပာယ်မရှိတာ .."

"ကိုကို ယုံလားဟင် .."

"ဘာလို့ ယုံရမှာလဲကွ .. လူတစ်ယောက်က .."

"ကျွန်မ အဲဒီလို တကယ်ဖြစ်ခဲ့ဖူးတယ်ဆိုရင်ရော .."

ျက်လုံးချင်း ဆုံသွားပေမယ့် ဘယ်သူမှ ရှေ့ဆက်မပြောဖြစ်ကြ
စကားပြောတိုင်း လေးလေးမှန်မှန်နှင့် တွေးဆနေတတ်သည့်
ဟန်ပန်တွေအရ မဟုတ်သည့်စကားတစ်ခွန်းကို နောက်ပြောင်
က်သက်တော့ ပြောမှာမဟုတ်ဘူးဆိုတာ သူ တွေးမိသည်။
ဒါပေမယ့် ဒါက ဖြစ်မှ မဖြစ်နိုင်တာ ..၊



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်သော်လည်း ဖြစ်ခဲ့သည်လို့ သူမက ပြောနေပြီမို့ ..

"ကျွန်မရင်ထဲမှာ ဒေါသနဲ့ နာကြည်းစိတ် တစ်ခုခု အပြ အထန် ရန်းကန်လာပြီဆိုရင် ကိုယ့်ကိုယ်ကိုယ် မသိလိုက်ခင် .."

"ဆက်ပြောလေ .."

"တစ်ခုခု ဆိုးဆိုးဝါးဝါး ဖြစ်သွားတတ်တယ် .. အဲဒီလူ ကျွန်မရဲ့ရှေ့မှာပဲ ကျွန်မ ဘာမှ ကိုယ်ထိလက်ရောက် မလုပ်ခဲ့ဘဲနဲ့"

"သေသွားတာလား .."

"နှစ်ယောက် သေဖူးတယ်၊ အဲဒီအချိန်ထိ ကျွန်မ အဲဒီလို ဖြစ် တာ ကိုယ့်ကိုယ်ကိုယ် မသိသေးဘူး"

"ဘယ်လိုဖြစ်တာမျိုးလဲ .. ဒီ့ထက်ရှင်းအောင် ပြောလို့ မရ လား"

ပန်း က သူ့မျက်လုံးတွေနဲ့ မဆုံဖြစ်အောင် ရှောင်သည်။ သူ တော့ ထိုမျက်လုံးတွေကိုပဲ စိတ်ဝင်တစား လိုက်ငုံ့ကြည့်ရင်း ပြောသမျှကို နားထောင်၍ ...

"အဲဒါတွေ မင်း တကယ်ဖြစ်နေတာလို့ ဘာကြောင့် လ လိုက်တာလဲ .."

"ကိုယ့်ကြောင့်လို့ လက်ညှိုးထိုးကြလွန်းတော့လည်း အမှတ် တွေကို ပြန်ပြီး ဂရုစိုက်ခဲ့ရတာပေါ့ ကိုကို၊ ကျွန်မ အရမ်း စိတ် လာပြီဆိုရင် အဲဒီလူကို စိုက်ကြည့်လိုက်မိတဲ့ မျက်လုံးတွေကို ထိန် မရတော့ဘူး၊ သူ တစ်ခုခု မဖြစ်မချင်း .. ကျွန်မ လဲကျ မေ့မြောသွ အထိ မဖြစ်သရွေ့ .."

ကြားနေရတာက ကိုယ့်ရှေ့မှာ ထိုင်နေသည့် မိန်းမငယ် တစ်ယောက်အကြောင်း မဟုတ်ဘဲ ရှိခဲ့ပြီးသော ဒါမှမဟုတ် ကို အလှမ်းကွာသည့် ဒေသတစ်ခုခုက ဖြစ်ရပ်ဆန်းတစ်ခုကို နား နေရသလို ယုံရမှာလား .. ယုံနိုင်စရာ မရှိဘူးလား ...။





အရိပ် ကိုယ်တိုင် ခွဲခြားလို့ မရနိုင်သေး ..။

"မင်း .. မင်းရဲ့အကြည့်တစ်ချက်ကြောင့် .. ဟုတ်လား"

"မဟုတ်ဘူး ကိုကို .. ကြည့်လိုက်တာနဲ့လည်း မဆိုင်ဘူး၊ ကျွန်မ ဒေါသစိတ်နဲ့ပဲ ဆိုင်တာ၊ ပြီးတော့ သူများ တစ်ခုခုဖြစ်အောင် တာမျိုးလည်း မဟုတ်ဘူး၊ မမြင်ကွယ်ရာထိ မှန်းသမ်း ကြံစည်လို့ ည်း မရဘူး၊ ဟုန်းခနဲဖြစ်လာတဲ့ ဒေါသစိတ်နဲ့ ခဏလေးပဲ မျက်စိ ဆုံးထိ သက်ရောက်သွားတာ၊ အဲဒီလိုဖြစ်ပြီးရင် ကျွန်မ သတိလစ် းရော .. သတိရလာတဲ့အခါ ခုနစ်ရက်လောက် ဝေါ်ပြတ်နေတဲ့ တစ်ယောက်လို ကိုယ့်လက်ဝါးကို ပြန်မဆုပ်နိုင်တဲ့အထိ ချိသွား သဲ၊ ဒါပေမယ့် သနားပါတယ်ဆိုပြီး ကျွန်မရဲ့ ဆာလောင်မှုကို ယ်သူမှ ကျွေးမွေးဖို့ စေတနာမရှိကြပါဘူး၊ ကျွန်မ အဲဒီလို မဖြစ် င် အရမ်းကို ဆင်ခြင်ပါတယ်၊ ဒီလိုဖြစ်လာတိုင်း ဝေါ်ရလွန်းလို့ က်လည်း ကြောက်တယ်၊ ဒါပေမယ့် .."

ငိုချင်လာပြီဆို စကားလက်စလေး ပြတ်တောက်သွားတတ်ကာ န်းတွေ ပြိုးပြိုးပြက်ပြက် ဖြစ်လာသည်မှလွဲ၍ ရှိုက်ငိုခြင်း ကင်း သျှပ်ပန်း ပဲ ဖြစ်၏။

ဒီလောက် ကြေကွဲဖွယ်တွေကို ရေရွတ် ပြောဆိုနေတာတောင် ည်စက်တို့ မကြွေ၊ မျက်တောင် တဖျပ်ဖျပ်ခတ်နေတာမျိုး မရှိ..။ ထော်လန်ကောက်ချိတ်နေတာပဲလို့ ကဲ့ရဲ့ခံနေ့ရသည့် နှုတ်ခမ်း ို့ ကတုန်ကယင်လေး ဖိကိုက်ရင်း ကော့နက်သည့် မျက်တောင် တို့သည် လေဟုန်စီးနေသော ငှက်တောင်ပံတို့ကဲ့သို့ ညွှတ်ခနဲ နဲ့ လှုပ်ခတ်နေသည်သာရှိလျက် ...

"ဒါပေမယ့်လေ သူတို့ ပြောလာတိုင်း မျိုသိပ်နေရတဲ့ဒေါသက က်တစ်ချက်တော့ လွတ်သွားခဲ့မိတယ်၊ 'မီးစ' ဆိုတဲ့ နာမည် င် ဉ်န်းမလို့ တွင်တွင်ပြောပြီး သရဲမ .. ကဝေမ .. 'မိမစစ် ဖမစ်' .."



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ .. တော်ပြီ၊ မင်း ပြောချင်တာကို ငါ နားလည်ပြ ဒါပေမယ့် ဒါကြောင့် အသက်တစ်ချောင်း သေနိုင်တယ်ဆိုတာ မင သိရင် .."

"မရလို့ပါ ကိုကို .. တကယ်ကို မထိန်းချုပ်နိုင်အောင် ဖြစ်ခဲ့ ပါ၊ စားချိန်သောက်ချိန် လွန်သွားတာလေးတောင်မှ လူတွေ လက်တု ခြေတုန်ဖြစ်အောင် ဆာလောင်ကြတာ၊ တစ်နေ့ ထမင်းတစ်နပ်တော မှန်မှန်မစားရတဲ့ ကျွန်မ နှစ်ရက်လောက်ထိ မစားရလို့ ခွေလဲနေ အထိ ဖြစ်ရတဲ့ ကျွန်မအတွက် .."

"ကျွတ်!..."

အရိုပ် ခေါင်းခါပစ်လိုက်တော့ ပန်း စကားမဆုံးဘဲ ရပ်သွ သည်။ ဆက်လက် နားထောင်လိုစိတ်မရှိအောင် စိတ်ပျက်ဖွယ်ကော သည့် ကိုယ့်ရဲ့အဖြစ်ဆိုးတွေကို ဘယ်သူကရော အားပါးတရ ပြန်ပြေ ချင်မှာလဲ ..။

"ဒီမှာ .. မင်းကို ပြောမယ်"

"ငါ လက်မခံနိုင်တော့ဘူးလို့တော့ မပြောဘူးမို့လားဟင် .. ကျွန်မ .."

"နေဦး .. မင်းရဲ့ဒေါသအဆောက်အအုံ ဘယ်လို ဖွဲ့တည် တယ်၊ ဘယ်လိုရာသီဥတုမှာ ပြိုလဲနိုင်တယ်၊ အဲဒါတွေကို ငါ မသိ သရွေ့တော့ မင်းကို ဒီမှာ အေးချမ်းစွာနေပါတော့လို့ ခွင့်ပြုလို့မဖြစ်ဘ"

"ကိုကိုရယ် .. ကျွန်မလေ .."

"မင်းကို လူသူမနီးတဲ့ အဝေးပြေးလမ်းမကြီးပေါ်ထိ မဟုတ် လုပ်ဇာတ်တွေ ခင်းပြီး ခေါ်လာတယ်၊ ပြီးတော့ လိမ်ညာထားခဲ့တယ"

"သူတို့ ညာနေကြတာကို ကျွန်မ သိပါတယ်"

"ဟင်!..."

"သူတို့ရဲ့ စွန့်ပစ်ခြင်း၊ မပစ်ခြင်းအပေါ်မှာ ကျွန်မ ဘယ်လ





ကြောက်ရွံ့စိတ် မဖြစ်ခဲ့လို့ ဒီတိုင်းပဲ မသိသလို လိုက်လာခဲ့တာ၊ သူတို့ အားလုံးနဲ့ စကားမပြောချင်တော့တဲ့အထိ နာကျင်နေခဲ့တဲ့စိတ်က ယ့်ကိုယ်ကိုယ် စကားပြောတတ်သေးရဲ့လားလို့တောင် ထင်လာ ခဲ့တယ်၊ တကယ်တော့ ကျွန်မ ပါးစပ်ပိတ်ပြီး နေလေ ဖယ်ကြဉ်ခံရ လေ ဖြစ်လာခဲ့တာပါ၊ ကြောင်တောင်တောင် ဖြစ်နေပြီ၊ လူတွေနဲ့ လို့ မဖြစ်တော့ဘူး .. အမျိုးမျိုးပါပဲ"

"မင်း အဲဒါတွေ ပြောပြတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဒါပေ ယ့် ငါ့ဘက်က အများကြီး စဉ်းစားရတော့မယ် လျှပ်ပန်း .. ဘာဖြစ် လို့လဲဆိုတော့ မေမေကလည်း မင်းကို မြင်လိုက်ကတည်းက မလိုလား ာတွေပဲ ထိုင်ရှုတ်နေတာ၊ အဲဒီပေါ်မှာ မင်းရဲ့ဒေါသ .."

"ဟင့်အင်း .."

ပန်း က အိပ်ရာပေါ်ကနေ ရှေ့တိုးကာ သူ့ရှေ့မှာ မျက်နှာချင်း ိုင် ခြေချထိုင်လိုက်ပြီး ...

"မဖြစ်စေရပါဘူး .. ကျွန်မ ဒီ့ထက်အများကြီး ရင့်သီးပက်စက် ာတွေ ကြားလာခဲ့ရတာပါ၊ ကျွန်မ ကတိပေးပါတယ် ကိုကိုရယ်.. ိုကို့ကို ကျေးဇူးရှင်လို့ သတ်မှတ်မှာဖြစ်သလို ဒီမိသားစုအားလုံးကို ာစ်ကိုးကွယ်တည်းထားပြီး ရှိသေမှာပါ၊ တကယ်လို့ ပြဿနာ တစ်စုံ ာစ်ရာဖြစ်လာခဲ့ရင်လည်း ကျွန်မကို ကိုကို နှင်ချစရာ မလိုပါဘူး"

သူမ် မျက်နှာကို ကြည့်၍ အရိုပ် က မရယ်ချင်ဘဲ ပခုံးတွန့် ယ်သည်။

"မင်းပြောတဲ့ ပြဿနာတစ်စုံတစ်ရာဆိုတာ ရှိလာခဲ့ရင် မေမေ ာ ဘယ်ဘဝ ရောက်သွားပြီလဲ လျှပ်ပန်း .. ငါက အဲဒီအထိ ထိုင် ဆောင့်နေရမှာလား .."

"ကိုကို ပြောသလို မဖြစ်နိုင်ဘူးဆိုတာ ကျွန်မ သိနေပါတယ်၊ ဲဒါ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မ သည်းမခံနိုင်ဆုံးစကား .. ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



မမြင်ချင်ဆုံးမျက်နှာတွေ မဟုတ်ခဲ့ရင် အားလုံးကို ကျွန်မ နားလည်နိုင်တယ်၊ အဲဒီစကားမျိုးနဲ့ အဲဒီလိုလူတွေနဲ့ ကွဲကွာ လွတ်မြောက်ခဲ့ပြီမို့လို့ နောက်ထပ် ဆိုးဝါးတာ ဘာမှ မဖြစ်နိုင်တော့ပါဘူး''

မဟုတ်သေးဘူး ...၊

အရိပ် ခေါင်းခါမိမလို ဖြစ်သွားရင်း သက်ပြင်းချမိပြန်သည်။ ကြားနေရသမျှကို မယုံချင်သော်လည်း ကိုယ့်ရှေ့မှာ ပြောပြနေတာက ကာယကံရှင်ကိုယ်တိုင် ဖြစ်နေသည်။

ဒါကို လက်ခံ ယုံကြည်လိုက်သည်နှင့် သူမဒေါသ၏ ဆတိုးနှုန်းကို ဘယ်လိုမှ ဂရုမစိုက်လို့ မရတော့ပေ ...။

"လျှပ်ပန်း ..''

"ရှင် ..''

"မင်း ငါနဲ့တွေ့တဲ့ ညကတော့ လိုက်ပါရစေလို့ ပြောပေမယ့် မခေါ်ဘူးဆိုတော့လည်း ချက်ချင်း ပြန်လှည့်သွားခဲ့တာပဲ၊ အဲဒီနေရာမှာ အကူအညီ အကမ်းအလှမ်း ဘာမှ မမြင်ဘဲနဲ့ မင်း ..''

"ဟုတ်ပါတယ် .. ကိုကို့အိမ်ပေါ်မှာ မျက်စိနှစ်လုံး ဖွင့်လာခဲ့ရတဲ့ နောက်ပိုင်းကျမှ အရိပ်တစ်ခုခု ကျွန်မအတွက် ရနိုင်သေးတယ်ဆိုတာ မျှော်လင့်လာခဲ့တာပါ၊ မီးစနေ ဆိုရင် ချေးထုပ်တစ်ထုပ်လို ရွံရှာရှာ မဲ့ရွဲ့ ရှောင်ရှားသွားခဲ့တာတွေ ခံရလွန်းလို့ တစ်ကမ္ဘာလုံးမှာ ငါတစ်ယောက်တည်းလို့ ထင်လာခဲ့တဲ့ အထီးကျန်ဆန်မှုတွေ၊ လူတွေဆီက အကြင်နာကို မပြောနဲ့ ငါ့ဘေးမှာ လူသားတွေ ရှိနေပါလားလို့တောင် မထင်မိတော့အောင် နွေးထွေးခြင်းကင်းမဲ့စွာ ဖြတ်သန်းခဲ့ရတဲ့ ဥပေက္ခာတွေအပြည့်နဲ့ နေ့ရက်တွေ .. အားလုံးက ကျွန်မကို မပြောမဆိုချင်တော့အောင်၊ မစားရတာကို မစားရလို့ မတမ်းတတတ်အောင် သင်ပေးခဲ့ကြတယ်၊ ကိုကိုကလည်း မကူညီနိုင်ဘူးဆိုတော့ တွက်ထားပြီးတဲ့အတိုင်းပဲမို့လို့ နောက်ပြန်ဆုတ်ခဲ့တာ၊ ကျွန်မရဲ့ဘဝဟာ ကိုကိုသာ





အားပေါ် တင်ခေါ်မလာခဲ့ရင် ..''

"နေဦး ..''

စိတ်ရှုပ်လွန်းသဖြင့် ဆံပင်တွေကိုပဲ ဖွပစ်နေမိသည်။ သာယာမျှော်မှန်းဖွယ်မရှိသည့် ငိုညည်းသံတွေကိုလည်း မကြားချင်သလို ဥပေက္ခာပြုလိုက်ဖို့ကျတော့လည်း ...

"ကျွတ်!...''

မစားမသောက်ရရှာသည့် မိန်းမငယ်လေးတစ်ယောက်၏ မပြည့်မစ ချောင်ချ ပိန်လှီနေသည့်မျက်နှာလေးကို မျက်နှာလွှဲလိုက်ဖို့ ခက်ရခြင်းသည် ...၊

"မင်းကို ဒီမှာထားဖို့အတွက်က ..''

ပြောဖို့ကြိုးစားရင်း မျက်လုံးချင်းဆုံမိလျှင် မျှော်လင့်ရင်း ချောက်ချားနေရှာသည့် မျက်ဝန်းလေးတွေကြောင့် ...

"ပြဿနာပဲ ..''

ဒီမျက်လုံးတွေကို သူများတွေကဲ့သို့ 'ဟိုလိုဒီလို' မဥပါဒ်နိုင်ဘဲ အားကရုဏာတွေချည်း ဖြစ်နေသည့် စာနာစိတ်က နောက်ဆုံးမှာ ဆုံးဖြတ်ချက်တစ်ခုကို မိုက်ရူးရဲဆန်စွာ ချလိုက်မိတဲ့အထိ ...။

"အင်းလေ.. ဖြစ်မလာသေးတာကို ကြိုတွေးမနေဘဲ ငါတို့ ဘယ်လောက်ထိ ရေစက်ဆုံနိုင်မလဲ .. ကံစမ်းမဲ နှိုက်ကြည့်တာပေါ့''

"ဟုတ်ကဲ့ ကိုကို .. ဟုတ်ကဲ့ပါ''

တွေ့ခဲ့တဲ့ညတုန်းက ခံစားချက်ကင်းမဲ့နေသည့်မျက်နှာနှင့် မိန်းမလေးသည် ခုလို ပုတ်သင်ညိုရှူးအောင် ခေါင်းတွင်တွင်ညိတ်လျက် မျှော်လွန် မြူးထူးသွားသည့်ဟန်ပန်လေးတွေ ဖြစ်တတ်နေလိမ့်မည်ဟု ထင်နိုင်စရာတောင် မရှိ ...။

အရာရာဟာ ပြောင်းလဲတတ်သည်ပဲ ...၊

ဒါဆိုရင် သူကိုယ်တိုင်ကရော ဒီကောင်မလေးကို အိမ်မှာခေါ်



www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်မည်လို့ တွေးပြီး လေးလေး တို့ကိုတောင် အချေအတင် ပြောခဲ့ပြီးပြီ မဟုတ်ဘူးလား ..။

ဘာဖြစ်လို့ သူမရဲ့မျက်လုံးရိုင်းတွေအကြောင်း သိလိုက်ရကာ ထိတ်လန့် ငြိုငြင်သွားခဲ့တာလဲ ..၊ မကောင်းခြင်းအားလုံးက ပြောင်းလဲနေတတ်တဲ့ သဘာဝထဲမှာ မပါနိုင်ဘူးလား ..။

သူ ဒီတိုင်းပဲ မျှော်လင့်ရတော့မှာပေါ့။

"မင်းနာမည် မဟုတ်ဘဲ တွင်နေခဲ့တဲ့ 'မီးစနေ'ဆိုတာကို ဒီမှာ ပြောစရာ မလိုဘူး .. ငါကလည်း ခေါ်မှာ မဟုတ်ဘူး၊ အဲဒီနာမည် ခမ့်လိုက်တော့ .."

"ဟုတ် .."

"ကိုယ့်ကိုယ်ကိုယ် ပန်း လို့ပဲ ပြော .. မင်းနာမည်က လျှပ်ပန်း ပဲ .. ဟုတ်ပြီနော်"

"ဟုတ်ကဲ့ပါ"

"နောက်တစ်ခု သိထားဖို့က မင်း ရှိနေကာမှ ဒီမှာ ဆိုးတာ ကောင်းတာ ဘာတွေဖြစ်ပျက်နေနေ ကောင်းကျိုးဖြစ်တယ်၊ ဆိုးကျိုး ဖြစ်တယ် ငါ ဘာမှ မပြောဘူး၊ တစ်စုံတစ်ယောက်ကိုမှ မင်းကိုယ်တိုင် ထိခိုက်စေတာမျိုး မဖြစ်သရွေ့ .."

"ကျွန်မ .. ပန်း နားထောင်ပါ့မယ် ကိုကို .."

"အရေးကြီးဆုံးက ငါ့ညီလေးနဲ့ မေမေ .."

မျက်လုံးကြီးဆုံ၍ စိုက်ကြည့်နေစဉ် ပန်း က ခေါင်းလေးညိတ်ပြ ရင်း ပြုံးသည်။

အရိပ် က ကတိပေးမလွယ်နဲ့ဆိုသည့် သတိပေးသော အကြည့် နှင့် မျက်မှောင်ကုတ်၍ ...

"သူတို့ကို မင်း သည်းခံပါ၊ ငါ ဘယ်လိုမှ ခွင့်လွှတ်မှာ မဟုတ် တာ အဲဒါပဲ"





ပန်း က ခေါင်းညိတ်ကာ သိလိုတာတစ်ခုကို မေးရကောင်းနိုး ကောင်းနိုးနှင့် လည်ပင်းလေးပွတ်နေရင်း ပြီးမှ ...

"ဟို .. ကိုကိုနဲ့ မောင်လေးက အသက်ကွာတယ်နော်"

သူမ ကြားနေသည့် 'လရိပ်လင်း'ဆိုသော ကလေးလေးကို မြင် သည်း မြင်ဖူးလိုက်သည်။ အလွန်ဆုံးရှိလှမှ တစ်နှစ်ကျော် နှစ်နှစ် ပါးလောက်ပင် ..၊ အစ်ကိုက လူပျိုကြီးဖြစ်နေကာမှ ညီဖြစ်သူက အရွယ်လေးမို့ ..၊

"အဲဒါတွေ နောက်တော့ မင်း သိလာမှာပါ"

"ဘာဖြစ်လို့လဲဟင် .. ကိုကို့အမေကလည်း သတိလွှတ်နေသလို ပဲနော်"

မပြောချင်ပေမယ့် သူ ခေါင်းခါလိုက်မိရင်း ...

"ဟုတ်တယ်.. ညီကို မွေးပြီးတာနဲ့ မေမေ အဲဒီလို ဖြစ်သွားတာ" ထပ်ရှိနေသေးသည့် မိသားစုအရေးအခင်း တချို့တလေကိုတော့..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

ဆံနွယ်ပျော့ပျော့လေးတွေမှာ ရွှေဝါရောင်လေးတွေ ရောနှေ သလို မျက်ခုံးရာလေးကလည်း ထင်ရှား၊ နှာတံပေါ်ပေမယ့် နှုတ်ခမ်းပါး လေးတွေက ရယ်လိုက်တိုင်း ပျောက်ကွယ်သွားတတ်သည့် လရိပ်လင်း ဆိုသည့် ကလေးငယ်လေး ..၊ အသားဖြူရုံမကဘဲ ပန်းရောင်ရဲနေသည့် ပါးလေးတွေကိုလည်း ပန်း တအား ချစ်မိသည်။

ဒါပေမယ့် ကလေးတစ်ယောက်က ခင်တွယ်လာအောင် ပန်း မစည်းရုံးတတ်ပေ။ ချစ်ဖွယ်သောစကားကို မဆိုတတ်သလို ဘယ်လို ခြေဟန်လက်ဟန်နဲ့ ကြင်နာယုယမှု ပေးရမယ်ဆိုတာလည်း မသိ ..၊ ထို့ပြင် ကလေးနားကို ကပ်တိုင်း မကြည်ဖြူခဲ့သော ဒေါ်နေခြည် ၏ မောင်းထုတ် မာန်မဲခြင်းများကြောင့် ...

"သားရေ .. သားလေးရော .. သားငယ် .."

ကလေး မုန့်စားနေတာကို ထောင့်ကွယ်တစ်နေရာကနေ ငုတ်တုတ်လေးထိုင်ပြီး ကျကျနန ချောင်းကြည့်နေတုန်း ဒေါ်နေခြည့် အသံကြောင့် ပန်း ချက်ချင်း ထရပ်လိုက်မိသည်။





"သားရေ .."

"မေမေ့ .."

လရိပ်လေး ကလည်း မအေ့အသံ ကြားလိုက်မှ ခေါင်းလေး ထောင်သွားပြီး အသံပြုသည်။ သို့သော် ...

ပန်း ထရပ်ပြီး ကွယ်လိုက်တာကိုလည်း မြင်သွားကာ စကား တစ်ပိုင်းတစ်စနှင့် မျက်လုံးလေး ဝိုင်းသွား၏။ မကြာခင် ဒေါ်နေခြည် ရောက်လာတော့မှာမို့ ပန်း နေရာကနေ ကမန်းကတန်း လှည့်ပြေးခဲ့ရင်း ကလေးနဲ့ မျက်လုံးချင်း ဆုံမိလိုက်တာကို မျက်လုံးထဲမှာ စွဲလာသည်။

ကလေးက သူ့ ခေါ်လိုက်တိုင်း ဖော်ဖော်ရွေရွေ မတုံ့ပြန်တာပဲ ရှိသည်။ ခါးသီးသော ငြင်းဆန်မှုမျိုးတော့ မပြခဲ့ပေ ..။

အိမ်မှာ လူရိပ်တွေမြင်နေရပြီး ကိုယ်ကလည်း မခေါ်ရဲ၊ သူတို့က လည်း ကိုယ့်အနား မလာကြတာမို့ အရိပ် မရှိသောအချိန်တွေမှာ ပန်း တစ်ယောက်တည်း ချောင်ကပ်နေရသည့်ဒုက္ခက မလွန်မြောက် နိုင်သေး ..။

ထို့ကြောင့် ကလေးနဲ့ ရင်းနှီးချင်သည်၊ ကလေးကိုထိန်းရင်း တစ်သက်လုံး ပိတ်ထားခဲ့မိသည့် ဒီပါးစပ်ကနေ စကားတွေ တစ်ဝကြီး ပြောချင်၏။ ကိုယ့်ကို မချစ်ရင် နေပါ .. ကိုယ်က ချစ်နေတာကို ကျေနပ်ပေးမည်ဆိုရင်တောင် ..၊

"ဟော့ .."

မျက်နှာရှေ့မှာ ဘွားခနဲ ပိတ်ကာလာသည့် ရင်ဘတ်တစ်ခု ..၊

ပန်း ခြေလှမ်းတွေ အချိန်မီ ရပ်လိုက်တာတောင် ရင်ဘတ်ချင်း တိုက်မိတော့မို့ သိပ်မလိုတော့ပေ ..။

"ဟဲ .. ဟဲ .."

ဂျင်းဘောင်းဘီရှည်၊ ရှပ်လက်တို ခါးရှည်ကို ခပ်နွမ်းနွမ်း အပြင်ဘက်ဝတ်ကာ ဆာမူရိုင်းဆံပင် ဂုတ်ထောက်နှင့် အရပ်ကရှည်ပြီး ပိန်



www.burmeseclassic.com

www.burmeseclassic.com



သည်။ မျက်လုံးမှေးသလို ရှိပေမယ့် လူငယ်ပုံစံဒီဇိုင်းနှင့် ခပ်ချောချော ဖြစ်သည်။

သူ့နာမည်ကို မသိပေမယ့် ကိုကိုက လေးလေးလို့ ခေါ်နေသည့် လူကြီးရဲ့သားဆိုတာတော့ ပန်း သိသည်။ ကိုယ်က မရင်းနှီးခဲ့ပေမယ့် သူ့မျက်နှာက စပ်ဖြဲဖြဲ ...။

"နင်က မလန့်ပါလား .. အဟဲ .."

ဘောင်းဘီအိတ်တွေထဲ လက်နှစ်ဖက်ထည့်၍ ပခုံးတွေ တွန့်လိုက်၊ ခါးကို ညွှတ်ခနဲ ကော့မလို ကုန်းမလိုလုပ်လိုက်နှင့် အက်ရှင်တွေ တစ်ခုပြီးတစ်ခု ပြောင်းလဲနေပြီးမှ မျက်လုံးတွေ အုပ်မတတ် ချထားသည့် နဖူးထက်က ဆံပင်တွေကို ကိုယ့်နှုတ်ခမ်းနဲ့ကိုယ် လေမှုတ်လိုက်သည်။

ဆံပင်တွေ လွင့်ခနဲ ကွဲထွက်သွားမှ ပေါ်လာသည့်မျက်လုံးနှင့် မျက်စိတစ်ဖက် မှိတ်ပြ၍ ...

"ဒါပေါ့ .. ကိုယ့်ကိုယ်ကိုယ် အမြဲတမ်း မှန်ထဲ ပြန်ကြည့်နေ တော့ ဘာကို ကြောက်တော့မှာလဲ"

လူကို သရဲရုပ်လို့ ပြောလိုက်တာပေမယ့် ပန်း မျက်နှာက ကောက်ကြောင်းမဲ့နေ၏။ ရှည်လျားသည့် မျက်တောင်တို့သည် မျက်ခုံးစပ်တို့အောက်ထိ ဖြန့်ကပ်နေရာမှ မလှုပ်သလို ထိုမျက်နှာကို ကြည့်နေသည့် မျက်နက်ဝန်းတို့ကလည်း နည်းနည်းလေးမှ မရွေ့လျား ...

"လုပ်ပါ .. စကားလေးဘာလေး ပြောစမ်းပါ၊ နင်က ငါ့ကို သိမှာ မဟုတ်ပေမယ့် ငါက နင့်ကို မြင်လိုက်တိုင်း သေချာကြည့်နေ တာ၊ အဟဲ .. ချောလို့တော့ မဟုတ်ဘူးနော်၊ ပြောသံကြားသလို တကယ် ကြောက်စရာကောင်းမကောင်း ကြည့်တာ"

ပန်း က ဘာစကားမှ မပြောဘဲ မျက်ဝန်းတို့ကို စတင် ရွေ့လျား၏။ ပြီးတော့ ထိုမျက်နှာကို ရှောင်ရှား၍ ...





"ဟား!... ဘာလဲ .. နေပါဦး"

ခြေလှမ်းချင်းအတူတူ ရှေ့က တစ်ထပ်တည်း လိုက်ပိတ်ထား လိုက်ပြီး ...

"တင်းသွားတာလား .. ငါက ခင်ချင်လို့ စတာပါ၊ နင့်မျက်နှာက ...နေလို့ ရုပ်ဆိုးနေတာ၊ ဝလာရင် မလှဘဲနေမလား .. မျက်တောင် ...တွေ ဒီလောက်လှတဲ့ဥစ္စာ၊ ဘာလဲ .. အစ်ကိုက ငါတို့ကို မခေါ်မပြော ...ဘူး မှာထားလို့လား"

ပန်း က ခေါင်းခါသည်။ ဆံမြိတ်တို မရှိဘဲ နဖူးထိပ်ကနေ ...လယ်ခွဲ ဆင်းကျနေသည့် ဆံပင်ရှည်တွန့်တွန့်တွေက နောက်ဆံပင် ...နဲ့အတူ ခါးစပ်ထိ မသေမသပ် ...။

အသံတိတ် ခေါင်းခါလိုက်တော့ ရင်ဘတ်နှစ်ဖက်ပေါ်ထိ ဆံစ ...ချို့ လှုပ်ခါသွားကြသည်။ ခံစားချက်ကင်းမဲ့နေသလို မျက်ဝန်းအစုံ ... လှုပ်ရှားမှုမရှိတော့ သူမပုံစံ ဘယ်လိုနေနေ စက်ရုပ်တစ်ရုပ်လို ...မှမဟုတ် လူသေကောင် လမ်းလျှောက်နေတာမျိုးလား ...။

စိုက်ကြည့်ပြီး ပြုံးနေသည့်မျက်နှာက မဲ့တဲ့တဲ့ ဖြစ်သွားသည်။ ...န်းမင်းဦး မကျေနပ်နိုင်ပါ။ သူ မြင်နေခဲ့သည်၊ အရိပ် နဲ့ စကားပြော ...လျှင် သူမ ဒီပုံစံ မဟုတ် ...။

"လျှပ်ပန်း ဟုတ်လား .. ဒီမှာ .."

"မကိုင်ပါနဲ့ .."

လက်ကိုကိုင်ဖို့ ပြင်လိုက်တာနှင့် အသားချင်း မထိရသေးဘဲ ...ချခံလိုက်ရတာ ဆတ်ခနဲ ...။

"ဩော် .. နင် စကားပြောတတ်သားပဲ"

အလွန်အမင်း ချဉ်တူးသွားသည့်မျက်နှာနှင့် ထွန်းမင်းဦး မဲ့ရွဲ့ ...သည်။

"ငါ့နာမည်က ထွန်းမင်းဦး .. မမှတ်ချင်လည်း မှတ်ထားနင်



www.burmeseclassic.com

www.burmeseclassic.com



မခေါ်ချင်လည်း ငါက ငါ လိုအပ်လာရင် ခေါ်မှာပဲ၊ ခိုင်းဖို့ ဒါမှမဟုတ် အသုံးချဖို့ တစ်ခုခု ..''

ရိုင်းစိုင်းသည့်စကားကြောင့် ပန်း မျက်ခုံးတွေ တွန့်သွားသည်။ ထွန်းမင်းဦး က ပန်း ရဲ့မျက်နှာပေါ်မှာ လှုပ်ရှားမှုတစ်ခုခု ဖြစ်သွာ တိုင်း သဘောကျသလို ပခုံးတွန့်သွားလိုက်၊ ရယ်လိုက်နှင့် ...

''နင် ပေးတဲ့အတိုင်း ငါ ပြန်ပေးမှာကို ကြိုပြောတာလေ၊ နင့်လ ပဲ ငါ့မှာလည်း အထာဆိုတာ ရှိတယ်၊ ဘဝင်ကိုင်သလို ခပ်ကျောကျေ နေတာမျိုးပေါ့''

''ငါ ဒီလိုပဲ နေတတ်တာ''

စကားသံက မကျေညက်ပေမယ့် ထွန်းမင်းဦး ကတော့ ကျေန သွားသည်။ ရုပ်ဆိုးမဆိုသည့် နာမည်နဲ့ ရောက်လာပေမယ့် ပါးရိုးငေ ငေါ့နှင့် ဒီမျက်နှာပေါ်က မျက်လုံးတွေကို သူ စိတ်ဝင်စားသည်။

လှသည်လို့ ခံစားမရလောက်အောင် ကြည့်ရဆိုးပေမယ့် ရှူးရှူးရဲ လှနေသည့်မျက်လုံးတွေ သူ ကြိုက်သည်။

ထို့ကြောင့် သူမနဲ့ ရင်းနှီးနိုင်ဖို့ ကောင်းခြင်းနဲ့ဖြစ်စေ ဆိုးခြင်းန ဖြစ်စေ အကြောင်းရှာဖို့က သူ့အလုပ် ..။

''ဒါဆို ပြီးတာပဲ .. ငါကလည်း အစအနောက်သန်တယ်ဆိုတော ငါတို့ချင်း နားလည်နေရင် တစ်ယောက်ကိုတစ်ယောက်က စိတ်မဆိ ကြေးပေါ့''

သူတို့စကားပြောနေတုန်း ဒေါ်နေခြည် က ကလေးကိုလက်လေ တစ်ဖက်ကဆွဲ၍ အနားကနေ တစ်လှမ်းချင်း ကပ်လျှောက်သွားသည်

မျက်လုံးအစုံကတော့ လျှပ်ပန်း ကိုရော ထွန်းမင်းဦး ကိုပါ ဘာ သူ့ကိုမှ ရင်းနှီးလိုလားဟန် မရှိ ..။ မဟာဆန်သည့် နဖူး၊ သေးမျှ သွယ်တန်းသည့် မျက်ခုံးတန်းနှင့် အသားက သိသာအောင် ဖြူသည် အရိပ် နဲ့ သိပ်မတူပေမယ့် လရိပ်လင်း နဲ့တော့ တော်တော်ဆင်သည်





ပုံမှန်မဟုတ်သော လူတစ်ယောက်လို့ ထင်စရာမရှိအောင် တစ် တစ်ခါ တည်ငြိမ်စူးရဲနေတတ်သည့် မျက်လုံးတွေက လူတစ်ယောက် ချက်လွှာချသွားရတဲ့အထိ တစိုက်မတ်မတ် ရှိနေတတ်၏။

လည်ပင်းလိမ်အောင် ကြည့်သွားသည့် ဒေါ်နေခြည် တို့ ပျောက် ယ်သွားမှ ထွန်းမင်းဦး က လိုက်ကြည့်နေသည့် မျက်နှာကို ပန်း လှည့်ကြည့်၍ ...

''အဲဒီအဒေါ်တစ်ယောက်ကလည်း သူ့သားလိုပဲ သိလား၊ လူက ရှုးနေတာ ဘဝင်မြင့်ဖို့ကျတော့ မမေ့ဘူး၊ သားအမိနှစ်ယောက် း အတူတူပဲ''

အတင်းအဖျင်းစကားတွေ စလာသည်။ ပန်း အတွက်ကျတော့ အိမ်က လူတွေအကြောင်း ဘာတစ်ခုမှ သိမထားခဲ့တာမို့ ပြောလာ မှုက စိတ်ဝင်စားစရာတွေချည်းသာ ..။

''ဒီမှာ နင် မှတ်ထားဖို့က ဒီအိမ်မှာ ငါ့အဖေက အုပ်ထိန်းသူပဲ၊ ရှင်ဟောင်းကတော့ အန်တီနေခြည် မှန်ပေမယ့် သူ့ကိုယ်သူတောင် မှန်းမသိတော့ဘူးလေ .. အစ်ကိုကလည်း ခုမှ ကျောင်းပြီးထား လူကြီးဂိုက်စတိုင်လ်နဲ့ ဘယ်လိုပဲ လူရှိန်အောင်နေနေ လူငယ် ယောက်ပါပဲ၊ နိုင်ငံခြားမှာ လုပ်ငန်းတွေ ရှိတယ်၊ မြန်မာပြည်မှာ မြစ်ချထားတယ်၊ နိုင်ငံခြားကို မပြောနဲ့ မြန်မာပြည်က စီးပွားရေး ကိုတောင် ဘာမှန်းမသိသေးလို့ ငါ့အဖေက ဦးဆောင် လမ်းပြ နေရတာ၊ ဒါတောင် မာန်တက်ပြီး ထမင်းကျွေးတဲ့လက်ကို ပြန် ဖို့ ကြိုးစားသေးတယ်''

''ကိုယ့်ထက်ကြီးတဲ့လူကို ဒီလိုပဲ ပြောရသလား''လို့ မေးလိုက် သော်လည်း နှုတ်လေးလာခဲ့သည့်အကျင့်က ပါနေပြီမို့ တကယ် း မပြောဖြစ်ခဲ့ပေ ..။

ဒါပေမယ့် မနှစ်မြို့ခြင်း ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ မျက်နှာလေးကတော့ ပြေပြစ်ခြင်းနှင့် ကင်းဝေးသွားခဲ့ပြီ
"သွားမယ် .."
"နေပါဦး .. ငါကပဲ ပြောနေရတာ၊ ဘာလဲ .. ငါ့ကို မခင်ချင်
ဆိုတဲ့ သဘောလား"
နောက်ထပ်လှမ်းသည့်ခြေလှမ်း တန့်သွားရပြန်ကာ ပန်း သူ
စိုက်ခနဲ ကြည့်သည်။
"စကားပြောတာကို ဝါသနာ မပါဘူး"
"ဝါသနာပါဖို့ မလိုပါဘူး .. ပြောချင်စိတ်ရှိဖို့ပဲ လိုတာ၊ ငါ့
ခင်ရင် .."
"ပြောချင်စိတ်ကို မရှိတာ .."
သူ့ပခုံးတစ်ဖက်ကို တွန်းထုတ်ပစ်လိုက်သလို ဂရုမစိုက်စွာ လှ
ထွက်သွားသည့် ပန်း ရဲ့ခြေလှမ်းက နည်းနည်းလေးမှ ကွေ့ရှော
မသွားခဲ့သဖြင့် ပခုံးတစ်ဖက်ချင်း ကျကျနန ထပ်ချိတ်သွား၏။
တမင်လုပ်ဖို့ ရည်ရွယ်တဲ့သူနဲ့ မထင်မှတ်စွာ ခံလိုက်ရတဲ့သူ
တွန်းမင်းဦး ပက်ခနဲ လန်သွားကာ ခြေတစ်လှမ်းပါ ယိုင်ထွ
သွား၏။ ပါးစပ်အဟောင်းသား ကျန်ခဲ့ပြီးမှ ဟာဖြည်းဖြည်း ပြုံးလာ
ကာ ဟက်ဟက်ပက်ပက် ရယ်မိ၏။
ကြည်နူးဝမ်းမြောက်၍တော့ မဟုတ်ပါ။ အေးစက်စက် မလေ
လည်သည့် အခြောက်တိုက် ရယ်လိုက်တာမျိုး ..၊ ပြီးတော့ ပြုံးနေရင်
မဲ့လာသည့် နှုတ်ခမ်းများမှ ...
"ကောင်းတယ် လျှပ်ပန်း .. အားနာဖို့ မလိုတော့ဘူးပေါ့"





## အခန်း (၇)

"ဒေါ်ကြီးညို .. ဟိုကောင်မလေးရော .."
"ထွက်မလာဘူး သားရဲ့ .. ကောင်မလေးက အေးပါတယ် ..
ပေမယ့် အေးလွန်းတော့လည်း နွေးထွေးမှုကင်းမဲ့တာပေါ့၊ ဒေါ်ကြီး
ဘာကတော့ ဒီမှာနေမယ်လို့ ဆုံးဖြတ်ပြီးရင် ဒီက မိသားစုအားလုံး
နွေးထွေးဖို့ ကြိုးစားရမှာလေ .. အထူးသဖြင့် ဒီအိမ်မျိုးမှာ သူ့
တွက် နေရာယူဖို့ မခက်ပါဘူး"
ဒေါ်ကြီးညို ပုံစံက မကောင်းပြောနေတာ မဟုတ်မှန်း သိသာပါ
ည်။ သူ့အတွက် ထမင်းပွဲပြင်ပေးနေရင်း မျက်နှာကလည်း မသာ
ယာရှိလျက် ...
"ခုဆို ကောင်မလေးတွေလည်း အလုပ်ထွက်ကုန်ကြပြီ၊ ဒေါ်ကြီး
လည်း .."
"ဗျာ!..."
နောက်ဆုံး ဟင်းပွဲတစ်ပွဲကို အသာလေးချပေးလိုက်ကာ ဒေါ်ကြီး
က စားပွဲစွန်းကို လက်တစ်ဖက်နဲ့ဖွဖွကိုင်၍ မျက်လွှာချထားလျက်...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် သားရယ် .. ဒေါ်ကြီးလည်း တောပြန်ရတော့မယ်

"ဟာ!... မဟုတ်သေးပါဘူး၊ ဒေါ်ကြီးညို က ဒီမှာပဲ တစ်သ လုံး နေသွားမှာလို့ တဖွဖွ ပြောနေခဲ့တာ၊ ဘာဖြစ်လို့လဲ .. တော အနှောင်အဖွဲ့ သံယောဇဉ်လည်း မကျန်ခဲ့ဘူးဆို .."

ထမင်းနဲ့ဟင်းကို သေချာနယ်ဖတ်ပြီးကာမှ ပါးစပ်ထဲ မသွင်း ဘဲ ဇွန်းခက်ရင်းကို ပြန်ချမိသည်။ အိမ်မှာ မိန်းမငယ်လေးတွေ မ တာက ထွန်း◌ုင်းဦး ရဲ့အစအနှောက်သန်မှုကြောင့်ဖြစ်ကာ လူငယ် ပ်ပို မကြာခဏ မေမေ အော်ငေါက်မာန်မဲတတ်တာကို သည်းမခံ ကြတာလည်း ပါသည်။

ဒေါ်နုယဉ် ဆိုသည့် အိမ်အကူတစ်ယောက် မြဲနေခဲ့တာတော လွှန်ခဲ့သည့်အပတ်ကပဲ ခဏဆိုပြီး ခွင့်ယူသွားခဲ့တာ ပြန်မလာတေ ပေ ...။ ဒေါ်ကြီးညို ကတော့ မိဘနဲ့မခြား အဒေါ်သားရင်းလိုလည ရင်းနှီးခင်တွယ်နေကြပြီ ဖြစ်သည်။

သူ့ အလယ်တန်းကျောင်းသားအရွယ်တည်းက အတူနေလာ ကြတာမို့ မေမေ ခုလိုဖြစ်နေတုန်းမှာ တကယ့်မိဘနဲ့မခြား ...၊

"ပြောပါဦး ဒေါ်ကြီးညို .. ဘာအဆင်မပြေတာရှိလို့လဲ၊ တက ပြောနေတာလား .. ဟိုရက်က ပြောခဲ့ဖူးပေမယ့် တကယ် ရည်ရွ ထားမယ်လို့ မထင်ခဲ့ဘူး"

"စိတ်မကောင်းပါဘူး လူလေးရယ် .. သမီး နေခြည့် ကို ပစ်ထာ ခဲ့ဖို့ မသင့်မှန်းလည်း ဒေါ်ကြီး သိပါတယ်၊ ဒါပေမယ့် တစ်ကိုယ်ကော ဆန်တယ်ပြောရင်လည်း ခံရတော့မှာပါ၊ ပွင့်ပွင့်လင်းလင်း ပြောရ ဒေါ်ကြီး ဒီမှာ မနေချင်တော့ဘူး"

ထမင်းပန်းကန် ရှေ့မှာထားရင်း အရိပ် ငိုင်သွားမိသည်။ ဟုတ တော့ ဟုတ်ပါသည်။ အရင်တုန်းက ကိုယ့်ရဲ့အုပ်ထိန်းသူလို ဆက်ဆံ ပေမယ့် စိတ်ကစဉ့်ကလျား ဖြစ်ခဲ့ရသည့်နောက်ပိုင်းမှာ သတိတစ်ချ





တ်သွားတာနှင့် မေမေက ထင်ရာတွေ ပြောတတ်လာသည်။ အော် ် ကြိမ်းမောင်းတာတွေလည်း ပါသည်။

စိတ်ဝေဒနာသည်မို့ သည်းခံတဲ့လူက ခံနိုင်ပေမယ့် မေမေ့နားမှာ ကြီး ကပ်နေတိုင်း ရင့်သီးမောက်မာစွာ မောင်းထုတ်တတ်သည့် းလေးရဲ့ စကားလုံးတွေက ခံနိုင်ဖွယ် မရှိ ...။

"ခင်ဗျားက ဒီအချိန်ထိ အိပ်ခန်းထဲမှာ ဘာဝင်လုပ်နေတာလဲ၊ သူဌေးရဲ့အိပ်ခန်းဆိုတာ နားမလည်ဘူးလား" ဆိုသည့် တိုက်ရိုက် ်ကားတာမျိုး ...။

"ရူးနေပေမယ့် ချော့မော့ ညာဝါးတောင်းတိုင်း မီးခံသေတ္တာ သော့ ခင်ဗျားလက်ထဲ ရောက်လာမယ် ထင်လို့လား .. အဲဒီလို အရူးက ရှူးပါ" ဆိုတာတွေ ...၊

"ကိုယ့်နေရာ ကိုယ်နေ .. စွပ်စွဲခံရတယ်ထင်ရင် စွပ်စွဲစရာ မဖြစ် အောင် နေပေါ့"

"ခင်ဗျားကို ကြည့်နေတာ ကြာပြီနော် .. မြင်လိုက်ရတိုင်း ခြည့် နားမှာချည်းပဲ"

စသဖြင့်သော စကားသံတွေဟာ သူကိုယ်တိုင် ကြားလိုက်ရတာ တွေလည်း ရှိသည်၊ ကောင်မလေးတွေ မထွက်ကြခင်တုန်းက 'နေ့ ယ်ကလေ အစ်ကိုလေး သိလား ..'ဟု အစချီ တိုင်တောခြင်းတွေ ကြောင့် ပြန်ကြားရတာတွေလည်း ပါ၏။

ဒေါ်ကြီးညို ဘက်က သည်းခံခဲ့ရှာတာလည်း ကြာပါပြီ။ ပြန် ငွေးကြည့်ပြီး အရိပ် ဘာမှမပြောနိုင်တော့ဘဲ ဖြစ်သွားခဲ့သည်။ ေါ်ကြီးညို က ပြောသင့်တာတချို့ကိုပါ ပြောပြကာ ...

"အဲဒီနေ့ကလည်း သူတို့ပြောတာတွေ အကုန်လုံးတော့ ဒေါ်ကြီး ကြားလိုက်ဘူး ထင်ပါတယ်၊ ဒါပေမယ့် မောင်ထွန်းမင်းဦး က သိပ် ကျနပ်ပုံ မရဘူးဆိုတာတော့ သေချာ အကဲခတ်မိတယ်၊ ဒေါ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ပြောချင်တာကလေ လူမှုဆက်ဆံရေးဆိုတာ ချစ်ရင် ချစ်တဲ့အတိုင်း မုန်းတဲ့အတိုင်း ပြောခွင့်မရှိဘူးဆိုတဲ့ တားမြစ်ချက်တစ်ခုပဲမို့လား မိန်းကလေး ဒါတွေကို နားလည်စေချင်တာ''

"သူကလည်း သိပ်ကိုကျဉ်းမြောင်းတဲ့ဘောင်တစ်ခုထဲမှာ ရှင်သန် လာခဲ့ရတာ ဒေါ်ကြီးညို .. သူ့အကြောင်း ဒေါ်ကြီးညို ကို ကျွန်တော် ပြောဖူးပါတယ်''

"သိတယ်လေ .. အဲဒါကြောင့် ဒေါ်ကြီးက မိန်းကလေးကို နားလည်တယ်၊ ခက်တာက နားလည်နေကြတဲ့ တို့တွေ မျက်စိ အောက်မှာပဲ သူ တစ်သက်လုံး ရှိနေမှာ မဟုတ်ဘူး၊ တို့ကလည်း ဒီတိုင်း ထိုင်ကြည့်ပြီး ဘယ်ကိုတိမ်းပါး ညာကိုယိမ်းပါလို့ တစ်သက် လုံး သင်ပြနေနိုင်မလား၊ မကြာခင်မှာပဲ ဒေါ်ကြီးက သွားတော့မယ် လူလေးက မိဘရဲ့စီးပွားရေးလုပ်ငန်းတွေကို နားလည်ဖို့ နေ့ည မနား တမ်း ပြေးလွှား လေ့လာနေရတယ်၊ သူ့ဘေးမှာ ဘယ်သူရှိမလဲ ..''

ပြောနေပြီးမှ အရိပ် ထမင်းမစားရသေးတာကို သတိထားမိကာ

"ကဲ .. ကဲ .. လူလေး ထမင်းစားပျက်ပါပြီကွယ်၊ ဒေါ်ကြီးတို့ ညကျမှ ..''

"မဟုတ်ပါဘူး .. ရပါတယ် .. စကားပြောတယ်ဆိုတာလည်း ပြောဖို့ အကျိုးအကြောင်း ညီညွတ်နေတုန်းပဲ ကောင်းတာ၊ တမင်ပြော ကြဖို့ စီစဉ်ထားရင် ပြောချင်သလောက် မပြောဖြစ်တော့ဘူး၊ ထမင်း စားဖို့ကလည်း ဝတ္တရားတစ်ခုလိုပါပဲ ဒေါ်ကြီးညို ရယ် .. ပြောပါ ဒီစကားတွေက ထမင်းစားဖို့ထက် အရေးကြီးပါတယ်''

အရိပ် က ထမင်းပန်းကန်ကိုပါ ဘေးကို ရွှေ့ချထားလိုက်ပြီး စားပွဲပေါ် တံတောင်ဆစ် ကွေးတင်ကာ ...

"ခုနပြောတာ ပြန်ပြောပါဦး .. ထွန်းမင်း နဲ့ လျှပ်ပန်း စကား အချေအတင်တွေ ဖြစ်ကြသလား''





"လျှပ်ပန်း က သိပ်မပြောဘူး ထင်တယ်၊ ဒါပေမယ့် ..''

ဂရုမစိုက်စွာ တိုးတိုက်ထွက်သွားတာကိုတော့ မျက်လုံးထဲမှာ မြင်လာပေမယ့် ဒေါ်ကြီးညို က ဒါကို ချန်ထားခဲ့လိုက်ကာ ...

"ဘာပဲဖြစ်ဖြစ် သားရယ် .. မောင်ထွန်းမင်းဦး ရဲ့စိတ်ကို မင်း သိမှာပေါ့၊ သူ့လိုကလေးမျိုးကို ရန်သူဖြစ်တာထက် မိတ်ဆွေ နေတာ ပိုမကောင်းဘူးလား၊ ပြီးတော့ ကိုယ်က မရင်းနှီးသေးတဲ့ မိန်းကလေး ..''

အရိပ် ခေါင်းညိတ်ရင်း လည်ပင်းကို ဖိပွတ်နေမိသည်။

တော်တော် မလွယ်ပါလား ...၊

"ကလေးချင်း ပြန်ပြီး ထိန်းခိုင်းသလို ဖြစ်နေတာ သိပေမယ့် ကြီးညို ဒီမှာ မနေချင်တော့လို့ပါ၊ သူလေးကို စိတ်မချသလို ခြည့် ကိုလည်း မထားခဲ့ချင်ပါဘူး၊ လျှပ်ပန်း ရောက်လာတော့ စိုးရိမ်တယ်၊ ဒါပေမယ့် ..''

"ရပါတယ် ဒေါ်ကြီးညို .. ဒေါ်ကြီးညို ခံစားနေရတာကို ကျွန် နားလည်ပါတယ်၊ တခြားလူတွေကိုလည်း နားလည်တာပဲ၊ ပေမယ့် ကျွန်တော်ကတော့ ရန်းထွက်ဖို့ မဖြစ်နိုင်သေးဘူး''

ရုန်းထွက်ဖို့ထက် ဒီသားအဖရဲ့ ထိန်းချုပ်မှုအောက်ကို လုံးဝ ကျမသွားဖို့တောင် မလွယ်ကူမှန်း ဒေါ်ကြီးညို သိသည်။

ညီအစ်ကိုဆိုပေမယ့် သူဌေးကြီးက ညီဖြစ်သူကို ညှာတာခဲ့ သလောက် ညီဖြစ်သည့် ဦးမြတ်ထွန်း ကတော့ အစ်ကိုနဲ့ အတူတူ လုပ်တွဲပြီ ဆိုကတည်းက ...၊

ပြောရမယ်ဆို ဒီအိမ်ပေါ်ကို အပြီးအပိုင်နေဖို့ ရောက်လာ တည်းက ခြေဖျားထောက် လက်မထောင်လျက် ဖြစ်၏။ စီးပွားရေး ဘာကမှာ လူမှုရေးဘက်ကို ထည့်တွက်လွန်းသည့် ဦးထင်ပေါ်လင်း အားနည်းချက်ကြောင့် တချို့နေရာတွေမှာ ချို့ယွင်းချက်ဖြစ်ခဲ့လျှင်



www.burmeseclassic.com

www.burmeseclassic.com



ဦးမြတ်ထွန်း ၏ ပြတ်သားတတ်ခြင်းက ပြန်အဖတ်ဆယ်သလို ဖြ
တာတွေ ရှိသည်။

ထိုအခါ တစ်ယောက်နဲ့တစ်ယောက် 'ကိုင်းကျွန်းမှီ ကျွန်းကိုင်
သဘောနှင့် ရပ်တည်သလို ရှိခဲ့လျက် ဘာမှ အရင်းအနှီးမရှိပါ
ဦးမြတ်ထွန်း က သူဌေးကြီးဂိုက်ဆိုက်နှင့် ရပ်လုံးကြွလာ၏။

'ငါ့ညီ တော်ပါပေ့'ဆိုသည့် ပီတိနှင့် ဦးထင်ပေါ်လင်း
ကျေနပ်နေလေ နောက်ရောက်သွားလေ ..၊

ဒါတွေဟာ မောက်မာခြင်း၏အစဖြစ်ကာ ကြာလာတော့ အိမ်
နေရာတကာ စွက်ဖက် အမိန့်ပေးတာတွေလည်း ရှိလာခဲ့သည်။

ဒေါ်နေခြည် က နဂိုကတည်းက စိတ်ဆတ်သူမို့ ဦးမြတ်ထွ
နဲ့ သိပ်အဆင်မပြေခဲ့ပေ ..။ ထို့ကြောင့် အသက်လေးဆယ်ကျေ
ငါးဆယ်အတွင်းကျမှ ဒုတိယကိုယ်ဝန်ကို လွယ်လာရတော့ ဒေါ်
ခြည့် ကို မျက်နှာမဖော်ရဲလောက်အောင် ကဲ့ရဲ့ခဲ့တာလည်း ဦးမြ
ထွန်း ပဲ ဖြစ်ခဲ့၏။

အဆိုးဆုံးသည် ကိုယ်ဝန် ငါးလရသည့်အချိန်မှာပဲ ဦးထင်ပေါ်
လင်း ရုတ်တရက် သေဆုံးသွားခဲ့၏။

"ရေချိုးခန်းထဲမှာ ချော်လဲပြီး အာရုံကြောပြတ်တယ်ဆိုပေမယ့်
အဲဒါ မထင်မှတ်ဘဲ ဂြိုဟ်ဆိုးဝင်တာပဲ၊ ဘာမှမဖြစ်ခဲ့ဖူးတဲ့လူက ချ
ချင်းကြီး ကောက်သေသွားတာလေ၊ အဲဒါ မနေ ရဲ့ကိုယ်ဝန်က နိ
တာ .."

"ကိုကြီး သေသွားတာလည်း ကောင်းတော့ ကောင်းပါတယ်
သေတော့ ဘာမှ မကြားရတော့ဘူးပေါ့၊ နို့မို့ဆို မိတ်ဆွေတွေ ဝိုင်း
နောက်ပြောင်လို့ နေ့စဉ် အရှက်ရနေတဲ့သောကနဲ့ တပိန်ပိန်တလိ
လိန် ဖြစ်လာမှာပဲ"

"ခင်ဗျားက ပြောရင် ကြိုက်မှမကြိုက်ဘဲ .. ဒီလောက် ဆေးဝ





တွေ တိုးတက်နေတဲ့ခေတ်ကြီးထဲမှာ လူကလည်း သေခါနီးနေကာမှ
ဘာဖြစ်လို့ ဒီကလေးကို လွယ်ရတာလဲ၊ ကြီးမှ ဝက်သက်ပေါက်တယ်
လို့ ညင်ညင်သာသာ ပြောပြီး နောက်တဲ့လူက တော်သေးတယ်၊
ကမြင်းတယ်၊ နန့်တယ်လို့ တစ်တစ်ခွခွ ပြောပြီး စသလိုပြောင်သလို
ကဲ့ရဲ့ကြတာတွေ ခင်ဗျား ကြားရဲ့လား ..၊ ကိုကြီးက အဲဒါတွေကို
ခင်ဗျားမိုက်ကြီးကတည်းက လိုမ့်ခံနေရတာ .."

စသဖြင့် နေ့ရှိသရွေ့ ကြားနေရတာတွေကတော့ အများကြီးပါ။
ဦးမြတ်ထွန်း က မောက်မာသူဖြစ်သည့်ပြင် စကားပြောလည်း ရိုင်းစိုင်း
လွန်း၏။ သူ့ကို ကဲ့ရဲ့တာ နားထဲရောက်သွားတော့ စိန်ခေါ်သည်။

"ရိုင်းတယ် ဘာဖြစ်လဲ .. မြတ်ထွန်း ဆိုတဲ့ကောင်ကို ရိုင်းလိုက်
တာဆိုပြီး ဘယ်သူမှ နှာခေါင်းမရှုံ့ရဲဘူး၊ မချစ်ဘဲနဲ့ အောင့်နမ်းတာ
ဖြစ်ဖြစ် .. နှာခေါင်းပိတ် နမ်းတာဖြစ်ဖြစ် ငါ့ကွယ်ရာမှာ ဘာပြောပြော
ရှေ့မှာ ဘုရားထူးနေဖို့ပဲ လိုတာ"တဲ့ ..။

စိတ်မချမ်းမြေ့ဖွယ်တွေ တန်းစီတွေးရင်း နှစ်ယောက်စလုံး တော်
တော်နဲ့ စကား ပြန်မစဖြစ်ကြ ..။

ပြောလာတော့ ဒေါ်ကြီးညို ကပဲ စ၍ ဖြစ်ကာ ...

" 'ကိုယ်ကလွဲရင် ကိုယ့်ဒူးတောင် မယုံနဲ့'ဆိုတဲ့ ဆိုရိုးစကားကို
မမေ့နဲ့ပေါ့ လူလေးရယ် .. ယုံထိုက်တယ်၊ မယုံထိုက်ဘူးဆိုတာ ခွဲခြား
ဆုံးဖြတ်ဖို့ အခက်ဆုံးပဲ၊ တစ်ခါတလေ အကြောင်းတစ်ခုကိုဖြစ်ဖြစ်
လူတစ်ယောက်ကိုဖြစ်စေ၊ ကံကို ပုံချပြီး ယုံကြည်ပေးလိုက်ရတာမျိုး
လည်း ရှိလာတတ်တယ်၊ အဲဒါကြောင့် ရတနာသုံးပါး ဦးထိပ်ထားပါ၊
အနေရွှေအနေနှင့်ငါးပါး မမေ့နဲ့၊ သစ္စာသီလဆိုတာ ရေပြင်ကို မြေပြင်
ဖြစ်စေတယ်၊ ပွက်ပွက်ဆူနေတဲ့ ဆီပူဟာ နှင်းသာရေလို အေးမြ သင်းပျံ့
သွားတယ်၊ ဒေါ်ကြီး တတ်နိုင်တာကတော့ ဒါပဲ သားရယ် .. ဒီ
လောက်ပဲ ဒေါ်ကြီး ဆုံးမလမ်းပြနိုင်တာ ခွင့်လွှတ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



တကယ်ပြောပြသွားချင်တဲ့ စကားကတော့ ဒီလောက်မကသေးပါ။ ဦးမြတ်ထွန်း တို့ သားအဖနှစ်ယောက် ဘယ်လို ခြေလှမ်းလှမ်းနေတယ်၊ ဘာတွေဖြစ်လာနိုင်တာမို့လို့ ဂရုစိုက်ပါ စသော သတိပေးစကားတွေ ရင်ထဲမှာ အပြည့် ..။

ဒါပေမယ့် ကိုယ်က တစိမ်း၊ လူကြီးတစ်ယောက်လည်း ဖြစ်ပါလျက်နှင့် ဘာမှမဖြစ်လာသေးတာကို သွားသတိပေးလိုက်ရင် ဒါကိုစေတနာအရင်းခံပါလို့ နားလည်ဖို့ မသေချာ ..။

ဒီအိမ်မှာ အန္တရာယ်တစ်စုံတစ်ရာဖြစ်ဖို့ နီးစပ်နေသလို ရင်ထဲမှာ ခံစားနေရတာ အမှန်ပင် ..။ ဘယ်သူ့ကြောင့် ဘာဖြစ်လာမယ်ဆိုတာကတော့ ကြိုတင်မှန်းဆဖို့ မလွယ်ပါ ..။

ဦးမြတ်ထွန်း၊ ထွန်းမင်းဦး နဲ့ လျှပ်ပန်း ..၊

ဘယ်သူက ပြုသူ၊ ဘယ်သူက ဖြစ်သူလဲ ..။

ဒီလောက် ပူဆွေးအုံ့ဖွဲ့နေသော 'ဓမ္မူတာမ်လူ' စံအိမ်ကြီးမှာ မနေချင်တော့တာ တစ်နေ့ပြီးတစ်နေ့ သေချာလာခဲ့သည်မို့ ဒေါ်ကြီးညိုစိတ်မကောင်းဖြစ်နေရင်းနဲ့ပဲ နိုင်မာဒ္ဒာ ဆုံးဖြတ်လိုက်သည်။

ပြီးတော့ ကြိတ်၍ ဆုတောင်းမိ၏။

စံအိမ်ကြီးရဲ့အရှင်သခင် မိသားစုတွေ အန္တရာယ်ခပ်သိမ်း ကင်းငြိမ်းကြပါစေ ..။





## အခန်း (၈)

"အန္တရာယ်ကင်းစေချင်ရင် မေမေ့ကိုချည်း မှာမနေနဲ့ သား ..
...ရဲ့ ဟိုကောင်မလေးကို ပြန်လွှတ်လိုက်၊ သူ့ကိုမြင်ရရင် သရဲတစ္ဆေ
...ရသလိုပဲ"

"မေမေရယ် .."

စကားသံတွေနဲ့အတူ ပြတင်းပေါက်ကို ဖြတ်လျှောက်သွားသည့်
...ပ်ကြောင့် မီးဖိုချောင်ထဲမှာ ဒေါ်ကြီးညို နဲ့အတူတူ ကူညီချက်ပြုတ်
...နေသည့် လျှပ်ပန်း ဘယ်ပြေးပုန်းရမှန်းမသိ ဖြစ်သွားသည်။

"ရပါတယ် သမီးရယ် .. နေပါ"

"ဟင့်အင်း .."

ဒေါ်ကြီးညို တားနေသည့်ကြားကနေ ပန်း က ပန်းကန်စင်ကြီးနဲ့
...က်ဖေးထွက်သည့်တံခါးကြားထဲ ပြေးဝင်သွား၏။ သိပ်မကြာ
...င်ခင် ဒေါ်နေခြည် နဲ့ အရိပ် တို့ အတူတူ ဝင်လာကြကာ ..။

"မေမေက ဗိုက်ဆာလို့တဲ့ .. ကျက်ပြီလား ဒေါ်ကြီးညို"



www.burmeseclassic.com

www.burmeseclassic.com



"အေး .. ကျက်နေပြီ သား၊ ချဉ်ဟင်းအိုးလေး ချလိုက်ရုံပဲ
စောစောတည်ထားရင် အေးသွားလိုက် .. ပြန်နွှေးလိုက်နဲ့ ဟင်းရွ
တွေ နူးကုန်မှာစိုးလို့"

"ဒါဆို လုပ်ပါ .. ကျွန်တော်တို့ နောက်ဖေး ခဏဆင်းပြီး လမ်း
လျှောက်လိုက်ဦးမယ်"

အရိပ် က နောက်ဖေးထွက်သည့်တံခါးကို ခြေဦးလှည့်ပြီးမှ ပြ
ကြည့်ကာ ...

"လျှပ်ပန်း မတွေ့မိပါလား .. ဒီထဲ ဝင်လာသေးလား ဒေါ်ကြီးညို"

"လာတာပေါ့ လူလေးရဲ့ .. တစ်မနက်လုံး ဒေါ်ကြီးကို ဝိုင်းကူ
နေတာ"

"ဩော် .."

"ဒုက္ခပါပဲ .. မကူခိုင်းပါနဲ့ ဒေါ်ညို ရယ် .."

ဒေါ်နေခြည် ရှုံ့မဲ့သွားသည့်မျက်နှာနှင့် တင်းတင်းရင်းရင်း ထုံး
ထားသည့် ဆံပင်တွေကို ဖွပစ်တော့မလို လက်ရောက်သွားသေးသည်
အရိပ် က ဆွဲထားလိုက်မှ လက်ကို ပြန်ချ၍ ...

"အဲဒီကောင်မလေးကို ကြည့်လို့မရလွန်းလို့ပါ၊ ဘာမှလည်း ဝင်
မချက်ခိုင်းနဲ့ .. ကျွန်မ မသတီဘူး"

အရိပ် နဲ့ ဒေါ်ကြီးညို မျက်လုံးချင်းဆုံသွားသည်။ ပြီးတော့ တံခါး
နောက်ဆီ ဖျတ်ခနဲ ရောက်သွားသည့် ဒေါ်ကြီးညို မျက်လုံးတွေကြောင့်
အရိပ် က လှမ်းကြည့်ပြီး လျှပ်ပန်း ပုန်းနေရတာကို ရိပ်မိသွား၏
စိတ်မကောင်းဖြစ်သွားမိရင်း မေမေ့လက်ကို အားပေးသလို ဆုပ်
ကိုင်လိုက်ကာ ...

"မေမေကလည်း အိမ်မှာ ဒေါ်န တို့လည်း မရှိဘူး၊ ကောင်
လေးတွေလည်း ခဏ ပြန်တဲ့လူ ပြန်၊ ယောက်ျားနောက်လိုက်တဲ့သူ
လိုက်နဲ့ အိမ်မှာ ဒေါ်ကြီးညို တစ်ယောက်တည်း ပင်ပန်းတာပေါ့





ဘော်ကြာ ဒေါ်ကြီးညို သွားဖို့လာဖို့ကိစ္စတစ်ခုခု ပေါ်လာရင်ရော အိမ်
မှာ ဘယ်သူ ချက်ပြုတ်မှာလဲ"

"ဘာ!... ဒေါ်ညို က ဘယ်တုန်းက ငါတို့ကိုထားပြီး သွားဖူး
လို့လဲ"

အရှိုက်ထိသွားသည့်စကားမို့ ဒေါ်ညို မျက်လွှာချရှာသည်။

"ဟုတ်တော့ ဟုတ်ပါတယ် .. ဒါပေမယ့် ကျွန်တော်က မေမေ့
အတွက် အနီးကပ် အဖော်ရအောင်လို့ စိတ်ကူးနဲ့ လျှပ်ပန်း ကို ခေါ်
လာခဲ့တာ .."

"ဘာပြောတယ် .. အမလေး .. အမလေး .. ဒီကောင်မလေးနဲ့
မေမေ့ကို .. ဟုတ်လား .."

"နေပါဦး မေမေရယ် .. ဟို အဲဒီလို မဟုတ်ရင်တောင် မီးဖို
ချောင်မှာတော့ သူ ဝင်ကူပါစေ"

"အို .. မကူစေနဲ့ .. မကူရဘူး၊ ငါ့သားငယ်လေးကို လိုက်လိုက်
ချောင်းနေတာတောင် ငါ့မှာ ညဘက်အိပ်မက်ထဲထိ လိုက်ပြီး ခြောက်လှန့်
အော်ဟစ်နေရတာ၊ ကလေးကို ဘာလုပ်ချင်လို့လဲ မသိဘူး၊ သရဲမ
ဆား ငါ ကြောက်တယ်နော် .. မင်း သူ့ကို နှင်မလွှတ်ချင်လည်း ငါ့
ရှေ့ကို လုံးဝ မလာစေနဲ့"

ဒေါ်နေခြည် ထံမှ စိတ်မသက်သာဖွယ် စကားတွေကို စူးနင့်
ကျင်စွာ နားဆင်နေခဲ့ရရင်း မျက်နှာငုံ့ထားသဖြင့် ဘေးနှစ်ဖက်
နေ ပြုဆင်းကျနေသည့် ဆံပင်တွေကို ဖျစ်ညှစ်ဆုပ်ကိုင်မိသည်။

"ဆံပင်တွေ ဖို့ယို့ဖားလျား မျက်လုံးကြီးပြူးပြူးနဲ့ လမ်းလျှောက်
ရင် သချိုင်းကနေ လူသေကောင် ထလာတဲ့ပုံကြီး"တဲ့ ..။

ဒီတိုင်းပြောရင်း စကားသံတွေက ဝေးကွာ ပျောက်ကွယ်သွားပါ
၊ ဒါပေမယ့် ရင်ထဲမှာ ပြင်းပြစွာ နာကျင် ကျန်ရစ်၏။

ဆံပင်တွေ ဒီတိုင်း ဖြစ်နေတာက သူမ ဖန်တီးထားခဲ့တာလည်း



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်၊ ဒီလို ပြောဆိုကဲ့ရဲ့ခံနေရတာကိုရော ကြိုက်တဲ့သူ ဘယ်
ရှိမှာလဲ ...။

ဒါပေမယ့် အလှအပနှင့် ပတ်ဝန်းကျင်အရာအားလုံး ဘာကို
စိတ်မဝင်စားခဲ့ခြင်းကြောင့် ဆံပင်လည်း ဆံပင်လို နေ၊ လူသည်လည်း
ရှင်ရင်ရှင် သေချင်သေ ...။

ပစ်စလက်ခတ် ရှင်သန်လာခဲ့ခြင်းဟာ လူတွေ ခုလို ပက်
စက်စက် ရှုံ့မုန်းလာဖို့ ဖြစ်ခဲ့၏။ ဒါကိုလည်း သူမ ဂရုမစိုက်ခဲ့ဘူး
သို့သော် ...

'ဇမ္ဗူတစ်လှ'စံအိမ်ကြီးမှာတော့ သူမ ဒီလိုဘဝနှင့် ပစ်စလက်
ခတ် ရှင်သန်ရခြင်းကို ခါးသီးတတ်ခဲ့ပြီ ဖြစ်သည်။

'အရိပ်'ဆိုသည့် ကိုကို့ကို စိတ်ချမ်းသာစေချင်သည်၊ သူမဘဝ
မိဘဆိုတာ ဖြူသည်မည်းသည်တောင် မမြင်လိုက်ရသည့်နောက်မှာ
တစ်စုံတစ်ယောက်ထံမှ သို့မဟုတ် သူမရင်ထဲမှ ဖြစ်ပေါ်လာသော
နူးညံ့နွေးထွေးသည့် အကြင်နာတရားကို စတင် ခံစားမိခဲ့ခြင်းသည်
ကိုကိုနဲ့ ဆုံစည်းခြင်းမှ စတင်ခဲ့ရတာ ဖြစ်သည်။

ကိုကိုနဲ့တကွသော ဒီမိသားစုတစ်ခုလုံးကို ခင်မင်နွေးထွေးချင်
သည်။ ဒါပေမယ့် ...

"လျှပ်ပန်း..."

"ရှင် .."

ဆုပ်ကိုင်ထားသည့်တံခါးရွက်က ရုပ်ခနဲ ရွေ့လျားသွားကာ သူ
ရှေ့မှာ ဒေါ်ကြီးညို ...၊

"ထ .. ထ .. ရေလေးဘာလေး သွားချိုး၊ ပြီးရင် ထမင်းလာစား"

"ဒေါ်ကြီးညို .."

"ဟင် .."

ထမင်းစားပွဲဆီ လှည့်ထွက်သွားသည့် ဒေါ်ကြီးညို လက်ကို ဖွ





ခုမ်းကိုင်ကာ ဘေးကနေ အတူလိုက်ခဲ့ရင်း ...

"ဒေါ်ကြီးညို က တကယ် အလုပ်ထွက်တော့မှာလားဟင်၊ ခုနက
ခန့်တီနေခြည် ပြောသွားတာလည်း ကြားတယ်မို့လား ဒေါ်ကြီးညို
ယ် .. ဘယ်သူမှ ဒေါ်ကြီးညို ကို မသွားစေချင်ကြတာကို .."

"လျှပ်ပန်း .."

ဒေါ်ကြီးညို က စားပွဲနားမှာပဲ ရပ်လိုက်ပြီး လက်တစ်ဖက် စားပွဲ
တင်ကာ လျှပ်ပန်း မျက်နှာလေးကို ကြည့်၏။

"တခြားကောင်မလေးတွေ ခေါ်သလို သူဌေးကတော်ကို 'မေမေ
ကြီး'လို့ပဲ ခေါ် .. ခုန ခေါ်သလို မခေါ်နဲ့"

"ရှင် .."

"ဒေါ်ကြီးက တခြားအဓိပ္ပာယ်နဲ့ ပြောတာ မဟုတ်ဘူး၊ သူဌေးရဲ့
တ်က အပြောင်းအလဲမြန်ပြီး တစ်ခါတစ်ခါ ကစဉ့်ကလျား ဖြစ်မိရင်
ကြောက်စရာကောင်းတယ်၊ လူကို ဥပဒ်ပေးတာ မဟုတ်ပေမယ့်
ပြောဖူးတဲ့ စကားလုံးကြမ်းကြမ်းတွေ ပြောတာမျိုးပေါ့၊ မိဘလို တရို
သေနေလာခဲ့တဲ့ ဒေါ်ကြီးကိုတောင် စိတ်လွတ်သွားတဲ့အခါ ပြော
င်ရာ ပြောတာ .."

"ဟုတ်ကဲ့ပါ .. ကိုကိုလည်း မှာထားပါတယ်"

ဒေါ်ကြီးညို က သက်ပြင်းရှည်ကြီး ချလိုက်ပြီး ထမင်းပွဲတွေပြင်ဖို့
င်းချက်စင်ဘက် လှည့်ထွက်သွားရင်း ...

"လူလေးက သမီးကို ဒုက္ခသည်လေးဆိုပြီး အားလုံးနဲ့ ပဋိပက္ခ
ဖြစ်ခံပြီး ကူညီခဲ့တာ ...၊ အဲဒါကို နားလည်တယ်ဆိုရင် သမီးက
တ်နိုင်သမျှ သည်းခံပါကွယ် .. သူ ဘာတွေပြောနေနေ ကိုယ့်မိဘလို့
သဘောထားလိုက်ရင် ဒေါသဖြစ်တာ၊ တုံ့ပြန်ချင်တာတွေ အလိုလို
ပျောက်ပါးသွားမှာပါ၊ သူဌေးကို သည်းခံပြုစုပြီး သူ့သားငယ်လေးကို
ခန်းခွင့်ရအောင် ကြိုးစားကြည့်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ကြီးညို ရယ် .. ခုတောင်မှ .."

လျှပ်ပန်း အသံလေး တိမ်ကျသွားကာ တစ်ခုခုကို သတိရသွား
သလို ရှိလျက် ...

"ပန်း ရဲ့မျက်လုံးတွေက တကယ်ကို သရဲမနဲ့ တူနေတာလား
ဟင်၊ ဘာဖြစ်လို့ ပန်း အဲဒီလောက် ရုပ်ဆိုးရတာလဲ၊ ဖို့ယို့ဖားလျာ
ဆိုတဲ့ ဒီဆံပင်တွေကို ဖြတ်လိုက်ရင်တောင် တစ်ကိုယ်လုံး တစ်စ
လေးမှ ကြည့်ပျော်ရှုပျော် မရှိတဲ့ .."

"ကြည့်ပျော်ရှုပျော် မဟုတ်ဘူး၊ သမီးက မိန်းမချောလေးတ
ယောက်ဆိုတာ ဒေါ်ကြီး ပြောရဲတယ်"

"မဟုတ်တာ .."

"ဘာလို့ မဟုတ်ရမှာလဲ .. လျှပ်ပန်း မျက်တောင်ကော့ကော့
မျက်လုံးနက်နက်လေးတွေနဲ့ မလိုက်ဖက်ဘူးဆိုတဲ့မျက်နှာ ဘယ်မှာ
ရှိလို့လဲ .."

ပန်း မယုံပေမယ့် ဒီစကားကြောင့် အတိုင်းအဆမရှိ ကြည့်
သွားတာကို ဟန်မဆောင်နိုင် ..၊ သို့သော် မှန်ပြေးကြည့်လိုက်ချင်စိ
တွေ ဖြစ်လာတာမျိုးတော့ မဟုတ်ပေ ..၊

အဘယ်ကြောင့်ဆိုလျှင် တကယ် လိုချင်နေသည်က လှချင်သည့်
ဆန္ဒမဟုတ်ဘဲ 'သရဲမ .. စုန်းမ'လို့ အမျိုးမျိုး ကဲ့ရဲ့ခံနေရသည့်ဒုက
တွင်းမှ လွတ်ကင်းဖို့ မျှော်လင့်ချက်တစ်ခုသာ ..။

"လေလျော့နေတဲ့ ဇော်ဘာပူပေါင်းလိုပေါ့ .. လှပတဲ့ ရှုခင်း
ကွက်၊ ပန်းပုံလှုပုံလေးတွေ ဘယ်လောက်ပဲ လှအောင် ရေးထားထာ
လေလျော့နေမှတော့ ဘယ်မှာ အလှက ပေါ်တော့မှာလဲ၊ သမီး
ဆင်းရဲဒုက္ခတွေနဲ့ချည်းပဲ လုံးထွေး ရှင်သန်ရတဲ့အတွက် ရုပ်ပျက်ဆ
ပျက် ဖြူဖျော့နေတာ၊ တဖြည်းဖြည်း ပြောင်းလဲလာရင် သမီး ဒီပုံ
လုံးဝ မဟုတ်နိုင်တော့ဘူး၊ အဲဒါကို ယုံကြည်ထား .."





"တကယ့်တကယ် အဲဒီလို ဖြစ်လာမှာလားဟင် .."

ပြင်ဆင်ပြီးသည့် ထမင်းပွဲ ဟင်းပွဲတွေကို ပြည့်စုံရဲ့လား ပြန်ငုံ့
ကြည့်ရင်း ဒေါ်ကြီးညို က အပြုံးလက်စနှင့် ခေါင်းညိတ်၏။

"တကယ်ပေါ့ကွယ်.. နောက်ပြီး တက်လူဆိုတာ သမီးတို့အရွယ်
တွေကို ပြောတာပဲ၊ ဒေါ်ကြီးတို့အရွယ်ဆိုရင်တော့ ကျလူပေါ့၊
ထောင်းလို့ ပါးရေနားရေ ရွတ်ရွဲလာတဲ့အရွယ်လေ .. လူငယ်တွေ
တာ အပြောင်းအလဲ အတက်အကျ မြန်တယ်၊ သမီး မကြာခင်
ပြည့်ဖြိုးဖြိုး လှလှပပလေး ဖြစ်လာမှာပါ၊ အဲဒါကြောင့် ခုချိန်မှာ
သူက ဘာပြောပြော သည်းခံပါ၊ ဒီနေရာမှာ သည်းခံတယ်ဆိုတာ
ဖြစ်တုန်းတော့ ခံရဦးမှာပေါ့'ဆိုတာမျိုး မဟုတ်ဘူးနော်၊ ဒါက
ပြန်ဖို့အတွက် တေးမှတ်ထားခြင်းပဲ၊ သည်းခံတယ်ဆိုတာ နားလည်
င်းနဲ့ယှဉ်တဲ့ ဥပေက္ခာစိတ်ကို ခေါ်တာ၊ တို့လို ပုထုဇဉ်တွေအတွက်
ဉ်းပေမယ့် သမီး ကြိုးစားရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ သမီးကိုက
များနဲ့မတူဘဲ ထူးခြားတဲ့လူ ဖြစ်နေလို့"

ဒေါ်ကြီးညို က ရှင်းပြနေရင်း လျှပ်ပန်း ရဲ့ဆံပင်တွန့်တွန့်တွေကို
င်းကနေ ဆံဖျားထိ သေချာကြည့်နေ၏။ လျှပ်ပန်း အကြောင်းကို
မဲ့လေး ဆွေမျိုးတွေကလည်း ရက်စက်လို့ အတိဒုက္ခရောက်နေရှာ
ည်ဆိုတာထက် ပို၍ ဒေါ်ကြီးညို မသိပါ။

ဒါပေမယ့် ထူးခြားနေသည့် ရုပ်သွင်လက္ခဏာကို သတိထားမိ
သည်။ ခုချိန်မှာတော့ အားလုံးက အကောင်း ဘာမှမရှိတာမို့
ယ်လိုထူးခြားတာလဲမေးလျှင် သူများတွေ ကဲ့ရဲ့ကြသလိုပဲ သူမပုံစံ
 သရုပ်ပေါ်နေတာ အမှန်ဖြစ်သည်။ ထို့ကြောင့် ...

လူကြီးပီပီ ခန့်မှန်းတွက်ချင့်၍ နှစ်သိမ့်ပေးရုံအပြင် သူလည်း
ာမှမတတ်နိုင်ပေ ..။

"အဲဒီတော့ 'စကားနည်း ရန်စဲ'ဆိုတာလိုပေါ့ကွယ် .. မပြောဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ရင် အမှားလည်း နည်းတာပေါ့၊ ပညာရှိတို့ရဲ့ နှုတ်မွတ်စကားက ဧ… ကြီးနဲ့ တူတယ်တဲ့ .. မတီးရင် မမြည်ဘူး၊ အမေးရှိမှ အဖြေရှိတာ… အဲဒီလောက် မဖြစ်နိုင်ရင်တောင် ကောင်းတဲ့အကျင့်အကြံဆိုတာ အဝ… ယူရတယ်"

"ဟုတ်ကဲ့ပါ ဒေါ်ကြီးညို .. ပန်း မှတ်ထားပါ့မယ်"

"အေး .. ဒါတွေ ပြောပြနေရတာ သူဌေးတို့မိသားစုအပေါ်မှာ… ကြာရှည် သည်းခံ စည်းလုံးသွားစေချင်လို့ပဲ၊ အထူးသဖြင့် သူဌေး… စိတ်တွေ ကယောက်ကယက်ဖြစ်နေရှာတာကို သမီး နားလည်ပေးပါ"

"ကလေးရပြီးမှ ဒီလိုဖြစ်သွားတာဆိုတော့ မီးတွင်းထဲမှာ စိတ်… ညစ်စရာတွေ ဖြစ်သွားလို့လားဟင် .."

"ဟင်!..."

မီးဖိုခန်းတံခါးဝမှာ အရိပ် က လရိပ်လင်း လေးကို ချီထားရင်… ရပ်နေ၏။ ပန်း ကို လှမ်းကြည့်လိုက်ကာမှ ကလေးကို အသာလေ… ချလိုက်ပြီး လက်လေးဆွဲ၍ ဝင်လာကာ ...

"ပြင်ပြီးသားတွေ ပြန်သိမ်းထားလိုက်ဦး ဒေါ်ကြီးညို၊ မမေက… လမ်းလျှောက်နေရင်း အိပ်ချင်တယ်ဆိုပြီး ပြန်ဝင်သွားပြီ"

"ဟုတ်လား .. သူ နေ့လယ်ကတည်းက အိပ်ချင်နေတာ သား… ရဲ့ .. ကလေးကို သိပ်တာ မအိပ်တော့လေ ဒေါ်ကြီးကိုလည်း ပေးမချီ… ဘူး၊ သူလည်း မအိပ်ရတော့ဘူး"

တကယ့်အပြစ်ကတော့ ကလေးကို ပန်း ခေါ်ပြီး ပွေ့ပိုက်မှာ… စိုးနေခြင်းပင်။ ဒေါ်ကြီးညို က ပြောနေရင်းကနေ ပန်း ကို ကြင်နာစွာ… ကြည့်၍ ...

"နောက်တော့ နားလည်သွားကြမှာပါ"

ဟု အဆက်အစပ်မရှိဘဲ နှစ်သိမ့်စကား ဆို၏။ ပြီးမှ ...

"သားတို့ အရင် စားနှင့်လိုက်မလား"





"မစားသေးဘူး .. ချာတိတ်ကို နည်းနည်း ပြောစရာရှိလို့ လာ.. …ခဲ့"

ပန်း ကို တစ်ခါတည်း လှည့်ပြောပြီး ထွက်လာတော့ နောက်မေး… …သည့် တံခါးကနေပဲဖြစ်ကာ ခြံထဲကို ခြေချမိတာနှင့် လရိပ်လင်း …ကို ကောက်ပွေ့ချီလိုက်ပြီး ...

"ခေါ်ကြည့်မလား .."

"ဟင်!..."

"ခေါ်ပါ .."

ထိတ်လန့်ခြင်း နည်းပါးခဲ့သည့် ရင်ဘတ်က ကလေးကို မျက်နှာ …ကိုးပေးလိုက်တော့ ရင်ထဲမှာ ဒိန်းခနဲ မြည်သွားလိုက်၊ ခြေတစ် …လည်း ဆုတ်ပြီးသား ဖြစ်သွား၏။

"ညီလေးကို ကိုယ် ပြောပြပြီးပြီ .. ခေါ်ကြည့်"

"ကိုကို .. ဟို .. မေမေကြီး .."

"အိပ်နေပါတယ်ဆိုကွာ .."

ပြောပြီးတာနှင့် ကလေးက ပန်း ရင်ခွင်ထဲ ထွေးခနဲ ရောက် …၊ တယုတယ ပိုက်ပွေ့ထားရမယ့်အရွယ်လေး မဟုတ်တော့ပေ …ကလေးက အိမ်တွင်းပုန်းလေးလို ဖြစ်နေလို့ ထင်သည်။ ပျော့ …ခပ်သေးသေးပဲ ဖြစ်သည်။ ဒီအရွယ်မှာ ထွားသင့်သလောက် …တာမျိုး ...။ သို့သော် ...

…ဖြူပြည့်ပြည့်လေးမို့ ချစ်ဖို့ကောင်းသည်။ မျက်ခုံးဖျော့ဖျော့ …မ်းပါးလေးတွေက တစ်ယောက်ယောက်ကို ငေးစိုက်ကြည့်နေ … - ချစ်ဖို့ကောင်းလေမို့ ရင်ခွင်ထဲ ရောက်လာတာနှင့် ပါးလေး …က်ကို ဖိကပ် နမ်းလိုက်မိ၏။

လရိပ်လင်း က နမ်းလိုက်ပြီးမှ မျက်နှာလေးငုံ့သွားပြီး ပန်း … …ိုက်စိုက်လေး ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်လေးကို မမ ချစ်လို့နော် .. မငိုပါနဲ့ မောင်လေးရယ်
မေမေကြီးကိုလည်း ပြန်မတိုင်နဲ့နော် သိလား၊ မမက မောင်လေး
ရေချိုးပေးမယ်၊ သနပ်ခါးလိမ်းပေးမယ်၊ စကားတွေလည်း အများကြီး
ပြောချင်တယ်၊ ပြီးတော့ တူတူဆော့ကြမယ်လေ .. မမနဲ့ ဆော့မယ်
လားဟင် .."

"ဆော့မယ် .."

ကလေးက ချက်ချင်း ပြုံးရယ်သွားတော့ ပန်း ပျော်သွားသည်။
ခြံထဲမှာ အရိပ်ရသစ်ပင်ကြီးတွေနဲ့ မွှေးသော လှသော ပန်းရောင်စုံတွေ
ကို အကွက်ကျကျ လှပစွာ စီစဥ်စိုက်ပျိုးထားတာ ဖြစ်သည်။

ဒါပေမယ့် ပန်း ဘာကိုမှ ဂရုမထားမိဘဲ သူမ မြင်နေတာ
လရိပ်လင်း ရဲ့မျက်နှာလေး တစ်ခုတည်း ..။

နောက်ထပ် ကလေးကို စကားတွေ ဖောင်ဖွဲ့အောင် ပြောနေ
တာလည်း အရိပ် က ဘာမှဝင်မပြောဘဲ ဒီတိုင်း ကြည့်နေလိုက်၏

ပိတောက်ပင်ကြီးနှစ်ပင်ကြားက ကျောက်ခုံတန်းလေးမှာ ထိုင်
တို့ ထိုင်ကြတော့ အရိပ် က လက်ပိုက်ထားလျက်နှင့် မတ်တတ်
ရပ်ကြည့်နေခဲ့၏။ ကြည့်နေရင်း မနက်ပိုင်းက သူ့ကားပေါ်မှာ ပါလာ
ခဲ့သော ထွန်းမင်းဦး ရဲ့စကားတွေကို ပြန်တွေးလိုက်မိ၏။

"အစ်ကို့ရဲ့ မိုးကြိုးမကတော့ အလန်ပဲနော်.. နာမည်က လျှပ်ပ
ဆိုပေမယ့် ပုံစံကတော့ တကယ့် မိုးကြိုးသွားပဲ .."

စကားပြောတိုင်း ပခုံးတွန့်လိုက်၊ လက်ခါလိုက်နှင့် ထွန်းမင်းဦး
ရဲ့တစ်ကိုယ်လုံး ငြိမ်သက်နေတဲ့နေရာ ရှားပါးနေ၏။

"ပြောရင်း သူကပဲ ဒေါကန်သေးတယ်၊ မြင်လိုက်တဲ့လူတွေ
သရဲမ လို့ ထင်တာပဲ နာစရာလား .. သူ့ကိုယ်သူရော မှန်ထဲ ပြန်ကြည့်
မိရဲ့လား မသိဘူး၊ လူတစ်ကိုယ်လုံး ဆံပင်နဲ့ မျက်လုံးပဲ ရှိတာ၊ စကား
ကလည်း မပြော .. သွားမိရင် ခြေလှမ်းကလည်း ခလုတ်ပဲတိုက်တိုက်





ပဲကျွံကျွံ ဟီး .. ဟီး .. စုန်း သရဲ လူသေကောင် ဘယ်လိုခေါ်ခေါ်
အဆင်ပြေနေတာကို .."

ပြောချင်တိုင်း ပြောပြီး ဗိုက်နှိပ်ရယ်သေးသည်။ မလှမပ ရှိနေကြ
မိန်းကလေးတွေ အများကြီးပါ၊ ဘာဖြစ်လို့ သူမကျမှ ဒီလောက်
နာမည်ပေး ကင်ပွန်းတပ်လိုသူတွေ များနေရတာလဲ ..။

သူ သတိထားမိတော့ ပန်း နဲ့ ကလေးက ခိုးခိုးခစ်ခစ် ရယ်နေကြ
သူ့မျက်နှာပေါ ပြုံးယောင်သမ်းသွားခဲ့သည်။ ထိုစဥ် ...

"အစ်ကိုလေး .. မေမေကြီးက ကလေးကို မေးနေတယ်"
မိန်းကလေးတစ်ယောက် ရောက်လာပြီး ကလေးကို လာခေါ်
သည်။ ပန်း မျက်နှာမှာ စိုးရိမ်ဟန်တွေ ဖြစ်သွား၏။

"ကိုကို .. သူက မောင်လေး ပန်း နဲ့ ရှိနေတာ သွားပြောလိုက်
မသိဘူး"

"ရပါတယ် .. အားလုံးကို မှာထားပြီးသား၊ မင်းလည်း အမြဲ
ရှောင်ပုန်းနေဖို့ မလိုပါဘူး၊ ဒေါ်ကြီးညို ပြောခဲ့သလိုပေါ့ ..
ည်းခံနားလည်တတ်လာရင် မင်းကို သူတို့က ပြန်ပြီး နားလည်လာ
ငါတို့ မော့ကြည့်လိုက်ရင် မိုးကောင်းကင်က တစ်ခုပဲရှိတာ..
သမယ့် ပူလိုက်အေးလိုက် စိုစွတ်လိုက်နဲ့ ကမ္ဘာမြေကို အမျိုးမျိုး
င်းလဲနေတာလေ၊ ကမ္ဘာမြေကြီးဟာ စိုတာ၊ ခြောက်တာတွေရော
ာက် ပွဲကြွေတာတွေ ဘာတွေပဲဖြစ်ဖြစ် သူ လက်ခံနေတာပဲ၊ မနီး
သလို ရန်လည်း မဖြစ်ကြဘူး"

သူ ပြောပြတဲ့ ဥပမာကို နားထောင်ပြီး ဘာကို သဘောကျသွား
ည် မသိ .. ပန်း က ဆံပင်တွေကို မျက်နှာလေးမော့၍ ခါလိုက်ရင်း
သွား၏။

"မဟုတ်ဘူးလား တွေးကြည့်လေ .. မိုးကောင်းကင်က ဖန်ဆင်း
ကမ္ဘာမြေက လက်ခံနေရတယ်၊ ဥပမာ ပြောပြတာ .. မင်းကို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာသမျှကို သည်းခံနေပါလို့ ငါ မပြောဘူး၊ ဒါပေမယ့် မ စေချင်တာတော့ အမှန်ပဲ"

ပန်း မျက်နှာလေး တည်တည်ငြိမ်ငြိမ်လေး ဖြစ်သွားပြီး ငေးလာသည်။

"ကိုကို့ကို ပန်း ကတိပေးခဲ့တာ လွယ်လွယ် ခေါင်းညိတ်ခဲ့ မှန်ပါတယ် .. ဒါပေမယ့် အဲဒါကို တည်စေရပါ့မယ်၊ ကိုကို့ ကိုရော .. ဒီကိုရောက်မှ ပန်း စိတ်ချမ်းသာရတာကိုရော ဘယ် မေ့မှာ မဟုတ်သလို ဇော်ကားမိတဲ့အလုပ်မျိုးကို တတ်နိုင်သ၍ မ အောင် ကြိုးစား စောင့်ထိန်းမှာပါ၊ ပန်း က မယဉ်ကျေးပေမယ့် အ အစိုင်းတော့ မဟုတ်ပါဘူး ကိုကိုရယ် .."

"ဟုတ်ပါပြီ .. မင်း နားလည်ရင် ဝမ်းသာတယ်၊ မေမေက ဟိုတုန်းကစိတ်မျိုးနဲ့ဆိုရင် မင်းကို သူ အလွယ်တကူ လက်ခံ မှာပါ"

ဒေါ်နေခြည် အကြောင်း ပါလာတော့ မျက်နှာညိုသွားကာ အ က ကျောက်ခုံလေးရဲ့အစွန်းတစ်ဖက်မှာ ဝင်ထိုင်လိုက်သည်။

အထူးသဖြင့် ဘေးတစောင်းကြည့်လျှင် ပိချောနေတတ်သ ကိုကို့မျက်နှာကို ပန်း ငေးကြည့်နေမိသည်။ နှုတ်ခမ်းတွေ ဖိဖိ သက်ပြင်းချ .. မျက်မှောင်ကုတ်လိုက်တိုင်း မေးဖျားမှာ အချိုင့်လေ သိသာစွာ ထင်သွားသဖြင့် မေးနုစ်ခွနှင့် လိုက်ဖက်သည့်မျက်နှာမျိုး ပြီးတော့ လူကို စိုက်ကြည့်ပြီးမှ ပြုံးလိုက်တာမျိုး ..။

အရိပ်ထင် ဆိုသည့်အတိုင်း ကိုကို့ အမူအရာ လှုပ်ရှားမှုအား ကို ပန်း ရဲ့အာရုံမှာ အရိပ်ထင်နေလောက်အောင် သဘောကျနေမိ

ဆယ်ကျော်သက်အရွယ်မို့ စိတ်ကစားတာမျိုး ဖြစ်နိုင်ပေ ကိုယ့်ကိုယ်ကိုယ် ရိုးရိုးသားသား ခင်တွယ်တာလို့ပဲ အမှတ်ပေး ခဲ့သည်။





ကိုကိုကတော့ ဘာသဘောမှ မရှိခဲ့ဘဲ ပန်း ကို မောင်းချနှင်ထုတ် သင့်မသင့်ကိုပဲ ခုချိန်ထိ ချီတုံချတုံ ..။

"မေမေ့အပေါ်မှာ ငါ ဖြစ်စေချင်တဲ့ နားလည်မှုမျိုး ထားပေးရ အသက် မင်းကိုယ်တိုင် စိတ်ရင်းနဲ့ ခွေးထွေးစေချင်တာ၊ ဘာဖြစ်လို့ ဆိုတော့ ဒီမှာ အတူနေကြတော့မှာဆိုရင် ရှေ့လျှောက် မေမေ့နားမှာ ပဲ ရှိတော့မှာ၊ ငါ လိုချင်တာ မေမေ့အပေါ်မှာ မင်း ဝတ္တရားကျေဖို့ တ်ဘူး .. စေတနာထားဖို့ .."

အရိပ် က မျက်နှာခပ်စောင်းစောင်းနဲ့ ပြန်ငုံ့ကြည့်ကာ ...

"မင်း သိချင်နေတဲ့ မေမေ့ဝေဒနာအကြောင်း ငါ ပြောပြမယ်"

"ဟုတ် .."

"ညီလေးကိုယ်ဝန်ရှိမှန်း သိကတည်းက ပျော်ခဲ့တဲ့လူက ဖေဖေ ယောက်ပဲရှိတာ .."

"ဟင်!... ဟို .. ကိုကိုကရော .."

"ကိုယ်က ကျောင်းသားလေ .. အရှင်းဆုံး ဝန်ခံရရင် သားနဲ့ ကွာတာမျိုးလား မသိဘူး၊ ကိုယ်ကတော့ သူငယ်ချင်းတွေကြား ည်းနည်းရှက်မိတယ်၊ ဖေဖေဆိုရင် မေမေ့ထက် အသက်ကိုးနှစ် တယ်လေ .. မေမေ ကိုယ်ဝန်ထပ်ရှိတော့ ဖေဖေက ဆံပင်ဖြူ တောင် မြင်နေရပြီ .."

"ဘာဆိုင်လို့လဲ ကိုကိုရယ် .. လေးဆယ်ကျော်မှ ကံပေါ်တာတွေ တာပဲ.. ပန်း ဝို့ အိမ်နားက ဒေါ်ကြီးတစ်ယောက်ဆိုရင် ငါးယောက် က်ကလေးကို မွေးပြီးတာနဲ့ သွေးဆုံးတာပဲတဲ့၊ အသက် လေး လေးဆိုလား .. လေးဆယ့်ငါးဆိုလား၊ သူတို့ဆိုရင် ကလေးတွေ ကြီး ရှိထားတာတောင်မှ အဲဒီ အငယ်ဆုံးသားလေး ထပ်ရတာ အရမ်း ပျော်နေကြတာ .."

"ဟုတ်ပါတယ် .. ပျော်ရွှင်မှုတွေ ပြမပေးနိုင်ရင်တောင် မေမေ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆင်းရဲသွားအောင် ကိုယ် စကားမမှားသင့်ဘူး .. အဲဒီမှာ ကိ
ရယ် .. လေးလေးတို့သားအဖရယ် ရှက်ရွံ့သိမ်ငယ်နေတဲ့ မေမေ့ရဲ့
ကို ပိုဆင်းရဲအောင် မီးလောင်တိုက်သွင်းသလို ပြောခဲ့မိတယ်၊ 
တည်းက လေးလေးက စကားပြောရင် နည်းနည်း ရိုင်းချင်တ
ကိုယ်က နည်းနည်းဟလိုက်မိတယ်ဆို မေမေ့ကို သူပဲ ကောင်းကေ
ကဲ့ရဲ့တော့တာပဲ၊ အဲဒါတွေကြောင့် မေမေက .."

အရိပ် စကားသံ တိခနဲ တိတ်ကျသွားသည်။ မျက်နှာခပ်လွှဲ
ဖြစ်သွားကာ ခဏ တိတ်နေပြီးမှ ...

"ကိုယ်ဝန်ကို မယူတော့ဘူးလို့ ဆုံးဖြတ်ပြီး မေမေက ထင်
စိုင်းဖို့ ကြိုးစားလာတယ်"

"ဟင်!..."

"ဟုတ်တယ် .. ကိုယ်ဝန် လေးလမှာပဲ အဲဒီပြဿနာနဲ့ ဖေဖေ
မေမေ အကြီးအကျယ် စကားများကြတာ .. လေးလေးတို့ကပါ ဝ
တော့ .."

"ဘယ်သူ့ဘက်ကလဲဟင် .."

"မေမေ ဆုံးဖြတ်တာလည်း မှန်တာပဲ ဘာညာပေါ့ကွာ .. အ
ပေးမယ့်သူရှိတော့ မေမေကလည်း မလျှော့ဘူး၊ ဖေဖေကလည်း 
ယောက်တည်းပေမယ့် လက်မခံနိုင်တာကို မလျှော့ဘူး .. အဲဒီ
ညီအစ်ကိုချင်းပါ ဆက်ဖြစ်ကြပြီး ဖေဖေ ဘယ်သူ့ကိုမှ စကားမ
တော့ဘူး၊ အရက်သောက်လိုက် .. ပြန်လာလိုက်နဲ့ မေမေ ကိုယ်ဝ
တစ်ခုခု လုပ်လိုက်မှာစိုးပြီး နောက်ဆုံးကျတော့ မေမေ့နားမှာပဲ ပ
ထောင်ရင်း အလုပ်ကို လုံးဝ မသွားတော့ဘူး၊ ကိုယ့်ကိုတောင် 
မကြည့်တော့တဲ့အထိပဲ၊ နောက် သိပ်မကြာပါဘူး .. အရက်
တစ်ထိုင်တည်း အလွန်အကျွံသောက်လွန်းလို့ ရုတ်တရက်ကြီး 
သွားတယ်"





တချို့တလေတော့ သိထားခဲ့တာမို့ အေးဆေးပဲ နားထောင်နေခဲ့
မှ တဖြည်းဖြည်း အံ့ဩရင်း အရိပ် အတွက် ပန်း စိတ်မကောင်းဖြစ်
လာခဲ့မိသည်။

လူတိုင်းမှာ တစ်ခုမဟုတ်တစ်ခု ရှိနေကြသည့် သောကအမျိုးမျိုး
ကိုလည်း ပိုနားလည်လာမိ၏။

"မေမေ့ခမျာ ဖေဖေ့စိတ်နဲ့ ကိုယ်ဝန်က တစ်ဖက်နဲ့ပေါ့၊ ပြီးတော့
လေးလေးက ဖြစ်လာတဲ့ပြဿနာရဲ့အကြောင်းရင်းကို ပြောင်းပြန်လုပ်
ပြီး မေမေ့စိတ်ကို အစွန်းဆုံးထိရောက်အောင် တွန်းပို့တဲ့စကားတွေ
လည်း ပြောလာခဲ့တာ .."

"ဘာတွေ ပြောတာလဲဟင် .."

"ဖေဖေက မေမေ့ကို အရှက်ပြေအောင် ကလေးလိုချင်တဲ့ပုံစံ
ဟန်ဆောင်နေရတာ .. တကယ်တော့ မိတ်ဆွေတွေ လှောင်ရယ်ကြလို့
ရှက်လွန်းပြီး အရက်တွေ ဖိသောက်လာတာ၊ ဒီစိတ်နဲ့ပဲ သေရတာ
ဘာညာ စုံနေတာပဲကွာ .."

"ဟယ်!..."

တိုးတိုးလေး ပြောမိရင်း ပန်း မျက်လုံးထဲမှာ ဦးမြတ်ထွန်း ဆို
သည့် မျက်နှာကြီးကို ပြန်မြင်နေမိသည်။ ဒါနဲ့တောင် ဒီလူကြီးကို
ခုချိန်ထိ ငြိုငြင်ဟန်မပြဘဲ အတူနေနေတာကို အံ့ဩလို့ မဆုံး ...။

"ကိုယ်ဝန်လွယ်ထားပြီး ကြုံခိုင်မှုနည်းလာတဲ့အပြင် ဖေဖေ့စိတ်
နဲ့ပဲ မေမေ မီးဖွားတော့ ကယောင်ချောက်ချားတွေ ပြောတော့တာပဲ၊
သူ့ကြောင့် ဖေဖေ ဆုံးတာလို့ အသေစွဲပြီး ဘယ်လိုနှစ်သိမ့်ပေးလို့မှ
မရတော့ဘူး ...၊ ညီလေးကို မွေးပြီးတာနဲ့ သတိကောင်းကောင်း ပြန်
မရတာ နှစ်ဆယ့်ကိုးနာရီတိတိပဲ၊ လူပြန်ကောင်းလာတော့လည်း စိတ်
ကတော့ ခုအတိုင်း ဖြစ်ကျန်ခဲ့တယ်"

"ဒါဆို လေးလေးဆိုတဲ့လူကြီးက ကိုကိုတို့နဲ့ နေလာတာ ကြာပြီ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့နော် ..''

''အင်း .. ဆိုပါတော့၊ ညီအစ်ကိုနှစ်ယောက်ပဲ ရှိတာလေ .. လေးလေးက သူ ရသင့်တဲ့အမွေကိုယူပြီး နိုင်ငံခြားမှာ အခြေချဖို့ ထွက်သွားတယ်၊ ပြီးတော့ ထွန်းမင်းဦး က ဆယ်နှစ်သားလောက်မှာ ပြန်ရောက်လာတာ ဘာမှ ပါမလာတော့ဘူး၊ ဖေဖေက လေးလေးကို ချစ်ပါတယ် .. အလိုလည်း လိုက်တယ်၊ ဘာဖြစ်ဖြစ် ရှေ့တန်းတင်ပြီး ဦးစားပေးမယ်၊ လေးလေးကို အားမငယ်ရအောင် အလုပ်ထဲမှာ ဦးဆောင်ခွင့်ပေးခဲ့တဲ့အထိပဲ၊ မေမေ့ကိုယ်ဝန်ကိစ္စ ဖြစ်မလာခင်ထိပေါ့''

''ဒါဆိုရင် သူဌေးကြီးက ကိုယ်ဝန်ကို တကယ် လိုချင်ခဲ့တာပေါ့နော် .. ကိုကို့လေးလေးက ..''

ဆက်ပြောဖို့ မသင့်ဘူးဆိုတာ အချိန်မီ တွေးမိလိုက်ကာ ပန်း ချက်ချင်း ပါးစပ်ပြန်ပိတ်သည်။ အရိပ် က ပန်း မျက်နှာလေးကို လှည့်ကြည့်ပြီး သူမ ဘာမှဆက်မပြောတော့မှ ...

''ကောက်ကွေ့မှုတော့ ပါချင်မှ ပါမှာပေါ့၊ ဒါပေမယ့် စကား ဆိုတာ ပြောလို့ရတိုင်း မပြောရဘူး၊ လူတစ်ကိုယ်မှာ ပါးစပ်တစ်ခုပဲ ရှိနေတာမှ မဟုတ်တာ .. နားတွေ မျက်လုံးတွေ ရှိနေတာ ဘာလုပ်ဖို့လဲ .. မင်း စဉ်းစားလေ ..''

''ဒါပေမယ့် ပန်း ကိုကျတော့ စကားမပြောပြန်ရင်လည်း အပြစ်ပါပဲ ကိုကိုရယ် ..''

''ဘယ်အရာဖြစ်ဖြစ် အစွန်းရောက်ရင်တော့ မကောင်းဘူးလေ .. တကယ်တော့ ဒီစကားတွေကို ပြောဖြစ်နေပေမယ့် ငါကိုယ်တိုင်တော့ ဒီလောက် မဟုတ်သေးပါဘူး၊ မိဘတွေ မရှိကြတော့မှ ချက်ချင်းကြီး ဖုတ်ဖက်ခါ ထသလို လောကအတတ်ပညာတွေအပေါ် စိတ်ဝင်စားဖို့ ကြိုးစားနေရတာ၊ ဘယ်သူ ဘယ်လိုပုံစံပဲ ဆက်ဆံနေနေ ကိုယ်က နောက်မှ ရောက်လာတဲ့သူမို့လား .. လောလောဆယ်မှာ ညွှေ့သည်





ဆိုလည်း ဟုတ်တယ် .. ကိုယ့်ဘက်က တတ်နိုင်သမျှ အမှားမဖြစ်အောင်နဲ့''

''ထွန်းမင်းဦး နဲ့ ပတ်သက်လို့လားဟင်''

ပန်း မေးလိုက်တာကို အရိပ် က လူကြီးဆန်သည့်အပြုံးနှင့် တစ်ချက် စိုက်ကြည့်ကာ ...

''မင်းနဲ့ ပတ်သက်လာနိုင်တာ အားလုံးပေါ့''

တိုတိုပဲဖြေပြီး နေရာမှ ထရပ်သည်။ ပြီးမှ ...

''မင်းက ဆယ်တန်း ဖြေပြီးပြီလား''

''ဟင့်အင်း ..''

ခေါင်းခါလိုက်ပေမယ့် ပန်း က ထိုမေးခွန်းကို ဖြေလိုက်တာ မဟုတ်ဘဲ ...

''ကျောင်းစာတွေ ပန်း စိတ်မဝင်စားတော့ဘူး''

အရိပ် မျက်ခုံးနှစ်ဖက် မသိမသာ မြင့်တက်သွားသည်။ သူမ အတွက် စိတ်ကူးထဲမှာ စီစဉ်ပေးဖို့ တွေးထားတာလေးတွေတောင် ဒီဖြေရဲ့ ပျောက်ရှကုန်၏။

ပြောချပစ်လိုက်တာ တစ်ဆုံး ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

ရက်မှ လ သို့သာ ပြောင်းလဲသွားခဲ့ပေမယ့် အရိပ် မှျော်လင့်ထား ခဲ့သလို မေမေနဲ့ ပန်း တို့ရဲ့ ဆက်ဆံရေးက ကောင်းမွန်သည့် ပြောင်း လဲခြင်းမျိုး ဖြစ်မလာခဲ့ပေ ...။

ကလေးနဲ့ ပန်း က ရင်းနှီးခင်တွယ်လာကြပေမယ့် မေမေက နည်းနည်းလေးမှ အထိမခံ၊ ရင်းနှီးခွင့်ပြုဖို့ နေနေသာသာ စိုက်ကြည့် လိုက်တာတောင် ဒွေ့ဒွေ့ခုန် ထအော်တဲ့အထိ ...။

တစ်ခါကတော့ ဖြစ်နေကြတာ သူ့ရှေ့မှာတင် ...၊

"ဖယ် .. ဖယ်စမ်း .. သွား၊ ညည်းကများ ငါ့သားလေးကို .."

"အား!..."

"မေ့ .. မေ့ .. ဟီး .. ဟီး .. ဟီး"

သူ့ကား ပေါ်တီကိုအောက်ကို ရပ်လိုက်တာနှင့် ကလေးငိုသံ၊ အော်ဟစ်သံတွေနှင့်အတူ မေမေ တွန်းချပစ်လိုက်သဖြင့် ပန်း က စားပွဲနဲ့ဆိုဖာတွေကြားမှာ လဲပြိုသွားလျက် ...





"ပန်း ဘာလုပ်လို့လဲ .."

"အံမာ .. ညည်းက ငါ့ကို ခံအော်တယ်ပေါ့"

"မေမေကြီး အထင်လွဲနေတာကို ပြောပြတာလေ"

"မပြောနဲ့ .."

"ပြောမှာပဲ .. မောင်လေးကို ပန်း က ဓားကိုင်ထားတာမြင်လို့ ...တောင်းနေတာ၊ တောင်းနေရင်းနဲ့ .."

"ဟဲ့ .. ငါ့မျက်စိနဲ့ တပ်အပ်မြင်တာ .. အပိုတွေ ပြောမနေနဲ့"

"တပ်အပ်မြင်ပေမယ့် ဟုတ်တာကိုကျတော့ မြင်မှ မမြင်တာ"

"ဟိတ် .. တော်စမ်း"

ဦးမြတ်ထွန်း တို့ ပြေးထွက်လာကြပြီး ထွန်းမင်းဦး က ခပ်လှမ်း ...မ်း ရပ်ကျန်ရစ်၏။ ဘာတွေဖြစ်နေကြမှန်း မသိဘဲ ဒီလောက်ထိ ...း‌ရင်းဆန်ခတ်တွေ ဖြစ်ကြတာကို အံ့ဩကာ သူ့ခြေလှမ်းတွေ ...ာင်နန တုံ့နှေးနေဆဲ ...

"မင်းက ဘာလဲဟ .. အရိပ်ခို အခက်ချိုးနဲ့ မင်း အဆင့်အတန်း ... ဒါပဲလား"

"ဦးက မမြင်ဘဲနဲ့ ကျွန်မကို ရင့်ရင့်သီးသီး မပြောပါနဲ့"

"အံမာ .. မြင်လို့ ပြောနေတဲ့သူကျတော့ရော မင်းက တစ်ခွန်းခံ ...လား"

"ပန်း က ကလေးကို ဘာဖြစ်လို့ သတ်ချင်ရမှာလဲ"

"ဟော့ .. တိတ်စမ်း"

"ဦး နော် .."

ဦးမြတ်ထွန်း က လက်ပါသည်။ ပန်း ရဲ့ပခုံးလေးတစ်ဖက်ကို ...ာင့်တွန်းလိုက်သဖြင့် ဒုတိယတစ်ခါ ဆိုဖာပေါ် နောက်ပြန် ပြိုလဲ ...၏။

ပန်း ဒေါသတွေ ဆင့်ပွားတိုးဆောင့်လျက် လဲကျနေရာမှ ...ဟုတ်



www.burmeseclassic.com

www.burmeseclassic.com



တုတ်မလှုပ်ဘဲ ဦးမြတ်ထွန်း ကို စူးစူးရဲရဲ မော့ကြည့်၏။

"နေဦး .. နေကြဦး"

အခြေအနေကို တွက်ဆလိုက်မိကာ အရိပ် က ပန်း နဲ့ ဦးမြတ်ထွန်း တို့အလယ်မှာ ဝင်ရပ်လိုက်ပြီး ...

"လေးလေးကလည်း ပြဿနာတစ်ခု ဖြစ်နေရင်း နှစ်ဖက်စလုံးကို ထိန်းပေးရမှာ၊ ဘာဖြစ်လို့ .."

"ဩော် .. အရိပ် .. မင်းကလည်း ကိုယ့်မိဘကိုပဲ မှားတယ်လို့ အပြစ်ခွဲတမ်းချချင်တာပေါ့"

"မဟုတ်ပါဘူး .. လောလောဆယ် နှစ်ဖက်စလုံးကို ထိန်းပေးဖို့ပါ"

ပန်း စိတ်တိုနေသည့်ဘက်မှာ ဒီ့ထက်ပို၍ ဖိအားမဖြစ်စေချင်တာက ကိုယ့်အကြောင်းနဲ့ ကိုယ် ..၊ ဦးမြတ်ထွန်း က ဘာကိုမှ နားမလည်နိုင်သည့် အမဲ့မာနများနှင့် ...

"မင်းရဲ့ညီကို ဓားနဲ့ လိုက်ထိုးနေတာ မင်း သိလား .."

"အဲဒါက .."

"ဘာပြောမလို့လဲ သား .. ငါကိုယ်တိုင် မြင်တာ၊ ကလေးရဲ့ လက်မှာ ကြည့်ဦး"

လရိပ်လင်း က ချီထားရင်း ဒေါ်နေခြည် က ကလေးလက်ဖဝါးကို သူကိုယ်တိုင် ဖြန့်ပြသည်။ ပြီးတော့ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာပြီး ပါးစပ်ကလည်း ဘာတွေမှန်းမသိ ရေရွတ်ကာ အပေါ်ထပ်ကို တက်သွား၏။

"လျှပ်ပန်း .. သွား .. အထဲဝင် .."

ပန်း ကိုတော့ သူပဲ လှည့်ပြောလိုက်ကာ ...

"စဖြစ်တာကို မမြင်လိုက်ပေမယ့် ကျွန်တော် သိပါတယ် လေးလေးရယ် .. မေမေ တစ်ခုခုကို စိတ်ဖွဲ့ပြီဆိုရင် အစွန်းရောက်





နေတတ်တာ လေးလေးလည်း သိသားနဲ့ .. ပြီးတော့ လျှပ်ပန်းမေမေ့ရဲ့ လိုလားမှုကိုရဖို့ ကြိုးစားနေတာ၊ ကလေးကို ဒီလိုလုပ်ရော .. သူ့မှာ ဘာအကျိုးရှိမှာမို့လို့လဲ"

"ဟ .. အဲဒါ မင်း သူ့ကို သွားမေးလေ .. မင့်အမေ ငါ့မရီးကနဲ့တဲ့သူ၊ လမ်းပေါ်က မင်းကောက်လာတဲ့ ချေးထုပ်က လူလိုလိုသိုလို .. အဲဒီနှစ်ယောက် တစ်ယောက်မှ ပုံစံမမှန်တာကို မင်းကဘက်က လိုက်ချင်သေးလို့လဲ"

လေးလေးကို သူ ဘယ်လိုပဲ နားလည်ဖို့ ကြိုးစားပေမယ့် မြင်မြင်ခဲ့ပါ။ ဒီကောင်မလေးကို နှင်ထုတ်လိုက်လို့တောင် ရာဇသံသွားခဲ့သေး၏။

ဆိုဆုံးမမှု လျော့နည်းသည့် ဆိုးဝါးသော ပတ်ဝန်းကျင်တစ်ခုမှာကြီးခဲ့ရသည့် မိန်းကလေးတစ်ယောက်ကို သည်းခံဖို့ .. မေတ္တာနဲ့ ပြုပြင်ဖို့ သူ ဘယ်လောက်ထိ သင်ပေးနိုင်မှာလဲ ..၊

အသိဉာဏ်မကြွယ်သေးသည့် လူငယ်တစ်ယောက်နဲ့ စိတ်ကြီးတိုရှင်တို့ရဲ့ကြားက ပဋိပက္ခအတွက် ငြိမ်းချမ်းမှုကို လိုလားသူကတစ်ယောက်တည်း ဖြစ်နေတော့ ခက်သည်။

လူမမာတစ်ဖက် .. လူမမယ်ကလေးက တစ်ဖက်နှင့် အလုပ်တွေများလည်ဖို့ ကြိုးစားရင်း ငြိမ်းချမ်းရေးအတွက် သူ ထပ်ကြိုးစားရဖို့ပြီဆိုလျှင် ...

"တကယ်ပါ ကိုကို – ပန်း မောင်လေးကို ချစ်ပါတယ်၊ ဓားနဲ့နေလို့ လိုက်ချော့တောင်းနေတာပါ၊ ပန်း က ဆွဲဖို့ပြင်တော့ သူးက ရှောင်နဲ့ .. ဓားနဲ့ ထိရှကုန်တာ"

သူ တစ်နေကုန် အခန်းအောင်းနေကာ ညနေစောင်းမှ အပြင်ထွက်လာတော့ ပန်း က အတင်း လိုက်ရှင်းပြသည်။ သူ့စိတ်ထဲမှာ ဘာမင်တကာလုပ်မှာ မဟုတ်ဘူးဆိုတာကို တွေးမိပြီးသား၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် မကြည်လင်နေသည့်အချိန်မှာ စိတ်ရှုပ်စရာတွေ ရှင်းရလင်းရ ဖြစ်နေသည့်အတွက် မှန်တာရော .. မှားတာရော ဘာ ကို မပြောချင်ဘဲ ဖြစ်နေခဲ့၏။ ထို့ပြင် သူမထံမှ နောက်ထပ် ထွ မင်းဦး နဲ့ မပြေလည်တာတွေပါ ကြားလာရတော့ ပိုညစ်သွားမိသည်

ဒေါ်ကြီးသို အလုပ်မထွက်ခင်ကလည်း ဆုံးမသွားခဲ့တာ ကြ သည်။ သူလည်း စကားစပ်မိတိုင်း ပြောမိတာ သည်းခံဖို့ပဲ ဖြစ် သူမကပြောတော့ 'အဲဒီလူကို သည်းခံလို့ကို မရလို့ပါ'တဲ့။

အလုပ်ရယ်၊ မေမေနဲ့အတူ ရှိနေပေးရတာရယ် ဒါကလွဲပြီး ပ ကို သူ သေချာ ဂရုစိုက်မကြည့်မိတာတော့ မှန်သည်။ ပန်း ရောက်လ တဲ့အချိန်ကိုက မိသားစုအခြေအနေတွေ ကသောင်းကနင်း ဖြစ် တုန်းအချိန်မို့ သူမဘက်ကို ဘယ်လိုမှ စိတ်မဝင်စားနိုင်ခဲ့သလို လိ ပါ၊ ယဉ်ကျေးပါလို့ တတွတ်တွတ် ဆုံးမနေဖို့လည်း သူ့မှာ အချိ သိပ်မရှိခဲ့ပေ။

စိတ်ညစ်စရာတွေပါလားလို့ သတိထားမိလာတဲ့အခါကျ သူမနဲ့ ရင်းနှီးနေခဲ့တာဟာ ညီလေးတစ်ယောက်သာ ဖြစ်ခဲ့ပြီး တ ဘယ်သူ့ကိုမှ သူမ သည်းခံခဲ့တာ မရှိ ..။

ထိုကာလများဟာ 'စိတ်ညစ်ခြင်းရာသီ'ပဲ ဖြစ်မယ် ထင်၏။





## အခန်း (၁၀)

"ကိုကိုရေ .. ကိုကို လုပ်ပါဦး"

"ဒုန်း .. ဒုန်း .."

အလုပ်စားပွဲကနေ ခဏလေးထပြီး ပြတင်းပေါက်နားမှာ ရပ်ရုံပဲ ရှိသေးသည်၊ အရေးတကြီးခေါ်သံနှင့် တံခါးကို ထုလိုက်ခြင်းကြောင့် ဦ တံခါးနားကို ချက်ချင်း ရောက်သွား၏။

"ကိုကို .. ဟိုမှာ .."

တံခါးဖွင့်လိုက်တာနှင့် ပန်း က သူ့နောက်ကို တိုးဝင်ထွက်လိုက် လက်ညှိုးလေးထိုးပြ၍ ...

"မေမေကြီးရယ် .. ဟိုမှာ .."

"အံမယ် နင်က ဘာလုပ်တာလဲ .. ထွက်ခဲ့စမ်းပါ၊ သား ဖယ်ပေး .."

"မေမေရယ် ည အချိန်မတော်ကြီးကျမှ .."

အမြဲတမ်း တင်းတင်းရင်းရင်း ထုံးဖွဲ့ထားတတ်သည့် ဆံပင်ရှည် က လျော့ရိလျော့ရဲ ပြိုလုလုဖြစ်နေကာ ဒေါ်နေခြည် က အလ ခင်း ဒေါသထွက်နေသည့်မျက်နှာနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ည အချိန်မတော်ကြီးကမှ သူကရော ဘာဖြစ်လို့ ငါ့အခန်း
မှာ လာချောင်းနေတာလဲ၊ ဟိုနေ့ကလည်း ကလေးကိုသတ်ဖို့ လုပ်
ပြီ၊ မသတ်လိုက်ရလို့ အဲဒီကောင်မလေး မကျေမနပ်ဖြစ်နေတာ

တံခါးကို တစ်ဖက်လက်နဲ့ ကိုင်ထားပြီး အခန်းဝမှာပဲ ရပ်နေ
မို့ နောက်မှာ ကွယ်ကပ်နေသည့် ပန်း ကို အရိပ် က ကာကွယ်ပေး
သလို ဖြစ်နေ၏။

ဒေါ်နေခြည် က အထဲ ဝင်ဆွဲတော့မလိုလို လက်တပြင်ပြင်နှ

"အဲဒီဟာလေးကို ပြန်ပို့လိုက်စမ်းပါ သားရယ် .. မဟုတ်
မေမေက ရိုက်သတ်မှာနော် .."

လက်ထဲမှာ ကိုင်လာသည့် စားပွဲတင်ပန်းအိုးလေးကို တမြှော
မြှောက်နှင့် မေမေ ကြိမ်းဝါးနေတာ တော်တော်နဲ့ မပြီးနိုင် ..။

ဆူညံသံတွေ တိတ်ဆိတ်သွားကာမှ ပန်း မျက်နှာလေးကို
ပြန်လှည့်ကြည့်ကာ ...

"မင်းက ဘာသွားလုပ်တာလဲ"

"ပန်း သွားချောင်းတာ မဟုတ်ပါဘူး ကိုကိုရယ် .. အပေါ
ဝရန်တာမှာ ထိုင်နေပြီး ပြန်ဆင်းလာတာပါ၊ မေမေကြီးအခန်း
ရောက်မှ ခြေထောက်ကို ဘာစူးမှန်းမသိလို့ ငုံ့ကြည့်ပြီး ရှာနေတ
ဖန်စကွဲတွေဘာတွေဖြစ်နေရင် နောက်တစ်ယောက် ထပ်စူးမှာစိုးလို့
အဲ့ဒါ .."

"အဲ့ဒါက ဆန်းသားပဲ.. အန်တီ့ အခန်းရှေ့ကျမှ စူးတာဆိုတော့

ထွန်းမင်းဦး က လှုပ်လီလှုပ်လဲ့ လျှောက်လာကာ ခြေချပြီး
လက်ပိုက်ရပ်လိုက်ရင်း ...

"အစ်ကိုလည်း စဉ်းစားဦးနော် .. အခုတစ်လောကျမှ အန်
ခဏခဏ သောင်းကျန်းလာတာ၊ ရှေ့လျှောက် မလွယ်ဘူးထင်တယ်

အရိပ် မျက်မှောင်ကုတ်သွားတော့ သူက လက်ပိုက်ဖြည်လိုက်





စ်ဖက် တွန့်ကာ ...

"ဖေဖေ ပြောတာကို ပြောပြတာပါ၊ လူတစ်ယောက်ကို ကယ်
သူ့အစား လူတစ်ယောက် ဆုံးရမယ်ဆိုရင် ဘယ်သူ့ကို အဆုံးခံ
သလဲတဲ့ .. အဲဒါ အရိပ် မတွေးမိရင် အမှောင်ဖုံးနေလို့တဲ့"

"ထွန်းမင်းဦး .."

"တင်းမသွားနဲ့လေ .. ကျွန်တော်က ဖေဖေပြောတာကို ပြန်ပြော
တာ .."

"သူ ပြောချင်တာ သူပဲ ပြောပါစေ .. မင်း ပြန်ပြောတာ ငါ
ချင်ဘူး"

ထွန်းမင်းဦး မျက်နှာ တင်းသွားသည်။ အရိပ် က စိုက်ကြည့်ပြီး
ဘက်ကို လှည့်၍ ...

"ချာတိတ် သွားအိပ်တော့"

ထိုခဏလေးမှာ ပန်း နဲ့ ထွန်းမင်းဦး တို့ ဆုံစည်းသွားသည့်
မျက်လုံးချင်းပဋိပက္ခကို သူ သေချာမြင်လိုက်သည်။ အလျားအနံ ဘယ်
ာက်နှင့် ဖွဲ့စည်းဖြစ်တည်လာခဲ့မှန်း မသိပေမယ့် မငြိမ်းချမ်းသော
သဘာပမာဏက သေးသေးလေးတော့ မဟုတ် ..။

"မင်းကို လျှပ်ပန်း နဲ့ပတ်သက်ပြီး ငါ ဘာမှမပြောခဲ့ဖူးဘူး၊
ည်း ပြောဖို့ အချိန်မရှိသေးဘူး၊ ဒီအိမ်မှာ သူ့ကို စည့်သည်လို
ထားခဲ့တာမျိုး မဟုတ်ပေမယ့် မိသားစုဝင်တစ်ယောက်လို ရင်းနှီး
ပါ၊ ဖော်ရွေကြပါလို့လည်း ငါ ဘယ်သူ့ကိုမှ ပြောမထားခဲ့ဘူး၊
တော့ သူ့အတွက် ငါကိုယ်တိုင် အစီအစဉ်မရှိသေးတဲ့ကိစ္စတွေကို
နဲ့ လေးလေးလည်း ဦးနှောက်ခြောက်ခံမနေပါနဲ့"

"စကားလုံးလှလှတွေ ရွေးချယ်ပြောမနေပါနဲ့ဗျာ .. ဖေဖေ ပြော
သလိုပဲ ကိုယ့်အမေရဲ့အခြေအနေကိုတောင် ဂရုမစိုက်ဘဲ ဒီကောင်မ
ေးကို အစ်ကို လက်ခံထားတာ သူ့အတွက် .."



www.burmeseclassic.com

www.burmeseclassic.com



"လောလောဆယ် အရိပ်တစ်ခု လိုအပ်နေလို့ တာနာစိ
ထွန်းမင်းဦး.. ကျန်တာ ဘာမှမပါဘူး၊ ရှင်းရှင်းပြောရရင် မင်းတို့
စိတ်ဝင်စားနေသလောက် ငါ စိတ်မဝင်စားသေးဘူး၊ အဲဒါ အ

ထွန်းမင်းဦး နှုတ်ခမ်း မဲ့ခနဲ ဖြစ်သွားသည်။

"ခုချိန်ထိ ဒီမှာ သူ့အတွက် နေရာပေးထားခဲ့တာဟာ သူ့
အခဲနဲ့စာရင် ငါ့ဘက်မှာ ရှိနေတဲ့အခက်အခဲ၊ အဆင်မပြေမှု
အသေးအဖွဲ့ပဲ ရှိသေးတာမို့လို့ အားကိုးမဲ့နေတဲ့ မိန်းကလေ
ယောက်ကို အကာအကွယ်ပေးထားတာမျိုးပဲ၊ နောက်ထပ် အဲဒီ
အတွက် ဒီအိမ်သားတွေမှာ ပူညံပူညံတွေ ထပ်မဖြစ်စေချင်ဘူး"

"ပူညံပူညံ ဖြစ်နေတာက အန်တီနေခြည် ပါ .. ကျွန်တော်
မဟုတ်ပါဘူး"

"ငါ မင်းတို့အပိုင်းကိုပဲ ပြောနေတာ၊ လျှပ်ပန်း နဲ့ သင့်မြ
မဟုတ်ရင်တောင် မင်းစိတ်ထဲမှာ ကြည့်မရအောင် ဖြစ်လာရင်
စရာမလိုတဲ့ဘက်ကို လှည့်နေလိုက်ပါ"

"အဲဒါ ဖေဖေကိုရောလား .."

အရိပ် က ပြုံးလိုက်ပြီး အခန်းထဲ ပြန်လှည့်ဝင်သည်။ ပြီး
တံခါးပိတ်မည့်ပုံနှင့် လက်က လှမ်းကိုင်ပြီးမှ ...

"မင်းအဖေကို ပြောချင်တဲ့စကားကို မင်းကတစ်ဆင့် လူကြ
ဖို့ မလိုပါဘူး .. မင်း သိဖို့ပဲ ပြောတာ"

စကားဆုံးတာနှင့် တံခါးပိတ်ပစ်လိုက်သည်။

လျှပ်ပန်း နဲ့ပတ်သက်ပြီး ဘာမှမပြောရဘဲ ငြိမ်းချမ်းစွာ အိပ်
ရတဲ့ညများ ရှိခဲ့လျှင် ...၊

တကယ် .. အဟုတ်ပါ .. မရှိခဲ့ပါ ...။





## အခန်း (၁၁)

"တကယ်ပြောတာပါ .. မယုံလို့လား"

"အဟွန်း .. မယုံပေမယ့် ယုံပါတယ်"

ရယ်နေသည့် သားငယ် မျက်နှာကို စိုက်ကြည့်ရင်း စီးကရက်
နေတာ နည်းနည်းပိုကြာသွားခဲ့၏။ ပြီးတော့ ပထမဆုံး ထုတ်
လိုက်သည့် မီးခိုးငွေ့လေးတွေရဲ့တစ်ဖက်က သားငယ် မျက်နှာ
မျက်တောင်တွေ မှေးစင်းကြည့်နေမိလျက် ညက တစ်ညလုံး
နေခဲ့သည့်ပုံရိပ်တွေကို ပြန်သတိရ၏။

လျှပ်ပန်း နဲ့ သူ့ရဲ့ တစ်ဦးတည်းသောသားလေးကို ပထမဆုံး
တွေ့လိုက်ရသည့်နေ့ကတည်းက အလုပ်ကိစ္စတွေ ခဏလေး
င်းထဲက ပြတ်တောက်သွားတိုင်း သူတို့သားအမိရဲ့ပုံရိပ်တွေပဲ ဝင်
နေခဲ့သည်။ ညတုန်းကတော့ အတိတ်ရေပြင်ထဲမှာ တစ်ဆုံးတစ်စ
ကူးခတ်နေခဲ့မိတာ တစ်ညလုံး ...၊

မိခင်နဲ့ ညီငယ်လေးရဲ့ဘဝကို အရိပ်ကောင်းတစ်ခုအဖြစ် ဆိုင်း
ကွယ်ပေးနိုင်ဖို့ သူကြိုးစားနေတုန်း မီးစနေ ဆိုသည့်သူမှာ အနီ



www.burmeseclassic.com

www.burmeseclassic.com



ရောင်ခြုံလွှာနှင့် မီးလိုပူသော အခိုးအငွေ့တွေကို သယ်ပိုး ရောက်
ခဲ့သည်။ မသင့်တော်ပါဘူးလို့ အားလုံး ပြောနေတဲ့ကြားက သူမအ
မှာ ကာကွယ်ပေးခဲ့မိသည့် ကိုယ်ဟာ ..၊

"အစ်ကိုက ဒီလောက် စမတ်ကျပြီး ချောနေတော့ ဒီ
အချစ်မရှိခဲ့ပါဘူးဆိုတာကို ယုံရခက်တာပေါ့၊ ဒါပေမယ့် အ
ညာပြောနေတာ မဟုတ်မှန်းလည်း သိပါတယ် .. အဲဒါကြောင့် မ
မယ့် ယုံပါတယ်လို့ ပြောတာ"

သူ့စကားကို သူပဲ ပြန်ရှင်း၍ သားငယ် က ရယ်သည်။ အ
က ပြတ်တောက်သွားသည့် အတွေးတွေကို ပြန်လည် ချိတ်ဆ
မစဉ်းစားဘဲ သားငယ် စကားကို ခေါင်းညိတ်၍ ...

"ယုံကြည်တယ်ဆိုရင်တော့ ကျေးဇူးပါပဲ၊ နောက်တစ်
ကံဆိုးခြင်းလို့ ပြောရမလား .. သဘာဝမကျတာ တစ်ခုခုလာ
ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်သွားခဲ့မှန်း မသိဘဲ မုန်းတတ်နေခဲ့တ
သေချာ နားလည်နေတယ်"

"မုန်းတယ် ဟုတ်လား .. ဘယ်သူ့ကိုလဲ အစ်ကို"

သူ့ကို စိုက်ကြည့်ပြီး ငြိမ်သက်နေကာမှ သားငယ် မျက်နှာ အ
အမ်းတမ်းပုံ ဖြစ်သွားကာ ...

"ဆောရီးပါ .. ရုတ်တရက် ထူးဆန်းသွားသလားလို့ သိချင်
တာ၊ သူများ ကိုယ်ရေးကိုယ်တာကို စပ်စုမိသလို ဖြစ်သွားပြီ"

"ဟွန်း .. ရပါတယ်၊ ဒါနဲ့ မင်းက ခုမှ ဆယ်တန်းဖြေရမှာ
တော့ အသက်ငယ်သေးတာပဲ၊ လူကောင်းက ထွားလို့ထင်တ
ကိုယ်က ဒီလောက်မကတော့ဘူး ထင်တာ"

"ဟုတ်တယ်.. ကျွန်တော့်ကို ရှစ်တန်းကျောင်းသားအရွယ်တ
က ဆယ်တန်းလားလို့ မေးခဲ့ကြတာ၊ အဲဒါ ကောင်းတော့ကောင်းတ
သိလား .."





"ဘာဖြစ်လို့လဲ .."

"ဩော် .. အစ်ကိုကလည်း မေမေက ငယ်ငယ်ရွယ်ရွယ်နဲ့
အမေ မဆိုးမဖြစ်ခဲ့ရတာလေ၊ ကျွန်တော် ဒီအရွယ် ထွားထွား
ကျိုင်းရှိနေမှ မေမေ့ကို ကာကွယ်နိုင်မှာပေါ့"

ဟွန်း ..၊ မင်းအတွက် ရောက်လေရာအရပ်မှာ ကာကွယ်ပေးမယ့်
အဆင်သင့်ပါလား လျှပ်ပန်း ..၊ အဲဒီလူတွေအတွက်ရော မင်း
က ဘာတွေ ကျေးဇူးပြုခဲ့ပါလိမ့် ..။

အတွေးနှင့် နှုတ်ခမ်းထောင့်မှာ ညွှတ်ခနဲ မဲ့ကျသွားခဲ့သည်။

"ကျွန်တော်တို့ သားအမိက ရယ်ရတယ် သိလား .. ကျွန်တော်
မေမေ့အတွက် အမြဲတမ်း စိတ်ပူတယ်၊ မေမေကလည်း ကျွန်တော့်
က်ကလွဲပြီး တခြား အရေးကြီးဆိုတာ မရှိဘူး"

"ဩော် .. ဩော် ..."

"ဒါပေမယ့် သိလား .. မေမေ့နားမှာ ကျွန်တော် မနေချင်ဘူး၊
တဆို မေမေက ကျွန်တော် သွားလေရာ တကောက်ကောက် လိုက်၊
တော်ကလည်း မေမေ လိုက်လာတိုင်း ကွိုင်ရှာတာ – ခုတော့
မေကိုယ်တိုင် နားလည်သွားတယ်၊ အားလုံး အေးဆေးဖြစ်သွားပြီ"

"အားလုံးဆိုတာ ဘာတွေလဲ"

"ဩော် .. အစ်ကိုကလည်း .. ကျွန်တော် ဘာဖြစ်လို့ မေမေ့နား
မနေချင်တာလဲဆိုတာတွေပေါ့၊ အစ်ကို မေမေ့ကို မြင်ဖူးသွားပြီပဲ၊
တော့်မေမေ ဘယ်လောက်လှလဲ .. ကဲ .."

ဆယ်ကျော်သက် ကောင်လေးတစ်ယောက်က ကိုယ့်အမေ
ကြောင်းကို တခြားယောက်ျားတစ်ယောက်ရှေ့မှာ ပြောဆိုမေးမြန်း
တော့ သူ ပြုံးလိုက်မိသည်။

ပြီးတော့ သွားတွေပေါ်အောင် ရယ်မိသည်။ စကား အသွား
လာတွေ နားထောင်ကြည့်လိုက်တာနှင့် ဒီကောင်လေး သူ့မေမေကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက် သဝန်တို တန်ဖိုးထားမှန်း အကဲခတ်လို့ ရသည်။

ဒါနဲ့တောင် ဘာဖြစ်လို့ ဒီလိုမေးခွန်းတွေ လာမေးနေရတာ သူ့ဘက်ကတော့ ပြန်ဖြေစရာ တစ်ခုပဲ ရှိသည်။

"မင်းအမေကို ငါ သိခဲ့တုန်းကတော့ ပြူးပြူးပြဲပြဲ လူးလဲ ရှာတဲ့ 'မီးစနေ'ပါ"လို့ ...၊

"အစ်ကိုက ဘာရယ်တာလဲ"

"ဆောရီး .. မင်း ပြောတာကို သဘောကျလို့ပါ"

"ကျွန်တော် သိပါတယ် .. အစ်ကိုက ကျွန်တော့်ကို ကလေးဆ တယ် ထင်သွားတာ"

အရိပ် မျက်ခုံးတွေ မြင့်တက်သွားသည်။ ဒီချာတိတ် မဆိုးဘူး

"ကျွန်တော့်ဘဝမှာ မေမေကလွဲပြီး ဘယ်မိန်းမကိုမှ မရင်းနှီး ဘူးသလို လူမှန်းသိတတ်လာကတည်းက အဖေဆိုတာလည်း မမြင် ဘူးတော့ ယောကျ်ားဆိုရင် ဘယ်လိုလူကိုမှ ခင်လည်းမခင်ဘူး၊ ရင်းနှီး ဖို့လည်း မကြိုးစားဘူး၊ အစ်ကို မသိလို့ပါ .. ကျွန်တော်တို့သားအမိ ဆွေမျိုးနီးစပ်လည်း မရှိဘူး၊ ပတ်ဝန်းကျင်ကောင်းလည်း မရခဲ့ဘူး ဘဝမှာ အမေတစ်ခု သားတစ်ခုဟာ နှစ်ယောက်တစ်ဘဝပဲ၊ အဲ ကြောင့် မေမေ့ကို ကျွန်တော် ချစ်တယ်၊ မေမေနဲ့ ကျွန်တော့်ဘဝထဲ ဝင်ဖို့ကြိုးစားတဲ့ ယောကျ်ားဆိုရင် ဘယ်လိုလူဖြစ်ဖြစ် ကျွန်တော့် မျက်လုံးထဲမှာ ရန်သူပဲ၊ နောက်ဆုံး ဘယ်လောက်ထိဆိုးလဲ သိလား ခင်လို့ စတာနောက်တာ မခံနိုင်လို့ ကျွန်တော်လည်း ရန်အေး.. မေမေ လည်း မျက်နှာမပျက်ရအောင် အဆောင်မှာ သွားနေခဲ့တာ မနှစ် ကတည်းက .."

"မင်းက ခွဲထွက်နေရမယ့်အရွယ်လည်း မဟုတ်ဘဲနဲ့ကွာ .."

"ခွဲတယ်လို့လည်း ပြောလို့ မရပါဘူး .. ဘာဖြစ်လို့လဲဆိုတော့ အဲဒီသုံးလွှာက ကျွန်တော်တို့ ပိုင်တာပဲ၊ ကျွန်တော် နေမယ်ဆိုတော့





ဆုံးက ခေါင်မိုးဝရန်တာကို တခြမ်းမိုးလိုက်ပြီး သူငယ်ချင်းတွေ နေတာလေ .."

"သြော် .."

"အစ်ကို ကော်ဖီမှာထားပြီး သောက်လည်း မသောက်ဘူး၊ ကျွန် စကား အရမ်းများနေလို့လား .."

ပြောလိုက်ကာမှ အေးစက်နေပြီဖြစ်သည့် ကော်ဖီပန်းကန်ဆီ လုံး ရောက်မိ၏။ ပြီးတော့ စီးကရက်တစ်ရှိုက် ဖွာလိုက်ရင်း...

"ဘယ်လိုဆိုင်မှာပဲထိုင်ထိုင် ကိုယ့်အတွက် အဓိကက စားသောက် မဟုတ်တာတွေပဲ များတယ်"

"သြော် .. အကြောင်းကိစ္စတစ်ခုခုအတွက်ပဲ လိုအပ်လို့ ထိုင်တာ ပေါ့၊ ဒါဆို အခု ကျွန်တော့်အတွက် အစ်ကိုက အချိန်သပ်သပ် နေတာပေါ့"

"ဟုတ်တယ် .. ဒါပေမယ့် မင်းကလည်း တကူးတက ရောက် တာလေ"

သားငယ် က အားနာသလိုလို ရှက်သလို မျက်နှာနှင့် ရယ်လိုက် ဆန်းဒဝှေ့ချ်ကို လက်စသတ် စားသည်။ ပြီးမှ ပန်းကန်လေးကို ကို ရွှေ့ဖယ်ထားလိုက်၍ ...

"အဟွန်း .. ကျွန်တော့် တကူးတကတွေက ခဏ ခဏပဲနော်"

အရိပ် က ရယ်လိုက်ပြီး စီးကရက်တိုကို ခွက်ထဲ ထည့်ထား သည်။

"ရပါတယ် .. ကိုယ့်ဘက်မှာလည်း မင်းရောက်လာမှ အပြင်ကို ထူးတက ထထွက်ဖြစ်တာတွေ အမှတ်တရပဲ"

ခရမ်းပြာရောင် ရှပ်အင်္ကျီလက်ရှည်နှင့် ဝင်းမွှန်နေသည့် အရိပ် နှာကို စူးစိုက်ကြည့်ရင်း မပြောသင့်ဘူးထင်လို့ မျိုသိပ်ထားရ ည့် စကားတစ်ခုက လည်ချောင်းဝကနေ ခုန်ပေါက်ထွက်ဖို့ ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



နေ၏။ ထို့ကြောင့် ...

"အစ်ကို့ကို ကျွန်တော် ဘာဖြစ်လို့ ခင်သွားမိမှန်း မသိဘူး ခုနက စကားစလိုက်မိတာ အဲဒါကို ပြောချင်လို့ပါ၊ အစ်ကိုက တစ်မျိုး တစ်မည် ထင်သွားလား မသွားလား မသိပေမယ့် ကျွန်တော် မရင်း ချင်တဲ့လူစားတွေထဲမှာ အစ်ကို မပါတာ သေချာတယ်"

"အင်း .."

အရိပ် က ခေါင်းညိတ်ပြီး ရယ်ပြသည်။ ခင်မင်နှစ်လိုသည့်အပြုံ မို့ သားငယ် ကျေနပ်သွား၏။

"အစ်ကို့ကို ကိုယ့်သူငယ်ချင်းလိုပဲ စိတ်ထဲမှာရင်းနှီးပြီး တစ်နေ ရာ သွားချင်တဲ့စိတ် ဖြစ်လာရင် အဲဒီနေရာက အစ်ကို့ဆီကို ဖြစ်နေ တာ သိလား .."

"ဟုတ်ပြီကွာ .. ကဲ .. အခု ဘာစားဦးမလဲ၊ ဘာလုပ်ချင်သေး ညီအစ်ကို .. သူငယ်ချင်း ဘယ်လိုပဲ သဘောထားထား ရတယ်၊ ကို လည်း မင်းကို ခင်ပါတယ်"

"နှစ်ခုစလုံးတော့ မဖြစ်ဘူးထင်တယ်"

"ဘာကိုလဲ .."

"အစ်ကိုနဲ့ ကျွန်တော်က သူငယ်ချင်းတော့ ဖြစ်လို့ မကောင်းဘူး ထင်တယ်"

"အင်း .. ကိုယ် စောစောစီးစီး အိမ်ထောင်ပြုခဲ့မယ်ဆိုရင်တော့ မင်းက ကိုယ့်သားလေးလောက် ရှိမယ်ထင်တယ်"

"ဟာ!... အစ်ကိုက လုပ်ပြီ"

သားငယ်မျက်နှာ ရဲခနဲ ဖြာသွားသည်။ ရယ်နေပေမယ့် ခေါင်းကြီး ငုံ့ကာ ဆံပင်တွေ ဖွလိုက်၊ ကုတ်တော့ခြစ်တော့မလို ဖြစ်သွားလိုက်။

"ဆောရီးကွာ .. အသက်အရွယ်ကို ပြောပြချင်တာပါ၊ မင်းကို မလေးမစား ပြောတာ လုံးဝ မဟုတ်ဘူး၊ ဒါနဲ့ မင်း စီးကရက်တွေ





တွေ သောက်တတ်လား"

"သောက်တတ်တာပေါ့ .. ယောကျ်ားပဲဟာ၊ သိချင်လာရင် အစုံ ကြည့်တာပဲ"

"အစုံ ဟုတ်လား .. ပြောပါဦး ဘာတွေလဲ"

"အစ်ကိုက လာအစ်နေပြန်ပြီ၊ ဒါပေမယ့် ရပါတယ် .. မေမေနဲ့ တာမှ မဟုတ်တာ ပြောလို့ရတယ်"

ဘာတွေလဲဆိုတာကို သိချင်စိတ်နှင့် အရိပ် က သားငယ် ပြော မှာကို မျက်မှောင်ကုတ် နားစွင့်နေ၏။

"ယောကျ်ားတို့ တတ်အပ်သော ပညာတွေပေါ့ အစ်ကိုရာ .. မေက အရင်တုန်းကဆို ကျွန်တော့်ကို အဝတ်ထုပ်လေးလို ထုပ်ပြီး သေတ္တာထဲမှာ သိမ်းသလို ထည့်ဝှက်ထားတာ၊ ကျွန်တော့်မှာ လေးချင်းတောင် ကစားခွင့်မရတော့ ကိုယ့်ကိုယ်ကိုယ် ယောကျ်ား မှန်း မိန်းကလေးမှန်း မသိတော့အောင်ပဲ"

"အဲဒါတွေနဲ့ ဆိုင်လို့လားကွ"

"ဆိုင်တာပေါ့ .. လွတ်လာတာနဲ့ ကျွန်တော်လည်း ယောကျ်ား သရေး ကြိုးပမ်းရတာလေ"

"ခုမှ ချာတိတ်ပဲ ရှိသေးတာကွာ"

"သူများတွေကတော့ အဲဒီလို ဘယ်သူမှ မပြောပါဘူး၊ နည်းတဲ့ ကောင်ကြီး မဟုတ်ဘူး .. ထွားလာလိုက်တာတဲ့"

"ဟား .. ဟား .. ဟား ..."

နှစ်ယောက်ပြိုင်တူ အသံထွက် ရယ်လိုက်ကြတာပေမယ့် သားငယ် က ရယ်နေတာကို အရင်ရပ်လိုက်ကာ အရိပ် ရယ်နေသည့် နှုတ်ခမ်း တွေကိုပဲ ကြည့်၍ ...

"အစ်ကိုက ဘယ်လိုပြောရမလဲ .. ချောတယ်၊ ဒါပေမယ့် .."

"အင်း .. ဘာဖြစ်လဲ .. ဆက်ပြော .."



www.burmeseclassic.com

www.burmeseclassic.com



"ချောတာထက် ပိုတာထင်တယ်၊ အရမ်းဖြောင့်တယ်၊ တကယ်ပြောတာပါ .. ကျွန်တော်က အစ်ကိုပုံစံမျိုး ဖြစ်ချင်တာ၊ နောက်ပြီး အစ်ကိုကို မြင်လိုက်တာနဲ့ လုပ်ငန်း ဒါမှမဟုတ် ကြီးကျယ်တဲ့ အဖွဲ့အဖွဲ့တစ်ခုခုရဲ့ ဦးစီးခေါင်းဆောင်ပုံစံက ထင်းနေတာ၊ လွှမ်းမိုးခြင်းတစ်ခုအောက်မှာ မဟုတ်ဘဲ ကိုယ်ကသာ လွှမ်းမိုးထားနိုင်တဲ့ ဩဇာရှင် ဒီနိုင်းမျိုး .."

"မင်း ကြည့်ရတာ မအေကို ချစ်တယ်လို့ ပြောနေပေမယ့် စိတ်ကျဉ်းကျပ်မှုတွေနဲ့ ထွက်ပေါက်ရှာနေသလိုပါလား"

"မဟုတ်ဘူး .. အဲဒါ အစ်ကို မှားသွားပြီ၊ ကျွန်တော် အရမ်းတော်ချင်တာက မေမေ့အတွက်ပါ"

"အင်း .. ပြောပါ"

"အခု ကျွန်တော်တို့သားအမိမှာ သုံးလွှာတိုက်ခန်းတွေက ဝင်ငွေရှိတယ်၊ မေမေက သိမ်ကြီးဈေးရုံထဲမှာ ကိုယ်ပိုင် အသေးစား ငွေချေးငွေချေး လုပ်တယ်၊ အဲဒါကလည်း နှစ်ဦးစပ် ရှယ်ယာပါ၊ မေမေ့ကိုယ်ပိုင်ဖြစ်သွားတာ လပိုင်းလောက်ပဲ ရှိသေးတာ၊ ပြောရမယ်ဆိုရင် ကျွန်တော်တို့အတွက် ပြည့်စုံ ဖူလုံပါတယ်၊ ဒါပေမယ့် လူတွေအမြင်မှာ ဘာတွေ လိုအပ်နေမှန်း မသိဘူး၊ မေမေ့ကို ကူညီပါရစေ၊ လက်တွဲပါရစေဆိုတဲ့လူတွေက 'မရောင်းပါဘူးဆိုမှ ချိန်ပါ .. ချိန်ပါ' လုပ်နေကြတာ၊ မလိုချင်တာကို အတင်းကိုပေးဖို့ ဖြစ်နေကြလေ၊ ဒါတွေကြောင့် ကျွန်တော် အရမ်းတော်မှ ဖြစ်မှာ မဟုတ်ဘူးလား .. အစ်ကိုလိုကျွန်တော် သန့်သန့်ခန့်ခန့်ကြီး ဖြစ်နေခဲ့ရင် သူသားလေးက အားကိုးလောက်စရာပဲလို့ မြင်လာကြမယ်၊ ကောင်လေးတစ်ယောက်အမြင်နဲ့ အမေ့ကို အားကိုးမဲ့နေတယ်လို့ ထင်နေတာတွေ ရပ်တန့်သွားမယ်"

"မထင်ပါနဲ့ ချာတိတ်ရာ.. လူ့သဘာဝကိုက အပြုသဘောထက် အပျက်သဘောကိုပဲ အလိုရှိတာ၊ လမ်းဘေးဆိုင်းဘုတ်မှာ ရှိနေတဲ့





ပုံတွေ၊ စာတန်းတွေကိုတောင် အလွတ်ပေးတာ မဟုတ်ဘူး၊ လူ့ပုံပေါ်မှာ နှုတ်ခမ်းမွေး တပ်တယ်၊ အစွယ်တွေ ထည့်ခဲ့မယ်၊ စာလုံးတွေကျတော့ ဝဆွဲတွေ ဖျက်၊ ဝစ္စပေါက်တွေ၊ အသတ်တွေ ပြင် .. မင်းတွေ့ဖူးဘူးလား .."

သားငယ် မျက်ခုံးတွေ တွန့်ကုတ်လျက် ဘာပြောရမှန်း မသိသလို ငြိမ်သွား၏။

"နောက်ပြီး လောကမှာ လိုချင်တိုင်း မရဘူး၊ စိတ်ကူးတွေရင့်ရင်နာတတ်တယ်၊ ရှုးတယ်ဆိုတာလည်း ဟားဟားဟီးဟီးနဲ့ ငိုဟယ်ရယ်ဟယ်ဖြစ်ပြီး သွက်သွက်ခါ ရှုးတာကို ပြောတာ မဟုတ်ဘူးနော်.. အာဘလွန်လာတော့ အတ္တကြီးတာကို ပြောတာ၊ လူတိုင်းပဲ အတ္တကြီးလွန်ရင် အရူးလိုပဲလေ"

"ကျွန်တော်က ဖြစ်နိုင်ချေရှိနေပြီလား"

"ဟုတ်တယ် ရှိနေပြီ .. ဆေး မှန်မှန်စားဦး"

နှစ်ယောက် ရယ်နေမိကြတာ ခဏနဲ့ မပြီးနိုင် ..။

"ဆေးစားစရာ မလိုပါဘူး .. ကျွန်တော်က လူငယ်တစ်ယောက်အနေနဲ့ ကိုယ့်အတွက် ရောင်စရာ ဆောင်စရာလောက်တော့ ခွဲခြားကြည့်တတ်ပါတယ်၊ အစ်ကိုလိုလူနဲ့ ဆုံစည်းနေကာမှ ဘာလိုသေးလို့လဲ"

အရိပ် နှုတ်ခမ်းတွေမှာ လျှို့ဝှက်သည့်အပြုံးနှင့် မဲ့လိုက်သည့်အသွင် ထင်၏။

မင်းက မလိုဘူးဆိုရင်လည်း ငါ့အတွက်က မင်း လိုအပ်တယ် သားငယ် ..၊ ဘာဖြစ်လို့လဲဆိုတော့ မင်းဟာ ငါ သိပ်ကို မုန်းတီးကြည်းခဲ့တဲ့ မိန်းမရဲ့ဘဝတစ်ခု ဖြစ်နေလို့ ..။ အဲဒါကြောင့် သေချာဘဝတစ်ခု ပြောရရင် ..၊

"မင်း လူပေါင်းမှားပြီ"



www.burmeseclassic.com

## အခန်း (၁၂)

"သား ဘာမှားလို့လဲ မေမေ .."

"ဘာ!... ပြောတယ်"

"တိုးတိုးပြောပါ မေမေရာ .."

"တိုးတိုးမပြောနိုင်ဘူး သားငယ် .. အဲဒီတော့ မင်း အခုချက်
မေမေနဲ့ လိုက်ခဲ့"

"ဟာ!... မေမေကလည်း .. အော့ .."

လှေကားထောင့်ချိုးမှာ ခေါင်းငိုက်စိုက်နှင့် ရှိနေသော သား
သည် နံရံမှာ ကျောကပ်မှီလျက် ကြို့ထိုးလိုက် လက်ကာလိုက်

"သား .. အော့ .. သား ဒီတစ်ခါတည်းပါ၊ နောက် မသော
တော့ပါဘူး၊ တစ်ခါမှလည်း .."

"တစ်ခါမှ မသောက်ခဲ့ဖူးဘူးလို့ ပြောမလို့လား .. မင်း မှ
ဝါဒတွေကို အရည်ကျိုသောက်နေတာလားဟင်"

"မေမေရာ .."





"မိဘကွယ်ရာမှာနေဖို့ ကြိုးစားတယ် .. အတတ်ကောင်းကို
ဥလာဘဲနဲ့ မကောင်းနည်းမျိုးစုံနောက်လိုက်ပြီး လူတတ်ကြီးလိုလို
ရောက်ဒီမရောက် .."

"ဟား!..."

"တောက် .. ဘာဟားတာလဲ .. လာခဲ့"

"မေမေ ဟာ .. မေမေ့ နေပါဦး"

လှေကားထစ်တွေအတိုင်း သားငယ်ကို ဆွဲချလာခဲ့ပြီး မြေညီထပ်
က်တော့ လုံခြုံရေး ဦးဗလ က ဝိုင်းကူတွဲ၏။

"ရပြီ ဦးဗလ .. ဖယ် .."

"မမကြီး ရပါ့မလား .."

တံခါးပိတ်လိုက်သည့်အရှိန်ကြောင့် ဒေါသကို ခနဲ့မှန်းမိသွားကာ
လ က စိုးရိမ်သည့်မျက်နှာနှင့် မေးသည်။

လျှပ်ပန်း က မှန်တင်လိုက်ရင်း ခေါင်းပဲ ညိတ်ပြခဲ့သည်။ ကား
ည်းလာခဲ့သည့် တောက်လျှောက်မှာ ကြားလာခဲ့ရသော သားငယ်ရဲ့
လေးလျှာလေးစကားသံတွေကြောင့် ဘာကြောင့်မှန်း မသိဘဲ မျက်
က စိုစိုစွတ်စွတ် ဖြစ်လာ၏။

"သားက မေမေ အားကိုးထိုက်တဲ့သားဖြစ်ဖို့ ကြိုးစားနေ
"

"တချို့နေရာတွေမှာ အရက်က အသက်ကယ်ဆေးပါ မေမေ
ဗျက်စီးအောင် ကိုယ့်ကိုယ်ကိုယ် သား မလုပ်ပါဘူး.. ပူမနေပါနဲ့"

"မေမေက သားကို ကလေးလို့ ထင်နေပေမယ့် သားကတော့
ဘဲလိမ်နီးပုံစံ တန်းဖြစ်ချင်နေတာ၊ ဒါမှ သားတို့သားအမိကို
မနောက်တွေနဲ့ စော်ကားချင်နေတဲ့လူတွေလည်း ပါးစပ်ပိတ်
ရာ"တဲ့ ...။

'တော်တော့'လို့ ပြောလည်း မရ၊ အိပ်တော့ဆိုလည်း မအိပ်ဘဲ

www.burmeseclassic.com



အိမ်ရောက်လာတဲ့အထိ သားငယ် က ပန်း လက်မောင်းကို ဖက်
ပြီး ပြောလို့ကောင်းနေတုန်း …၊

သားလေးကို သူမ ပြုစုပျိုးထောင်လာခဲ့တာ ဒီလမ်းကြောင်း
ပေါ် ရောက်သွားဖို့ မဟုတ်ပေ …။

ကိုယ့်တစ်ယောက်တည်းကနေ အဖေလိုရော အမေလိုရော ပြ
ချမ်းမြေ့သည့် မေတ္တာစေတနာတွေကို သားလေး ငတ်မွတ်တော
နေစရာ မလိုအောင် ယုယ နွေးထွေးခဲ့တာ ဖြစ်သည်။

ဒါနဲ့တောင်မှ ကိုယ့်မိခင်ရဲ့ ရင်ခွင်ရိပ်အောက်မှာ မတောင့်
မကြောင့်မကြ နေရမှာကို ဘာအတွက် ဘယ်အထိ ခြေလှမ်းက
စဉ်းစားနေတာလဲ …။ ယောက်ျားပီသခြင်းဟာ အရက်သောက်နိုင်
နဲ့ဆိုင်သလား၊ ယောက်ျားတို့လုပ်ပိုင်ခွင့်ရှိသမျှ ကောင်းခြင်း၊ မကော
ခြင်း အတတ်ပညာတွေကို တတ်သိနားလည်နေမှ ယောက်ျားကော
တစ်ယောက် ဖြစ်နိုင်မှာလား …။

သားလေး ခံယူချက်တွေ လွဲမှားနေပြီကို သိပေမယ့် ဘယ်
သက်သေသာဓကတွေနဲ့ ဆုံးမရမှန်း မသိ၊ 'အနားမှာပဲ နေပါတော
ဆိုပြီး ရင်ခွင်ထဲ ထည့်ထားလို့ ငြိမ်ကုပ်နေမယ့်အရွယ်လည်း မဟု
တော့ သူမရင်ထဲမှာ ရှင်းလင်းသည့်အဖြေ မရှိခဲ့ဘဲ ချာချာလည်နေခဲ့

"သားငယ် .. သား ဒီမှာ မေမေ့ကို ကြည့်စမ်း"

"ဟင် .. ဗျာ .. ပြောလေ မေမေ"

အိပ်ရာပေါ်မှာ ထိုင်စေပြီးမှ လှဲချလိုက်တော့မှာကို ပန်း
အတင်းပြန်ဆွဲထားကာ သားငယ် ရှေ့မှာပဲ ခုံဆွဲထိုင်၍ …

"အခု မင်းတို့ အခန်းထဲမှာ ဖဲကစားနေကြတာလား .. မှန်
ပြောစမ်း"

"ဟာ!… မဟုတ်ပါဘူး မေမေရာ .."

"မဟုတ်ရင် မေမေ မြင်ခဲ့တာက ဘာလဲ .."





"အဲဒါ .. အေ့ .. အဲဒါ နေ့လည်က ကစားကြတာလေ၊ ဟိုကောင်
သိမ်းမသွားလို့ ကျန်နေတာ"

"ဘာ!…"

"လန့်လိုက်တာ မေမေရယ် .. သား အိပ်တော့မယ်နော်"

"နေဦး .."

သားငယ် က အိပ်ရာထဲလှဲဖို့ ဟန်တပြင်ပြင် ဖြစ်နေလျက် ပန်း
မကျေနပ်နိုင် …။

"မင်းကို သောက်စား .. လောင်းကစားဖို့တွေ ဘယ်သူ သင်
နေတာလဲဟင်၊ အဲဒီလောက် ပညာတွေစုံနေတာ ဘယ်တုန်း
ည်းကလဲ .. ပြောစမ်း .. လူကဖြင့် ဆယ်တန်းတောင် မအောင်
ဘူး၊ ဘာတွေဖြစ်ချင်လို့ ဒီလောက်တောင် မဟုတ်တဲ့အတတ်တွေ
တ်ချင်နေရတာလဲ"

"မဟုတ်တဲ့အတတ်တွေမှန်း သား .. သား သိပါတယ် .. အေ့..
ပေမယ့် .."

"ဘာ ဒါပေမယ့်တာလဲ .."

ဒေါသနှင့် သားရဲ့ပခုံးတစ်ဖက်ကို ဆုပ်ကိုင် ခါယမ်းပစ်မိ၏။

"မေမေကလည်း မေမေရာ .. သား ဘာမှမဖြစ်ပါဘူး၊ ဒီနေ့ကျမှ
ည်က သူငယ်ချင်းနှစ်ယောက်ကလည်း ရောက်လာတာနဲ့ သူတို့
လေး သင်္ဘောသားလည်း ပါလာတော့ .."

ကြည့်စမ်း .. တကယ့်ကို ဆရာသမားကောင်းနဲ့ တွေ့ပေတာပဲ။
ပန်း ရင်တွေ ပူသွားသည်။ သားငယ်က လှဲချလိုက်ဖို့ မကြိုးစား
မယ့် မျက်နှာကို ပွတ်လိုက် အိပ်ရာလှမ်းကြည့်လိုက်နှင့် လည်ပင်း
ပွတ်သပ်ကုတ်ရင်း ရှုံ့မဲ့စ ပြုလာလျက် …

"တစ်နေ့တည်းနဲ့ အဲဒါတွေလုပ်ပြီး ပျော်မိကြတာ၊ တကယ်ပါ..
.. တစ်ခါတလေပါ မေမေရာ .. အဲဒါ တစ်ခါတလေကျမှ မေမေ

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



က လာတွေ့သွားတာ''

"တစ်ခါတလေကနေ ခဏခဏ ဖြစ်လာမယ်.. ကြာရင် ရောဂါ ရခက်တဲ့အကျင့် စွဲသွားမယ်၊ မင်းကိုယ်မင်း ဘာမှတ်နေလဲ သား သူများတွေ မင်းအမေကို လေးစားစေချင်ရင် မင်းကိုယ်တိုင် လေး ဖြစ်မှာ .. အခု မင်းရဲ့ခေါင်းထဲမှာ ငါ့အမေ ရှိပါသေးလားဆို အတွေးလေးတောင် ဝင်ရဲ့လား''

"မေမေရာ ..''

ခေါင်းကုတ် ရှုံ့မဲ့လာတဲ့အထိ သားငယ် မျက်နှာ ဖြစ်လာ ပန်း ပင့်သက်ရှိုက်၍ နေရာမှ ထရပ်သည်။

"အေး .. မင်း အိပ်လိုက်တော့ .. မနက်ကျမှ ဒီကိစ္စ ဆက် မယ်''

"ဟား!...''

ဆက်ပြောဦးမယ်ဆိုတာကိုပဲ စိတ်ညစ်သွားသလို သားငယ် အိပ်ရာပေါ် လှဲအိပ်လိုက်တဲ့အထိ ခပ်မဲ့မဲ့ ..၊ မအေကို လက်ထပ်ပါ ပြောဆို ကမ်းလှမ်းလာကြတာဆို သားငယ်တို့ ဝုန်းဒိုင်းကြဲချင်သ

ခင်မင်တာ၊ ရင်းနှီးတာ ဘယ်လိုဖြစ်ဖြစ် မရှိုးမသားပုံ ပေါ် လာပြီဆို အဲဒီလူကို ပန်း က အရေးပေးတာလည်း မကြိုက်၊ နော ထပ် ပတ်သက်ဆက်ဆံဖို့လည်း မစဉ်းစားနဲ့ ...။

"အဲဒါ မေမေ့ကို မရိုးသားတာ''

"အရွယ်ရှိတော့ ဘာဖြစ်လဲ မေမေ .. အရွယ်ရှိနေတာနဲ့ ယောကျ်ားမယူဘဲ မနေရတော့ဘူးလား''

"မေမေ ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးမဖြစ်တာ ဟုတ်တယ် အဲဒါ နောက်ထပ် ယောကျ်ားလိုချင်လို့ ဖေဖေ့ကို သေခိုင်းခဲ့တာ မဟုတ်ဘဲ'' စသဖြင့် ...၊

လှငယ်ပီပီ စိတ်ဆတ်သလောက် ဒါဆိုဒါ တစ်ထစ်ချ ...။





သဘာဝတရားတွေပါလားလို့ မမြင်သလို ငါ့အမေက ဘယ်လို မျိုးလဲလို့ မစဉ်းစားဘဲ ထင်သလို အမျိုးမျိုး ပြောဆို ဝေဖန်နေ ပတ်ဝန်းကျင်ကိုလည်း ခွင့်မလွှတ်ချင် ...။

မေမေ့အတွက် ဒီလူတွေ ဝေဖန်စရာမရှိအောင် 'ငါက အားကိုး တဲ့ သားကြီးတစ်ယောက် ဖြစ်ရမည်'ဆိုသည့် ရည်ရွယ်ချက်တွေ နေခဲ့တာလည်း အစွန်းရောက်၏။ ဒါတွေဟာ အချိန်ဆိုသည့် ကော်ဝန်းထဲမှာ သူ့အလိုလို လည်ပတ်ကုန်ဆုံးရင်းကနေ ရရှိလာ ရင့်ကျက်မှုတွေဆိုတာကို နားမလည်နိုင်ပါလား ...။

ဘကယ့်ဘဝဆိုတာ ရုပ်ရှင်ပိတ်ကားမှာ ကြည့်ရသလို ... ဥသြ လေးနဲ့ သစ်ခြောက်ပင်၊ မိုးသည်း၊ နှင်းဝေ သုံးရာသီ ပြလိုက်တာ ာသီတွေကို အလီလီပြောင်းခိုင်းပြီး သက္ကရာဇ်တွေ ခုန်လွှားကျော် ဆို့ မရနိုင် ...။

သားလေး နားလည်လာမှာပါဆိုပြီး အမျိုးမျိုး အလျှော့ပေး အလို ခဲ့မိတာ မှားသွားပြီလား ...။ တိုက်ခန်းမှာ သွားနေကတည်းက ယ် အချိုးပြောင်းသွားခြင်းဟာ သူငယ်ချင်းအသစ်၊ ပတ်ဝန်း သစ်နှင့် ချက်ချင်း ပျော်ဝင်သွားခဲ့တာ အသိသာဆုံး ...။

အခန်းပြင်ကို ထွက်လာခဲ့ရင်း ပန်း မျက်လုံးထဲမှာ ကိုကို့ပုံရိပ် ို မြင်ယောင်လာခဲ့သည်။ ထူးဆန်းစွာ ပြန်လည် ဆုံတွေ့ခဲ့ကြ နောက်ထပ် ဘယ်လို ဆန်းပြားသည့် လှည့်ကွက်ဆန်းတွေနဲ့ သွားရဦးမှာလဲ ...။

သူမနဲ့ သားငယ်ရယ် .. ကိုကိုရယ် ...၊ ပြီးတော့ သားငယ် ပြော တ်သည့် ကိုကို့အကြောင်းတွေရယ် ...။

"နာမည်ကလည်း မိုက်တယ်နော် မေမေ 'အရိပ်ထင်'တဲ့၊ လု ည်း ဖြောင့်တယ်၊ အဲဒီဘဲကို မြင်မြင်ချင်း ဘာဖြစ်လို့ ခင်မိသွား ဲ မသိဘူး''တဲ့ ...။



www.burmeseclassic.com

www.burmeseclassic.com



"တခြားလူတွေလို မဟုတ်တာ မေမေသိပြီမို့လား.. ဒီလိုပတ်
မိတဲ့အခွင့်အရေးမျိုး ဖြစ်လာရင် ဖောမယ်ရောမယ် ဆိုတာချည်း
အခု သားကချည်းပဲ သူ့ကို သွားရှာနေမိတာ" လို့ ပြောသေးသ

ကိုကိုနဲ့ သားငယ် တွေ့ဖြစ်ကြတာ ဘယ်နှစ်ကြိမ်ရှိပြီလဲ
မသိပေမယ့် ပန်း ဆီကို နောက်ထပ် ရောက်မလာခဲ့တာတော့
ပါသည်။ ကိုကို ဘာဖြစ်လို့ ရောက်မလာခဲ့တာလဲ ..၊ သားငယ်
ဘာမှမသိပေမယ့် ကိုကိုနဲ့ ပန်း တို့ရဲ့ အတိတ်က သံယောဇဉ်
ပန်း တို့ပဲ သိတာ မဟုတ်ဘူးလား ..။

တကယ်ဆို ပြန်ဆုံခဲ့ကြတဲ့နေ့က ကိုကို့ရဲ့ မျက်လုံးတွေ၊
တွေ၊ ပြီးတော့ ခနိုးခနဲ့စကားတွေကိုသာ မမြင်ခဲ့၊ မကြားခဲ့ရ
လျှင် ပန်း ကိုကို့ကို ထပ်တွေ့ဖို့မကြိုးစားဘဲ ခုလို နေနိုင်မှာ မဟု

ပန်း ဘာမှားခဲ့သလဲ ..၊ ကိုကို ဘာကို နာကြည်းနေတာ
ဒါတွေကို ပန်း မသိပေ။ ကိုကို မရှိတဲ့အချိန်မှာ ဘာတွေ ဖြစ်ပျ
ခဲ့တယ်၊ ကိုကို့အတွက် ပန်း ဘယ်လို စွန့်စား ကြိုးပမ်းခဲ့တယ်
တွေအပေါ် ကိုကို စိတ်မဝင်စားသလို ဘာမှ မမေးမမြန်းဘဲနေ
သာ နားမလည်နိုင် ..။

ကိုယ့်မှာ ပြောပြစရာတွေ ရင်ထဲမှာအပြည့်ပေမယ့် ကိုကို့မျ
တွေကြောင့် နားမလည်နိုင်စွာ ဆွံ့အခဲ့ရသည်။ ထိုမျက်လုံးစိမ်းတို့
ပဲ ဒီနေ့ထိ ကိုကို့အကြောင်း၊ သားငယ်ဆီမှာတောင် မမေးရဲခဲ့

အတိတ်နဲ့ ပစ္စုပ္ပန်ရဲ့ကြားကာလတွေဟာ ပန်း အတွ
ပင်လယ်ကြီးတစ်ခုဆိုလျှင် အတိတ်ထဲက မီးစနေ ဆိုတဲ့ မိန်းက
တစ်ယောက်ကို ..၊

ကိုကို နားလည်သင့်ပါတယ် ..။





## အခန်း (၁၃)

တိုတုန်းက လျှပ်ပန်း လို့ ကိုကိုက ကင်ပွန်းတပ်ပေးခဲ့ပေမယ့်
ဆိုတဲ့ မီးစ၊ မီးပွားကတော့ ကိုယ့်နောက်က ကပ်ပါနေခဲ့တာ
ာ့တစ်ခု နှုတ်ခမ်းပေါ်က အမှိုက်တစ်စလိုပါပဲ ..။

"ကဲ .. ဒီ့ထက်ဆိုးဝါးတဲ့ အခြေအနေရောက်အောင် မင်း စောင့်
ား အရိပ် ..၊ တစ်အိမ်တည်းမှာ နေကြပြီး သေးထွက်သံယိုတွေ
န်ကြပြီ"

းလောင်ရာလေပင့်ဖို့သာ အမြဲ အဆင်သင့်ဖြစ်နေကြသည့်
တွန်း တို့ သားအဖက ဒေါ်နေခြည် နဲ့ ပန်း တို့ တစ်ခုခုပြဿနာ
ကိုင်း ပြေးလွှားရောက်လာတတ်တာ ဒီစကားတွေ ပြောဖို့ ..။

"ကိုယ့်ကို ကူညီထားတဲ့ အိမ်ရှင် .. ကျေးဇူးရှင် .. ပြီးတော့
က်မကောင်းတဲ့သူ၊ ဒါကို သည်းခံဖို့ မင်းလည်း အထပ်ထပ်
ားမှာပဲ၊ သည်းခံရမယ်ဆိုတာလည်း သူကိုယ်တိုင် နားလည်
ာ မဟုတ်ဘူးလား .. ခုတော့ ကြည့်စမ်း .."



www.burmeseclassic.com

www.burmeseclassic.com



"ဦးက အဲဒီလိုတော့ မပြောပါနဲ့ .. ပန်း က အလုပ်လုပ်နေ
ကလေးက နောက်ဖေးသွားချင်တယ်ဆိုလို့ လိုက်ပို့ပြီး ပြန်လာ
ဗိုက်ဆာတယ်တဲ့၊ အဲဒါနဲ့ ရေခဲသေတ္တာထဲမှာ ငှက်ပျောသီးပဲရှိ
"ဟော .. တော်စမ်း"
"ပန်း ဘာမှမပြောရင် ဦးက ကိုကို့ကို မြှောက်ထိုးပင့်
စကားတွေပဲ ပြောနေမှာကို"
"တွေ့လား .. အစ်ကို့ချာတိတ်မက တစ်အိမ်လုံး သူ ကြော
မယ့်သူ မရှိဘူး၊ သိပ်ဗွာတာ .."
"နင် ဝင်မပါပါနဲ့ .."
တစ်ခုခု ရှင်းရဖို့ရှိပြီဆို ဦးမြတ်ထွန်း ကပဲ ရှေ့ကဖြစ်ကာ
မင်းဦး က ခုလို မထိခလုတ် ထိခလုတ်တွေ ဝင်ပြောပြီး မီးထိုး
ပန်း က လက်သည်းရာတို့နှင့် သွေးထွက်နေသည့် ဘယ်
လက်ဖျံကို ညာဘက်နဲ့ ဖိဆုပ်ထားရင်း ထွန်းမင်းဦး ကို ပြော၍
ကိုလည်း တောင်းပန်သလိုကြည့်ကာ ...
"ပန်း တမင်ပြန်လုပ်တာ မဟုတ်ဘူး ကိုကို၊ မေမေကြီးက
လိုမှ ရုန်းထွက်မရအောင် ထုရိုက် ကုတ်ဆွဲနေလို့ .."
"တော်တော့ .."
"နားထောင်ပါဦး ကိုကိုရယ် .. ကလေး ရင်ပြည့်နေလို့
တိုက်ထားရတာကို ပန်း တကယ် မသိတာပါ၊ ငှက်ပျောသီး ကျွေ
တာကို မြင်တာနဲ့ 'ကလေးကို သတ်နေတယ်' ဆိုပြီး မေမေကြီး
ပန်း ရဲ့ဆံပင်တွေကို ပြေးဆွဲတာ၊ ပြီးတော့ .."
"တော်ပါတော့ကွာ .. သွား .. မင်း သွားတော့"
"ကိုကို .."
"လျှော်ပန်း .."
နီရဲနေသည့်မျက်နှာကို ကြည့်၍ ပန်း မျက်ရည်တွေ အားကော





ပြည့်တက်လာကြသည်။
"မင်းကို သွားခိုင်းနေတယ် .. သွား .. အထဲဝင်စမ်း"
"အထဲကို မဟုတ်ဘူးကွ .. တစ်ခါတည်း မောင်းချလိုက်ရမှာ၊
အတစ်ယောက်လုံးကို ထိပ်ပေါက်ခေါင်းကွဲဖြစ်အောင် လုပ်လိုက်
မင်း မမြင်လို့လား"
ဦးမြတ်ထွန်း က ဝမ်းခေါင်းသံကြီးနဲ့ ထအော်သည်။ လှည့်ထွက်
ပြီးမှ ပန်း ခြေလှမ်းတုံ့သွားကာ ပြန်လှည့်ကြည့်မိ၏။ ဒါပေမယ့်
မိုပ် မျက်လုံးတွေက သူမထံမှာပဲ စူးစူးရဲရဲမို့ အထဲကိုပဲ ဆက်ဝင်လာ
မိ၏။
"ဒီကောင်မလေးကို မင်း ဘာဖြစ်လို့ ဒီလောက် .."
"လေးလေး .."
"ငါက လူကြီးဖြစ်နေလို့ ဖြစ်သင့်တဲ့အတိုင်း အကြံပေးနေတာ၊
ဖြစ်နေတာမျိုးတွေ တစ်ခါ နှစ်ခါ မကတော့ဘူး"
"ကျွန်တော် မြင်တယ် လေးလေး .. ကြားလည်း ကြားတယ်၊
အဲဒါကြောင့် ဆုံးဖြတ်ချက် လွယ်လွယ်မချနိုင်တာ .."
"ဘာ!... မင်းက ခုထိ .."
"ခုထိ ဖြစ်ခဲ့သမျှက မဖြစ်သင့်တာတွေမှန်း သိတယ်၊ တုံ့ပြန်တဲ့
သူက မှားပေမယ့် စခဲ့တဲ့အဖြစ်ကိုလည်း ပြန်ကြည့်ရမှာပဲ"
"ငါကလည်း မင်းကို နှစ်ဖက်သက်သေတွေရဲ့ ထွက်ဆိုချက်ကို
နားထောင်ပြီး စီရင်ချက်ချဖို့ ပြောနေတာ မဟုတ်ဘူး အရိပ်၊ မဆီ
မဆိုင် ဦးနှောက်ခြောက်ခံနေတာကို အံ့ဩတာ .. ဒီအိမ်မှာ သူ ဘာ
အခွင့်အရေးမှ ပြောခွင့်မရှိဘူး၊ သူ့အတွက် အမြဲတမ်း အမှန်တရားက
အများက မှားယွင်းနေရင်လည်း အမှန်တွေလို့ သူ လက်ခံဖို့ပဲ၊ မွေးစား
တယ်လို့ ခေါင်းစဉ်တပ်ပေးလိုက်တာက သူ့အတွက် .. ဒါပေမယ့်
ဒီအိမ်မှာတော့ အိမ်ဖော်ပဲ၊ စာနာစိတ်နဲ့ ခေါင်းစဉ်ကောင်းတပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ငဲ့ညှာပေးတာကို အခွင့်အရေးယူသင့်သလား"

အရိပ် မျက်မှောင်ကုတ် ငေးငိုင်ရင်း ဘာစကားမှ မပြောနိုင်... လျှပ်ပန်း မရောက်ခင်တုန်းက အလုပ်တစ်ဖက်နဲ့ အချိန်တွေထဲက... မေမေ့ရောဂါကို ကုသဖို့ ဘယ်လိုကြိုးစားရမလဲဆိုတာသာ ခေါင်း... ဖို့ ရှိသည်။

သူမ ရောက်လာပြီးမှ ဖြစ်လာခဲ့သော ရှုပ်ထွေးလာခဲ့တာတွေ... ရှင်းလင်းနေရတာတွေက မကြာခဏ ဆက်တိုက် ...၊

"ခုဆိုရင် သုံးကြိမ်မြောက်နော် .. ဒါက အဆင်မပြေဖြစ်ခဲ့တဲ့ အကြိမ်ရေကို ပြောတာ မဟုတ်ဘူး .. သွေးထွက်သံယိုနီးပါး အ... သွေ ...က်ရတဲ့အထိဖြစ်တဲ့ အကြိမ်ရေ .."

ဦးမြတ်ထွန်း က ဒါကိုပဲ ပြန်ဆက်ပြောရင်း ...

"အဲဒီတော့ မင်း သူ့ကို ရှင်းထုတ်ဖို့ပဲ စဉ်းစား .. ငါ ဒီမှာ ဦးဆောင် ဦးရွက်ပြုနေရတာ စီးပွားရေးတစ်ခုနဲ့တင် ခေါင်းရှုပ်လှပြီ၊ အိမ်ပြန်လာ တိုင်း ဒါတွေပဲ ရှင်းနေရမယ်ဆိုရင် ဘယ်လိုလုပ်မလဲ .. လူတစ် ယောက်တိုးလာရင် ပါးစပ်တစ်ပေါက် တိုးတယ်၊ ပါးစပ်တစ်ပေါက် က ဘယ်လောက် ကြောက်စရာကောင်းသလဲ မင်း သိလား"

ထိုပြဿနာ ပြီးသွားခဲ့ပေမယ့် ကိုယ့်နောက်မှာ ပြောဆို ကျန်ခဲ့တဲ့ စကားတွေကို ကြားခဲ့ရကာ ပန်း တစ်ညလုံး အိပ်မပျော်ခဲ့ပေ ...။

'သူ့ကိုတော့ နှင်မချနိုင်ဘူး'လို့ ကိုကို ပြန်မပြောခဲ့တာကို သိနေ တော့ ကြေကွဲမှုက ပြောမပြတတ်အောင်ပင် ...၊ မိုးလင်းတာနဲ့ ကိုကို ပန်း ကို နှင်လွှတ်တော့မှာလား ...။

ဒီအိမ်မှာ ခေါ်နေခြင်း နဲ့ သင့်မြတ်ဖို့သာ အဓိကမှန်း သိပေမယ့် မသင့်မြတ်ရင်တောင် ပြဿနာမတက်ရအောင် နေတတ်ရမှာမှန်း သိ တာတောင် ပန်း ဘယ်လိုမှ ရှောင်မလွှတ်ခဲ့တာ ကိုယ့်ရဲ့ကံကြမ္မာလား...

ထိုအခါ သူမ ငယ်စဉ်က အတိတ်၏ပုံရိပ်တချို့ကို ပြန်မြင်လာ





...ည်။

"သူ့မျက်တောင်တွေကို ညှပ်ပစ်လိုက်မယ်၊ ဆံပင်တွေကို ကတုံး ...လိုက်၊ အဲ့ဒါဆိုရင် ဒီလောက် ပြူးပြဲနေတဲ့မျက်လုံးကြီးနဲ့ ဘယ် ...လှဝင်ဆံ့တော့မှာ မဟုတ်ဘူး"

"အမေတို့ပြန်လာရင် ငါတို့ကို ဆူမှာပေါ့"

"ဘာလို့ ဆူရမှာလဲ .. ခေါင်းထဲမှာ ယားနာတွေပေါက်လို့ ...တုံးရိတ်ပစ်မယ်လို့ ပြောနေတာ နင် မကြားဘူးလား၊ ငါတို့က ...ားလိုက်ရင် ကျေးဇူးတောင် တင်ဦးမယ်"

"ဟုတ်တယ် .. ဟုတ်တယ် .. သူ့ကို ဦးလေးကလွဲရင် ဘယ်သူမှ ...ရှိကြတာ မဟုတ်ဘူး"

တိုင်ပင်နေကြပြီဆိုကတည်းက ပန်း အားလုံး ကြားသည်။ ဒီအိမ် ...မေစိုး တို့က ပိုင်ရှင်ပေမယ့် တောကနေရောက်လာပြီး အတူ ...ကြသည့် မောင်နှမဝမ်းကွဲမိသားစုတွေ ရှိကြသေးသည်။ မိသားက နှစ်စုတည်းပေမယ့် နောက်ထပ် အစွယ်အပွားတွေ ...သမီးတွေနဲ့ဆိုတော့ ပန်း နဲ့ မတိမ်းမယိမ်းအရွယ်တွေချည်းပဲ ...ယာက်တောင် ရှိ၏။

မီးစနေမ လို့ ခေါင်းစဉ်တပ်ပြီး ဆူပြီဆိုရင်တော့ ဝိုင်းဝန်း ပြော ...ကြသည့် လူကြီးတွေက အိမ်မှာနေတဲ့လူတွေရော ပတ်ဝန်းကျင်က ...လည်း ပါသည်။

ထို့ကြောင့် နေရာတကာ ပါးစပ်ပိတ်ရင်း ချောင်ကပ်နေခဲ့သည့် ...တွက် တစ်အိမ်တည်းနေကြသည့် ကိုယ်နဲ့ရွယ်တူတွေကိုတောင် ...ချင်း ဘယ်လိုတော်စပ်ကြမှန်း မသိသလို နာမည်တွေကို ခေါ်သံ ...ကြားနေပေါလျှက်နှင့် ဘယ်နာမည်က ဘယ်သူဆိုတာ လူနဲ့ ...ည် တွဲ၍ မသိခဲ့ပေ ...။

ကိုယ့်ကို ဒုက္ခပေးတော့မည်ဆိုတာ သေချာသိလိုက်သည်နှင့် ရှ...



www.burmeseclassic.com

www.burmeseclassic.com



ကို ချက်ချင်းရောက်လာကြတာ တက်ညီလက်ညီ ...၊ ပြဿနာတ
ဖြစ်လာပြီဆို ရှောင်တိမ်းချိန်မရလိုက်အောင် အလုံးအရင်းနှင့်
လာတတ်တာတွေဟာ ထိုစဉ်ကတည်းက ရှိခဲ့လေသည်။

"မလုပ်နဲ့ .. မလုပ်နဲ့နော် .. နင်တို့ .."

"မပြေးစေနဲ့ .. ဆွဲထားကြ၊ သေချာ ချုပ်"

အိမ်မှာ လူကြီးတွေမရှိတဲ့ အချိန်ခဏလေးမှာ ကလေးတွေ
ဒိုင်းကြဲနေကြတော့ ဆော့နေကြတာပဲလို့ ပတ်ဝန်းကျင်က ထင်
လိမ့်မည်။

တကယ်လည်း သူတို့တွေက ပျော်နေကြတာဖြစ်ကာ ဘ
နေခဲ့တာက ပန်း သာ ဖြစ်၏။ နှစ်ယောက်က ခြေထောက်ကို
လက်တွေရော ချုပ်ထားကြကာ တစ်ယောက်က နဖူးက ဆံပင်
မညှာမတာ ဆုပ်ဆွဲ၍ နောက်ကနေ မျက်နှာမော့နေအောင် ချုပ်
သည်။

တစ်ယောက်က ကတ်ကြေးအသေးလေးတစ်လက် ကိုင်၍
တိုးဖို့ ချဉ်းကပ်လာရင်း နောက်ကျနေ၏။

"မိအိ နော် .. ငါ ငါ့ကို ဘာမှပြန်မလုပ်နိုင်ဘူး ထင်နေသ
ရှေ့တိုးလိုက်ကြည့် .."

"အံမာ .."

"ဟဲ့ .. မိအိ .. ဘာကြောက်နေတာလဲ၊ လုပ်လေ .."

"အေးပါ .. မျက်လုံးကြီးက ပြူးပြောင်နေတော့ ထိသွားမှာ
လက်တော့ တုန်တာပေါ့ဟဲ့"

"အမလေး .. သေသွားလည်း နမြောမယ့်သူ မရှိဘူး .. လုပ်

"နင်တို့နော် .."

"ဟိုမှာ ကိုဦး တောင် ကတ်ကြေးအကြီးကြီးနဲ့ လာနေပြီ"
'နင်တို့နော် ..'လို့ ခြိမ်းခြောက်နေရင်း ကတ်ကြေးအကြီးအ





တွေနဲ့ ရှေ့မှာ မရဲတရဲကပ်လာသည့် ခြေလှမ်းတွေက နီးသထက်
လာသည်။

ကြမ်းပြင်ထက်မှာ ချုပ်နှောင်ခံနေရရင်း ရုန်းနေရင်းနှင့် ပန်း
ကိုယ်လုံး ပဋ္ဌာမြေလူး ဖြစ်နေခဲ့၏။

မိအိ ကို ခြေထောက်နဲ့ လှမ်းကန်လိုက်ပေမယ့် မထိပေ ..၊ ဒါပေ
ယ် နောက်ဆုတ်ရှောင်လိုက်သဖြင့် ပန်း နဲ့ နည်းနည်း ပြန်ကွာသွား
ကိုဦး နဲ့ မိအိ အတူတူရပ်နေသလို ဖြစ်သွား၏။

"နင် .. နင်တို့ ရှေ့တိုးလာကြည့် .. တိုးကြည့်လိုက် .."

"အံမာ .. တိုးလိုက်စမ်း .. မလုပ်ရဲကြဘူးလား၊ ပေး အဲဒီ
တ်ကြေးတွေ .. ဆံပင် ဖို့ယို့ဖားလျားနဲ့ ဒီလောက် ကျက်သရေမရှိတဲ့
ကို မရရအောင်ကို ရှင်းပစ်မယ် .. ပေး .."

"ဟယ် .. သိရို ကြည့်စမ်း .. မျက်လုံးကြီးပြူးနေတာ ကျွတ်ထွက်
တော့မလားပဲ၊ ကြောက်စရာကြီး"

ချုပ်ကိုင်ထားသည့်လူတွေ လက်တုန်ခြေတုန် ဖြစ်ကုန်ကြသည်။
ပန်း မျက်နှာကို ကြည့်လိုက်မိတဲ့လူတွေ ဘာတွေဖြစ်ကုန်မှန်း
း ကိုယ်တိုင် မသိခဲ့ဘဲ သူမ သိနေတာက မိအိ နဲ့ ကိုဦး တို့ရဲ့
ခြေလှမ်းတွေ ရှေ့တိုးလာလျှင် သူမ အရှင်လတ်လတ် ဘဝပျက်ပြီဆို
ပင် ..။

ထို့ကြောင့် သူတို့ခြေလှမ်းတွေ တစ်လှမ်းချင်း နောက်ဆုတ်သွား
ကို စိုက်ကြည့်ရင်း ရှေ့ပြန်တိုးလာမှာကို ပိုကြောက်လာသည်။
ကြောက်လေ အလွတ်မပေးဘဲ ကြည့်နေမိလေ ..။

တဒင်္ဂ တိတ်ဆိတ်သွားခဲ့ပြီး မိအိ လက်ထဲက ကတ်ကြေးလေး
ုတ်ကျသွားသည်။ ကိုယ့်ခြေထောက်ပေါ် ပြန်ကျမှာစိုးပြီး နောက်
ဆုတ်ရှောင်လိုက်သည်နှင့် ကိုဦး နဲ့ နောက်ပြန်တိုက်မိကာ ဒယိမ်းဒယိုင်
တွေ ဖြစ်ကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကြမ်းပေါ်မှာ ခင်းထားသည့် ကော်ဇောခပ်စုတ်စုတ် အနားစမှာ ချော်ထွက်သွားလျက် နှစ်ယောက်စလုံး အထပ်လို လဲကျသွားကြသည်။

မြန်ဆန်လွန်းသည့်အဖြစ်တို့ကြောင့် မှင်တက်မိကုန်ကြစဉ် ဝါးဝါး အော်ဟစ်သံတွေ ဆူညံသွားခဲ့ပြီး ...

"အမလေး သေကုန်ပြီ .. သွေးတွေ ကြည့်ပါဦး၊ အမေရေ လာပါဦး"

ပြန်ရောက်လာကြသည့် လူကြီးတွေထဲမှာ သွေးသံရဲရဲနှင့် မိ သည် နောက်ကျောမှာ ကတ်ကြေးကြီးတစ်ဆုံး နှစ်ဝင်လျက် အသံ ချက်မှ မထွက်ပေမယ့် မျက်လုံးအစုံက ပြူးထွက်နေ၏။

ကိုဦး မျက်လုံးပြူးနေသော်လည်း သူ့လက်ထဲက ကတ်ကြေ မိအိ ကျောပြင်ထဲ ဘယ်လိုစိုက်ဝင်သွားခဲ့မှန်း သူ့ကိုယ်သူ မယုံနိုင် သလို ရှိနေဆဲ ...။

မိအိ သေဆုံးသွားခဲ့ပြီး ကိုဦး ခြေထောက်တစ်ဖက် သွင်သွင်ကျိုး သည်။ ဒီခြေထောက် ကျိုးစရာအကြောင်းမရှိဘဲ ကျိုးပါသည်ဟု ရပ်ကွက်ထဲမှာ လိုက်အော်ပြီး အမေစိုး က သူ့တူမ သေရတာကို 'ဒီ စုန်းမ'ကြောင့်ပါလို့ လက်ညှိုးထိုး၏။

ဒါဟာ ရပ်ဆိုးတဲ့အပြစ်ကြောင့် မဟုတ်ဘဲ 'တကယ့် စုန်းမပါ' လို့ စတင်ကင်ပွန်းတပ်ခံရသော ပထမဆုံးပြဿနာ ဖြစ်၏။

နောက်တစ်ခုက အမေစိုး ယောကျ်ားနှင့် အကြံတူပြုလုပ်သူတွေ ပါ သေဆုံးသွားခဲ့ခြင်း ...၊ လူကုန်ကူးသည်ဆိုတာ ကြားဖူးနားဝတောင် မရှိခဲ့တော့ ကိုယ့်ရှေ့မှာ ပြောဆိုပြီး ရိုဝေယစ်မူးသည့်အကြည့်တွေ စူးစိုက်လာမှ မရိုးသားမှုကို နားလည်ခဲ့သည်။

"နင့်ကို သည်းမခံနိုင်တော့ဘူး၊ သက်လွင် ဆီက အထောက်အမ မရဘဲ ကျွေးမွေးထားတာ ကောင်းကောင်းမနေဘဲ အိမ်သားတွေကို





နည်းနည်းနဲ့ အမြဲ ဒုက္ခပေးနေတာ ကြာပြီ၊ မိအိ ဆုံးသွားကတည်း တ်ဝန်းကျင်က ပိုင်းပြောနေတာတောင် ငါက သနားလို့ ဟွန့် ...၊ မရတော့ဘူး .."

ဟု ဆိုကာ နောက်တစ်အိမ်ဆီ ပို့တော့မလိုလို ပန်း နားမလည် ၌ လှုပ်ရှားမှုတွေနဲ့ စီစဉ်ကြ၏။ တကယ်တမ်းကျတော့ အရှုံး တ်တွက်၍ ရလိုမှုတစ်ခုအတွက် ရက်စက်စွာ ကြံစည်ခဲ့ခြင်း ဖြစ် ည်။ သေကြေပျက်စီးကုန်ကြပြီဆိုမှ ဒေါ်စိုးစိုး အရှုံးမကြီးနှယ် ..။

"ဒီစုန်းမကို ဘာဖြစ်လို့ ပြန်ခေါ်လာတာလဲ .. ငါ့ယောကျ်ားကို တ်တဲ့ကောင်မ၊ ငါ့ရှေ့ကို နင် ပြန်လာရဲတယ် ဟုတ်လား .. စနေ ဟ်မ မီးစ မီးခဲ .."

"ပြန်ခေါ်မလာလို့ မရလို့ပေါ့ဗျ၊ တော်ကြာ အဲဒီအမှုနဲ့ ထောင် ခံရရင် ကျုန်တော်က ထောင်ထဲမှာပဲ သေရမှာ"

ဖြစ်ခဲ့သမျှကို ကိုတိုးအောင် က ပြန်ပြောပြသည်။

အချင်းချင်း ချိတ်ဆက်မိတာနှင့် ဒေါ်စိုးစိုး ယောကျ်ား ဦးမှန် ပန်း ကို သွားပို့ဖို့ ကိုတိုးအောင် ကို ခေါ်သည်။ ထို့ကြောင့် ားလူအဖြစ်နှင့်ရှိနေသည့် ကိုတိုးအောင် က အားလုံးကို မြင်တဲ့ ားတဲ့အတိုင်း ...

"ဟိုလူစုနဲ့တွေ့ပြီး စကားပြောနေတုန်းက အကောင်း၊ ကားပေါ် က်ကြပြီး နောက်ဆုံး လူခွဲမယ့်နေရာကို သွားကြကာမှ ရုန်းလိုက် န်လိုက်နဲ့ ...၊ ကြိမ်းမောင်းလိုက်တာလည်း သူ့ကိုယ်သူ တကယ့်ကို တစ်လုံးပိုင်ရှင် ကျနေတာပဲ"

"အဲဒါနဲ့ ကားမှောက်ရတာ ဘာဆိုင်လို့လဲ"

"ဆိုင်တာမဆိုင်တာတော့ မသိဘူး .. 'နင်တို့အကုန်လုံး သေ ကုန်အောင် ငါ လုပ်နိုင်တယ်'လို့ သူပြောလိုက်တာနဲ့ ချက်ချင်းပဲ ားမှောင်းတဲ့လူဆီက 'ငါ စတီယာရင် ဆွဲလို့ မရတော့ဘူး' ထိန်းမရ



www.burmeseclassic.com

www.burmeseclassic.com



ခဲတော့ဘူး၊ ဘရိတ်လည်း မမိဘူး'နဲ့ အသံတွေ ထွက်လာတာ သိ မကြားဘူး လမ်းဘေးကသစ်ပင်ကို ဝင်အောင်းတော့တာပဲ၊ ကျွန်တော် က တံခါးပွင့်ပြီး လွင့်ကျနေခဲ့လို့ လွတ်တာ ထား .. သူက ကား လောင်သွားတာတောင် မသေဘူး ဒေါ်လေး စဉ်းစားကြည့်ဦး၊ လူလေ ယောက် ပါသွားတာ သူပဲ လွတ်လာတာလေ၊ ကိုယ်မှာ အညိုအမည်း စွဲလာတာပဲ ရှိတယ်၊ ပွန်းပဲ့ရှနာ ဘာဖြစ်လို့လဲ ..''

ဒါဟာ နာမည်ကြီးသွားခဲ့သည့် နောက်ဆုံးအဖြစ် တစ်ခုပင် ဒေါ်စိုးစိုး က ဘယ်လိုမှ သည်းမခံနိုင်ပါသည့်အကြောင်း ပတ်ဝန်း ကျင်မှာ မောင်းခတ်တော့ လူကို ရောင်းစားဖို့ လုပ်ခဲ့သည့် ကြံစည် အားထုတ်မှုတွေ ဘာမှမပါခဲ့ပေ ..။

ဒုက္ခပေးတာတွေ များလှပြီဆိုပြီး အဝတ်ထုပ်တစ်ထုပ်လို ဖြ သလို သိမ်းထုပ်ဆွဲချပြီး လမ်းပေါ်အရောက် ဆောင်ကြဉ်းခဲ့တဲ့အထိ ..

ထို့နောက်ကျမှ ကိုကိုနဲ့ ဆုံစည်းခဲ့ရသော စာမျက်နှာများမှ ဦးမြတ်ထွန်း တို့ သားအဖသည် ဆိုးဝါးသော တစ်ထောင့် တစ်နေ မှ..။





## အခန်း (၁၄)

ဘာစကားမှ မဆို ..၊ ဘာသံမှ ထွက်မလာခဲ့ဘဲ ကိုကို့ဘက်က ဆိတ်နေခြင်းဟာ ပန်း အတွက် သေမိန့်ကျဖို့အချိန် တရွေ့ရွေ့ ပ်လာသလို ခြောက်လှန့်နေခဲ့၏။

ကိုကို့ကို ရှင်းပြချင်ပေမယ့် ပြောဆိုလှည့်ထွက်သွားပြီ ဆိုကတည်း ကိုကို့အရိပ်အယောင်လေးတောင် မတွေ့ရတော့ပေ။ ဒီတစ်ခါ ထွက်လာရင် ရှင်းပြခွင့်မပေးတော့ဘဲ စိတ်မကောင်းသည့် နှုတ် စကားနှင့် တစ်ခါတည်း နှင်ချလိုက်တော့မည် ထင်သည်။

ဆိုးဝါးခဲ့သည့် ကံကြမ္မာကြောင့် ပန်း ရဲ့ဒေါသတွေက လက်နက် ဖြစ်ရပေမယ့် ကိုကိုနဲ့ပတ်သက်ရင်တော့ ဒါတွေဟာ ပန်းပွင့် မှုန်တွေပါ ကိုကို ..။

ပန်း ကိုကိုတို့ မိသားစုအပေါ်မှာ ဒေါသနဲ့လူနဲ့ မမျှအောင် ထိန်း ခဲ့ပါတယ်။ သွေးထွက်သံယိုဖြစ်တဲ့အထိ သည်းခံနေခဲ့တာပါ၊ တွေကို ကိုကို နားလည်ပေးပါ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ညလုံး ဆုတောင်းနေပေမယ့် ကိုကို့ကို ပြောခွင့်မရခဲ့ ဒါပေမယ့် သူမ ကြောက်ရွံ့ခဲ့သည့် ဆင်ဆင်တူသော အဖြစ်ဆိုး မညှာတာစွာ ...။

"လျှပ်ပန်း .."

"ဟင်!..."

ကိုကို့ခြေသံမှတ်လို့ အပြင်ကို တိတ်တိတ်လေး ထွက်ကြည့် နားစွင့်ချောင်းကြည့်နေတုန်း အနားရောက်လာတာက ထွန်းမင်း ဖြစ်နေသည်။ ပြီးတော့ အရက်နံ့တွေ ထောင်းထောင်းထလျက် ..

"ဟဲ .. ဟဲ .. အရမ်း စိတ်ညစ်နေသလား လျှပ်ပန်း"

သူ့ကိုကြည့်ပြီး လျှပ်ပန်း နောက်ပြန်လှည့်လာခဲ့သည်။ ကံ နောက်မှာ ထပ်ချပ်မကွာ ပါလာခဲ့သည်ဆိုတာတော့ မသိ ...။

"နင် ဘာလုပ်တာလဲ"

"အားပေးမလို့ပါဟာ .. အေ့ .."

အသက်လေးငယ်ငယ်နှင့် အရက်တွေသောက်လာပြီး အနား လာတော့ လက်ရော ပါးစပ်ရာ အငြိမ်မနေ ...။

"ဘာလုပ်တာလဲ .. ဖယ် .."

"နင့်ကို နင်မချအောင် ပြောပေးမယ့်ကောင်နော် .. ဟဲ .. စကားကောင်းကောင်း .. အေ့ .. ပြော .. ဟား!... မူးလိုက် လာပါ .. အေးဆေးပေါ့"

"ဖယ်ပေး .."

"လုပ်မနေစမ်းပါနဲ့ဟာ .. ဒီမှာ ငါ့အဖေဘက်ကို အိုခေအော ငါ လုပ်ပေးနိုင်တယ်၊ အေ့ .. နင့်ကို အဖေက အိုခေရင် ပြီးပြီ အရိပ်ထင် ဆိုတာ တကယ်တော့ .. အေ့ .. တကယ်တော့ ပြယုဂ်တ ပါဟာ၊ အဖေပြီးရင် ပြီးပါတယ်၊ နင် .. ငါ .. ငါ့ကို ပေါင်းတတ် လိုတာ .."





"ကြည့်စမ်း .."

ဒေါသစိတ်က ရှက်ခြင်းနှင့်ပေါင်းမိတော့ သည်းခံခဲ့သမျှကို အားလုံးမေ့၏။ ပြီးတော့ သောက်စားရမ်းကားလာသည့် လက်တွေက ဒီးအတားမဲ့ ကျူးလွန်လာတော့ နှစ်ယောက်စလုံး ကြမ်းပေါ်မှာပဲ ထွေး လဲကျသွားကြသည်။

"လွှတ်နော် ထွန်းမင်းဦး .. နင် .. နင့်ကို ငါ သတ်မိတော့မယ်"

"ဟဲ .. ဟဲ .. လုပ်စမ်းပါ၊ ငါကတော့ လက်တွေ့ပဲ"

သဘာဝအတိုင်း ဖြစ်ပျက်ခဲ့တာတွေမှာ ကိုယ့်ကိုယ်ကိုယ်တောင် နိုင်ခဲ့ပေမယ့် ထိုအချိန်လေးမှာတော့ လျှပ်ပန်း ကိုယ့်ကိုယ်ကိုယ် ကွယ်ဖို့အတွက် စိတ်ကို အဆုံးစွန်ထိ ပေါက်ကွဲခွင့် ပေးလိုက်တာ င်တကာ ...။

"သရဲမ .. ဒီလောက်တောင် ရုန်းမနေနဲ့၊ နင့်လို ပြူးပြဲနေတဲ့ မျက်နှာပြောင်ကြီးကိုများ .. တောက် .."

မရမက ဆွဲချုပ်ကြိုးစားရင်း စီးမိုးနေသည့် ထွန်းမင်းဦး မျက်နှာ ဒေါသနှင့်ပေါင်းကာ ရှုံ့ရှုံ့ရှားရှား ဖြစ်လာသည်။

ဘယ်လိုမှ ဘဝအဆုံးမခံနိုင်သည့် ပန်း ကလည်း ရှိသမျှခွန်အား ခုခံ ရုန်းထွက်ဖို့ကြိုးစားရင်း ...

"နင် .. နင် .."

တစ်စစ မျက်လုံးပြူးလာတာက ထွန်းမင်းဦး ဖြစ်ကာ ပန်း က မှအားနှင့် တွန်းကန်ထားရင် ထိုမျက်လုံးတွေကိုပဲ စူးစိုက်ကြည့်နေ နည်းနည်းမှ မျက်တောင်မခတ် ...။

အခြေအနေသည် ကာမတဏှာကြောင့်ဖြစ်သော ရာဂမီးလျှံများ နေ သေမင်းချောက်ကမ်းပါးထဲက မီးတောက်မီးပွားတွေအဖြစ် ပြောင်းလဲသွားခဲ့ပြီး ...

"အ!.."



www.burmeseclassic.com

www.burmeseclassic.com



ထွန်းမင်းဦး မျက်နှာ မဲ့ခနဲဖြစ်ကာ တစ်ခုခုဆိုတာကို သိလိုက်[…] မယ့် နောက်ကျသွား၏။ စိုက်ကြည့်နေဆဲ လက်တောက်စူးရဲ[…] မျက်လုံးစက်ကွင်းကနေ လွတ်မြောက်ချင်လာသည်။ ရင်ထဲက လှိ[…] တက်လာသည့် ပူလောင်ပြင်းရှသောဝေဒနာကြောင့် သူမမျက်နှာထ[…] ကနေ စီးမိုးကြည့်နေမိခြင်းကို ရုတ်သိမ်းချင်၏။

ဒါပေမယ့် သူ နောက်ဆုတ်၍မရသလို လျှပ်ပန်း ဆိုသော မိ[…] ကလေး၏ မျက်လုံးအစုံက သူ့ကို လည်ပင်းကနေ ကြိုးကွင်းစွပ်[…] တုပ်ဆွဲထားသည့်နှယ် ရုန်းမရ .. ဖယ်မရ။

"အ .. အား ... အ .."

ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်နေရင်း မျက်လုံးတွေ ပြာလာသည်[…] အသက်ရှူကျပ်လာရင်း အတင်းအကျပ် ပွေ့ဖက်ထားခဲ့သည့်လက်[…] အလိုလို ပြေကျလေသည်။

ထို့ပြင် ထွန်းမင်းဦး ၏ခန္ဓာကိုယ်သည် ကြမ်းပြင်ထက်သို့ တ[…] တစ်ယောက်က တွန်းလှဲပစ်လိုက်သလို တုံးခနဲ ပုံကျသွား၏။

"ဟာ!..."

ပြူးပိုင်းစူးစိုက်နေဆဲ ပန်း ရဲ့မျက်လုံးတွေ တဖြည်းဖြည်း စင်း[…] သွားစဉ် တံခါးဝမှာ ဦးမြတ်ထွန်း ပျာယီးပျာယာ ပေါ်လာ၏။ နော[…] ပိုင်း ဘာတွေ ဆက်လက်ဖြစ်ပျက်သည်ကို မသိတော့ပေမယ့် သူ[…] သတိရလာတော့ ကိုကို ရင်ဆိုင်နေရတာ သုံးယောက်နဲ့တစ်ယောက်[…]

နောက်ဆုံး တင်ကျန်ရစ်သည့် အိမ်အကူ မကျော့ ကလည်း ဘ[…] တွေကို ဘယ်လိုမြင်လိုက်သည် မသိဘဲ ထိတ်လန့်ချောက်ချားလျ[…] ရှိကာ ဦးမြတ်ထွန်း လက်ညှိုးထိုး ဆူညံနေသမျှ ခေါင်းညိတ်နေသည်[…]

ဒေါ်နေခြည် ကတော့ ဆိုဖွယ်ရာမရှိလို့ပဲ ပြောရတော့မည်။

"ငါ မပြောဘူးလား .. အဲဒီကောင်မလေးက လူ မဟုတ်ဘူး[…] ဟိုကောင်လေး အခု ဆေးရုံပေါ်မှာ အသက်ငင်နေပြီမို့လား၊ နှင်[…]





.. နှင်ထုတ်လိုက်နော် .. ဘာကြည့်ဘာလဲ နှင်ဘ၊ ကဲ .. ကြည့်ဦး"

"ဒုန်း .."

"ဂွမ် .."

"ခွမ်း .."

[…]ကလေးကို တစ်ဖက်က ချီထားကာ တွေ့ကရာနှင့် ကောက်[…]က်နေ၏။ ဘယ်လိုရှောင်ရှောင် လွတ်တာက နည်းနည်း ထိမိတာ[…]များများ ..။

အရိပ် ကိုယ်တိုင် ပန်း ရှေ့ကနေ ကာကွယ်ပေးမထားခဲ့လျှင် […] ရဲ့တစ်ကိုယ်လုံး သွေးချင်းချင်း နီနေလောက်ပြီ။

"ငါ့သားအတွက် ငါ လိုချင်တာကတော့ အသက်တစ်ချောင်းဆို […]ချောင်းချင်း .. လက်တစ်ဖက်ဆို တစ်ဖက်ချင်းပဲဟေ့၊ ဒါပေမယ့် […]သေဆိုတာ ရှိသေးတော့ ထားလိုက်ပါ ..၊ ဒီကောင်မလေးကို မင်း […]က်ချင်း ကန်ထုတ်မလား .. ငါကိုယ်တိုင် စီရင်ရမလား .."

"ဟုတ်တယ် .. နှင်ချပစ်လိုက်စမ်း ငါ့သား၊ ဒီအိမ်မှာ သူ မရှိ[…]ရင် ငြိမ်းချမ်းသွားမှာပဲ၊ ရှိနေသေးရင်တော့ သူ ကြံစည်သမျှ […]ဦး ငါတို့တွေ သေတဲ့လူ သေ၊ ပျက်တာ ပျက်နဲ့ ရေမျောကမ်းတင် […] ဖြစ်ကုန်မှာ"

ဘယ်သူ ဘာပြောပြော အရိပ် က ပန်း အတွက် အတိုက်အခံ […]ကွတွေထဲကနေ ကာကွယ်ပေးနေဆဲပဲ ဖြစ်သည်။

ဦးမြတ်ထွန်း လက်သီးလက်မောင်းတန်းနေပေမယ့် ဘာမှ […]တ်နိုင်သလို ဒေါ်နေခြည် ကတော့ သူ့မျက်စိအောက်မှာ မရှိရင် […]ာပဲဆိုတဲ့သဘောမျိုးနှင့် နောက်ထပ် အတိုက်အခံ မလုပ်ခဲ့ပေ။

ထို့ကြောင့် ခြံကျယ်ကြီးထဲက ထောင့်တစ်နေရာမှာ ပန်း တစ်[…]က်တည်း တစ်ပင်တိုင်မြနန်းနှင့် ရွှေအိမ်စံမင်းသမီး ဖြစ်လာခဲ့၏။ ဘုန်းကံကြီးမားသွားတာတော့ မဟုတ်ပေ။ တိုက်ကြီးပေါ်ကို



www.burmeseclassic.com

www.burmeseclassic.com



လုံး၀ မသွားရ မလာရဆိုသည့် ကန့်သတ်ချက်နှင့် အရိပ်ထင်
သနားသဖြင့် စီစဉ်ပေးခဲ့ခြင်းဖြစ်သည်။

ပန်း ဆီကိုတော့ စားသောက်စရာ လာပို့သည့် မကျော့ က
ကြာကြာမနေ .. စေ့စေ့မကြည့်ရဲဘဲ ရောက်ပြီးပြန် ဆိုတာမျိုး

"ဘယ်လိုလဲ ချာတိတ် .. အဆင်ပြေရဲ့လား"

"ဟုတ်ကဲ့ ကိုကို"

နေ့နေ့ညည ကားတွေ၀င်လာတာ ပြန်ထွက်သွားတာနှင့်
မြင်ချင်ရင် သေချာချောင်းကြည့်မှသာ မြင်ရသည်။ ကိုကိုလည်း
တော့ ရောက်မလာပါ။

တစ်ခါတစ်ရံ ရောက်လာတော့လည်း ပင်ပန်းနွမ်းနယ်တာ
သနားလို့ ကူညီထားခဲ့ပေမယ့် ပန်း ကို မကြည်လင်သည့်စိတ်
တာလား ..။ ကိုကို့မျက်နှာက တည်နေသလိုလို တင်းနေသလိုလို

"မင်းကို ဒီလိုထားရတာ စိတ်တော့ မကောင်းဘူး လျှပ်
ဒါပေမယ့် မင်းက ပေးထားတဲ့ကတိကို မတည်ဘူး"

"မဟုတ်ပါဘူး ကိုကိုရယ် .. သူ .. သူ့ကို ပန်း .."

ဘယ်လိုမှ သည်းမခံနိုင်တော့အောင် အရှက်သည်းခဲ့
အကြောင်း ..၊ ထွန်းမင်းဦး ဘယ်လို ယုတ်မာဖို့ ပက်ပက်စက်
ကြံစည်ခဲ့တဲ့အကြောင်း ..။

လျှာဖျားပေါ်မှာ လိပ်တက်လာပေမယ့် ပန်း မပြောနိုင်ခဲ့
ကိုကိုက ပြောဆိုရှင်းပြခွင့် မပေးဘဲ ဖိနှိပ် ပြောဆိုနေတာ မဟုတ်

ပန်း ဘာမှဆက်မပြောဘဲ ပြတ်တောက် ငြိမ်သက်နေတဲ့
ရူးစိုက် နားစွင့်နေတုန်း ..၊ ဒါပေမယ့် ...

"ပန်း မှားပါတယ် ကိုကို"

သူ ဘယ်လောက်ထိ ယုတ်မာတာပါလို့ ပြောမထွက်သည့်
မှာ ပန်း ၀န်ခံလိုက်ရသည်။ ထွန်းမင်းဦး ကိုယ်တိုင်က ပန်း နဲ့ မတ်





လူငယ်လေးတစ်ယောက် ဖြစ်သည်။ သူက အရက်တွေ
ထားလို့ ရက်ကြောပြတ်နေသလား မသိပေမယ့် မကြုံဖူး၊
ခဲ့သည့် ယုတ်မာခြင်းမျိုးကို လက်တွေ့ရင်ဆိုင်လိုက်ရတော့
အသိမဲ့သလို ဖြစ်သွားခဲ့၏။

ကိုယ့်အရှက်နဲ့ သိက္ခာအတွက် ဒီနေရာမှာ ထွန်းမင်းဦး လို
မျိုး ဆယ်ယောက်လောက် ရှိနေရင်လည်း လူမသေ အလံမလှဲ
နှင့် အသက်မသေသရွေ့တော့ ခုခံ တိုက်ခိုက်သွားမှာပဲ ဖြစ်

ဒါကို ၀န်ခံလိုက်ရသည့်အတွက် ကိုကို နားမလည်ရင်လည်း
နိုင်ပါ။ အရိပ် က သူ့ရှေ့ရောက်တိုင်း မျက်လွှာချနေတတ်သည့်
ရဲ့မျက်တောင်တွေကို အပေါ်စီးကနေ ငုံ့မိုးကြည့်နေပြီးမှ ...

"မင်းရဲ့မျက်လုံးကို ထွန်းမင်းဦး မဆုံးခင် အော်သွားလို့ လေးလေး
အားလုံး သတိထားမိကုန်ပြီ .."

"ဟင်!..."

ပန်း ဖျတ်ခနဲ မော့လိုက်မိကာ ...

"သူ သေသွားပြီ .."

"ဟုတ်တယ် .. ဘာမှကို ပြောမသွားနိုင်ဘဲနဲ့ 'မျက်လုံး .. မျက်
ပဲ အသက်ထွက်သွားတာ၊ အဲဒီတော့ တခြားလူတွေက မသိတာ
မျက်နှာတစ်ခုလုံးမှာ မျက်လုံးတစ်ခုပဲ ဘယ်ပန်းချီရေးလို့မမီ
တဲ့ မင်းကို လေးလေးက တန်းသိတယ်"

မသိတာဖြစ်ဖြစ် .. မဟုတ်တာဖြစ်ဖြစ် ဒီလူကြီးကတော့ ပန်း
အပြစ်ဖို့ မှန်းတီးနေမှာပါ။ ခုတော့ ပိုဆိုးသွားပြီပေါ့။

ပန်း စိတ်ထဲက ပြောနေမိကာ ကံဆိုးခြင်းများစွာနှင့် ကိုယ့်အပြစ်
ကပ်ထပ် ကိုယ့်ဘာသာပဲ ကြက်ခြေခတ်လိုက်မိသည်။

"သူ ဘယ်လိုဖြစ်ပြီး သေသွားလဲ သိလား .. လျှပ်ပန်း"



www.burmeseclassic.com

www.burmeseclassic.com



အရိပ် က မေးလိုက်ပြီးမှ ဖြေတာကို မစောင့်ဘဲ …

"အိမ်မှာတည်းက မျက်လုံးထောင့်တွေ၊ နှာခေါင်းဝ၊ နား
မှာ သွေးတွေ စို့နေတာ၊ သူ့ကို ခွဲစိတ်စမ်းသပ်လိုက်တော့ နှလုံး
လုံး ကြေနေတယ် .."

ပန်း မျက်လုံးဝေ့ သူ့ကို အလန့်တကြား မော့ကြည့်လာ
နေ့လယ်ခင်း နွေမနက ပွသလို ဖွင့်ထားသည့်တံခါးပေါက်က
ဝင်လာသည့် လေငွေ့တွေပါ နွေးနေခဲ့လျက် …

"အခု ဖြစ်သွားတဲ့ပြဿနာမှာ မင်း မလွန်ပါဘူး"

ကိုကို နားလည်ပါလားဆိုပြီး ပန်း ပျော်သွားခဲ့သော်လည်း

"ဒါပေမယ့် မင်း ဘာမင်လုပ်လိုက်တာ ငါ သိတယ်"

ခေါင်းခါလိုက်မလားလို့ ကြည့်သည့် မျက်လုံးစူးစူးတွေအော
မှာ ပန်း မျက်လွှာချလိုက်၏။

တစ်ပင်ချင်း ရှည်လျားကော့ညွတ်နေသည့် မျက်တောင်တို့
ပင်ချင်းယှက်၍ ကတ္တီပါသားလို နက်မှောင်နေရာ သူမရဲ့မျက်တော
တစ်ခတ်ဟာ တခြားမိန်းကလေးတွေလို မသိမသာလေး မဟုတ်

ပိန်လွှန်းသည့်မျက်နှာသည် ဆံပင်တွေကြောင့် မျက်လုံး
ချည်းကျန်တော့သလို ကြည့်ရဆိုးသည့်ပြင် ညှဉ်းသိုးသိုး ညစ်ပတ်တဲ့
ပေါက်အောင် ရှည်လျား အုပ်ခဲနေသော ဆံပင်တွေက တစ်ခေါင်း
တွန့်တက်နေကြသော့ ပိုဆိုး၏။

သူမကို မြင်လိုက်တဲ့လူတိုင်းက မနှစ်မြို့ကြပါ။ မမြင်ရတဲ့
လည်း ပုံပန်းသဏ္ဌာန်ကို ပြောပြလိုက်တာနှင့် နှာခေါင်းရှုံ့သွား
သည်ပင် …။

သူကတော့ သံယောဇဉ်ကြီးတွေ၊ သမုဒယတွေ ဘာနဲ့မှ ချည်
နှောင်တာမဟုတ်ဘဲ ခုချိန်ထိလဲ သူမအပေါ်မှာ စိတ်တိုင်းမကျနိုင်ဖြ
နေလင့်ကစား 'မင်း ထွက်သွားတော့..' ဆိုသည့်စကား ပြောမထွ





…။

တစ်လောကလုံးမှာ တစ်ယောက်တည်း …၊ ထို့ပြင် အများတကာ
ပြင်ခံပါရမိဝင့်ကြွားနှင့် သူမကို သူ ဘယ်လိုမှ ဥပေက္ခာမထား
နိုင်။ ဒါကို ဘာကြောင့်လဲလို့ ထပ်မေးရင်လည်း ဖြေဖို့ လွယ်မည်
င်။ အနီးစပ်ဆုံးဖြစ်နိုင်တာက မိန်းမငယ်တစ်ယောက်အပေါ်
ညာတာမိသည့်စိတ်သာ ဖြစ်နိုင်၏။ သို့သော် …

"ဘယ်လိုအကြောင်းတွေရှိရှိ အဲဒီအကြောင်းက သည်းခံသင့်သည်
စေ .. သည်းခံဖို့မလိုတာ ဖြစ်စေ .. ပုထုဇဉ်လူတစ်ယောက်အတွက်
သကို ထိန်းချုပ်နိုင်ဖို့က မလွယ်ဘူး၊ ဒါကြောင့် မင်း မလွန်ဘူးလို့
ပြောတာ .. ဒါပေမယ့် လူသေတဲ့အထိ .."

"ပန်း ကိုကို့ကို ပြောဖူးပါတယ် .. အဲ့ဒါ .. အဲဒါကို စူးစိုက်မိရင်
း ဘာမှ မသိတော့ဘူး"

"ဟုတ်တယ် .. ဒီလိုပညာရပ်တွေကို မသိပေမယ့် ဖြစ်နိုင်တယ်
တော့ တွေးပေးလို့ရတယ်၊ မရတာက ဒီလိုအဖြစ်တွေ ထပ်ရှိလာဦး
ဆိုတာ .."

ပန်း မျက်နှာငယ်လေးနဲ့ တိတ်ကျသွားပြန်သည်။

"ငါ ဖတ်ဖူးတဲ့စာအုပ်ထဲကအတိုင်း မင်းကို အကြံပေးမယ်၊ အခု
နေ နောက်ထပ် ဆိုးဝါးမှုတစ်ခုခု ထပ်မဖြစ်ခင်အထိ မင်း ဒါကို
တ်နိုင်သမျှ စူးစိုက်လုပ်နိုင်မလား .."

"ဘာလဲဟင် .."

"တရားထိုင်ရမယ်"

"တရား .. ထိုင်ရမယ် .."

ပန်း က ခပ်တိုးတိုး ရေရွတ်ရင်း ထူးဆန်းသလို ပြန်ကြည့်သည်။

"မင်းကို ငါ သင်တော့မသင်တတ်ဘူး၊ ငါကိုယ်တိုင်လည်းမှ
သူတတ်ကြီးလုပ်နိုင်အောင် ကြိုးစားနေရတုန်း …၊ ဘယ်လိုကျင့်ကြံ

www.burmeseclassic.com

www.burmeseclassic.com



ရမယ်ဆိုတာ စာအုပ်ပေးမယ်၊ တကယ်တော့ ဒီလိုအတတ်ပညာ
အကျိုးပေးနေတာဟာ စွမ်းအားကြီးမားတဲ့ လူစွမ်းကောင်း မဟုတ်
ကွ .. ဝင့်ကြွေးကြီးတာလို့ ခေါ်တယ်၊ အဲဒီလူဟာ မွေးလာကတည်း
အကုသိုလ်နဲ့ မွေးဖွားလာတာ၊ မိုးလင်းတိုင်း မိုးချုပ်တိုင်း သူ
မင်္ဂလာမဲ့တယ် .. မညာမတာပြောရရင် ကျက်သရေယုတ်တယ်
ခေါ်တယ်"

ပန်း မျက်နှာလေး ငုံ့သွားတာကို အရိပ်က စိုက်ကြည့်နေ
စကားပြော မပျက် ..။

"မင်းကို ကဲ့ရဲ့တာ မဟုတ်ဘူး .. ဂုဏ်ယူစရာမဟုတ်မှန်း သိ
ချင်လို့ .."

"ပန်း လည်း ဒါကို ဂုဏ်မယူပါဘူး ကိုကို၊ လူတွေ ပန်း
မြင်လို့ မဲ့သွားတဲ့မျက်နှာတွေကို နားလည်ပါတယ်၊ ကိုယ့်ကိုယ်ကို
အမြဲ ဝမ်းနည်းနေခဲ့တာပါ"

"ဒါဆို မင်းရဲ့ဒေါသကို မိမိဘာသာ ထိန်းချုပ်နိုင်အောင် ကြိုး
စားရမယ်၊ နောက်တစ်ခုက မင်းရဲ့ဆံပင်တွေကို ပုံစံပြောင်းဖို့ .."

"ဟင်!..."

"မင်းကို ဖြတ်ပါ၊ ညှပ်ပါလို့တော့ မတိုက်တွန်းချင်ဘူး၊ ဒါပေ
မယ့် အားလုံးက မင်းကိုမြင်တဲ့အမြင်တွေမှာ ဒါတွေနဲ့ သက်ဆိုင်နေ
တယ်လို့ ငါ ထင်တယ်"

ပန်း ဆတ်ခနဲ ခေါင်းညိတ်သည်။

"ဒီဆံပင်တွေ ပန်း ဖြတ်မှာပါ၊ မျက်တောင်တွေကိုပါ .."

"နီး .. အဲဒါကို လုပ်ဖို့ မလိုပါဘူး၊ မင်းမျက်နှာမှာ တခြား
ချို့ယွင်းချက်တွေ ရှိနေသေးလို့ ဒါက ကြည့်ရဆိုးသလို ဖြစ်နေတာပါ
တော်ရုံကုသိုလ်ထူးရုံနဲ့ မရနိုင်တဲ့ ဆုလာဘ်ကြီး မင်း ရထားတာ
တစ်နေ့နေ့ကျရင် မင်းအတွက် အများကြီး အသုံးဝင်လာမှာ"





"ဒါပေမယ့် ဒီမျက်လုံးကြောင့်ပဲ ပန်း အရှင်လတ်လတ်နဲ့ ဘဝ
ခဲ့ရတာ"

"မဟုတ်ပါဘူး လျှပ်ပန်း .. မျက်လုံးကလုပ်တာ မဟုတ်ဘူး ..
တ်က ဖြစ်နေတာ၊ ဒါပေမယ့် မင်းကို ငါ နားလည်ပေးနိုင်သမျှ
ငါ့ရဲ့အရိပ်ကနေ ဘယ်တော့မှ မောင်းမထုတ်ဘူး"

းလည်နေနိုင်သမျှဆိုတာ ဘယ်အတိုင်းအတာထိလဲ ..။
ကိုကို့မျက်နှာကို ငေးမောရင်း ပန်း တွေးနေမိသည်။ အရိပ်
သတစ်ခုအောက်ကနေ လွတ်ထွက်မသွားချင်တာ မဟုတ်ဘဲ
အရိပ်ကိုသာ မက်မောနေမိတာ ဖြစ်သည်။

န်း ကိုကို့ကိုပဲ ခင်တွယ်မိတာပါ။ ပြီးတော့ ကိုကို့စကားကို
လောက်နားထောင်တယ်ဆိုတာလည်း သက်သေပြချင်ပါတယ်
..။

ကားမပြောတတ်သလို ခြောက်သွေ့ခဲ့ရသည့် ပန်း ရဲ့နှုတ်ခမ်း
ဟာ ပြောချင်သည့်စကားလုံးတိုင်းကိုလည်း ပြောမထွက်ခဲ့
ပန်း ဘဝမှာ ကိုကို့ကိုသာ စကားတွေ အများဆုံး ပြောခဲ့ဖူးတယ်
လည်း သိစေချင်ပါသည်။

ဒါပေမယ့် ဆုတောင်းသမျှ ဖြစ်လာခဲ့တာ ဘာမှမရှိခဲ့ဘဲ ...

"ဒီလိုလုပ်ထားတာလည်း မဆိုးပါဘူး၊ ရော့ .. မင်းအတွက်.."

ပန်း ဆံပင်တွေကို မျက်နှာတစ်ပြင်လုံး အပြောင်သိမ်း၍ နောက်
ည်းထားလိုက်တာကို ကိုကို ဝင်လာတော့ ကျေနပ်သည့်အပြုံးနှင့်
ည်။

ထို့ပြင် ရယ်ဒီမိတ်အထည်တွေ ဝယ်လာခဲ့တာလည်း မနည်း..။

"ထုတ်ကြည့်လေ .. မင်းက ပိန်တော့ စိတ်ကူးတည့်သလို မှန်း
ခဲ့တာ၊ မိန်းကလေးအသုံးအဆောင်ကလည်း လူပုံစံပြောင်
ကောင်မလေးတစ်ယောက်ကို ဝယ်ခိုင်းရတာလေ .. အဲဒါတော့



www.burmeseclassic.com

www.burmeseclassic.com



မင်း အဆင်မပြေလည်း ကြည့်ကျက်သုံးကွာ .."

"ကိုကို ဒါတွေအားလုံး ပန်း အတွက်လားဟင် .."

"ဟုတ်တယ်လေ .. အစတုန်းက တစ်ထည်စ နှစ်ထည်စ ဝ ပေးပြီး ငါလည်း အလုပ်ရှုပ်နေတော့ မတွေးမိဘူး၊ ရွယ်တူမိန်းက လည်း အိမ်မှာမရှိတော့ မင်း အဆင်ပြေမှာ မဟုတ်ဘူးဆိုတာ တွေးမိတာ၊ ဘယ်လိုလဲ စာအုပ်ကြည့်ရတာရော အဆင်ပြေလား။ ကိုသာ လမ်းညွှန်စာအုပ် ဝယ်ပေးတာ၊ ငါကိုယ်တိုင်လည်း ခုချိန် ဘုရားမှန်း တရားမှန်း မသိသေးဘူး''တဲ့ ..။

ပြောပြီး ရယ်လိုက်သည့်မျက်နှာချောချောကို ငေးရင်း ကို ကိုယ်ကိုယ် မရိုးသားစိတ်တွေ ဝင်နေပြီမှန်း နားလည်လိုက်မိသ ထို့ကြောင့် ပိုပြီး ရှက်သွားမိတာက ကိုကို့ဘက်က ငဲ့ညှာခြင်းသ သက်ဖြင့် ရိုးသားစွာ ကူညီနေမှန်း သိသာနေခြင်းကြောင့် ဖြစ်သ

ကိုယ့်ဘက်က တိတ်တခိုး ခံစားမိနေသော်လည်း ကိုကိုကအ သူမ ဒီလိုရှိနေလိမ့်မယ်ဆိုတာ တွေးမိပုံတောင် မပေါ်ပါ ..။

"ကတ်ကြေးက ဘာလုပ်တာလဲ"

စကားပြောနေရင်း စားပွဲခုံလေးပေါ်က ကတ်ကြေးကို မြင်သ တော့ မေးသည်။ ပန်း က အထည်ထုပ်တွေကို ပေါင်ပေါ်တင် ဖွေ ရင်း ကတ်ကြေးကို ကြည့်၍ ...

"ဆံပင်တွေ ဖြတ်ချပစ်လိုက်ဖို့ပါ .."

"ဟာ!... မလုပ်ပါနဲ့တော့ .. ဒီလိုလည်း ရှင်းနေတာပဲ အစိမ်းရောင်ကတ္တူအိတ်ထဲမှာ သနပ်ခါးဘူးတွေ ပါတယ်၊ တစ်ကို ရေ သန့်ရှင်းရေးကို ဂရုစိုက်ပေါ့၊ ညစ်ထပ်ထပ် သိုးညှဉ်းညှဉ်း မနေ မိမိကိုယ်ကို ကောင်းအောင် အရင်ကြိုးစား၊ ကျန်တာတွေ လောဆော ဆယ် ဘာမှ မတွေးနဲ့ .."

"ဟုတ်ကဲ့ပါ"





"ညီလေးက မင်းကို မေးသေးတယ်"

"ဟင်!..."

ကလေးအသံ ကြားတာနှင့် ပန်း ပျာပျာသလဲ ဖြစ်သွားတော့ က ပြုံးလိုက်ပြီး ပန်း ရဲ့ခေါင်းလေးကို ဖွဖွပုတ်၍ ...

"စေတနာမှန်ကြရင် တစ်နေ့နေ့မှာတော့ အဆင်ပြေသွားကြမှာ"

"မေမေကြီးကတော့ ပန်း ကို တော်တော်နဲ့ ခေါ်မှာ မဟုတ်ဘူး ထင်တယ်နော် .."

"မေမေ့စိတ်က လှုပ်ရှားတဲ့ဘက်မှာ အရမ်းများနေတော့ တစ်ခုခု ရင် အလွန်အကျွံ တွေးပစ်တတ်တာကို၊ မင်းကို သူ ကြောက်နေ ကလေးကို ထိရင် မကြိုက်ဘူးဖြစ်နေတာ ..၊ သူ့ကိုပဲ ခေါ်ပြော ကိုင်ပေးနေတုန်းက မင်းနဲ့ အဆင်ပြေနေတာပဲ"

ပန်း ခေါင်းညိတ်မိသည်။ နောက်ထပ် နားလည်မိတာက မေမေ ကို ဦးမြတ်ထွန်း ရောက်သွားပြီဆို ဒေါသမောဟတွေနှင့် ရစ်တတ်ကာ ထိုဒေါသတွေက ပန်း ကိုကျမှ ပေါက်ကွဲလာတာ ဖြစ်သည်။ မေမေကြီး ပန်း ကို မနှစ်သက်တာက တစ်မျိုး၊ ဦးမြတ် မနှစ်သက်သည့်တစ်မျိုးကတော့ ရန်ငြိုးကြီးမား ရှိခဲ့ဖူးတဲ့လူတွေ ..။

စိတ်ထဲမှာ ခံစားမိနေပေမယ့် ကိုကို့ကို ပန်း မပြောဖြစ်ခဲ့ပါ။

"ပန်း ဒီထဲမှာရှိနေတာ မေမေကြီး သိလားဟင် .."

"မသိဘူး ထင်တယ် .. မေမေက အစတည်းက ခြံထဲ ဆင်းလာ လည်း ဒီဘက်ထိရောက်အောင် မသွားတတ်ပါဘူး၊ တစ်ခါ မြွေပွေး မာလီက အမြီးကနေ ဆွဲလာတယ်လေ၊ အဲဒီတည်းက ဒီဘက်ကို သွားတော့တာ လုံးဝနီးပါးပဲ"

"ဩော် .. ဒါဆို ဒီဘက်မှာ မြွေရှိတာပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"သစ်ပင် မြေပြင်ဆိုတာ ပြောလို့တော့ ဘယ်ရမလဲ .. ကြောက်လို့လား .."

ပန်း က ခေါင်းခါလိုက်ပြီးမှ တုံ့ဆိုင်းဆိုင်း ဖြစ်သွားသည် ခဏကြာမှ ...

"ပန်း ကို မြွေဟောက်ပေါက် ခံရဖူးတယ်"

"ဟုတ်လား .. ဆေးမီရင်တောင် တော်တော်ခံရတယ်လို့ ကြား တယ်၊ မြွေကိုက်တာ ဘယ်လိုနေလဲ"

"ပူခနဲဆို နာသွားတာပဲ"

ရယ်ဟဟနှင့် တမင်မေးလိုက်တာကို ပန်း က ကောင်းကော ပြန်ဖြေတော့ အရိုပ် မျက်နှာ တည်သွားပြီး သေချာ နားထောင် "ပါးပျဉ်းထဲမှာ စာလုံးပါတော့ မြွေဟောက်ဆိုတာ သိလိုက်တယ် ဒါပေမယ့် ပန်း က အခန်းထဲမှာ တံခါးပိတ်ခံထားရတာ .."

"ဘာ!..."

"ပြတင်းပေါက်တွေပါ အသေပိတ်ထားတော့ ဘယ်ဆေးမှလည်း ပြေးထိုးချိန် မရပါဘူး"

"နေပါဦး .. တံခါးတွေ ပိတ်ထားတဲ့အခန်းထဲကိုဆိုတော့ .."

"တမင် လာထည့်တာ"

အရိုပ် အသံတိတ်သွားသည်။ ပိတ်ယှက်ချထားသည့် မျက် တောင်ရှည်တို့ကို စူးစိုက်ကြည့်ရင်း ကိုယ့်ရင်ထဲမှာ သူမအပေါ် ဘယ် လို နားလည်ထားခဲ့မိမှန်းတောင် မသိတော့တဲ့အဖြစ် ...။

"မင်း နည်းနည်းပါးပါးမှ မဖြစ်ခဲ့ဘူးလား"

"ဟင့်အင်း .."

"ကြောက်လည်း မကြောက်ခဲ့ဘူးပေါ့၊ အဲဒီမြွေရော .."

"အကိုက်ခံလိုက်ရတာကို မကြောက်ဘူး ကိုကိုရဲ့ .. နာတာ ကျင်တာ ဘာမှမတွေးမိလောက်အောင် နောက်ထပ်ပေါက်ဖို့ ခေါင်း





ယမ်းယမ်းဖြစ်နေတဲ့ မြွေကြီးကို ကြည့်နေရင်း ပန်း ဘာဖြစ်သွား း မသိဘူး .. သတိရလာတော့ ပုံမှန်အတိုင်းပဲ မြွေက မရှိတော့ဘူး"

"မင်းကို တစ်ယောက်ယောက်က လုပ်ကြံတာ တခြားလူ သိ ာင် မင်း မပြောဘူးလား၊ ဒါ ကလေးကစားစရာ မဟုတ်ဘူး"

"တစ်ယောက်ယောက်က လုပ်ကြံတာ မဟုတ်ပါဘူး ကိုကို .. တခြားလူကို သွားတိုင်လည်း ထူးမှာမှ မဟုတ်တာ၊ အားလုံးက း ကို သေစေချင်ကြတာပဲ"

အရိုပ် မျက်နှာပျက်ပျက်နှင့် ငြိမ်သွားသည်။

"ကိုကိုကရော ပန်း ကို ဒီမှာပဲ နေခွင့်ပေးမှာမို့လို့လားဟင် .. စ်နေ့နေ့မှာ .."

"မင်း ငါ့စကားကိုသာ နားထောင်ပါ၊ တစ်နေ့နေ့မှာ ပြဿနာ ခုခု ထပ်ရှိလာရင် မင်း ငါ့ကို ဂရုမစိုက်ဘူးဆိုတာ ပေါ်လာမှာပဲ၊ း မေးတဲ့ မေးခွန်း အဲဒီလိုနေ့မျိုး ရှိခဲ့ရင် ငါ ဖြေမယ်"

"ကိုကို .."

"ပြော .."

"ပန်း ဒီမှာပဲ နေခွင့်ရမယ်ဆိုရင် .."

'ကိုကိုနဲ့ပဲ နေချင်တာ'လို့ ပြောချင်ပေမယ့် မျိုသိပ်၍ ...

"ပန်း ဘာမဆို ဖြစ်အောင် လုပ်နိုင်ပါတယ်၊ ပန်း ကို နှင်မလွှတ် ါနဲ့နော် .."

"မင်း ကတိပေးတာ မလွယ်နဲ့လေ .. ငါ့ဆီက ကတိကိုလည်း တောင်းနဲ့ဦး၊ ငါ ပြောခဲ့တာတွေကိုပဲ နားထောင်"

"ဟုတ်ကဲ့ပါ"

"အခု ဒါတွေကို ဝတ် .. လန်းလန်းဆန်းဆန်း နေ၊ ငါက ပေး ွတာ မဟုတ်ဘဲ မေမေနဲ့ တွေ့ဖို့ရော .. ညီကို ချောင်းတာတွေ ာ .. ဘာမှမလုပ်နဲ့ဦး၊ ထွန်းမင်းဦး ရဲ့သေဆုံးမှုမှာ မင်းနဲ့ မဆိုင်အောင်



www.burmeseclassic.com

www.burmeseclassic.com



ငါနဲ့ လေးလေး ရင်ဆိုင်နေရတယ်၊ အဲ့ဒီအတွက် မင်း တုတ်တုတ် မလှုပ်ပါနဲ့၊ လေးလေးက ..''

''မင်းရဲ့ဦးလေး .. မင်းနဲ့ သွေးသားတော်ပါတယ်ကွ ..''

ရင်နာလုံးကြီးနှင့် ဦးမြတ်ထွန်း စကားသံက မထင်မှတ်စွာ ဖြတ်ဝင်လာသည်။ အသံပြီးမှ လူက တစ်ဝက်ပွင့်နေသည့် အကွယ်ကနေ ပေါ်လာကာ ...

''မင်းက ဒီဟာလေးကို အပြစ်မကျအောင် ကာကွယ် အပြင် ဆုတွေလာဘ်တွေပါ ချနေပါလား''

စားပွဲ၏တစ်ဖက်စွန်းမှာ တင်ထားသည့်ပစ္စည်းတွေကို ကြည့်ပြီး ထိုနေရာမှာပဲ ရပ်နေကာ ...

''တကယ်ဆို မရီးဆိုတာက တစိမ်းပါပဲ၊ မင်းနဲ့ငါကသာ ချင်လို့ မရ၊ မခေါ်ချင်လို့ မရ၊ ငါ မင်းတို့အိမ်မှာ အစစအရာ ဒီနေ့ထိ သည်းခံပြီးနေလာခဲ့တာ မင်းမျက်နှာတစ်ခုတည်းကြောင့် နေစရာ သွားစရာ မရှိလို့ မဟုတ်ဘူး ..''

အားစက်သည့် ဦးမြတ်ထွန်း စကားကို နားထောင်ပြီး က နေရာမှ ဖြည်းလေးစွာ ထရပ်သည်။ ဖခင်မရှိတော့သည့်ခ ငါ နိုင်နင်းပါ့မလားလို့ ပူလောင်ဟျာယာခတ်သွားခဲ့သည့် ကြောင့် တွေ သူ့ရင်ထဲမှာ အတော်ကြီး လျှော့ပါးနေပြီမို့ မျက်နှာပေါ်မှာ ငြိမ်မှုကလည်း မနေ့ကနဲ့ ဒီနေ့တောင် မတူ ...။

အရမ်းကြိုးစားနေသည့်အလျောက် တိုးတက်လာခဲ့သည့် ဆန်သောပြောင်းလဲမှုတွေနဲ့ အရိပ် မျက်နှာကို ဦးမြတ်ထွန်း ကလည်း စူးစိုက်ကြည့်နေခဲ့၏။

ဟိုရက် ဟိုလတုန်းက ပူလောင်ခတ်နေသည့် လူငယ်လေး

ဒီနေ့ သူ သတိထားမိလိုက်တာက ဦးစီးဦးဆောင်ပြုနိုင်နေပြီ သည့် တည်ငြိမ်မှုများနှင့် အရိပ်ထင် ...။ သို့သော် ...





''မင်းတို့အတွက် ငါ အနစ်နာခံပေးခဲ့သမျှ ငါ့သားတစ်ယောက် ဖြစ်ဆိုးရဖို့လား''

''နေဦး လေးလေး .. ကျွန်တော်တို့ သွေးသားတော်တာ ရင်နီး ခဲ့တာတွေက အခုဖြစ်သွားတဲ့ ပြဿနာနဲ့ ပတ်သက်နေတယ်လို့ လေး ပြောတာလား''

ဦးမြတ်ထွန်း မျက်လုံးတွေက ပန်း ဆီ ဖျတ်ခနဲ ရောက်သွား ပြီးတော့ မျက်မှောင်ကုတ် အံကြိတ်လိုက်သဖြင့် ပန်း နေရာမှ လိုက်မိသည်။

ကိုယ့်ဆီ ရောက်လာသည့် မျက်လုံးတွေကို မျက်လွှာချ ရှောင် ရင်း နောက်ဖေးတံခါးလေးဆီ ခြေဦးလှည့်မိလျှင် ...

''အပြင်မှာ ထွက်မနေနဲ့ ..''

ဒီဘက်မှာ ရင်ဆိုင်ရပ်နေရင်း ပန်း ကို လှည့်ပြောလိုက်တော့ တ်ထွန်း နှုတ်ခမ်း သိသာစွာ မဲ့ကျသွားသည်။

''မင်း မေးလိုက်တာကို ငါ ဖြေဖို့ မလိုဘူး အရိပ် .. အဖြေက ပဲ၊ ငါ့ကို ဒုက္ခပေးတဲ့လူက မင်းတို့သားအမိတွေထဲက တစ် ဘက်ဆိုရင် ငါ တစ်သက်လုံး ဘယ်ဘဝပဲ ရောက်သွားပါစေ .. တော့ ..''

''လေးလေး နည်းနည်းတော့ လွဲနေပြီထင်တယ်''

''ဘာ!...''

''အပြစ်တစ်ခုရှိလာရင် ဥပဒေက ကျောသားရင်သား မခွဲခြားပါ လေးလေးလည်း ပန်း ကို အပြစ်ကျအောင် အင်အားသုံးခဲ့တာပဲ လား''

''ငါ လျှော့ပေးလိုက်တာ သူ့ကို ဥပဒေဘောင်ထဲက ဘယ်လိုမှ ပြစ်ပေးခွင့်မသာလို့လို့ မင်း ပြောလိုက်တာပေါ့၊ ဟွန်း .. အဲဒီလို ဘူးစူးတင်တတ်တာ ကောင်းပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



"လေးလေးကရော ကိုယ့်သားတစ်ယောက်လုံးကို သေ
ပါဆိုတာ သက်သေ ခိုင်မာနေသားနဲ့၊ ကျွန်တော့်ဆီက ကျေး
တစ်ခုအတွက် ပြစ်မှုမြောက်နေတာကို လျှော့ချမှာလား"

ဦးမြတ်ထွန်း မျက်နှာ ညို့ခနဲ ဖြစ်သွားသည်။

"သူ့မှာလည်း အပြစ်မကင်းဘူးဆိုတာ ကျွန်တော် သိ
လေးလေး၊ ဒါပေမယ့် အုန်းသီးကြွေကျလို့ ရွှံ့ပျော့ပျော့မှာ အ
သွားတာကို ဘယ်သူက ပုံလောင်းသွားပါတယ်လို့ စွပ်စွဲမလဲ"

"စကားတွေ သိပ်ကြွယ်နေပါလား အရိုင်၊ ဒီသဘော
ရောက်သွားပေမယ့် ငါ့ရဲ့လိုရင်းက အဲဒါ မဟုတ်သေးဘူး၊ မင်
အတွက် မင်း နာကျင်မှုလေးတော့ ပြရမှာပေါ့၊ ဒီကောင်မ
သန္ဓေယုတ်လေး .."

"သူ့ကိုယ်သူ ဘယ်လိုသန္ဓေနဲ့ မွေးလာမှန်းတောင် မသိတဲ့
ကလေး .. မိဘမဲ့ တစ်ကောင်ကြွက်လေးပါ၊ ဒီပြဿနာမှာ
ထွန်းမင်းဦး ဘယ်လိုခြေလှမ်း လှမ်းသွားသလဲဆိုတာ ကျွန်တေ
သိကြတာပဲ"

"သား တစ်ယောက်လုံး သေရတဲ့ကိစ္စကြီး .. ငါက ပြဿ
တွေ နေရာချပြီး အပြစ်ကို ချိန်ခွင်ပေါ် ထည့်ချိန်နိုင်မလား၊ ဘာ
အဲဒီသရဲမလေးကို ငါ မလိုချင်ဘူး၊ ငါ့သားအတွက် မင်း ပြန်လု
ဖို့ ငါ ပြောချင်တာ အဲ့ဒါပဲ၊ သူ့ကို ဒီထဲ ထည့်ဝှက်ထားတာ
နောက်ဆုံးပဲ ဖြစ်စေချင်တယ်၊ မိုးလင်းရင် မမြင်ချင်ဘူး"

မျက်လုံးချင်းဆုံသွားစဉ်မှာ မျက်မှောင်ကုတ်၍ အေးစက်
ကြည့်နေသည့် အရိုင် ကို အကဲခတ်၍ ...

"မင်းအမေ သိသွားရင် မလွယ်ဘူးဆိုတာလည်း မင်း
ကလေးဆန်ဆန် ပြောရရင် ငါကတော့ ဒီကောင်မလေးကို
အတွက် ဘယ်နည်းမဆို သုံးမှာပဲ"





းလေး ငြိုငြင်မှာ .. မေမေနဲ့ ရင်ဆိုင်ရမှာတွေထက် ငွေမရှိ၊
နေတဲ့ အားကိုးမဲ့ မိန်းကလေးတစ်ယောက် လမ်းပေါ်ရောက်
အပြစ်ဆိုးကို ကာကွယ်ဖို့ပဲ ကျွန်တော် စဉ်းစားမှာ .."

ဟာ .."

တ်ထွန်း ၏မျက်နှာပြင်သည် နှင်းရည်ဝနေသည့် ကျောက်
ပ်နှင့် တူနေခဲ့လျက် ...

င်းအမေကိုတောင် ဂရုမစိုက်ဘူးဆိုမှတော့ ငါကလည်း ငါ့သား
ဲ့အပြစ်ကို စောဒကတက်ဖို့ မလိုတော့ဘူးပေါ့"

ဟုတ်ဘူး .. ဂရုမစိုက်ဘဲနေတာမျိုး မဟုတ်ဘူး၊ ကန်ထဲက
ာန်ရေတွေ ခန်းကုန်မှ သေမှာ၊ နေပူသောင်ပြင်ပေါ်မှာ ဖျတ်
ခုန်ပေါက်နေတဲ့ ငါးလေးတစ်ကောင်ကို အရင်ပြေးကောက်
်လိုက်မိတာ ကျွန်တော့်အပြစ်လား .."

အဲဒါလေးကို ပြေးကောက်တုန်း မင်းအတွက် သေမယ့်ဘေးနဲ့
ကို ကြိုသိထားရင်ရော .."

ခွန်းအဆုံးမှာ နှစ်ယောက်ရဲ့စကားသံတွေ ဖျတ်ခနဲ တိတ်ကျ
၊ ထို့နောက် ...

အနာဂတ်ကို တပ်အပ်ကြိုသိနိုင်တဲ့ ပုထုဇဉ် မရှိပါဘူး"

ရှိတယ်လို့ပဲ ထားပြီး မေးတာကို ဖြေစမ်းပါ"

ရှိတယ်ဆိုတာကို မယုံလို့ မဖြေနိုင်ဘူး လေးလေး"

မြတ်ထွန်း အံကြိတ်လိုက်သည်။ ပြီးမှ မေးဖျားခပ်ပင့်ပင့်နှင့်
တ်ညိတ်ကာ ...

မင်း အရမ်းတော်လာတာပဲ"

ပြောပြီး ချာခနဲ လှည့်ထွက်သွားခဲ့၏။ နောက်ဖေးတံခါးရဲ့အပြင်
လေးကပ်၍ တောင့်မတ်စွာ ရပ်နေမိသည့် ပန်း မျက်ဝန်းမှာ
ည်တွေ ပြည့်သိပ်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ကြည်နူးပီတိတို့ဖြင့် မျက်တောင်တစ်ချက်မှ မလှုပ်ရှားမိ
မျက်ရည်တွေ တစ်ပေါက်ချင်း လျှောဆင်းကုန်ကြသည်။

ဝမ်းနည်းတိုင်း မငိုတတ်ခဲ့ဘဲ ဝမ်းသာကြည်နူးသည့် လို
က ရှိုက်ငိုချင်လာတဲ့အထိ ရင်ထဲမှာ ကတုန်ကယင် နှိပ်စက်

သူမအပေါ် ကိုကို ဒီလို ငဲ့ညှာကာကွယ်ပေးလိုက်ခြင်းဟာ
တစ်ယောက်၏အရိပ်တစ်ခုအဖြစ် မဟုတ်ဘဲ ရာဇထောင်ချီသောတ
တစ်တပ်၏ ကာကွယ်ပေးခြင်းနဲ့ တူလေသည်။

ကိုကို့ရဲ့ အရိပ်တစ်ခုဟာ သူမအတွက် ထိုမျှလောက် လုံခြ
၏။ ဒါပေမယ့် ကံကြမ္မာဆိုတာ စံရာမှာ မတည်မြဲစေတဲ့ သ
ယန္တရားကြီးလိုလား ...။

"အမလေး!..."

ညဦးကတည်းက တရေးထိုင်ရင်း အိပ်ငိုက်နေသဖြင့် ခ
လှဲလိုက်ရင်း ပျော်သွားခဲ့သည်။ လန့်ဖျန့်အော်ကာ ငုတ်တုတ်
လိုက်ရင်း တဒိန်းဒိန်းခုန်နေသည့် ကိုယ့်ရင်ဘတ်ကို အထူးအ
ပြန်ငုံ့ကြည့်မိသည်။

အိပ်မက်ထဲမှာ မီးတွေလောင်နေသည်၊ မီးလောင်ပြင်ထဲမှာ
ပြေးလွှားရှာဖွေနေခဲ့တာ ကိုကို့ကို ဖြစ်၏။ လှမ်းမြင်လိုက်တော့ ကို
မဟုတ်ဘဲ မောင်လေး လရိပ်လင်း ဖြစ်နေသည်။

တဝုန်းဝုန်း ပြိုကျနေသည့် မီးလောင်နေသော အဆောက်အ
တွေကြားမှာ လရိပ်လင်း က ဘယ်မှမပြေးလွှားတတ်ဘဲ အော်ငိုနေ

ပြီးတော့ ဆံပင်တွေ ဖားလျားပြေကျလျက် မီးတောက်တွေထဲ
ဒေါ်နေခြည် ရဲ့ ပုံရိပ် ...၊ ပန်း ကိုယ့်ဘာသာ တံတွေးမျိုချရင်း န
လှမ်းကြည့်မိသည်။

ည ကိုးနာရီခွဲတိတိ ...၊ သိဝ်တော့ ညဥ့်မနက်သေးပါ။ သို့သေ
ချွေးပျံချင်နေသည့်ကိုယ်က စိတ်အိုက်နေတော့ ပိုဆိုးသည်။





ကျင်နေသော ပခုံးတစ်ဖက်က ဒဏ်ရာကို ဖိဆုပ်ထားမိကာ
ါက ဆင်းလိုက်၏။

စောစီးစီး ဘာဖြစ်လို့ ဒီလို အိပ်မက်ဆိုး မက်နေခဲ့မှန်း မသိ။
ာ ဘယ်လိုမှ ပေ့ါပါးမသွားသည်မို့ ခေါင်းရင်းပြတင်းပေါက်
တိုက်ကြီးဆီ လှမ်းကြည့်လိုက်မိသည်။

ချမ်းမှာ ငြိမ်းချမ်းစွာ အိပ်စက်နေမည့် ဇမ္ဗူတစ်လွှစံအိမ်ကြီး
ကာ ကိုယ့်ဘာသာ အိပ်မက်မက်ခဲ့တာကို ဖြေဖျောက်ချင်လို့
ဒါပေမယ့် ပန်း ထိတ်ခနဲ ဖြစ်သွားမိသည်။ ကိုကို့အိပ်ခန်းမှာ
နေကာ လှုပ်ရှားနေသည့် ပုံရိပ်တစ်ခု ...။

ဟုတ်ဘူး .. ကိုကို ခရီးသွားနေတာ ...၊

န်း သေချာကြည့်နေရင်း မီးရောင် ပြန်မှောင်သွားသည်။ သိဝ်
င်မှာ အောက်ထပ်ထောင့်ခန်းကနေ နီရဲသော မီးတောက်တွေ
မ်းမြင်လိုက်ရပြီး ...

"လရိပ်လင်း .. .."

န်း ကတုန်ကယင် ခေါ်ရင်း အိမ်ရှေ့ကနေ ပြေးထွက်ခဲ့မိသည်။
ိုက်ကြီးဆီကို ပြေးနေစဉ် ပတ်ဝန်းကျင်က လှုပ်ရှားသံတွေကို
ားမိလိုက်သေးသည်။ ပြီးတော့ ဦးမြတ်ထွန်း အပြေးလွှား
ပြီး စိုးရိမ်တကြီး အော်ဟစ်ခေါ်နေသံတွေ ...။

ထို့နောက် မီးတောက်မီးလျှံများနှင့်အတူ နားထဲကို ဝင်လာနေ
မီးသတ်ကားသံတွေ ...။

ခြစ်ခြစ်တောက် ပူပြင်းနေသော မီးတောက်တွေဟာ အိပ်မက်ထဲ
် အဆပေါင်းများစွာ များပြားသော အင်အားတို့ဖြင့် ...။

ဒါက အိပ်မက်မဟုတ် ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

"ဟင်!..."

"မေမေ ဘာဖြစ်လို့လဲ"

လှုကိုကိုင်လှုပ်လိုက်မှ အိပ်မက်ပါလားဆိုတာကို သိလိုက်သ
ပြီးတော့ သူမ ငိုနေခဲ့သေးသည်။ အိပ်မက်တော့ အိပ်မက်ပေမ
အတိတ်မှာအိပ်မက်တုန်းက ဖြစ်လာတော့မှာကို နိမိတ်အဖြစ် ကြိုတ
မြင်မက်မိတာမျိုး ...။

အခု ပန်း အိပ်မက်နေတာက အတိတ်က ဖြစ်ခဲ့သည့် တက
မီးလောင်ပြင်ကြီးကို စိတ်ဝိညာဉ်က နောက်ထပ်တစ်ခေါက် ပြန်
နေခဲ့တာ ဖြစ်သည်။

မီးတောက်တွေ သူမ ဘာတွေဖြစ်ခဲ့သလဲ၊ လူတွေ ဘယ်လို
ပြီး ဘာတွေ ကောက်ချက်ချခဲ့သလဲ ..၊ အားလုံးက ဘာတွေ ပြော
ပါစေ ကိုကို နားလည်မှာပဲလို့ တွေးထားခဲ့ပေမယ့် ...

"မေမေ နေကောင်းရဲ့လား .. ဘာဖြစ်လို့ ငိုနေတာလဲ"





န်း ရဲ့စိတ်တွေ ပဈ္ဈုပ္ပန်ဆီ ရောက်လာတော့ အရက်တွေသောက်
နေပြီဖြစ်သည့် သားငယ် ရဲ့အပြစ်တွေကို သတိရသွား၏။
မျက်ရည်စိုနေဆဲ မျက်ဝန်းတွေက အေးစက်ခြင်းသို့ ပြောင်းလဲ
လျက် ...

"အဲဒါ မင်းကြောင့်ပဲ သားငယ်"

"ဟာ!... မေမေကလည်း"

အပြစ်အတွက် တစ်ကနေ ပြန်စတော့မှာမို့ နီမြန်း မို့အစ်နေ
မျက်နှာနှင့် သားငယ်က နဖူးကဆံပင်တွေကို အလုပ်ရှာ ဆွဲဖွနေ
ကျ် ...

"မေမေကလည်း မိုးတောင်မလင်းသေးဘူး .. သားက မေမေ့ကို
ပူလို့ လာနိုးတာ"

"မလိုပါဘူး .. ငါက ဘာဖြစ်နေလို့လဲ"

"အိပ်ရာထဲမှာလည်း မဟုတ်ဘဲနဲ့ စားပွဲပေါ် မှောက်အိပ်ပြီး ရှိုက်
နေတာ .. မေမေ့ကို ဒီလို ဝမ်းပန်းတနည်း တစ်ခါမှ မတွေ့ဘူးတော့
ပူသွားလို့ပေါ့"

"ငါ တစ်ညလုံး မင်းအတွက် သောကတွေနဲ့ အလူးအလိမ့်ပဲ
ငယ်၊ အပြင်မှာ မငိုတတ်ရင်တောင် သတိလွတ်နေတဲ့အချိန်မှာ
ာကကို မထိန်းလိုက်မိဘူး ဖြစ်သွားတာ၊ ဘာတွေ ထူးဆန်းနေ
လဲ"

အမြဲတမ်းလိုလို မာကျောနေတတ်သည့် မေမေ့မျက်နှာကို
းငယ် ငေးကြည့်မိသည်။ မေမေဟာ စိတ်ဓာတ်မာကျောသလို
က်နှာထက်မှာ နူးညံ့ရည်မွန်နေသည်ဆိုတာလည်း သိပ်မရှိတတ်
ဘ ...။

အထူးသဖြင့် စီးပွားရေးနဲ့ပတ်သက်၍ ပြောဆိုဆက်ဆံမှုမှာ
အပ်သည့် ပျူငှာယဉ်ကျေးမှုမျိုး ရှိပေမယ့် ကျန်သည့်အချိန်တွေမှာ



www.burmeseclassic.com

www.burmeseclassic.com



ဆို အပြင်သိပ်ထွက်တာလည်း မရှိ၊ အိမ်မှာ အပေါင်းအသင်း
တွေ ဝင်ထွက် လည်ပတ်လာတာမျိုးလည်း မမြင် ..။

သူ့ကိုတောင် 'သားငယ်'လို့ အမြဲခေါ်တတ်ပေမယ့်
တော့ ထည့်ပြောခဲ့ပါ၏။ ဒေါသထွက်ပြီဆို ပိုဆိုးပါသေးသ

ဒါပေမယ့် မေမေ့ကို သူ ချစ်သည်။ ဘယ်အမျိုးသမီးနဲ့
အောင် အသက်အရွယ်အလိုက် မကျရှုံးသည့် အလှအပတွေ
ဆိုင်ထားသည့် မေမေ ..။ မေမေ့သား ဖြစ်ခဲ့ရတာကို ဂုဏ်ယူမ

ပြီးတော့ ဆွဲဆောင်မှုအရှိဆုံး အလှဆုံး အမျိုးသမီးအ
တော်တော်များများ သတ်မှတ်ထားခဲ့တာတောင် မေမေက
မပြန် တည်တံ့ခိုင်မြဲသော သိက္ခာတို့နှင့် သားတစ်ယောက်မှ
သူမဘဝမှာ ဘာမှ အရေးပါတာ မရှိသလို ..။

ထို့ကြောင့် မေမေက သူ့အတွက် ဂန္ထဝင်မေမေ၊ မီးအိမ်ရှင်

"သား မှားပါတယ် မေမေရာ .. နောက် မသောက်တော့ပ

သူ စိတ်ပါလက်ပါ ကတိပေးလိုက်မိသည်။ ဒါပေမယ့်
က မှဲ့၍ ...

"မင်းက ငါ့မျက်စိအောက်မှာ မနေဘဲနဲ့ ဒီလို ကတိပေး
ဘာကို ယုံရမှာလဲ"

"မေမေကလည်း သား မေမေနဲ့နေရင် မေမေ့ကို လို
ယောကျ်ားတွေရဲ့ မြှောက်ပင့်ချဉ်းကပ်မှုတွေပဲ နေ့စဉ် မြင်နေ ကြ
ရတာ၊ မေမေ့သားဖြစ်ရတာ ဂုဏ်ယူပေမယ့် အဲဒါတွေကိုတော့
ပျက်တယ်"

"ဩော် .."

"ဒီလိုပါ .. သားကို သူတို့က မေမေ အားကိုးထိုက်တဲ့ သား
မလေးစားတဲ့အပြင် လူငယ်ပိစိကွေးတစ်ယောက်လို သူတို့ က
ပြောဆိုနေတဲ့ စကားတွေကိုတောင် နားလည်မှာမဟုတ်တဲ့ ခပ်ပေ





တ်လိုမျိုး ..၊ အဲဒါတွေကို သား လုံးဝ မခံချင်ဘူး"

"မခံချင်ပေမယ့် မင်း ဘာကြိုးစားခဲ့လို့လဲ .. အပေါင်းအသင်း
းပြီး လောင်းကစားတတ်၊ အရက်သောက်တတ်တာနဲ့ မင်း
င်း လူကြီးဖြစ်နိုင်ပြီ ထင်နေသလား"

'လူဆိုးဖြစ်ရခြင်းဟာလည်း ရင့်ကျက်မှုတစ်မျိုးပဲ မေမေ'လို့
က ပြန်ပြောရင်း မျက်လုံးတစ်ချက်တော့ လှန်ကြည့်မိ၏။
စီးပွားရေးလောကထဲမှာ ကျင်လည်လို့ရတဲ့ အသက်အရွယ်
မဟုတ်သေး ..၊ ကျင်လည်မှာပဲ .. လေ့လာမှာပဲဆိုရင်တောင်
ကိုယ်တိုင်က ကြီးမားကျယ်ပြန့်သည့် စီးပွားရေးလုပ်ငန်းမျိုးတွေ
နေတာ မဟုတ်ဘဲ သူ ဘာကို လေ့လာမလဲ ..။

"မင်း ဘာတွေ စိတ်ကူးယဉ်နေတာလဲ သားငယ် .. လောဘ
ာ ရှိသင့်တာထက် ပိုလာရင် မှားတတ်တာပဲ၊ မင်း မှားသွားတာ
ါကြောင့်ဆိုရင် ငါ ဘယ်လို ဖြေရမလဲ ပြော .."

"ဟာ!... ဘာမှမဆိုင်တာကို"

"ဘာဖြစ်လို့ မဆိုင်ရမှာလဲ .. ခုပဲ မေမေ့နားမှာ နေ့ရတာတွေ၊
နဲ့ပတ်သက်ပြီး ခံစားရတာတွေ မင်း ပြောနေတာ"

"မေမေရာ .. သား ခေါင်းတွေကိုက်နေလို့ ခဏ ပြန်အိပ်ချင်လို့
မေမေ ဆူချင်သေးရင် မနက်ကျမှ ဆက်ဆူနော်၊ အပွန်း ..
က သားကို ချစ်ရဲ့သားနဲ့"

ပြောကွက်ရှာမရအောင် ဆူခံထိပြီဆို သားငယ်တို့ ဒီလိုပဲ
မျိုးသွေးနေကျ။ ပန်း ရဲ့ပန်းလေးကို ဖက်ကာ အိပ်ရာဆီ ဆွဲခေါ်
ပြီးတော့ ထိုင်ချလိုက်တဲ့အထိ သူပဲ ပျာယာခတ်လျက် ပန်း
ာတင်းထားတာကို မမြင်ချင်ယောင်ဆောင်နေလိုက်သည်။

လိုအိပ်ရသေးတာ မဟုတ်ဘဲ စောင်ခြုံပေးတော့မလို အိပ်ရာကို
သပ်ဆွဲဖြန့်၍ စောင်ကို ကိုင်လိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"လုပ်မနေနဲ့ .. ပြန်အိပ်လို့လည်း မရတော့ဘူး၊ သွား

ပန်း က စောင်ကို ပြန်ဆောင့်ဆွဲကာ ခြေရင်းမှာပဲ ပြန်ထ
တော့ သားငယ် မျက်နှာ ရှုံ့မဲ့မဲ့နှင့် ...

"မေမေကလည်း သား တကယ် ခေါင်းကိုက်လို့ပါ"

"အဲဒါကြောင့် ကြွ .. မနက်အစောကြီး ထပြန်သွားရ
သေပြီသာ မှတ် .."

"အိုခေ .. မေမေလည်း ပြန်အိပ်ကြည့်ဦးလေ၊ ဒါပေမယ့်
တော့နော်၊ မေမေ့ကို ဒီအောင်လုပ်တာ ဘယ်လိုလူလဲ၊ မနက်
ကို ပြော .."

"အံမယ် .."

"ဟုတ်တယ် .. မေမေ့ကို ဒုက္ခပေးခဲ့တာမှန်ရင် သေပြီသာ

လက်သီးဆုပ်ကြီး ထောင်ပြသွားသေးသည်။ ကိုယ် ပြော
သလို 'သေပြီသာ မှတ်' လို့ ပြောသွားတာမို့ မျက်နှာကို ဖိပွတ်
ပြုံးလိုက်မိသည်။

ဒီသားလေးကို ချစ်လွန်းလို့လည်း စိတ်ချမ်းသာသလိုနေဖို့
လိုက်ထားခဲ့မိတာပါ။

တကယ်ဆို တစ်လောကလုံးနဲ့ တစ်ယောက်၊ သောက
လုံးထွေးသတ်ပုတ်ရင်း အထီးကျန်ခဲ့သမျှ ဘဝဟာ ဒီသားလေ
ရလိုက်ပြီးသည့်နောက်မှာ ..။





## အခန်း (၁၆)

"မင်းနဲ့ စကားပြောချင်တယ် .. ဖြစ်မလား" လို့ ကိုကို ဖုန်းဆက်လာတော့ ပန်း လက်တွေတောင် တုန်ချင်မိသည်။ အတိတ်က ဖြစ်ရပ်တွေအပေါ်မှာ ကိုကို ဘာယူဆလိုက်တာလဲ ..၊ ပန်း ကို မလိုလားသည့် ပြုံးတွေက ဘယ်လောက်ထိ နက်ရှိုင်းနေသလဲဆိုတာ တွေးရင်း ညတိုင်း အိပ်ပျက်ခဲ့ရသမျှ ဒီနေ့ အသေအချာ သိရတော့မှာမို့ တက်ကြွ လျှော်ရှင်နေမိ၏။

ကိုကို ဘယ်လိုထင်နေနေ အမှန်တရားတွေကို ပန်း ရှင်းပြမည်။ ပြီးတော့ ကိုကို့အတွက် ပန်း ဘယ်လောက်ထိ စွန့်စား ရင်ဆိုင်ခဲ့တာတွေ၊ ဘဝမှာ အခက်အခဲ အဖျက်အဆီးတွေ ရှိခဲ့တာတောင် ကိုကို့ကို တစ်ချိန်လုံး မမေ့နိုင်ခဲ့တာတွေ ..။

"ရပြီ .. ဦးလေး ရပ်တော့"

အိမ်ကကားနဲ့ဆို သားငယ် တစ်နေရာကနေ လှမ်းမြင်သွားမှာ စိုးလို့ တက္ကစီနဲ့ပဲ လာခဲ့တာ ဖြစ်၏။ တော်ကြာ အချိန်မတန်သေးဘဲ သက်သေစရာတွေ မြင်သွားပြီး ချစ်လက်စ ခင်မင်းရင်းစွဲကိုလေးပါ



www.burmeseclassic.com

www.burmeseclassic.com



ပျောက်ရှ မှန်းတီးသွားခဲ့လျှင် သားငယ်ကို ပြန်ရှင်းပြဖို့ လွယ် ...
မဟုတ် ...။

မှန်တံခါးထဲကို ဝင်လိုက်တာနှင့် ကြိုတင်မှာထားသည့် ... နံပါတ်ဆီကိုပဲ တန်းသွားခဲ့မိ၏။ အဖြူအနက်ဝတ်စုံနှင့် ဝိတ်တာ ... ယောက်က အနားရောက်လာကာ ...

"အစ်မ နှစ်ယောက်စာအတွက် ကြိုမှာထားတာတွေ၊ ဒီမှာ ... ချက်ပြန်ကြည့်ပေးပါဦး"

"ဩော် .."

ခေါင်းညိတ်ကာ ကိုယ်တိုင် မှာထားသည့် ဟင်းလျာတွေကို ... ကြည့်မိ၏။ ပြီးတော့ ကျေနပ်စွာ ပြုံးမိသည်။ ကိုကို့အကြိုက်တွေ ... ပန်း ဘယ်လောက်ထိ သိရှိ မှတ်သားထားတယ်ဆိုတာ ကိုကို ... ဆုံး ရင်ခုန်ရမယ့် အမှတ်တရပါ။

နောက်ထပ် ကိုကို ဝမ်းသာဂုဏ်ယူစရာတွေ ရှိသေးတယ်။ အ... စွန်ထိ သိရှိကြေကွဲထားတဲ့ ကိုကို မထင်ခဲ့တာတွေအားလုံးကို ... က လက်ဆောင်ပြန်ပေးဦးမှာ ...။

"ရပါပြီ .. အဲ့ဒါတွေ လုပ်ထားလိုက်တော့နော်၊ အခု ကို... တစ်လုံး ပေး .."

"ဟုတ်ကဲ့ပါ"

ကိုကို မလာသေးလို့ ကိုလာသောက်ရင်း မျှော်ရမှာလို့ ... လိုက်မိ၏။ ပြီးတော့ ကိုယ့်ရဲ့ဘေးကပ်လျက်မှာ ပုံရိပ်ထင်နေသည့် ... မှန်ထဲက ကိုယ့်ပုံကို ငုံ့ကြည့်မိသည်။

ပန်းနုရောင် နုလွင်နေသည့် ကိုယ်ကျပ်ဝတ်စုံကို ရှိုင်းလော... အောင်တော့ သိပ်ကျပ်ကျပ်ကြီး လုပ်ထားတာ မဟုတ်ပါ။ ပြီးတော့ ... တိုင်းရင်းသားဝတ်စုံပုံစံ ပခုံးတစ်ဖက်စောင်းနှင့် ခြေဖျားထိ စက... ရှည်မို့ လှတ်ထားသည့် ပခုံးတစ်ဖက်မှာ အပါးသား ပန်းရောင်လေး...





...တင်ထားသလို ထည့်ထားသည်။

တောက်ပြောင်နေတာမျိုး မဖြစ်အောင် ကြိမ်သီးလေးတွေ သီ၍ ...သားနဲ့ လက်တစ်ဖက်မှာ တိုးလို့တွဲလောင်း ချထားလိုက်သေး... မျက်ဆိုင်ထောင့်လို ညာဘက်ခါးစပ်ထောင့်လေးမှာပါ ကြိမ်သီး...တွေ လှုပ်လီလှုပ်လဲ့ရှိနေသဖြင့် ထင်းခနဲ မြင်အောင် လှသည်။ ...သေမယ့် မရှိုင်းပါ။

ဒီနေ့ ကိုကို့ရှေ့မှာ အလှဆုံးဖြစ်ချင်လို့ ပန်း သေသေချာချာ ...မှန်းခဲ့တာပေမယ့် အရမ်းပြင်ထားတာလည်း မသိသာအောင် က...ပြီးသား ...။

မျက်နှာပြင်မှာ ပန်းရောင်ဖျော့ဖျော့လေး တင်လိုက်တာနှင့် ...ပါသားလို ကော့နက်ရှည်လျားသည့် မျက်တောင်တို့က မျက်နှာ ...ပြင်လုံး၏အလှကို လိုလေသေးမရှိ ဖြည့်ဆည်းပြီးသား ဖြစ်ခဲ့သည်။

ဆံပင်တွေတော့ မဖြတ်ပါနဲ့လို့ ပြောခဲ့ဖူးသည့်အတိုင်း ကိုကို့ရှေ့ ...မှာ ဒီဆံပင်တွေကို ဖြန့်ပြချင်လို့ တင်ပါးလောက်ထိ ရှည်နေတာကို ...တိုင်း ချထားခဲ့၏။ ဟိုတုန်းက ကြည့်ရဆိုးခဲ့သော တွန့်နေသည့် ဆံပင်တွေက ခုလောက်ဆို လှိုင်းတွန့်ရေးရေးထင်နေလျက် ကိုကို ကြည့်မဝနိုင် ဖြစ်လာဦးမည်။

ဒီမှာထိုင်ပြီဆိုကတည်းက ခုန်နေသည့်ရင်ထဲမှာ ပျော်နေတာက ...မည်ထင်သည်။ ပန်း ရဲ့နှုတ်ခမ်းတွေ ပြုံးယောင်သမ်းနေခဲ့တာ မပြီး...ဆုံးနိုင် ...။

ထိုပြင် နာရီတကြည့်ကြည့်နှင့် ကိုကို့ကို မျှော်ရတာလည်း စိတ်...ာ စောနေတော့ ကိုယ့်ဘာသာ စောစောရောက်နေတာကို သတိမရဘဲ ...ကြာလှပြီ ထင်မိ၏။

ကိုယ်ကသာ တိတ်တခိုး ရင်ခုန်ခဲ့ရတာမို့ ဒီတစ်ခါ ပြန်တွေ့တာ ...မှာ ကိုယ့်ကိုမြင်တာနှင့် ကိုကို ရင်ခုန်စေချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေခဲ့တာ ကြာပြီဆိုတော့ ထွက်လာကာစလို လတ်
သေးရဲ့လား ..။ အအေးသောက်ထားမိသည့် ကိုယ့်နှုတ်ခမ်းကို
မသာ ပြန်စမ်းမိရင်း အလုပျက်မှာကို တွေးပူလာ၏။ နှုတ်ခမ်းနီ
တဲ့သူမို့ နှုတ်ခမ်းနီဆိုးထားမိတိုင်း မနေတတ်ပေ ..။

ထိုအခါ ကိုကို မလာခင် တွိုင်းလက်ဝင်ပြီး ကိုယ့်မျက်
ခဏတဖြုတ် စစ်ဆေးဖို့ စိတ်ကူးက ချက်ချင်းဖြစ်၏။ ချိန်းထား
အချိန်မှာတော့ ကိုကို ရောက်လာမှာပါ။ ပန်း ကို မတွေ့ရင်
ဒီမှာပဲ စောင့်နေလိမ့်မည်။ နေရာမှ ထထွက်ခဲ့ရင်း ဖုန်းဆက်တုန်း
ကိုကိုပြောတဲ့စကားကို တွေးလိုက်မိ၏။

"မင်းကို မေးတာပဲ မင်း အဆင်ပြေမယ့်နေရာပဲ ပြောပါ၊
လာမယ်"တဲ့။ ယောကျာ်းပီသသော ကိုကို့ဟန်ပန်၊ ကိုကို့ရဲ့ပြော
တွေဟာ လူကို မမြင်ရဘဲ အာရုံမှာ အရိပ်ထင်လာတာနဲ့တောင်
ကို ရင်ခုန်စေနိုင်လွန်းပါ၏။

"ဘာလဲ .. မင်းကို ကဗျာတွေ ရွတ်ပြနေတယ် ထင်လို့

ဟင်!...

ပန်း ရဲ့ခြေလှမ်းတွေ လိုရာအရပ်ကို မရောက်ခင် တုံ့ခနဲ ရပ်
ခဲ့၏။ ဒီအသံကို သိနေသည်။ ဒါ ကိုကို့အသံ ..၊ အသံကြားတဲ့
ချာခနဲ လှည့်ကြည့်မိ၏။

တရုတ်ကပ်မှန်၏ ဟိုဘက်အပြင်မှာ ကိုကို ..။

ဆိုင်၏နောက်ဘက်ကျကျ ကော်ရစ်ဒါလိုနေရာလေးမှာ
ပြောနေသည်။ ဒါဆို ကိုကိုက အရင်ရောက်နေပြီး ဖုန်းပြောဖို့
နေတာလား ..။ အထဲကို မဝင်ရသေးဘဲ ဒီဘက်ကို တမင် လာပြော
တာက မဖြစ်နိုင် ..။

"ငါ့ဘဝမှာ ငါ့အမေကလွဲရင် မေတ္တာထားဖို့ ထိုက်တန်တဲ့မိန်း
မရှိဘူး .."





ဘယ်လို ..၊

ပန်း ခြေလှမ်းတွေ ရှေ့ဆက်လို့ မရတော့ပေ။ ယဉ်ကျေးမှုမရှိ
ဒါဆို ကိုကို ဘယ်သူ့ကို ပြောနေတာလဲ ..၊ ဘာအကြောင်းလဲ
စိတ်ဝင်စားခြင်းက ချက်ချင်းဖြစ်၏။

ထို့ပြင် ကိုယ်နဲ့သာ သက်ဆိုင်နေသော အကြောင်းအရာတွေကို
နေတာမှန်း သိလိုက်ရသောကြောင့် ...

"ဟုတ်တယ် စိုင်း .. သူ့ကိုတွေ့ပြီး ပြောရရင်တော့ လူမကာ
လုပ်နေတဲ့မိန်းမပေါ့၊ ဟား .. ဟား .."

"... ... ..."

"တကယ်ပြောနေတာ၊ ငါ မြင်လိုက်တာ ဟုတ်မှဟုတ်ရဲ့လားလို့
မျက်လုံးကိုတောင် မယုံနိုင်ဘူး"

"... ... ... ..."

"ရှိတယ် .. သားငယ် တဲ့"

"... ... ... ..."

"မဟုတ်ဘူး .. နာမည်ကိုက 'သားငယ်'၊ ဟွန်း .. သူ့ အရမ်း
သားပေါ့၊ ကောင်းတယ်လေ .. အသည်းပေါက်မတတ် ချစ်လေ
လေ၊ ဒါမှ ငါ့ရည်ရွယ်ချက် ပြီးမြောက်မှာပေါ့"

"... ... ... ..."

"သံသရာတစ်ပတ်လည်တယ်ဆိုတာ ငါ ယုံသွားပြီ စိုင်း၊ ငါ့မိဘ
ကို ပြိုကွဲပျက်စီးတဲ့အထိ အငြိုးကြီးတဲ့မိန်းမ ..၊ ဒီတစ်ခါ ငါ
ပဲ"

"... ... ... ..."

"မိန်းမရှိတော့ ဘာဖြစ်လဲ .. သူလည်း အိမ်ထောင်ကျခဲ့ပြီးသား၊
စ်ယောက်တောင် ပါသေးတယ်၊ မမှုတာဘူးဆိုတာရှိရင် နစ်နာ
ငါ့ဘက်က"



www.burmeseclassic.com

www.burmeseclassic.com



"... ... ... ..."

"မယုံရင် မင်း ကြည့်နေပါ .. ငါ နာကျင်ခဲ့တာ မနေ့တစ်နေ့ […] အတိုင်းပဲ၊ နာကြည်းမုန်းတီးတတ်တဲ့ အငြိုးအတေးဆိုတာ လူတိုင်း[…] ရှိတယ် .. အဲဒါ သူ သိရမယ် စိုင်း၊ သိကိုသိရမှာ .. စိတ်ကယော[…] ကယက်ဖြစ်နေရှာတဲ့ ငါ့အမေကို သူ ဒီလောက် အငြိုးထားပြီး လုပ်[…] ခဲ့တာ ဘယ်လိုဖြေဖြေ မပြေနိုင်ဘူး၊ ပတ်ဝန်းကျင် သတိပေးသ[…] ဘာမှ ဂရုမစိုက်ခဲ့ဘဲ ကျောချမှ ဓားပြမှန်း သိတာ .. ငါက လူမိုက်[…] ရက်လည်း ရက်တယ်၊ နာလည်း နာတယ်၊ အဲဒါတွေ သူ့ဆီက ပြ[…] မရရင် ငါ့အနာဂတ်ကို ငါ ဖြိုချပစ်မယ်၊ ငါ့ဘဝ ပျက်သလို သူ့ဘ[…] မပျက်ရင် .."

"ဟင့်အင်း .."

နားတွေထဲမှာ အူထွက်လာတာ မျက်ရည်တွေလို့ ထင်ပေမယ့်[…] မျက်ရည်က နားထဲကနေ ထွက်လာတာမဟုတ် ..။ တအား ရှိုက်ငို[…] ချင်သော်လည်း သူမ ရှိုက်လို့မရဘဲ ဖြစ်နေသည်။

ချိန့်သောခြေလှမ်းတွေဟာ စားပွဲဆီကို ပြန်လာတာမဟုတ်ဘဲ[…] တံခါးအပြင်ကို တိုက်ရိုက်နှင်နေခဲ့၏။ ပြောသမျှတွေကို ဆက်လက်[…] နားထောင်နိုင်စွမ်းမဲ့ခဲ့လျက် မထင်မှတ်သည့် ရက်စက်ရင့်သီးသော[…] စကားတွေဟာ နှလုံးသားကို ဆုပ်ဆွဲခြေမွပစ်နေသလိုပင် ..။

တက္ကစီတားခြင်း၊ ကားထဲ ဝင်ထိုင်လိုက်ခြင်းတို့သည် သိစိတ်[…] နှင့်မသိစိတ် နှစ်ရပ်ကြားမှာ အလိုအလျောက် ဆောင်ရွက်သွားခဲ့တာ[…] ဖြစ်ကာ လူတစ်ကိုယ်လုံးက စက်ရုပ်တစ်ရုပ်လို တောင့်မတ် ကြောင်[…] ငေးနေခဲ့၏။

".. ကျောချမှ ဓားပြမှန်း သိတယ် .." တဲ့။

".. ငါ့ဘဝ ငါ့မိဘကို ဖြိုကွဲပျက်စီးတဲ့အထိ အငြိုးကြီးတဲ့ မိန်းမ.." ဆိုတာလည်း ပါသည်။





"– ငါ့အမေကို ဒီလောက် အငြိုးထားပြီး လုပ်ကြံခဲ့တာ' ဆိုတာ […] မဟုတ်ဘူး .. အဲဒါတွေ မဟုတ်ဘူး ကိုကို ..။

[…]ကြမ်းတမ်းသည့် ရင်ခုန်သံတွေဟာ နူးညံ့သည့်ခံစားမှုကနေ […]တ်လာခဲ့ခြင်းမဟုတ်ဘဲ တုန်လှုပ်သွေးပျက်နေခဲ့ခြင်းသာ ဖြစ်[…]ခြင်းတိုက်ပစ်လိုက်သောကြောင့် ပွက်ပွက်ဆူခြင်းသို့ ရောက်ခဲ့[…]သည့် ဖယောင်းသားနဲ့လည်း တူလေသည်။

ကိုကို ပြောနေတာတွေဟာ ကိုယ့်ကို ရည်ရွယ်နေတာ သိရက်နဲ့ […]နိုင် ..။

မဖြေရှင်းခွင့်မရှိနိုင်တော့အောင် ပိတ်သိပ်ကျပ်မှောင်နေသော အမုန်း[…]ည်သည့် အုပ်တစ်ချပ် လပ်နေသည့် တစ်ဝဂ္ဂထဲမှာ ထည့်ပိတ်[…]က်ရသည့်နှယ် ..။

ကိုကို သိထားတာတွေကို ဘယ်သူ ပြောတာလဲ ကိုကို ..၊ ပန်း[…]တွေ့ဖို့ .. မေးဖို့ မကြိုးစားဘဲ ဘယ်သူပြောတာတွေကို ယုံပစ်လိုက်[…]တာလဲ ..။

ရက်စက်လိုက်တာ ကိုကိုရယ် ..၊ ကိုကိုက လူပျိုပါလို့ ပြောလိုက်[…]ည်းက ပန်း ကို ကလဲ့စားချေဖို့ စည်းထားတဲ့အင်အားတွေနဲ့[…]နော် ..။

ဘဝကို ပုံအပ်ဖို့မပြောနဲ့ .. ပန်း ရဲ့ စိတ်ကူးအိပ်မက်တွေထဲမှာ[…]အောင် ကိုကိုကလွဲပြီး တခြားတစ်ယောက် မရှိခဲ့ဖူးပါဘူး။ ဒီနေ့ထိ.. […]နေ့ထိပါ .. ယုံပါ ကိုကို ..။

ပြန်ဆုံခွင့်ရှိသေးသည်ဖြစ်စေ .. မရှိတော့ရင်ဖြစ်စေ ပန်း ရင်ထဲ[…]မှာ ကိုကိုမှ ကိုကို ..၊ ကိုကို့ကိုပဲ သစ္စာရှိစွာ မြှော်လင့်နေခဲ့တာပါ။

အသံတိတ် ပြိုဆင်းနေခဲ့သည့် မျက်ရည်စက်တို့က မကျန်နိုင်၊ […]ခန်းနိုင် ..။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ကိုကို့ရဲ့အမုန်းတွေကို ပန်း က ကျေကျေနပ်နပ် ပေးဆပ်မှာပါ။ ပန်း ရဲ့ဘဝ ဘာတွေပဲဖြစ်သွားပါစေ ဘာကိုမှ ရှင်း မကြိုးစားတော့ဘူး။

ဒီအဖြစ်တွေ ဘာကြောင့် ဖြစ်ခဲ့တယ်…၊ ပန်း ဘာတွေလုပ်ခဲ့တယ် အခု ဘာတွေလုပ်ဖို့ ရှိနေတယ်၊ ကိုကို ဘာမှသိရမှာ မဟုတ်တော့ဘူး

မျက်ရည်တွေမကျအောင် ချုပ်တီးဖို့ သတိရလာသည်။ ပြင်ဆင် ထားခဲ့သမျှတွေကိုတော့ ဘာမှသတိမရတော့ဘဲ မျက်နှာပြင်ကို ပွတ် သပ်ပစ်မိ၏။

အထင်မြင်လွဲခံရပြီဆိုတာ သိလိုက်ကတည်းက သူမ ကိုယ်ပျောက် ပျောက်နေခဲ့ရသည်။ ဘယ်သူတွေ ဘယ်လိုထင်ထင် ကိုကို ရောက်လာ ရင် ပြီးရောလို့ ဖြေသိမ့်ခဲ့တာလည်း ကိုကိုကတော့ ပန်း ကို သူများတွေ ကြည့်တဲ့ မျက်လုံးမျိုးနဲ့ ကြည့်မှာမဟုတ်ဘူးလို့ ယုံကြည်ခဲ့လို့ပါ …

ခုတော့ အတိတ်မှာ သူမ ခါးစည်းရင်ဆိုင်ခဲ့ရသမျှ ဒုက္ခဆင်းရဲ ခြင်းတွေ၊ ထားခဲ့မိတဲ့ မျှော်လင့်ချက် အနာဂတ်တွေ .. အားလုံးတို့ဟာ တိမ်လို လွင့်ပါးခဲ့ပါပြီ။

စိတ်ချပါ ကိုကို …၊ ကိုကို့အနာဂတ်ကို ဖြိုချဖို့မလိုအောင် ငါ လှမိုက်လို့ တွေးပြီး ကိုကို အရှက်တွေနဲ့ လုံးထွေးမနေရအောင် ပန်း ဆီက ယူပါ …၊

ကိုကို့ကို ပြောဖို့ စကားတွေကို ထာဝရ ပြန်လည် သိမ်းဆည်း ထားပြီး ပန်း ရဲ့ဘဝကို ကိုကို လိုတဲ့အတိုင်း …။





## အခန်း (၁၇)

"ကိုကို .."

ဘဲလ်သံကြောင့် ဧည့်ခန်းထဲမှာ စာဖတ်နေရာကနေ ထွက်လာ ချိန်တော့ အပြင်မှာ ရပ်စောင့်နေတာ ကိုကို ဖြစ်နေသည်။ နီရဲနေ သည့် ရှပ်လက်ရှည်နှင့် ဘောင်းဘီရှည်အနက်ကို ဝတ်ထားသည်။ ရှပ်အကျႌ၏ ဘယ်ဘက်ရင်အုံတစ်ခြမ်းပေါ်မှာ ရွှေအိုရောင် ချင့်ရင့် မီးလျှံထဲက မျက်လုံးပုံ ပါသေးသည်။

ထို့ကြောင့် ဝင်းမှုန်နေသည့် ကိုကို့မျက်နှာနဲ့ ဝတ်ထားသည့် အရောင်တွေက ညနေခင်း နေခြည်ဖျော့ဖျော့မှာ ပထာရနေ၏။

ပန်း ရှေ့ကို ခပ်မှန်မှန် လှမ်းလာခဲ့ရင်း တံခါးဖွင့်နေကာမှ အကျႌ ဘက်တစ်ခြမ်းက မျက်လုံးပုံကို တစ်ချက် ထပ်ကြည့်မိသည်။

ကိုကို့မျက်လုံးတွေကတော့ ဘယ်နေရာမှာ စူးစိုက်နေမှန်း မသိ ပါ၊ ဘာဖြစ်လို့လဲဆိုတော့ ပန်းရင့်ရောင်လက်နေသည့် မျက်မှန်နက် အောက် မျက်ဝန်းတို့ပေါ်မှာ ကာကွယ် နေရာယူလျက် …



www.burmeseclassic.com

www.burmeseclassic.com



“ကိုယ် အထဲကို ဝင်ထိုင်လို့တော့ ရပါတယ်နော်”

“ဟုတ် ..”

ပန်း ကိုယ်လေး ဆုတ်ရှောင်ပေးလိုက်တော့ အနားကနေ ဖြ ဝင်သွားသည့် ကိုကို့ရဲ့ ကိုယ်သင်းနံ့က ဟိုတုန်းကအတိုင်း မပြော သည်မို့ ရင်ထဲမှာ နင့်သွား၏။

တခြား ဘာမှမပြောင်းလဲဘဲ ပန်း ကို ညှာတာခဲ့တဲ့စိတ် တည်း ပြောင်းလဲသွားတာလား ...။

မငိုနဲ့ လျှပ်ပန်း .. တစ်နေ့လုံး တစ်ညလုံး ငိုခဲ့ပြီးပြီ။ မျက် ဆိုတာ ခံစားမှုတစ်ခုကို ဖျော့ချ ဖျောက်ဖျက်ဖို့ ...။ သနားခံဖို့ မ ဘူး ...။

“မနေ့က ဘာဖြစ်လို့လဲ ..”

“ဟို .. လာခါနီးမှ အဆင်မပြေတာလေး ရှိနေတာနဲ့ ..”

“ဩော် ..”

ဆိုဖာမှာ ထိုင်ချလိုက်ပြီးမှ နှုတ်ခမ်းမဲ့၍ ပြုံးသည်။

“အဆင်မပြေတာလေးဆိုတော့ ကိုယ်က မင်းရဲ့ အဆင်မ သေးသေးကွေးကွေးလေးလောက်တောင် ..”

“မဟုတ်ပါဘူး ..”

ပန်း ပျာပျာသလဲ ခေါင်းခါလိုက်မိသည်။

ကိုကို အထင်လွဲမှာ စိုးရိမ်သွားခြင်းဟာ ဟန်ဆောင်မှုကင်း ပါ။ ကိုယ့်အမုန်းတရားနဲ့ကိုယ် ကွယ်ရာမှာ ဘယ်လောက်ပဲ နာ ခံစားနေရပါစေ ကိုကို့မျက်နှာကို မြင်လိုက်ရတာနဲ့ ပြောသ အမုန်းမပါခဲ့ပေ ...။

ဒါဟာ မှသားမပါသည့် ရင်ထဲက အမြဲတမ်း အမုန်းတရ

“သေချာရှင်းပြဖို့ခက်လို့ အလွယ်တကူ ပြောလိုက်တာပါ၊ ဟာ ပန်း ရဲ့ရှေ့ကို ရောက်မလာခင်ကတည်းက ပန်း အတွက် အ





ဟာ ကိုကိုပါပဲ”

ပြီး မျက်ခုံးတန်းတို့ တွန့်ခနဲ တစ်ချက် ဖြစ်သွားသည်။ ကိုင် ည့် ကားသော့ကို အသံမြည်အောင် လက်နှစ်ဖက်ထဲမှာ ဖွဖွ ရင်း ...

မင်း ကိုကိုလို့ ခေါ်တာ ကိုယ့်နားထဲမှာ တစ်မျိုးဖြစ်နေသလိုပဲ၊ ..”

“ဘာမေးတာလဲ ကိုကို”

“မင်းစိတ်ထဲမှာ ရင်းနှီးခဲ့မှုတာ ရှိပေမယ့် တခြားသူတွေ တစ် နိုင်တာ မတွေးမိဘူးလား .. အနီးဆုံးလူက မင်းရဲ့သားပေါ့”

န်း မျက်လွှာချလိုက်ပြီး ခပ်ယဲ့ယဲ့ပြုံးမိသည်။ မနေ့က ကိုကိုနဲ့ ရှင်းစွာ တွေ့ဖြစ်ခဲ့မယ်ဆိုရင် ဒီမေးခွန်းကို ပန်း ချက်ချင်း မည် ထင်သည်။

ါမှမဟုတ် ပန်း ဘာမှ ရှင်းမပြရသေးဘဲ ကိုကို့ကို လိုက်လျော တွေချည်း ဖောဖောသီသီ ရွတ်ပြမိတဲ့အခါ ကလေးတစ်ယောက် တောင် စိတ်ကစားလွယ်လိုက်တာလို့ ကိုကို တွေးချင် တွေး ဦးမှာ ...။

န်း ကလည်း အဲဒီလို မျက်လုံးတွေနဲ့ ကိုကို ကြည့်လာပြီဆိုမှ ပတ်သက်ရင် ပန်း ဘာဖြစ်လို့ အမြဲတမ်း မျှော်လင့် တက်ကြွ တာတွေကို ကိုကို အံ့ဩသွားအောင် ပြောပြမှာလေ ...။

ပြီးမှ ကိုကို ကျေးဇူးတင် ဝမ်းမြောက်စွာ စူးစိုက်ကြည့်လာမယ့် လုံးတွေကို ပြန်ငေးပြီး ...

“မင်းကို ကိုယ် ထင်ထားခဲ့တာ ဒီလိုပုံစံ မဟုတ်ဘူး”

“ဟင်!...”

“ဟွန်း .. ထားလိုက်ပါတော့၊ ငါတို့နှစ်ယောက်ရဲ့ တွေ့ဆုံခြင်း ခုလို အဆင်ပြေနေတယ်ဆိုတော့လည်း ပြောရရှင်းရ သက်သာ



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့"

"ကိုကိုက ဘယ်လိုထင်ထားလို့လဲဟင် .. ကိုကိုက ပြော
ပျော့လား .. ပန်း ကို မေးချင်တာလား .."

မျက်လုံးချင်းဆုံသွားစဉ်မှာ ပန်း မျက်ဝန်းမှာ ကြေကွဲရိပ်
ပေမယ့် ကိုကို့အကြည့်က စူးစူးရဲရဲ ..၊ ပြီးတော့ ချက်ချင်းပဲ
သွားပြန်ကာ ...

"မေးချင်တာ ..၊ ဒါပေမယ့် မှန်မှန်ဖြေဖို့ မသေချာဘူး
လိုက်ရော့ .."

"မယုံကြည်ဘူးဆိုရင် မှန်ကြည့်ပြီးမြင်ရတဲ့ ကိုယ့်ပုံရိပ်ကို
အရှိအတိုင်း မြင်ရတာလို့ မသတ်မှတ်ချင်ကြဘူး၊ လှနေတော့
မှာပေမယ့် မလှဘူးထင်ရင် မှန်ကပဲ ချို့ယွင်းနေသလိုလိုပေါ့
ယုံနိုင်မယ်ထင်ရင်တော့ မေးပါ"

"အဟွန်း .."

ခနဲ့သလိုလို အစပျိုးလိုက်ပေမယ့် ပန်းတွန့်လိုက်ပြီးမှ
က ဟက်ဟက်ပက်ပက် ရယ်သည်။ ရယ်နေသည့်မျက်နှာကို
ကြည့်ရင်း ပန်း နှုတ်ခမ်းလေး ပြုံးယောင်သမ်း၏။

ကိုကို ရယ်နေပါ ..၊ ပျော်ပါစေ ကိုကို ..။

"ဒါဆို မင်းနဲ့ကိုယ် ဟိုတုန်းက ပတ်သက်ခဲ့ဖူးတာတွေ
လိုက်ရအောင် .. အဲဒီပြဿနာတွေ ဘာတွေရှိခဲ့ရှိခဲ့ မေးတာ
တွေ မလုပ်ဘူး၊ မင်းဖြစ်ဖြစ် ငါဖြစ်ဖြစ် ဟိုဘက်စာမျက်နှာမှာ
တွေ များခဲ့ရင်လည်း ထားလိုက်တော့၊ အခုက ငါတို့ဘဝ တစ်
သွားတဲ့ မာတိကာမဲ့ နောက်တစ်မျက်နှာ .."

အရိပ် က ပြောပြီး စူးစိုက်ကြည့်၏။

ထိုမျက်ဝန်းတွေမှာ ရယ်မြူးရိပ်တွေ ထင်နေပေမယ့် တ
တမ်း ရေခဲရိုက်ထားတဲ့ မျက်နှာပြင်လို အေးစက်သည့် အငွေ့





န်း သေချာ ခံစားမိနေသည်။
ပေမယ့် သူမ ကျေနပ်စွာ ခေါင်းညိတ်လိုက်၏။
ကို ပြောလေ .."
င်း .. ကိုယ့်အပေါ်မှာ အရင်လို ရင်းနှီးသေးရဲ့လား"
ကြီး ပိုနေတာပါ ကိုကို ..၊ ရင်ထဲမှာ ရေရွတ်လိုက်မိ

ဒါတွေ ထားခဲ့တော့မယ်ဆို .."
တ်တယ် .. ဒါပေမယ့် အဖြစ်အပျက်တွေကိုပဲ ထားခဲ့ချင်
မှာ ငါတို့ရဲ့ ရင်းနှီးမှုကိုတော့ ထားခဲ့လို့ မဖြစ်ဘူး၊ ဘာဖြစ်
တော့ တစ်ကနေ ပြန်မစချင်လို့ .."
က်လုံးချင်းဆုံအောင် စောင့်နေပြီးမှ အရိပ် က ပြုံးလိုက်ကာ...
င်း နားလည်လား မသိဘူး"
ည်ပါတယ် .. ဆက်ပြောလေ ကိုကို"
တ်ပြီ .. ကိုယ် ပြောချင်တာက ရင်းနှီးမှုတွေနဲ့ ပြန်စချင်ပေ
တုန်းကလို မဟုတ်ဘူး .. ကိုယ်တို့ကလည်း လူငယ်တွေ
တော့ဘူးလေ၊ လူကြီးတန်းဝင်နေပြီဆိုတော့ အရင်လို ပြန်
ဘူး၊ မင်းကို မြင်လိုက်ကတည်းက ရင်ထဲမှာ အရင်လိုမဟုတ်
ကို နားလည်နေတယ်၊ အဲဒါကြောင့် .."
း မျက်လွှာချနေရင်း နှုတ်ခမ်းသားကို့ကို မသိမသာ ဖိကိုက်
ည်။ နာကျင်မှုကြောင့် ဆူပွက်လာသည့် ရှက်ရွံ့သိမ်ငယ်ခြင်း
ဟိုတုန်းအတိုင်း ဘာမှ မပြောင်းလဲခဲ့ပါလား ..။
နေ့ ပန်း ဘယ်လောက်ပဲ ပြောင်းလဲနေနေ ပန်း ရဲ့ဘဝ ဘယ်
င့်မားပါစေ ကိုကို့အတွက်ဆို အမြဲတမ်း မီးစနေ ပါပဲ ကိုကို..။
င်း အရမ်းကိုလှလာတာပဲ လျှပ်ပန်း .. မယုံနိုင်အောင်
ယ့် မင်းရဲ့သားကတော့ .."



www.burmeseclassic.com

www.burmeseclassic.com



ပန်း ဖျတ်ခနဲ မော့လိုက်တော့ သူ့စကားသံ ပြတ်တောက် သည်။

"ကိုကို့ကို ပန်း တစ်ခု တောင်းပန်ချင်တယ်"

"ဘာလဲ .."

"ကိုကို ပြောနေတဲ့ ပတ်သက်မှုတွေအရ ပန်း တို့ ဘယ်လို ဖြစ်ဖြစ်ပါ .. သားငယ် ကို မသိစေချင်ဘူး"

ခဏ ခဏ စိုက်ကြည့်ရင်း ပြုံးတုတ်သည့် ကိုကို့မျက်ဝန်း ရင်နီးတွယ်တာမှု မပါသော လှောင်ရယ်သည့် မဲ့ပြုံးတွေပါ။

ခုလည်း ကိုကိုက ရယ်တာမဟုတ်ဘဲ သွားတွေပေါ်အောင် နေလျက် ...

"မင်း ကိုယ်ပြောတဲ့အဓိပ္ပာယ်ကို နားလည်နေတာပဲ၊ ကျေး တင်တယ် ပန်း .. မင်းဆီက အဲဒီလို ပြေလည်မှုမျိုး အလွယ် မရနိုင်လောက်ဘူးလို့ ထင်ခဲ့တာ"

"အခု ဘာဖြစ်လို့ ရတာလို့ ကိုကို ထင်လဲဟင် .."

"အခုကို သိပ်တော့ စိတ်မဝင်စားဘူး၊ ကိုယ်က ကိုယ် ဖြတ် ခဲ့တဲ့ကာလကို နောက်ပြန်ငဲ့ကြည့်ပြီး သုံးသပ်တာလေ၊ မင်းကို တွေ့လိုက်ရတုန်းကတောင် နောက်တစ်ကြိမ် ထပ်တွေ့ပါ့မလား တွေးမိသေးတယ်"

"ဘာဖြစ်လို့လဲ .."

"အဟွန်း .. မင်းက တွေ့ချင်မှာ မဟုတ်ဘူး ထင်လို့ပါ"

"ပန်း က ရှောင်ပုန်းနေတဲ့သူမှ မဟုတ်တာ ကိုကို"

ဖျတ်ခနဲ ပင့်တက်သွားသည့်မျက်ခုံးတွေက အတိအလင်း ရယ်ပြုလိုက်တာ ဖြစ်သည်။

ပန်း အံလေးကြိတ်၍ မျက်ဝန်းတွေ လွှဲလိုက်မိ၏။

"ပန်း အသက်ရှင်ခဲ့တာ၊ အသက်ရှင်ချင်လာအောင် နွေး





သင်းရောင်ပေးခဲ့တာ အဲဒါ ကိုကိုပါ၊ ပြီးတော့ ကိုကို့မိသားစု .."

"တော်ပြီ လျှပ်ပန်း .. အဲဒီထိ မလိုဘူး၊ အခု ငါ ပြောနေတဲ့ အားတွေရဲ့ ဒါရိုက်ရှင်ကို သဘောပေါက်တယ်ဆိုရင် ရပြီ၊ ငါ လိုချင် မင်းနဲ့ နီးစပ် ပတ်သက်ဖို့ .."

ပန်း က ငေးကြည့်နေတော့ သူက ပြန်ကြည့်ကာ ...

"မင်း တစ်ခုခုကို ရင်ခံနေသလား .. မရှင်းတာရှိရင် မေးလို့ တယ်၊ ပြော .."

"ကိုကို ပြောနေတာတွေ မရိုးသားမှန်း ပန်း သိပါတယ်၊ ဒါပေ ယ့် မရိုးသားတဲ့ အငွေ့အသက် ပန်း မခံစားမိဘူး"

"ဘာ ခံစားမိလဲ .."

"ပြောတဲ့စကားတွေနဲ့ မသက်ဆိုင်တာ တစ်ခုခု .."

အရိပ် က ဆတ်ခနဲ ခေါင်းညိတ်သည်။ ပြီးတော့ ထိုင်ရာမှ ရပ်လိုက်ကာ ...

"ဒါရိုက်ရှင်က အဲဒါပေါ့ .. မင်းကို ငါ လိုအပ်နေတယ်၊ ဒါပေ ယ့် ငါ လိုချင်တာ မင်းဆီက မေးခွန်းတစ်ခုခု မဟုတ်ဘူး .. ဖြစ် လား .."

ပန်း မချိတရိလေး ပြုံးလိုက်ပြီး မျက်နှာလွှဲမိ၏။ ဝေခနဲ တက် လာသည့် မျက်ရည်ကို ခွင့်မပြုနိုင်သည့်မာနက ချက်ချင်း ဖျောက်ဖျက် ကြိုးစားမိလျက် ...

"ပန်း က ကျေးဇူးမမေ့တတ်အောင် အမြဲ သတိထားနေတဲ့သူပါ ကိုကို၊ ကိုကို့ဘက်က ရှင်းဖို့ပဲ လိုတာပါ"

"ငါ့ဘက်ကိုလည်း မင်း စိတ်မဝင်စားပါနဲ့ .. တို့နှစ်ယောက် လုံး ဆယ်ကျော်သက်အရွယ်တွေမှ မဟုတ်ကြတာ၊ မင်းလည်း အတွေ့အကြုံရှိနေပြီ .. အတူတူပဲ"

ဩော် .. မေ့တတ်လိုက်တဲ့ ငါပါလား ...။



www.burmeseclassic.com

www.burmeseclassic.com



ပန်း မှာ သားတစ်ယောက် ရှိနေတဲ့အတွက် သူ့ဘက်ကတော နစ်နာပါသည်လို့ ပြောခဲ့သူကို ...၊

နောက်ထပ် နင့်သီးမှုကို မျိုသိပ်၍ ခေါင်းညိတ်လိုက်မိသည် ညွန်ကြားပါ ကိုကို ...၊

အရပ်မျက်နှာတစ်ခုဆီကို ပန်း မျက်နှာမူထားခဲ့ရင်တောင် ပ ရဲ့ရှေ့မှာ ကိုကို ရှိနေသလို ကျောခိုင်းထားခဲ့တဲ့နောက်မှာလည်း ကို ပါပဲ ...၊

ပြီးတော့လေ ဘယ်ညာကို ငဲ့ကြည့်ရင်လည်း ကိုကို ...၊ မော့ကြ လိုက်တိုင်း မြင်နေရတာလည်း မိုးကောင်းကင်ကြီး မဟုတ်ခဲ့ဘဲ ...

ပန်း ဘဝရဲ့ အသစ်အသစ်သော နေ့စွဲများမှာ ကိုကိုသာ ကျွန်မရဲ့ မိုးကောင်းကင် ...။



## အခန်း (၁၈)

"ပန်း ခုတလော အပြင်ထွက်တာ များလာသလိုပဲ"

မှန်တင်ခုံရှေ့မှာ ထိုင်နေသည့် ပန်း ကို နောက်ကနေ ရပ်ကြည့် ပြောသည်။ ပြီးမှ ဘေးမှာ ခုံပုလေး ဆွဲထိုင်လိုက်၍ ...

"အရမ်းလည်း လှလာတော့ ထူးခြားနေသလားလို့"

ပန်း က မဟူရာရောင်လက်နေသည့် စံပယ်ပွင့်ပုံ နားကပ်လေး တစ်ဖက်စလုံးမှာ ပန်လိုက်ပြီးမှ ငဲ့ကြည့်ကာ ...

"ပန်း အရမ်းပြင်ထားတာနဲ့ တူသား မဇွေ .."

"အရမ်းပြင်စရာမလိုဘဲ လှနေတာကို ထပ်ပြင်လိုက်တော့ အရမ်း လှသွားတယ်လေ၊ ပန်း ဘာမှ သိပ်လုပ်ထားတာ မဟုတ်မှန်း လွဲပြီး ဘယ်လူ ယုံမှာလဲ ...၊ ကဲ .. မေးတာကို အရင်ဖြေပါဦး၊ ထွက်ဖို့ ဖြစ်ဖြစ်လာရတဲ့အကြောင်း .."

ပြုံးတော့မလို ခပ်ယဲ့ယဲ့ လှုပ်ခတ်သွားသည့် နှုတ်ခမ်းလေး မမြင်အောင် တစ်ဖက်လှည့်လိုက်မိသည်။




www.burmeseclassic.com

www.burmeseclassic.com



မနွေ့ က အလစ်မပေးဘဲ သေချာလိုက်ကြည့်၏။

"တို့ ထင်တာ မမှားဘူးဆိုရင် အရိပ်ထင် နဲ့ .."

"မနွေ့ .."

ပန်း မျက်နှာ ချက်ချင်း ပြန်လှည့်လာကာ ...

"မနေ့ညနေက သားငယ် ရောက်လာတယ်ဆို .."

"အင်းလေ .."

"အဲဒီစကားမျိုးတွေ သူ့ရှေ့မှာ စလိုက်မိသေးလားဟင်"

"စ .. စရာလား ပန်း ရယ် .. သားငယ်က သူ့အမေကို ဒီလော တုန်နေတာ၊ ဒါပေမယ့် နင် ပြောတော့ သားငယ် နဲ့လည်း ခ မင်မင်ပဲ ဆို .. နင့်သားက သူ့အမေအတွက်ဆို ဘယ်လိုမြှော ပေါင်းလို့မှ ပျော်ဝင်ခဲ့တာ မဟုတ်ဘူး၊ ကေန္တ .. အရိပ်ထင် က န ဘဝအတွက် .."

"မဟုတ်ပါဘူး မနွေ့ ရယ် .."

ပန်း ဒီအဖြစ်တွေကို မနွေ့ သိအောင် ဒီ့ထက် နိုက်နိုက်ချွတ်ချ ပြောရမှာတော့ ဆွံ့အနေခဲ့မိတာ အမှန်ပါ။ ဒါပေမယ့် သူမဘဝ ကိုကိုနဲ့ ဝေးခဲ့တဲ့နောက် ဒုတိယလူအဖြစ် အကောင်းဆုံး ကြင်နာတ မှုတွေ ပေးခဲ့တာ မနွေ့ သာ ဖြစ်သည်။

ကိုယ် ဒုက္ခရောက်နေသလို မနွေ့ ကလည်း ပြည့်စုံရှာတာမဟု ပေ။ တစ်ကောင်ကြွက်ဖြစ်နေသည့် ကိုယ့်ထက် သာတာက မ မှာ ဆွေမျိုးတွေ ရှိသည်။

မကင်းရာမကင်းကြောင်း ထောက်ပံ့ကြည့်ရှုမယ့်လူတွေလည် ပါသလို ချိုးဖွဲ့ နှိမ့်ချ ဆက်ဆံတဲ့သူတွေလည်း ရှိကြသည်။ ပန်း ပတ်သက်မိပြီး ရင်းနှီးမှုတွေနဲ့ သံယောဇဉ်ချည်နှောင်မိကာမှ အက က အကန်းကို ဖေးမနေသည်ဆိုတာတွေ ပြောလာ၏။

ပန်း ကို ဆက်လက် ပတ်သက်နေသည်ဆိုတာ အကြောင်းပြ





င်ကထက် ပိုပြီး ဖယ်ကြဉ်ခဲ့ကြသည်။ ကိုယ်နဲ့ပတ်သက်မိတဲ့လူ ဒုက္ခတွေ့ကုန်ကြတော့လည်း ပန်း ချစ်ရတဲ့လူတွေကို ဒုက္ခမပေး တော့ပါ။ ထို့ကြောင့် ...

ပန်း ကပဲ စတင်ရှောင်ရှားခဲ့သည်။ မိဘမဲ့ဖြစ်သည့်ပြင် ပန်း ကလေးလေးတစ်ဖက်နဲ့မို့ မနွေ့ က ပန်း ဘာပြောပြော လက်တွဲ တ်ခဲ့ပေမယ့် နှစ်ယောက်သား နှစ်များစွာ ကွဲကွာသွားခဲ့ကြ၏။

ပန်း ဘဝ အခြေအနေတွေ ပြောင်းကာ သားငယ်လေး အရွယ် က်လာတော့မှ ပြန်ဆုံခဲ့ကြတော့ မနွေ့ က လှုပ်လီလှုပ်လဲ့ ရှန်းကန် နေဆဲ မုဆိုးမဘဝနှင့်ဖြစ်လျက် ...

"ဟဲ့ .. လျှပ်ပန်း .."

"ရှင်!..."

ငေးနေမိစဉ် မနွေ့ ခေါ်လိုက်သဖြင့် ပန်း ဖျတ်ခနဲ လှည့်ကြည့် ငုံက လန့်သွားသလိုမျိုး ..။

"ဘာတွေ ရှာန်ဝင်သွားတာလဲ ပန်း ရယ် .. ငါကတော့ ဘာများ ဆက်ပြောလာဦးမှာလဲလို့ .."

"ဘာပြောစရာ ရှိသေးလို့လဲ မနွယ် .. ကိုကို့အကြောင်းတွေ မနွေ့ ကို ဟိုတုန်းတည်းက ပန်း ပြောခဲ့ဖူးတာပဲ၊ ကျေးဇူးရှင်လည်း ဟုတ်တယ် .. မောင်နှမ မိတ်ဆွေ ခင်ပွန်းကောင်း ဘယ်လိုပုံစံနဲ့ ဖြစ်ဖြစ် ကိုကိုနဲ့ဆိုရင် ပန်း အချိန်မရွေး ရင်းနှီးလို့ရတယ်"

"ကဲ .. ပွင့်ပွင့်လင်းလင်းပဲ ပြောပါလား ပန်း ရယ် .. ငါက အပျိုဖျန်းကလေးလည်း မဟုတ်ပါဘူး၊ နားထောင်ကြည့်လိုက်တာနဲ့ အကောင်းဆုံး အကဲဖြတ်ပြီး အကြံဉာဏ်ပေးလို့ ရတယ်၊ ကဲ .. ပြော.. နင်နဲ့ အရိပ်ထင် တို့ အခုမှ မရိုးသားကြဖို့ ကြိုးစားမှာလား၊ ပြီး နှောင်တည်းခဲ့ကြတည်းက ငယ်ကျွမ်းဆွေ ချစ်လွမ်းဝေ ဖြစ်ခဲ့တာလား"

"မဟုတ်ပါဘူးဆိုမှ .."



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုမှ မဟုတ်တာလား .. နှစ်ခုထဲက တစ်ခုကို မဟုတ်ဘူး ပြောတာလား"

ပန်း အသံလေး တိတ်သွားသည်။ ပြီးမှ ...

"ကိုကို့ကို ပန်း .."

"အင်း .. ဆက်ပြော .."

"ငယ်ငယ်လေးတည်းက ချစ်တာ .."

"ငါ ထင်ပါတယ် .. သူက နင့်ကို ပရိုပို့စ် လုပ်ခဲ့ဖူးလား .. ဟိုတုန်းကဖြစ်ဖြစ် ခုဖြစ်ဖြစ် .."

"ဟိုတုန်းက ပန်း က အပျိုပေါက်စပဲ ရှိသေးတာ"

"သူလည်း ကျောင်းပြီးစပဲဆို .. နင့်ရဲ့ပုံပြင်ထဲက မင်းသားအကြောင်း ငါ တဖွဖွ ကြားနေရတာပဲ"

"မနွေ ကို ပြောခဲ့ဖူးတာ အကုန်ပါပဲ .. ဟိုတုန်းတည်းက ပန်း ကပဲ ထိတ်ထိတ်လန့်လန့်နဲ့ ကြိတ်ပိုး ပိုးခဲ့မိတာ .."

"ဟိုတုန်းတည်းကဆိုတော့ ခုထိလည်း ပွင့်လင်းခွင့် မရသေးဘူးလို့ ဆိုလိုတာပေါ့"

ပန်း အသံတိတ်သွားပြန်၏။

မှန်ထဲကို ပြန်ငေးကာ ရှေ့ဆံပင်တွေကို ဖွဖွလေး သိမ်းလှန်ဖြီးရင်း ငါးရိုးကျစ်ဆံမြီးပုံလေး ပေါ်လာအောင် လက်နောက်ပြန် ကျစ်ချနေတာလည်း တိတ်တိတ်ဆိတ်ဆိတ် ..။

ပန်း အပြင်ထွက်စရာရှိနေပြီဆိုတာ သိပေမယ့် နောက်မှ မေးတော့မယ်ဆိုပြီး မျိုသိပ်ထားဖို့လည်း ကိုယ့်စိတ်က လက်မခံနိုင် ဖြစ်နေရာ ...

"တစ်ခု ပြောပါဦး ပန်း ရယ် .. ညာမနေပါနဲ့၊ နင် ကိုယ်ချစ်တဲ့သူနဲ့ ပြန်ဆုံနေရပြီ .. ခုလည်း မကြာခဏ တွေ့ဖြစ်ကြတဲ့ပုံပါ၊ မျက်နှာက ဘာဖြစ်လို့ မကြည်လင်တာလဲ"





မေးတော့လည်း တိတ်နေမြဲဖြစ်ကာ မှန်တင်ခုံပေါ်မှာ ချထားသည့် ဖုန်းက ထမြည်လာမှ ကောက်ယူလိုက်ပြီး ...

"ဆောရီးပါ ကိုကို .. ပန်း ခုပဲ ထွက်လာမလို့ပါ"

"ပန်း .."

ဖုန်းချပြီး ထရပ်ဖို့ လှုပ်ရှားလိုက်သည်နှင့် လက်ခနဲ ကြွဆင်းသွားသည့်မျက်ရည်စက် ..။

"ပန်း .. နေဦး .."

လျှာခလုတ်တိုက်မတတ် တားဆီးရင်း မနွေ က ပန်း နဲ့အတူ တိုက်ထရပ်ကာ ...

"ဘာဖြစ်လို့လဲဟင် .. နင် ဘာဖြစ်နေတာလဲ၊ တစ်ခုခု ကြိတ်ခံစားနေရတာလား .. ငါတို့နှစ်ယောက်ပဲ ရှိကြတာကို၊ နင် ငါ့ကိုမှ တိုင်ပင်ရင် ဘယ်သူ့ကို ပြေးပြောစရာလူ ရှိလို့လဲ ..၊ ပြောစမ်းပါ"

ပခုံးလေးနှစ်ဖက်ကို ကိုင်လှုပ်နေစဉ် ပန်း မျက်ဝန်းမှာ မျက်ရည်တွေ ထပ်၍ ပြည့်သိပ်လာခဲ့ရင်း ...

"ပြောမှာပါ .. အခု မနွေ ကို ပန်း အားလုံး ပြောဖို့ ဆုံးဖြတ်လိုက်ပါပြီ၊ ဒါပေမယ့် ပြန်လာမှပဲ ပြောမယ်နော် .."

မျက်ရည်တွေကို စိုက်ကြည့်ရင်း မနွေ မျက်နှာပျက်ပျက်နှင့် ကျန်ခဲ့၏။

ဖြစ်နိုင်တာ တစ်ခုပဲ တွေးကြည့်လို့ ရသည်။

ဒါက တစ်စုံတစ်ယောက်ရင်ထဲက အစိမ်းရင့်ရောင် ရင်ခုန်သံတွေနှင့် ပတ်သက်နိုင်သော ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

"နေမကောင်းဘူးလား .. မျက်နှာ မသာမယာနဲ့ .."

"ကောင်းပါတယ် .. ကိုကို ဘာမှာမလဲ .. မှာလေ .."

ပန်း မျက်နှာလေးကို စိုက်ကြည့်ပြီး သူက ပြုံးသည်။ ပြီးတော့ ဘောဝန်းကျင်ကို မျက်လုံးဝေ့၏။

တစ်ဆိုင်လုံးမှာ ရှိနေကြသည့် မျက်နှာတွေ၊ သူတို့ ဝင်လာကတည်းက ပန်း ရဲ့ကိုယ်မှာ ကပ်ငြိကာ သမင်လည်ပြန်တွေ ပါလာကြတာ ခုထိ နေရာမကျကြသေး ..။

သူမကိုယ်ပေါ်မှာ ဇာအနက်အပွင့်ကျဲက ဆင်စွယ်ရောင် အတွင်းခံပေါ်မှာ ခပ်ရိုင်းရိုင်းလှနေသည်။

ရုတ်တရက်ကြည့်လျှင် နဂိုအသားပေါ်မှာ ဇာဝတ်ထားသလို ထင်းနေတာမျိုး ..။

လည်ပင်းအဝိုင်းဟိုက်ထားကာ ဆင်စွယ်နဲ့ အနက်ရောင် ရောသော ပုတီးတစ်ကုံး ဆွဲထားပုံက ဝတ်ထားတာနဲ့ လိုက်ဖက်သည်။





ဦးတော့ မသွယ်မဝိုင်း မျက်နှာလေးနှင့် နဖူးပြောင်လေး သိမ်းပြီး မျက်ခုံးတန်းလေးတွေက ထင်းနေသလို မျက်တောင်နက်အားပြင်းသည့်မျက်ဝန်းတို့ကို ဖြစ်စေခဲ့၏။

မျက်လုံး မျက်တောင်တွေကြောင့် ဟိုတုန်းက တွေ့သမျှလူတွေ ပြောခဲ့ကြတာ သရဲမ ..၊ အရိုပ် နှုတ်ခမ်းတို့ ပြုံးရိပ်ထင်၏။

"ကိုကို ဘာပြုံးတာလဲဟင် .."

"ဟင်!..."

ပန်း က မေးလိုက်မှ ပြုံးလက်စကို ရုတ်သိမ်း၍ ...

"မင်းကို လူတွေ ဝိုင်းကြည့်နေကြတာ သတိထားမိလို့ပါ၊ မင်းရဲ့ လုံးတွေကိုသာ မမြင်ရရင် လျှပ်ပန်း ဆိုတာ ကိုယ် ယုံနိုင်မှာ တ်ဘူး"

ဟိုတုန်းကတော့ သူမကို ဘယ်လိုပဲ အားဖြည့် မွေးမြူပေးနေပေ လှပပြည့်ဖြိုးလာတယ် မရှိလို့၊ သူမ ဒီလို ချိန့်ပိန်လှီနေတာ ၁်မယ်လ်မှ ဟုတ်ရဲ့လားလို့ တွေးပူမိခဲ့သည်။ ဆရာဝန်နဲ့လည်း ွေးနွေးခဲ့ဖူး၏။

ဒီပုံစံ အဆင်းသဏ္ဌာန်အရ လူတွေ မစာမနာ ပြောဆို ကဲ့ရဲ့ကြဘာကို ရပ်တန့်စေချင်တဲ့ စေတနာနဲ့ပါ။ ဒါပေမယ့် ဆရာဝန်ရဲ့ ကြံပြုချက်အတိုင်း လေ့လာရင်း စောင့်ကြည့်ရင်းနဲ့ ...

"မင်းအကြောင်းတချို့ ကိုယ် သိရတာက မင်းနဲ့ မင်းရဲ့ခင်ပွန်းအကြောင်း သိတဲ့လူ သိပ်မရှိဘူး၊ ပြီးတော့ မင်းနဲ့ မင်းရဲ့သားကိုလည်း သားအမိမှန်း သိထားတဲ့လူ နည်းတယ်"

"အဲဒါ ဘာဖြစ်လို့လဲ ကိုကို .."

"နည်းနည်းဆန်းနေလို့ .. ဒါပေမယ့် အခုတော့ နားလည်သွားသလိုပဲ"

အရိုပ် က ကွက်ကြည့်ကွက်ကြည့်ရှိနေဆဲ မျက်နှာတချို့ဆီ ဝေ့ခနဲ



www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်ကာ ...

"မင်းက အရမ်းလှပြီး ဆွဲဆောင်မှုရှိနေတဲ့ မိန်းကလေးကို
တွင်းပုန်းလုပ်နေမှ ဖြစ်မှာပေါ့"

အရိုပ် မျက်နှာကို ပြန်ကြည့်ပြီး ပန်း က မပွင့်တပွင့် ပြုံး

"ကိုကို ထင်လို့ပါ"

"ဘာကိုလဲ .."

"ပန်း က ဆွဲဆောင်မှုရှိတယ်ဆိုတာ .."

"အခု မင်းရဲ့ရှေ့မှာ ကိုယ် ရောက်နေရပြီလေ .. ကိုယ် ပြော
မှားသွားလို့လား"

ပန်း က မဲ့ပစ်လိုက်သလို အပြုံးလေးနှင့် မျက်ဝန်းတွေကို
ပစ်၍ ...

"စားပွဲမှာ ခုံရှိသလို ဘယ်သူဖြစ်ဖြစ် လာထိုင်လို့ရတယ်

"မင်းရဲ့ရှေ့မှာ ခဏတဖြုတ် ဝင်ထိုင်လိုက်တာလို့ ပြောချ
လား"

"ပန်း က ဆွဲဆောင်မှုရှိလွန်းလို့ဆိုတာ မဟုတ်ဘူးပဲ ပြော
ပါ"

"သိပ်ဟုတ်တာပေါ့ ပန်း .. မင်းဆီကို ရင်ခုန်သံတွေ
မနေနိုင်လွန်းလို့ ငါ ရောက်လာတာ မဟုတ်ဘူး၊ ဒါပေမယ့်
မင်းကို တစိမ့်စိမ့်ကြည့်ပြီး သိပ်လှပါလားဆိုတာထက် ဘာမှ ပို
နိုင်ဘူး"

"ဒါကတော့ ဆန့်ကျင်ဘက်သဘောတရားတွေရဲ့ တွန်း
ဆွဲငင်မှုတွေပါ"

"အဟွန်း .. မင်း တော်တယ်"

မျက်လုံးချင်းဆုံခိုက်မှာ အရိုပ် စူးစူးနှစ်နှစ် စိုက်ကြည့်မိ
သူ ပြောသမျှ စကားတွေဟာ မှသားမပါသော ဝန်ခံခြင်းတွေ





သည်။

ဘာဖြစ်လို့လဲဆိုလျှင် သူမကို တွေ့ဆုံပတ်သက်ဖို့ ခြေလှမ်းပြင်
ကတည်းက သူမရဲ့အလှအပတွေရှေ့မှာ စူးငေးရင်း ငုတ်တုတ်
မဟုတ် ..။

ဒါပေမယ့် သူ ငုတ်တုတ်မေ့မသွားဖို့ မနည်း စုစည်းနေရသည်။
ကြည့်လိုက်မိတိုင်း ပြန်လွှဲပစ်ဖို့ခက်သည့် မျက်ဝန်းများမှတစ်ဆင့်
တ်ထဲထိ အရောက်ပို့နေသော ဘာမှန်းမသိသည့် တစ်စုံတစ်ရာ
သူ လုံးဝ မလိုလားဘဲ တားဆီးဖို့ ကြိုးစားနေရတာလည်း မသက်
..။

"ငါ ရောက်သွားတော့ အားလုံးက နောက်ကျသွားပြီ အရိပ်၊
လည်း တကယ် ဘာမှမသိလိုက်ဘူး၊ မင်း သိချင်ရင်တော့ အေးမိုး
လိုက်ရှာပြီး မေးကြည့်"တဲ့ ..။

သူ စင်ကာပူက ပြန်ရောက်တော့ ဗမ္ဘာတစ်လူစံအိမ်ကြီးဟာ ရှေ့
ကန်နှာစာလေးပဲ မပျက်မစီး ကျန်ရစ်ခဲ့ပြီး အားလုံးက မီးသွေး
တိုင်များသာ ..။

"မင်း သိပ်ကို ကာကွယ်ပေးချင်ခဲ့တဲ့ သွပ်ချောင်ချောင် သရဲမ
ား ဘာတွေ လုပ်သွားလဲဆိုတာ ပတ်ဝန်းကျင်က ပြောကြလိမ့်မယ်၊
အေးမိုး ကို ရှာတွေ့ရင်တော့ ပိုပြီး စုံစုံလင်လင် သိရမှာပဲ၊ ငါက ငါ
ပြောသမျှ အလကားဖြစ်ခဲ့ရတာတွေကြောင့် မင်းအမေနဲ့ မင်းညီရဲ့
ပနအခမ်းအနားကိုတောင် မတတ်သာလို့ ဦးဆောင်စီစဉ်ပေးခဲ့တာ၊
နဲ့ ဘာမှ အကြောင်းကြီးငယ် မပြောချင်ဘူး၊ မင်း မသိလို့ မေးလာ
တွေကိုလည်း မဖြေချင်ဘူး၊ နောက်ဆုံး မင်းရှိရင် လူသတ်သမားကို
ရားစွဲမှာပေမယ့် ငါ ဒီတိုင်းပဲ မတော်တဆမီးလို ထားခဲ့လိုက်တယ်၊
မှာ ကျပ်မပြည့်တဲ့လူနဲ့ စိတ်မနှံ့တဲ့လူရယ် .. အိမ်ဖော်တွေရယ်ပဲ
တာ၊ ဖွချင်ရင်တောင် ဖွဖို့ မရှိဘူး၊ ဒါပေမယ့် မင်း တမြေ့မြေ့သွားပြီး

www.burmeseclassic.com

www.burmeseclassic.com



နောင်တတွေနဲ့ ရူးသွားမယ်ဆိုရင်တော့ အပျော်ဆုံးလူက ငါပဲ"

လေးလေးက စကားကောင်း တစ်လုံးမှမပြောဘဲ သူ့ကို တက... ရောင်ထွက်သွားခဲ့သည်။ သူ ခရီးသွားခါနီးမှ မေမေ့အတွက် အိမ်... ခေါ်ထားခဲ့သည့် မအေးမိုး ကိုလည်း ဘယ်မှာရှာရမှန်း မသိ... ကြောင့် စင်ကာပူမှာ ကျန်ခဲ့သည့် အလုပ်ကိစ္စကတစ်ဖက်၊ မိး... ငုတ်တိုင်နှင့် အိမ်ကြီးက တစ်ဖက် တစ်ယောက်တည်း ယောက်ယ... ခတ်သွားခဲ့၏။

ကိုယ့်မိသားစုကို လုပ်ကြံသတ်ဖြတ်သွားသည့်သတင်းတွေ အ... လေးမျက်နှာကနေ နားနဲ့မဆံ့အောင် ကြားနေရတာတောင် ဘယ်လို... မယုံနိုင်သေးဘဲ မအေးမိုး ကို မတွေ့တွေ့အောင် ရှာဖွေ မေးမြန်း... သူ ဆုံးဖြတ်ခဲ့သည်။

နောက်ဆုံး ဘာတစ်ခုမှ အကောင်းတိုင်း ပြန်မရနိုင်တော့သည်... ပျက်စီးဆုံးရှုံးမှုတွေကို ဒီတိုင်းထားခဲ့ပြီး စင်ကာပူကို တစ်ခေါက် ပြ... ပြေးခဲ့ရ၏။

ဘယ်အရပ်မှာပဲ ရောက်နေနေ သူ့ရဲ့စိတ်အာရုံတွေကို ဖိ... နှိပ်စက်နေတာက မမြင်လိုက်ရသည့် အဖြစ်ဆိုးတို့၏ မြင်ကွင်းတွေ... ပင် ..။

'ဒီသားကြီး ရှိနေကာမှ မေမေက ဘာကို ဂရုစိုက်ရမှာလဲ' ... ပြောပြီး သူ့လက်မောင်းကို ဖက်တွယ်ကာ အားကိုးတကြီးရှိနေခဲ့သည်... မေမေ ..။

တစ်ခါတလေမှာ ဝုန်းဒိုင်းကြဲဖြစ်လောက်အောင် မဟုတ်... တစ်ချက်လေးနဲ့ ဒေါသကြီးတတ်သော်လည်း ကျန်သည့်အချိန်တွေမှာ မေမေ တည်ငြိမ်နေပုံက ဝေဒနာရှင်နဲ့ နည်းနည်းမှ မတူ ..။

"မင်းအမေက ရူးနေတာကိုး" ဆိုတဲ့ စကား မေမေ ပြောသမျှကို... တရားမဝင် ပယ်ချချင်တဲ့အခါ လေးလေးက တစ်တစ်ခွခွ ပြောသည်...





...းလူဇော်... , ...ရမထားမိတာတောင် လေးလေးရဲ့ စကားတွေ... ...င့် သတိထားမိကြ၏။

လေးလေးသာ မေမေ့ကို မညှာမတာ ပြောဆိုဆက်ဆံတာတွေ... ...လျှင် မေမေက လူကောင်းပါပဲ။ လူမှန်းသိတတ်စ သားငယ်လေး... ...မွေးပိုက်၍ သားကြီး ပြန်လာသံကို နားစွင့်ရင်း တစ်ခါတစ်ခါ ...းသံကြားသည်နှင့် အိမ်တံခါးဝထိ ထွက်ကြိုနေတတ်သေးသည်။ ...တွေးမိတိုင်း သူ့ရင်ထဲမှာ မကောင်းနိုင်။ လေးလေး ပြောသလို ...ူးခဲ့တဲ့မီးကြောင့် မိသားစုတစ်ခုလုံး မျိုးတုံးခဲ့ရတာလား ..။ ...ဒါတွေကို ပန်း တကယ်လုပ်ခဲ့တာလား ..။

"အဲဒီနေ့ မတိုင်ခင်က တိုက်ကြီးရဲ့ အပေါ်နဲ့အောက် အကြီး... ...ယ် သွေးထွက်သံယိုတွေ ဖြစ်ကြတယ်"

"ငါတို့ထွက်ကြည့်တော့ ကောင်မလေး ပခုံးတစ်ဖက်မှာ သွေး... ..."

"သေချာတော့ မသိလိုက်ဘူးကွယ့်၊ အပေါ်ကနေ ဒေါ်နေခြည် ...န်းအိုးပစ်ချတယ်နဲ့ တူတယ်၊ ပန်းအိုးကွဲနေတာလည်း တွေ့ရ... ...လ ငါတို့က အဲဒီလို ထင်လိုက်တာ .."

"စကားတွေ များကြပြီးမှ တစ်ခုခု ထပ်လုပ်တယ်ထင်တယ်၊ ...င်မလေးပခုံးမှာ ဒဏ်ရာဖြစ်သွားတာက နောက်မှဖြစ်တာလို့ ...တယ်"

...ကြားခဲ့သမျှ သတင်းတွေကို စုဆောင်းရရှိခဲ့ပေမယ့် အတိအကျ ...တာက မပါသေး။ လေးလေးက အနားမှာရှိနေပေမယ့်လည်း ...ာသည့် မျက်နှာနှင့် ပြဿနာအကြောင်း တစ်ခွန်းတစ်ပါဒမှ ...တော့ပေ။

သူ စင်ကာပူ ပြန်ထွက်လာပြီးသည့်နောက်မှာ ရန်ကုန်ပြန် ...်သွားတဲ့အထိ လေးလေးကို လုံးဝ မတွေ့ရတော့ပေ ..။



www.burmeseclassic.com

www.burmeseclassic.com



နေ့စဉ်နဲ့အမျှ လူရုပ်မပေါ်တော့အောင် ... ချမ်းမည်း... နေမည့် မေမေတို့၏ရုပ်အလောင်းတွေကို တကယ် မမြင်လိုက်... စိတ်အာရုံထဲက မပျောက်နိုင် ...။

မီးတောက်တွေကြားထဲမှာ 'သားကြီးရေ ကယ်ပါဦး'လို့ တ... အော်ရင်း မေမေ ပြေးလွှားနေပုံတွေ ...၊ ညီလေး အော်ငိုရင်း မီးတော... တွေ ဝါးမျိုသွားမည့်အဖြစ်တွေ အားလုံးကို ကိုယ့်မျက်စိရှေ့မှာ... လိုက်ရသလို ပြန်မြင်နေခဲ့၏။ မေမေတို့ အားကိုးမဲ့စွာ ပြေး... အော်ဟစ်နေချိန်မှာ သူက နယ်မြေရပ်ခြားမှာ ...။

ဒါတွေကို သူ ဘယ်လို ဖျောက်ဖျက်ရမလဲ...၊ ဖြစ်ချိန်တ... ဖြစ်သွားတာလို့ ပြေသိမ့်ရမှာပေမယ့် ဖြစ်ချိန်မတန်ဘဲ ဖြစ်ခဲ့ရ... သေချာ သိလိုက်ရသည့်နောက် ...။

"တကယ်ပြောတာ လျှပ်ပန်း .. မင်းလိုမိန်းမမျိုး မင်းပဲ ရှိနိုင်...

အကြာကြီး တိတ်ဆိတ်နေပြီးမှ နှုတ်ခမ်းလှုပ်ရုံ လေသံသာ... နှင့် ပြောလိုက်တာကို ပန်း သေချာ နားစိုက်ထောင်လိုက်ပေမယ့်... လို့ မမီ ...။

"ကိုကို ဘာပြောလိုက်တာလဲဟင် .."

အနည်းငယ် တိမ်းစောင်းလွဲဖယ်ထားသည့် အရိပ် မျက်လုံး... ဖျတ်ခနဲ ရောက်လာသည်။ ဖိတ်ဖိတ်လက်နေသည့် မျက်ဝန်းတွေ... မက ဝင်းမှုန်နေခဲ့သော မျက်နှာတစ်ပြင်လုံးက အနီရောင်သမ်းလ...

"လျှပ်ပန်း .."

"ပြောလေ ကိုကို .."

"မင်း ဟန်ဆောင်ကောင်းနေတာလား ...၊ ဂရုမစိုက်တတ်... လား .."

ပန်း မျက်ခုံးတန်းလေးတွေ တွန့်သွားသည်။ အခြေအနေ... အဆိုးဆုံးသို့ ညွှန်ပြနေခဲ့ပြီးမှ အရိပ် ပွန့်ခနဲ နှုတ်ခမ်းမဲ့၍ မျက်...





...တာ ...

"ထားလိုက်ပါ .. ထားလိုက်ကြမယ်လို့လဲ ပြောပြီးသား၊ ကြားခဲ့... ...ကားလိုပေါ့.. မျိုသိပ်ခံစားရင်း ရင်ဘတ်နဲ့မဆံ့ဘဲ ရှူးသွားလည်း ...သာမယ့်သူ တစ်ယောက်တော့ ရှိသေးတယ်"

ပန်း မျက်နှာလေး ခပ်စောင်းစောင်း ပြန်ငုံ့ကြည့်ပြီးမှ နောက်ထပ် ...လွှဲသွား၍ ...

"ဘယ်တော့မှ မေ့လို့မရအောင် အမြဲတမ်း ရှုံ့ရှာမှုန်းတီးနေဖို့ပဲ ...ဘာ .. အဲဒါတွေ မင်း သိစရာ မလိုတော့ဘူး"

ဆက်မပြောတော့ဘူးလို့ ကြေညာပြီး အံကြိတ်နေသည့်မျက်နှာ... ...န်း က လှုပ်ရှားခြင်းကင်းမဲ့သည့် မျက်ဝန်းတို့နှင့် မမိုတ်မသုန်... ...နေခဲ့၏။

ထိုစဉ် စိတ်လှုပ်ရှားစွာ ပြန်ကြည့်လိုက်၊ ပြန်လွှဲလိုက် ဖြစ်နေ... ...ည့် အရိပ် ၏အကြည့်တွေ သူမဆီ ရောက်လာပြန်သည်။ စကား... ...တို့ မဟုတ်ဘဲ မကျေနပ်ခြင်းများစွာနှင့် ဖြစ်၏။

လုံးဝ တိတ်ဆိတ်စွာ ကြည့်နေသည့် သူမကို ပခုံးနှစ်ဖက်ကနေ ...ကိုင်ပြီး စကြဝဠာအပြင်ဘက်ထိ တစ်ခါတည်းရောက်အောင် ကိုင်... ...က် လွှင့်ပစ်လိုက်ချင်သည်။ ဒါမှမဟုတ် ...

ခံစားချက်ကင်းမဲ့စွာ ငေးစိုက်နေသည့်မျက်လုံးတွေကိုပဲ ရှေ့မှာ... ...နေသည့် တူတစ်စုံကို တစ်ချောင်းစီ ကိုင်ပြီး ထိုးဖောက်ပစ်လိုက်ရ... ...သား ...။

အမုန်းမီးတောက်တွေ ဖိတ်လျှံနေသည့် မျက်ဝန်းတစ်စုံနှင့် ...င်းကြီးခတ်သံမှာ စီးမျောနေသလို ငြိမ်သက် ငေးမောနေသော ...က်ဝန်းတို့၏ ထိပ်တိုက်ဆုံစည်းမှုက ဆန်းပြားနေသည်။

ဒီမိန်းမ ဘာဖြစ်လို့ ဒီလိုလုပ်နေတာလဲ ...၊ ဘာလို့ တစ်ခွန်းမှ ...ပြာဘဲ ငြိမ်နေတာလဲ ...။



www.burmeseclassic.com

www.burmeseclassic.com



အရိပ် မျက်လုံးချင်းတော့ မခွာနိုင်ဘဲ ကျိုခနဲ အံကြိတ်သ ပန်း နှုတ်ခမ်းလေး လွန့်ခနဲ မဲ့သွားတာ တကယ့် ယဲ့ယဲ့လေး ..

ပန်း သိတယ် ကိုကို ..၊ ကိုကို ဘာတွေ ပြောချင်နေသလဲ၊ တွေ မျိုသိပ်ခံဟားနေသလဲဆိုတာတွေ ..။

ကိုကိုက မုန်းနေချင်လို့ မျိုသိပ်ရင်းနဲ့ပဲ ရှုးပါစေတော့လို့ ဖြတ်ထားသလို ပန်း ကလည်း အမှန်တရားကို ရှင်းပြဖို့ ဘယ်တော ကြိုးစားမှာ မဟုတ်ဘူး ..။

ဘာဖြစ်လို့လဲဆိုတော့ အချစ်ကို အလဲလှယ်လုပ်ပြီးမှ ရတာ ပန်း မလိုချင်ဘူး ..။

ကိုကို့ဆီက အချစ်ကို ရှင်းပြ ခယပြီးမှ ရမယ်ဆိုရင် ရှင်းမပြ အတွက် ပန်း ကို တစ်လောကလုံးက ရွံရှာ ကဲ့ရဲ့ကြပါစေ..၊

ပန်း ဂရုစိုက်ခဲ့တာ ကိုကို့အချစ် တစ်ခုတည်း ..။





## အခန်း (၂၀)

"အစ်ကို့ .."

"ဩော် .."

သူ့ရှေ့မှာ ထိုင်ချလိုက်တာတောင် အသိအမှတ်ပြုသည့် အပြုး ချက်နှင့် 'ဩော် ..'ဆိုတာ တစ်ခွန်းတည်းရယ် ..။

"အစ်ကိုက တစ်ယောက်တည်းလား .. ခြောက်ခြောက်သွေ့သွေ့ ..''

အရိပ် က ဝီစကီကို ဖန်ခွက်ထဲ ထပ်ဖြည့်ထည့်ပြီး ပြုံးလိုက် ..

"တစ်ခုခုကို ဖျော်ချလိုက်ချင်တဲ့အခါ တစ်ယောက်တည်းပဲ ာင်းပါတယ်၊ မင်းကရော ..''

"ကျွန်တော်က ဘယ်ရောက်ရောက် ကော်ကီပွားရမှ နေ ဆိုတော့ ဘယ်တစ်ယောက်တည်း ဟုတ်မလဲ၊ ဟိုမှာ ..''

မျက်နှာလှည့် မေးဆတ်ပြတော့လည်း လှမ်းကြည့်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သိနေတာကို ကြည့်လိုက်ရတာမို့ ဟန်မဆောင်တတ်သည့် မျ
ဝန်းတွေက လှုပ်ရှားမှု ကင်းမဲ့နေ၏။

ဒီလူငယ်တွေ ဝင်သွားတာမြင်မှ သူ ဝင်လာခဲ့တာပဲ။ ဒါတွေ
ပင်ကျွန်းပြီး မမြင်ရှင်း ဒီစားပွဲကနေ ဘေးတိုက်ထိုင်ပြီး စောင့်
တာရော ...

ကိုယ့်ဘာသာ အကွက်ရွှေ့ထားခဲ့တာကို တွေးမိပြီး လျှို့ဝှက်
တစ်ခု နှုတ်ခမ်းမှာ ဖြစ်သွား၏။

"ဘာလဲ .. ကိုယ် အဖော်မရှိမှာစိုးလို့လား ..၊ သွားပါ .. ရှ
တယ်"

"မဟုတ်တာ အစ်ကိုကလည်း .. ကျွန်တော်က အစ်ကို့ကို ခု
အပြင်မှာ အေးအေးတွေ့ပြီး စကားပြောချင်နေတာ၊ သူငယ်ချင်းတွေ
လည်း မိတ်ဆက်ပေးချင်လို့လေ၊ အစ်ကို ကျွန်တော့်ကို ကူညီထား
သူတို့လည်း သိနေတာပဲ"

"ဘာမှမဟုတ်တာလေးကိုကွာ .. ဖြစ်နိုင်ရင် မင်းလို ချာတိ
လေးတစ်ယောက်နဲ့ ရင်းနှီးမိတာကိုတောင် ပတ်ပြေးချင်နေတာ"

"ဘယ်လို .. ကျွန်တော့်ကို မခင်ချင်လို့ ပတ်ပြေးချင်တယ်
ဟုတ်လား"

"တင်းသွားပြီလား .. ဆောရီး"

"ဟား .. ဟား .. ဟား ..."

အရိုပ် က လက်ကာပြပြီး ဆောရီး ပြောလိုက်မှ သားငယ်
အသံထွက်အောင် ရယ်နေလျက် ...

"တင်းစရာလား .. ဟား .. ဟား .. အဲဒါမျိုး တွေ့ချင်နေ
ကြာပြီ"

ပြောရင်း ရယ်ရှိန်မပျက်တာ ဟန်ဆောင်နေတာ မဟုတ်
ချောချောလှလှ အမေတစ်ယောက်ကို ထားစရာမရှိအောင် အူတို





သည့် သူ့အတွက် သားငယ် ဟာ ဒီလိုအမေမျိုးရဲ့သားပါလို့ သိရပြီးမှ
မစိုက် အလေးမထားစွာ ရှိနေသည့်ယောကျ်ားမျိုး ဒီတစ်ခါပဲ ကြုံဖူး
သာ ဖြစ်သည်။ ?မှ

မေမေ့ကို မြင်လိုက်ပြီဆို သားငယ် ဆိုတဲ့ကောင်ကို ချက်ချင်း
တ်ဆွဲပြီး နတ်ပြည်အရောက် လှေကားထောင် ပို့မယ့်ယောကျ်ားတွေ..
မြင်ဖူးသမျှ ဒီတိုင်းချည်းပါ။ ကြာတော့လည်း မေမေ့ကို မြင်တာနှင့်
သွပ်ကြတာလည်းလို့တောင် တွေးမိလာတဲ့အထိ စိတ်ပျက်မိခဲ့တာ
သည်း အမှန် ...

ဒါကြောင့် မေမေ့ကို အပြင်သိပ်ထွက်တာလည်း မကြိုက်၊
နော်တော့်အမေပါလို့လည်း မပြောရဲအောင် ဖြစ်နေခဲ့တာလည်း သူပဲ..၊
ကိုယ့်အမေကို အထင်ကြီးနေခဲ့တာလား ..။

အရိုပ်ထင် ဆိုတဲ့ လူတစ်ယောက်ကတော့ ...

"ကျွန်တော့်ကို မခင်ချင်ဘူးဆိုတာ ပြောပြပါဦး၊ အစ်ကို့ကို
ကျွန်တော် ဘာမှ ဒုက္ခမပေးမိခဲ့ပါဘူး"

ရယ်ကျဲကျဲနှင့်မေးတော့ အရိုပ် က ဝီစကီကို နှုတ်ခမ်းနဲ့ထိမတတ်
လိုက်ပြီးမှ ပြန်ချကြည့်သည်။ ပြီးတော့ စားပွဲပေါ်မှာ ဖန်ခွက်
ထိုင်ထားလျက်နှင့် လက်ကို ချကာ ...

"အဲဒီလိုလည်း မဟုတ်ဘူးလေ .. ကိုယ်တို့က ပေါင်းသင်းရင်းနှီး
ကောင်းတဲ့ အရွယ်တွေမှ မဟုတ်ကြတာ၊ ခုနေ ကိုယ်က အိမ်ထောင်
သည်ဖြစ်နေမယ်ဆိုရင် မင်းက ကိုယ့်သားအရွယ် .."

ဒီစကားမှာတော့ သားငယ်မျက်နှာ နီတီတီ ဖြစ်၏။ ကြည့်လိုက်
တာလည်း အရိပ် မျက်နှာမှာ တခြားအဓိပ္ပာယ် သက်ရောက်စေလို
သော ပရိယာယ်မျိုး တစ်စိုးတစ်စိမှ မမြင် ..။

"ဥပမာကွာ .. ကိုယ်တို့ကျတော့ စီးပွားရေး၊ လူမှုရေး အားလုံး
ကျယ်ပြန့်လာပြီ၊ လူမှုရေးအရ .. အခြေအနေ အချိန်အခါအရ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းအမျိုးမျိုးနဲ့ပေါ့၊ လူမိုက်ကိုလည်း ရှောင်လို့မရဘူး၊ လူလိ ကိုပဲ ပေါင်းချင်ပါတယ်ဆိုပြီးတော့လည်း ရွေးထုတ်လို့ မရဘူး၊ ဆို တာက အကျင့်စုံ စရိုက်စုံ ကိုယ့်မှာ ရှိတယ်၊ ခုပဲ ကြည့် ယ် ပုလင်းထော နေတဲ့နေရာကို မင်း လာထိုင်တယ်၊ လူငယ်လေးတစ်ယောက် မှာ .."

"ဟာ!... ဒါလေးများ အစ်ကိုရာ .. ခုခေတ် လူငယ်တွေ ဒီလောက် လျှော့မတွက်စမ်းပါနဲ့၊ ခေတ်ပြောင်းလိုမှုအရ မွေးလာ ရင် မြန်မြန်သိ .. မြန်မြန်တတ် .. မြန်မြန်သေမှာ. သေမယ့်နည်းတွေ ရောဂါပေါ့ဗျာ .. ရောဂါတွေသာ ထူပြောလာတာ၊ အသက်ရှင်နည်း တော့ ဘယ်မှာများလို့လဲ .."

"ဒါတွေတော့ မင်း နားလည်သားပဲ"

"အဲဒါကြောင့် ပြောနေတာ .. လျှော့မတွက်ပါနဲ့လို့"

"အိုခေ .. အိုခေ .."

အရိုပ် က တစ်ကျိုက်မော့လိုက်ပြီး ခေါင်းညိတ်တော့ နီမြန်းသွာ သည့် မျက်ခမ်းစပ်နဲ့ နှာသီးဖျားတို့ကို ကြည့်ကာ သားငယ် မျက်လုံး တွေက ဖန်ခွက်နဲ့ အရိုပ် ရဲ့မျက်နှာမှာ ကူးလူး ဝေ့ဝဲနေ၏။

"မေမေနဲ့ ကျွန်တော် ခဏ ခဏ ကွိုင်တက်နေတာ အဲဒါပဲ ကျွန်တော်ကတော့ အဲဒီလို ဘောင်ဝင်ချင်တာ .. လူရုပ်လေးဖြစ်လာ မဟုတ်ပါဘူး၊ ချာတိတ်တစ်ယောက်ဆိုတဲ့ အသိတွေ၊ အမြင်တွေ လွန်မြောက်ချင်တာ၊ ပညာသင်နေတဲ့အရွယ်မှာ ပညာရေးကိုပဲ ဂရုစိ ရမှာ မှန်ပေမယ့် အတတ်ပညာရဖို့ လိုသလို အသိပညာရော မလိုဘူ လား .."

"အဲဒါကို လိုချင်တိုင်း မရဘူးဆိုတာလည်း မင်း သိဖို့ လိုတ သားငယ် .. ယောက်ျားမာနဆိုတာ ကောင်းပေမယ့် ကောင်းကင် ရှုဝဲကြယ်ကို ရအောင်ယူမယ်ဆိုတဲ့ မာနကျတော့ ကောင်းလား .."





"ကျွန်တော် အဲဒီလောက်တော့ မမိုက်ပါဘူး၊ အခု အစ်ကို့ကိုပဲ င်ရပြီလေ .. ပုလင်းထောင်နေတိုင်း အလကားလူ .. အရက်သမား ို့ ပြောလို့ရတာမှ မဟုတ်ဘဲ"

"ကိုယ် ဘယ်လိုလူဆိုတာ မင်း မသိသေးလို့ပါ"

သားငယ် မျက်နှာ တစ်ချက်ပျက်သွားသည်။ ဒါပေမယ့် ဘာမှ ဟုတ်သလို ပြုံးရယ်လျက် ...

"မသိပေမယ့် လူဆိုးတစ်ယောက် မဟုတ်ဘူးလို့ ယုံကြည်နေတဲ့ တ်က အစ်ကို့ကို မြင်ကတည်းက ရှိခဲ့တာ၊ ကျွန်တော့်ကို လုံးဝ ်မခင်နိုင်ဘူးလို့ ပြောချင်လို့လား အစ်ကို၊ ပြောပါ .. အားမနာပါနဲ့"

"မင်းကို ခင်မင်စိတ် ဖြစ်ခဲ့ပါတယ် .. ဒါပေမယ့် ခင်မင်ကြပြီးမှ သွင်မတူတာတွေကြောင့် မုန်းသွားကြရင် မခင်ခဲ့ကြဘူးဆိုတာ ပို ကောင်းဘူးလား .. အရှင်းဆုံး ဥပမာ ပြောရရင် အခု မင်းရဲ့သူငယ် င်းတွေနဲ့ ကိုယ်က မခင်ချင်ဘူးဆိုရင် မင်း ပြုံးနေနိုင်မလား .."

"ဒါက သဘောကျစရာမှ မဟုတ်တာ .. ပြုံးတော့ မပြုံးနိုင်ဘူး ါ ဒါပေမယ့် သပ်သပ်စီထားလို့လည်း ရတာပဲလေ၊ သူတို့က ်ဖက်၊ အစ်ကိုက တစ်ဖက်၊ အပွန်း .. ပြောဆို ခင်မင်ကြရုံတော့ ကို လက်ခံမယ်မို့လား၊ မရင်းနှီးချင်ရင် ရပါတယ်"

အရိုပ် က ထည်ဝါသည့်အပြုံးနှင့် ခေါင်းညိတ်သည်။ ပြီးကော့ ခွက်ကို လက်တစ်ဖက်တည်းမှာ လှည့်ပတ် ကိုင်နေရင်း ...

"လုပ်လေ.. ဟိုကိုပြန်ကူးသွားမလား၊ ဒီမှာပဲ တစ်ခုခုစားမလား"

"သူတို့က အိုခေပါတယ် .. အစ်ကိုနဲ့ပဲ စကားပြောမယ်၊ အစ်ကို သောက်တာပဲ သောက်မယ်"

"ဘာ!..."

အရိုပ် မျက်နှာကိုကြည့်ကာ သားငယ်က အပြစ်ရှိသွားသလို ျင်လွှာချရင်း ရယ်လိုက်သည်။ ပြီးမှ မရဲတရဲ မော့၍ ...



www.burmeseclassic.com

www.burmeseclassic.com



"အပြင်မှာ ပထမဆုံးဆုံတဲ့ မိတ်ဆက်ပွဲလေးလေ .. အစ်[illegible] လည်း တစ်ယောက်တည်းမို့လား၊ စကြာကတည်းက 'ခတ်တူနံ[illegible] ဆေးဘက်ယှ'တာမျိုးဆို ပိုမကောင်းဘူးလား .. နည်းနည်းတော့ [illegible] ကြည့်ချင်လို့ပါ"

အရိပ် ၏ ပြုံးနေသည့် နှုတ်ခမ်းတွေမှာ ကောက်ကွေ့ကြော[illegible] တချို့ မသိမသာ ဖြစ်၏။

ယုန်က မတိုး ပိုက်က တိုး ..။

သူက ပိုးဖလံဆိုရင် ကိုယ်က မီးတောက်တစ်ခုပဲ ..။

ခုချိန်ထိ ငါ့ရဲ့ခြေလှမ်းတွေအတွက် ငါ ဘာမှ အားမစိုက်ရသေ[illegible] ဘူး လျှပ်ပန်း ..၊ ဒီတစ်ခါ ကံကြမ္မာရဲ့ပဉ္စလက်က ငါ့အတွက် အကွ[illegible] ပေးသွားတာ ..။

မင်းအတွက် ရောက်လာမယ့် ပဥ္စလက်ကတော့ ကံကြမ္မာ[illegible] ပေးမှာ မဟုတ်ဘူး ..၊ မင်းရဲ့အနာဂတ်က ငါ ..။





အခန်း (၂၁)

"သေချာကြည့်ထား .. အဲဒါ မင်း ထိုင်ရမယ့် စားပွဲ"

"ဟင်!... ဘယ်လို .."

အံ့သြလွန်းလို့ ခြေလှမ်းတွေပါ တုံ့ခနဲ ဖြစ်သွားသည်။ ရှေ့လွန် [illegible]သည့် အရိပ် က ပန်း ကို ပြန်ငဲ့ကြည့်ပြီး ရပ်စောင့်ကာ ...

"ဘာဖြစ်လို့လဲ .. မင်းပဲ .."

"ဒါပေမယ့် ကိုကို .."

နောက်ကို ပြန်ငဲ့ကြည့်ဖို့ မလိုဘဲ မျက်လုံးထဲမှာ ကပ်ပါလာ[illegible]ည်။ အရှင်းဆုံး ခြုံငုံပြောရလျှင် ဒါ အရက်ဘားတစ်ခုပဲ ဖြစ်၏။

စားပွဲတွေ ခပ်ကျဲကျဲနှင့် ပြင်ဆင်ထားသည့် အဆင့်မြင့် အပန်း[illegible]ဖြေရေးအစီအစဉ်တွေက စားပွဲတိုင်းမှာ အချိန်တိုင်း လူတွေ ပြည့်နေ[illegible]မှာ သေချာသည်။ ထို့ပြင် ...

ဆိုင်ရဲ့နံဘေး ကွက်လပ်ကြီးထဲမှာ ကားပါကင်လုပ်ထားတာကို [illegible]တခမ်းတနား ..။ အစီအစဉ်တကျ နေရာပြည့်နေသည့်ကားတွေဆီ

www.burmeseclassic.com



စိတ်က ပြန်သတိရကာ ခြုံငုံတွေးခြင်းက စိတ်ကို ပို၍ မွန်းကျပ်
ဖြစ်လာခဲ့၏။ တကယ့်ကို သီးသန့်ဘားစင်တာ ဖြစ်နေတာကို
အုပ်ချုပ်ရမယ်ဆိုတော့ …၊

"ဒါက အရက်တွေချည်းပဲ .. ဟို .."

"လာ .. အထဲရောက်မှ ပြော .."

ပြန်လှည့်ထွက်ပြီး ဦးဆောင်ခေါ်သည့်အတိုင်း ပန်း လိုက်သွ
ခဲ့ရသည်။ အလှပန်းအိုးလေးတွေ၊ နံရံကပ်ပန်းချီကားတွေနှင့် ဖိတ်ဖိ
လက်အောင် ခေတ်မီခမ်းနားနေသော နားနေခန်းဆိုတာကလည်
အသင့်အတင့် ရပ်ကွက်တွေထဲက အိမ်တစ်လုံးစာလောက် ကျယ်

ကြက်သွေးရောင် ဖောင်းကားလှပနေသည့် ဆိုဖာကြီးတွေ
မြက်ခင်းစိမ်းရောင်ကော်ဇောကို ငေးငဲကြည့်ရင်း သူ ပြတဲ့ တစ်ယော
ထိုင်ဆိုဖာမှာပဲ ထိုင်လိုက်၏။

"တစ်ခုခု စားမလား .."

"ဟင့်အင်း .."

သူနဲ့တွေ့ဖြစ်ကြတိုင်း ဘာတစ်ခုမှ မစားဖြစ်ခဲ့တာလည်း အမှ
တရတွေ ဖြစ်နေပါပြီ။ တင်းကျပ် ပူနွေးသော အုံဖွဲ့မှုကိုယ်စိ
ဟန်ဆောင်အပြုံးတွေ၊ မှသားစကားတွေအောက်မှာ တစ်စုံတစ်ရာ
သောက် မျိုချဖို့ကို ဘယ်သူကမှလည်း သတိမရခဲ့ …။

ခုလည်း ကိုကိုကပဲ ဖုန်းဆက်ခေါ်သည်။ တစ်နေရာမှာ ဆုံ
သူ့ရဲ့ စီးပွားရေးအကြောင်း တစ်စွန်းတစ်စ ပြောလာခဲ့၏။ ဘာတစ်
မလုပ်မကိုင်ချင်တော့၍ ဒီတိုင်း ငုတ်တုတ်ထိုင်နေခဲ့ပြီးကာမှ သူ
ချင်းနဲ့ အကျိုးတူ ပူးပေါင်းကြိုးစားကြည့်ဖို့ စိတ်ကူးဖြစ်ခဲ့သည် တဲ့

သားငယ် သူ့အကြောင်း ပြောတုန်းကတော့ အရိပ်ထင် ဆို
အစ်ကိုက တကယ့်လုပ်ငန်းရှင်၊ ဂရိတ်လို့ ဆိုသည်။ တကယ် ကြ
တော့ တစ်မျိုး …။





"ဒီလိုကွာ .."

အရိပ် က ပန်း ရဲ့ဘေးက ဆိုဖာစွန်းမှာ ဝင်ထိုင်လိုက်တော့
ထိုင်ဖြစ်ကြတာ မဟုတ်ဘဲ နီးနီးလေး ဖြစ်သွားသည်။ ထို့ပြင်
လက်တင်မှာ တံတောင်တစ်ဖက်ထောက်၍ ပခုံးနှိမ့် မျက်နှာငဲ့
တော့ ပန်း နဲ့ ပခုံးချင်းထိတော့ မတတ် …။

မရိုးမသားသောစိတ်နှင့် ဘယ်ယောက်ျားကိုမှ ငဲ့စောင်းမကြည့်ခဲ့
သည့် ကိုယ်ဟာ အရိပ် ထံမှ ကျိုစယ်လာသည့် ရေမွှေးနံ့ကြောင့်
တဒိတ်ဒိတ် ဆောင့်ခုန်လာ၏။

ကား လှည့်ပြောလိုက်တော့ လက်ဖျားတွေပါ ကျင်ခဲလာ
.. ရှက်လည်း ရှက်မိပါ၏။ ဆယ့်ခြောက်နှစ်သမီးလေးလည်း
တော့ဘဲ …။

"သူများတွေ မြင်ရင်တော့ အထင်ကြီးမှာပဲ၊ တကယ်တမ်းကျ
ကိုယ့်မှာ မယ်မယ်ရရ ပိုင်ဆိုင်တဲ့ စီးပွားရေးလုပ်ငန်းဆိုတာ
မရှိသေးဘူး၊ ဒီဘားကိုတော့ ကိုယ် သဘောကျတယ်"

အရက်ရောင်းတယ်ဆိုတာ လူကို ရှုးသွပ်စေတာပဲမို့လား ကိုကို၊
ကြားဖူးတာကတော့ အရက်ရောင်းတဲ့လူဟာ ခုနစ်ဘဝတိုင်တိုင်
ဝဲလစ်နဲ့ ရူးနေရတတ်တယ်တဲ့ .."

း ပြောတော့ အရိပ် က ရယ်သည်။

"ဟုတ်လား .. ဒါဆိုရင်တော့ ကိုယ်က ရှစ်ဘဝတိုင်တိုင် ရူးနေ
ကတည်းက ရူးနေတာပဲလေ"

း မျက်နှာလေး တည့်တည့်လှည့်ကြည့်လာတော့ အရိပ် က
သည်။ ရယ်မြူးရိပ်ထင်နေသည့် မျက်ဝန်းနှင့် တင်းတင်းစေ့
နှုတ်ခမ်းတို့က မလိုက်ဖက်စွာရှိလျက် ပန်း ကို ကြည့်ကာ
င်းတာ ရှိလို့လဲ' လို့ အရွှတ်ဆန်ဆန် မေးနေတာမျိုး။ ပြီးမှ…
ားလိုက်စမ်းပါ .. နောက်ဘဝကို ကိုယ် စိတ်မဝင်စားဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဒီဘားကို ကိုယ် ပိုင်ဖို့အတွက် ကိုယ့်ရှယ်ယာကို ထိန်းမယ့်သူက ဒီ
ထိုင်မှ ဖြစ်မှာ .. ကိုယ့်ရဲ့ထိန်းသိမ်းမှုကလည်း တိုးတက်မှုရှိနေမှ ဖြ
မှာ၊ အဲဒါတွေဖြစ်မြောက်ဖို့က ကိုယ့်အတွက် မင်း လိုအပ်တယ်၊ ပြော
ဆိုရဲဖို့ .. ဆုံးဖြတ်ရဲဖို့ .. ပြီးတော့ ..''

''ပန်း မှာ အဲဒီအရည်အချင်းတွေ တကယ်ရှိလို့လား ကိုကို''

''သိပ်ရှိတာပေါ့ .. မင်းက အရမ်းတော်တဲ့မိန်းမဆိုတာ ငါ့
ဘယ်သူ ပိုသိမှာလဲ''

''ကိုကိုက ဘာဖြစ်လို့ သိတာလဲလို့ မေးရင်ရော .. ကိုကို
မလား''

''ဖြေနိုင်တယ် .. ဒါပေမယ့် မဖြေချင်သေးဘူး''

အရိပ် က ရက်စက်ချင်သည့် ခပ်ကြိတ်ကြိတ် နှုတ်ခမ်းများ
မဲ့ပြီးမှ ရှေ့ပြန်လှည့်၍ ဆိုဖာမှာ ကျကျနန မှီလိုက်ကာ ...

''မင်းကို ငါ လိုအပ်နေသေးသရွေ့ ငါတို့ကြားမှာ အဆင်မ
ဆိုတာ ရှိလို့ မဖြစ်ဘူး''

လိုအပ်တယ်ဆိုတာဟာ ပန်း လက်ခံနေရတာက အသုံးချ
မို့ ဒီစကား တစ်ခါကြားရတိုင်း ရင်ထဲမှာ နင့်သည်။ ဒါပေမ
သွားတာကိုပဲ လက်ခံ သိမ်းဆည်း၍ ...

''ပန်း က ဘာလုပ်ရမှာလဲ ..''

''ငွေသိမ်းရုံပဲ .. ဒါပေမယ့် မင်း အဲဒီငွေတွေချုပ်ပေါ်မှာပဲ
ဆက်ရှင်အတိုင်း ရှိနေရမှာ .. မင်းကို လိုအပ်တယ်ဆိုတာ
ရှိနေစေချင်လို့ပဲ၊ မင်းက သိပ်လှတော့ ..''

''ကိုကို ..''

''ဘာမှမလုပ်ရဘူး .. ထိုင်နေပေးရုံပဲ၊ ဆက်စီဖြစ်
ဘာတွေလည်း မပါဘူး၊ မင်း ကြိုက်တာ ဝတ်စားဆင်ယင်လို့
စီးပွားရေးဆိုတာကို အမြဲတမ်း ခေါင်းထဲ ထည့်ထားရင်





''အဲဒါကရော .. ဘာကို ဆိုလိုတာလဲ''

''မင်းရဲ့စီးပွားရေးဆိုရင် ပျက်စီးစေချင်မလား .. တိုးတက်အောင်
ားမလား ..''

ပန်း က မဖြေတော့ သူပဲ ဆက်၍ ...

''ညှိသည်ကို ထွက်ကြို ပျူငှာဖို့ မလိုပေမယ့် ပြေပြေပြစ်ပြစ်
ယ်၊ တတ်နိုင်သမျှ သည်းခံတာကိုပဲ လိုချင်တယ်၊ အဆင်မပြေ
မကြားချင်ဘူး၊ ဒီအလုပ်နဲ့ပတ်သက်ပြီး မင်းရဲ့သားကို အသိ
င်း၊ မပေးခြင်းက မင်း ဆုံးဖြတ် .. ကိုယ်ကတော့ မင်းနဲ့ ပတ်
ိုင်းနီးမှုရှိနေတာကို မလိုအပ်ဘဲ လူသိရှင်ကြား ဇာ့ဆော်ကြေညာ
ဟုတ်ဘူး ..''

''မလိုအပ်ဘဲဆိုတာက ဘာလဲ ကိုကို ..''

''မင်း အများကြီးသိလို့ မလိုဘူး ပန်း ...၊ အခုပြောဖြစ်တဲ့ စကား
ကိုယ် လိုအပ်တယ်ဆိုရင် မင်းဘက်က အဆင်သင့်ပါပဲဆိုတဲ့
ကြောင့်ပဲ၊ မင်းကို ဘာဖိအားမှ မပေးဘူး၊ ကြိုက်သလို ဆုံးဖြတ်..''

အကူအညီလိုပါသည်လို့ စတင်ပြောဆို တောင်းခံလာသူက ပေး
း၊ မပေးရင် နေ ဆိုသည့် ရွေးချယ်မှုတွေနှင့် ရာထူးခန့်အပ်မည့်
တ်လူကြီးစတိုင်လ် ခပ်ရင့်ရင့်ပေမယ့် ပန်း ကလည်း ပန်း ပါပဲ။
ကိုကိုက ဖြူဆို ဖြူ .. မည်းဆို မည်း ...၊ စီစဉ် နေရာချထား
အတိုင်း ကျေနပ်နိုင်ဖို့ လက်ပိုက် ခေါင်းငုံ့လျက် ရှိနေပြီးသား...။
ဟုတ်ကဲ့ ကိုကို ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

"ဘာဖြစ်လို့ ဒီလောက်တောင် ဟုတ်ကဲ့ချင်နေရတာလဲ အဓိပ္ပာယ်မရှိတာ ပန်း ရယ် .."

"အဓိပ္ပာယ်ရှိတယ်လို့ပဲ ထားလိုက်ပါ မနွှေ .."

"အို .. မရှိဘူး .. ဒါ သက်သက်လုပ်ကြံတာ၊ ဘယ့်နှယ် ဘီ ဆိုင်သက်သက်ကြီးမှာ နင့်ကို ထိုင်ခိုင်းရတယ်လို့၊ တော်ရုံမိန်းကလေး ဆိုရင်တောင် ဒါ သင့်တော်တဲ့နေရာလား .."

"ဘီယာဆိုင်ဆိုပေမယ့် လမ်းဘေးက အရက်ဆိုင်မျိုး မဟု ပါဘူး၊ ကြီးကျယ်ခမ်းနားပေမယ့်လည်း ကလပ်တွေဘာတွေမျိုး

"ဆေးလိပ်၊ အရက်၊ ကွမ်းယာ .. အားလုံး မူးယစ်ဆေးတွေ ပဲ၊ လမ်းဘေးမှာပဲဖြစ်ဖြစ်.. ထရေးဒါးမှာဖြစ်ဖြစ် အရက်သောက် အရက်သမားတွေပဲ ပန်း၊ သူ ဘယ်လို အကွက်ရွှေ့နေတာ နင် သိသိ

ပန်း ပြောပြထားလို့ ရှေ့ကြောင်းနောက်ကြောင်းတွေကို က သိပြီးပြီဖြစ်သည်။





အရိပ် နဲ့ အခု ပြန်တွေ့ပြီး ပန်း ဘက်က ဘယ်လိုပေးဆပ်ဖို့ ထားတဲ့အထိ အဆုံးစွန် သိပြီးသား ..။

"သားငယ် သိသွားရင်လည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်နေမယ် င်လို့လား .."

"စီးပွားရေးတစ်ခုခု ထူထောင်ပြီး သူ့ကို ဦးဆောင်ခိုင်းဖို့ ပန်း ထားတာ သူ သိတယ်"

"အရက်ဆိုင်ဖွင့်ပြီး သားကို အရက်သမား အမြန်ဖြစ်ရေး စီမံကိန်း - သားငယ်က သူ့ကိုယ်သူ လူတတ်ကြီးဖြစ်ချင်နေတာ၊ သူ့အမေ အားကိုးထိုက်တဲ့ သားကြီးတစ်ယောက် ဖြစ်ချင်တဲ့ဆန္ဒနော်.. သမားလုပ်ပြီး ကာကွယ်ပေးချင်မှာ မဟုတ်ဘူး"

"မနွှေ ရယ် .."

"မဖြစ်နိုင်တာကိုတော့ မစဉ်းစားပါနဲ့ ပန်း ရယ်.. နင် တကယ်ပဲ"

နွှေ ဘာတွေပြောပြနေနေ ပန်း က ငုံ့ထားသည့် ခေါင်းလေး ယမ်းနှင့် ..။

"ပန်း .."

"ဟင် .."

"နင် .. နင်ဟယ် .."

နွှေ ပြောလည်း ပြောချင်၊ မရနိုင်မှန်းလည်း သိကာ မချင့်မရဲ မှုများနှင့် ...

"ပြောလည်း ခေါင်းခါဦးမှာပဲ သိတယ် .. ဒါပေမယ့် ရှုပ်ထွေးမှု လာရင် မရှင်းလို့ မရဘူးလေ၊ ခုဟာက ဘဝနဲ့ သက်ဆိုင်နေတဲ့ ၊ တချို့ပြဿနာတွေက ရှင်းလေရှုပ်လေ ဖြစ်တတ်ပေမယ့် ရှင်းရမှာတွေကို ဒီတိုင်းထားလိုက်ရင် ဘာဖြစ်လာမလဲ..၊ ကို စွပ်စွဲထားတဲ့ပုဒ်မကြီးက နည်းနည်းနောနောလား .."

"သူမှ မစွပ်စွဲသေးတာ .. ပန်း ကို လူဆိုးလို့ လက်ညှိုးထိုးပြီး



www.burmeseclassic.com

www.burmeseclassic.com



အပြစ်ပေးလိုက်ရင် စိတ်နာစရာတွေ ပေါ့သွားမှာစိုးလို့တဲ့၊ မစွပ်
ပန်း က ဘာကို ဖြေရှင်းရမှာလဲ .."

"မြွေမြွေချင်းတော့ ခြေမြင်ကြတာပဲလေ .. သူကလည်း
သေးဘူး၊ နင်ကလည်း သူ ဘာတွေ မျိုသိပ်ပြီး ဘယ်ခြေလှမ်းနေ
ဆိုတာ သိတယ်၊ မပြောပေမယ့် နင်တို့ချင်း ဆက်ဆံနေတာ အ
အဆက် ရန်ငြိုးတွေနဲ့ ပန်း ..၊ အဲဒါ နင် ဒီတိုင်း ဆက်ပြီး ပါး
နေမှာလား .. ကြားလိုက်ရတာ အသည်းယားတယ် ပန်း ရ
တကယ်ပဲ"

"ပန်း ကို သူသာ နားအလည်ဆုံးလူပါ၊ သူကိုယ်တိုင် ပ
ဒီလောက် အထင်လွဲသွားတဲ့နောက် .."

"နောက်ပိုင်းမှာ အဖြေ ဘယ်လိုရှိတယ်ဆိုတာ သူ မသိ
နင် သိနေတာပဲ၊ နင် လုပ်ခဲ့တာတွေက သေမယ်ဆို သေသွားနိုင်
ထောင်ထဲရောက်ပြီးတော့လည်း ဘဝဆုံးဖို့ ရှိတယ်၊ သူ့ရဲ့ညီ
လေးကို .."

"တော်ပါတော့ မနွေ .. မနွေ ပြောတာတွေ အားလုံး မမှ
အများအမြင်မှာ ဘယ်လို သုံးသပ် ဝေဖန်မလဲဆိုတာလည်း
နားလည်ပါတယ် ..၊ ဒါပေမယ့် ပန်း ရင်ထဲက ခံစားချက်ကို
နားလည်တယ် .."

စကားက ဒီနေရာမှာ တစ်ထောက်နားသွားပေမယ့် မျက်
တို့က ရှာတော့မယ့်မိုးလို ညို့နေပါပြီ။

ပန်း အတွက် မနွေ ယူလာပေးသည့် ပေါင်မုန့်မီးကင်နဲ့
တွေလည်း အေးစက်နေပြီဖြစ်ကာ ဝရန်တာပေါ်မှာ ထိုင်နေကြ
တစ်ချက်တစ်ချက် ဝေ့သည့် လေပြည်လေညင်းကြောင့် နားသ
ဆံစတချို့ တလွင့်လွင့် ပါသွားတတ်တာလည်း ခဏ ခဏ

အဝေးကို ငေးနေသည့် ဘေးတစောင်းမျက်နှာလေးက





နေသည့် မျက်တောင်ဖျားတို့ကို စိုက်ကြည့်၍ သည်မျက်နှာ
အလှလေးကို မနွေ နှမြောနေမိသည်။

ဖူးဖူးစင်အောင်လှသော အသနံ့စင်ဆုံး မိန်းကလေး ..၊ အပြင်
ကြည့်လျှင် မာကျောကျောပုံလေး ရှိနေတတ်သော်လည်း အလွန်
လွယ်သည့် အနူးညံ့ဆုံးသော အယူအဆများနှင့် သူမဟာ ..၊

"ပန်း လိုချင်တာ အဖြစ်မှန်တွေကို သူ သိသွားဖို့ မဟုတ်ဘူး"
စကားသံလေး ပြန်ပေါ်လာတော့ မနွေ သူမဘက်ကို အာရုံ ပြန်
ခဲ့၏။

"ဘယ်လို .."

"ဘယ်သူတွေ ဘာပြောပြော ပန်း ကို သူ နားလည်တယ်ဆိုတဲ့
ခံစားမှုက အကြွင်းနှာမျိုးပဲ လိုချင်တာ"

"ဟဲ့ .. သူ သိထားတဲ့ ဖြစ်ပျက်မှုတွေကရော သေးသေးနုပ်နုပ်
လား .. နင့်ကို သူ စပြီး ဖေးမကူညီလာတည်းက နားလည်ပေးခဲ့
ဆို .."

"ဟုတ်တယ် .."

"အဲဒါကို နောက်ထပ် ဘယ်လောက်ထိ နားလည်ပေးနိုင်မှာလဲ၊
သူ့မိသားစုကို ကျိန်စာတိုက်ပြီး မီးလောင်တိုက်သွင်းပစ်ခဲ့တာ
ဒါ မဖြစ်နိုင်ပါဘူးဆိုပြီး နင့်ဘက်က ရပ်တည်ရမယ်.. ဟုတ်လား"
စိတ်တိုသွားတော့ မနွေ စကားသံက ခပ်လေးလေးကြမ်းရှလာ၏။

"နင်ကလေ အမှန်အတိုင်း ဝန်ခံရရင် မာကျောမလိုလိုနဲ့ နူးညံ့
၊ ခုကျတော့ နူးညံ့နေတာလို့ ထင်ရပေမယ့် ခေါင်းမာနေတာ၊
နင် ချစ်နေတယ်ဆိုတာ ငါ နားမလည်လို့ ပြောနေတာ မဟုတ်
ဒါပေမယ့် အထင်လွဲ မုန်းတီးနေတဲ့လူဆီက ဒီတိုင်းနဲ့ပဲ သူ့အချစ်
လိုချင်နေတာကတော့ .."

"ဒီတိုင်းပဲ ရမှဖြစ်မယ် မနွေ .."



www.burmeseclassic.com

www.burmeseclassic.com



ဂရုမစိုက်စွာ တင်းခံနေသည့်မာနကြောင့် စကားလုံးက တရွတ်ဆန်နေပေမယ့် ပန်း မျက်ဝန်းမှာ ငွေ့ရည်ဖွဲ့နေခဲ့လျက်

"သူကစပြီး တစ်လောကလုံး ဘယ်လိုထင်ထင် နေပါစေ၊ ကို ပန်း ထားလိုက်နိုင်တယ်၊ ဒီတိုင်း သေတဲ့အထိ ရှုပ်ထွေးနေ ဆိုရင်လည်း နောင်တရမှာ မဟုတ်ဘူး"

ပန်း ရဲ့အသံတွေ တုန်ခါလာသည်။ ဖြတ်တောက်သွား ပြန်ပေါ်လာလိုက်နှင့် စကားသံတို့က မျက်ရည်မကျသေးဘဲ ငိုသံ လာခဲ့ရင်း ...

"ပန်း လိုချင်တဲ့အချစ်ကို သက်သေပြချက်တွေနဲ့ မယူဘူး အမှန်တရားကို သူ သိသည်ဖြစ်စေ .. မသိဘူးဖြစ်စေ ပန်း ဘ ဖြူစင်မှုကို သူ ခံစားမိလာပြီး ဒီတိုင်းဖြစ်လာတဲ့ နားလည် ခွင့်လွှ ခြင်းကိုပဲ စောင့်ယူမယ်၊ အဖြစ်မှန် ဒီလိုပါဆိုပြီး ရှင်းပြ မျက်ရည်ခံ မှ နားလည်တာ ဘာလုပ်ဖို့လဲ .."

မနွေ့ အံ့ဩစွာ ငေးရင်း ဘာမှကို ဆက်မပြောနိုင်အောင် နေခဲ့၏။

"ပန်း ကိုကို့ကို သိပ်ချစ်တယ် .. ရူးလောက်အောင်ကို စွဲလမ်း ခဲ့တဲ့ ချစ်ဦးသူ ..၊ ဒါပေမယ့် တစ်သက်လုံး ရူးသွပ်ရင်းနဲ့ အဆုံးသ ရမယ်ဆိုရင်လည်း ကိုယ့်ဝင့်ကြွေးပါပဲ၊ မှန်းလို့မရအောင် ချစ်တဲ့ အ မျိုး ..၊ ကိုကိုကိုယ်တိုင် ခံစား ဖွင့်ဟမလာသရွေ့ မှန်းနိုင်သမျှ ပါစေ"

အချစ်ဆိုတာ ဆန်းပြားခမ်းနားတယ်ဆိုပေမယ့် စိတ်ကူးမယ ကောင်းတဲ့အရာဆိုတာ ပန်း မသိဘူးလား ..။

မနွေ့ ပြောတော့ မပြောဖြစ်ခဲ့ပါ ..။





## အခန်း (၂၃)

"'မျက်လုံးရိုင်း'တဲ့ မလှဘူးလား .."လို့ မေးသံကိုရော သူမ ရှိတိုင်နေသည့်ဆိုင်ရဲ့ အတွင်းမျက်နှာစာ နံဖူးစည်းမှာရှိနေသော နံစာလုံးစောင်းနှင့် ထင်းနေသည့် ဆိုင်းဘုတ်ကိုရော ..။

ထပ်ကြည့်စရာမလိုဘဲ မျက်လုံးထဲ နားထဲမှာ စွဲနေသည်။ ဆိုင် င်လာသမျှ ပုရိသတို့၏ မျက်လုံးတွေက အသစ်တင်လိုက်သည့် ဘုတ်နှင့် သူမဆီမှာ မျက်လုံးတွေ ဝေ့ဝဲလာကြသည်။

တစိုက်မတ်မတ် ကြည့်သည့် စူးရဲသောအကြည့်တွေ မရုတ်သိမ်း သည်း ရှိ၏။

တစ်ပတ်ပြည့်လာခဲ့သောနေ့မှာတော့ ပါကင်မှာ ရပ်စောင့်နေကြ ည့် ပန်း နဲ့ရွယ်တူလောက် ယောကျ်ားနှစ်ဦး ..။

"လျှပ်ပန်း .."

ကားဆီကို လက်လှမ်းပြီးမှ တုံ့ခနဲ ဖြစ်သွား၏။ ရယ်သံသဲ့သဲ့နှင့် ယောက်စလုံး ပန်း ရဲ့ဘေးကို ရောက်လာကြကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ရဲ့လားလို့ ခေါ်ကြည့်တာ ..၊ နာမည်နဲ့ လူက လန်း
ဗျာ .."

"မျက်လုံးရိုင်းဆိုရင်တောင် နာမည်က အဆင်မပြေပေမယ့်
လိုက်ပါတယ် .. လျှပ်ပန်း မျက်လုံးတွေက တော်တော်လှတာ

နှစ်ယောက်စလုံး တစ်သံစီ ထွက်လာကြသည်။ ယောက်
ကို ကြည့်မရချင်သည့်စိတ်က မျက်နှာကို တင်းပစ်လိုက်ပြီးသား
သွားကာ ချက်ချင်းပဲ ပြန်ပြေကျ၏။

'.. ပြေပြေပြစ်ပြစ် နေရမယ် ..'

'.. တတ်နိုင်သမျှ သည်းခံတာပဲ လိုချင်တယ် ..'

'.. အဆင်မပြေတာ မကြားချင်ဘူး ..' တဲ့ ...။

ပန်း ကိုကို့စကားတွေကို သတိရကာ နှစ်ယောက်စလုံးကို
ငြိမ်သည့်မျက်နှာနှင့် တည့်တည့်လှည့် ရင်ဆိုင်၍ ...

"ကျေးဇူးတင်ပါတယ်"

"ဟာ .. နေပါဦး၊ ကျွန်တော်တို့က ဇရက်သုတ်ခ မိတ်ဆက်
လို့မှ မဟုတ်တာ .. ဒီဆိုင်မှာ အမြဲတမ်း ဝင်ထွက်နေကျ ကက်
မှာ ဆိုပါတော့၊ ပိုင်ရှင်အနေနဲ့ရော .. အရမ်းလှတဲ့ အမျိုးသမီး
ယောက်အဖြစ်ပါ မှတ်တမ်းနဲ့တကွ ဂုဏ်ယူချင်လို့ပါ၊ ကျွန်တော်တို့
မိတ်ဆွေလို သဘောထားပါလား .. ကျွန်တော်က မျိုးသန့်ဇော်၊ သူ
နေသူစိုး"

ပန်း မျက်နှာလေး ညိုရိပ်ထင်လာစဉ် ဘေးကို ဖျတ်ခနဲ ရော
လာသည့် လူရိပ်နှင့်အတူ လက်တစ်ဖက်ကို ဆုပ်ကိုင်လာပြီး ...

"မေမေ ဒီရှေ့မှာ ဘာလုပ်နေတာလဲ .."

"သားငယ် .."

ပန်း အံ့သြဝမ်းသာသွားသလို ယောကျ်ားနှစ်ယောက်၏ မယုံ
သော အကြည့်တွေက ကားထွက်သွားတဲ့အထိ တစ်စတစ်ဆုံး ကပ်





တာ မှန်ထဲမှာ မြင်နေရ၏။

"မေမေ သား မေးတာ ဖြေဦးလေ၊ အရက်ဆိုင်ရှေ့မှာ ဘာလုပ်
တာလဲလို့ .."

ကားမောင်းရင်း မကြည်လင်သည့်မျက်နှာနှင့် သားငယ် က
ည့်မေး၏။ ပြီးတော့ ဖေဒါရောင်နုနုနှင့် ဝင်းအိနေသော ပန်း
နှာကို ကြည့်မိရင်း မျက်မှောင်ကုတ်သွားကာ ...

"ဖျတ်ခနဲ မြင်လိုက်ပြီး အမှတ်တမဲ့လွန်သွားပြီးမှ ပြန်ခေါက်
ရတယ် .. မေမေ အဲ့ဒီနေရာမှာ ရှိနေမယ်မှ မထင်တာ"

ပြီးတော့ မိနစ်ပိုင်းအတွင်းမှာ မိုးစုပ်စုပ်ချုပ်တော့မည်၊ မိန်းမ
င်းတွေ ဒီအချိန် ရှောင်ရှားသင့်ဆုံးနေရာက အရက်ဆိုင်တွေပဲ
တ်ဘူးလား ...။

တွေးမိလေ သားငယ် မျက်နှာ မှုန်ကုတ်ကုတ် ဖြစ်နေလေ ...။

"မေမေ့ .. ပြောလေ .."

"သြော် .. အရက်ဆိုင်ရယ် ဘာရယ် သတိတောင် မထားမိပါ
ကြွေးရစရာရှိတဲ့လူနောက် လိုက်ရင်း အဲဒီနားမှာ မျက်စိရှုပ်
ခဲ့တာ .."

"မေမေပြောတော့ မေမေ ကြွေးသိမ်းရတဲ့အလုပ်မှာ အဲဒီလို
းတွေ မပါဘူးဆို.. သူဌေးတွေ လူမသိသူမသိ ခဏတာ လည်ပတ်
နိုးကြတဲ့ထဲမှာ ခဏ စိုက်ထည့်ပေးလိုက်ရုံနဲ့ အမြတ်ရတာဆို .."

"ဟုတ်တယ်လေ .."

"ခုတော့ ပတ်ပြေးတဲ့လူနဲ့ တွေ့ပြီလား"

"တစ်ခါတလေတော့လည်း ရှိမှာပေါ့ သားငယ်၊ ဆန်ကောင်း
သန့်ဆိုတာတောင် စပါးလုံးကင်းတာမှ မဟုတ်တာ .."

သားငယ် က ကားမောင်းရင်း ခေါင်းခါပစ်လိုက်ပြီး ...

"တစ်ခါတလေ မဟုတ်တော့ဘူး မေမေ၊ ဒီရက်ပိုင်းမှာ သား



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကို ရောက်တာ နှစ်ခါရှိပြီ၊ နှစ်ခါစလုံး အိမ်မှာ ကားပဲရှိတယ် မေမေ မရှိဘူး ..."

"အပြင်ကို သွားတာလာတာ မရှိရတော့ဘူးလား"

"အဲဒီလိုတော့ မပြောပါနဲ့ မေမေရာ .. မေမေ သွားလာနေတ အဲဒါမျိုး မဟုတ်ပါဘူး၊ အန်တီနွေ ကလည်း စကားပြောတာ တိုင်ဝ မကိုက်တာ အသိသာကြီး .."

"ကားယူမသွားတာက မင်း အချိန်မရွေး ရောက်လာပြီး ကား သွားတတ်တာ သိလို့လေ၊ ငါလည်း တစ်ယောက်တည်း သွားတာ မဟုတ်တာ၊ အတူသွားတဲ့ မိတ်ဆွေမှာ ကားပါလာတော့ သိပ်မကျ ကျင်တဲ့ကားကို စွန့်စားမောင်းရတဲ့ဒုက္ခလည်း လွတ်တာပေါ့"

"အပြင်သွားရမှာတွေ အန်တီနွေ လုပ်တာပဲ မေမေ၊ သား မေမေ့ကို တခြားကြောင့် ကပ်မေးနေတာ မဟုတ်ပါဘူး .. စိုးရိမ်လို့ အခု မေမေ တက်ဖို့လုပ်နေတဲ့ကားက ဘယ်သူ့ကားလဲ .."

"အဲဒါ တက္ကစီပါ၊ ဘလက်ခ်တက္ကစီပေါ့"

"ကျွတ်!..."

သားငယ် မျက်နှာ ရှုံ့မဲ့သွားသည်။ မေမေ့ဘေးမှာ ယောက် တွေ ငေးမောရစ်ဝဲနေကြတာ သူ့ အမုန်းဆုံး ..။

"သားငယ် .. မင်း ငါ့ကိုပဲ မေးမြန်း ပူပင်နေမနေနဲ့၊ ငါ ကလေးလည်း မဟုတ်ဘူး၊ မင်းကို ကျူးရှင်မှာ လာကြည့်တိုင်း မ တာက ဘာလဲ ..၊ ဘယ်သွားပြီး ဘာတွေ လုပ်နေလို့လဲ"

"မေမေရာ .. သားဘက်ကို မြားဦးလှည့်ဖို့ ထွင်နေပြန်ပြီ"

"အံမယ် .. ပြောပုံက .."

"ဟုတ်တယ်လေ.. သားဘက်မှာ မီးပွင့်ဖို့ ဘာမှမရှိဘူး၊ အား က မနက်ဖြန်တွေအတွက် ဖြတ်လျှောက်ပဲ၊ မေမေသာ ခြေလှမ်းမှာ လုံးဝ ရှော့အကြီးကြီး"





ဘာမှဖြစ်ဖို့ မရှိဘူးဆိုသည့် မျက်နှာမျိုးနဲ့ ခပ်တည်တည် လုပ်နေ ကြ်ရပေမယ့် ရင်ထဲမှာ လေးသွားသည်။

ခုမှ ရက်ပိုင်းလေးပဲ ရှိသေးတာ သားငယ် မြင်သွားပြီ ...၊ ကိုယ်က ည်း ညာလိုက်မိ၏။

ဒီဆိုင်ထဲမှာ သူ့အမေ တစ်ချိန်လုံး ရှိနေတယ်ဆိုတာ သိသွားခဲ့ ...၊

ပန်း သက်ပြင်းခိုးချတာတောင် ကားမောင်းနေသည့် သားငယ် လှည့်ကြည့်သည်။

မလွယ်ပါလား ...၊

သိသွားတဲ့ တစ်နေ့နေ့မှာ ငါလည်း မင်းလို ဖြတ်လျှောက်ပါပဲ ရင် သားငယ် ယုံပါ့မလား ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

"မလာသေးဘူးလား မေမေ .."

"အင်း .. မလာတော့ဘူး ထင်တယ်၊ ဖုန်းလည်း မဆက်ဘူး

မိုဘိုင်းစင်တာ ရှေ့နားလောက်မှာ ကားကို နောက်ပြန်မှီရပ် နာရီငုံ့ကြည့်မိသည်။

ဒီညနေ သားငယ် ရောက်လာတာနှင့် အလုပ်ကိစ္စပြောဖို့ ထားတဲ့ဆီ သားအမိ အတူထွက်လာကြတာ ဖြစ်သည်။

"မေမေတို့ဟာကလည်း မဟုတ်သေးပါဘူး၊ ကြွေးဆပ်ဖို့ ဖြစ် .. စာလေးတစ်စောင်လောက် ပေးရုံ ယူရုံ ဖြစ်ဖြစ် ကိုယ့်မိတ်ဆွေ တွေ့တာပဲ မုန့်ဆိုင်လေးဘာလေးမှာ ချိန်းပါလား"

"ဆိုင်ထိုင်တာတွေ ငါမှ မလုပ်ချင်တာ၊ ဘာလဲ .. သား ဗိုက်ဆာလို့လား"

"မဟုတ်ပါဘူး .. ပါကင်နားမှာ မေမေ ရပ်နေရတာ မကြိုက် သားသာ ပါမလာရင် မေမေ ဒီတိုင်း ရပ်နေရမှာပဲလား .."





"သူ ကြိုစောင့်နေမယ်လို့ ပြောထားလို့ပါ၊ ဆိုင်မှာ ငွေလိုက် ..ရင် ငွေအမောင့်အများဆုံးက သူပဲ ..၊ တိကျ မှန်ကန်တာလည်း .. အဲဒါကြောင့် ကြိုစောင့်နေမှာပဲဆိုပြီး စိတ်ချလက်ချ ထွက်လာ .. – ဘယ်မှာမှလည်း ချိန်းမထားမိတော့ ခက်တာပေါ့"

"နောက်ဆို စာချုပ်စာတမ်းကိစ္စတွေဖြစ်ဖြစ် ငွေသိမ်းတာ ဘာညာ ဖြစ်ဖြစ် မေမေရာ .. လုပ်နေကျ သွားနေကျ မဟုတ်ဘဲ အစီအစဉ် ဖြစ်သွားရင် အိမ်ကိုပဲ လာခိုင်းလိုက်ပါ၊ မေမေ့ကို သား စိတ်မချဘူး"

သားငယ် က သရီးကွာတားစတိုင်ဘောင်းဘီပွပွနှင့် ဟာဝေယံ ..ဝါရောင်ကိုဝတ်ကာ ဦးထုပ် နောက်ပြန်ဆောင်းထားသည်။ ရှေ့ ..င်တွေကို ဦးထုပ်ထဲမှာ အားလုံးပါကုန်အောင် တမင်လုပ်ထား ..ဖြင့် နဖူးကျယ်တာက ထင်ထင်ရှားရှား ဖြစ်လာ၏။

အသက်လေးငယ်ငယ်နှင့် အရပ်အမောင်းကလည်း ထွားကျိုင်း .. ရှင်းနေသည့်မျက်နှာထက်မှာ ယောကျ်ားပီသစေသော နှာတံ ..ချွန်က ထင်းနေသဖြင့် ...

'တူလိုက်တာ သားငယ် ရယ် ..'

အမှတ်တမဲ့ သားငယ် ကို ငေးကြည့်နေမိသည်။ မျက်ခုံးခပ်ပါး .. နှုတ်ခမ်းတွေကလည်း သိသာအောင် ကြည့်ကောင်းတာမျိုး ..တ်ခဲ့ဘဲ ခုကျမှ နေ့စဉ်နဲ့အမျှ ပြောင်းလဲနေသလို သားငယ် မျက်နှာ .. တစ်စုံတစ်ယောက်နဲ့ ကြည့်လေ တူလေ ..။

"မေမေ့ .."

"ဟင်!..."

ငေးကြည့်နေသည့် ပန်း ရဲ့ပခုံးလေးကို သားငယ် က ဖက်လိုက် .. မျက်နှာချင်းကပ်ကာ ...

"သားကို ဟန်းဆက်အသစ်လဲပေးဖို့ စိတ်ကူးလေးဘာလေး မရှိ ..လား"



www.burmeseclassic.com

www.burmeseclassic.com



"မရှိဘူး .."

"ဟာ .. မေမေကလည်း လုပ်ပါ"

ပန်း က ပခုံးမှာကိုင်ထားသည့်လက်ကို ဖယ်ချသည်။ သားငယ်

က အတင်းပြန်ဖက်၏။

"မေမေ့ .."

"သားငယ် နော်.. အကြွေးရမှာက နည်းနည်း မင်းကို ဟန်းဆ

ဝယ်ပေးလိုက်ရရင် ကုန်ပြီပေါ့"

"မေမေကလည်း အရမ်းဈေးကြီးတာ သားက ဝယ်ပါ့မလား

ဒီမှာ ဒါလောက်လေးပဲ"

မျက်နှာရှေ့မှာ လက်ငါးချောင်း ဖြန့်ကား ထောင်ပြကာ ..

"သွားမယ်နော် မေမေ .. မေမေ ပြီးရင် လိုက်ခဲ့ .."

သားငယ် က ဆိုင်ထဲကို ခြေလှမ်းပြင်လိုက်လျှင် ...

"ခုကျတော့ မအေကို ခွေးစားစား ကျီးထိုးထိုး စိတ်ချသွား

လား"

"ဘယ်ကလာ စိတ်ချရမှာလဲ .. မေမေ့ကို ဆိုင်ထဲမှာ ဟန်းဆ

ရွေးရင်း လှမ်းရှိုးနေမှာ .."

ပြောရင်း ပြေးဝင်သွားတော့ ပန်း နှုတ်ခမ်းလေး ပြုံးနေခဲ့

သားရဲ့ကျောပြင်ကနေ ဒီဘက်ကို မျက်နှာပြန်လှည့်လိုက်မှ ...

"လျှပ်ပန်း .."

ဟင် .. ဦးမြတ်ထွန်း ...။

လျှပ်ပန်း မျက်လုံးတွေ စူးစူးရဲရဲ ဖြစ်သွားသည်။ တဖြည်းဖြ

ကျမှ ပြန်လည် မှေးမှေးသွားခဲ့ပြီး ...

"ဦးလေး .."

"ဪ .. မင်းပဲကိုး .."

ဦးမြတ်ထွန်း ၏ ရင့်ရော်သွားသည့် မျက်နှာကြီးမှာ နှုတ်ခမ်း





ဖက်ကပါ ကော့နေသေးသည်။ ထို့ပြင် ဗိုက်ကရွဲ့ရွဲ့ ဘောင်းဘီရှည်

နှင့် ဟိုတုန်းက သေသေသပ်သပ်ပုံစံနဲ့ တခြားစီ ..။

ဦးမြတ်ထွန်း ကတော့ ပန်း ဆိုတာ သေချာသိလိုက်ရကာမှ

စူးစိုက်ကြည့်၍ ...

"နှစ်ယောက်မရှိနိုင်တဲ့ မင်းရဲ့မျက်လုံးတွေကိုသာ သံသယ မဖြစ်

ရင် လျှပ်ပန်း လားလို့ ငါ တွေးမိမှာ မဟုတ်ဘူး ..၊ ကြည့်ရတာ

အကွက်ကောင်းမိထားပုံ ရတယ်၊ ခုနမင်းနားက ထွက်သွားတာ

လဲ .."

ပန်း က မျက်ခုံးလေးတွေ တွန့်ကျသွားတဲ့အထိ စိုက်ကြည့်

ပြီးမှ ...

"ကျွန်မ သား .."

"ဘာ!..."

'သား ..' ဆိုတာကို သံယောင်လိုက်ပြီး မျက်လုံးတွေပါ ပြူးသွား

ပြီးတော့ ပန်းသွေးရောင်ဝတ်စုံနှင့်အပြိုင် နုရဲနေသည့် ပါးပြင်

တွေထိ သေချာကြည့်သည်။

ဆံပင်တွေကို နဖူးကနေ သိမ်းလှန်ကာ ခါးစပ်ထိ ဖားလျားဖြန့်ချ

ထား သူမပုံစံက အရပ်မြင့်သလောက် ကိုယ်ဟန်သွယ်သွယ်လေး

မငြီးနိုင်ဖွယ်ပင် ..။

နှာတံထိပ်ဖျားမှာ ထိဆက်လုမတတ် စိမ်းညို့နေသည့်မျက်ခုံးနှင့်

ယ်စပ်ကနေ ရှိန်းမြမြ ဖြာဆင်းနေသည့် မွေးညှင်းနုတို့က သူမ

ကို ပို၍ နုသန့်ဝင်းမွတ်နေအောင် ဖန်ဆင်းထား၏။

ထိုမျက်နှာမှာ ညို့သောမျက်ဝန်းတို့ကြောင့် အလှတရားအားလုံး

အဝ်ချက်ဆိုတာ မရှိ။ ဒါပေမယ့် ဒီလောက်လှနေတဲ့ သူမဟာ

ကို ကာဝေမ ဆိုတာတော့ ..။

"ငါ ထင်တာ မမှားဘူးဆိုရင် ကလေးရဲ့အဖေ မရှိတော့ဘူး



www.burmeseclassic.com

www.burmeseclassic.com



မို့လား''

မေးပြီး ပန်း မျက်နှာပျက်တာကို လှောင်ပြုံးနှင့် ကျကျနန
ကြည့်၏။

''ရတယ် .. မဖြေချင်လည်း ထားလိုက်၊ ငါက သိပြီးသား
မင်းပုံစံကြည့်လိုက်ကတည်းက ဒီလင် ဒီသားနဲ့ မိသားစုဘဝတင်
တည်ငြိမ်ရင့်ကျက်နေတဲ့ပုံမှ မရှိတာ၊ ဟွန်း .. မိန်းမတွေ ကိုယ့်
ကိုယ် ရောင်းဗန်းတင်လာကြပြီဆို သိပ်သိသာတာ ..''

''ဦးလေး .. ဦးလေး စကားပြောရင် ကိုယ့်အသက်ကို ပြန်
ကြည့်ပြီးမှ ပြောသင့်တယ်၊ ကျွန်မကတော့ ဦးလေးဟာ
ဦးလေးအရင်း ဖြစ်နေလို့ သည်းခံနိုင်ပါတယ်''

''ဘာ!...''

ဦးမြတ်ထွန်း ဒေါကန်သွားသည်။

''ကိုကို ဟုတ်လား .. မင်း .. မင်းနဲ့ အရိပ် နဲ့ တွေ့ဖြစ်ကြပြီ

ပန်း က မဖြေဘဲ စိုက်ကြည့်နေသဖြင့် ...

''ဟေ့ .. မေးနေတာ ဖြေစမ်း၊ မင်းက လူတွေ သတ်၊
မီးရှို့သွားပြီးမှ အရိပ် ကို ဘယ်လိုပညာတွေနဲ့ ပြန်စည်းရုံးလိုက်တာ
သူကရော မြန်မာပြည် ဘယ်တုန်းက ပြန်ရောက်နေတာလဲ''

''ဦးလေး သိချင်ရင် သူ့ကိုပဲ သွားမေးလေ .. ပန်း တို့က
ပဲ ပြန်ဆုံကြတာပါ''

''မင်း .. မင်းကို သူက ခွင့်လွှတ်တယ် .. ဟုတ်လား''

ပန်း က မဖြေ ..၊ ဒါကိုကြည့်လေ ဒေါကန်လေနှင့် ဦးမြတ်
က အံကြိတ်၍ ပန်း နားကို ထပ်တိုးလိုက်ကာ ...

''ဒီမှာ လျှပ်ပန်း .. အမှုဆိုတာ အိုတယ် မရှိဘူး၊ မင်းရဲ့
တွေကို ငါ အခု တရားစွဲလို့ရတယ် နားလည်လား ..၊ ထိုင်နေတဲ့
အကောင်း၊ ထသွားမှ အကျိုးမှန်း သိကုန်မယ်၊ မင်း ကိုယ့်အန္တရာ





လိုရှောင်ရမလဲဆိုတာ နားမလည်ဘူးလား''

''နားမလည်ဘူး .. အဲဒါကြောင့် ကိုယ့်ကိုယ်ကိုယ် ဘာပြစ်မှု
တ်ခဲ့လို့လဲလို့ တွေးချိန်မရလိုက်ဘဲ တောခြောက်သလို ခြောက်
တာကို ခံနေရတာ ..၊ အဲဒီမီးလောင်တာ ဘာကြောင့်မှန်း မသိပေ
ပန်း လုပ်တာမဟုတ်ဘူး၊ ပန်း ဘာမှမသိဘဲနဲ့ ပြေးတော့ဆိုလို့
ရတာ၊ အမှန်တရား မပေါ်သရွေ့ အချုပ်ထဲ ရောက်မယ်၊ ထောင်
ယ်နဲ့ ဦးလေး တစ်ဖက်သတ် တိုက်လိုက်တဲ့ မှန်တိုင်းနောက်မှာ
ထွက်ပြေးခဲ့တာ ..''

''အေး .. အဲဒီလိုပဲ မင်း နေရမှာ .. မင်းက စုန်းကဝေမပဲ၊
လူသတ်တတ်တဲ့မျက်လုံးတွေအကြောင်း ဘယ်သူမှ မသိလို့
အလှအပတွေက ယောကျ်ားတွေအပေါ်မှာ ဟဲဗီးဝိတ်ဖြစ်နေရင်
ယ်၊ မြို့နဲ့မတန်တဲ့ ပညာသည် အယုတ္တနတ္တမှန်း သိသွားကြရင်
ဘွ ဖြစ်ကုန်မလဲ သိလား ..''

''သိပါစေ .. သိအောင် လုပ်မယ်လို့ ခြိမ်းခြောက်မနေဘဲ လက်
ပြလိုက်ပါ၊ ပန်း ဆိုတာ ဟိုတုန်းက အမျိုးမျိုး ပုတ်ခတ်ပြောဆို
ခေါင်းငုံ့ခံနေမယ့် လျှပ်ပန်း မဟုတ်တော့ဘူး၊ ဘယ်လောက်ထိ
ိုက်ဘူးလဲဆိုရင် ပန်း အဲကြောင်း သိနေပါတယ်ဆိုတဲ့ ဦးလေး
ာင် အခုချက်ချင်း အသေဆိုးနဲ့သေအောင် လုပ်ပေးနိုင်သေး
''

''တောက် ..''

''ဒါပေမယ့် ဦးလေး ကျွန်မရဲ့သတင်း အတင်းအဖျင်းတွေ
လိုက်ရမှာစိုးလို့ မလုပ်ပါဘူး၊ ပြီးတော့ ကိုကိုဦးလေး ဖြစ် ..''

''တိတ်စမ်း''

ခပ်ကြိတ်ကြိတ်အော်ကာ ဦးမြတ်ထွန်း က လည်ပင်းကြီး ရှည်
လာသလို မျက်နှာချင်းနီးအောင် တိုး၍ ...



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို အရိပ် က ခွင့်လွှတ်မယ် ထင်နေသလား ကဝေမ"

အရှိက်ကို တည့်တည့်ထိသွားတာမျိုး ..၊ ရင်ဘတ်ထဲမှာ နာ နင့်သွားသည်။ ဒေါသထန်နေသော ဦးမြတ်ထွန်း က သတိမထား

"နင် ဂရုမစိုက်သလို ငါ ဂရုမစိုက်ဘူးဆိုတာလည်း သေ မှတ်သွားဦး လျှပ်ပန်း၊ နင့်ကို နှစ်ပေါင်းများစွာ ဝရမ်းပြေးလို အောင် အဲဒါတွေကို ငါ တမင်လုပ်ခဲ့တာ .."

"ဘာ!..."

"ဟား .. ဟား .. ဟား ..."

အားပါးတရ ရယ်တော့ ဘေးလူတချို့ ငုံ့ကြည့်သွားကြသည် ပြီးမှ ဦးမြတ်ထွန်း က ရယ်ရှိန်သတ်၍ ...

"ကိုယ့်ကိုယ်ကိုယ်လည်း လည်လှပြီ ထင်နေသေးလား ... စမ်းပါဦး ကဝေမ .. အရိပ်ထင် ကို နောက်ထပ် ကိုကိုလို့ ခေါ် သိမ်းသွင်းစည်းရုံးဖို့တွေ ရှိသေးလား .."

ပန်း အံကြိတ်ပြီး စူးစိုက်ကြည့်သည်။ သို့သော် တစ်ကိုယ်လုံး အငွေ့ပျံသလို ဖျင်းခနဲ ခံစားမိလိုက်သည်နှင့် မျက်နှာကို ဖျတ် လွှဲပစ်လိုက်ကာ ...

"ရှင် .. ကျွန်မရှေ့က ထွက်သွားပါ"

"ဘာလို့ သွားရမှာလဲ ..၊ ငါ မြန်မာပြည် ပြန်ရောက်နေတာ နင်နဲ့ ခုလို ပြန်ဆုံရတာ ငါ့မှာ လုပ်စရာတွေ ကျန်ပါသေးလား ကိုယ့်ကိုယ်ကိုယ် သတိရစေဖို့ပဲ၊ လုပ်စရာရှိတာကို ပြီးအောင် လု မယ် .. ပြောချင်တာတွေလည်း ပြောခဲ့မယ်၊ ဒီမှာ လျှပ်ပန်း .. ပေါ်က ဘာမှန်းမသိတဲ့ သတ္တဝါတစ်ကောင်ကို ကယ်တင်မိလို့ မိသား လည်း ဘဝပျက်၊ သူ ဦးလေးရဲ့ သတိပေး တားမြစ်ချက်တွေကို ဂရုမစိုက်မိခဲ့တဲ့ နောင်တတွေ၊ သူ့မိသားစုတွေ သေသလို သူဦး ခများ သားတစ်ယောက် ဆုံးခဲ့ရှာပါလားလို့ ငါ့ရဲ့မေတ္တာစေတနာ





ားလည်မှု တနင့်တပိုးနဲ့ အရိပ်ထင် က .."

အရှည်ကြီးပြောချသွားပြီး ခဏ နား၏။ ပြီးမှ ...

"နင့်ကို တွေ့ရာမြင်းစိုင်း ဓားမဆိုင်း ဖြစ်လောက်အောင် မုန်းတီး နင် လုပ်ပါတယ်လို့ သက်သေတွေ ခိုင်လုံနေသားနဲ့ ငါ ပြန်ပြီး ပျောက်ဖျက်စေခဲ့တာလည်း ငါ့ဘက်က မြင့်မြတ်စွာ သည်းခံခြင်း မှတ်ပြီး သူ့အတွက် ငါသာ အဆွေခင်ပွန်းကောင်း ..၊ အားကိုး တဲ့ ဦးလေးအရင်းဆိုတာ အရိုးစွဲတဲ့အထိ သူ မှတ်သွားပြီ၊ ခုနေ ပြေးတိုင်လည်း အလကားပဲ .. မယုံရင်တော့ လုပ်ကြည့်လိုက်ပေါ့၊ ပြောပြဦးမယ် မှတ်သွား ..၊ ငါ့သား သေခဲ့တဲ့အထိ ငါ့ကို မယုံ ဲ့ဘဲ မိန်းမတစ်မျက်နှာပဲ ကြည့်တဲ့ကောင် ..၊ ငါ့ရဲ့ မတ်လေး သားဆိုပြီး ယုံကြည်ဖော်မရခဲ့တဲ့ မရီး .. အဲဒီ တစ်မိသားစုလုံးကို န်းတယ်၊ အခုမှ မဟုတ်ဘူး .. သတ်ပစ်ချင်လောက်အောင် မုန်းခဲ့ မီးလောင်တိုက်သွင်းပြီး သတ်ပစ်ဖို့ ကြံစည်ခဲ့တဲ့အထိ မုန်းခဲ့တာ၊ ဘာဖြစ်လို့ လောင်ခဲ့တာလဲ တွေးကြည့်လိုက် .."

ပန်း မျက်လုံးတွေ စူးစိုက်ငြိမ်သက်လျက် နှုတ်ခမ်းတွေပါ ခပ်ဟဟ ။

"သွားပြောပြလိုက် .. အဲဒါတွေ၊ ငါ့လေးလေးကို စွပ်စွဲရလား မင်းရဲ့ပြစ်မှု ပိုကြီးသွားလိမ့်မယ်"

ဦးမြတ်ထွန်း က ကျေနပ်စွာ ပြုံးနေသည့် သွားတန်းကြီးတွေ သားနှင့် ခြေလှမ်းပြင်၏။

"ဦးလေး .."

ပန်း အရင်စလို ခြေတစ်လှမ်းတက်၍ တားဆီးလိုက်လျှင် ဦးမြတ် က လှမ်းပြီးသားခြေလှမ်းကို ပြန်ရုတ်ပြီး လှည့်ကြည့်သည်။

"အခု ရှင့်ရဲ့ရှေ့မှာရပ်နေတဲ့ လျှပ်ပန်း က ကိုကို့ဇနီး ဖြစ်နေနိုင် ဆိုတာတော့ ရှင် နည်းနည်းမှ မတွေးမိဘူးထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ!..."

ဒေါသရောင် တက်သွားပြီးမှ ဦးမြတ်ထွန်း က ဟားခနဲ ပစ်၏။

"ငါက ရူးနေတဲ့လူမှ မဟုတ်တာ .. ယုံရအောင်၊ အေး .. ဟုတ်နေတယ်ဆိုရင်လည်း အရိပ်ထင် ရူးနေပြီ"

ပြောပြီးတာနှင့် ချာခနဲ လှည့်ထွက်သွားသည်။

ပန်း နှုတ်ခမ်းသားလေးတွေ ပြုတ်လုမတတ် ဖိကိုက်ထား ကျန်ရစ်၏။

သူမရင်ထဲမှာ ရှိနေတဲ့ အမှန်တရားတွေဟာ မှန်သားပြင် ကြည်လင်စွာ မြင်နေရတဲ့ ပုံရိပ်စစ်တွေလိုလား..၊ ဆုပ်ဖမ်း သိမ်း လို့ မရ၊ ထုတ်နှုတ် တင်ပြလို့ မဖြစ် ..။

မှန်ဟာ ကိုယ့်လက်ထဲမှာ ရှိနေသော်လည်း ပုံရိပ်တွေက ပျော ခဲ့ပြီ ..။





## အခန်း (၂၅)

"မမ လာမှ လာပါ့မလားလို့ .."

"ဘာဖြစ်လို့ မလာရမှာလဲ ..၊ ကတိပေးပြီးသားကို .."

တစ်ဖက်က စကားသံတွေကြောင့် အရိပ် မျက်မှောင်ကုတ်သွားမိ ။ ထိုအသံတွေကို သူ ရင်းနှီးနေတာ သေချာ၏။

"ဒီတစ်ခါ ကျွန်တော် သေချာကြည့်တတ်အောင် လေ့ကျင့်လာ - လုံး၀ မမှားစေရဘူး၊ မမ ပြချင်တာ ပြ .."

"ဟုတ်လို့လား .."

"တကယ်ပါဆို .."

"ဒါဖြင့် ဝမ်းသာစရာပေါ့၊ တစ်ဆက်တည်း ပြောထားမယ်နော်.. ကိုယ်တိုင် တယုတယ လက်သပ်မွေးလာရပြီးမှ သူများနောက် းလို့တော့ မဖြစ်ဘူး၊ တို့အပေါ်မှာ သစ္စာရှိနိုင်မှ ပညာကုန်ပေး "

"လုပ်ပါ .. ပေါင်းကြည့်လိုက်ရင် သိသွားပါလိမ့်မယ်၊ လ - လက်တွေ့ .."

"ဟုတ်ပါပြီ .. ကဲ .. ဒီဘက်တိုး .."



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းမှာ တေ့ထားသည့် ဖန်ခွက်ကို အသာပြန်ချကာ ဖက်ဆီကို ခပ်စောင်းစောင်း ငဲ့ကြည့်လိုက်သည်။

ပခုံးသာသာ ဆံပင်အဖြောင့်နှင့် ခရမ်းရောင်ဝတ်ထားသ အမျိုးသမီးက ဒီဘက်ကို ဘေးတစောင်းထိုင်နေလျက် သားယေ ကျောပေးလျက်သား ..။

သူက အတွင်းဘက်မှာမို့ သေချာ လှမ်းမကြည့်ဘဲတော့ မြ မလွယ်ပါ။ မြင်နေရသည့် သူ့မှာသာ ကျေနပ်သည့်အပြုံးတို့ လျက် ...

"ခစ် .. ခစ် .. တွေ့လား .. မှားကုန်ပြီ ကောင်လေး"

"မမကလည်း .."

"ပြောတော့ ဝန်မခံချင်ဘူး .. လူဆိုးလေး .."

တစ်ဆိုင်လုံးမှာ နှစ်ယောက်တည်း ရှိနေသလို ရယ်သံ အထိန်းအကွပ်မဲ့နေ၏။ အရိပ် နှုတ်ခမ်းမဲ့လိုက်ပြီး ပြောပြီးသွား ဖုန်းကို ဘေးမှာ အသာချထားလိုက်သည်။

"ဘယ်သူ ကံဆိုးပြီး ဘယ်သူက ကံကောင်းနေသလဲ သား ခုချိန်မှာတော့ ရာသီဥတုက ငါ့ဘက်မှာ .."

စိတ်ထဲကပြောရင်း နာရီကြည့်လိုက်မိသည်။ ပြီးတော့ မျ သည့် မဲ့ပြုံးတစ်ချက် နောက်ထပ် ဖြစ်လေသည်။ ရန်ငြိုး က ဆိုတာ မတင်သင့်သည့် အတုံ့အလှည့်တွေဆိုတာ သူ နားလည် ဒါပေမယ့် ...

သူ့ဘက်မှာ ဘယ်လိုမှ ဖျောက်ဖျက်မလွယ်သည့် အိပ်မက် သူမက ဖန်တီးခဲ့ခြင်းအတွက် ..။

"ဟုတ်ပါတယ် မောင်လေးရယ် .. မမိုး ရုံးတွေ ဂါတ် ကြောက်လွန်းလို့ ဘာမှ မမေးမမြန်းကြအောင် ဝေးဝေးရှောင်နေ ပါ၊ တကယ်တော့ မေမေကြီးတို့ သားအမိကို လျှပ်ပန်း ကို





န်းထဲ ထည့်ပိတ်ခဲ့တာ၊ အဲဒါကို မြင်ပေမယ့် ဘယ်သူမှ ဝင်မကယ် တော့ဘူး .."

"သူရွှေ ရောက်လာတာလည်း နောက်ကျသွားတယ်၊ မီးလောင် ဝိုင်ယာရှော့ဖြစ်တာလို့ ယူဆပြီး ရဲက မသင်္ကာမှုနဲ့ စစ်ဆေးနေ လူမမယ်ကလေးနဲ့ စိတ်ဝေဒနာရှင်ဆိုတာကို ထည့်သွင်းပြီး ကို ပြီးအောင် လုပ်လိုက်တာ ..၊ အဲဒီကောင်မလေးကိုတောင် မရှာတော့ဘူးလို့ သူရွှေ ပြောလို့ မမိုး အံ့သြသွားသေးတယ်၊ ွေးပုံစံက အရူးကြီးလိုပါပဲ မောင်လေးရယ် .."

"ဒီကောင်မလေးအကြောင်း ဘာတွေပြောပြော မောင်လေးက မဟုတ်ဘူးတဲ့၊ မီးခံသေတ္တာထဲက ရှိသမျှတွေ ထုတ်ယူသွားတာ နေပစေတဲ့၊ ကိုယ့်ပစ္စည်းပေမယ့် စားထိုက်တဲ့လူက စားသွား တဲ့၊ ဇမ္ဗူတစ်လူ ပြာပုံဘဝရောက်သွားပြီးမှ နောက်ထပ် သိက္ခာ မခံတော့ဘူး၊ ဒီတိုင်းပဲ ထားလိုက်.. အရိပ် ပြန်လာမှ ဘာလုပ်လုပ် စ်၊ မဆိုင်သလိုပဲ နေတော့မယ်တဲ့ .."

မအေးမိုး ကို သူ လိုက်ရှာလို့ တွေ့တော့ မီးလောင်ပြီးခဲ့တာ စ်ကျော်ကျော်ပဲ ရှိပါသေးသည်။ လေးလေး ရင်ထဲမှာ ဘယ် က်ထိ နင့်သည်း နာကျင်သွားမလဲဆိုတာ သူ တွက်မိခဲ့သည်။

မအေးမိုး ပြောပြသမျှကို နားထောင်ခဲ့စဉ်မှာ သူဟာ အပြင်ထရဲ့ င်းကာ၍ အတွင်းထရဲ့ အပြင်ကာခဲ့မိသူအဖြစ် ရက်စွဲ့ သိမ်ငယ် ကြောင့် ငုတ်တုတ်ကနေ အငွေ့ပျံ ပျောက်ကွယ်သွားသလိုပင်..။

ဒါတွေကို သူ မမေ့နိုင် ..၊ လျှပ်ပန်း ဆိုသည့် မိန်းမကို ကလဲ့စား အတွက် နေ့စဉ်ရက်ဆက် ရှာဖွေနေခဲ့တာ မဟုတ်သော်လည်း ချိန် နားချိန်တိုင်း၊ အကြောင်းတွေ တိုက်ဆိုင် သတိရလာတိုင်း သနင့် နာကျင်မှုက လူကို အနာဂတ်မဲ့သွားသကဲ့သို့ နှိပ်စက်၏။

ဘာကူးတက ရှာဖွေခြင်းမဟုတ်ပေမယ့် တစ်နေ့နေ့တော့ ပြန်ဆုံ



www.burmeseclassic.com

www.burmeseclassic.com



ရဦးမည်ဆိုသည့် ယုံကြည်ချက်အပြည့် ထားခဲ့သည်။ တွေ့ကြတဲ့အ
အပြုံးပန်းတွေ လှိုင်လှိုင်နဲ့ လက်ဆွဲနှုတ်ဆက်ဖို့တော့ ဟုတ်ပါ့မလား

ကမ္ဘာကြီး တိမ်းစောင်းနေသရွေ့ နေရာကောင်းတစ်ခုမှာ
ထာဝရ ရပ်တည်နေလို့ မရနိုင်ဘူး လျှပ်ပန်း..၊ ဒါကြောင့် မင်း အ
က စပြီး ...၊

"မေဇွန် .."

ခေါ်သံကြီးက ဟိန်းထွက်လာသလို သူ့စိတ်ကူးတွေသာ
တစ်ဆိုင်လုံးပါ တိတ်ကျသွားသလိုပင် ...။

"သူများတွေပြောတာ ငါ မယုံခဲ့ဘူး၊ မင်းက တစ်နေ့
ယောက် မရိုးပါလား .."

"ကိုမင်း .."

"တိတ်စမ်း ...၊ ဟိတ်ကောင် .. မင်းကရော ဘာလဲ .. လူ
လက်တောက်လောက်နဲ့ ဒီလိုလုပ်စားရတာ ဝါသနာပါသလား"

"ဟာ!... ခင်ဗျား .. ခင်ဗျား .. ရမ်းသမ်း မစွပ်စွဲနဲ့"

"အံမာ .. ကိုင်းကွာ .."

အုန်းခနဲ ထဖြစ်လိုက်သည့်ရန်ပွဲက လက်သီးချက်တွေပါ ဆင့်
ပါကုန်လျက် တစ်ဆိုင်လုံး လှုပ်ရှားကုန်၏။

"မင်းကို ငါ သိတယ် ခွေးသူခိုးလေး ...၊ အ မရှိတဲ့ကော
ဝါသနာပါတာလား.. မအေကို လုပ်ကျွေးတာလား၊ ဘာလဲ.. ယောက်
ဖြစ်ပြီး ငွေကို အလွယ်ရှာတာ ဘာကောင်လဲ ...၊ ကိုယ့်ကိုယ်ကို
သိရဲ့လား .."

အမျိုးသမီးက ငိုရှိုက် ထွက်ပြေးသွားခဲ့ပြီး ထိုသူကို ဆိုင်ထဲ
လူတွေ ပြန်ထုတ်သွားကြ၏။ သွေးစသွေးနတို့နှင့် ကျန်ရစ်သ
သားငယ် ကို မျက်မှောင်ကုတ်နှင့် စိုက်ကြည့်နေရင်း အရိပ် ပြုံးလိုက်
သည်။





ပြီးတော့ ရှေ့ပြန်လှည့်၍ ပခုံးတွေလှုပ်အောင် အသံတိတ် ရယ်
သည်။

ဒါနဲ့ မပြီးသေးဘူး သားငယ် ...၊ ဒီနေ့ မင်းအတွက် ငါ စိတ်
ကောင်းပါဘူး ...။

နာခေါင်းနဲ့ နှုတ်ခမ်းထောင့်များမှ စိမ့်ထွက်ကျလာသည့် သွေး
ကို လက်ခုံနဲ့ ကပ်သုတ်ရင်း ခေါင်းထဲမှာ မူးနောက်နေသည်။
သူ့ကို တစ်နေရာက ကြည့်နေသော မျက်ဝန်းတစ်စုံနှင့် အထင်
သေးစွာ ကြည့်နေကြသည့် တခြားသော မျက်လုံးတွေကို သားငယ်
မမြင်...။

မြင်လျှက်နှင့် ကန်းသွားတာမျိုးလည်း ဖြစ်နိုင်၏။ လူဘုံအလယ်
ရှက်ရွံ့သိမ်ငယ်စွာ ရပ်တည်နေရခြင်းမှ လွတ်မြောက်အောင်
ငိုက်စိုက်ချ ထွက်သွားဖို့ ပြင်လိုက်သော်လည်း ...

"ဟေ့ .. ဒီမှာ စားသောက်ထားတာတွေနဲ့ အပျက်အစီးအားလုံး
လျော်ရမှာ .."

တစ်ယောက်က ရှေ့က တားသည်။ တစ်ယောက်က နောက်မှာ
လာ၏။ ပြီးတော့ ခဏအတွင်းမှာ သူ့ဘေးကို ဆိုင်ဝန်ထမ်းတွေ
ပြီးသား ဖြစ်သွားခဲ့သည်။

ဘယ်လောက် လျော်ရမယ်မှန်း မသိ ...၊ ကိုယ့်ဆီမှာ ပါလာတာ
လောက်မှန်းလည်း မသိ ...။

သားငယ် မျက်နှာမမော့ရဲဘဲ ခပ်နဲ့နဲ့ ကိုယ်ကို စားပွဲတစ်ခုမှာ
ါးနဲ့ မှီရပ်လိုက်ရင်း လက်က လက်စွပ်တစ်ကွင်းကို ချွတ်ယူ
သည်။

ရော့ .. လို့ ပေးလိုက်ခါနီးမှ မေမေ့စကားကို သတိရမိကာ ...

"အဲဒါ စိန်လက်စွပ်.. အခု ခဏပဲ ထားခဲ့မယ်၊ ပြီးရင် ကျွန်တော်
ရွေးမှာ .."



www.burmeseclassic.com

www.burmeseclassic.com



စကားပြောတာတောင် ပါးရိုးက နာလာသည်။ သူ ဆိုင်ပြင်
တောက်လျှောက်ထွက်ခဲ့ပြီး ဒီနေရာ .. ဒီမျက်လုံးတွေအောက်က
လွတ်မြောက်ပြီ ထင်ခဲ့သော်လည်း ...

"သား .. ငယ် .."

သူ ခြေလှမ်းတွေ တုံ့ခနဲ ဖြစ်သွားခြင်းနှင့်အတူ ခေါင်းတစ်ခု
ဒိုင်းနမိုင်းကွဲသလို အုန်းခနဲ မြည်၏။

"မေမေ .."

"မင်း .. မင်း .. တကယ် ဖြစ်ခဲ့တယ် .. ဟုတ်လား"

"မေမေ .. သား .."

"မင်း .."

သားအမိနှစ်ယောက်ဆီကို မတ်တင်ကနေ လက်ပိုက်ကြည့်
အရိပ် နှုတ်ခမ်းတွေ ပြုံးနေခဲ့၏။ မျက်ရည်ရောင်လဲ့နေသည့်
ရဲ့မျက်လုံးတွေကို ကွယ်ရာကနေ စူးစိုက်ကြည့်ရင်း ကျေနပ်သွားခဲ့
ဘာနဲ့မှ မတူ ..။

မင်း မငိုတတ်ပေမယ့် ငိုရမယ် လျှပ်ပန်း ..၊ မင်း ငါ့ကြော
မျက်ရည်ကျရမယ်၊ ရင်ထုမနာ ခံခက် ကြေကွဲရမယ်၊ ငါ့လော
မဟုတ်ရင်တောင် မင်း ဘဝပျက်မတတ် ခံစားစေရမယ် ..။

အဲ့ဒါ .. ငါ့ညီ .. ငါ့အမေအတွက် ..။

ဟွန့်ခနဲ မဲ့ကာ ကိုင်ထားသည့်ကားသော့ကို အမြင့်ကြီး ပစ်
လိုက်ပြီး ချပ်ခနဲ ပိုင်နိုင်စွာ ပြန်ဖမ်းသည်။

ပြီးတော့ နေရာမှ လှည့်ထွက်လာခဲ့တာ ဆိုင်ရဲ့ ဘေးတံခါး
ဖက်ကနေ ..။

ထို့နောက် ရှေ့ကပြေးနေသည့် အနီရောင် ဝက်ပွန်းကားလေး
မမိုတ်မသုန်ကြည့်ရင်း လီဗာကို ထပ်ဖိ၏။ သိပ်မကြာလိုက်
အချိန် ခဏလေးတွင် ..။





"ဟာ!... ရှိုးတဲ့မှပဲ၊ ဟိုကား ဘာလဲဟ .."

"အမလေး!..."

လမ်းကြော လုထွက်သွားသည့် ကားမည်းတစ်စီးကြောင့် ကမန်း
တန်း ရှောင်လိုက်သည့်ကားက ပန်း ရဲ့ကားကို နောက်မြီးနဲ့ ကပ်
မိသွား၏။

ကားမောင်းတိုင်း သတိထားနေရသည့် ပန်း အတွက် အကျပ်
ည်းကို ဘယ်လိုမှ လွတ်အောင် မရှောင်နိုင်ဘဲ သူမ ထပ်ရှောင်
တာနှင့် တစ်ဖက်လမ်းကြောမှာ ရပ်နေသည့်ကားကို ဂျိမ်းခနဲ..။

ပွက်လောရိုက်သွားသည့်မြင်ကွင်းကို ဘက်ခ်မှန်ထဲက ကြည့်ရင်း
ရယ်သံသဲ့သဲ့နှင့် ...

"မင်းတို့ကို သေအောင်မသတ်သေးဘူး လျှပ်ပန်း ..၊ သိပ်ကြောက်
နဲ့"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၆)

တက္ကစီငှားနေကာမှ နောက်မှာ ထိုးရပ်လာသည့်ကားကြေ
လှမ်းကြည့်လိုက်မိကော့ အရိပ် ကို မြင်လိုက်ရ၏။ လာခဲ့ဖို့ ခေါ်
ညိတ်ပြနေသဖြင့် ခဏပဲ စဉ်းစားမိကာ အရိပ် ဆီကိုပဲ ခြေလှမ်းတွေ
ဦးတည်ခဲ့မိသည်။

"ဘယ်လိုလဲ လျှပ်ပန်း .. ခုမှ လေးနာရီတောင် မထိုးသေးဘူ
မင်း ဒီအချိန် အမြဲ ပြန်တာပဲလား .."

ပန်း က ကြည့်လိုက်ပေမယ့် အရိပ် က လှည့်မကြည့်ပါ။ ဖြူ
နိုင်ကြည်သည့်မျက်နှာမှာ မျက်မှန်တပ်ထားတိုင်း ကိုကိုက ချောသည
ထို့ပြင် မျက်မှန်မှာ ဝတ်ထားသည့်အင်္ကျီ ရောင်ပြန်ဟပ်နေပုံက ကြ
ကောင်း၏။

"မင်း အဲဒီလို ဝတ္တုရားဆန်ဆန် မလှုပ်ရှားဖို့ .."

"ပန်း ကလည်း .."

"ငါ ပြောနေတုန်း ဖြတ်မပြောနဲ့ .."

လှည့်ကြည့်လိုက်ပုံက အမိန့်ဆန်သည်။ ရင်ထဲမှာ နင့်သွား
မယ့် ပန်း ပါးစပ်ပိတ်ထားလိုက်မိ၏။

"မင်းနဲ့ ငါ ဘယ်လိုပတ်သက်ခဲ့တယ်၊ ငါ ဘာဖြစ်ချင်နေသ
မင်း သိတယ်၊ အေး .. မင်းနဲ့ငါ မပြောဖြစ်ခဲ့ပေမယ့် တချို့ကိုတော
ခုပဲ ပွင့်ပွင့်လင်းလင်း ပြောရအောင် .."





ကားက လူသူကင်းရှင်းရာသို့ အလျင်စလို ကွေ့ဝိုက်သွားပြီး
ညင်သာစွာ ရပ်၏။

"ငါ့ဘက်မှာ အားလုံး ပျက်စီးခဲ့ရတယ် ..၊ ငါ ရင်ကွဲနာကျပြီး
သရုံတစ်မယ်ပဲ ကျန်ခဲ့ရတယ်၊ အဲဒီအတွက် .. ပြီးတော့ ငါနဲ့ပတ်
သက်နေလို့ ဆုံးရှုံးနစ်နာခဲ့တဲ့ လေးလေးရဲ့ဘဝတစ်ခြမ်း ပျက်စီးမှု၊
ဒါတွေအတွက် မင်းဆီက ငါ ရချင်တာ ဘာလဲ ..၊ ငါ ဘယ်လောက်
ရသင့်သလဲ .."

"ပန်း ပြောလို့ရပြီလား ကိုကို .."

"ဘာပြောမှာလဲ ..၊ မင်းဘက်က ရှင်းပြမှာတွေ၊ အကြောင်းပြ
ချက်တွေကို ငါ မလိုချင်ဘူး၊ မင်းမျက်လုံးမှာ မြင်နေရတဲ့ ငါ့အတွက်
ကျေနပ်ပါတယ်ဆိုတာ ဟန်ဆောင် နောင်တတွေလား ..၊ တကယ်
ဆင်တရလို့ ဒါမှမဟုတ် ရှောင်မလွှတ်သာတော့လို့ ဘာဖြစ်ဖြစ်ကွာ..
ငါ့ကို အရှုံးပေး ဝန်ခံတော့ဖို့ ပြင်ဆင်ထားတာမှန်ရင် ငါ လိုချင်
တာအားလုံး ပေးနိုင်ရမယ်၊ ငါ ဘာခိုင်းခိုင်း ခေါင်းညိတ်ရမယ်"

"ပန်း ကိုလည်း ပြောခွင့်ပေးပါ ကိုကို ..၊ ကိုကို့အတွက် ဘာဖြစ်
ပန်း ပေးဆပ်နိုင်တာ၊ ကြည်ဖြူနိုင်တာတွေက ပန်း အပြစ်လုပ်ခဲ့
မှု မဟုတ်ဘူး ..၊ ကိုကိုဟာ ပန်း ရဲ့ ထာဝရကျေးဇူးရှင် .. ပန်း
ရဲ့ အလင်းရောင်၊ အဲဒါ ထာဝရ နိုင်မြဲနေမယ့် အမှန်တရား ..၊
ကို ထင်သလို ရှောင်မလွှတ်သာလို့ အရှုံးပေးလိုက်ရတာ လုံးဝ
မဟုတ်ဘူး၊ အဲဒီလောက်ထိတော့ ယုံကြည်ပေးပါ ကိုကို၊ ကိုကို မကြား
ချင်တဲ့ အကြောင်းပြချက်တွေနဲ့လည်း ပန်း ဘာမှ ရှင်းမပြပါဘူး၊
ဒါပေမယ့် ပန်း ဘာမှ .."

"ဟား .. ဟား .. ဟား ..."

စတီယာရင်မှာ လက်တစ်ဖက် ဆန့်တင်ပြီး အရိပ် က ဟားလိုက်
သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်းမပြပါဘူးဆိုပြီး မင်း အပြစ်မလုပ်ပါဘူးလို့ ပြောနေတာ
ငါက ယုံကြည်ရမယ် ဟုတ်လား .. ယုံနိုင်းတိုင်း ယုံခဲ့တဲ့ ပေါ
ကြောင်ကောင်က လွှန်ခဲ့တဲ့ဆယ်နှစ်ကျော်လောက်မှာ ကျန်ခဲ့ပြီ၊ မ
လိုက်မမီနိုင်တဲ့ ပဥ္စလက်တွေကို ဟိုတုန်းတည်းက ငါ ကျရှုံးခဲ့ရ
မင်းဟာ ဘယ်လိုမှအကဲခတ်မလွယ်အောင် အပြုံးကြီးအုံ့ဖွဲ့ခဲ့တဲ့ မိန်း
စိတ်ဝေဒနာရှင်တစ်ယောက်အပေါ် လက်တုံ့ပြန်ရက်တယ်၊ လူမ
ကလေးလေးကိုတောင် ကျူငှတ်မကျန် ရှင်းတာမျိုး၊ ရက်စက်ယုတ်
တယ် .."

"မဟုတ်ဘူး.. အဲဒီလူက ပန်း မဟုတ်ဘူး.. အဲဒါ ကိုကိုဦးလေး

"ဘာ!... မင်း ဘာပြောတယ်"

အရိပ် အသံ ဟိန်းထွက်လာကာ ဆုပ်ကိုင် ဆောင့်ခါပစ်လို
သဖြင့် ပန်း တစ်ကိုယ်လုံး အရုပ်တစ်ရုပ်သာဆို တစ်စစီ ပြုတ်ထွ
သွားနိုင်၏။

"မင်း .. မင်း ပြောရဲသေးတယ်၊ သူ့ကြောင့် မင်း ထောင်မ
တာကို .. သူ ဖျောက်ဖျက်လိုက်တဲ့လုပ်ကြံမှုကြောင့် မင်း ခုလို အ
ယံ ရွှေမှုန်ကြဲတဲ့ဘဝနဲ့ ရပ်တည်နေနိုင်သေးတာကို .."

"မဟုတ်ဘူး .."

"မင်း .."

ပန်း ခေါင်းတွင်တွင်ခါနေသဖြင့် ဒေါသတကြီး မြောက်တက်
သည့်လက်က အဆုံးထိ မြင့်တက်နေကာမှ ပြန်ကျမလာဘဲ ရပ်

"မင်း .. ကွာ .. တောက် .."

"ကိုကို သိပ်ရက်စက်တယ် .. လူတစ်ယောက်ကို သူများ အ
တစ်ချက်တည်းနဲ့ .."

"တိတ်စမ်း .."

ပန်း သည် ရှိုက်ငိုနေရင်း အရိပ် မျက်နှာကို စူးစူးစိုက်စိုက်





သည်မိ၏။ တစ်သက်လုံး ဘဝအသေခံပြီး ပေးဆပ်ရတော့မည့်
ဆိုးနှင့် အချစ်ကိုသာ ရယူလိုခြင်း နှစ်ရပ်မှာ သူမ ရွေးချယ်လိုက်
မှားသွားပြီလားလို့ တစ်ခါတစ်ခါ တွေးမိဖူးသည်။

ကိုကို့ကို ရှင်းပြဖို့ ကြိုးစားသင့်သလားလို့လည်း တွေဝေစိတ်
ဖြစ်ခဲ့ဖူး၏။ "နင် ရှင်းပြရင် သူ နားလည်သွားမှာပေါ့၊ ဒီတိုင်း
ရာလား" တဲ့ ..။

မနွေ့ စိတ်တိုနေတာကို မြင်ပြီးကတည်းက ငါ မှားခဲ့သလားလို့
မိတာ အကြိမ်ကြိမ်ပါ။ ဒါပေမယ့် ခုတော့ ပန်း အဆုံးစွန်ထိ
လည်သွားပြီဖြစ်သည်။ ဆုပ်ကိုင်ဖျစ်ညှစ်ခံထားရသည့် ပခုံးနှစ်ဖက်
နာကျင်မှုကို တဆစ်ဆစ် ခံစားရင်း အသည်းထဲကပါ နာကျင်
သည်။

တကယ်ဆိုရင် ကိုကို ပန်း ကိုပဲ ယုံကြည်ရမှာ ..၊ 'ငါ မရှိတုန်း
ဖြစ်သွားတာ ပန်း ကတော့ ငါ့မိဘတွေကို ဒီတိုင်း ပစ်ထားမှာ
တ်ဘူး' လို့ ကိုကို မျှော်လင့်ထားသင့်တာ သိလား ..။

ပန်း ဆိုတဲ့ ကောင်မလေးကို သူများတွေ အထင်လွဲပေမယ့် ဒီလို
မဟုတ်နိုင်ဘူးလို့ ပန်း ဘက်က စကားကို နားထောင်ပေးဖို့
ရဲ့ ယုံကြည်ချက်တစ်နေရာမှာ ချန်ထားပေးခဲ့ရမှာ ..။

ခုတော့ ပန်း ကိုယ်တိုင် ငြိုးချက်နဲ့လုပ်ကြံခဲ့တာလို့ ကိုကို ထင်
တယ် ..။ စိတ်မပူနဲ့ ကိုကို ..၊ ဘယ်တော့မှ မယုံဘူးလို့ ကြေညာ
တဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ပန်း သိပ်ချစ်တဲ့ ကိုကို့အတွက်
သိပ်ချစ်တဲ့မိသားစုကို ပန်း အသက်စွန့် ကယ်ခဲ့တာ ..၊
မေမေကြီးကို မကယ်လိုက်နိုင်ပေမယ့် ကိုကိုညီလေးကို မရမက
တ်ပြီး ဒီနေ့ထိ လူတစ်လုံးသူတစ်လုံးဖြစ်အောင် ကျွေးမွေး
ရောက်ခဲ့တာ ..၊ အဲဒါတွေကို ကိုကို ဘယ်တော့မှ မသိစေရဘူး..၊
ရဲ့အပျိုစင်ဘဝကို သားတစ်ယောက်အမေ အဖြစ်ခံပြီး ကိုကို့



www.burmeseclassic.com

www.burmeseclassic.com



အတွက် စွန့်စားပေးဆပ်ခဲ့သမျှ ပန်း ပြန်ရတာ ဒီလောက်ပဲဆို…
ကိုကိုလည်း ဒီမှာတင်ပဲ ကျေနပ်သွားနိုင်မှာပါ။

ဒါဟာ ကလဲ့စား မဟုတ်ဘူး ကိုကို ..၊ ဖန်တီးယူရခြင်း ကင်… တန်ပြန်သက်ရောက်မှု တစ်ခုပါ။ အမေရော .. ညီရော ပန်း ဆို… မိန်းမကြောင့် ဆုံးရှုံးခဲ့ရပြီလို့ ကိုကို့နှလုံးသားမှာ ဒဏ်ရာတစ်ခုအ… အနာရွတ် ကျန်ခဲ့ပြီဆိုရင် ပြန်လည် အစားထိုး ကုသဖို့ ကြိုးစား… လည်း ဘာထူးမှာလဲ ..။

အချစ်ကို မရတာထက် အမုန်းခံနေရတာက ပိုဆိုးပါတယ်… ကိုကို ဒီတိုင်းပဲ ဆက်မုန်းနေလိုက်ပါ ..။

"မင်း တစ်ခုခု ကြိတ်မှိတ် ခံစားသွားရတိုင်း ဒီလိုပုံစံ မျက်… ချပြီး ငြိမ်သက်နေလိုက်တာ ဟိုတုန်းက ကြောက်ရမုန်း ငါ မသိခဲ့…

ငြိမ်သက်နေသည့် ပန်း ရဲ့ မျက်တောင်ဖျားတို့ကို စိုက်ကြည့်… အရိပ် က တိတ်ဆိတ်ခြင်းကို ပြန်လည် ဖြိုခွဲ၏။

"ဘာတွေ နာကြည်းသွားပြန်ပြီလဲ ..၊ ငါ ပြောတာ လွန်… တယ် ထင်လို့လား .. ဒီဘက်ကို လှည့်ပြီး ပြော .."

ပန်း ပြောခွင့်ရသွားပြီလား ..။

ဖျတ်ခနဲ မျက်လွှာပင့်ကြည့်လိုက်ပေမယ့် ပန်း ဘာမှ မပြော… နှုတ်ခမ်းအစုံမှာ လှုပ်လီလှုပ်လဲ့ အပြုံးလေး ခိုတွဲလျ…

"မရှိတော့ပါဘူး"

"ဒါဆို ငါ ဖြစ်စေချင်သမျှ မင်း တစ်ထပ်တည်း လိုက်နာ… ဆိုတာ နားလည် ..၊ အခု ပြန်သွားနေတဲ့ပုံစံကို ပြင်ပါ"

"ဟုတ်ကဲ့ ကိုကို .."

ခေါင်းညိတ်လိုက်တဲ့အချိန်မှာ မျက်ရည်စတို့ ခန်းခြောက်… ဖြစ်လျက် ..၊





## အခန်း (၂၇)

"မ .."

ခေါ်သံက နားထဲမှာ ထော်လော်ကန့်လန့် ဝင်၏။ မျက်နှာရှေ့ …လာတော့ ခေတ်လူငယ်ပီပီ စတိုင်လ်ကျကျ ထုပ်ပိုး ပြင်ဆင် …သည့်ဒီဇိုင်းနှင့် ရေမွှေးနံ့လား .. ဘီယာနံ့လား ထောင်းထောင်း …၏။

"မ ပြန်မလို့လား ..၊ မောင် ကြည့်နေတာ ကြာပြီ၊ မျက်လုံးရိုင်း …ရှင်က ဘာဖြစ်လို့ တက္ကစီနဲ့ချည်း ပြန်နေရတာလဲဗျာ .."

…မောင်လို့ ပြောလိုက်တာကြောင့် ပန်း မျက်နှာ တင်းသွားတာကို … ရယ်၍ ...

"မ က အရမ်းလှတာပဲဗျာ .. စိတ်မဆိုးနဲ့နော်၊ မောင် နာမည် 'မောင်' တစ်လုံးတည်းရယ် .. ဟို မ ကို လာကြိုမယ့်သူလည်း …ဘူး၊ မောင် က .."

"ဒီမှာ .."



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ .."

အူကြောင်ကြောင် ထူးလိုက်ပုံက တကယ်ကြောင်တာ မ
မှန်း လှောင်ပြောင် ပြောနေသလိုပင် ...။

"တို့က ဒီဆိုင်ပိုင်ရှင် မဟုတ်ပါဘူး၊ တာဝန် ခဏ လွှဲပြောင်
ထားရတဲ့သူပါ"

"ဟင်!..."

"အဲဒါကြောင့် တက္ကစီနဲ့ပဲ ပြန်ပြန် .. ဆိုက်ကားနဲ့ပဲ ပြ
အဲဒါ တို့ရဲ့ အဆင့်အတန်းအမှန်ပဲ"

"မဟုတ်တာ .. 'မ' က လာလျှို့နေပြန်ပြီ၊-'မျက်လုံးရိုင်း'
နာမည်က မ ဒီဆိုင်မှာ ထိုင်ကာမှ တင်လိုက်တာ၊ နောက်ပြီး
မျက်လုံးလေးတွေကြောင့် ဒီနာမည် .."

"ရှင်းနေတာပဲကွာ.. မျက်လုံးရိုင်းနဲ့ ချစ်ကဝေမလေးကို န
တွင်စေတာပါ"

နောက်ထပ် နှစ်ယောက် ရောက်လာတော့ ပန်း မျက်နှာ
ပျက်သွား၏။ စည်ကားထည်ဝါသော ဒီလိုဆိုင်ကြီးတစ်ဆိုင်
ကားပါကင်လည်း ဖြစ်နေသေးသည်။

ဘာပဲဖြစ်ဖြစ် လမ်းမကြီးဘေးမှာမို့ ဘယ်ကကြည့်ကြည့် မြ
ရမှာ ဖြစ်၏။ အချိန်ကလည်း မိုးချုပ်စ အလင်းရောင်မှဲ့နေပြီ
ထိုစဉ် ဘယ်တုန်းက ဆိုင်ထဲရောက်နေမှန်းမသိဘဲ သူ့
လည်း မမြင်ခဲ့ဘဲနဲ့ ခုကျမှ အထဲက ထွက်လာသည့် အရိပ် က သူ
နက်ကြီးဆီ လျှောက်သွားနေတာ လူကို လုံးဝကို မမြင်တဲ့အတိ

စိတ်ရှိလက်ရှိ လိုက်ငေးနေပြီးမှ ကိုယ့်ရှေ့မှာ ရှိနေသူကို
ကာ ပန်း မျက်ဝန်းတွေကို ချက်ချင်း လွှဲပစ်မိသည်။

မြင်ရဲ့သားနဲ့ မမြင်သလို လုပ်ထွက်သွားတာကို နားလည်
သဖြင့် ကြေကွဲခြင်းက ခဏအတွင်းမှာ အပြင်းအထန် ဒုက္ခ





အခြေအနေကို ဂရုမထားမိတဲ့လူတွေကတော့ သားသမင်ကို
ညှိပတ်ချောင်းနေသည့် ကျားဘုရင်လို ..၊ တကယ်ဆို ကိုယ်ဟာ
ယ်ချိုးခံထားရတဲ့ အဆိပ်ပြင်း မြွေ ...။

လိုက်တက်လာသည့်ဒေါသနှင့် ကြေကွဲခြင်းကို လုံးထွေး သိမ်း
း:ကာ ပန်း ကိုယ့်စိတ်ကို မရမက ထိန်းချုပ်သည်။ ပန်း ရဲ့
ာ်ကဲ့ ကိုကို' ဆိုတာ ခေါင်းညိတ်တတ်တိုင်း ညိတ်ပြခဲ့တာ မဟုတ်
ကိုကို ...။

"ဘယ်လိုလဲ မမ .. ကိုယ့်ရဲ့ ကက်စတန်မာတွေကို၊ ဒီလိုကြီး
ထားမသွားပါနဲ့ဗျာ"

နောက်ရောက်လာတဲ့ နှစ်ယောက်က ရဲရဲတင်းတင်း ရှေ့တိုး၏။
တားဆီးတော့မလို ဟန်ပြင်သည်။

"မမ ဒီဆိုင်ရဲ့ပိုင်ရှင် ဟုတ်ဟုတ်မဟုတ်ဟုတ် ဒီခေတ်ကြီးထဲမှာ
ားလိုက်တိုင်း လိုချင်တာ ရနေတာ မိန်းမချောလေးတွေပဲ၊ ကျွန်
တို့က နပ်ပါတယ် .. မမရဲ့ ဖော်ရွေမှုစာရင်းထဲမှာ ကျွန်တော်
ထည့်ပေးလိုက်ရင် ရပြီ"

"တို့ မင်းတို့ထင်သလို မဟုတ်ဘူး .. 'မ'တွေ 'မောင်'တွေနဲ့
န်သံ နားထောင်ချိန်လည်း မရဘူး၊ တို့မှာ မင်းတို့အရွယ် သား
ယောက် ရှိတယ်"

"ဟား!... လုပ်ချလိုက်ပြန်ပြီဗျာ .."

"ကမ္ဘာကြီး ဟက်တက်ကွဲအောင် ရယ်ချလိုက်ရမလား ...၊ မျက်
တွေနဲ့ မျောပါသွားအောင်ပဲ ငိုပစ်လိုက်ရမလား .."

"ဘာမှမလုပ်နဲ့ .. ဟုတ်တဲ့လူက မပြောရဲဘူး၊ ပြောရဲနေတာ
လို့ပဲ၊ လာပါ 'မ'ရယ် .. ဆိုင်ထဲ ခဏပြန်ဝင်ပြီး မိတ်ဆက်
အနေနဲ့ စကားလက်ဆုံ ပြောပေးရုံလေးပါ၊ 'မ'ရဲ့ဆိုင်ကို အားပေး
အလကားစားမှာ မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီးပါ .. တို့ အိမ်ပြန်ချိန်နောက်ကျလို့ မဖြစ်ဘူး"

"မေမေ .."

ဘယ်လိုမှ မထင်မှတ်ဘဲ ရောက်လာသည့် သားငယ် မျ က မီးရောင်ဖြာနေသည့်အောက်မှာ တင်းမာလျက် အနီရောင် နေ၏။

ရောက်လာတာနှင့် ပန်း ရဲ့လက်ကို ဆုပ်ကိုင်လိုက်သော ရှိနေသည့် မျက်နှာတွေ ကျီးကြည့်ကြောင်ကြည့်တွေ ဖြစ်ကုန်

"ဒီအချိန်ကြီး ဒီမှာ ဘာလုပ်နေတာလဲ မေမေ .."

"ကိစ္စရှိလို့ပါ သားရယ် .. ကားပါလာလား .."

"ပါတယ် .. သား အိမ်က လာတာပဲဟာ .. သွားမယ်"

"ဟာ!... နေပါဦး"

သားငယ် ရှေ့မှာ သုံးယောက်စလုံး ဖရိုဖရဲ ပိတ်ကာထား ကာ ...

"ဒီလောက်နဲ့တော့ ဘယ်ရမလဲကွ .. ကိုယ်တို့လည်း ဖော တာ မောဖို့တောင် သတိမရဘူး"

"မင်းက ဒီလောက်နဲ့ အရှုံးကွက်နင်းလို့ ဘယ်ရမလဲ"

"မင်းတို့ ဘာစကားပြောတာလဲ .. ဒါ ငါ့အမေ .."

"နှစ်ဆယ်ကျော်ရင် အမေ ခေါ်လို့ ရတယ်တဲ့၊ မဟုတ်ဘူး ပေါ့"

"ဟုတ်တယ် .. ငါတို့လည်း စောစောတည်းက အမေခေါ် ရင် ပြီးသွားမှာနော်"

"တောက် .."

"သားငယ် .."

သားငယ် က တက်ခေါက်ခြင်းနှင့်အတူ လက်သီးက ဖြ သား ..၊ သို့သော် ..၊





ပန်း စိုးရိမ်တကြီး ဆွဲထားလိုက်သဖြင့် လက်ကို ချုပ်ပေးလိုက် ဖြစ်ကာ အနီးဆုံးလူက သားငယ် ရဲ့ ရင်ဘတ်အင်္ကျီစကို လွတ် လပ်လပ်ကြီး ဆုပ်ဆွဲခွင့် ရသွား၏။

ဆို့ပြင် အားရပါးရ ဆုပ်ရွယ်လိုက်သည့် လက်သီးလုံးက နည်း ဟုတ် ..။

"ဟိတ် .. မလုပ်နဲ့"

ပန်း မျက်လုံးတွေ ပြာသွားကာ ထိုလက်သီးကို ကမန်းကတန်း ဆုတ်ပစ်လိုက်ပြီး အလယ်မှာ ဝင်ရပ်လိုက်သည်။

"ဒါ ငါ့သား .. မင်းတို့ကို တောင်းပန်ပါတယ်၊ ကျေနပ်ကြပါ၊ သွားကြပါ"

သူတွေ တစ်ယောက်စ နှစ်ယောက်စကနေ အနားမှာ ဝိုင်းလာ ၊ ရန်ဖြစ်ကြတော့မယ်ဆိုတာနှင့် စပ်စုလိုသူတွေလည်း ပါကာ ဆဲက ဝန်ထမ်းတချို့ပါ ထွက်လာကြ၏။

"ဟာ!... မမ ပါလား .. မပြန်ရသေးဘူးလား"

ကိုယ့်ကိုမြင်သွားကာ ပျာပျာသလဲတွေ ဖြစ်ကုန်ကြ၏။ 'မမ'လို့ သံတွေကို နားခါးသွားသလို ဖြစ်လာခဲ့ရင်း သားငယ် နဲ့ တခြား သုံးယောက်ကို ကိုယ်နဲ့ရောသောကြည့်သွားသည့် မျက်လုံးတွေ ၎င့် ရှက်စိတ်တွေ မွှန်လာသည်။

ထိုညမှာ နာမည်ကြီးသွားသည့်အဖြစ်က ကောင်လေးတွေနဲ့ ပန်း ပြဿနာဖြစ်ကြလေသတည်း။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈)

"မင်း .. တိတ်စမ်း .."

"တိတ်စေချင်ရင် မေမေ ပြောလေ .. အဲဒီကို ဘာသွားလုပ်
လဲ၊ ငွေသိမ်း .. ငွေယူတွေက အဲဒီရှေ့မှာပဲ ညတိုင်း လုပ်နေတာ

သားငယ် အသံက စူးရှ တုန်ခါနေသည်။ အပေါ်ထပ်ဝတ်
သော ရောင်စုံစင်းကျားနှင့် အင်္ကျီရင်ဘတ်ဇစ်ကို တဆုံးထိ ဆွဲ
ပစ်လိုက်ပြီး ဖြစ်သလို ဆွဲလွှဲချွတ်သည်။

ပြီးတော့ ဆိုဖာပေါ်ကို လုံးထွေး ပစ်ပေါက်၏။ သူ လှုပ်ရှ
သမျှ စူးစိုက်လိုက်ကြည့်ကာ ပန်း က နှုတ်ခမ်းတွေကို ဖိပိတ် အံ
၍ ...

"သားငယ် .. မင်းက ငါ့ကို ကိုယ်အမူအရာအားဖြင့် မိုက်ရိုင်း
နေတာပေါ့ .. ဟုတ်လား"

"မေမေမှ မဖြေတာ.. အဲဒီဘားမှာ မေမေ.. မေမေ့ကို.. ကျွတ်

သူ ကြားသည်။ သူငယ်ချင်းတစ်ယောက်ကို ခုနစ်လွှာက ဓ
ခန်းအထိ လိုက်ပို့ပြီး နောက်ပြန်ခေါက်ဖို့ မလွယ်သဖြင့် ပါ့က
ခဏဝင်ကပ်ပြီး ကားကြောပြတ်အောင် စောင့်နေတာ ဖြစ်၏။





မေမေ့ကို ဒီဆိုင်ထဲက ထွက်လာနိုင်သည်လို့ ဘယ်လိုမှ မတင်
ဘဲ ဆက်တိုက် မြင်ရကြားရတာတွေကို မယုံနိုင် ..။ သို့သော်...

"မေမေ ဆုံးမခဲ့တာတွေ .. မေမေ နေထိုင်တဲ့ မေမေ့ရဲ့ ကာရိုက်
"

"မင်းက ငါ့ကို ကာရိုက်တာ ပျက်နေပြီလို့ ပြောလိုက်တာလား"

"သား မေမေ့ကို ဘယ်တော့မှ အဲဒီလိုမပြောဘူး မေမေ .. ထင်
မထင်ဘူး၊ မေမေ ဘာဖြစ်လို့ အဲဒီမှာ အလုပ်လုပ်တာလဲဆိုတာ
လည်တာ .."

"အလုပ်လုပ်နေတာ မဟုတ်ဘူး .. ငါ့စီးပွား ငါ့အလုပ် .."

"အဲဒါ လုံးဝ မဖြစ်နိုင်ဘူး .."

"ဘာ .. ပြောတယ်"

ပန်း မျက်နှာတစ်ပြင်လုံးက မီးရောင်အောက်မှာ ပန်းရင့်ရောင်
ခဲ့၏။ ထို့နောက် သူမနဲ့ထပ်တူ မထင်မှတ် မယုံကြည်နိုင်စွာ
ကြားရှား ပေါက်ကွဲနေသည့် သားငယ် ရှေ့ကို တစ်လှမ်းချင်း
သွားပြီး ...

"မဖြစ်နိုင်ဘူး ဟုတ်လား .. ငါက မဖြစ်နိုင်တဲ့စကားတွေ ပြော
းမပေါ့"

"မေမေ့ .."

"ဒါဆို ဖြစ်နိုင်တာကို ပြောစမ်း ..၊ မင်း ဘယ်လိုထင်သလဲ"

"မထင်ဘူး .. မေမေ ပြောတဲ့အတိုင်းဆိုရင်လည်း အဲ့ဒါ
ကြောင်းရှိရမယ် .. ဒီလို စီးပွားရေးကို နောက်လိုက်အားကျပြီး
ချင်းကြီး လက်လွှဲယူလိုက်ရအောင်ထိ မေမေ့မှာ ဝိသမလောဘ
း၊ အရက်သေစာဆိုရင် သုံးစွဲသူရော ရောင်းတဲ့သူရော အားလုံး
မေမေ ဘယ်တုန်းက အကောင်းပြောခဲ့ဖူးလဲ ..၊ သားကို တရားချ
ခဲ့တာရော ဘယ်သူလဲ .. အခု မေမေက .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. မင်းအတွက် စိတ်ပူလို့ ဆုံးမခဲ့တာ၊ ငါ
မပူဘူး"

"အဲလို မပြောပါနဲ့ မေမေ .. မေမေ့ပုံစံနဲ့ အဲဒီအလုပ်
မလား ..၊ ဖြစ်တာ မဖြစ်တာ ခုပဲ မေမေ သိခဲ့ပြီ"

"မင်း ဝင်မပါဘဲနေရင် ငါ့ပြဿနာ ငါရှင်းနိုင်တယ် သား"

"ဘာလဲ .. အဲဒီကောင်တွေနဲ့ အထဲပြန်ဝင်ပြီး .."

"တိတ်စမ်း .."

"သားကို တိတ်စေချင်ရင် မေမေလည်း ရပ်လိုက်ပါ"

ပန်း ဒေါသကြီးနေသလောက် သားငယ် က ပြန်အော်
ပြီးတော့ ယောကျ်ားလေးတန်မယ့် မျက်ရည်ဝေ့လျက် ...

"မေမေ့ကို သား ချစ်တယ် .. မေမေ့တန်ဖိုးကို သား
မလဲနိုင်ဘူး မေမေ"

ရှေ့တိုးလိုက်ပြီး လက်တဏာကာနှင့် ဝန်ချ တောင်းပန်
ဆိုလျက် ...

"သားရဲ့မေမေက အရမ်းလှတာပါ၊ ငါ့အမေလို့ ပြောရင်
သူမှ မယုံကြဘူး၊ မိုက်ရိုင်းတဲ့လူတွေဆိုရင် ငရဲ မကြောက် ..
မကြောက် စော်ကားကြသေးတယ်၊ အဲဒီလောက် လှနေတဲ့
မေမေက သားတစ်မျက်နှာကိုပဲ ငဲ့ညှာပြီး အိမ်ထောင်သစ် မ
အပျော်မကျူးဘူး .. အရမ်းကို ဣန္ဒြေသိက္ခာရှိတဲ့ အမေ .."

သားငယ် က ပန်း ရဲ့လက်ဖဝါးလေးကို ကတုန်ကယင် ဆုပ်
လိုက်ရင်း ...

"မေမေ့ကို ဝှက်ထားပြီး သားကိုယ်သား နတ်ရေကန်ထဲ
ဆင်းချင်တယ်၊ ပြန်တက်လာပြီး ရဲရင့်တဲ့သားအဖြစ်နဲ့ မေမေ့
မားမားမတ်မတ် ကာကွယ်ချင်တယ်၊ သားက အသုံးမကျလို့
အားကိုးရာခဲ့ရရင် အကောင်းသား'လို့ မေမေ နောင်တရလာမှာ





း ကြောက်တယ် မေမေ .."

ပန်း မျက်ရည်စက်တွေ တလိမ့်လိမ့် ဆင်းကျလာသည်။ အခန်း
နေ သွက်သွက်လှမ်းလာခဲ့သော မနွေ ရဲ့ခြေလှမ်းတွေ ဘာဖြစ်နေ
ဘာလဲဆိုသည့်အဖြေကို မသိရသေးဘဲ ရောက်သည့်နေရာမှာပဲ
နဲ့ ရပ်၏။

မီးရောင်အောက်မှာ သားအမိရဲ့မြင်ကွင်းက မမေးနဲ့ .. မသွားနဲ့
ဘားဆီးလိုက်သည့်နှယ် ..၊

"ဒီလိုစီးပွားရေးကို အခုမှ မျက်စိကျသွားတာဆိုရင်လည်း သား
င်းပန်ပါတယ် မေမေ .. မလုပ်ပါနဲ့ ..၊ ဘာကြောင့် လုပ်ခဲ့တာလဲ
သား မမေးတော့ပါဘူး .. ရှေ့ဆက်မလုပ်ပါနဲ့၊ သား မေမေ့ကို
သူ စော်ကားတာမှ သည်းမခံနိုင်ဘူး၊ အဲဒါ မေမေ သားကို
သည်ပါနော် .."

"ငါ့ကို နားလည်ကြောင်းတွေလည်း မင်း ပြောနေတာပဲ သားငယ်၊
သည်တယ်ဆိုပြီး စိုးရိမ်နေတာ ဘာလဲ..၊ မင်းရဲ့အမေက ဒီလောက်
င် စိတ်မချထိုက်တဲ့ အမေလား .."

"ကျွတ်!..."

မျက်လုံးတွေ မှိတ်၍ 'ကျွတ် .. ခနဲ' ဖြစ်သွားသည်နှင့် သားငယ်
ပြင်တစ်ဖက်မှာ မျက်ရည်ကြောင်းတစ်ခု ဖြတ်ဆင်းသွား၏။ ခဏ
မှ ဖျတ်ခနဲ ပြန်ဖွင့်လာကာ ...

"မေမေ ဒီအလုပ်ကို လုပ်ကိုလုပ်မှာဆိုရင်လည်း သားနဲ့ မတည့်
တည့်ကြောင်းတွေပြောပြီး သား မဖြေနိုင်တာတွေ မမေးပါနဲ့ဗျာ..၊
ဘယ်တုန်းကမှ စိတ်ထဲမရှိခဲ့တဲ့ ကြောက်စရာမေးခွန်းတွေကို
ဖြေနိုင်းပါနဲ့ .."

"ဟုတ်တယ် .. ငါ မှန်တယ်ထင်လို့ လုပ်တာ၊ သားသမီးက
ားဝင်ထောက်တာကို မခံနိုင်ဘူး၊ မှားသည်ဖြစ်စေ .. မှန်သည်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



စေ .. ငါ့အလုပ်ကို မင်း မဝေဖန်နဲ့ ..''

''မေမေ ..''

''မင်းကိုယ်မင်းသာ ဂရုစိုက်စမ်း သားငယ် .. ငါ မွေးထား
မိန်းကလေးတစ်ယောက် မဟုတ်ပေမယ့် ယောကျ်ားလေးမှာလ
ကံငါးပါးကို ထိန်းရမယ့်အသိဆိုတာ ရှိတယ်၊ မင်းကို ဘယ်အ
အတန်းမျိုးနဲ့မှ သဘောတူတယ်၊ ဘယ်လောက်ထိ မြင့်မားတိုးတ
မယ်လို့ ငါ မပြောဖူးဘူး၊ ဒါပေမယ့် ကိုယ် ရွေးချယ်တဲ့လူဟာ သူ
သားမယား ဖြစ်မနေဖို့တော့ လိုတယ် ..''

''အဲဒီကိစ္စမှာ သား မှားတာ မဟုတ်ဘူးလို့ မေမေ့ကို သ
ပြောပြီးပြီ''

မျက်ရည်မစဲသေးပေမယ့် သားငယ် လေသံက ခုနကလို မ
ကို စူးတောက် ခယနေတာမျိုးနှင့် မတူ ..၊

''သူက ရတနာပွဲစား .. သားတို့နဲ့ သိတာလည်း မကြာသေး
သူ အခက်အခဲရှိနေတာတစ်ခုကို သားတို့ ကူညီလိုက်လို့ သား ထ
ချင်ပါတယ်ဆိုတဲ့ ရတနာအကြောင်း သူက ပြန်သင်ပေးဖို့ .. အဲ
ကြောင့် သား ကိုယ့်ရည်ရွယ်ချက်နဲ့ ကိုယ် သူနဲ့ ရင်းနှီးဖို့ ကြိုး
ခဲ့တာ''

''ဘာ .. သားတို့ ဟုတ်လား၊ ချိန်းတွေ့ကြတာ မင်းနဲ့သူ န
ယောက်တည်း .. အဲဒါကြောင့် သူ့ယောကျ်ားက လူလယ်ခေါင်မှာ

''ဒီလိုပညာတွေ တတ်ချင်တာက သားတစ်ယောက်တည်
မေမေ၊ လူက အထက်တန်းကျောင်းသားအရွယ်ပေမယ့် လူကြီး
ကျွမ်းကျင်တဲ့ စီးပွားရေးလောကထဲ အရမ်းကို ဝင်ဆံ့ချင်တာ သာ
ရှိတာ ..''

''ဘာဖြစ်လို့ ဒီလောက် လူတတ်ကြီး ဖြစ်ချင်နေတာလဲ ..၊
ငါ့အတွက်လို့ မပြောနဲ့၊ အဲဒါ ငါ လုံးဝ လက်မခံဘူး၊ ခေတ်လူ





ယောက်ရဲ့အတွေးဟာ ဒီလောက်ပဲ ရှိသင့်သလား ..၊ အမြစ်
သဘဲ အပင်မပေါက်ဘူး .. အဲဒါ နားမလည်ဘူးလား''

''နားလည်တာတွေ .. နားမလည်တာတွေ အားလုံး ဘာတွေဖြစ်
အဲဒါ မေမေ့အတွက်ပဲ မေမေ .. သား ကိုယ့်ကိုယ်ကိုယ် ပျက်စီး
င်တော့ ထင်သလိုနေတာ မဟုတ်ဘူး၊ အထိုင်မတတ်တော့ ဘာနဲ့
တဲ့လဲ ..၊ 'အသွားမတော်ရင် တစ်လှမ်း'တဲ့၊ အဲဒီလိုစကားပုံတွေနဲ့
း သား လုပ်သမျှ မှားကုန်တာ .. လူပြောစရာတွေပဲ ဖြစ်ခဲ့တာ၊
း မေမေ့ကို ချစ်လို့ချည်းပဲ၊ မေမေကျတော့ သားကို နားမလည်
င် မေမေ ထင်ရာလုပ်ရဖို့အတွက် ထားလိုက်ပြီထင်တဲ့ကိစ္စကို
ပြီး ပြသနာရှာတယ်''

''ဘာ .. ပြောတယ် ..''

''ရှင်းရှင်းလေးပဲ မေမေ .. ဒါ မလုပ်ပါနဲ့လို့ သား တောင်းပန်ပြီး
မေက လုပ်မှာပဲဆိုရင် ဒီနေ့ကစပြီး သား ထင်ရာစိုင်းပြီ ..''

''ကဲ .. ဟယ်''

တအား လွှဲရိုက်ပစ်လိုက်သည့် လက်ဝါးချက်က ဖြောင်းခနဲ မြည်
သားငယ် မျက်နှာ တစ်ပတ်လည်သွားပြီလား ထင်ရ၏။

''ဘယ်လိုလုပ်လိုက်တာလဲ ပန်း .. ဒုက္ခပါပဲဟယ်''

မွေ နောက်ထပ် မျက်လုံးပြူးသွားပြန်ကာ ကမန်းကတန်း ပြေး
သည်။

သားငယ် သည် ညိုရဲသွားသည့် ပါးတစ်ဖက်ကို ခပ်စမ်းစမ်း
ိုင်ကာ မျက်နှာပေါ် အုပ်ကျနေသော ဆံပင်တွေကို အသာလေး
သည်။

ပြီးတော့ မျက်ရည်တွေ ပြည့်သိပ်နေသော မျက်ဝန်းတို့ဖြင့်
ကြီး စိုက်ကြည့်နေခဲ့ပြီး ခြေလှမ်းကျဲများနှင့် ထွက်ခွာသွား၏။

''သားငယ် .. သား .. ကောင်လေး .. နေဦး ..''



www.burmeseclassic.com

www.burmeseclassic.com



_ မနွေ့ နောက်ကနေ ကလေးလို ပြေးလိုက်တာတောင် ခြ[illegible]
ကျမှ မိ၏။

"သားငယ် .. မင်း ကိုယ့်အမေကို ဒီပုံစံနဲ့ မထားခဲ့နဲ့လေ[illegible]
တွေ ပြောသွားတာလဲ ..၊ ထင်ရာတွေ လျှောက်မလုပ်ရဘူး၊ လှည့်[illegible]
ဒီဘက်ကို၊ ဟဲ့ .. အန်တီနွေ့ ကို ကြည့် .."

"ဖယ်ပါ အန်တီနွေ ရာ .."

မျက်နှာကို အကြည့်မခံဘဲ လွှဲဖယ်ပစ်ရင်း ပြောလာသော[illegible]
က ကလေးတွေ ငိုရှိုက်ရင်း စကားပြောနေတာမျိုး ..။

"မေမေ သားကို တစ်ခါမှ မရိုက်ဖူးဘူး .. ပါးရိုက်ခံရတာ[illegible]
အရမ်း ဝမ်းနည်းတယ်၊ ဖယ်ပါ .. သား သွားမယ် .."

"အို .. မဟုတ်သေးပါဘူး .. ဟဲ့ .. သားငယ်"

"မတားပါနဲ့ အန်တီနွေ ရာ .."

မနွေ့ က လိုက်ဆွဲ .. သူက ဖယ်ချနှင့် ဆွဲလွှဲခံရပြီး ရုံ့[illegible]
ဖြစ်သည့်အင်္ကျီကို ဖြစ်သလို ပြန်၍ ဆွဲဆန့်တင်ကာ ...

"မေမေ့ကို ပြောပေး .. အဲဒီအလုပ် မလုပ်ဘူးဆိုရင် သား [illegible]
ဘူးလို့ .."

ပြောပြီး မျက်ရည်သုတ်ရှာသည်။ ဘယ်လိုမှ တားမရတော့[illegible]
မနွေ့ ရပ်ကျန်ခဲ့ရင်း သားငယ် မျက်နှာလေးကို စိတ်မကောင်းစွာ[illegible]
နေမိ၏။

တစ်ခါမှ သားအမိ ဒီလောက်ထိ အကျယ်တဝင့် မဖြစ်[illegible]
ဘူးဘဲ ..၊





အခန်း (၂၉)

"ပန်း ရယ် .."

ဘယ်လိုစကားလုံးမျိုးနဲ့ ချော့မော့နှစ်သိမ့်ရမှန်းလည်း မသိတော့
[illegible]ဇာကယ်တမ်းကျတော့ ဖြစ်သင့်သလို မဟုတ်ဘဲ လုပ်ချင်သလို
[illegible]ပစ်လိုက်တာမို့ မှားနေတာကို မမှားပါဘူးလို့ ပြောပြီး ဘယ်လို
[illegible]မ်မလဲ ..၊ သို့သော် ...

"တော်ပါတော့ ပန်း ရယ် .. ငိုချင်ရင်လည်း အင်နဲ့အားနဲ့ ရှိုက်ငို
[illegible]က်တာ မဟုတ်ဘူး၊ တစ်ချက်မှ မရှိုက်ဘဲနဲ့ ထိုင်ရာမထ မျက်
[illegible]ကျနေတာ ငါလည်း ဘာလုပ်ပေးရမှန်း မသိတော့ဘူး"

ထောပတ်ဆီနဲ့ ကြော်လာသည့် ပေါင်မုန့်ပန်းကန်လေးကို စားပွဲ
[illegible]မှာ ဖြစ်သလို တင်ပစ်ခဲ့ရင်း ပန်း ထိုင်နေသည့် ပြတင်းပေါက်
[illegible]ပဲ လျှောက်သွားမိသည်။

"ပြောရရင်လည်း ငါ ပြောမှာကို နင် ကြိုက်မှာ မဟုတ်ဘူး ..၊
[illegible]န်းက နင်တို့ကိစ္စတွေကို ငါ သိရပြီးပေမယ့် နင့် ခံစားချက်တွေ



www.burmeseclassic.com

www.burmeseclassic.com



ကို နင် ပိုင်ပါတယ်၊ အဲဒါလည်း ငါ မဝေဖန်ချင်ဘူး၊ ဒါ...
ကိုယ် တမင်တကာ မကျူးလွန်ခဲ့ဘဲ ပြန်ပြီး ပေးဆပ်ကြတာတွေ...
ရင်တောင် မဆီမဆိုင် စိတ်ဆိုးကြသေးတာ၊ အခု နင် ဘာမှ လုပ်...
မဟုတ်ဘဲနဲ့ သူ တမင်တကာ ဒုက္ခပေးချင်နေတာကိုလည်း သိသိ...

အပြင်ကို ငေးစိုက်နေသည့် ပန်း ရဲ့မျက်ဝန်းလေးတွေ သူ... ကို လှည့်လာသည်။ ပြီးတော့ ...

"သိနေပြီးသားတွေပဲ မန္တေ ရယ် .. မန္တေ သိအောင် ပန်း ပြော... ပြီးပြီပဲ၊ ပန်း ကို ဘာမှမပြောပါနဲ့"

"မပြောဘူးလို့ နေတာပါ၊ အခု ဒီဒဏ်ကို နင် တစ်ယော... တည်း ခံရတာ မဟုတ်တော့ဘူးလေ .. သားငယ် .."

"အဲဒါလေးက သူ့ညီလေးအရင်းပဲ မန္တေ .."

"သူ့ညီလေးကို နင် ဘယ်လို စောင့်ရှောက်ခဲ့ရတာ သူ သိ... ဒီလိုနေမလား ..၊ လွယ်လွယ်လေးနဲ့ ပျော်ရွှင်စွာ ပေါင်းကြရ... နင် ဘာဖြစ်လို့ .."

"ဘာကို ပြောတာလဲ မန္တေ .. ပေါင်းကြရုံပဲဆိုတာ ဘာ... သူ့မှာ လက်ထပ်ပြီးသားမိန်းမ ရှိတယ်"

"ဒါဆို နင်ကရော ဘာဖြစ်လို့ သူ့အချစ် သီးသီးသန့်သန့်... လိုချင်နေရဘာလဲ ..၊ လိုရင်းက ကိုယ် လူဆိုး မဟုတ်ဘူးဆို... ရှင်းလိုက်ဖို့ပဲမို့လား .."

ပန်း က ရှေ့ပြန်လှည့်သွားပြီး ပါးပြင်နှစ်ဖက်ကို လ... သာသာ ကပ်ပွတ် ဖျက်ကာ ...

"အချစ်ဆိုတဲ့အဓိပ္ပာယ်က မဖြစ်မနေ ပေါင်းသင်းကြဖို့ ... တည်း မဟုတ်ဘူး ..၊ ပြောဆိုဖြစ်ကြတဲ့စကားတွေ .. တကယ်ဖြစ်... တဲ့ အဖြစ်အပျက်တွေနဲ့လည်း မဆိုင်ဘူး၊ နက်ရှိုင်းသိပ်သည်းတဲ့ ... မှု တစ်ခုပါ၊ သူ ချစ်ချစ် မချစ်ချစ် ပန်း က ချစ်နေနိုင်ပေမယ့်...





...မသိသိ တစ်သက်လုံး မျိုသိပ် ဖျောက်ဖျက်သွားဖို့ကျ မလွယ်ဘူး"

ပန်း အသံလေး တုန်ခါ အက်ရှလာခဲ့ပြီး ...

"သူ နင်းချေပစ်လိုက်တာ မတော်တဆဖြစ်ဖြစ် .. တမင်တကာ ...ဖြစ် အဲဒီအသည်းနှလုံးတစ်စုံဟာ ကျကျန်နေခဲ့တာ မဟုတ်မှန်း ...သိကို သိရမယ်၊ အောင်နိုင်သူလိုအပြုံး သူ ပြုံးနိုင်အောင် တမင် ...ထားခဲ့တယ်ဆိုတာ သူ .. သူ သိရမှာ .."

...ငိုက်သံမပြည့်သော ကြေကွဲခြင်းက စကားသံ ပျောက်ကွယ်သွား ...ခြင်း သရုပ်ပေါ်နေသည်။

"သူ့ကို အမြဲတမ်း လေးစားကိုးကွယ်ခဲ့တဲ့သူဆိုတာ သိရင် သူ့ ...တွေ ပိုအဓိပ္ပာယ်ရှိတာပေါ့၊ အစကတည်းက လျှပ်ပန်း ဆိုတာ ...ခဲ့တဲ့ ပန်းပါ မန္တေ ရယ် .. သူ့လက်နဲ့ သေရမယ်ဆိုရင် ကျေနပ် ..."

"မဟုတ်သေးဘူး ပန်း .."

"ဟုတ်ပါတယ် .. ပန်း လက်ထဲမှာ ပန်း ရဲ့အမှန်တရား ရှိတယ်၊ ...သားငယ် ပဲ ..၊ ကိုယ့်မောင်လေးအရွယ်လေးကို သားလို့ပြော ...တာနဲ့တူတဲ့ အကြင်နာမျိုး ပေးနိုင်အောင် .. လုံခြုံစွာ ရပ်တည်နိုင် ...ပန်း အားထုတ်ခဲ့ရတာ .. စွန့်စားခဲ့ရတာ .. အဲဒါတွေ အားလုံး ...ပန်း သည်းခံနိုင်တယ်၊ ဒီအမှန်တရားတွေကို သူ သိတဲ့အခါ ...ရိုက်တာထက် နာကျင်တဲ့ဝေဒနာမျိုး သူ ခံစားရတော့မှာ .."

"ဒါဆို နင်လည်း သူ့ကို ကလဲ့စားချေတာပဲပေါ့"

"ဟင့်အင်း .. အဲဒီလို ဖြစ်သွားမှာကို ကြိုပြောပြတာ ..၊ ပန်း ...ယ်ခဲ့တာ မဟုတ်ဘူး"

ဒါပေမယ့် မန္တေ က ခေါင်းပဲ ခါနေလျက် ...

"နင် ပြောသလို ဘယ်သူမှ ယုံမှာ မဟုတ်ဘူး ပန်း ..၊ အဲ... ...လာရင် နင်တို့ အပြန်အလှန် ပစ်လွှတ်နေကြတဲ့ လက်နက်တွေ



www.burmeseclassic.com

www.burmeseclassic.com



က အမုန်းတွေ .. ကလဲ့စားတွေလို့ပဲ သတ်မှတ်မှာ၊ ငါက နင် အ
ကြီး ပေးဆပ်လာရပြီးမှ ရေပေါ် အရုပ်ရေးသလို ဖြစ်မှာစိုးလို့
တာ ..၊ ကိုယ်က ချစ်နေရရင် ကျေနပ်တယ်ဆိုပြီး သူ့အချစ်ကို မ
တော့ရင်တောင် သူ မုန်းနေတာ မကောင်းပါဘူး ပန်း ရယ် ..
ညီအစ်ကိုချင်း တွေ့နေကြပြီး ညီအစ်ကိုမှန်း မသိဘူး၊ နင်က အ
စစ်စစ်ဖြစ်ရက်နဲ့ သားလှပျိုကြီးတစ်ယောက်နဲ့ မုဆိုးမဘဝ ရော
တယ်၊ ဘာမှကို သဘာဝမကျဘူး"

ပန်း က အေးစက်စက်လေး လှည့်ကြည့်ရင်း နေရာမှ ထ
လိုက်သည်။ ပြီးတော့ ဘယ်လို ခံစားနားလည်နေသလဲဆိုတာ အကဲ
မရနိုင်သော မျက်ဝန်းလေးတွေကို လွှဲဖယ်သွားခဲ့ပြီး ...

"အစကတည်းက သဘာဝမကျစွာ စခဲ့တာတွေပဲ၊ ခု သ
လွန် ဖြစ်နေတာ ပန်း ကြောင့်လား .."

"နင် ခံစားနေရတာကို မမြင်ချင်လို့ပါ"

'လရိပ်လင်း ဆိုတဲ့ ကောင်လေးကို မောင်လေးအဖြစ်
လာခဲ့ရင်လည်း ဘာမှ မတော်စပ်ကြမှန်း သိလာတဲ့အခါ အကြေ
အမျိုးမျိုးကြောင့် သူ့ဟာသူ သိသွားပြီး ပတ်ဝန်းကျင်လေ တိုက်
ခဲ့ရင် မရိုးမသား မဖွယ်ရာသောဖြစ်ရပ်တွေ ဖြစ်မလာဘူးလို့ မပြော
ဘူး' တဲ့ ...။

ပန်း ကိုယ်တိုင် ရှင်းပြခဲ့တာတွေပါ။ ထိုအကြောင်းများကြော
မေမေလို့ ခေါ်နိုင်းခဲ့ရသည်။ သားရယ်၊ အမေရယ်လို့ အကျင့်
သည့်ပါးစပ်က သားငယ် လို့ပဲ ခေါ်ဖို့ အဆင်ပြေတာမို့ 'သား
နာမည်လေးနဲ့ပဲ မွေးခဲ့ရသည်တဲ့ ...။

ဒါတောင် ဒီနောက်ပိုင်းကျမှ 'သား ..'လို့ ခေါ်ဖြစ်တာ
ကိုယ့်ကိုယ်ကိုယ် 'မေမေ'လို့ ပြောရလာတာတွေကြောင့် အဆင်
လာတာတွေကို ပြောပြသေးသည်။





ကိုယ့်ဘက်က ရင်းနှီးပေးဆပ်လာခဲ့ရတာတွေ နည်းသလား၊
ထဲကို အားတင်းဖြတ်သန်းလာခဲ့ပြီးမှ အရိပ်ကောင်းတွေ့တော့
ရာနေရာက ဦးပြီးသား ဖြစ်နေပြန်သည်။

လျှပ်ပန်း ဆိုသည့် မိန်းကလေးဟာ နာမည်လေးလှသလောက်
လည်း မလှ၊ လျှပ်ပန်းတွေလို တောက်ပလင်းလက်နိုင်အား
မရှိ ..။

ဒီဘဝကိုမှ ရောင့်ရဲနိုင်ပါသည်ဆိုတာ ဘယ်လို နားလည်ရမှန်း
င် မသိတော့ပေ။

"ငါ့ကို ပြောပါဦး ပန်း ရဲ့ .. အခု သားငယ် ကို နင် ဒီတိုင်း
ထားမှာလား ..၊ အဲဒီဆိုင်မှာ ဆက်ထိုင်မှာပဲလို့ နင် တကယ်
ဖြတ်လိုက်ပြီဆိုရင် သားငယ် အရမ်းကို ထိခိုက်သွားမှာနော် ..၊
သက်လုံး ကိုယ်ပဲ မိဘလို အကြင်နာကရုဏာတွေ ပေးခဲ့ပြီးမှ.."

"ပန်း က သူ့အစ်ကို သဘောကျ နေခဲ့တာဆိုရင် သူ ကျေနပ်
ပါ"

"အဲဒီလို ဘယ်တော့ အသိပေးမှာလဲ ..၊ အလိုလိုကမှ သားငယ်
ပေါင်းအသင်းစုံ၊ ပညာစုံနဲ့ ဟိုခုန်ဒီခုန် လူငယ်စိတ်နဲ့ .."

"မနွဲ့ ရယ် .. အဲဒါတွေကို ပန်း က .."

"ပန်း ကို တမင်ရှဲ့တော့မယ်လို့ သူ စိတ်ကူးသွားရင် နင် ပြန်
သို့ ခက်မှာနော် .."

ပန်း က နေရာမှ ခပ်ဖြည်းဖြည်း လှည့်ထွက်သွားကာ မနွဲ့ ချ
သည့် ပေါင်မုန့်ကြော်ပန်းကန်ကို ယူသည်။ ပြီးမှ မစားဖြစ်သေး
ငုံကြည့်ကာ ...

"ပန်း က သူ့အစ်ကိုရဲ့ ချစ်သူလည်း မဟုတ်ဘူး၊ သူ့အမေလည်း
တ်ဘူး၊ ဒါပေမယ့် သူတို့ညီအစ်ကိုနှစ်ယောက်စလုံးရဲ့ ကကြိုးရုပ်
ချုပ်ပါ၊ ဒီလိုမဟုတ်ဘဲ ဆယ့်နှစ်ကြိုးကဝေလို့ ထင်လည်း အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တာပဲ၊ မနွေ့ မပူပါနဲ့ .. ဘာတွေဖြစ်လာမလဲလို့ မသိပေ
ပန်း ဘာလုပ်နေတယ်ဆိုတာ ပန်း သိတယ်''

''ဒါပေမယ့် ပန်း ရယ် .. သားငယ်လေးကတော့ သနားစရာ

ပန်း က ဖွန်းကိုင်ပြီးမှ ပြန်ချထားလိုက်ကာ ...

''ပိတ်စပေါ်မှာ ဖြစ်ဖြစ် .. စက္ကူပေါ်ဖြစ်ဖြစ် ဘယ်လောက်
အရုပ်ပဲ ရေးရေး နှစ်ဖက်လှတော့ မရနိုင်ဘူးလေ ..၊ အဲဒါ
သူတို့ နားလည်ဖို့ တစ်နေ့နေ့တော့ ရှိလာမှာပါ''

မျက်ဝန်းမှာ မျက်ရည်ဝေ့ချင်၏။ ပြန်ငုံ့ပြီး ဖွန်းကို ပြန်
သည်။ ပေါင်မုန့်ကို ဖဲ့ဖို့ ဖြစ်သော်လည်း ပေါင်မုန့်ချပ်ကြီးက အ
ကြီး ဖြစ်နေသလိုလို .. ခုန်ပေါက်နေသလိုလို ..။

မျက်ရည်တို့၏ ဝေဝါးခြင်းက သားငယ် မျက်နှာကိုတော့
မျက်ဝန်းထဲမှာ ကြည်လင်နေဆဲရှိလျက် ..၊





## အခန်း (၃၀)

''အရိပ် .. လာလေ .. 'က'ရအောင်''

''တစ်ယောက်ယောက်နဲ့ 'က'လိုက်ပါ၊ ကိုယ် အလုပ်ကိစ္စလေး
''

ဒါပဲပြောပြီး ပြောလက်စနဲ့ မျက်နှာဆီ ပြန်လှည့်လိုက်ပေမယ့်
က အနားရောက်လာပြီး မျက်နှာချင်းထိမတတ် ငုံ့လိုက်ကာ...

''လာပါ .. ဒီထဲမှာ အရိပ် ရှိနေသားနဲ့ .. သူများနဲ့ တွဲမ'က'ချင်
''

''ဆောရီး ကလျာ .. ကိုယ် တကယ် ကိစ္စရှိလို့ပါ''

အရိပ် မျက်နှာမှာ အပြုံးအရယ် မဲ့သွားတာကို မြင်မှ ကလျာ
ခမ်းလေးစူပြီး လှည့်ထွက်သွား၏။ မြင့်ဦး ရဲ့အကြည့်တွေက
ရဲ့ နောက်ကျောပြင်လှလှလေးကို လိုက်ငေးပြီးမှ သူ့ဆီ ပြန်
လာကာ ...

''လှသားပဲ .. ဘယ်လိုလဲ .. ရင်မခုန်ဘူးလား''



www.burmeseclassic.com

www.burmeseclassic.com



"ရင်ခုန်သံ နားထောင်ရမယ့်အရွယ်တွေလားကွ .. ရော

ထပ်ဖြည့်ပေးလိုက်သည့် ဖန်ခွက်ကို ကိုင်၍ မြင့်ဦး က ရုပ်ပြေးလေးတွေဆီ ပြန်ငေးပြန်သည်။ ပြီးတော့ မျက်လုံး မခွာ

"ဒါမျိုးတွေ မြန်မာနိုင်ငံမှာ ရှိနေတာ အံ့ဩစရာပဲနော် မျက်နှာကြည့်ကြည့် မြန်မာမလေးတွေချည်းပဲ၊ ဒါပေမယ့် မြ လှတာ မပါဘူး"

"မြန်မာလို လှချင်ရင် ဒီထဲ ရောက်နေမှလား ..၊ ယဉ် တွေ၊ ရိုးရာစဉ်လာတွေ ရေရွတ်ပြီး ဘာလဲ .. ဒီကပြန်ရင် ဘု ဝတ်တော့မလား"

"ဘာဆိုင်လဲကွ .. ဝတ်ရမှာက မင်း၊ ခုချိန်ထိ ဟိုမိန်း မရ၊ ဒီမိန်းမလည်း မရ .."

"ဘာကွ .."

"တွေ့လား .. ဖောင်းပွန္နန်း မြင့်သွားပြီ၊ လိုချင်တာ အဲ

ပြောပြီး မြင့်ဦး က ရယ်နေသည်။ ရယ်နေရင်း 'က' စုံတွဲတွေဆီလည်း မျက်လုံးက အလွတ်မပေး ..။ သူ့အကျ နိုင်ငံရပ်ခြားက ယဉ်ကျေးမှုမျိုးစုံမှာ ပျော်မွေ့ခဲ့တာဖြစ်ကာ မြန် ကို မကြာခဏ ပြန်လာတတ်ပေမယ့် ပြန်လာတိုင်း သူ ရော တတ်တာ ဒီနေရာတွေပဲ ဖြစ်သည်။

"လူဖြစ်လာတာ လူဖြစ်ရကျိုးနပ်ဖို့ပဲလေ .. ငါ့ကုသိုလ် ဆိုတာလည်း သူ့ရဲ့ လက်သုံးစကား ..။ ထို့ကြောင့် ပြန်ရောက် လို့ ဖုန်းဆက်ချိန်းတော့ မြင့်ဦး ရှိတဲ့ဆီ သူ ရောက်လာခဲ့တာ ဒီ ဖြစ်နေရလျက် ...

"မင်း ဒီထဲကို မကြာမကြာ လာပြီး စိတ်အပန်းဖြေတာပဲ ခုနက ကောင်မလေး သက်သေရှိတယ်နော် ..၊ ဟွန်း .. ရင် နားထောင်ရမယ့်အရွယ်လား .. ဘာလား လူရှိန်အောင် ဟ





နဲ့ ဝေးနေတဲ့လူဆိုတာ ရေမထိတဲ့ပန်းပင်လိုပဲ၊ မင်း မျက်နှာ င်တာနဲ့ သိတယ်"

"ဘာဆိုင်လဲ .."

"ဘာလို့ မဆိုင်ရမှာလဲ .. မင်း ဟိုမှာတုန်းက 'ငယ်ဆူး'နဲ့လည်း ပ်ပြီးမှ .."

"အဲဒါတွေ ပြောမနေပါနဲ့ကွာ .. ငါတို့ချင်း သိပ်တောင် ရင်းနှီး ဟုတ်ဘူး၊ ဟိုမှာ အလုပ်ကိစ္စ အကျပ်အတည်းနဲ့ကြုံလို့ အဆင် နည်းနဲ့ ဖြေရှင်းလိုက်ကြတာ၊ ငါက သူ့အဖေရဲ့ အကူအညီ ို့နေတာလေ၊ မင်း သိရဲ့သားနဲ့ .."

"ဟွန်း .."

"သူက အန်တီမျိုး နဲ့ ခင်ပြီး ငါ့ကို တမင် ကူညီခဲ့တာ"

"ဒါပေမယ့် မင်းတို့ တွဲနေကြတာပဲဟာ .. လုပ်မနေပါနဲ့ကွာ၊ ပ်လိုက်ပြီဆိုတည်းက မင်းတို့ အများကြီး ရင်းနှီးလို့ရတဲ့ဥစ္စာ၊ ာ့ နိုင်ငံရပ်ခြားမှာဆိုတော့ .."

"မြင့်ဦး .."

"ငါကတော့ ဒီကောင်မလေးကို မင်း ဖြတ်ချပစ်ခဲ့တာ နားကို ည်နိုင်ဘူး .. အားလုံး အဆင်ပြေနေတဲ့ဟာကို၊ ဒီရောက်လို့ ဓာတ် ောင်းလေး ကြားရတော့လည်း ဩော် .. သူက ဒါကြောင့်ကိုး က်မိသေးတယ်၊ ဟော .. အခု အဲဒါကလည်း မဟုတ်ပြန်ဘူး၊ .. ဟိုမှာ မိန်းမယူထားတဲ့သတင်းကြားပြီး ဒီတစ်ယောက်က ာနေလို့လား .."

"အဲဒါတွေ မင်းကို စိုင်း ဘာမှ ပြောမပြဘူးလား"

"မပြောပါဘူး .. မင်းကို စီဒီတစ်ချပ်ပဲ ပေးလိုက်တယ်၊ ဘာ င်တွေမှန်း မသိဘူး .. သိပ်လျှိုတာပဲ"

"မင်းကရော ပြောပြချင်စရာ ရှိလို့လား .. ငါ့ရှေ့မှာ ထိုင်နေပြီး



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးက တခြား .."

"မင်းကို ကြည့်နေလို့ ဘာထွက်လာမှာလဲ"

"ဟိုကရော ဘာတွေ ထွက်လာလဲ"

"ဘာထွက်ထွက် မင်း သိဖို့မှ မလိုတာ..၊ အဟွန်း.. မဆိုး

"ဘာလဲ .."

"ဘာမှကို မဆိုးတာ"

မြင့်ဦး က အားရပါးရပြောပြီးမှ တစ်ခုခုကို သတိရသွားသ အရိပ် ကို ပြန်ကြည့်၍ ...

"မဆိုးဘူးဆိုလို့ သတိရပြီ၊ စိုင်း နဲ့တွေ့တုန်းက ငါ့ကို ပြောလိုက်သေးတယ်"

"ဘာလဲ .."

"မင်းဦးလေး .. မင်းရဲ့ လေးလေး ဆိုတာ .."

"လေးလေး ဘာဖြစ်လို့လဲ"

မြင့်ဦး ကို စိုင်း နဲ့လောက် အတွင်းရေး မပြောဖြစ်ခဲ့ တော်တော်များများကိစ္စတွေကို စိုင်း သိသလောက် မသိပေ။ ထို့ လေးလေးနဲ့လည်း သိပ်ရင်းနှီးတာ မဟုတ် ..။

"ငါတို့ သေချာတော့ မပြောဖြစ်ခဲ့ဘူးကွ၊ မင်း သိရဲ့သား၊ သူက မင်းလိုကောင်လေ၊ ငါက အလုပ်လုပ်စရာရှိရင် လုပ် ပြီးတာနဲ့ ငါ့ရဲ့ ဖရီးတိုင်းမ်က မင်းတို့နဲ့ တိုင်တယ်လ် မတူတော့

"ဟုတ်ပြီ .. စိုင်း ဘာပြောလဲဆိုတာပဲ ပြောစမ်းပါ၊ မျက်လုံး ငါ့ကိုပဲ ကြည့် .."

အရိပ် စကားကြောင့် မြင့်ဦး က ရယ်ကျဲကျဲဖြစ်သွားလျက် ပြီးမှ ခေါင်းညိတ်၍ ...

"မင်းရဲ့လေးလေးကို သူ တွေ့တယ်တဲ့"

"တွေ့မှာပေါ့ .. မလေးကို သူ သွားသေးတာပဲ၊ လေး





ရှိနေတာ ဘာဖြစ်လို့လဲ"

"အဲဒီလို တွေ့ကြ ပြုံးပြပြီး နှုတ်ဆက်ရုံပဲဆို .. ငါကနေ မင်းဆီ ကြီး ဘာပြောနိုင်းမှာလဲကွ .."

သူ မျက်မှောင်ကုတ်သွားမိ၏။ မြင့်ဦး က ထိုအခါကျမှ အလေး ပုံစံနှင့် မျက်နှာရှေ့တိုးလာကာ ...

"မင်းဦးလေး ဘယ်လိုရှေ့နေလဲ မသိဘူးကွ .. စိုင်း ပြောလိုက် အရေးကြီးတဲ့ပုံပဲ၊ နောက်ပြီး အနက်ရောင်ဆော့ဖ်ဝဲတွေနဲ့ သူ တော်ကြွနေတယ်"

"ဘယ်လို .."

"စိုင်း လည်း သေချာသေးပုံ မပေါ်ဘူး၊ ဒါပေမယ့် နာမည်ကြီး စ်စုနဲ့ အပီအပြင် ငြိနေတာတော့ သေချာတယ်၊ မင်းကို ပြော တာက ဟိုတုန်းက မင်း သံသယရှိခဲ့ဖူးတယ်ဆိုတဲ့ ဘာလဲ .. ငါ ဘူး၊ အဲဒါကို ပြန်စဉ်းစားဖို့ရယ် ..၊ အခု မင်းတို့ရဲ့အိမ် မီးလောင်မှု ခဲ့တာတွေနဲ့ပတ်သက်ပြီး လျှပ်ပန်း ဆိုတဲ့ တစ်ယောက်ကို .."

သူ မပြောရသေးဘဲ အရိပ် မျက်နှာ တင်းခနဲ ဖြစ်သွားသဖြင့် ဦး ကလည်း ဆက်မပြောဘဲ မျက်မှောင်ကုတ်လျက် ...

"ဘာဖြစ်သွားတာလဲ မျက်နှာက .."

"ဆက်ပြော .."

"ဘာလို့ပြောရမှာလဲ .. လျှပ်ပန်း ဆိုတာနဲ့ပဲ မင်းမျက်နှာက တ်တရော်နေရာ ပုရွက်ဆိတ်ကိုက်လိုက်တာ ကျနေတာပဲ"

ပြောလိုက်ကာမှ မျက်နှာက ပိုတင်းသွားလျက် ...

"ဘာမှမဆိုင်တာကို ထည့်ပြောလိုက်တာ စဉ်းစားမရလို့၊ ပြော.. ဒါ ဘာဖြစ်လဲ"

"ဆိုင်တဲ့ မဆိုင်တဲ့ကဏ္ဍကို မရောက်သေးဘဲနဲ့ မင်းကိုက နာမည် သေးတောင် နားထောင်နိုင်စွမ်းမရှိ ဖြစ်နေတာရော မဖြစ်နိုင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



မြင့်ဦး က ချက်ချင်း စွပ်စွဲသည်။ ပြီးတော့ မျက်လုံးကို ပုံး... လိုက်ပြီးမှ ...

"ကောင်မလေးကို မင်း သံယောဇဉ် ဘယ်လောက်ကြီးတာ... သိတယ်၊ ဒီသံယောဇဉ်ကြောင့်ပဲ လုပ်ရက်တယ်ဆိုပြီး မင်း နာကြ... နေတာတဲ့၊ အဲဒါကို သူက မှားမှာစိုးလို့ သတိပေးတာ၊ မင်း ဖုန်း... ပြောတည်းက သူ့ စိတ်မကောင်းဖြစ်နေတာ"

"ဘာကိုလဲ .."

"ကောင်မလေးကို တွေ့နေပြီဆို .."

အရိပ် က မဖြေဘဲ မျက်နှာလွှဲပစ်သည်။

"အိမ်ထောင်ကျနေပြီ .. သားတစ်ယောက် ရှိနေတာလည်း ... ပြောတယ်တဲ့၊ နှစ်တွေအများကြီး ဒီကိစ္စကို မျိုသိပ်လာနိုင်ပြီးမှ လ... မြင်မှ လက်တုံ့ပြန်မယ်၊ ပေးဆပ်စေရမယ်နဲ့ မင်း ဖြစ်သွားတာ၊ ... တာထက် နာကျင်တာက ပိုမှာပဲလို့ သူ တစ်အစ်ပြောလိုက်တာ"

အရိပ် မျက်နှာမှာ ဒေါသ်ရောင်တစ်ချက် ထင်သွားပေမ... ဘာသံမှ ထွက်မလာပေ။ မြင့်ဦး က စိုက်ကြည့်နေကာ ...

"မင်းလည်း လက်ထပ်ခဲ့တဲ့လူ .. သူလည်း အိမ်ထောင်ကျ... ပြီ၊ ရှိခဲ့ဖူးတဲ့အကြောင်းတွေကလည်း အဝေးကြီး ကျန်ခဲ့ပြီပဲကွာ ... တကယ်လို့ သူက ဝန်ချတောင်းပန်တယ်ဆိုရင် .."

"လူတွေကို တိုက်ပိတ် မီးရှို့သတ်ခဲ့တာ တောင်းပန်ရုံနဲ့ ငါ... ကျေနပ်ရမှာလား .."

"ငါ ပြောတာ မဟုတ်ဘူး .. စိုင်း ပြောလိုက်တာ၊ ငါ မင်း... အကြောင်းတွေကို စိုင်း ဒါတွေပြောပြမှ နည်းနည်းပါးပါး သိရတာ... ပြောတာကိုပဲ နားထောင်၊ စိတ်တိုတာတွေ စိုင်း ဆီကို ပို့လိုက်၊ ငါ... တမန်တော်သက်သက်ပဲ"

မြင့်ဦး က အတည်ပေါက်ကြီး ဝေဖန်နေပြီးမှ မဆိုင်သလို ပြော...





...တက်တွေဖြန့် ပခုံးတွန့်သည်။ အရိပ် က လှုပ်ရှားနေကြသည့် ...ရွက်တွေနဲ့ ရောင်စုံဆလိုက်တွေဆီ အဓိပ္ပာယ်မဲ့ စိုက်ကြည့်နေရင်း...

"သူ့ကို ငါ အပူတပြင်း မရှာဘဲ နှစ်တွေအကြာကြီး နေနိုင်ခဲ့တာ.. ...ပ်ပေးနိုင်လို့ မျိုသိပ်နေခဲ့တာ မဟုတ်ဘူး"

"ဒါဆို ဘာလဲ .."

"သူ့လုပ်ရပ်တွေကို ခံလိုက်ရလို့ .. တုံ့ပြန်ဖို့ .. ဒီနှစ်ရပ်ကြား ...ငါ့ဘဝ နှစ်ခါ မပျက်ချင်လို့"

မြင့်ဦး က မျက်ခုံးခပ်ပင့်ပင့်နှင့် ပင့်သက်ရှိုက်သည်။

"အဲဒီလို ထားခဲ့တဲ့ ဥပေက္ခာတွေထဲမှာ ငါ့အမုန်းတွေ ဘယ်...က် ရှင်သန်နေခဲ့သလဲ ငါပဲ သိတယ်"

"သူက မင်းကို တွေ့တော့ ရှောင်ပြေးဖို့ ကြိုးစားခဲ့သေးလား..၊ ...က အဲဒါကို ထည့်စဉ်းစားဖို့ ပြောတာ၊ တကယ်လို့ သူ ရှင်းပြ...ဆို မင်း နားထောင်သင့်တယ်လို့"

"မထောင်နိုင်ဘူး ..၊ ငါ သူ့ကို ရင်ဆိုင်တွေ့ဖို့ ရှေ့ထွက်လိုက်...ငါပေးတဲ့ပြစ်ဒဏ် သူ ခံရဖို့ပဲ၊ အယူခံဝင်ခွင့်ပေးဖို့ မဟုတ်ဘူး"

"မင်းကို မြင်တာနဲ့ သူ ရှောင်ထွက်သွားလို့ရတာပဲ အရိပ် ..၊ ...ဘာတွေ လုပ်ခဲ့ပါစေ ဒီအပြစ်ဟာ ပျောက်ပျက်မသွားနိုင်ပေမယ့် ...သေမခိုင်လုံဘဲ ပြစ်မှုမြောက်တယ်လို့ မဆိုနိုင်ဘူး၊ မင်း စီရင်ချင်...ို စီရင်လို့လည်း မရဘူး၊ သူ မင်းကို ရင်ဆိုင်ရဲတယ်၊ မင်း ပြုသမျှ...ယ့်ပုံမျိုး ရှိနေပေးတယ်ဆိုရင် ဒါက .."

"တော်တော့ .."

နားထဲမှာ တစ်စုံတစ်ရာကြောင့် ပူလောင်သွားသလိုပင် ..၊ ဒါမှ...တ် မျက်နှာပူသွားမိတာမျိုးလား ...။

".. ကိုကိုပဲ ပြောပါ .."

".. ဟုတ်ကဲ့ ကိုကို .."



www.burmeseclassic.com

www.burmeseclassic.com



ပန်း ရဲ့အသံတွေက နားထဲကို ဘယ်လိုအရှိန်နဲ့ တိုးဆော
ခဲ့မှန်း မသိ ..။

မဟုတ်ဘူး .. ဒီမိန်းကလေး အဲဒီလိုပဲ အရိုးသားဆုံး မှသား
ရောင်ထွက်နေကျ။ အဲဒါ ဘယ်သူ သိလို့လဲ ..၊ ကိုယ့်ရင်ဘတ်နဲ့
ဒေါသဖြစ်လိုက်၊ ဖြေဆေးထိုးမိလိုက် ..။

မုန်တိုင်းမွှေသလို ဖြစ်သွားသည့် ရင်ဘတ်နှင့် မျက်လုံး
ဆက်စပ်ခြင်း ကင်းမဲ့နေဆဲ ..။ အရိပ် ရဲ့မြင်ကွင်းထဲကို စိတ်ဝင်
ဖွယ် အကောင်းဆုံး ပုံရိပ်တွေ ဝင်လာ၏။

သားငယ် နဲ့ ကောင်လေး နှစ်ယောက် ..။

သူများတွေလို ကိုယ့်အတွဲနဲ့ကိုယ် မဟုတ်ဘဲ သုံးယောက်
ကျောချင်းကပ်လိုက်၊ မျက်နှာချင်းဆိုင်ငုံ့ကြက်နှင့် ကဲချင်တိုင်း ကဲ
သည်။ မူးယစ်ရီဝေနေပုံပေါက်သော်လည်း မိန်းကလေးတွေနဲ့
တိပတ်တိ မတွဲဘဲ သူများအတွဲတွေနဲ့ ပခုံးချင်းသွားတိုက်
ဝင်'က'ဖို့ ကြိုးစားလိုက်နှင့် တမင်တကာ ဇရုတ်ကျချင်တာမျိုး

အနီရောင်ရဲရဲ အပေါ်ထပ်အင်္ကျီရှည်ရှည်ပွပွကြီးနှင့် ဘောင်
ရှည်အနီရောင်က ဖိနပ်ဦးထိပ်ထိ ပုံကျ ပွယောင်းနေတာ ဒီ
လူငယ်တွေ စတိုင်လ်လား မသိ ..။ ထို့ပြင် ...

ဆံပင်ရှည်တွေက ဒီတိုင်း ပြန့်ကျနေတာ တချို့၊ ထိပ်မှာ ကြ
တောင်စည်းလုပ်ထားတာ တချို့ ဘာပုံစံပေါက်နေမှန်း မသိပေ
ခုခေတ် လူငယ်တွေ အမျိုးမျိုး ထွင်နေကြတာမို့ ရှားပါးဒီဇိုင်းလို့
မဆိုနိုင်ပါ။

ဖြူဝင်းသည့် မျက်နှာနုနုလေးက ကြက်တောင်စည်းနဲ့ ဖြ
ဝင်းလက်နေသော နားကပ်တစ်ဖက်ကြောင့် ကလေးလိုလို ဂေးလို
ဆံပင်ပြောင်နေသည့် နဖူးပြင်ကျယ်ကို စိုက်ကြည့်နေရင်း အ
စိတ်ထဲမှာ တစ်မျိုးဖြစ်လာခဲ့၏။ ဒီမျက်နှာမျိုးကို ရင်းနှီးနေတာလ





င်လေးကိုပဲရင်းနှီးခဲ့လို့ မသိစိတ်ကလက်ခံသလို ဖြစ်နေတာလား..။
ဘာမှန်းမသိပေမယ့် သူ ချမှတ်ထားသည့် တုံ့ပြန်ရေး Plan
ဒီကောင်လေး အများကြီး နစ်နာတော့မှာကို သိနေသည်။ ဒါဆို
ကောင်းဖြစ်သွားမိတာလား ..၊ ကျေနပ်နေတာလား ..။
ဒီအဖြေကို သူ ဘယ်တော့မှ ရုပ်လုံးပေါ်အောင် တွေးမှာမဟုတ်
ကိုယ့်အလှည့်တုန်းကရော သင်းဘက်က ငဲ့ညှာ စာနာပေးခဲ့တာ
ရှိလို့လဲ ..။

"မင်း ဘာကြည့်နေတာလဲ အရိပ်၊ ဟိုကောင်လေးကို သိလို့
.. ဒါမှမဟုတ် ဂေး ထင်လို့လား .. ဟဲ .. ဟဲ .."

"ဟွန်း .."

စိတ်တိုသွားမည်ထင်ထားပေမယ့် အရိပ် က မဲ့ပြုံးပြုံးလိုက်တော့
ဦး အံ့သြသွား၏။ ချာတိတ်က ဖြူဖြူသန့်သန့် တကယ့် ကောင်
လေး ..။

"သူ ဘယ်သူလဲ .. မင်း သိလား"

"ဘယ်လိုလုပ် သိမှာလဲ .."

"အဲဒါ လျှပ်ပန်း ရဲ့သား"

"ဟာ!... ဟုတ်လို့လား"

"မဟုတ်စရာ ဘာရှိလို့လဲ"

"မင်းနဲ့ ကွဲသွားတုန်းကတောင် ကောင်မလေးက ချာတိတ်ပဲ
သားတာဆို .."

"အဲဒီတော့ .."

"ဒီလောက်ကာလမှာ ဒီအရွယ်ရှိနေတဲ့ သားကြီးတစ်ကောင်လုံး
ထားတယ်ဆိုတာ .."

"အသက်အရွယ်ဆိုတာ ပြောတိုင်းရတယ်"

အရိပ် က ပိတ်ပြောလိုက်တော့ မြင့်ဦး ငြိမ်နေလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဆီ သူ ရောက်လာကတည်းက သူ ပြောခဲ့သမျှ ဘာတစ် မယုံကြည်ထိုက်ဘူးဆိုတာ အဖြစ်အပျက်တွေက သက်သေခံနေတ

"ကောင်လေးကြည့်ရတာ သူ့အမေက ချောပုံပဲ"

"မင်း စိတ်ကူးကြည့်လို့ မမှီနိုင်အောင် လှတယ်"

"ဟင်!..."

ရွှဲ့ပြောလိုက်တာလား .. တကယ်လား ...။

သူ ပြန်မမေးရသေးခင် အရိပ် က နေရာမှ ထထွက်သွားပြီ ကာ ကနေတဲ့လူတွေကြားထဲ ရောက်သွား၏။ ပြန်ထွက်လာ ချာတိတ်ကို လက်တစ်ဖက်ကဆွဲ၍ ...

"ဒီမှာ ထိုင်ဦး .."

"အစ်ကို ဒီရောက်နေတာလား ...၊ ပျော်စရာကြီး .. ဘယ် ပါလာတာလဲ"

နီရဲနေသည့်မျက်လုံးတွေက မြင့်ဦး ကို ကျော်၍ မိန်းမလှ တွေရှိရာ ဟိုဒီ ဝေ့ဝဲသွား၏။ ပြီးတော့ ထိုင်နေရင်း စားပွဲပေါ် မှောက်ချလိုက်တော့မလို ရင်ဘတ်နဲ့ကပ်၍ အရိပ် မျက်နှာကို သေ ကြည့်ကာ ...

"အစ်ကိုက .. ဒီထဲကို .."

"မိတ်ဆွေနဲ့တွေ့ဖို့ လာတာ .. ဒီမှာလေ သူက မြင့်ဦး မင်းမှာရော ကောင်မလေးတွေ ပါလို့လား"

သားငယ် က ရှင်းပြောင်နေသည့် နဖူးကို ပြန်သပ်ပြီး မေးစေ သော မျက်တောင်တွေကို ဖိကပ်ခတ်၍ ...

"ကျွန်တော် .. ကျွန်တော်လား .."

မျက်နှာသည် တဖြည်းဖြည်း ကြေကွဲရိပ် ထင်လာခဲ့ပြီး ...

"ကျွန်တော် ဟိုတစ်ခါ မဖွန် နဲ့ အထင်လွဲ အစွပ်စွဲခံရပြီးတည် က အေး .. ဘယ်မိန်းမနဲ့မှ မပတ်သက်အောင် နေတာ .."





"အင်း .."

"ခု .. ဒီကိုလာတာ အရမ်း .. အေး .. အရမ်းကွဲနေလို့၊ တလွဲတွေ စ်မယ်ဆိုပြီး .."

အရိပ် က မြင့်ဦး ကို ဂရုစိုက်စကားပြောခြင်း မရှိဘဲ စားပွဲ ဝိုင်းတည်းမှာ သူနဲ့ အရိပ် နှစ်ယောက်ပဲရှိနေသလို ...။

"အစ်ကို ကြားမိလား မသိဘူး၊ မဖွန် နဲ့ ကျွန်တော့်ကို .."

"မသိလိုက်ဘူး .. ဒီရက်ပိုင်းမှာ ကိုယ် စိတ်ရှုပ်နေတာနဲ့ .."

တည့်တည့်ကြည့်ပြီး ညာပေးလိုက်သည်။ စိတ်ထဲမှာတော့ ချဉ်ချဉ်မဲ့ပြုံးနှင့် ...

ငါလုပ်လိုက်လို့ မင်း ရွှမ်းပြန်သွားတာပဲ သားငယ်၊ မဖွန်နဲ့ ကျားက ငါနဲ့သိနေတာ မင်း အရမ်း ကံဆိုးသွားတာပေါ့၊ နောက် လည်း မင်း ဘယ်တော့မှ ကံကောင်းခြင်းကို ရမှာမဟုတ်ဘူး...။

အရိပ် မျက်နှာပေါ်မှာရှိနေသည့် လျှို့ဝှက်သိပ်သည်းခြင်းနှင့် ငယ် ဆိုတဲ့ကောင်လေး ဘာတွေ ကြေမွ ပျက်စီးနေသလဲဆိုတာ ဦး က ဘေးကနေ အကဲခတ်လို့ ကောင်းတုန်း ...။

"ပြောပါဦး .. တလွဲတွေ လုပ်ချင်ရတဲ့အကြောင်း ...၊ မင်းပုံစံ ရင်က ဒီလောက် မဆိုးဘူးလားလို့"

သူ့မျက်နှာကို ခေါင်းဖျားကနေ အောက်ထိ ဝေ့ကြည့်ပြီး ပြော တ်သဖြင့် သားငယ် က သဘောပေါက်သွားကာ ...

"ကျွန်တော် တော်တော်ပုံဆိုးနေပုံ ရတယ်.. ဟုတ်လား အစ်ကို"

"မဆိုးပါဘူး.. မင်းက ချောပြီးသားပဲ၊ ဘယ်လိုလုပ်လုပ် ကြည့်ရ ဆိုးပါဘူး၊ ဒါပေမယ့် ဒါမျိုး ခုမှ မြင်ဖူးလို့"

"ဟုတ်တယ် .. ကျွန်တော် .."

သားငယ် က အသံမထွက်ဘဲ ကြုံ့ဆိုးတာကို မျက်နှာပါ မဲ့သွား ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မေမေနဲ့ ကျွန်တော် အဆင်မပြေဘူး"

အရိပ် မျက်မှောင်ကုတ်သွားတာကို မြင့်ဦး က လှမ်းကြည့်သ[...] အရိပ် က ပြန်ကြည့်တော့ မသိမသာ ပခုံးတွန့်ပြကာ တို့ဟူးခြေ[...] ကြော် ယူဝါးနေပုံက သူ ဘာမှမသိလိုလို .. မကြည့်သလိုလို ..

"ဘာဖြစ်ကြတာလဲ .. ပြောချင်စိတ်ရှိရင် ပြောပြပါလား"

အရိပ် က စီးကရက်မီးညှိရင်း မေးလိုက်သဖြင့် သားငယ် [...] ဟန်နှင့် မော့ကြည့်သည်။

"ပြောချင်စိတ် ရှိပါတယ် .. အေ့ .."

"မင်းတို့သားအမိ တစ်အိမ်တည်း အတူမနေကြတာ[...] အဆင်မပြေဖြစ်ဖို့ အချိန်ရှိသေးတာ အံ့သြစရာပဲ"

"အတူမနေတာ ကျွန်တော်က မချစ်လို့မှ မဟုတ်တာ၊ [...] ကို .. မေမေ့ကို .. ကျွန်တော် အရမ်း ချစ်တာ"

အရက်သမားတွေ ငိုလွယ်ရယ်လွယ်သည်ဆိုတဲ့အတိုင်း က[...] ဆန်သည့် သားငယ် ကတော့ မျက်ရည်တွေ ချက်ချင်းပဲ ဝိုးဝိုးဝေါ[...] ပေါက် ကြွေရှာ၏။

"မေမေ့ကို သိတာနဲ့ ကျွန်တော့်ကို ဖေဖေတွေ အရမ်းတော[...] ဘာလိုလို ချဉ်းကပ်မှုတွေ ကြုံရလွန်းလို့ မေမေ့ကို အရမ်း သဝန်တို[...] ကျွန်တော် ခွဲနေတာ .. တမင်"

ကလေးစိတ် မပျောက်ရှာပါလားလို့ တွေးမိရင်း အရိပ် နှုတ်[...] တွေ ပြုံးယောင်သမ်း၏။

"အဲ့ဒါကို မေမေက ဘယ်တုန်းကမှ မလုပ်ခဲ့ဖူးတဲ့အလုပ်[...] လုပ်လာတာ၊ ကျွန်တော် .. အေ့ .. ကျွန်တော် ဘာမှမသိခဲ့ဘဲနဲ့ -

"ဘာအလုပ်မို့လိုလဲ .."

"ဘားစင်တာကြီးတစ်ခုမှာ အဲ .. မဟုတ်ဘူး .. အရက် .. အ[...] ဆိုင်ပဲ၊ အဲ့ဒါကြီးကို ဘာလုပ်မှန်း မသိဘူး၊ အစ်ကို စဉ်းစားကြည့်ပါဦး





[...]ာ့အမေက အိမ်ထဲကအိမ်ပြင် ဘယ်မှ များများစားစား သွား[...] မဟုတ်ဘူး၊ အတိုးအရင်း ငွေသိမ်း အားလုံး .. အားလုံးပဲ [...]နေ့ ပဲ ဒေါင်းဒေါင်းပြေးတာ၊ အေ့ .."

"အခု မင်း သဘောမကျရင် တားပေါ့ကွ .. မင်းကိုတော့ သူ [...]က်ပုံပါ"

"မဟုတ်ဘူး .."

သားငယ် မျက်လုံးတွေ ပို၍ မှေးစင်းလာသလို ခေါင်းစိုက်ချင် ဖြစ်၏။ ထိုစဉ် သူ့လိုပဲ သောက်ထားသည့် လူငယ်နှစ်ယောက် [...] လျှောက်လာကြကာ ...

"ပြန်မယ်လေ သားငယ် .. မင်းပဲ ခဏဆို .."

"အေးလေ .. ငါတို့ လုပ်စရာရှိသေးတယ်လေ၊ ဟေ့ကောင် .. ဘယ်လောက်ကျန်သေးလဲ"

"အေးဆေးပါ"

[...]ယောက်က သားငယ် ဘေးမှာ ရပ်ရင်း အပြန်အလှန်မေး၍ [...]ိတ်ကို ပုတ်ပြတဲ့သူက ပြ၊ သားငယ် က ထရပ်လိုက်ပေမယ့် [...]မျက်နှာကိုကြည့်၍ မပြတ်သေးသည့် စကားကို ပြီးဆုံးအောင် [...]ားသေးသည်။

"မေမေက ကျွန်တော့်ကို ဘယ်လောက်ချစ်လဲ သိလား .."

[...]ါးတစ်ဖက် ထိုးပြပြီးမှ မတ်မတ်ရပ်လိုက်ကာ ...

"ပါးရိုက်ပြီး နှုတ်ဆက်လိုက်တယ်"

[...]ကြားရတာတွေက ပြုံးရယ်ချင်စရာ မရှိတော့သည်မို့ မြင့်ဦး [...] ရှုံ့တွတွဖြစ်ကျန်ရစ်၏။ ပြီးတော့ ဒီချာတိတ်လေး လူပေါင်း[...]ာ့မယ်ဆိုသည့် စိုးရိမ်စိတ်တို့ မဆီမဆိုင်ဖြစ်လျက် ...

"မင်းကို ကောင်လေးက တော်တော်ခင်ပုံရတယ်၊ အမှိုက်လေး ဖြစ်သွားပါဦးမယ်ကွာ .."



www.burmeseclassic.com

www.burmeseclassic.com



အရိပ် က စီးကရက်တစ်ရှိုက်နှင့် ပြုံးလိုက်ရင်း ...

"အမှိုက်ဖြစ်သွားမှ မီးရှို့ဖို့ လွယ်မှာပေါ့"

"ဘာ!..."

မြင့်ဦး အံ့သြတကြီး ဖြစ်သွားသော်လည်း အရိပ် က ဖုန်း... နံပါတ်တစ်ခုကို ခေါ်ပြီး ဖြစ်၏။ စီးကရက်မီးခိုးဖြူတို့ တလွှ... တက်နေသည့်နောက်ကွယ်က အေးစက်စက်မာကျောနေသည့် ... ကို မြင့်ဦး က ထူးဆန်းအံ့ဖွယ် ပန်းချီကားတစ်ချပ်လို ကြည့်...

"မောင်မောင်လား .. အေး .. ငါပြောတာ သေချာနားထော...

"... ... ... ..."

"ဟုတ်တယ် .. သုံးယောက်၊ ဘောင်းဘီရှည်နက်၊ အင်္ကျီ... အနက်နဲ့ ထိပ်မှာ ဆံပင်စည်းထားတယ်"

"... ... ... ..."

"အိုခေ.. ပြောတဲ့အတိုင်းပဲ သေချာလုပ်..၊ ငါ့ရဲ့ခြံက ဖင်... ထဲမှာ လက်မှတ်ထိုးပြီးသား ဘဏ်စာအုပ် ရှိတယ်၊ ကားနဲ့ ... မင်း အကျိုးရှိရှိ သုံး .."

တကယ့်ကို မဟာစီမံကိန်းကြီးပါလား ..၊ ပေါ့ပါးပျော်... နေတတ်သည့် မြင့်ဦး မျက်နှာမှာ အပြုံးအရယ်တွေ ပျောက်ကွယ်... ပြီ ဖြစ်၏။

"အရိပ် .. မင်း .. မင်းတို့က အဲဒီလောက်တောင်လား -

အရိပ် မျက်နှာက တည်နေကာ ဖုန်းပြန်သိမ်းလိုက်ပြီး စီး... ကို စားပွဲစွန်းနဲ့ ဖိကာပ် ချေပစ်သည်။

"ငါ ပြန်မယ် .. မင်းရော .."

"အရိပ် .. ငါ့ကို နည်းနည်းတော့ ပြောခဲ့စမ်းပါ၊ မင်း ဒီ... ကို တည်ချက်လုပ်မယ်ဆိုရင်တော့ ရက်စက်လွန်းတယ်နော် ဟော... ချာတိတ်က အဖြူထည်လေးရယ် .."





...လပ်ထဲကထွက်လာခဲ့ရင်း အရိပ် မျက်နှာတစ်ခုလုံးက လိုတာ ...၍ တင်းမာနေကာ လျှပ်ပန်း ရယ် .. သားငယ် ရယ် .. ပြီးတော့ ...ပြောတဲ့ စကားတွေရယ်..၊ မျက်နှာသုံးခုက တစ်လှည့်စီ ပြေး ...တာ .. မျက်လုံးတွေမှိတ်ပစ်လည်း မရ ..၊ ကားထဲ ဝင်ထိုင်ပြီး ... အံကြိတ်သံနှင့်အတူ စတီယာရင်ကို လက်သီးဆုပ်နှင့် ထုမိ၏။ ...လျှပ်ပန်း ကို မုန်းနေတာ သေချာနေခဲ့လျက် သားငယ် ကို ...တ်လိုက်မိသည့် ခံစားချက်ကတော့ ဘာဖြစ်လို့ အဓိပ္ပာယ်မဲ့နေခဲ့ ... ..။ ဘာဖြစ်လို့လဲ .. သူ ဘာမှားနေခဲ့လို့လဲ ..။

".. မင်း ရက်စက်လွန်းတယ်နော် ဟောကောင် .."

".. ချာတိတ်က အဖြူထည်လေးရယ် .."

".. မင်းကို ကောင်လေးက တော်တော် ခင်ပုံရတယ် .."

ဒါတွေပဲ အထပ်ထပ်ကြားနေရင်း သားငယ် မျက်နှာလေးကို ...သောင်နေသည်။ နောက်ဆုံး ခေါင်းခါထုတ်ပစ်မိရင်း ကားကို ...င်ထဲက ထွက်လိုက်သည်။ 'သားငယ် ပန်း အလုပ်လုပ်နေတာကို ...လိုသိသွားတာလဲ ..' ကားက လမ်းပေါ် ပြန်ရောက်လာသလို ...တွေးလိုက်မိတာလည်း ဒီအကြောင်းတွပဲ ဖြစ်နေခဲ့လျက် ..၊

ဒီကိစ္စမှာတော့ သူ ဘာမှ မလှုပ်ရှားလိုက်ရဘဲ အခြေအနေက ...အတွက် ဖြစ်လာတာကို ကျေနပ်မိရပြန်သည်။

ရက်စက်တတ်အောင် မနည်း လုပ်ယူနေရသည့် သူ့ရဲ့ တွေဝေမှု ...အတွက် ကံကြမ္မာက သားငယ် ကို သူ့လက်ထဲရောက်လာအောင် ...ထိုးမှောက်ခံ ပစ်ချပေးခဲ့ခြင်းလို့ပဲ ယူဆလိုက်၏။

ဒါဆို သူ့ရဲ့တုံ့ပြန်ခြင်းက တရားမျှတနေတာပဲ။

ဟုတ်တယ် အရိပ်ထင် ..၊ မင်း မှန်တယ်၊ ဆက်လုပ် ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၁)

"တီ .."

အနားကပ်ပြီး ဟွန်းတီးလိုက်သဖြင့် ပန်း လန့်လည်း လန့် ကာ ဖျတ်ခနဲ လှည့်ကြည့်မိသည်။ မီးခိုးရောင် ပါဂျရိုကားက အမှောင်မှာ အနက်ရောင်နဲ့ တူနေလျက်၊ ကားတွေ ထည်လဲ သည့် အရိပ် ကို ဒီကားထဲမှာ ရှိနေမယ်မှန်းလည်း မသိ..။

ထို့ကြောင့် ရှေ့ပြန်လှည့်ပြီး ဆက်လျှောက်မိသည်။ ကားက နည်းနည်း လွန်သွားပြီးမှ ရပ်သွားကာ ...

"ဟော့ .."

မှန်ကျသွားသည့်နောက်မှာ အရိပ် မျက်နှာကို မြင်လိုက်ရ မှ ...

"ကိုကို .."

"ဘယ်ထိ လျှောက်နေမလို့လဲ"

"ဒီမှာ ကားစောင့်နေတာ .. တစ်စီးမှ တားမရလို့"

"လာ .. တက် .."

"ပန်း လမ်းမှာ ဝင်စရာရှိသေးတယ် ကိုကို"





ပေးမယ် .. တက် .."

း ချက်ချင်း တက်မလာဘဲ ငေးကြည့်နေသဖြင့် စိတ်ထဲမှာ တော့ ဖြစ်သွားသည်။ ဒါပေမယ့် သူမ ကားထဲ ဝင်လာတဲ့ ဝဲ စောင့်နေခဲ့ရပြီး ...

"ဘယ်ကို ဝင်မှာလဲ .. ပြော .."

"မရှိပါဘူး"

"ဘာ!..."

း မျက်နှာကို သေချာမမြင်ရပေမယ့် ပြောသည့်လေသံအရ ထ်က တန်ပြန်သက်ရောက်မှုတစ်ခုကို အလိုလို ခံစားမိလိုက် တ်ခမ်း မဲ့သွားကာ ...

"အဟွန်း .. ငါ ညံ့သွားတာကို ဝန်ခံရတော့မှာပေါ့"

"မဟုတ်ဘူး ကိုကို .. ပန်း ဘက်က ဆင်ခြင်သင့်တယ် ထင်လို့ ဒါကလည်း ကိုကို့ဂုဏ်သိက္ခာကို မယုံကြည်လို့ မဟုတ်ဘူး၊ ကြောင့် ကိုကို့အိမ်ထောင်ရေးမှာ ထိခိုက်မှုတစ်ခုခု ဖြစ်မှာစိုးလို့"

"ဒါကို ဘာဖြစ်လို့ ချက်ချင်းကြီး ကောက်ပြီး သိတတ်သွားတာ ဖူးတင်ရမလိုပေမယ့် ကြားရတာ အောင့်သက်သက် ဖြစ်နေ -"

ားမောင်းနေသည့် သူ့ကို ပန်း က လှည့်ကြည့်မိကာ ...

"တကယ့်စိတ်ရင်းနဲ့ ပြောတာပါ ကိုကို .. ကိုကို့လက်တွေနဲ့ င်ခဲ့လို့ ပန်း ဒီနေ့ ရှင်သန်ခွင့်ရနေခဲ့တာ၊ ကိုကို့ကို ပန်း မယုံ ရာ ဘာရှိလို့လဲ"

ရိပ် မဲ့ပစ်လိုက်ချင်ပေမယ့် အထမမြောက်ခဲ့ဘဲ ပြောဖို့ မရည် ကို ပြောမိခဲ့၏။

"ငါ လက်ထပ်ခဲ့တာ မြန်မာပြည်မှာ မဟုတ်ဘူး"

"ဟင်!..."



www.burmeseclassic.com

www.burmeseclassic.com



ပန်း လှည့်ကြည့်လာမှ နောက်ထပ် သွက်လာမည့်အ
မလိုလားစွာ ရှိခဲ့ရင်း ဒါတွေ ပြောမိသည့် ကိုယ့်ကိုယ်ကိုယ်
အပြစ်ပေးရမှန်း မသိ။

ဒါပေမယ့် ပန်း ကလည်း တိတ်ဆိတ်စွာပဲ ပြန်လည် ရှိ
ခဲ့လျက် ...

"ဒီမှာပဲ ဆင်းမယ် ကိုကို .."

"မိုးရွာနေပြီ .. ထီးပါလား"

ပန်း တစ်ချက် တွေသွားပြီးမှ ...

"ရပါတယ် .. သိပ်မဝေးတော့ဘူး"

လှမ်းကြည့်လိုက်တော့ မှောင်မိုက်သည့်လမ်းရဲ့ အကွာအ
လူကို စိတ်တိုသွားစေကာ ...

"မဆင်းနဲ့ .."

သူ ကားဆက်လိုမ့်သွားတော့ ပန်း က စိတ်လှုပ်ရှားသွ
ပုံလေး ဖြစ်လျက် ...

"ဒီအမှောင်လေးလွန်ရင် ဟိုဘက်ထိပ်မှာ စတိုးဆိုင်ကြီး ရှိ
ကိုကို ...၊ ထီး ဝင်ဝယ်လို့ရတယ်၊ ပြီးတော့ ဒီအချိန်ကျမှ
ယောက်ျားတစ်ယောက်နဲ့ ပန်း ပြန်လာရင် .."

"မင်း ပြောတော့ ငါ ဘာပြောပြော ခေါင်းမခါဘူးဆို -"

စူးလက်နေသည့် မျက်လုံးတို့ ဆုံစည်းသွားလျှင် ကာ
အလင်းရောင်မလိုဘဲ ဆွဲငင်အားတစ်ခုလို ငေးစိုက်နေကြ၏။
က ဖျတ်ခနဲ မျက်နှာပြန်လွှဲကာ ...

"ငါ လိုချင်တာ အဲဒါမျိုးပဲ"

ပန်း အသံတိတ်သွားကာ ကားက ဆက်လက်ထွက်ခွာ
မှောင်မည်းသည့်လမ်းကြားထိပ်ကို လွန်မြောက်သည်နှင့် ခြော
တွဲ စတိုးဆိုင်ကြီး၏ မီးအလင်းရောင်က အမှောင်ထုကို ကျယ်





ထားတာ မြင်လိုက်ရသည်။

ားက ထိုနေရာမှာ ရပ်သွား၏။ ဆိုင်ရှေ့တည့်တည့် ဖွေးထိန်
ာ မီးရောင်အောက်မှာမို့ ပန်း က ကားထဲမှာ ကျန်နေခဲ့ပေမယ့်
မြင်အောင် တမင်တကာ ငုတ်တုတ်ထိုင်ပြနေသလိုပင် ...။
ပြင် အရိပ် က ဝင်သွားပြီးမှ ပြန်လှည့်လာကာ ဘေးကနေ
ကြည့်ကာ ...

"ဟော့ .. ခဏထွက်ခဲ့ဦး ...၊ ထီး လာရွေး"

က်ဝန်းထဲမှာ စိုစိုစွတ်စွတ် ဖြစ်လာကာ နှာခေါင်းတွေ၊ လည်
တွေထဲမှာ ကျပ်ခဲလာခဲ့၏။ ငိုချင်လာသည့် ကိုယ့်အဖြစ်ကို
အောင် ဘယ်လိုဖြေရှာရမှန်း မသိ ...။

သူမ ယုံကြည်လေးစားခဲ့သည့် ကိုကိုဟာ အမုန်းငြိုးတွေနဲ့
ငြိုး သူမအပေါ် တကယ်ပဲ ရက်စက်စိမ်းကားနေပြီလား ...။
သို့ဆိုလျှင် သူမ မျှော်လင့်ခဲ့မိသော ကိုကို ကျေနပ်နိုင်မည့်
နေ့ဆိုတာရော ရှိလာနိုင်ပါ့မလား ...။

စိတ်ဟာ ဘယ်လိုပဲ အရွတ်ဆန့်ဖို့ ကြိုးစားပေမယ့် ပတ်ဝန်း
် ဂရုမစိုက်စွာ ဘက်တိုက် လှုပ်ရှားဖို့တော့ သူမမှာ သတ္တိမရှိ

သူမ ဆင်းတော့မည်ထင်ကာ အရိပ် က လှည့်ထွက်သွားပြီဖြစ်
န်း က ဆင်းတော့ ဆင်းလိုက်ပေမယ့် ဆိုင်ထဲကို မဟုတ်...။
မိုးဖွဲဖွဲရွာနေသည့်လမ်းပေါ်မှာ ဆိတ်ငြိမ်ရပ်ကွက်တို့၏ ထုံးစံ
င်း ကားလည်း မရှိ၊ လူလည်း မရှိတော့ပေ။ ဆလင်းဘက်ခ်ကို
တ်ကာ ပန်း အပြေးတစ်ပိုင်း လျှောက်မိသည်။

အရိပ် ဒေါကန်သွားမှာကို သိနေပေမယ့် လိုက်လာမှာကို တွက်
မိခဲ့ရာ နောက်ကနေ ကားမီးရောင် ဝင်းခနဲ ကျလာတော့ [illegible]
သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့ကားလား ...၊

ဘုရား .. ဘုရား .. မဟုတ်ပါစေနဲ့ ...။

ရင်ခုန်သံတွေက မြန်ဆန်နေလျက် ခြေလှမ်းတွေက တစ်ပိုင်း ဖြစ်လာသည်။

"လျှပ်ပန်း .."

ကားက ဘေးမှာ တုံ့နေးသွားပြီးမှ ရပ်၏။ ကိုကို့အသံ နှင့် ပန်း တုံ့ခနဲ ဖြစ်သွားကာ ...

"ရောက်တော့မယ် ကိုကို .. ပြန်တော့"

ပြောလည်း ပြော၊ မပြေးရုံတစ်မယ် ဆက်လျှောက်လျှ

"ရပ်နေစမ်း .."

"အား .."

သိပ်မပြေးလိုက်ရဘဲ နောက်ကနေ လက်ကို ဆောင့်ဆွဲလို ခံရကာ မျက်နှာချင်းဆိုင်မိသည်နှင့် ပခုံးနှစ်ဖက်ကို ဖိဆုပ် သည့် အရိုပ် ရဲ့လက်တွေက မညှာမတာ ...။

"မင်းက ဘာလဲ ...၊ လူရမ်းကားလက်က လွတ်မြောက် ပြေးနေရတဲ့ပုံ ဖမ်းတာလား၊ ယုံကြည်ပါတယ်ဆိုတဲ့ စကား ငါ့ကို ထောင်ချောက်ဆင်တာလား ...၊ ဟော့ .. မော့စမ်း .."

"မဟုတ်ပါဘူး .. ဒါပေမယ့် မသိဘူး"

မိုးစက်တွေက စိပ်လာသည်။ အရိုပ် ရဲ့လက်တစ်ဖက်ထဲ ရှိနေသော်လည်း စိတ်ထဲကတော့ မထုတ်ရသေးဘဲရှိကာ နှစ် စလုံး၏ဆံပင်တွေပါ စိုရွှဲနေပြီ ဖြစ်၏။

ပန်း မျက်နှာလေး မော့ကာ ဆံပင်တွေကို ခါထုတ်ပ ရင်း ...

"ကိုကို့အတွက် ပန်း ဘာမဆို ပေးနိုင်တာ မှန်တယ်၊ ကိုကို နဲ့ ပန်း တို့ပဲ နားလည်ကြတဲ့ နှစ်ယောက်တည်း ဆက်





ပတ်ဝန်းကျင်လည်း မပါဘူး၊ ကိုကိုရဲ့အိမ်ထောင်ရေးနဲ့ တစ်ခုခု နိုင်မယ့်အဖြစ်တွေလည်း မလိုချင်ဘူး၊ တောင်းပန်ပါတယ် ရယ် .. ပန်း ကို ညှာတာပါ၊ ပန်း ခံနိုင်ရည်ရှိနိုင်လောက်တဲ့ နက်မျိုးကိုပဲ သုံးပေးပါ"

"တော်တော့ လျှပ်ပန်း .."

ပခုံးနှစ်ဖက်ကို ဆောင့်ခါပစ်လိုက်ရင်း လက်တစ်ဖက်က ရေ တွေ ကျနေပြီဖြစ်သည့် ဆံပင်တွေထဲ ရောက်၏။ တက်ခေါက် ၊ အံကြိတ်လိုက်နှင့် တစ်လှမ်းဆုတ်ပြီးကာမှ ရှေ့ပြန်တိုး၍ ...

"အေး .. လက်နက်တွေ သုံးနေပြီလို့ မင်း ထင်ရင်လည်း မင်းနဲ့ အခု ရှိနေကြတာ စစ်တလင်းတစ်ခုလို့ မှတ်လိုက်တော့၊ အဲဒီတော့ နိုင်ရဖို့အတွက် ရရာလက်နက်ကို သုံးမယ်၊ ပြိုင်ဘက်လို့ သတ်မှတ် က်တဲ့အတွက် ယောကျ်ားမိန်းမဆိုတာ မရှိဘူး၊ ပြောချင်တာက ဘက်က ညှာတာမှုကို မင်း မမျှော်လင့်ဖို့ .."

အံကြိတ်သံနှင့်ပြောပြီး သူ ကျောခိုင်းဖို့ ခြေလှမ်းပြင်၏။ ဒါပေ ည့် သူမရှေ့မှာ တစောင်းအနေအထားဖြစ်သွားပြီးမှ ခြေလှမ်းတုံ့ ာ ...

"နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်ရတော့မှာ သိလိုက်ပြီး မင်း ထွက် ပြေးဖို့ မကြိုးစားနဲ့ .."

အရိုပ် က အေးစက်ခက်ထန်စွာ ပြောပြီး ပန်း ရဲ့ လက်တစ်ဖက် ် ဖျတ်ခနဲ ဆွဲယူကာ သူ ကိုင်ထားသည့် ထီးကို ဖိသိပ်ထည့်ပေး၏။

ပြီးတော့ မိုးရေထဲမှာပဲ လှည့်ထွက်သွား၏။

ပန်း ဒီတိုင်း ရပ်ငေးနေဆဲမှာ ကားက သူမကို ကွေ့ရှောင်ကာ ာပ်သီးကပ်သတ်ကို မရမက ဝိုက်ထွက်သွားသည်။

မောင်းသူ၏ဒေါသက ကား၏ မဆင်မခြင် မောင်းထွက်သွား သည့်အရှိန်ပေါ်မှာ သုံးသပ်ကြည့်လို့ ရနိုင်လောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံး စို့ရွဲနေပေမယ့် ထီးကို ကျစ်နေအောင်ဆုပ် ... ပန်း နေရာမှာ ရပ်နေမိဆဲ ...။

ကိုကို ပြေးလိုက်လာပြီး ခြိမ်းခြောက် ကြိမ်းဝါးသွားတာ တ... ကို သတ်ပစ်ချင်လောက်အောင် မုန်းနေလို့လား ...၊

ဒါမှမဟုတ် မိုးရေထဲမှာ ထီးကိုမယူဘဲ ထွက်သွားလို့ ခုန်... ထွက်လာသည့် ဒေါသတွေလား ...။

ချမ်းအေး၍မဟုတ်ဘဲ ပန်း နှုတ်ခမ်းသားလေးတွေ တ... ဆတ် တုန်ယင်လာသည်။

ကိုင်ထားသည့်ထီးကို ရင်ဘတ်မှာ ကပ်လိုက်မိရင်း က... ကယင် ပြုံးလိုက်သော နှုတ်ခမ်းများမှ ရယ်သံသဲ့သဲ့လေးလည်း ... လာသည်။

ကိုကို့ကို သိပ်ချစ်တယ် ...။





## အခန်း (၃၂)

"ဘာ!... တကယ်လားဟင်"

"ဟုတ်တယ် .. ကျောင်းကို ရောက်မရောက်တော့ မသိဘူး၊ ...ာင်ကထွက်သွားတာ ကြာပြီ"

ပန်း နဲ့ မနွေ့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြ ...ည်၊ မနွေ့ က ကားပေါ်က ကပျာကယာ ဆင်းလိုက်ကာ ...

"သူ့အမေနဲ့ အဆင်မပြေဖြစ်ပြီး အိမ်ကို ပြန်မလာတာလည်း ...ပြီမို့လို့ပါ၊ ဟိုလေ .. သူ ထွက်သွားတဲ့ နောက်ဆုံးအခေါက်ကို ...ဘီ သိလိုက်သေးလားဟင် .. အပြီးပြောင်းသွားတာမျိုးလား"

အမျိုးသမီးကြီးက ကားထဲကိုလှမ်းကြည့်ပြီးမှ မျက်နှာခပ်မှုံမှုံနှင့်...

"အဆောင်ပိုင်ရှင်သားဆိုတော့ ပြောလည်း မပြောချင်ပါဘူး၊ ...ကောင်လေးက ခေါ်ပြောလိုက်ရင်တော့ သဘောကောင်း မနော ...ာင်းလေးပါ၊ ဒါပေမယ့် အပေါင်းအသင်းတွေက စုံမှစုံပဲ၊ အချိန် ...ာ် ဝင်လိုက်ထွက်လိုက်ရင် တပြုံတမကြီးနဲ့လေ၊ အန်တီတို့မှာ ...သို့လုံခြုံရေးကို ပူပင်နေရတဲ့ဘဝ ရောက်နေတာ၊ နောက်ပြီး ခပ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ကြီး အမျိုးသမီးတစ်ယောက်လည်း နှစ်ခါ သုံးခါ ပါလာသေး ကြီးတယ်ဆိုပေမယ့် ရုပ်ရှင်မင်းသမီး ရှုံးပါတယ်ကွယ်၊ သူ့ ထွ ခါနီးတော့ အဲဒီထက် နည်းနည်းငယ်ငယ်တစ်ယောက်၊ ဒါ သူ့ထက်တော့ အသက်ကြီးတာကြီးတွေချည်းပဲ၊ သူ့ဒွေးသားမှန်း လို့သာ ..၊ မဟုတ်ရင်တော့ လူပြောစရာပါပဲ''

ကားပေါ် ပြန်ရောက်ပြေတော့ ချက်ချင်း မမောင်းသေး ငိုင်နေသည့် ပန်း မျက်နှာကို မနွေ က စိတ်မကောင်းစွာ ကြည့် ပြီးတော့ သက်ပြင်းရှည်ကြီး ချကာ ...

''စိတ်ဆင်းရဲမနေပါနဲ့ဟာ .. သူ့ ဘာဖြစ်လို့ အပေါင်းအ တွေ စုံနေတယ်ဆိုတာ နင့်ကို ပြောပြ :တာပဲ''

ပန်း က တုတ်တုတ်မှမလှုပ်ဘဲ ကော့နက်သည့် မျက်တောင် ပါ ငြိမ်သက်နေပုံက အရုပ်တစ်ရုပ်နှင့် တူ၏။

''ခုနေ သူ့ကို တွေ့ရင်လည်း နင့်ဆီက သူ လိုချင်တဲ့အ မရဘဲ နင်တို့သားအမိ အဆင်ပြေမှာ မဟုတ်ဘူး .. အဲဒီတော့ သားငယ် ကို စုံစမ်းပါ့မယ် .. တွေ့ရင်လည်း ထိန်းသိမ်း ဖျောင်း မယ်၊ နင် ကိုယ့်စိတ်ကို ဒုက္ခပေးမနေပါနဲ့''

ပြောပြနေရင်း သတိထားမိလာတာက ပန်း ရဲ့မျက်ဝန်းအ မျက်ရည်ကြည်တွေ ဝေ့လည်နေ၏။

သူမသည် ပြောဖြစ်ပြီဆို အကျိုးအကြောင်း အစအဆုံး ဟုတ်ပေမယ့် တိတ်ဆိတ်နေတဲ့အခါဆို ပြောနေတာကို ကြားမှ လားလို့-ထင်ရလောက်အောင်ဖြစ်ကာ ကိုယ့်စကားကိုများ သ မကျလို့လားလို့ တွေးမိရတဲ့အထိ ..။

သူမအကြောင်း သိထားခဲ့တာတောင် စကားပြောနေတိုင်း ရဲ့မျက်နှာကိုပဲ မလွှတ်တမ်း အကဲခတ်နေမိတာလည်း မနွေ အကျ နေပါပြီ။ ဤသို့ တွေးနေမိစဉ် ပန်း ရဲ့မျက်တောင်ဖျားလေး





ရှာတာက မျက်နှာနှင့် မျက်ဝန်းတို့က မနွေ ဘက်ကို ဒီဂရီ ည်းငယ် တိမ်းစောင်းလာ၍ ...

''မနွေ ဘယ်လိုထင်လဲ ..''

မျက်နှာဆီ အကြည့်မရောက်ဘဲ မေးတော့ မနွေ ကပဲ သေချာ ကြည့်ရကာ ...

''ဟင် .. ဘာကိုလဲ''

''သားငယ် အိမ်ကို ပြန်မလာတော့ပေမယ့် အရင်အတိုင်းပဲ ရှိနေ လို့ မနွေ ထင်လား ..''

''အဲ့ဒါက ..''

''ဒါမှမဟုတ် ပန်း ကို ပြောသွားသလို မအေကိုရှဲ့ပြီး မဟုတ်တာ လျှောက်လုပ်နေပြီလား''

''ပန်း ရယ် ..''

''ပန်း သူ့ကို ထင်ရာစိုင်းခွင့်တော့ မပြုနိုင်ဘူး မနွေ ..''

''ဒါဆို တစ်ခုပဲ ရှိတယ်လေ .. နင်လည်း သူ့ ခွင့်မပြုနိုင်တာကို လုပ်နဲ့ပေါ့၊ နင့်ခံစားချက်တွေကို မဝေဖန်ချင်ပေမယ့် သူများနဲ့ လုံးဝ တူတဲ့ နင့်လို မိန်းမတစ်ယောက်အနေနဲ့ ဒီလုပ်ငန်းမျိုးမှာ ဦးစီးတယ် တာ ငါလည်း သဘောမကျဘူး၊ ငါတို့ချင်းမို့ ပွင့်ပွင့်လင်းလင်း ပြောရရင် နင် လုပ်တာ အရမ်းမှန်သွားတာ တစ်ခု ရှိတယ် ..''

စကားရပ်ပစ်လိုက်တော့ ပန်း မျက်ဝန်းလေးတွေ သူမထံမှာ စိုက်လာ၏။ မနွေ က မပြောသင့်ပေမယ့် ပြောမှဖြစ်မှာမို့ အားယူ ထိုက်ရသည့် ပင့်သက်ရှိုက်ပုံဖျိုးနှင့် ...

''အဲဒါ ဘာလဲဆိုတော့ သားငယ် ကို မေမေလို့ ခေါ်နိုင်ပြီး သားအဖြစ် မွေးခဲ့လို့ ..''

ပန်း မျက်ခုံးလေးတွန့်သွားတော့ မနွေ က တောင်းပန်သည့် အပြုံးနှင့် ပန်း လက်လေးတစ်ဖက်ကို လှမ်းကိုင်ထားလိုက်ကာ ...



www.burmeseclassic.com

"တကယ်လို့သာ သူ့ကို မောင်လေးတစ်ယောက်လို နင်
ရောက်လာခဲ့တာဆိုရင် ဒီအရွယ် ဒီပြဿနာမျိုးတွေ ဝင်လာတဲ့
ဘာမှမတော်ကြမှန်း သိသွားရင် .."

"တော်ပါတော့ မနွေ ရယ် .. မနွေ အဲဒီစကားတွေ ပြောမိ
မတော်တဆ ကြားသွားပါ့မယ်"

"ငါ သိပါတယ် .. ငါကလည်း အဲဒါကို တွေးမိတိုင်း ကျေ
သလို ဖြစ်လွန်းလို့ 'တော်သေးတာပေါ့'လို့ တွေးမိတိုင်း နင့်ကို
က ထုတ်ပြောမိတာပါ၊ အခု ငါတို့ကားပေါ်မှာမို့လို့ ပြောတာ
နင့်အသက် သုံးဆယ်ဆိုပေမယ့် နှစ်ဆယ်ကျော်အစိတ်လောက်ပဲ
ရတာ၊ ပြီးတော့ အရမ်းကို နုဖတ်ပြီး လှနေတာ ပန်း၊ သူ့အမေဆို
အသိနဲ့တောင်မှ နင့်ကို သားငယ် က အစ်မတစ်ယောက်ကို သဝ
သလို တိုနေတာ၊ သူ့အမေ အလှပဂေးကို ထားစရာမရှိအောင် ဖြစ်
တာ သိလား ..၊ အဲဒီကြားထဲကနေ နင့်ကို ဒီအလုပ်ကိစ္စ သိသွား
ဘယ်လိုလုပ် နားလည်ပေးနိုင်တော့မှာလဲ ..၊ သူ့အစ်ကိုအတွက် ဆို
မယ့် သူ့မှာလည်း အိမ်ထောင်နဲ့မို့လား .. ပေးဆပ်နေတာနဲ့ မတူ
နင်ပဲ သိက္ခာရေစုန်မျောရမှာ တွေးဦး .."

"မတွေးဘဲ နေမလား မနွေ .. ဒါပေမယ့် ကိုကို ပန်း ကို က
တင်စောင့်ရှောက်ခဲ့တာဟာ တခြားလူတွေလို နေစရာ စားစရာမရှိ
လူတစ်ယောက်ကို လိုအပ်တာလေး ပေးပြီး အိမ်မှာ ခေါ်ခိုင်းထား
မျိုး မဟုတ်ဘူး၊ စာချုပ်စာတမ်းနဲ့တကွ မွေးစားရအောင် သူကိုယ်တို
လည်း လူကြီးတစ်ယောက် ဖြစ်သေးတာ မဟုတ်ဘူးလေ ..၊ ပ
အတွက် သူ အများကြီး ရင်ဆိုင်ခဲ့ရတာ ..၊ မီးလောင်မှုကိစ္စမှာလည်
အမှန်တရားကို ပန်း ကိုယ်တိုင် သိနေပေမယ့် အများအမြင်မှာ ပ
က တရားခံ၊ ဒါပေမယ့် ကိုကိုက .."

"ပန်း ရယ် .. အဲဒီလိုလူတွေက အမှန်တရားကို သူတို့ရဲ့ ဂုဏ်





အတွက် ဖျောက်ဖျက်တတ်ကြတာ ဘာများဆန်းလို့လဲ ..၊ ငါ့ကို
တာလိုက်တယ်လို့တွက်ပြီး နင်က ပေးဆပ်ဖို့ပဲ အဆင်သင့်ဖြစ်
တာ နည်းနည်းလည်း ဆင်ခြင်ပါဦး"

ပန်း မျက်နှာက အေးစက်စက်လေးဖြစ်လျက် ရှေ့ကို ပြန်လှည့်
၏။ ဒီစကားတွေ ခဏခဏ ပြောဖြစ်ကြသလောက် မနွေ နား
ည်နိုင်ဖြစ်နေတာကို သူမ အပြစ်မမြင်ပါ ..။

တကယ်တော့ 'မျက်လုံးရိုင်း'ဆိုတဲ့နာမည် ပန်း ကို ကိုကို ဘာလို့
ခဲ့သလဲဆိုတာ မနွေ ဘာမှ သိရှာတာ မဟုတ် ..။ ထို့ပြင် ပန်း
ာမည် နောက်ထပ် ရှိနေတာတွေ ..၊ မီးစနေ ဆိုတဲ့ လျှပ်ပန်း ..၊
လို့ ခေါ်ခဲ့ကြတာ ဘာကြောင့်လဲ ..၊ ဒါတွေကိုတော့ မနွေ ကို
ှင့်ပြောပြခဲ့တာတွေထဲမှာ မပါခဲ့ပေ။ ထို့ကြောင့် ..၊

မနွေ ပြောလာတိုင်း သူမ ပြန်မပြောဖြစ်ခဲ့တာတွေက ပြောလို့
ဖြစ်တာကြောင့်ဆိုတာ ..၊

"ငါ ပြောတာကို စိတ်ဆိုးသွားတာလား ပန်း .. ဟင်"

"ဟင့်အင်း .. ဘာလို့ ဆိုးရမှာလဲ၊ မနွေ သိထားတာတွေထဲမှာ
နေသေးတဲ့ ပန်း ရဲ့ခံစားချက် အစုအဝေးတွေ ရှိသေးတယ်၊ အဲဒါ
ကို စဉ်းစားနေတာ၊ ဘယ်လိုပဲဖြစ်ဖြစ် မနွေ ရယ် .. သားငယ်လေး
ပျက်စီးမခံနိုင်ဘူး၊ အခု ပန်း ရဲ့သားလေးအဖြစ် ဝှက်ထားခဲ့ပေမယ့်
က ကိုကို့ရဲ့ညီလေးပဲလို့ သူ့လက်ထဲကို ထည့်ပေးခွင့်ရတဲ့ တစ်နေ့ကျ
သားငယ် က သိပ်ကိုချစ်စရာကောင်းတဲ့ လူငယ်လေးတစ်ယောက်
နေစေချင်တယ်၊ ကိုကို့အပေါ် ဘယ်တုန်းကမှ ထိရှ ငြိုးတေးခဲ့တာ
ဘူးတဲ့ ပန်း ရဲ့စေတနာ မေတ္တာတွေဟာ သားငယ်လေးရဲ့ ဖြူစင်
ည်မွန်တဲ့ ရှင်သန်မှုပေါ်မှာ သက်သေအဖြစ် ရှိနေချင်တယ် .."

"အဲဒါဆို သားငယ် က ပိုပြီး သနားဖို့ ကောင်းနေပြီ ပန်း .."

"ဘာဖြစ်လို့လဲ .."

www.burmeseclassic.com



"သားငယ်ကို နှင် ချစ်သမျှက အရိပ်ထင် ပေါ်မှာ ကျရော
အလင်းကနေ ပြန်လာတဲ့ တန်ပြန်လင်းအားပဲ .."

"မဟုတ်ဘူး မနွေ .. သားငယ် ကို ဟိုးအရင် စတွေ့တည်း
ပန်း အရမ်းချစ်တာ၊ မနွေ ပြောသလို ပြောရရင် ကိုကို့ညီလေးရဲ့
ကိုကို့ကို အရမ်းချစ်လို့ .. သားငယ်လေးကို ပိုပြီး စုပုံချစ်ခဲ့
သားငယ် ကို ပန်း ချစ်ပါတယ်"

"ဆောရီးပါ .."

မနွေ စိတ်မကောင်းဖြစ်သွားမိသည်။ ထို့ကြောင့် ခေါင်းညိ
ရင်း ပန်း လက်လေးကို ဖိညှစ်ဆုပ်မိကာ ...

"နှင်တို့တွေ ဟိုအရင်တည်းက အတူတူနေပြီး သားငယ်
နှင် ချိုပွေ့ခဲ့ဖူးတာတွေ ငါ ထည့်မတွေးခဲ့မိဘူး"

"ရပါတယ် .. မနွေ ဘာပြောပြော ပန်း ဘယ်တော့မှ မငြိ
ဘူး၊ ဆောရီးလို့ မတောင်းပန်ပါနဲ့ .."

ပန်း က ပြုံးပြပြီး ကားစက်နှိုးလိုက်သည်။

"ဘယ်သွားဦးမလဲ .. မြို့ထဲပိုင်းမှာ ပတ်ရှာမနေနဲ့တော့
လမ်းကျဉ်းလေးတွေထဲမှာ တစ်လမ်းမောင်း ဝင်ရတာ ..၊ ပါကင်
မရှိ၊ ဆုတ်မလွယ် တိုးမလွယ်နဲ့ ပြန်ရအောင်ပါ၊ ဒီနေ့ ဈေးကပြန်
ငါ ဝင်မွှေလိုက်ပါ့မယ်"

"အင်း .. ဒါဆို .. ပြန်မယ်နော် .."

ပြန်လှည့်လာခဲ့ပေမယ့် သားငယ် ကို စိတ်ပူနေသည့်အတွေး
မျက်လုံးကိုတော့ အနားမပေးနိုင် ...။ မနွေ ပြောသလို ဒါဟာ ကိုကို
သာ သက်ဆိုင်နေသည့် ပူလောင်မှုလား ...၊

သက်ဆိုင်တာ မှန်ခဲ့ရင်တောင် သားငယ် ကို သူမ သိပ်ချစ်ပါ





## အခန်း (၃၃)

"သူ အထဲမှာလား .."

"ဟုတ်တယ် .. ဆရာ"

"ဘယ်သူတွေ ရှိသေးလဲ"

"ဒီနေ့ သူတစ်ယောက်တည်းရယ် .. စိန်ဝင်း တို့က ကမ်းနားမှာ
ပို့ သွားကြလို့ .."

သူ အထဲကို ဝင်လာခဲ့ပြီး အခန်းတစ်ခန်းရှေ့မှာ ရပ်လိုက်သည်။
ားသည့် တံခါးကို ကိုင်မလိုပြင်ပြီးမှ ပြန်လှည့်၍ ...

"ဒါ ငါ့ပိုင်နက်ဆိုတာ လုံးဝ မရိပ်မိစေနဲ့နော်"

"မရိပ်မိဘူး ဆရာ .. ကျွန်တော်က သေချာ အကွက်ချပြီး စည်း
တာ၊ ချာတိတ်က တော်တော် စိတ်လေနေတာ၊ မိဘအိမ်က
ာတာနဲ့ မတူဘူး၊ ရည်းစားပြတ်ပြီး အရည်ပျော်နေတာမျိုး...၊
ည်း ဝင်လုံးလိုက်တာနဲ့ လုံးဝ ပုံအပ်ပြီး ပါလာတာ .."

အရိပ် ခေါင်းညိတ်ပြီး အခန်းနဲ့ အလှမ်းကွာတဲ့နေရာထိ တစ်
င်း ပြန်ဆုတ်လာခဲ့ရင်း ...

"ညက မင်း ပြောပုံဆိုရင် ဒီကောင်လေး အရင်တည်းက ဒါတွေ
ဘယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. လုံးဝ မစိမ်းသက်တာ သေချာတယ်၊ နော
ဒါတွေ .. ဒါတွေ ဖြစ်လာဖို့ ကျွန်တော်တို့ အားစိုက်စရာတော်
မဟုတ်ဘူး"

"မောင်မောင် .."

"ဗျာ .."

လက်တစ်ဖက်ဆန့်ပြီး ဆေးထိုးတဲ့ပုံ လုပ်ပြနေသည့် မောင်
ကို အရိုပ် က မျက်မှောင်ကုတ်ကြည့်ကာ ...

"အဲဒီထိ ဖြစ်ဖို့ မလိုဘူး"

"ဟင်!..."

"ငါလိုချင်တာ အသက်တစ်ချောင်း မဟုတ်သလို ဒီကော
က အခိက မဟုတ်သေးဘူး၊ ဒါပေမယ့် သူပဲ အမိက ဖြစ်နေ

"ဟုတ် .. ဟုတ်ကဲ့ .."

"ရင်းရင်းနှီးနှီး နေ .. ဒီအဆင့်နဲ့ပဲ မင်း ထိန်းသိမ်းပေ
ငါ အမိန့်မပေးဘဲ ဘာမှ မပိုနဲ့"

"နားလည်ပြီ ဆရာ၊ စိတ်ချ .."

သူ နောက်တစ်ခါ အခန်းရှေ့ရောက်တော့ ခဏ နားစွင်
တံခါးကို အသာလေး တွန်းဖွင့်လိုက်သည်။ မွေ့ရာထက်မှာ
လက်ပစ် အိပ်နေသည့် သားငယ် ပုံစံက တကယ်ကို အပြစ်က
သော ဖြူဖြူသန့်သန့် လူငယ်လေးတစ်ယောက်လို ..။

ပြီးတော့ ဘေးမှာ နားကျပ်တွေ၊ လက်ပ်တော့ပ်နှင့် စီးကရ
တွေ ရှိနေသည့် ပြာခွက် ..၊ အရိုပ် နောက်ပြန်ဆုတ်ကာ တံခါ
သည်။ ပြီးမှ ပြန်လျှောက်ထွက်ခဲ့ရင်း ...

"သူ သွားလေရာ မင်း ပါပစေ ..၊ ဘာမေးမေး ငါ ပြောတဲ့အ
ပိပိရိရိ ရှိ ဖြေ ..၊ ငါ့ဖုန်းမဟုတ်ဘဲ ဘယ်ဖုန်းမှ မင်း ပြန်ဖြေဖို့ မ
ငါခေါ်ရင် အဆင်သင့်ရှိပစေ .."





"ဟုတ်ကဲ့ .. စိတ်ချပါ ဆရာ"

အရိုပ် ကားမောင်းထွက်ခဲ့ပြီးမှ ဖုန်းဖွင့်လိုက်ကာ ...

"လျှပ်ပန်း .."

"... ... ... ..."

"သားငယ် မင်းအိမ်မှာ ရှိရဲ့လား"

"... ... ... ..."

"မဟုတ်တဲ့လူတွေနဲ့ ဆိုင်တစ်ဆိုင်မှာ ငါ တွေ့ခဲ့တယ်"

"... ... ... ..."

ပန်း ရဲ့အသံလေး ပူလောင်သွားကာ ဖုန်းထဲကတစ်ဆင့် နားထဲထိ
တ်လာသလိုပင် ..၊ အရိုပ် မျက်နှာ ခပ်မှဲ့မှဲ့ တည်တင်းသွားကာ...

"ပြန်လာရင် ဆုံးမပေါ့ကွ .. ကိုယ်တို့အမြင်မှာ လူကောင်းတွေ
တ်ပေမယ့် သူ့အတွက် ကောင်းရင် ကောင်းမှာပေါ့၊ အခု မင်းကို
ရာရှိလို့ မျက်လုံးရိုင်းကို ခဏလာခဲ့ .."

"... ... ... ..."

"ဟုတ်တယ် .. နားရက်လို့ သတ်မှတ်ထားတယ်၊ ဒါပေမယ့်
ာ ဆိုင်ဝန်ထမ်းမှ မဟုတ်တာ၊ အစတည်းက မင်းနဲ့ အတူနေကြ
လည်း မဟုတ်ဘူး"

"... ... ... ..."

"မရဘူး .. အခု လာမှဖြစ်မယ်၊ အိုခေ .."

ဖုန်းပိတ်ပစ်လိုက်ပြီး ပြုံးမိသည်။ မင့်သား ပျက်စီးနေပြီ လျှပ်ပန်း၊
ါ မင်း သိရမယ်..၊ ဒါပေမယ့် မင်းကို ပြင်ဆင်ခွင့်မပေးနိုင်ဘူး၊
ဝကို မင်း ဖျက်ဆီးခဲ့တော့ ပျက်စီးသွားခဲ့တာ ဘဝသုံးခု..။ အခု
ပြန်ပေးရမှာ တန်ပါတယ်၊ စိတ်ချနေ .. ငါ မင်းဆီက အချိုးတူ
မယူဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ငါဟာ မင်းလောက် မယုတ်မာ
တ်ခဲ့လို့ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၄)

"ဟလို .."

"အန်တီ လျှပ်ပန်း လားဟင် .. ကျွန်တော်က သားငယ် သူ…
ချင်းပါ"

"ဟုတ်ပါတယ်ကွယ် .. သားငယ်ကို တွေ့လို့လားဟင် .. …
အဲဒီမှာလား"

"ကျွန်တော်နဲ့အတူတူ မဟုတ်ဘူး .. သူက ဒေးကလပ်မှာ …
တစ်ခါ ပြဿနာရှာထားတဲ့ ဘဲကြီးနဲ့ ကျိုင်တက်နေတယ်"

"အို!..."

"အန်တီ သိလား .. မမေဖွန် ရဲ့ယောက်ျား"

"သိတယ် .. ဘယ်ဒေးကလပ်လဲဟင် .. အန်တီ့ကို သေချာ…
ပြပါဦး"

"(... ... ...)မှာ ဟိုဘဲက တင်းနေတာ၊ သားငယ် က မူးနေတ…
အန်တီ မြန်မြန်သွားခေါ်နော်"





…ပန်း ရင်ခုန်သံတွေ မြန်နေလျက် ဖုန်းချလိုက်တာ နှုတ်ဆက်မိရဲ့
…ဘောင် မသိ ...။

"ဘာဖြစ်လို့လဲ မမ"

…ခန်းဆက်ရှင်မှာ ထိုင်သည့် ကောင်မလေးက လှမ်းမေးတော့
…သိုရင်းကိုပဲ ပြောကာ ဆိုင်အတွင်းထဲ ပြန်ဝင်ခဲ့သည်။ သူမကို
…တဲ့ရဲ့ နောက်ကနေ လက်ပိုက်ကြည့်နေသည့် အရိပ် က ဟွန့်ခနဲ
…သဲ့သဲ့နှင့် လက်ပိုက်ကို ဖြည်သည်။

ပြီးတော့ သူမ ဝင်သွားတဲ့နောက်က လိုက်ဝင်သွားခဲ့၏။ ပန်း
…တော့ မသိပါ။ သူမအတွက် နားနေခန်းသီးသန့်မို့ ချတ်ထားခဲ့သည့်
…တ်အကျီကို ဒီတိုင်းဆွဲယူကာ အပြင်ရောက်နေသည့် အလုပြင်
… အတိုအထွာလေးတွေကို ဆလင်းဘက်ခ်ထဲ ဖြစ်သလို ကောက်
…၏။

…ခန့်ထဲမှာ ကိုယ်ကို တစ်ချက်လှမ်းကြည့်၍ အပြင်ကို အပြေးတစ်
…ထွက်ခဲ့၏။ သို့သော် ...

"ဘယ်သွားမလို့လဲ .."

"ကိုကို .."

ဘယ်တုန်းက ရောက်လာတာလဲလို့ မမေးဖြစ်လိုက်ဘဲ သားငယ်
…က ဆင်းသွားတဲ့အကြောင်း ကိုကို့ကို သူမ ပြောထားမိသလား…၊
…ပြာမိဘူးလားဆိုတာ ပြန်စဉ်းစားရ၏။

ဒီဆိုင်ထဲမှာ ကိုကို ရှိနေတိုင်း သူမ သိခဲ့ရတာ မဟုတ်သလို
…ခါတလေ ဝင်လာတာပဲ လှမ်းမြင်ရပြီး ပြန်ထွက်သွားမှ မြင်လိုက်
…ာတွေလည်း ရှိသည်။

ကိုယ့်ရှေ့ကို တန်းရောက်လာတဲ့အခါဆိုတာ 'အဆင်ပြေရဲ့လား'
…လိုအပ်သေးလဲ' စတဲ့ လောကဝတ်စကားတွေဆိုဖို့သက်သ…
…ခဲ့နိုင် ...။ ထို့ကြောင့် ...



www.burmeseclassic.com

www.burmeseclassic.com



သူမ ပြန်ရမယ့်အကြောင်းရင်းကိုတော့ ပြောကိုပြော
သည်။

"ပန်း အရေးကြီးကိစ္စရှိလို့ ဒီနေ့ စောစောပြန်ပါရစေ"

"ဘာကိစ္စလဲ .."

"သားငယ် .."

"ဟား!..."

အရိပ် မျက်နှာက စိတ်ပျက်ခြင်းကနေ တင်းမာခြင်းသို့
ပြီး ...

"သားတစ်ယောက် မွေးထားပြီး မင်း ဒီလို အသည်းငယ်
ဖြစ်မလား ..၊ မင်းတို့သားအမိ အစတည်းက မခွဲနိုင်မခွာရက်
နေခဲ့ကြတာလည်း မဟုတ်ဘူး၊ ခုကျမှ .."

"ပန်း ကို အဖြစ်သည်းပြနေတယ် ထင်လို့လား ကိုကို"

"ထင်တာ မဟုတ်ဘူး .. ပြောနေတာ၊ အမှုအရာဆိုတာ
တွေရှိလို့ ရုပ်ရှင်အနုပညာဆိုတာ ဖြစ်လာတာ၊ အထူးသဖြင့်
အမှုအရာတွေကို ငါ ကောင်းကောင်းနားလည်နေတယ်
သားကို သားလိုပဲ မွေးစမ်းပါ"

"ကိုကိုက .."

ပန်း မျက်နှာတစ်ပြင်လုံး နီရဲတက်လာကာ စကားလုံး
ထစ်ငေါ့ကုန်၏။ အဲဒါ 'ကိုကိုညီအရင်း' လို့ ပြောချင်လာသည့်
ကို ဖိကိုက်ထားရင်း အနှစ်နှစ်အလလ ထိန်းကျောင်းမွေးမြူခဲ့
မေတ္တာစေတနာတွေ စော်ကားခံလိုက်ရတာ ရင်ထဲမှာ တ
မြည်၏။

တကယ်ဆို သူ့ညီမှန်း မသိဘဲ မိခင်ရင်းတစ်ယောက်
မျက်နှာကို တည့်တည့်ကြည့်ပြီး တမင်တကာ တူးဆွ စိန်ခေါ်
ဖြစ်သည်။ ဒီလူ မသိတာ မဟုတ်ပါ ..။





အမေ သူ့အပေါ် ဘယ်လောက်ချစ်သလဲဆိုတာ နားလည်
ဘခြားမိဘတွေ သူတို့သားသမီးအပေါ် ဘယ်လောက် ချစ်ကြ
တာလည်း သိနေ၏။

သမယ့် ပန်း ကိုကျမှ ထိုးနှက်ချင်နေသည်။ မရမက တိုက်
ကြိုးစားနေခဲ့သည်။

က်လုံးချင်း ဆုံစည်းမှုက ပြင်းထန်သည်။ သူက စိန်ခေါ် မဲ့ရွဲ့
သမယ့် ပန်း ရဲ့မျက်ဝန်းတွေကတော့ ခံခက် ကြေကွဲရင်းကနေ
န်ခြင်းသို့ ဝပ်စင်းလျက် ...

"ဟုတ်ပါတယ် .. ပန်း တို့ အစတည်းက မရင်းနှီးခဲ့ဘူးပဲ
ခုကျမှ ပျာလောင်ခတ်နေရတာတွေလည်း မှန်ပါတယ်၊
ကိုကို့အလုပ်ကို မလုပ်ချင်လို့ မဟုတ်ဘူး၊ သားငယ် က
လုံးဝ ပြန်မလာတာ တစ်လလောက်ရှိပြီ၊ ပန်း ကို အထင်လွဲပြီး
သလိုနေလို့ ခုမှ စိုးရိမ်နေရတာပါ ကိုကို၊ အဲဒါကြောင့် အခု
က်သွားမှ ဖြစ်မယ်၊ ကလပ်ထဲမှာ ပြဿနာ အကြီးအကျယ်
မှာမို့လို့ သွားပါရစေ"

"မရဘူး"

န်း က တောင်းပန်ပြီးတာနှင့် သူ့ရှေ့က ထွက်ခဲ့သည်။ အရိပ်
း ရဲ့လက်တစ်ဖက်ကို ဖျတ်ခနဲ ဖမ်းဆွဲ၏။

"ဒီနေ့ ဆိုင်မှာ ငါ့ရဲ့ပါတနာတွေနဲ့ အထူးပွဲလုပ်ဖို့ ရှိတယ်"

"ကိုကို .. ကိုကို့ကို ပန်း တောင်းပန်နေတာပါ"

"မင်းကို ငါက အမိန့်ပေးနေတာ"

အရိပ် မျက်နှာက တင်းနေ၏။

"မင်းရဲ့ ဗာယီရကိစ္စတွေကို ငါ လုံးဝ အယုံအကြည် မရှိဘူး..၊
သည်း စဉ်းစားမပေးနိုင်ဘူး၊ ကောင်တာမှာ ပြန်ထိုင်နေပါ"

"ဟင့်အင်း .."



www.burmeseclassic.com

www.burmeseclassic.com



ပန်း မျက်ဝန်းလေးတွေ စူးခနဲ လက်သွားကာ ဆုပ်ကိုင်
သည့်လက်ကို အတင်းဖြုတ်ချပစ်ကာ ...

"ဒီနေ့တော့ မရဘူး ကိုကို .. သားငယ် ဆီကို ပန်း လိုက်
ရမယ်"

ကလေးဆန်ဆန်ပဲ ပြေးထွက်လာခဲ့မိသည်။ ဆိုင်ထဲက
ကာမှ ကိုယ်ရှိန်ပြန်သတ်ရ၏။ ပန်း အတွက် အဝင်အထွက် ဖြစ်
နွှင့်ဟာ တခြားဝန်ထမ်းတွေလို ဆိုင်နောက်ကနေ မဟုတ်ပါ။

ဒါကလည်း အရိပ်ထင် ၏ နိုပ်စက်ခြင်းပညာရပ်တစ်ခု ဖြစ်

"တက္ကစီ .."

"မအားဘူး ညီမ .. ဧည့်သည် စောင့်နေတာ"

တက္ကစီမျှော်ရင်း စိတ်က ယောက်ယက်ခတ်နေကာ
ဖောင်းအတိုင်း သွားနေရင်း လမ်းဘေးဆင်း၍ တားမိသည်
အရင်လိုနေခဲ့သည်။

အိမ်မှာ ကားရှိပေမယ့် သားငယ် အချိန်မရွေး ပြန်လာ
မောင်းသွားနိုင်အောင် ပန်း သွားတဲ့နေရာတိုင်းမှာ ကားမယူတာ
အကျင့်တစ်ခုလို ဖြစ်နေခဲ့၏။

ထို့ပြင် သားအမိနှစ်ယောက်ပဲရှိတာ ကားတစ်စီးစီ ထားပြီး
လည်း မနေချင်။ ကားမောင်းတတ်အောင် သင်ထားတာကိုက လို
ရင် မောင်းနိုင်အောင်သာဖြစ်လျက် မောင်းဖို့ ဝါသနာမပါတော့
ကျွမ်းကျင်ကျင် မောင်းနိုင်အောင်လည်း မကြိုးစားမိပေ ..။

သူမ သွားလေရာမှာ အခက်အခဲဖြစ်လာတိုင်း ကားယူ
ကောင်းသားလို့ တွေးမိသော်လည်း ...

"ဒီမှာ တက္ကစီ .."

တက္ကစီ မြင်လိုက်သဖြင့် အလုအယက်တားဖို့ စိတ်ကူးက
တရက် ကိုယ့်ကိုယ်ကိုယ် လမ်းပေါ်ရောက်သွားတာ မသိလိုက်





"ကျွဲ .."

"အား!..."

ားက လူကို တွန်းထုတ်ပစ်လိုက်သလို ဖြစ်သွားသည်။ ထိပ်
ဟုတ်ဘဲ လူကို ကားက ပွတ်တိုက်လာသဖြင့် ပန်း ထိတ်လန့်
အတင်းပြန်ဆုတ်လိုက်သဖြင့် ဘယ်အရှိန်ကြောင့်မှန်း မသိဘဲ
ါမှာ အင့်ခနဲ ပစ်လဲသွား၏။

"တိုက်မိကုန်ပြီ"

"ဟိုအမျိုးသမီးက ပြေးဝင်တာ"

"ဘယ်မှမကြည့်ဘဲ အတင်းဖြတ်ကူးတာ"

ပတ်ဝန်းကျင်မှာ ဆူညံသွားသည်။ တိုက်မိသည့်ကားက လွန်
ပြီးမှ တစ်ရစ်ချင်း ပြန်လိမ့်လာ၏။

"အစ်မ ဘာဖြစ်သွားလဲ"

"ညီမလေး ဘယ်ထိသွားလဲ .. ထကြည့်ပါဦး"

လူတွေ ဝိုင်းအုံလာတာကို ရှက်ရှက်နှင့် ထထိုင်ဖို့ ကြိုးစားမိ
၏ ဒါပေမယ့် ...

"အ .."

တွန့်ခနဲ ဖြစ်သွားလျက် အသံမထွက်အောင် ကိုယ့်ပါးစပ်ကို
တ်လိုက်မိသည်။

"အစ်မ ဘာဖြစ်သွားလဲ .. ခင်ဗျားက ရုတ်တရက်ကြီး ရှေ့က
င်လိုက်တာကိုး .. ဒုက္ခပါပဲဗျာ"

ကားသမားက အကောင်းစားတီရှပ်နှင့် လူက ခန့်ခန့်သန့်သန့်ပဲ
ာ မျက်နှာတစ်ပြင်လုံး ရှုံ့မဲ့နေပုံက ပန်း ကိုပဲ စိတ်တိုနေသလို
- စိတ်မရှည်တာလိုလို ..။

ပတ်ဝန်းကျင်မှာ လူတွေလည်း ရှိနေသဖြင့် မတ်တတ်ကနေ
ခလို တွဲမလို လုပ်နေပြီး ဘာမှလည်း လက်က မပါ။ ထိုစဉ် ...



www.burmeseclassic.com

www.burmeseclassic.com



"ခဏ ဖယ်ပေးပါ"

စကားသံနှင့်အတူ မထနိုင်၊ မကြွနိုင်ဖြစ်နေသည့် ပန်း ရဲ့... ပြောင်လက်နေသည့် အနက်ရောင် ရှူးဖိနပ်နှင့် ဘောင်းဘီရှည်... ၏ ခြေထောက်ပိုင်းက ဝင်လာသည်။

အရိပ် မှန်း ပန်း သိလိုက်သလို တိုက်မိသည့်ကားပိုင်ရှင်... ဘယ်လိုထင်သွားသည် မသိ ..။

"အစ်ကိုက သူနဲ့လား .. ကျွန်တော် တောင်းပန်ပါတယ်... တကယ်ဆို ကျွန်တော် လွန်တာ မဟုတ်ဘူးနော်၊ ပတ်ဝန်းကျ... အားလုံး သိပါတယ်.. လုံးဝ စလိုးပါ၊ အဲ့ဒါ သူပဲ ထိတ်လန့်ပြီး...

ထိုလူ စကားတစ်ပိုင်းတစ်စနှင့် ရပ်သွားသည်။ အရိပ်... ဘယ်သူ့မျက်နှာကိုမှ မကြည့် ..၊ ဘာမှလည်း မပြောဘဲ ပန်း... ကိုယ်လေးကို ငုံ့၍ ပွေ့ယူလိုက်သည်။ ပြီးတော့ ..၊

ပုံစံကျအောင် လက်တစ်ချက်ပြင်လိုက်ပြီး နေရာမှ လှည့်... လာခဲ့၏။ လူတွေ တအံ့တဩ လိုက်ငေးကျန်ခဲ့သလို ကားသ... လည်း သူ့ကားပေါ် ပြေးတက်ပြီး တစ်ချိုးတည်း လစ်၏။

ပန်း သည် လူစည်ကားသော လမ်းမရဲ့ဘေး ပလက်ဖောင်း... မှာ သူ ပွေ့ချီခေါ်လာခဲ့သည့်အတိုင်း ..။





## အခန်း (၃၅)

"ဟား .. ဟား .. ဟား ..."

လူနှစ်ယောက်တည်း ရယ်သံက ပတ်ဝန်းကျင် ဆူညံသံအားလုံး...ကို ဖုံးလွှမ်းသွားခဲ့သည်။

"ပြောတော့ ဘာဖြစ်လဲ ..၊ မျက်လုံးရိုင်းနဲ့ အဲဒီဆိုင်က နတ်သမီး ...အကြောင်း ငါ တစ်ယောက်တည်းပြောတာ မဟုတ်ဘူး၊ ငါ့ထက် ပို ...ပ်တဲ့ကောင်တွေ ပိုတောင် ပြောသေး .. အေး .. ဟား .. ဟား .. ...ဆ်ရက်စက်စက် လုပ်၊ ပိုးစိုးပက်စက် လုပ်၊ အကျမလုပ်တဲ့ကောင်တွေ ...ထိုးမှောက်ခုံကျ .. ဟား .. ဟား .. ဟား ..."

"မျက်လုံးရိုင်း မဟုတ်ပါဘူးကွာ .. ညှို့မျက်လုံးပါ၊ ကိုယ်လုံးက ...တယ့်ဆက်ဆီ ..၊ အသားစိုင်လေးတွေက ပဥ္စပါဠိ"

"ဟာကွာ .. ပဥ္စပါဠိ က လှမှမလှတာ"

"ဒါပေမယ့် သူ့ရဲ့အသားကို ထိမိရင် ဘာတွေဖြစ်သွားမယ် ...လား .."

"တောက် .."



www.burmeseclassic.com

www.burmeseclassic.com



နီရဲပြူးဝိုင်းနေသည့် သားငယ် မျက်လုံးထဲမှာ မျက်ရည် ပြိုးပြက်လက်နေကြသည်။ ဖန်ခွက်ကိုင်သည့်လက်က စားပွဲကို ခနဲ ပစ်ဆောင့်ပစ်လိုက်သဖြင့် ရယ်မောနေသည့်မျက်နှာတွေ သူ့ လှည့်လာကြ၏။

"ဘာလဲ .. ဘာဖြစ်တာလဲ .."

"ဟော့ .. ချာတိတ် ဘာဖြစ်တာလဲ၊ မင်းရဲ့ဘော်ဒါ မျက်လုံး အကြောင်း ပြောသွားလို့ .. ငါတို့က ထောက်ခံပေးနေတာလေ"

"အေးလေ .. မင်းကောင် ပြန်သွားပြီလား၊ တစ်ယောက်တ ပျင်းရင် ဒီဝိုင်းကို ကူးလာခဲ့လိုက် .."

စားပွဲချင်းကပ်လျက်မှာ ဗလထောင့်တောင့် လူလတ်ပိုင်း ယောက်က သားငယ် ကို ပန်း ရဲ့သားမှန်း သိကြပုံမပေါ်ပေ။ ဒါ မယ့် ခုနတစ်ယောက်နဲ့ သားငယ် ပြဿနာတက်သွားတာကို ကြ ကာ တစ်ခုခု ပတ်သက်နေမည်မှန်း သိသောကြောင့် တမင်တ ကပ်ရိုနေတာ သိသာလျက် ...

"မျက်နှာမှာ အပူကြောဖြတ်ထားပါလား .. ဟော့ ..၊ ချာတိ တော်တော်တင်းနေတာကွ .. ဟိုမှာ ကြည့်ဦး"

"မင်းကို မပြောဘူးလား .. နေ့ပြော နောက်ကြည့်ပါဆို"

"ဘာလို့ ကြည့်ရမှာလဲကွ .. မျက်လုံးရိုင်းဆိုတဲ့ ဆက်ဆီမယ် ဘားမှာ စည့်ခံနေတာ၊ ငါတို့လိုကောင်တွေက ဘာဖြစ်ဖြစ် ပြော ရှိတာပဲ၊ သူလည်း ခုနက ပြောနေတာပဲ"

"ခင်ဗျားတို့ တိတ်ကြ .. ပါးစပ်တွေ ပိတ် .."

ဘယ်လိုမှ ဆက်လက် နားထောင်နိုင်စွမ်း မရှိတော့ဘဲ သားငယ် အာခေါင်ခြစ်အော်သည်။ ထို့နောက် မျက်ရည်တွေ သွန်ချလိုက်သ ကျလာခဲ့လျက် နေရာမှ ဒယိမ်းဒယိုင်ထရပ်ပြီး လက်သီးထိုး၏။

"ခင် .. ခင်ဗျားတို့ ပါးစပ်မပိတ်ရင် ကျုပ် အဆိုးမဆိုးနဲ့ -





ပြောပြီးတာနှင့် ပုလင်းကို ကောက်ကိုင်ပြီး တည့်တည့် ထိုးချိန် လိုက်၏။ သုံးယောက်စလုံး ထိတ်လန့်သွားသည့် မျက်နှာတွေ င်လုပ်၍ တခြားစားပွဲတွေဆီ ငေးကြည့်လိုက်ပုံက 'ကယ်ပါဦး'လို့ပဲ ာ်ဟစ် အကူအညီတောင်းတော့မလိုလို ..။

အားလုံးမျက်နှာတွေ ပြုံးစိစိဖြစ်ကုန်ကြတာ မြင်သည်နှင့် ငယ် ဒေါသရော အံ့သြတာပါ ပေါင်းကာ တစ်ယောက်ချင်းဆီထံ သူ့အကြည့်တွေ မယုံနိုင်စွာ ..၊

ဘာလဲ .. ကိုယ်က ဘာဖြစ်နေလို့လဲ ..၊ သူ့အရွယ် သူ့ပုံစံက ချေးတွဲလွဲ သျှောင်ပေစူးလေးနဲ့ ပြေးလွှားဆော့ကစားနေတဲ့ လူမမယ် က်စလေးပုံ ဖြစ်နေလို့လား ..။

တဖြည်းဖြည်း ရင့်သန်လာသည့်ဒေါသက တရိပ်ရိပ် ပြန်တက် က် ဒီတိုင်း ကိုင်ထားခဲ့သည့်ပုလင်းကို စားပွဲစွန်းနဲ့ ရိုက်ခွဲပစ်လိုက်၏။

"ခွမ်း .."

ရယ်သံတွေ ခဏတော့ တိတ်ကျသွားခဲ့ပြီး ...

"ဟား .. ဟား .. ဟား ... တွေ့လား၊ မိုက်ရူးရဲလေးတွေတောင် မထူး နေမထူး ဖြစ်ကုန်အောင် အညို့ခံနေရပြီ"

"မင်း ငယ်ပါသေးတယ် ချာတိတ်ရာ .. အေးအေး ပြန်ထိုင်နေ း‌ပါ"

လူသတ်ချင်စိတ်ပေါက်အောင် ဒေါသကြီးနေသည့်သူကို အသား ခဲဖို့ ပျံ့ဝဲနေသည့် ခြင်တစ်ကောင်လောက်တောင် ဂရုစိုက်မှုမရှိဘဲ ားလုံးပဲ နေသားတကျ မျက်နှာလွှဲကြ၏။

"တောက် .."

ထိုအချိန်လေးအတွင်းမှာ ဝမ်းနည်းကြေကွဲသော ဘဝပျက်မတ က်နေရသော နာကျင်မှုများနှင့် သားငယ် အမှားကြီးမှားတော့မို့ ခြတစ်လှမ်းစာအကွာမှာ အသင့်ရှိနေခဲ့စဉ် ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ချာတိတ် .."

သူ့အားကို လုံခြုံရေးဝန်ထမ်းတွေ ဝိုင်းရံလာကြသည်။

"မင်း အရမ်းမူးနေပြီ၊ ပြန်တော့ .."

"မဟုတ်ဘူး .. ဖယ် .."

"ဟိတ် .. မင်းကို ဆိုင်ထဲမှာ ရမ်းကားဖျက်ဆီးမှုနဲ့ အခု ရဲခေါ်ဖမ်းလိုက်လို့ ရတယ်နော် ..၊ မင်းကို လူငယ်တစ်ယောက်မို့ မရက်စက်ချင်လို့ .. အကြီးအကျယ်တွေ မဖြစ်ခင် ခု ပြန်သွားလိုက်ပါ"

ပြန်သွားနိုင်းပေမယ့် သားငယ် ဆုံးဖြတ်တာကို မစောင့်ပါ။ ချထားသည့်ဖုန်းကို သူတို့ကိုယ်တိုင် ကောက်ယူပြီး လက်ထဲ ထည့်ပေးသည်။ ပြီးတော့ လက်တစ်ဖက်ဆီမှာ လူနှစ်ယောက်က ချုပ်ကိုင်ပြီး အပြင်ကို ဆွဲထုတ်သွားကြ၏။

"ဖယ် .. ဖယ်ပါဗျ .. ကျွန်တော် လူရမ်းကား မဟုတ်ဘူး၊ ဟိုလူတွေ ကျွန်တော့်အမေကို စော်ကားမော်ကား ပြောနေတာ .. ခင်ဗျားတို့နဲ့ တွေ့မယ်၊ ခင်ဗျားတို့ .."

ရှန်းကန်ပါလာရင်း သားငယ် ရဲ့ရှိုက်ငိုသံက ကလေးဆန်လှသည်။ ထိုပြင် ဖိဆုပ်ထားမိသည့် ဖုန်းကို ဖိနှိပ်ခေါ်လိုက်ရင်း —

"မေမေ .. မေမေ .. မေမေ့ကို သား မုန်းတယ် .. မေမေ့ကို အရမ်း မုန်းတယ် ... ဟီး .. ဟီး .."

ရှန်းရင်းဆန်ခတ်ထဲမှာ ဖုန်းပြောရင်း သားငယ် ရှိုက်ကြီးတငင် ငိုလေသည်။ တစ်ဖက်မှာ ဖုန်းကိုင်ထားရင်း ပန်း ရဲ့နှုတ်ခမ်းလေးတွေ ဆတ်ဆတ်တုန်နေရှာ၏။ သားငယ် ရဲ့ ဆူညံငိုကြွေးသံတွေရော တခြားစကားသံတွေကိုပါ ဒီတိုင်း ကြားနေရကာ ...

"သားငယ် .."

ကိုယ့်ကို မဟုတ်တော့ဘဲ ဒီတိုင်း ဆူညံသံတွေ ဝင်နေသည့် ဖုန်းသည် လက်ထဲမှ တဖြည်းဖြည်း လျှောကျသွားခဲ့လျက် ...





"ကိုကို .."

သူမကို ဒရင်းဘက်ခ်ပေါ် ချထားခဲ့ပြီး လှည့်ထွက်သွားသည့် အရိပ် က တံခါးနားရောက်မှ ပြန်လှည့်ကြည့်၏။ ပန်း သည် ဖြိုကျသောမျက်ရည်တို့နှင့်မျက်ဝန်းက သူ့ကို စူးငေးစွာ မော့ကြည့်နေလျက်...

"ကိုကို .. ပန်း ကို တမင် ကားနဲ့တိုက်ခိုင်းလိုက်တာတော့ မဟုတ်ဘူးနော် .."

အရိပ် မျက်ခုံးနှစ်ဖက် ဆတ်ခနဲညွတ်သွားသည်။ ပြီးတော့ အေးဆေးသော အမူအရာနှင့် သူမဘက်ကို တည့်တည့်ပြန်လှည့်ရပ်လျက် ...

"အဲဒီလို ထင်စရာ ဖြစ်နေလို့လား .."

ပန်း က မဖြေဘဲ အရိပ် ၏ ဆင်ဝှေ့ရန်ရှောင်စကားကိုပဲ စူးစိုက်နေ၏။ အရိပ် သည် သိရခက်သော ခပ်စူးစူးအကြည့်နှင့် ခါးစပ်လက်နှစ်ဖက် ချိတ်ထားရင်း ...

"မင်း အခု လျှောက်သွားလို့ရရင် သွား .. ဒီထိ မွေ့လာတာ ဘာနာနဲ့ မဟုတ်ရင်တောင် အမြင်မတော်လို့ .."

ပြောပြီး ဒရင်းဘက်ခ်အစပ်မှာ ကျနေသည့် ဖုန်းကို ဝေ့ခနဲ ကြည့်သည်၊ ပြီးတော့ ချာခနဲ လှည့်ထွက်လာခဲ့ရင်း ...

သမင်လိုချင်လို့ တောခြောက်တာပဲ လျှပ်ပန်း ...၊ လူလုံးပြလို့လား ...၊ မင်းရဲ့ ပြေးလမ်းတွေမှန်သမျှ ပိတ်ပစ်ခဲ့တာ ငါ ...။

မင်းရဲ့ လွတ်ရာလမ်းလို့ ထင်စေမယ့် ထွက်ပေါက်တစ်ခုရဲ့ရှေ့မှာ စောင့်နေမှာလည်း ငါပဲ ...။

အဲဒီတော့ တရားခံ ရှာမနေနဲ့ ...၊ မင်းရဲ့ကံကြမ္မာက ငါ့လက်ထဲ ...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၆)

"ဆရာ .. ဆရာ ထွက်သွားတုန်း မေးလ် ရောက်နေတယ်"

သူ ခေါင်းညိတ်ပြီး ပွင့်ဖတ်လိုက်တော့ စိုင်း ဆီက ဖြစ်နေသ
ထို့ကြောင့် ဖုန်းနဲ့ ပြန်ချိန်းလိုက်ကာ ...

"စိုင်း .. ဘာတွေ အရေးကြီးနေတာလဲ"

"အရေးတော့မကြီးဘူးလေ .. မင်းရဲ့ ဆူး က အရေးတ
ပြောခိုင်းနေလို့၊ သူ လက်ထပ်မှာ မင်း မသိဘူးလား"

"သိတော့ ဘာလုပ်ရမှာလဲ ..၊ သူ့စာရင်းထဲမှာ ငါ မရှိသ
ငါလည်း ဒီတိုင်းပဲ၊ လက်ထပ်တာ ဘာအရေးကြီးစရာရှိလို့လဲ
လက်ဖွဲ့ပို့လိုက်မယ်ပဲ ပြောလိုက် .."

"ဟုတ်ပါတယ် .. ဒါပေမယ့် သူ လိုချင်တာက မင်းနဲ့ တရား
ရှင်းလင်းရသေးတာ မဟုတ်တဲ့အတွက် နောင်ရေးအတွက် .."

"မပူနဲ့လို့ .. ငါ့မှာ ဘာစာချုပ်မှ မရှိတော့တာ ကြာပြီ၊ အဲဒီ
စာချုပ် ဖြလိုက်ရင် ပြီးပြီ .."

"ပြီးရောကွာ .. အဲဒီကိစ္စ ထားလိုက်တော့"

"ဒါဆို ဘယ်ကိစ္စကို မထားလိုက်နိုင်တာလဲ .."





"ငါ အကောင်းပြောမလို့ အရိပ် .. သေချာ နားထောင်၊ မင်းရဲ့
လေး မင်းနဲ့ တွေ့သေးလား"

"တစ်ခါမှ မတွေ့ဘူး၊ ဘာဖြစ်လို့လဲ .. ငါတောင် အံ့ဩနေတာ၊
လေးက မင်းနဲ့ချည်းပဲ တွေ့နေတာလား၊ လေးလေးရဲ့ သတင်း
ဘယ်လိုရနေတာလဲ .."

သူ ဖုန်းပြောတုန်း မက်ဆေ့ချ်တွေ ဝင်လာသဖြင့် အတွင်းရေးမှူး
ပြန်လွှဲနေရင်း ...

"အေး .. ငါ့ရုံးခန်းထဲမှာ၊ ရပါတယ် .. အေးဆေး ပြောလို့ရ
ဘာအကြောင်းတွေလဲ .."

"ငါနဲ့ တိုက်ရိုက်ဆုံကြတာ မဟုတ်ဘူးကွ .. အန်ကယ်လ်ထွန်း
တနာခဲ့ ငါ့မိတ်ဆွေတစ်ယောက်က အရမ်းရင်းနှီးတာ၊ သူတို့
ဆုံဖြစ်ကြတိုင်း သတင်းတစ်ခု ရတာပဲ၊ မင်းရယ် .. ငါရယ်..
ယ်လ်ထွန်း ရယ်ကို ဆက်စပ်မသိတော့ သူ့စိတ်ထဲမှာ မရှင်း
ာရှိတိုင်း ငါကလည်း စကားစပ်မိလာအောင် ဆွဲယူတော့ ဒီ
ာင်းပဲ ခဏခဏ ပါလာတာပေါ့၊ ဟိုအရင်တည်းက မင်း
းက ကမ္ဘာပတ်နေတာပဲ .. သူတို့ ဘယ်လို ချိတ်မိတယ်တော့
သိနိုင်မလဲ၊ ဒါပေမယ့်ကွာ .. မကောင်းမှုလုပ်တဲ့လူတွေက ဘယ်
ာပဲ ပိုက်ဆံ ရှာနိုင်ရှာနိုင် ငွေဖြူကိုင်ဖို့အတွက်တော့ အဖြူထည်
ယောက် ဒါမှမဟုတ် လုပ်ငန်းတစ်ခု လိုအပ်တယ်မို့လား .."

"အင်း .. ပြောပါဦး"

"ငါ ပြောချင်တာက ဟိုအရင်တည်းက အန်ကယ်လ်ထွန်း က
်မကောင်းတဲ့လူတွေနဲ့ ပေါင်းသင်းခဲ့တာကိုပဲ၊ နောက်ပိုင်း မီး
င်မှုဖြစ်တော့ အဲဒီပြဿနာအတွက် လက်သည်ပေါ်မှာစိုးလို့ဆိုပြီး
ဆုံး ပြန်ပြေးလာတာတဲ့၊ နောက်ပိုင်းမှာ သူ့ရဲ့ဘက်ခ်ရောင်း
ရပ်တည်ပေးဖို့ ဟိုတုန်းက သူ လုပ်ပေးခဲ့တာတွေ ထောက်ပြပြီး



www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့ကို အကျပ်ကိုင်စကားတွေ ပြောတာတဲ့၊ ငါကလည်း ကြား
ဆင့်ကနေ နားထောင်ရတာဆိုတော့ သိပ်လိပ်ပတ်မလည်ဘူး
ကြည့်ရတာ ငါ့မိတ်ဆွေရဲ့ပါတနာ .. အဲ .. သူ့နာမည်က ကျား
တဲ့ကွာ .. မှတ်ထား၊ အဲဒီ ကျားနက် ကလည်း အန်ကယ်လ်
နဲ့ပတ်သက်ပြီး သူ့ကို အထက်လူက ငြိုငြင်နေပြီလို့ ပြောတာ
တော့ အန်ကယ်လ်ထွန်း နဲ့ အဲဒီအဖွဲ့ အတွင်းကြေဖြစ်နေတာ
တယ်"

"နေဦး စိုင်း ..၊ ငါ နားရှုပ်နေပြီ၊ လေးလေးနဲ့ ငါနဲ့ပဲ ဆိုင်
ထင်တာကို ရှင်းအောင် ဆွဲထုတ်ပြစမ်းပါ၊ မင်း ဘယ်လိုထင်
"မင်းကလည်း ဝေးနေပြန်ပြီ အရိပ် ရာ .. မီးလောင်မှုဖြစ်
ဟိုကောင်မလေးနဲ့ပဲဆိုင်တာ မဟုတ်ဘူးလား .. ဒီအမှုကို သူကို
လျှော်လိုက်တာဆို .."

"ဟုတ်တယ် .. ငါ ပြန်လာတော့ သူ ဒီတိုင်း ပြောတာ"
"အဲဒါ ဘာဖြစ်လို့ ဒီအမှုအတွက် ဟိုအဖွဲ့မှာ ပြေးကပ်ရ
ပြီးတော့ နောက်ထပ် အရေးကြီးတာ ရှိသေးတယ် .."
"ဘာလဲ .."

"မင်း နှစ်ထပ်ပြန်ဆောက်တုန်းက အခက်အခဲတွေ ဖြစ်
ရော .. အဲဒီခြံကို ဒီတိုင်းပဲ ပြန်ရောင်းပါဆိုပြီး မတန်တဆ
တာရော.. အဲဒါတွေက တကယ် ဟိုတယ်လ်ဆောက်ဖို့ မဟုတ်
"ဘာ!..."

"ငါ သေချာ ဆက်စပ်မပြောဘူးကွာ .. ဒါပေမယ့် မင်း နား
လွယ်အောင် ပြောရရင် အဲဒါတွေက အန်ကယ်လ်ထွန်း နဲ့ သ
နေတယ်"

"စိုင်း .. မင်း အဲဒီလိုတွေးမိစရာ ဘာတွေ ဆက်စပ်ဖို့ ရှိ
ထပ်ပြီး သေချာအောင် စုံစမ်းကြည့်ပါဦး၊ ဒါ .. ပေါ့သေး





တ်ဘူး"

"ငါ သိတယ် .. အဲဒါကြောင့် မင်းကို ပြောပြနေတာပေါ့၊ လော
ဆယ် မင်းရဲ့ခေါင်းထဲမှာ ထည့်ထားလိုက်ဖို့ပဲ လုပ်ကွာ .. ဒီ
စ်တွေမှာ တစ်ခုခု မှားယွင်းမှုရှိရင် မင်းကောင်မလေးနဲ့လည်း
နည်းနည်းနဲ့ ပတ်သက်လိမ့်မယ်၊ မင်းတို့မိသားစု အတွင်းရေးတွေ
ပဲ သိမှာပေါ့၊ အန်ကယ်လ်ထွန်း ဘက်က တစ်ခုခု ရှိနေနိုင်တယ်
တွေးမိလာရင်း အဲဒါ ဘာကြောင့်ဖြစ်နိုင်မလဲ ...၊ မင်း ဆက်စပ်မိ
လိမ့်မယ်၊ ဒီကိစ္စကို ငါတို့ တွေးနေတာထက် မင်း တွေးရင် အဖြေ
တို့ ပိုနီးစပ်မှာ .."

ပြောသွားတာကို အားလုံးကြားလိုက်ပါလျက်နှင့် သိလည်း သိ
ပြီ ဘာကနေ စပြီး အစဆွဲထုတ်ရမှန်း မသိ ...။ အစကနေ အဆုံးထိ
နာသူအဖြစ်သာ သိထားခဲ့သည့် လူတစ်ယောက်က ဒီပြဿနာနဲ့
ယ်လို ပြန်ပတ်သက်နေသလဲ ...။

စိုင်း ပြောသလို ပြန်တွေးကြည့်လိုက်တော့ လေးလေးကို မေမေ
ယ်တုန်းကမှ မယုံကြည်ခဲ့တာကို သတိရမိသည်။ ဒါပေမယ့် ညီလေး
ယ်ဝန်ရှိလာရခြင်းကို ကဲ့ရဲ့လှောင်ပြောင်ဆုံးကလည်း လေးလေးပဲမို့
နဲ့ မတ် မသင့်မြတ်ကြခြင်းနဲ့ပဲ သက်ဆိုင်တာ မဟုတ်ဘူးလား...။

ပြီးတော့ မေမေနဲ့ သိပ်အဆင်မပြေပေမယ့် အိမ်က စီးပွားရေး
ကို ဖေဖေ ရှိတုန်းကအတိုင်း လေးလေးပဲ ဂရုစိုက် ထိန်းသိမ်းခဲ့
ည်။ သူ့ကို လက်တွဲခေါ်ပြီး သင်ပြခဲ့တာတွေမှာရော .. ဘာပြဿနာ
ခဲ့လို့လဲ...။ မီးလောင်မှုနဲ့ပတ်သက်ပြီး လေးလေးက ဘယ်လိုကဏ္ဍ
နေ ပတ်သက်သူ ဖြစ်ခဲ့တာလဲ ...။

ဘယ်လို စဉ်းစား စဉ်းစား ဒီနေရာမှာပဲ လမ်းစပျောက်၏။
ဘာပဲဖြစ်ဖြစ် ဟိုမှာ ဟိုသတင်း ဒီသတင်း ကြားပြီး စိုင်းက
ပ်ပူနေတာပဲ ဖြစ်လိမ့်မည်။



www.burmeseclassic.com

'ဇမ္ဗူတစ်လှူ'စံအိမ် သိက္ခာကျ အရှက်ရ မဖြစ်ရအော မှန်းနေသည့် လျှပ်ပန်း ကိုတောင် တရားခံမှန်း သိရက်နဲ့ လွ သေးတာ ..၊ စိတ်ထဲမှာ မွန်းကျပ်လာရင်း သူ အပေါ်ထပ် ခေါ ထွက်လာခဲ့မိသည်။

ရန်ကုန်မြို့၏ တိုက်တာအဆောက်အဦးတွေကို လှမ်းေ ညနေမကျတကျ ဇွေစောင်းနေရောင်ခြည်ကို သတိထားမိေ တစ်ဝက် ညိုတစ်ဝက်နှင့် မိုးသားတက်နေသော ကောင်းကင် မော့ကြည့်မိသည်။

မိုးသားတွေ ထူထပ်နေပေမယ့် နေကျဲကျဲပူလာတာလ သည်။ ခဏလေးနဲ့ မည်းမှောင်တက်လာပြီး သည်းသည်းမည ရွာချပြန်သည်။ မိုးနဲ့ နွားသိုး အစိုးမရဆိုပေမယ့် ကံကြမ္မာ အ တာလောက်တော့ ကြောက်စရာမကောင်းဘူး ထင်သည်။

ချစ်တဲ့သူတွေနဲ့ မုန်းရခြင်း၊ ရင်ထဲမှာ ပူပြင်း လောင်မြ လျက် မျက်ဝန်းတို့မှာ ငွေ့ရည်ဖွဲ့ခြင်း ..၊ ပြီးတော့ ငွေ့ရည်ဖွဲ့၍ မရှိသော မျက်ရည်တို့အစား ဟားတိုက် ရယ်ခဲ့ရသေးသည်။

ပြုံးလိုက်တာပေမယ့် မဲ့ရခြင်းသို့ရောက်ကာ မျက်စိတ လျှပ်တစ်ပြက်မှာ လူတစ်ယောက်တည်းကနေ ခုနစ်တွေ သလို ..။

အတိတ်က ဖြစ်ရပ်တွေရယ် .. လေးလေး နဲ့ လျှပ်ပန်း ရ အားလုံးဟာ ချောင်သည့် ကန္တာရပန်းချီကားတစ်ချပ်လိုပင် ရဲ့ပုံရိပ်ဟာ တိမ်ညွှန့်များတို့ကြားမှာ ဝိုးတဝါး ပင်လာရင်း အေ သည့်အပြုံးတို့နှင့် ကဝေပျိုတစ်ပါး ဖြစ်နေခဲ့ပြီး လေးလေးက မထိမဲ့မြင် မဲ့ပြုံးတို့နှင့် နာကျင်နေသော မျက်နှာ ..။

ပြန်မြင်မိလိုက်တိုင်း ပုံရိပ်တို့၏ ခြားနားခြင်းက သူ့အ ဤသို့သော ခံစားမှုတွေနှင့်သာ ..။





ထို့ကြောင့် 'ခြိမ်းကားခြိမ်း၍ မရွာသော မိုး'လို အားလုံးနဲ့ မလို ာ ဆန့်ကျင်တိုက်ခိုက်နေပေမယ့် နောက်ဆုံးမှာ အရှုံးတွေသာ းခဲ့ရှာသည့် လေးလေးကို သူ နားလည်ရမည်။

ငိုတတ် မရယ်တတ်ခဲ့တဲ့ မီးစနေမ ကို ငိုအောင် ရယ်အောင် နိုင်ခဲ့တာ ကိုကိုရယ်ပါ ..၊



www.burmeseclassic.com

www.burmeseclassic.com



ပန်း လိုအပ်နေတာလဲ ဟိုတုန်းကနေ ခုချိန်ထိ နှောင် ဘယ်
အခါဖြစ်ဖြစ် အမြဲတမ်း ကိုကိုပါပဲ ကိုကို ...။

ခုတော့ ...။

"ငါရှိနေတဲ့ နေရာ .. ငါ့ရဲ့ရင်ခွင်ထဲကို မင်း ရောက်လာ
အဲဒါ မင်းရဲ့ကံတရားပဲ .."

"မရည်ရွယ်ဘဲ ဖြစ်ကုန်ကြတာ လျှပ်ပန်း .. ဒါပေမယ့်
မှားယွင်းမှု မဟုတ်ဘူး၊ ကံကြမ္မာက ငါ ရသင့်တာကို ရယူ
လိုက်တဲ့ အမှန်တရား .."

"ငါ့ကို မမျှော်လင့်နဲ့ .. ခုကစပြီး မင်းကို ငါ ပိုင်ပြီ၊ ငါ့
မင်း ပိုင်ဆိုင်ခွင့် မရှိဘူး .. ငါ့မှာ လက်ထပ်ပြီးသားမိန်းမ ရှိ

"အများတကာအမြင်မှာ ဒါမှမဟုတ် မင်းကိုယ်တိုင် ငါ
ယောကျ်ားလို့ ပြောချင် ပြော .. ပြောခွင့်ရှိတယ်၊ ဒါပေမယ့် ရွဲ
မယား မဟုတ်ဘူးဆိုတာလည်း မင်း သိထားတဲ့အတိုင်း .. အ
ကို .."

ဟင့်အင်း ...။

ပန်း အင့်ခနဲ ရှိုက်မိကာ ကားမောင်းနေရင်း ပခုံးလေးတွေ
နေအောင် ငိုချလိုက်မိသည်။

ရက်စက်လိုက်တာ ကိုကိုရယ် ...၊ ပန်း ကလည်း ကိုကို
သွားမယ်ဆိုရင် ဘယ်လိုဘဝနဲ့ပဲ နေရနေရ ပန်း ကြည်ဖြူနိုင်
သိလား ...၊ ဒါပေမယ့် ဒီလိုစကားတွေကို ကိုကိုက ပြောတာ
ချင်ဘူး ...။

ပန်း သိခဲ့တဲ့ ကိုကိုက အဲဒီလို ရက်စက် ယုတ်မာနည်း
မတတ်ဘူး ...၊ သူများနစ်နာစေမယ့်စကားတွေ ဘယ်တော့မှ
ဘူး ...။

အဲဒါတွေကြောင့် ပန်း ယုံကြည်ခဲ့တာ ...၊





ပန်း ရဲ့မျက်နှာကို စေ့စေ့ကြည့်ပြီး ဒီလို ရက်ရက်စက်စက် ပြုမူ
ဆိုရက်မှာ မဟုတ်ဘူးလို့ ...။

ရင်ထဲမှာ စကားတွေဆိုရင်း ဘယ်လိုမှ မရတော့တဲ့အဆုံးမှာ
ရပ်လို့ရတဲ့ တစ်နေရာမှာ ဖြစ်သလို ထိုးရပ်ပြီး အားရပါးရ ငိုချ
မိသည်။

နေ့စဉ်ရက်ဆက် တစ်ခုပြီးတစ်ခု မရိုးမအီနိုင်အောင် စကား
နက်တွေနဲ့ ရက်စက်စွာ ပစ်ခတ် နှိပ်စက်နေခဲ့ရုံမက ခုတော့
ရဲ့ဘဝကိုပါ ချိုးဖျက် သိမ်းပိုက်ခဲ့သည်။ ပြီးတော့ ...၊

"မင်းကို ငါ ခဏတဖြုတ် သာယာသွားမိတာ .. ဆောရီး"

❦ ···•···•···•··· ❦



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၂)

"ဟား!... ဖြစ်ချင်တိုင်းကို ဖြစ်နေတာပဲကွာ .."

မြင့်ဦး အသံ ကြားလိုက်သဖြင့် ခေါင်းထူဖို့ ကြိုးစား... မှုးဝေ နောက်ကျိနေ၏။

"ငါ သိတယ် .. မနက်က ဖုန်းဆက်တော့ ဘယ်မှ မသွား... ဘူး .. နားမလို့ ဆိုကတည်းက .."

မြင့်ဦး က တစ်ခန်းလုံး ပြန့်ကျဲနေသည့် စီးကရက်တိုနဲ့ ... နေသည့် ပြာခွက်လေးကို တစ်ခုစီ ဖြစ်သလို ကောက်ထည့်ပြီး ... ကပ်ထားလိုက်သည်။

ပြီးတော့ စားပွဲပေါ်မှာ မလွတ်မလပ်ဘဲ ပြုံနေသည့် ဖန်ခွ... ပုလင်းတွေကို ဟိုတွန်း ဒီရွှေ့နှင့် ...

"မိုးလင်းကတည်းက ပြန်ရောက်နေတာလား ..၊ ဘယ်တုန်း... လဲ .. မင်း အဲဒီအိမ် သွားပြီဆိုရင် အပန်းဖြေတာဆို ..၊ ဘယ်နှ... ဟိုမှာ မချဘဲနဲ့ အိမ်ပြန်ရောက်လာမှ .. ဘာတွေဖြစ်လာတာလဲ ..

"မြင့်ဦး .."





"ပြော .."

အရိုပ် မျက်နှာမော့၍ ခါထုတ်ပစ်လိုက်ကာ ခုံပေါ်ကနေ အိပ်ရာ ပြောင်းထိုင်သည်။ နီရဲနေသည့် မျက်လုံးတွေမှာ မျက်ရည်တွေ .. မဟုတ်နိုင်လောက်ပါ ..။ မြင့်ဦး က မျက်မှောင်ကုတ်ကြည့်နေ ...၊ အရိုပ် အံကြိတ်လိုက်တာကို မြင်မှ ...

"မင်း ဘာတွေ ဖြစ်နေတာလဲ အရိုပ် .. ကြည့်ရတာ အလုပ်ကိစ္စ ...တ်နိုင်ဘူး၊ ပြော .. ဟိုကောင်မလေးကိစ္စပဲမို့လား .. ငါ မင်းတို့ ...ကြောင်း မနေ့ကမှ သေချာ သိရတာ၊ စိုင်း နဲ့ အွန်လိုင်းမှာ အကြာ ... တွေ့လိုက်လို့ .."

အရိုပ် က နဖူးကနေ ပွတ်သပ် ဖိကပ်ထားသည့်လက်နှင့် ဆံပင် ...ထဲထိ ထိုးသိပ်ပစ်ရင်း ...

"ငါ အရှုံးမှားသွားပြီ"

"ဘာကိုလဲ .."

"လျှပ်ပန်း .."

မြင့်ဦး အသံ တိတ်သွားသည်။ ပြီးမှ ...

"ငါ ပြောသားပဲ .. ပြဿနာတစ်ခုကို .."

"မဟုတ်ဘူး .. အဲဒါတွေ မဟုတ်ဘူး .. ငါ မိုက်ရိုင်းခဲ့တာ၊ ငါ ...ငါ ဘာကောင်မှန်းတောင် မသိတော့ဘူး .. ငါ သူ့ကို စော်ကား ...တယ်"

"ဘာ!..."

"ပြီးတော့ .. ယုတ်ယုတ်မာမာတွေ ပြောခဲ့တယ် .."

"ဟား!... မင်းကွာ .."

"ငါ သူနဲ့ပတ်သက်ပြီး ပျော့ညံ့သွားမှာ စိုးတယ် မြင့်ဦး .. ငါ ...ည့်ရွယ်ထားတာတွေ မဖြစ်မြောက်နိုင်ဘဲ သူ့ရဲ့ သနားစရာမျက်လုံး ...ထဲမှာ ကျရှုံးသွားမှာ စိုးတယ် ..၊ နားလည်မပေးလိုက်မိမှာ ကြောက်



www.burmeseclassic.com

www.burmeseclassic.com



တယ် ..၊ အဲဒီကြားထဲက ငါ သူ့ကို .."

"ဒီလိုလုပ်ဖို့ မင်း တကယ် ကြံစည်ခဲ့တာပေါ့ .."

"မဟုတ်ဘူး .. လုံးဝ မဟုတ်ဘူး .. အဲ့ဒါ .."

အရိပ် အိပ်ရာထက်မှာ ပက်လက်လှဲချလိုက်သည်။ ပြီး
မျက်လုံးတွေ မှိတ်ထားသည်၊ နဖူးပေါ်မှာ လက်တင်၍ ကိုခြနဲ့အံကြိ
"သူ ငါ့ဆီကို ရောက်လာတာ .."

လို့ အစချီ၍ မျက်လုံးတွေမှိတ်ထားရင်း ပြောနေပုံက အိပ်
ခံထားသူ ဝန်ခံနေတာနှင့် တူ၏။ ယောက်ျားချင်းမို့ စိတ်ထဲ
အတိုင်း ပြောနေခဲ့တာဖြစ်လျက် ...

"သူ့ကို ငါ ဂလဲ့စားချေချင်တဲ့စိတ်နဲ့ မဟုတ်ဘူး .. ငါ့ကို
ဘာဖြစ်သွားမှန်း မသိလောက်အောင် မူးမိုက် ယစ်မူးသွားခဲ့တာ
ကမ္ဘာကြီးတစ်ခုလုံး ပျောက်ဆုံးနေခဲ့သလို စက္ကန့် မိနစ်တွေကို
မသိတော့တာမျိုး .."

မြင့်ဦး ခုကျမှ ထိုင်ဖို့ သတိရကာ အရိပ် ထိုင်နေခဲ့သည့်
ရှေ့က ခုံမှာ လေးတွဲ့စွာ ထိုင်ချမိ၏။

"ငါ အရမ်းကြောက်သွားတယ် မြင့်ဦး ရာ .. ငါ့ရင်ခုန်သံ
ပြန်ကြားလိုက်ရတဲ့အချိန်မှာ မေမေနဲ့ ငါ့ညီလေးမျက်နှာကို ပြေး
တယ် ..၊ ငါ့ရဲ့ ချောက်ချားမှုတွေအတိုင်း သူ့ကို ရင့်ရင့်သီးသီး
ပြောပစ်ခဲ့တယ် .. တကယ်တော့ ငါ့စိတ်ကို ငါ ကာကွယ်ပြီး
ကိုယ်ကောင်းဆန်ဆန် ရုန်းထွက်လိုက်တာ .."

ပြောနေရင်း မှိတ်ထားသည့် မျက်ဝန်းထောင့်ကနေ မျက်
ကြောင်းတစ်ခု ဖြတ်ဆင်းသွားခဲ့၏။

"သူ့ကို .. ငါ .."

"မင်း သူ့ကို ချစ်နေတာ .."

"မဟုတ်ဘူး .. ငါ အဲဒီလို မဖြစ်ရဘူး .. သူနဲ့ငါဟာ အဲ





ခွင့်မရှိတဲ့လူတွေဆိုတာ ကံကြမ္မာက ကြက်ခြေခတ်ခဲ့တာ .."

"မင်းကိုယ်မင်း ကြက်ခြေခတ်နေတာလို့ ငါတော့ ထင်တာပဲ"
မျက်တောင်ဖျားတို့ထိ စိုစွတ်နေသည့် မျက်ဝန်းတို့ ပွင့်လာကာ
ပ် က မေးစင်းကြည့်သည်။

"မင်းတို့ ပထမဆုံး ဆုံခဲ့ကြတာရော.. အခု နောက်ထပ် ပြန်တွေ့
တာရော .. မင်းပဲ တွေးကြည့်ပါဦး၊ မင်းတို့နှစ်ယောက် ဆုံခဲ့ကြပုံ
က တခြားလူတွေနဲ့ တူသလား .. ငါက စိုင်း ပြန်ပြောမှ သိရတဲ့
၊ ဒါပေမယ့် ထူးထူးဆန်းဆန်းတွေမို့လို့ စိတ်ဝင်စားမိခဲ့တာ .."
မြင့်ဦး ပြောသမျှကို အရိပ် က ဘာမှဝင်မပြောဘဲ မျက်တောင်
တွေ မေးစင်းကြည့်နေလျက်နှင့် တိတ်ဆိတ်စွာ နေ၏။

"အဲဒီတုန်းက မင်းမှာ အမေရှိသေးပေမယ့် ကိုယ်က ပြန်ပြီး
င့်ရှောက်နေရတာမို့လား ..၊ ပြောရရင် မင်းလည်း သူ့လို မိဘမဲ့
၊ မင်း သူ့ထက် အသက်ပိုကြီးတာရှိရင် ရှိမယ် .. လူကြီး မဟုတ်
ဘူးဆိုတာတော့ ဝန်ခံရမှာပဲ၊ လူပျိုပေါက်စနဲ့ အပျိုဖြန်းကလေး
ကြပြီး ခဏအတွင်းမှာ ခိုင်မာစွာ တွယ်မိကြတဲ့ သံယောဇဉ် ..၊
က်ပြီး ငါက အရိပ်ထဲကလူပဲလို့ သတ်မှတ်ပြီး သူ့ဘဝလေးကို
အစ်ကိုလို .. မိဘလို .. ဉာဏ်တာ ကာကွယ်ခဲ့တယ် .."

"အဲဒါတွေပြောနေတာ ဘာလုပ်ဖို့လဲ ..၊ ငါ သူ့ကို မှားယွင်းစွာ
ခဲ့မိတဲ့ သနားစာနာမှုတွေ .. အခု ဘာမှ မရှိတော့ဘူး"

"ဟုတ်တယ် .. မရှိတော့ဘူး၊ ဟိုတုန်းက ရှိးသားခဲ့ကြတာလေ..
ိုင်း ဆက်သွားမိခဲ့ကြရင်တောင် ရိုးသားစွာ ရှိနေနိုင်သေးတယ်၊
ကြာသွားပြီးမှ ပြန်တွေ့ကြတော့ .. အားလုံးက ပြောင်းလဲနေပြီ၊
တုန်းကလို ဘယ်ဟုတ်တော့မလဲ .. မင်း သူ့ကို .."

"မြင့်ဦး .."

အရိပ် ခုတင်ပေါ်က ဆတ်ခနဲ ကျူးထကာ အံကြိတ်သံနှင့် တား



www.burmeseclassic.com

www.burmeseclassic.com



သည်။ မြင့်ဦး က ခေါင်းခါ၏။

"အဲဒါကို မင်း နားထောင်နိုင်စွမ်းကို မရှိတာ အရိပ် -
ကို မင်း ဟိုတုန်းက ရင်ဖွင့်ခဲ့တာတွေရော .. ကောင်မလေးနဲ့ ပြ
မှ လှမ်းပြောခဲ့တာတွေရော .. အဲဒါတွေပေါ်မှာ စိုင်း က သုံးသပ်
လူတွေဟာ ကိုယ့်ကိုယ်ကိုယ် မသိကြပေမယ့် တခြားလူက
တယ်ဆိုတာကိုလည်း လက်မခံချင်ကြဘူးကွ .. အခု မင်း ဘာဖြ
လဲ .. အဲဒါ ပြန်စဉ်းစားကြည့် .."

အရိပ် ကိုယ့်မျက်နှာကို လက်နှစ်ဖက်စလုံးနဲ့ ဖိပွတ်ပစ်သ

"ငါ့မှာ အပြစ်ရှိနေပြီလို့ ခံစားနေရတယ် .. အဲဒါကို အပြ
လည်း ဝန်မခံနိုင်ဘူး၊ သူ့ကြောင့် ငါ့မိသားစု ဘဝပျက်ခဲ့တာ -
အတွက် .."

"အဲဒီအတွက် မင်း ခုလို လုပ်လိုက်တာလား .. သူ့အတွ
အပြစ်ဒဏ်လို့ရော .. သတ်မှတ်လိုက်ပြီလား .."

အရိပ် ငြိမ်ကျသွားပြီးမှ ခေါင်းခါသည်။

"ငါ အဲဒီလောက် မယုတ်မာဘူး .."

"ရှင်းနေတာပဲ အရိပ် ရာ .. မင်း သူ့ကို ချစ်တဲ့စိတ်နဲ့ ရင်ခုန်ပြီ

"တော်တော့ မြင့်ဦး"

သူ ခုတင်ပေါ်ကနေ ဆင်းရပ်လိုက်သည်။ မျက်နှာသည် တင်း
ပုံနှင့် မတူတော့ဘဲ အရက်ရှိန်ကြောင့် နီရဲ ရီဝေနေကာ ...

"အဲဒါတစ်ခုကို ချန်လှပ်ပြီး ပြောစမ်းပါ"

"ဟုတ်ပြီကွာ .. မင်း အခု ဘာဆက်လုပ်မှာလဲ ..၊ ပြောနိုင်
ပြောပြ"

"မသိတော့ဘူး"

"မင်း ဆုံးဖြတ်ချက်တွေ ဝေဝါးကုန်ပြီမို့လား ..၊ ဒါ ဘာကြေ
လဲဆိုတာ ငါ မပြောတော့ဘူး.. မင်းဟာမင်း ပေါ်လာအောင် စဉ်းစား





မြင့်ဦး နေရာမှ ထရပ်လိုက်ကာ ...

"သတိမမူ ဂရုမပြုဆိုတာ မင်း ကြားဖူးမှာပေါ့၊ တစ်ခါတလေ
နှန်သမားတွေက ကန်းတဲ့လူတွေထက် ကြည့်ရဆိုးတယ်ကွ ..
မျိုး မင်း မဖြစ်စေနဲ့"

အမြဲတမ်း ပျော်နေတတ်သူက တည်တည်တံ့တံ့ကြီး ပြောနေ
ငြင့် အရိပ် မျက်လုံးတွေက မြင့်ဦး မျက်နှာဆီမှာ ကပ်ငြိနေခဲ့၏။
ဦး က စားပွဲပေါ်မှာ ရှိနေသေးသည့် ပုလင်းနဲ့ ဖန်ခွက်တွေကို
ကြည့်၍ ...

"အေးပေါ့ .. ရက်စက်စွာ နင်းချေ တုံ့ပြန်နိုင်ခဲ့ပြီဆိုတော့ ပျော်
ကြီး ခေါင်းစိုက် အောင်ပွဲခံပေါ့ .. ပျော်လွန်းလို့ ငိုတာလို့ပဲ ငါ
လိုက်ပါ့မယ်"

"မင်း ငါ့ဆီလာတာ ဘာပြောစရာရှိလို့လဲ"

"မင်းရဲ့ကောင်လေး အပေအတေလေး ဖြစ်နေတာ အုံ့ညြလို့ပါ၊
သူ့ကို တွေ့တာ နှစ်ခါရှိပြီ .. ကလပ်ထဲမှာချည်းပဲ၊ ဟိုတစ်ခါ
တုန်းကထက် အများကြီး ကဲလာတာ ..၊ ငွေတွေ သုံးလိုက်တာ
ည်းကွာ .. ဒါနဲ့ သူ့အမေက ဒါတွေ ဘာမှ မသိဘူးလား .."

အရိပ် မျက်နှာမှာ ခုနကနဲ့ ခြားနားကာ ခက်ထန်သည့် မျက်ဝန်း
ရှ စူးရှူးရဲရဲ ဖြစ်လာခဲ့ပြီး ...

"အဲဒါတွေက ငါ့အတွက် အားလုံး အဆင်သင့်ဖြစ်ပြီးသား ရှိနေ
တဲ့ သူတို့ရဲ့ကံကြမ္မာပဲ မြင့်ဦး .. ငါလုပ်ယူရတာ ဘာမှမရှိဘူး၊ ငါ့
ငါ မမှားဘူးလို့ ယုံကြည်လာတာလည်း သူတို့နှစ်ယောက်ရဲ့
ကြမ္မာတွေ ငါ့လက်ထဲကို အလိုလို ရောက်လာတာကြောင့်ပဲ .."

"မင်းကို ဒီကောင်လေးက တကယ့်ဆရာကြီးလို ထင်နေတာပဲ၊
ခု သူ ဖြစ်ပျက်နေတာတွေမှာ မင်းပဲ ဆရာကြီးဆိုတာရော မသိဘူး
ား .."



www.burmeseclassic.com

www.burmeseclassic.com



အရိပ် က ခေါင်းခါပြပြီး ဘာမှမပြော...။

"သူ့အမေနဲ့အဆင်မပြေဘူးဆိုတော့ သူ သုံးစွဲနေတဲ့ငွေတွေ..."

"ငါ အားလုံး ဖန်ဆင်းပေးထားတာ"

"မင်း ရက်စက်လွန်းတယ် အရိပ် .."

သိပြီးသားတွေကို တမင်တကာ ဝန်ခံချက်ယူနေတာမှန်း ... ခနဲ ပြောချလိုက်မှ အရိပ် က သိသည်။

"ဒီချာတိတ်ကို မင်း ပြတုန်းက ငါ အမှတ်တမဲ့ပါ၊ ခု တော်... အဖြစ်ဆိုးနေတာ မြင်လိုက်ရမှ အံ့သြသွားတာ ..၊ စားစရာ နေ... စီးဖို့ကား၊ သုံးဖို့ငွေ နောက်ဆုံး အနီးကပ် ကူညီပေးဖို့ မင်းရဲ့ လူ... ယောက် အချိန်ပြည့် ထားပေးထားတယ်"

မြင့်ဦး က စားပွဲကို နောက်ပြန်မှီလိုက်ကာ ဝီစကီပုလင်း... လှမ်းဆွဲ၍ ဘေးမှာ ဒုတ်ခနဲ ဆောင့်ချသည်။ ပြီးတော့ ပုလင်း... အကြာကြီး ငုံ့ကြည့်နေပြီးမှ လက်ပြန်ပိုက်၍ ...

"လူတစ်ယောက်ရဲ့ဘဝကို မင်း ဖြိုဖျက်ချလိုက်တာ.. အဆောက်... အဦးတစ်ခုကို ဖျက်ချသလိုပဲနော် .."

"လွယ်တယ်လို့ မင်း ထင်သလား .."

"ဘယ်လွယ်မလဲ .. မင်းလို ချမ်းသာတဲ့ကောင်မှ ရမှာ၊ တစ်... ယောက်တည်းနေပြီး တိုက်တာ ခြံဝင်းတွေ လက်ညှိုးထိုးမလွဲအောင်... ပိုင်တာ.. ကားတွေ ထည်လဲစီးနိုင်တာ..၊ ပြီးတော့ သနားညှာတာရမှန်း မသိလောက်အောင် အငြိုးကြီးသလောက် ရက်စက်နိုင်တာရော -"

အရိပ် နေရာမှ ထရပ်လိုက်သည်။

"ဒါတွေ ခုလို အခြေအနေထိ အကောင်အထည်ဖော်လာဖို့ ... လွယ်လွယ်ကူကူ ရခဲ့တာ မဟုတ်ဘူးဆိုတာ မင်း သိပါတယ်"

"ထင်လို့ပါ အရိပ် ရာ .. လွယ်လွန်းလို့ မင်းကိုယ်မင်း မာ... တက်ပြီး ဖွတ်တိုးလုပ်နေတာတွေပါ၊ တကယ်က မင်း ထင်နေသလို...





...း ရသင့်တာတွေ သူ့အလိုအလျောက် ကံကြမ္မာက ထည့်ပေးနေတာ ...တ်ဘူး၊ အခြေအနေ အချိန်အခါပေါ်မှာ မင်း လိုတိုင်းရနေတာ.. ...ပေါ်မှာ မင်း အခွင့်အရေးတွေ ရနေတာပါ"

သူငယ်ချင်းတွေမို့ မြင့်ဦး က အားမနာတမ်း ဝေဖန်သည်။

"ငါက မင်း စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်နေတာကို မကြည့်ချင် ...ပြောပြတာပါ၊ မင်းနဲ့ သူတို့ရဲ့ ဖြစ်ကြောင်းကုန်စင်ကို ငါ မသိခဲ့ ...ဝင်လည်း မပါချင်ဘူး၊ ခုကိစ္စက ပစ္စုပ္ပန်မှာလည်း မကောင်းဘူး၊ ...ရာလည်း မကောင်းနိုင်မယ့်ကိစ္စ .."

ထိုစဉ် ဖုန်းမြည်သံကြောင့် မြင့်ဦး က အသံလာတဲ့ဆီ လှမ်း ကြည့်သည်။ အရိပ် က မလှုပ်တာမြင်မှ သူပဲ ဖုန်းကို သွားယူပေးကာ...

"ငါ ပြန်မယ် .. ဖုန်းပြောပြီး မင်း အစီအစဉ်တစ်ခုခုဖြစ်ရင် ...လှမ်းဆက်လိုက်၊ ငါ ရှေ့မှာ ငါးမိနစ် စောင့်မယ်"

အရိပ် ခေါင်းတွေ ဝေနေတာကို ဆံပင်တွေ ဖွလိုက်၊ ပြန်ဖိလိုက်... ...အမျိုးမျိုး ဖြေရှင်းရင်း ဖုန်းကိုင်လိုက်သည်။

"ပြော .. မောင်မောင်"

"... ... ... ..."

"ငွေတောင်းရင် ပေးလိုက်လေ"

"... ... ... ..."

"အဲဒါ မင်းအလုပ် မဟုတ်ဘူး မောင်မောင် .. တောင်းသလောက် ...ပေးလိုက်၊ သူနဲ့ပတ်သက်တဲ့ တစ်ယောက်ယောက်လာရင် လုံးဝ ပေး ...တွေ့ဖို့ပဲ သတိထား ..၊ နောက်ပြီး ဆေးထိုးအပ် လုံးဝ မသုံးစေနဲ့"

ဖြစ်စေချင်တာက အသက်အန္တရာယ် ဖြစ်စေဖို့ မဟုတ် ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၃)

'နင် မသွားလို့ ဘယ်လိုမှ မဖြစ်ဘူး'ဆိုလို့ ကိုယ်ပါမှ ပြီးမှာ
လည်း သိနေလို့သာ လိုက်ခဲ့ရသည်။ ဒီခြံ ဒီမြေမှာ ခြေချလိုက်တာနှ
ဦးတောက်ထိန် ဒေါ်သန့်စင် တို့၏ တစ်ဦးတည်းသော မြေးမလေး
အဖြစ် အများရှေ့မှာ ခြေလှမ်းဝင်သလို ဖြစ်သွားမှာကို မလိုလားပေ

လျှပ်ပန်း မှာ ဒီလောက်ထိ ချမ်းသာသည့် အဘိုးအဘွားတွေ
ခဲ့သည်။ တစ်ဦးတည်းသော သူဌေးသမီး၏ သမီးလု ရတနာလေးအဖြ
လူ့လောကထဲကို တခမ်းတနား ရောက်လာခဲ့၏။ ဒါပေမယ့် စွန့်ပစ်
ခံရသည်။ ဒါတွေကို ပန်း နဲ့ သားငယ် တို့ ကမ်းမမြင် လမ်းမမြင်
ဒုက္ခရောက်နေစဉ်မှာ ဦးလေး ဦးသက်လွင် နဲ့ မထင်မှတ်ဘဲ ပြန်ဆုံ
လို့ သိခွင့်ရခဲ့တာ ဖြစ်၏။

"ဆင်းရဲတဲ့လူနဲ့ သဘောမတူတာမျိုးဆိုရင်တောင် အချိန်တ
ရင် ခွင့်လွှတ် ချစ်ခင်လာနိုင်သေးတယ်၊ အခုဟာက စီးပွားပြိုင်ဘ
ချင်းလည်း ဖြစ်၊ ညည်းရဲ့ ဘိုးဘေးတွေလက်ထက်တည်းက လူမှုရေ





ဦးအတေးတွေလည်း ရှိခဲ့ကြတော့ ညည်းအဖေနဲ့ အမေ ဒုက္ခရောက်
တာပေါ့၊ သူတို့နှစ်ယောက် စွန့်စွန့်စားစား ပုန်းခိုနေခဲ့ကြပေမယ့်
က်လူကြီးတွေ သိသွားကြတဲ့အချိန်မှာ ညည်းအဖေလည်း သေ
က်တဲ့ဒဏ်ရာရပြီး ဒုက္ခိတဖြစ်ခဲ့တယ်၊ လပိုင်းအတွင်းမှာ သေ
တယ်၊ ညည်းရဲ့အသက်ကိုပါ ရန်ရှာတော့မှာ သိလို့ ညည်းအမေ
ငါ့လက်ထဲ ထည့်လွှတ်လိုက်တာပေါ့"

ဒီလောက်ထိ ရန်ငြိုးထားကြတာမျိုး ပန်း မကြားဖူးခဲ့ပါ။ ကြုံ
ည်း မကြုံဘူးခဲ့တာမို့ မယုံနိုင် ..၊ ဒါကြောင့် ဘယ်သူကိုမှ နားလည်
းနိုင်ခဲ့ပေ ..။

"ငါတို့က သူငယ်ချင်းတွေပေမယ့် ငါကတော့ အပေအတေ
ဒါပေမယ့် ငါတို့ချင်း အရမ်းခင်ကြတာတော့ အချိုးတူပဲ၊ ညည်း
ငါ ကောင်းကောင်း စောင့်ရှောက်ချင်ပါတယ်၊ ဒါပေမယ့် သန့်စင်
သွားတဲ့နောက်မှာ ငါ့မှာလည်း ကြွေးမြီတွေနဲ့ မွန်းကျပ်နေပြီ၊ ငါ
သလောက် ညည်း မစားရဘဲ မစိုး တို့ လူလည်ကျနေတာတွေ
သိလိုက်ရတော့ ညည်းကို မထောက်ပံ့တော့ဘဲ တစ်နေရာ ပြောင်း
ဖို့ စိတ်ကူးတွေ ဖြစ်လာတယ်၊ အဲဒီမှာ လူမသိသူမသိ ငါ ထောင်
ာပဲ"တဲ့ ..။

ဦးလေး ဦးသက်လွင် ဘယ်လိုလူပဲဖြစ်နေနေ သူက ဘာမှမဆိုင်
သည့် လူစိမ်းတစ်ယောက်ပါ။ မိခင်ရင်းကိုယ်တိုင်က ကိုယ့်သမီး တစ်
က်လုံးကို အပျိုရွယ်လေးဖြစ်တဲ့အထိ တခြားမှာထားပြီး ထောက်
တယ်ဆိုတာ ဘယ်လို နားလည်ပေးရမှာလဲ ..။

ဦးသက်လွင် က ထောင်က ထွက်လာသည်နှင့် ပန်း ကို မတွေ့
ာလျှင် .. အဘိုးအဘွားတွေရှိတဲ့ဆီ သတင်းသွားပေးခဲ့တာ ဖြစ်
သည်။ သမီးရှင်ပိပိ သမီးကလည်း မရှိတော့တာမို့ .. ထိုပြင် မျက်
အဘိုးအဘွားတွေသိလျှင် မြေးလုလာမှာစိုးတာကြောင့် လူဖြန့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



တိတ်တိတ် ကြိတ်ရှာနေကြသည်။

ဦးသက်လွင် နဲ့တွေ့တော့ ဒါတွေကို သိရပေမယ့် သူမ ဝင်... ခဲ့ပါ။ နှစ်ဖက်ဘိုးဘွားတွေ ချမ်းသာတယ်ဆိုတာကိုလည်း မမက်...

ဒါပေမယ့် လိုအပ်တဲ့ငွေကြေးအတိုင်းအတာကိုတော့ လက်... ခဲ့သည်။ ရင်းနှီးလုပ်ကိုင်ဖို့ အားလုံး ပြည့်စုံလောက်တဲ့အထိ ... အနေတစ်ခုကို ဖန်တီးနိုင်ခဲ့၏။

နောက်ထပ် ဘာတွေထပ်ပေးပေး ဘယ်သူလာခေါ်ခေါ် ... လုံးဝ မလိုက် ...၊ အားကိုးကြင်နာဟန်လည်း မပြခဲ့ဘဲ အမွေ လွှဲ... တဲ့လူတွေ တဖြုတ်ဖြုတ် သေဆုံးကုန်တဲ့အထိ အဘိုးအဘွားတွေ ... လို စီစဉ်ခဲ့သည်၊ ဘာတွေ လုပ်ခဲ့သည်၊ ဘာတစ်ခုမှ စိတ်မဝင်စား... သိလည်း မသိ ...။

ဒီနေ့က တကယ်ကို မလာမဖြစ်သည့်ကိစ္စ ဖြစ်နေလို့ ...

"ဒီဘက်ကို ကျွဲထားတာ ငါးပေလောက်ကို ရှိတာ ကြည့်... ပန်း ...၊ ဘယ်လောက် ဒေါသဖြစ်ဖို့ကောင်းလဲ၊ ခြံခတ်မထားဘူး... မယ့် သူ့ဘက် ကိုယ့်ဘက်ဆိုတာ အသိသာကြီး ..."

မနွေ့ က ဒေါသထွက်နေသည်။ ပန်း က အမြင့်ကြီး တက်... ပြီးသည့် အဆောက်အအုံနှင့် အလုပ်သမားတွေ တက်ညီလက်ညီ... လှုပ်ရှားနေကြတာကို လက်ပိုက်လေး မော့ငေးနေ၏။

အနားမှာ ရှေ့နေနဲ့ ကိုယ့်ဘက်က ခြံစောင့်နှစ်ယောက်လည်း... ရှိသည်။

"ငါကတော့ ဒီနေ့ တရား စွဲကိုစွဲမှာ ...၊ ဘယ့်နှယ် ပိုင်ရှင်... မထီမဲ့မြင်နဲ့ စော်စော်ကားကား .. ပြီးခဲ့တဲ့ ဆန်းဒေးတုန်းက ... တစ်နေ့လယ်လုံး လာစောင့်တယ် မလာဘူး ...၊ ဖုန်းဆက်တော့ တစ်... မှ အားတယ် မရှိဘူး ...၊ နှစ်ဆယ့်လေးနာရီလုံး မအားဘဲ မအား... လွှန်းတဲ့ ဖုန်း .."





မနွေ့ က ဆိမန်းမန်းသလို ရေရွတ်လို့ မပြီးနိုင် ...။ ရှေ့နေက ...ကျော်မြေကို မြေတိုင်းဦးစီးအရာရှိက တိုင်းတာနေတဲ့အတိုင်း ...ာ လိုက်မှတ်နေ၏။

မနွေ့ သတိရမှ ပြန်ငဲ့ကြည့်လိုက်တော့ ပန်း က ကိုယ်နဲ့မဆိုင် ...နေရာသစ်တစ်ခုကို လေ့လာ အကဲခတ်နေတာမျိုးထက် ပိုမို ...ာ စိတ်ဝင်စားမှုမျိုး မရှိသည့်ပုံမို့ ...

"ပန်း .. နင့်ကိစ္စဆိုတာရော ခေါင်းထဲမှာ ရှိရဲ့လား ...၊ ဒီတိုက် ...ဲ့ ဒီခြံမြေကို နင့်နာမည်နဲ့ သေချာ လွှဲပြောင်းပေးထားတာနော်...၊ ...သည်းပဲ ဒေါသဖြစ်နေလို့ မရဘူး၊ ငါလက်မှတ်တင်ပြီး တရားစွဲလို့ ...း မရဘူး .. ဒီနေ့ ခေါ်ထားတာမှ ရောက်မလာရင် ဒီပိုင်ရှင်ဆီကို.."

"မနွေ့ ရယ် .. သူကိုယ်တိုင် ရောက်မလာလို့ ကိုယ်က ဒေါသ ...ဖြစ်နေတာကိုး၊ သူ ရောက်လာလို့ အကျိုးအကြောင်း ပြောပြခဲ့ရင် ...လည်ပေးသင့်ရင် ပေးရမှာပဲပေါ့"

"ဘာရယ် .."

"တကယ်လို့ ပန်း ဒီမှာ တစ်နေ့နေ့ လာနေဖြစ်ရင် ခြံချင်းကပ် ...တ် နေရမယ့်သူတွေ၊ မတွေ့ကြခင်တည်းက အဆင်မပြေဖြစ်နေကြ ...ာ မကောင်းပါဘူး"

မနွေ့ မျက်လုံးပြူးနှင့် ကြည့်၏။ ဒီသဘောရှိမှဖြင့် ဒီမှာ ဒေါသ ...ွ ဖြစ်နေရတာကို 'မဖြစ်နဲ့ဦး .. ခွင့်လွှတ်ဖို့ ရှိနေသေးတယ်'လို့ ...ချောင်းလေးဘာလေး ခေါက်ပါလား ...။

...ခုတော့ အကြောင်းမကြား ဘာမကြား တစ်ယောက်တည်း ခွင့် ...လွှတ်ဖို့ စဉ်းစားနေတာ ...၊ ဒီမှာတော့ အရူးဖြစ်လို့ ...။

ပန်း ကလည်း မနွေ့ မျက်လုံးပြူးကြည့်နေတာကို သဘောပေါက် ...ာ ...

"မနွေ့ ပဲ ကြည့်ဦးလေ .. သူများခြံထဲကို ဒီလောက်ထိ ကျူး



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဆောက်ထားဘာ၊ ခုပဲ လေးလွှာရှိနေပြီ .. သူ ဘယ်လိုဖြ
မလဲ ..၊ ဒီလိုလူက ပန်း တို့ကို မထိမဲ့မြင်နေပါ့မလား ..၊ သူ
မလာဘာ တခြားကိစ္စတစ်ခုခု ရှိလို့ပဲ ဖြစ်မှာပါ၊ ပြီးတော့ ပန်း ဒီ
ဒီခြံကို လုံးဝ မမက်ဘူး"

"ဘာ!..."

ကြားရပြန်ပြီ ..၊ အထူးဆန်း တစ်မျိုး ..။

"ပန်း ရယ် .. သားသမီးဝတ္တရားထဲမှာပဲ ကြည့်ပါဦး၊ မိဘအ
အနစ်ဆိုတာ .."

"ပန်း ကိုယ် ပန်း ဘယ်သူ့ကို အမေခေါ်ရမှန်းတောင် မသိ
မနွေ ..၊ အမေလို့လည်း ဒီနေ့ထိ မခေါ်ခဲ့ရဘူး၊ သားသမီးဝတ္တ
ဘယ်လိုကျေရမှာလဲ ..၊ လူလောဘအရ ရရင်တော့ ယူမှာပေ
မဟုတ်ဘူးလား၊ ပေးလို့ ယူထားလိုက်တာပဲ ရှိတယ်၊ ငါ့မိဘဆီ
အမွေရတယ်လို့ ပန်း တစ်ခါမှ ပီတိစိတ် မဖြစ်ခဲ့ဘူး၊ ဒါတွေကို လာ
ကြပော့လို့ အော်ဟစ်ခေါ်ပေးပစ်တဲ့အထိ စိတ်မထားတတ်နိုင်သေ
မယ့် လောဘသက္ကာယနဲ့ သိမ်းကျုံး ပိုင်ဆိုင်ချင်တဲ့စိတ် မရှိဘူးဆို
ပန်း ကိုယ့်ကိုယ်ကိုယ် သိနေတယ်"

"ဒါဆို နင် အခု .."

"မနွေ ပဲ ပန်း လိုက်ခဲ့မှ ဖြစ်မယ်ဆိုလို့လေ .. ပန်း ကိုယ်တိုင်
ပြောရမယ်ဆိုရင်တော့ ဟိုဘက်က အဆင်မပြေစရာတစ်ခုခု ပြော
ညှိနှိုင်းလာရင် ကျေနပ်ပေးလိုက်မှာပဲ၊ ဥပမာ ဒီ ငါးပေလေးကိုတော
သူ့ကို ရောင်းပါဆိုရင် .."

"ပန်း ရယ် .."

ပြောလို့မှ မဆုံးသေးခင် ဟိုဘက်က ပိုင်ရှင်ရောက်လာပါပြီ
အကြောင်းကြားလာခဲ့၏။ ပန်း က သူတို့ရှေ့ကို လျှောက်သွားကာ

"ဟိုဘက်က ဘာမှန်း မသိသေးဘဲ ပန်း က ရှေ့နေရှေ့ရပ်တွေ





ကျင်းပြီး စောင့်နေတာမျိုး မဖြစ်ချင်လို့ပါ၊ ပန်း ကပဲ သွားတွေ့ပါ
၊ ကျွန်မတို့ လိုအပ်သလိုပဲ စီစဉ်သွားကြတာပေါ့"တဲ့..။

မနွေ တို့ ဒီဘက်မှာပဲ ကျန်ရစ်ခဲ့ရလေသည်။

ပန်း က ဒီဘက်ကနေ ဟိုဘက် အဆောက်အအုံရှေ့က ယာယီ
တ်ခန်းလေးထဲကို အကြောင်းလာကြားသည့် ကောင်လေးတစ်
ာက်နဲ့ပဲ ထွက်သွားခဲ့သည်။

"သူဌေး .. ဟိုဘက်က ခြံပိုင်ရှင် လိုက်လာပါတယ်"

ကောင်လေးက လှမ်းပြောပြီး တံခါးရွက်ကို သူပဲ ဖွင့်ပေးလိုက်
အထဲရောက်သည်နှင့် စားပွဲဘက်ကို တစ်စုံတစ်ခု လှည့်ယူလိုက်
ာ အရိုပ် ကို တွေ့လိုက်ရကာ ...

"ဆောရီးဗျာ .. ကျွန်တော်က ခုပဲ လာမလို့ .."

ပြောရင်း ဒီဘက်လှည့်လိုက်တော့ ပန်း နဲ့ သူ့ မျက်နှာချင်းဆိုင်
သွား၏။ ဆုံလိုက်ကြတိုင်း မထင်မှတ် မမျှော်လင့်ခဲ့ကြဘဲ အကြိမ်
 အခါခါ ဖြစ်ခဲ့ကြလျက် ...

"မင်းလား .."

မပြည့်စုံသည့် ဝါကျတစ်ခုက မေးခွန်းအဖြစ် ထွက်လာ၏။ ပန်း
 ခေါင်းညိတ်ကာ ...

"ကိုကို ဖြစ်နေမယ်လို့ မထင်ခဲ့ဘူး"

ကိုကိုကိုမြင်တိုင်း လှမ်းဆွတ်ငေးမောနေလိုခြင်းတွေက ဒီနေ့မှာ
တ်ခဲ့ဘဲ မျက်နှာချင်းဆိုင်လိုက်မိတာနှင့် ဖျင်းခနဲ ပူထူသွားသည်
 ရှက်ရွံ့ခြင်း ..။

ပန်း ချက်ချင်း နောက်ပြန်လှည့်သည်။ အရိုပ် က လက်ကိုဖမ်း
်လိုက်ကာ ...

"အခု တွေ့ကြတာ အလုပ်ကိစ္စပြောဖို့ မဟုတ်ဘူးလား"

"မလိုတော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ပန်း က လက်ကို ရုန်းမရတော့ ခါချသည်။ အရိပ် က မလွှ
သူမဘေးမှာ နီးကပ်စွာ ရပ်လိုက်ပြီး ...

"ငါ မင်းရဲ့ခြံမှန်း လုံးဝ မသိခဲ့ဘူး .. အဲဒါတော့ မင်း
ဖြစ်မယ်၊ အလုပ်ကိစ္စမှာ လူမှုရေးနဲ့ မရောတတ်တာ ငါ့အကျင့်

"ပန်း သိပါတယ် .. ဒါပေမယ့် ပန်း ကလည်း ကိုကို ဟုတ်
မဟုတ်ဟုတ် ပဋိပက္ခတွေဖြစ်ရအောင် ပြဿနာရှာဖို့လာတာ မ
ဘူးလေ၊ အခု ကိုကို ဖြစ်နေတော့ ဘာမှမ ပြောဖို့ မလိုတော့

"နေဦး .."

ထွက်သွားဖို့ပြင်ပေမယ့် အရိပ် က လက်ကိုဆွဲထားသဖြင့်
ကသာ လှည့်နေပြီး လက်က ကျန်ရစ်၏။

"မင်းကို ပြောစရာ ရှိတယ်"

အရိပ် က လက်ကို လွှတ်ပေးလိုက်ကာ သူက တံခါးဘက်
ပိတ်ရပ်နေလိုက်ပြီး ...

"မင်းနဲ့ကိုယ် ဘယ်လို အတုံ့အလှည့်တွေပဲ ရှိခဲ့ရှိခဲ့ ဟိုည
ဖြစ်သွားတဲ့ကိစ္စအတွက် ကိုယ့်ဘက်က .."

"ထားလိုက်ပါ ကိုကို .. အရစ်ကျ ကြွေးဆပ်နေရတဲ့လူလို
ရဲ့ဘက်က ပေးဆပ်နေသမျှ ကိုကို့ဘက်မှာ တစ်ရစ်ချင်း ပြေကျ
မယ်ဆိုရင် ပန်း ကျေနပ်တယ်"

ပန်း မျက်ဝန်းမှာ ပြိုးပြိုးပြက်ပြက်လေးဖြစ်လာတော့
မျက်နှာလွှဲပစ်မိသည်။ မျက်ရည်မလွယ်တတ်တဲ့ မိန်းကလေးဆို
သူ သိသည်။ ထို့ကြောင့် သူမရဲ့မျက်ရည်တွေကို သူ မမြင်ချင်

"အဲဒါ ကိုကိုက အတုံ့အလှည့်လို့ သတ်မှတ်ပြီး ရယူဖို့ ကြိုး
နေတဲ့အတွက် ကိုကို ကျေနပ်ဖို့ပါ၊ ပန်း ကတော့ ကိုယ့်ကိုယ်ကို
လိပ်ပြာသန့်တယ်၊ ကိုကို့ကို ပန်း ဘာဖြစ်ဖြစ် အပြစ်မမြင်နိုင်အော
ပေးဆပ်ချင်နေတာက .."





"မင်းနဲ့ကိုယ် အမြင်ချင်း ဘယ်တူနိုင်မလဲ လှူပ်ပန်း ..၊ မင်းက
ားခံ၊ ငါက တရားလို"

"ပန်း စကားဆုံးအောင် ပြောပါရစေ ကိုကို .."

ဒီစကားကို ရောက်လာတိုင်း ဘယ်တော့မှ ရှေ့ဆက်ခွင့် မရခဲ့
သည့်အဖြစ်က ပန်း ရဲ့နှုတ်ခမ်းမှာ နာကျင်သည့်အပြုံးတို့ကို ဖြစ်စေခဲ့
...

"အချစ်ဆိုတဲ့စကား ကိုကို မကြားချင်ဘူးဆိုတာ သိပါတယ်၊
အဲဒီလောက်လည်း သိက္ခာမမဲ့သေးပါဘူး ကိုကို .. ကိုကို့အပေါ်
ပန်း ဘက်က မရိုးသားစိတ် ဖြစ်ခဲ့ရင်တောင် အဲဒါ ကျေးဇူးရှင်
တဲ့ လေးစား အထင်ကြီးလွန်းတဲ့စိတ်ပါ၊ တန်ဖိုးသတ်မှတ်လို့မရတဲ့
သူ၊ သွားပြန်တာတွေကို ကျေးဇူးလို့ အမျိုးမျိုး သတ်မှတ်ကြပေ
ပန်း အပေါ်မှာ တင်ခဲ့တဲ့ ကိုကို့ကျေးဇူးက ပန်း ဘယ်သူ့ဆီကမှ
ခဲ့တဲ့ ကျေးဇူးမျိုး ..၊ ဘယ်သူကမှ လက်ကမ်းပေးမှာမဟုတ်တဲ့
ထဲကနေ ပန်း ရခဲ့တဲ့လက်တစ်ဖက်က ကိုကို့လက်တစ်ဖက်ပါ"

ပန်း မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာကုန်မှ မျက်နှာ
ငုံ့ချပြီး အင့်ခနဲ ရှိုက်သည်။

"အဲဒါကို ဘယ်တော့မှ မေ့မှာမဟုတ်လို့ ကိုကို ဘယ်လိုထင်
.. ဘာကြောင့်ပဲ တုံ့ပြန်တုံ့ပြန် ပန်း ကျေနပ်တယ်၊ ကိုကို မကြား
တဲ့စကားမျိုးကို ကိုကိုကိုယ်တိုင် စမပြောဘဲ ပန်း ဘယ်တော့မှ
ပြောဘူး ကိုကို၊ ခဏဖြစ်ဖြစ် .. ထာဝရဖြစ်သွားသွား .."

ပန်း က မျက်ရည်တွေ သုတ်ပစ်ရင်း စကားအဆုံးသတ်နှင့်အတူ
ကို ကွေ့ရှောင်ထွက်ဖို့ ခြေလှမ်းပြင်၏။

"မင်း ပေးဆပ်နေတာတွေက သိပ်သန့်စင်နေတယ်ဆိုတော့ ငါ
တစ်ဖက်သတ် ဆိုးနေတာပေါ့၊ မင်း ဘာမှ အမှားမလုပ်ခဲ့ဘူးလို့
ပြောတာ ဒါနဲ့ဆိုရင် တစ်ခါ နှစ်ခါ မကတော့ဘူးနော် လှုပ်ပန်း ..၊



www.burmeseclassic.com

www.burmeseclassic.com



ကန့်ရေပြင်ထဲကို ကျောက်ခဲလေးတွေ တစ်လုံးချင်း ပစ်ထည့်နေ... မင်းရဲ့ရှောင်လွှဲချက်ကို တစ်ခုချင်းထည့်ပြီး တဖြည်းဖြည်း ... ကြိုးစားနေတာလား ...၊ မရဘူး .."

"ဟွန်း .."

ပန်း က နှုတ်ခမ်းလေးမဲ့၍ သူ့မျက်နှာကို အေးစက်စက်... မော့ကြည့်သည်။

"ကန့်ရေပြင်က ရင်ဘတ်ကြီးတစ်ခု မဟုတ်ဘူး ကိုကို၊ ရေ... ထဲ ကျသွားတဲ့ ကျောက်ခဲလေးတွေက ကန့်ရေပြင်အထက်ထိ ... တက်လာမှ အောက်မှာ ဘယ်လောက်ထိ ပို့ချနေပြီဆိုတာ လူတွေ... မှာ၊ ကိုကို့ရင်ဘတ်ထဲမှာ ခံစားတတ်တဲ့ နှလုံးသားရှိတယ်၊ မြင်... ကြားနေရက်နဲ့ တွေးတောဆင်ခြင်နိုင်ရက်နဲ့တောင် ကျောက်ခဲ... ပို့ချသလို မဆုံမကန်ဖြစ်တဲ့အထိ ဘာမှ မသိသေးဘူးဆိုရင် ပန်း... ပို့ချမှုတွေ အရာမထင်တာ ဝမ်းနည်းဖို့ မရှိပါဘူး"

သူ့ရဲ့ ပခုံးတစ်ဖက်ကို တိုးတိုက်၍ ဖွတ်ထွက်သွားသည်။ အ... နှုတ်ခမ်းတွေ တင်းတင်းစေ့လျက် မလှုပ်မယှက် ကျန်ရစ်လေသည်... ဒါတွေဟာ တကယ်တမ်း ပို့ချမှုတွေဆိုရင် သူ့ရင်ဘတ်ထဲမှာ ဘာ... ရှိနေမလဲ ..။

သူ ဆုပ်ကိုင်ထားခဲ့တာ မှားနေလို့လား ..၊ ပန်း ရဲ့ ပို့ချမှု... မှားနေတာလား ..။

တစ်ယောက်ယောက်ကတော့ မှားနေရမည်။





## အခန်း (၄၄)

ငါ မှားပြီလား ..၊

လက်ထဲရောက်လာသည့် တစ်တန်းသွားစိန်ကုံးကို ကတုန်... ...င် ဖိဆုပ်ထားမိရင်း ထွက်ပြေးဖို့လည်း သတိမရ ..၊ ငွေလိုချင်... ...ဲ လောဘစိတ်တွေလည်း တဒင်္ဂ ပျောက်ဆုံးနေခဲ့၏။

"ဟာ! ... မပြေးသေးဘူးလား .. ဟော့ကောင် မြန်မြန်လစ်တော့၊ ...လိုက်ရင် ငါတို့ ပစ္စည်း ပြန်ထားခဲ့ရလိမ့်မယ်"

လှေကားပေါ်က ပြေးဆင်းလာသည့် မောင်မောင် က စိန်ကုံး ...ထားသည့် သူ့လက်ကိုပါ စုသိမ်း တွန်းလိုက်ရင်း စိတ်မရှည်သည့် ...င် စိန်ကုံးကို ဆွဲယူ၍ သူ့အင်္ကျီအိတ်ထဲ ထည့်ပေးလိုက်၏။

"ငါ့အဒေါ်ပစ္စည်း မင်း ဘာမှမဖြစ်ဘူး၊ ဒီကနေလွတ်ရင် ပြီးတာ ... မြန်မြန်သွား .."

"ငါ ကားကို ရှေ့မှာ ရပ်ထားခဲ့တာ"

"အဲဒါကြောင့် ငါ နေခဲ့မယ် ပြောတာပေါ့၊ သွား .. မြန်မြန် .. ...ရောက်နေကြပြီတဲ့၊ ဖုန်းရတာ ကြာလှပြီ .. တော်ကြာ အထွေ...မှာ ...ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုမောင် .. ကျွန်တော် .."

"ကဲ .. သွားပါဆိုကွာ .."

သူ နောက်ဖေးဘက်ကနေ ပတ်ပြေးလာခဲ့မိသည်။ တစ်သ... တစ်ကိုယ် မိဘပစ္စည်းကိုတောင် ဒီလို နိုးယူမသုံးဘူးခဲ့ဘဲ ခက... ပြာချ၍ အသက်ဆက်နေရသည့်အဖြစ်ကြောင့် ..။

"ဟာ!... နောက်ဖေးက လူတစ်ယောက် ပြေးသွားတယ်၊ လို... လိုက်စမ်း .."

နောက်ဖေး မလှယ်ပေါက်ဆိုတာကို ရှာမတွေ့လို့ ဗျာ... တုန်း လူရိပ်တွေ မြင်လိုက်သဖြင့် ခေါင်းတစ်ခုလုံး ပြန့်ကားထွက်... သလို နှစ်ဆ သုံးဆ ကြီးသွား၏။

နေ့လယ်ခင်းကြီး ဖောက်ထွင်းမှု ဖြစ်သွားသည်ဆိုရင် သွား...

ကိုမောင် ဘာလုပ်နေလဲ ..၊ ကိုမောင် ထွက်လိုက်လာ... ဆုတောင်းပေမယ့်လည်း မပြည့်ခဲ့ ..။

"ဟိုဘက်ကို ပြေးတာ .. လိုက် .. လိုက် .."

လူတွေ ပြေးလွှားလာသံ နီးလာသည်။ ကံကောင်းထောက်... မလှယ်ပေါက်ဆိုတာကို လှမ်းမြင်လိုက်သဖြင့် ထိုအပေါက်ဆီပြေး... အိတ်ကို လက်နဲ့ ပြန်စမ်းမိ၏။

ဒီပစ္စည်းနဲ့အတူ လူကိုမိသွားရင် မလွယ် ..၊ ပြီးတော့ အ... ဒီနားမှာ ပြန်တွေ့သွားရင် သူ့နောက်ကို ဆက်လိုက်ကြမှာ မဟုတ်... ထို့ကြောင့် ကြောက်အားလန့်အားနှင့် စိန်ကုံးကို ထုတ်၍ လက်... ပြန် ပစ်ချထားခဲ့သည်။

"ပြေးပြီ .. အပြင်ရောက်တော့မယ် .. ဟိုမှာ .."

"ဘာကောင်လဲကွ .. သူခိုးဗျို့ .. အဲဒီမှာ ထွက်ပြေးပြီ၊ ဖမ်းကြ... ဟာ .. သွားပြီ .. မင်း သေပြီ သားငယ် ..။

အတွေ့အကြုံမရှိဘူးသည့် ကြောက်ရွံ့မှုက လူကို လေဟုန်စီး...





...ပြေးနေမိမှန်းတောင် ကိုယ့်ကိုယ်ကိုယ် သတိမထားမိတော့တဲ့ ...ခင် ..။

"အား!..."

ခလုတ်တိုက်မိလိုက်တာ တစ်ကိုယ်လုံး ဟပ်ထိုးလဲမတတ် ဖြစ် ...သည်။ ထိုစဉ် သူ့ရဲ့ဘေးကို ရောက်လာသည့် ကားတစ်စီးနှင့်အတူ..၊

"ဟိတ် .. မြန်မြန်တက် .."

"အစ်ကို .."

လမိုက်ညမှာ နေသာသလို ရင်တစ်ခုလုံး လင်းထိန် နွေးထွေး ...သည်။ ထိတ်လန့်မောပန်းနေသည့်ကြားက သွားအဖွေးသားပေါ် ...င် ရယ်လိုက်မိတာလည်း ကလေးငယ်လေးတစ်ယောက်နဲ့ တူ ...မလား မသိ ..။

"ဘာဖြစ်လာတာလဲ .."

"ကျွန်တော် .."

ကားပေါ် လုံးဝ ရောက်နေကာမှ ငါ ဘာဖြစ်လာတာလဲဆိုတာ ...ပြန်သတိရ၏။ ထိုအခါ မိုးပြာရောင်ရုပ်လက်ရှည်နှင့် ရှင်းသန့် ...မွေ့နေသည့် အရိပ် မျက်နှာကို သိမ်ငယ်စိတ်နှင့် ငေးခနဲ ကြည့် ...သည်။ အရိပ် က ကားမောင်းနေရင်း ဖျတ်ခနဲ လှည့်ကြည့်ကာ ...

"ငါ ရိပ်မိနေတဲ့အတိုင်း ပြောရရင် မင်း ဘဝပျက်နေပြီထင်တယ်"

"ကျွန်တော် .."

ဝန်ခံမလို ပြင်ထားသည့် 'ကျွန်တော်'ပေါင်းများစွာဟာ လည်ချောင်း ...ာပဲ ပျော်ကျ ပျောက်ကွယ်၏။ အရိပ် ကပဲ သူ့မျက်နှာကို မှန်ထဲက ...ကြည့်၍ ...

"ဘယ်သူတွေ ပါသေးလဲ .. မင်းတစ်ယောက်ပဲ လွတ်လာတာ ...း"

"ဟင်!..."



www.burmeseclassic.com

www.burmeseclassic.com



အစ်ကို သိနေတာလားဆိုသည့် အံ့ဩသည့်အကြည့်
အရိပ် က နှုတ်ခမ်းမဲ့သလို ပြုံးလိုက်ကာ ...

"မင်းဖြစ်လာတဲ့ပုံ မြင်လိုက်တာနဲ့ သိတယ်၊ အံ့ဩတာ
ပဲ ..၊ မင်းလိုအရွယ်လေးတွေ စပြီး စည်းကမ်းမဲ့လာကြတာ၊ ကိုယ့်
မိသားစုထဲမှာပဲ ဖြစ်တတ်ကြတာ၊ ဒီနေရာမှာ မင်းက နေ့ခင်း
တောင်ကြီး .."

"မဟုတ်ဘူး အစ်ကို .. ကျွန်တော် .. ကျွန်တော် မဟုတ်
လုပ်မိခဲ့တာ မှန်တယ်၊ ဒါပေမယ့် .."

"လုပ်ခဲ့တယ်ဆိုရင် ဒါ မင်း ကျူးလွန်တာပဲ၊ ဒါပေမ
နောက်ဆက်တွဲကို ဘယ်သူမှ စိတ်ဝင်စားမှာ မဟုတ်ဘူး"

"မဟုတ်ပါဘူး .. ကျွန်တော်က သူငယ်ချင်းနဲ့ အဖော်လိုက်
ရုံပါ၊ သူငယ်ချင်းက သူ့အဒေါ်ဆီက .."

ပြောပြလိုက်ပြီးမှ ရှက်ရွံ့သိမ်ငယ်စိတ်နှင့် သားငယ် မျက်
လေး ငုံ့သွားသည်။ ပြီးမှ ကလေးတစ်ယောက်လို မျက်ရည်ပြည့်
သော မျက်လုံးတွေနှင့် ပြန်မော့လာကာ ...

"ကျွန်တော် မှားသွားပါတယ် .. သူလည်း ခုလောက်ဆို
ပြောလက်စနှင့် တုံ့ခနဲ ရပ်သွားကာ မျက်နှာမှာ ချောက်ချား
တွေ ဖြစ်လာလျက် ...

"ကျွန်တော့်အိတ်လေး ကားထဲမှာ ကျန်ခဲ့ပြီ"

"ဘယ်ကားလဲ .."

"ကျွန်တော့်ကို ပေးမောင်းခဲ့တဲ့ ကား ..၊ အဲဒီအိတ်ထဲမှာ
တော့် ကျောင်းသားကတ် .."

ဆက်မပြောနိုင်လောက်အောင် ဆွံ့အနေတာကို အရိပ် က
ချက် ကင်းမဲ့သည့် မျက်ဝန်းတို့နှင့် စိုက်ကြည့်သည်။

"အခု မင်းအမေဆီ လိုက်ပို့ရမလား"





"ဟာ!... မဖြစ်ဘူး ..၊ အစ်ကို .. ကျွန်တော် မေမေနဲ့ အဆင်မပြေ
ဒါတွေ လုံးဝ သွားမပြောပါနဲ့ .. တောင်းပန်ပါတယ်"

"ဟုတ်ပြီ .. ဒါဆို မင်း အခု ဆင်းတော့ .."

"ဗျာ!..."

"မင်းအတွက် ဘေးကင်းတဲ့နေရာ ရောက်နေပြီပဲ၊ ဘယ်ထိ
ချင်လို့လဲ"

အရိပ် မျက်နှာကို အထင်ကြီးခြင်း၊ ခယ တောင်းပန်ခြင်း စသည့်
ငယ်မှုများစွာနှင့် ကြည့်ကာ ...

"အစ်ကို .. ကျွန်တော့်ကို အထင်သေးသွားပြီလား"

"ဟွန်း .."

အရိပ် က စတီယာရင်ပေါ် လက်တင်ရင်း ခပ်မဲ့မဲ့ ရယ်သည်။

"မင်းက အထင်သေးခံရမှာ ကြောက်နေသေးတာလား"

"ကျွန်တော်က .."

"ဆင်းတော့ .."

သားငယ် မျက်နှာလေး ငိုမဲ့မဲ့ဖြစ်သွားသည်။ တကယ်ဆို သူ
မှ ယူခဲ့တာမဟုတ်ဘဲ ခွေးပြေး ပြေးခဲ့ရတာပါ။ သူများပစ္စည်း
ရဲတဲ့သတ္တိလည်း မရှိခဲ့တာတွေ ဘယ်လို ရှင်းပြရမလဲ ..။

ကားပေါ်ကဆင်းပြီး လမ်းမထက်မှာ ခြေစုံရပ်မိတာနှင့် လျှော
နဲ့ ပြေးထွက်သွားသည့် ကားကို နာကျင်စွာ ငေးမောနေမိသည်။

ခန့်တည်ချောမွေ့သော အရိပ် ရဲ့ ပင်ကိုစတိုင်လ် ..၊ လူငယ်တစ်
ယောက်ဖြစ်ပြီး ကြီးပွားအောင်မြင်အောင် စွမ်းဆောင်နိုင်သည့် အရည်
ချင်းကောင်းများနှင့် အရိပ်ထင် ..။

ထိုလူဟာ မကြာသေးမီသောကာလများတုန်းက သူနဲ့ စားပွဲတစ်
ခုင်းတည်း ထိုင်ကာ ချစ်ခင်နွေးထွေးမှုများနှင့် အရေးပေး ဖော်ရွေခဲ့ဖူး
သည်။



www.burmeseclassic.com

www.burmeseclassic.com



သူကိုယ်တိုင် ဒီလိုလူကို အထင်ကြီး အားကျလွန်းလို့ သူ့လို ကြီးစားချင်ခဲ့တာပါ ...။ ခုတော့ အားလုံး ပျက်စီးခဲ့ပြီဖြစ်၏။

မျက်တောင်ဖျားတို့ မှေးကြည့်၍ ခပ်မှဲ့မှဲ့ပြုံးသွားသော နှုတ်ခမ်း တို့က 'မင်းလိုကောင်ရုပ်လေးနဲ့ ရင်းနှီးခဲ့ဖူးတာ ရှက်မိတယ်'လို့ ပြော သွားခဲ့သလို ရင်ထဲမှာ ကြေကွဲကျန်ရစ်၏။

နောက်ကြည့်မှန်ထဲမှာ ဝေးကွာကျန်သည့် ခပ်ချောင်ချောင် ရှည်ရှည် ချာတိတ်ရဲ့ပုံကို မမြင်ရတော့တဲ့အထိ စိုက်ကြည့်နေမိ အရိပ် မျက်နှာမှာ နီတစ်လှည့် ဖြူတစ်လှည့်နှင့် ကောက်ကွေ့ကြေ တွေလည်း မညီညွတ်တော့ပေ ...။

ပြီးတော့ ကားမောင်းနေရင်း နားကျပ်တပ်လိုက်ကာ ...

"တွေ့တယ် .. ပြီးသွားပြီ"

"... ... ... ..."

"ကားထဲမှာ သူ့အိတ် ကျန်ခဲ့တယ်တဲ့၊ အဲဒါ ငါ့ဆီလာပေး

"... ... ... ..."

"မင်း ပိပိရိရိနေ .. ငွေကို အရင်ထက် နည်းနည်း လျှော့ လိုက်၊ အားလုံး အရင်လိုပဲ ထားဦး"

"... ... ... ..."

"ဟိုကောင်တွေ နောက်ထပ် ကျူးလွန်ဖို့တွေ ဖြစ်လာရင် ပါမသွားအောင် မင်း ထိန်းထား .."

နားကျပ်ဖြုတ်လိုက်ပြီး စေ့ထားသည့် နှုတ်ခမ်းအစုံ တင်း ဖြစ်သွားသည်။ စိတ်ကူးတွေအားလုံး လက်တွေ့မှာ အံဝင်ဂွင်ကျ ဖြ နေခဲ့ပေမယ့် သူ မပျော်ပါလား ...။





အခန်း (၄၅)

မနက်ပိုင်းမှာ မင်္ဂလာပွဲကို ခြိမ့်ခြိမ့်သဲ ကျင်းပခဲ့ပြီးဖြစ်ကာ ညပိုင်း မှာ ညစာစားပွဲလုပ်တာ ဖြစ်၏။ ဒါပေမယ့် နှစ်ဖက်မိဘ သဘောတူ ရည်တူချင်းမို့ မနက်နဲ့ ည စည်ကားသိုက်မြိုက်ပုံချင်းကတော့ တူတူပဲ ဖြစ်သည်။

တကယ်ဆို ညပိုင်း ညစာစားပွဲကိုတော့ မတက်တော့ဘူးလို့ ဆုံး ထားခဲ့ပြီဖြစ်သည်။ သားငယ် ရဲ့သူငယ်ချင်းတွေ ဖုန်းဆက်တာ လိုက်ပြီးမှ ...

"အန်တီ .. 'စိန်မျက်ခြယ်'ကုမ္ပဏီပိုင်ရှင်ရဲ့ ညစာစားပွဲကို လာခဲ့ပါ အား ..၊ အဲဒီ စိန်မျက်ခြယ်က မြေအငယ်ဆုံးက ဆယ်တန်း သုံးနှစ် ပြီး အပြင်မှာ လေနေတာ၊ အဲဒီကောင်က သားငယ် ကို သူနဲ့ င်းပူးအောင် လုပ်ထားတာလို့ သတင်း အတိအကျ ရထားတယ်၊ ဒီကို သားငယ် လာလောက်တယ်"တဲ့ ...။

သူတို့တွေ သတင်းပေးလိုက်တာနဲ့ မြေအငယ်ဆုံးဆိုတဲ့ ကော သားကို ပန်း စုံစမ်းကြည့်ခဲ့သည်။ အိမ်မှာ ပစ္စည်းတွေ ခဏခဏ လို့ အိမ် သိပ်မကပ်ရဲဘူးလို့ ကြားရ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆက်တွဲ ကြားရတာတွေက မကောင်းပါ။ သား... လောက်တော့ မမိုက်လောက်ဘူးဆိုသည့် ယုံကြည်ချက်သေးသေး... နဲ့ ဒီပွဲကို လာဖို့ ဆုံးဖြတ်ရသည်။

စားပွဲမှာ စထိုင်ကတည်းက စားစရာတွေကိုလည်း မမြ... လူတွေကိုလည်း ဂရုမထားမိဘဲ သူမ ရှာဖွေနေမိတာက နေညိ... လူငယ်လေးတွေ ...၊ ဖုန်းထပ်ခေါ်တာလည်း မရ၊ သူတို့ပြောတဲ့အ... သားငယ် ရောက်လာပါ့မလားဆိုတာလည်း မသေချာဘဲ ...

"လူ သတိထားမိဦးမယ့် ပန်း ရယ် .. လည်ပင်းကြီးပါ ... ထွက်နေအောင် မရှာပါနဲ့ .. အဲလိုလိုကမှ မျက်လုံးတွေရှိသမျှ ... မှာချည်းပဲ .."

မနွေ့ သတိပေးမှ လည်ပင်းကို မသိမသာ ပြန်ချရသည်။ ဖြ... မိတာကတော့ ဒီပွဲမှာမှ လှချင်နေတာ မဟုတ်ပါ။ ရုပ်ဆိုးမ .. ... လို့ တစ်သက်လုံး အပြောခံလာခဲ့ရသမျှ အလှပြင်တာကို ဝါသ... ပါခဲ့ရတာဖြစ်ကာ လှချင်နေတာလည်း ဝါသနာပဲ ဖြစ်လေသည်။

စိမ်းပြာရောင် အပျော့သား ကိုယ်ကျပ်လက်ရှည်လေးကို ... တစ်ခြမ်းနဲ့ လက်တစ်ဖက်မှာပဲ အပြည့်ထားကာ ကျန်သည့် ... တစ်ခြမ်းနဲ့ လက်ခုံပေါ်ထိက အပါးသားလေးနဲ့ တစ်ဖက်စီ ဖြစ်... ထို့ပြင် စိမ်းပြာရောင် အပါးသားလေးက အတွင်းသားအရောင်အ... ရှိနေလျက် သစ်ရွက်ရှည်ပုံလေးတွေ စီးကွင့်ထိုးထားသဖြင့် အသ... ပေါ်မှာပဲ ပြိုးပြက်လက်နေသလိုလို ..။

ဆံပင်ရှည်တွေကို တစ်ဖက်စောင်း ပွပွလေးထုံး၍ ဆံစ... တချို့ကို ပါးပါးလေး ပြန်ချထားသည်။ ဖြားကပ်ထားသည့် တစ်... ဆံပင်တွေက ဆံပင်နဲ့ပဲ ပန်းပွင့်ပုံ ပြန်ဖော်ပြီး ကပ်ထားတော့ သူမ... အလှမှာ ရိုင်းတာယဉ်တာတွေ ရှုပ်ထွေးလျက် ကြည့်လာသည့် မျက်... ကတော့ ရုတ်တရက် ခွာနိုင်မှာမဟုတ်တာ သေချာပါသည်။





ပန်း အဲဒီလို တကယ်ဖြစ်ချင်သည်။ ဖြစ်အောင်လည်း ပြင်ထားခဲ့ ...ယ့် မှန်တင်ခုံရှေ့က ခွာလိုက်တာနှင့် သားဖောကပ်ကာ ကိုယ့်ကို ...လာတိုင်း မဲ့ပစ်ချင်သည့် အရွတ်ဆန်သည့်စိတ်တွေပါ ပျောက်လွင့် ...ခဲ့သည်။ ခုလို အနေခက်ပြီဆိုတော့မှ ဒီလောက်ထိ ပြင်လာမိတာ ...ပြီမှန်း သတိရသည်။

သူမ ဒီကိုရောက်လာခဲ့တာ သူ့ထက်ငါ အလှ၊ ခနတွေ အပြိုင် ...ိုင် ကြွားဖို့မဟုတ် ...၊ သားငယ် ကို တွေ့ရဖို့ ဖြစ်၏။

"မနွေ့ .. နေညီ တို့က မလာဘဲနဲ့ ပန်း ကို ချိန်းတာထင်တယ်"

"အဲဒါ ဖြစ်နိုင်တယ် .. သူတို့က နင်နဲ့ ဒီမှာဆုံမယ်လို့ ပြောတာ ...ဟုတ်တာ၊ သားငယ် ကို တွေ့နိုင်တယ်.. သွားလိုက်ပါလို့ပဲ ပြော... ဒီလူတွေနဲ့ သူတို့ သိချင်မှ သိမှာပေါ့"

"ဒါဆို သားငယ် ကို ပန်း ကပဲ ရှာရတော့မှာပေါ့"

"ဩော် .. နေစမ်းပါဦး .. ဆန္ဒကလည်း စောလိုက်တာ .."

...ည့်ခံပွဲတစ်ခုလုံးမှာ နှစ်ယောက်တည်း ရှိနေသလို ဖြစ်ပျက်နေ ...ာ သူမနှင့် အရင်းနှီးဆုံး မျက်နှာတစ်စုံ တစ်နေရာဆီကနေ ...ိုက် အကဲခတ်နေကြတာကို နည်းနည်းလေးမှ မရိပ်မိခဲ့ပေ ..။

အစွန်းဆုံး စားပွဲဝိုင်းမှာ သတို့သား၏ အစ်ကိုအကြီးဆုံးနှင့်အတူ ...းယောက် ထိုင်နေကြသည့်ထဲမှာ အရိပ်ထင် ...၊

သူမ ဝင်လာကတည်းက သူ မြင်နေခဲ့တာဖြစ်ကာ တစ်ခုခုကို ...လာတကြီး ရှာဖွေနေမှန်းလည်း သိနေ၏။ တစ်ဆက်တည်း သိ ...ိက်တာက သားငယ် နဲ့ တွဲဖက်ဖြစ်နေကြသည့် သုံးယောက်ထဲမှာ ...ကို ဆိုသော ကောင်လေးသည် ဒီအိမ်က အချစ်ဆုံး အဆိုးဆုံး ...ိက်ပျက်နဲ့ ကောင်လေး ..။

ပန်း လိုက်ရှာနေတာ ဒီကောင်လေးဆီမှာ သားငယ် အကြောင်း ...မလို့လား ..၊ ဒါမှမဟုတ် သားငယ် ဒီရောက်လာမယ် ထင်လို့လား..။



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်လှချေလား ဆရာကြီးရဲ့ .. ဘာလဲ .. သူ့ကို ခင်ချင်လို့
ကိုကြည်ဇင် က ရယ်ကျဲကျဲနှင့် ကပ်မေးသည်။ ပြီးတော့ ..

"အဲဒီတစ်ယောက် အခုတစ်လော ဟော့တ် ဖြစ်နေတယ် သိ
ဖြစ်လောက်စရာပဲနော် .."

"ဟုတ်တယ် .. ကိုရိပ် ကသာ ကြည့်နေနိုင်တာ ..၊ ကျွန်
စေ့စေ့မကြည့်ရဲဘူး"

အရိပ် က သူမထံမှ မျက်လုံးမခွာဘဲ ပြုံးလိုက်ကာ ...

"ဘာဖြစ်လို့လဲ .. ပြောပါဦး"

"မသိဘူး .. ဒူးတုန်လာသလိုလို ထွက်ပြေးချင်သလိုလို ..
မျက်လုံးက တစ်ခုခုဆီ အရောက်ပို့နေသလိုပဲ၊ ခင်ဗျား မသိလို့
'ဖရိုက်ဒေးဘား' က 'မျက်လုံးရိုင်း' ဖြစ်သွားတာ သူပဲ ..၊ သူ့ဆိုင်
သွားမှ အဲ့ဩဖို့ကောင်းအောင် ခမ်းနားသွားတာ .."

အရိပ် နှုတ်ခမ်းမှာ လျှို့ဝှက်သည့်အပြုံးတစ်ချက် ထင်
သည်။ တော်ရုံ မရင်းနှီးတဲ့လူက သူ့ရဲ့ခြေလှမ်းတွေကို သိလိုက်ကြ
မထင် ..။ နေပါစေ .. ဒါ သူ ဖြစ်စေချင်ခဲ့တဲ့အတိုင်း ..။

"ဒါပေမယ့် အဲ့တစ်ယောက်ကတော့ ဆက်ဆီလေဒီ ဆို
လောက်ပဲနော် .. အညှီအဟောက်မပါဘဲ နားမည်ကျော်တာ .."

"လင်းရန်အောင် .. မင်း သိပ်မကြည့်ရဲလို့ပဲနော် .. အဟွန်
အမာခံပရိသတ် ထင်တယ်"

ကိုကြည်ဇင် က ဝင်နှောက်ပြီး လင်းရန်အောင် ပခုံးကို ဖြန်
လှမ်းရိုက်သည်။ သူက ဒီည ဧည့်ခံပွဲလုပ်သည့် သတို့သမီး သိရိအော
၏အစ်ကိုဖြစ်ကာ လူပျိုကြီးလည်း ဖြစ်၏။

မောင်နှမလေးယောက်ရှိကာ လူပျိုကြီးနှစ်ယောက် ပါသည်
လည်း ကြား၏။

ဘယ်သူက အကြီးမှန်း .. အငယ်မှန်းလည်း မသိသလို ဇင်ကို





ည့် ချာတိတ်က ဘယ်သူ့သားမှန်းလည်း မသိပေ။ ထို့ပြင် ..၊
ဘိုးဘွားမိဘနှင့် ဦးကြီးဦးလေးတွေ ဝိုင်းရံနေပြီး ဒီကောင်လေး
စီးသွားခဲ့တာလည်း အံ့ဩဖွယ်ပင်။ အရိပ် ခေါင်းထဲမှာ ရယ်မော
က် ရှိရင်းနဲ့ပဲ တွေးစရာတွေနဲ့ လည်ပတ်နေသလို၊ မျက်လုံးနဲ့
ကိုလည်း မပြတ် အလုပ်ပေးနေခဲ့၏။

အရင်းနှီးဆုံးလူနှစ်ယောက်ကို အလှမ်းကွာသည့် စားပွဲတစ်လုံးစီ
ခြင်လိုက်ရသဖြင့် နှစ်ထပ်တိုက်ကြီး၏ အပေါ်ထပ်ဝရန်တာကနေ
ည့် စူးစိုက်နေသော မျက်လုံးတစ်စုံက ဦးမြတ်ထွန်း ဖြစ်သည်။

ဒီနေ့ သူ ဒီကိုရောက်လာဖြစ်ဖို့ အကြောင်းဖန်ခဲ့တဲ့အတိုင်း ဘယ်
မထင်မှတ် မမျှော်လင့်ခဲ့ဘဲ လာတွေ့နေရတာ သုံးပွင့်ဆိုင်ပါလား..။

အရိပ်ထင် နဲ့ လျှပ်ပန်း ..၊

သူတို့နှစ်ယောက် ပြန်တွေ့နေကြပြီကို သိသည်။ သူထွင်ခဲ့တဲ့
းအတိုင်း လျှောက်ခဲ့ကြသည် ဆိုဦးတော့ .. တစ်ခါမှ မသိခဲ့ဘူး
ည့်လူတွေအတိုင်း ဒီလိုနေကြဖို့ မရှိပါ။ ဘာဖြစ်လို့လဲ ..၊

ဆွဲငင်မလား .. တွန်းကန်မလား .. ဒါပဲရှိတာကို ဘာဖြစ်လို့လဲ..။

တော်ပါပြီ ..၊ ဒီလောက်နဲ့ပဲ ကျေနပ်လိုက်မယ်လို့ ထားခဲ့ပြီးပေ
ည့် မျက်စိအောက် ရောက်လာတော့လည်း မသိခဲ့ဘူးသလို ကျော်
းမသွားနိုင် ..၊ အုံဖွဲ့ခဲ့သည့် ရင်ထဲက ရန်စမီးက ပြာဖုံးနေသည့်
ခဲလို ယပ်ခတ်ပေးလိုက်တာမျိုး ..။

"ကဲ .. ဘာတွေ အာရုံစားနေတာလဲ ကိုမြတ်ထွန်း .. အေးဆေး
းလို့ရအောင် ဒီမှာ သီးသန့်ဝိုင်း လုပ်ထားတာကို .."

"မပြောပါနဲ့ ကိုကြီးရာ .. အန်ကယ်လ်ထွန်း က မြန်မာပြည်ကို
ည့်သည်လို ခဏလေး .. ခဏလေးပဲ ရောက်ရတာ ငေးချင်ရာ ငေး..
တွေးချင်ရာ တွေးပါစေ"

ဝရန်တာမှာပဲ စားပွဲဝိုင်းကြီးတစ်ဝိုင်းလုပ်ကာ သတို့သမီးရဲ့



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုတွေက ဦးမြတ်ထွန်း နဲ့ တခြားမိတ်ဆွေတွေကို သီးသန့် စီစဉ်ထားတာ ဖြစ်သည်။ ဒါကလည်း သူတို့ချင်း ဆက်နွယ်မှုရှိသည့် လုပ်ငန်းတွေအတွက် အနားယူရင်း ဆွေးနွေးဖို့ နှစ်လမ်း သဘော ဖြစ်၏။

ဒါပေမယ့် လောလောဆယ် ဦးမြတ်ထွန်း သည် သည်းကြီးမည်း စူးစိုက်နေတာကို ဦးသောင်းမြတ်ဇင် က သတိထားမိသွားသည်။

"ဟိုမှာ ပြုံးပြက်လက်နေတဲ့ စိမ်းပြာရောင်လေးလား ..၊ ကိုမြတ်ထွန်း က ဒီလိုလည်း ရှိ .. ဟင်!..."

ဦးသောင်းမြတ်ဇင် စကားမဆက်နိုင်ဘဲ ပန်း ကို သေချာ စူးစိုက်ကြည့်မိရင်း ...

"ဇင်မင်းထွတ် .. ဟိုတစ်ယောက်က မင်းပြောတဲ့တစ်ယောက် မို့လား ..၊ ငါ မှတ်မိနေတယ်" -

"ဟင် .. ဘာလဲ .."

စားပွဲမှာ အကျအနထိုင်နေသည့် ဇင်မင်းထွတ် က ချက်ချင်း ထလာပြီး ဧည့်ခံပွဲကို ငုံ့ကြည့်သည်။

"ဟုတ်တယ် .. အရိုင်းပန်း၊ သီရိ နဲ့ ခင်ကြတာ ထင်တယ် ကြည့်စမ်း .. ဒါကို ဘာဖြစ်လို့ ခုမှ သိရတာလဲ"

ခပ်ထွေထွေ မျက်နှာက ရယ်မြူးရိပ်များနှင့် ဝမ်းသာအားရ ဖြစ်သွားတာလည်း မဖုံးနိုင် .. မဖိနိုင် ...။

"မင်းနဲ့ ငြိလို့လား .. အရိုင်းပန်းလေးလို့ ပြောရလောက်အောင်လည်း မလန်းတော့ပါဘူးကွာ .. အဲ့ဒါ ကလေးတစ်ယောက်အမေ သူ့သားတောင် လူပျိုဖားဖား ဖြစ်နေပြီ"

"ဟာ .. အန်ကယ်လ်ထွန်း မနောက်နဲ့နော် .. အရိုင်းပန်းက ဒီလိုပဲ အမျိုးမျိုး နာမည်ဖျက်နေကြတာ၊ ကျွန်တော်က ကြည့်တာ မဟုတ်ဘူး ..၊ အဲဒီထဲမှာ အန်ကယ်လ်ထွန်း ပါသွားလိမ့်မယ်"





"ဟုတ်တယ် .. ကိုမြတ်ထွန်း၊ အဲဒီကောင် အရှုံးထနေတာ၊ တစ်ဘုံး ဒီမိန်းကလေးပုံတွေချည်းပဲ"

"ဟား .. ဟား .. ဟား ..."

ဦးမြတ်ထွန်း က အပိုင်သိနေသည့် အောင်မြင်မှုနှင့် ခန့်ညားစွာ ရယ်သည်။ ပြီးတော့ ကောက်ကျစ်လှို့ဝှက်သည့် မျက်လုံးတို့ကို ပန်း ရှာ၍ ဇင်မင်းထွတ် ဘက်ကို ရင်ဆိုင်လှည့်ရပ်လိုက်ပြီး ...

"ဒီမိန်းကလေး အပျိုဖော်မဝင်ခင်တည်းက ငါတို့နဲ့ အရှမ်း ခဲ့တာဆိုရင်ရော ငါ ပြောမှာတွေကို မင်း ယုံလား .."

"ဟင်!..."

ရှိနေတဲ့လူတွေပါ စိတ်ဝင်တစား ထလာကြပြီး ဧည့်ခံပွဲကို ငုံ့ကြည့်ကြ၏။ ဦးမြတ်ထွန်း က တဟင်းဟင်းရယ်သံနှင့် လက်ပိုက် ပိုက်တာ ဆရာကြီးလို ..၊ ပြီးတော့ ...

"ယောကျ်ားလေးမျက်လုံးဆိုတာ အမြင်စူးရတယ်ကွ .. ငါတို့ကို 'ကျား'လို့ သတ်မှတ်ရင်လည်း ကျားက ကိုယ်တိုင် အမဲရှာ ဝုပ်ပွစာကို မစားဘူး၊ နွားလို့ပဲ ပြောပြောကွာ .. ကောက်ရိုးလှည်း ဆွဲမလား .. ကုန်စည်လှည်းကို ဆွဲမလား .. အဟွန်း .."

ဦးမြတ်ထွန်း က ဇင်မင်းထွတ် မျက်နှာကြီး နီတီတီဖြစ်လာတာ နှစ်သိမ့်သည့်မဲ့ပြုံးနှင့် ပခုံးကို ဆုပ်ကိုင်၍ ...

"ကောက်ရိုးလှည်းက ပေါ့ပါးပေမယ့် ငါတို့က နွားတွေမှ မဟုတ်တာ၊ တန်ရာတန်ဖိုးဆိုတာ သိရမှာပေါ့ မဟုတ်ဘူးလား ..၊ ဆွေရင်းတွေမို့လို့ နှုတ်၏စောင်မခြင်းနဲ့ ပြောပြတာ .. ရိုင်းသွားတော့ ဆောရီးပဲ၊ လက်လီ ဝယ်စားတာ ကောင်းပါတယ်ကွာ၊ တွေ စိုက်ထုတ်ဖို့ စဉ်းစားနေတာလဲ၊ ဟွန်း .. ဟွန်း .. လူပျိုကြီး နေပြန်ပြီ၊ ပြောရခက်လိုက်တာ .."

ဦးမြတ်ထွန်း က ပြောနေရင်း အောက်ကို မသိမသာ ငုံ့ကြည့်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုစဉ်မှာ အရိပ် က ပြန်ဖို့ နှုတ်ဆက်နေတာ မြင်လိုက်သ… တင်းခနဲ အံကြိတ်၏။ ပြီးမှ ဒီဘက် ပြန်လှည့်၍ …

"မင်းကို ဒီထက်သေချာအောင် ပြောပြနိုင်သေးတယ် ဇင်… ထွတ် ..၊ ဒါပေမယ့် ယောက်ျားက သူများမကောင်းကြောင်း တစ်… ခွခွ ပြောရင် အတင်းဖြစ်မယ်၊ အကျည်းတန်တယ်"

"ဒါ ဖြစ်နိုင်တယ် ..၊ ကျွန်တော်လည်း ဒီမိန်းကလေး ဒီ… လှနေတာကို မြင်ဖူးစတည်းက စိတ်ထဲမှာ တော်တော်လန့်သွား… နောက်ပြီး သူက အရက်ဆိုင်ပိုင်ရှင်ဆိုတော့ .."

"ဟာ!… ကိုကိုကြီးကလည်း .. ဟုတ်ပေမယ့် သူက .."

"ဟား .. ဟား .. ဟား …"

ဦးမြတ်ထွန်း ရယ်ချလိုက်ပြန်သည်။ ဇင်မင်းထွတ် က သူ… လှောင်ရယ်လွန်းသည်လို့ ထင်သည့် မျက်လုံးတွေနဲ့ ကြည့်လာ… တကယ်က ဦးမြတ်ထွန်း မျက်လုံးတွေ ရောက်နေတာ တစ်နေရာ… ဖြစ်သည်။

ထိုင်နေရင်းကနေ ထရပ်လိုက်သည့် ပန်း ၏အမူအရာက ဖြ… မဟုတ်ဘဲ တစ်ခုခုဆိုတာ တပ်အပ်သိလိုက်သည်နှင့် …

"ဟား .. ဟား .. ငါ့ကို အထင်မလွဲနဲ့ ဇင်မင်းထွတ် ..၊ မင်… လက်တွေ့ပြမယ် .. ယုံလား"

ဦးမြတ်ထွန်း က ဒါပဲပြော၍ ရယ်နေကာ အားရကျေနပ်… သည့်ရင်ထဲမှာ စကားတွေ ဆက်ပြောနေခဲ့၏။ ဒီနေ့ ငါ့အတွက် … ဥတု သာယာနေပါလား ..။

ဘယ်သူ့ကိုမှ မေးခွင့်မသာဘဲ တိုက်တံခါးဝထိ ရောက်လာ… သည့် ပန်း ရဲ့ရင်ထဲမှာတော့ စိုးရိမ်ပူလောင်မှုများနှင့် ဖြစ်၏။ "ဒီ… နောက်ကျအောင် စောင့်ပြီး ထိုင်ကြည့်ရအောင် .. သွားမမေးပါနဲ့" …

မနွေ့ အတန်တန်တားနေတာကို ခေါင်းခါပြီး သူမ ထွ…





…သည်။ နေညီ တို့ဆီက ဖုန်းလေးတစ်ချက်နှင့် မျှော်လင့်နေရပေမယ့် …ကယ်တော့ မမေးသင့်ဘူးဆိုတာ မသိလို့ မဟုတ်ပါ။

ဒီက ကောင်လေးတစ်ယောက်အကြောင်း မေးဖို့က ကိုယ့်သားရဲ့ …ခြအနေကို ပြန်မေးလာလျှင် …

"ညီမ .."

"ဟင် .."

တိုက်ထဲကို ရှာဖွေနေမိစဉ် အသက်ခပ်ကြီးကြီး အိမ်အကူပုံစံ …၀ အမျိုးသမီးကြီးတစ်ယောက် သူမနောက်မှာ ဘွားခနဲ ပေါ်လာ …ြင့် လှည့်ကြည့်မိကာ …

"ဩော် .. ဟိုလေ .. တစ်ခုလောက် မေးကြည့်ချင်လို့ပါ"

"ဘာလဲ .. ပြောပါ .."

အထဲကို လှမ်းကြည့်တော့လည်း လူရိပ်တွေ မြင်ရပေမယ့် အပြင် …ည်း ထွက်မလာ ..၊ ထို့ကြောင့် အနားရောက်လာသည့်လူကိုပဲ …ို့ ဆုံးဖြတ်လိုက်ကာ …

"ဒီအိမ်က မြေးအငယ်ဆုံးလေးလေ .."

"ဩော် .. ဇင်ကိုကိုလင်း .."

ပန်း နာမည် မသိပေမယ့် ခေါင်းညိတ်လိုက်မိသည်။

"သူက သားရဲ့သူငယ်ချင်းပါ၊ ဟို သူ့အဒေါ်ရဲ့မင်္ဂလာပွဲဆိုတော့ ဒီအချိန် အိမ်မှာများရှိနေသလားလို့ .."

"ဩော် .. ဘာကိစ္စများရှိလို့လဲ မသိဘူး၊ ညီမရဲ့သားက .."

"သားက အဆောင်မှာ သူငယ်ချင်းတွေနဲ့ နေတာပါ၊ အဲ့ဒါ.."

"သိပြီ .. သိပြီ ..၊ ခဏလေး စောင့်နော် .."

အနားမှာ တခြားလူမရှိတော့လည်း ရှိတဲ့လူကို သေချာပြောပြနေ …ည့်အဖြစ်ပါ။ သူမ ထထွက်သွားကတည်းက အရိပ် လှမ်းမြင်လိုက် …ည်၊ နှစ်ယောက် ပြိုင်တူထတာမဟုတ်ဘဲ မနွေ့ ကျန်ခဲ့တာ မြင်ရ



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ကားတံခါးဖွင့်လိုက်ပြီးမှ လက်ပြန်ချ၍ သေချာကြည့်နေမိ

ပြန်ဖို့မဟုတ်ဘဲ ပန်း တစ်ယောက်တည်း အိမ်ဘက်ကို
သွားတော့ သူ့မျက်လုံးတွေ ရှုံ့ရဲကျဉ်းမြောင်းသွားခဲ့၏။ ပြီးတော့
နဲ့ အမျိုးသမီးတစ်ယောက် စကားပြောနေသည်။ အမျိုးသမီး ပြ
လာပြီး ခေါ်တော့ ပန်း အထဲကို ဝင်သွား၏။

အရိပ် ခြေလှမ်းတွေ ကားကို ကျော်ခိုင်း၍ ဧည့်ခံပွဲဘက်သို့
လှမ်းချင်း စတင်ရွေ့လျား၏။ ထို့နောက် ဧည့်ခံပွဲအဝင်လမ်း
သော ဘေးလမ်းကြောက ပတ်၍ လျှောက်ခဲ့ရင်း သူ စဉ်းစား

သားငယ် အတွက်နဲ့ ပန်း ဒီအိမ်ထဲကို ဝင်သွားတာမှ
သိသည်။ ဇင်ကို ဆိုသော ကောင်လေးဆီကနေ သားငယ် အ
စုံစမ်းဖို့အပြင် တခြားဖြစ်ဖို့ မရှိပေ ..။

ဒီကောင်လေး ဆိုးလွန်းလို့ အိမ်ကို လုံးဝ ပြန်လာမခံဘူး
ဟိုရက်ပိုင်းတွေမှာတည်းက သူ ကြားထားပြီးသား..။ ဒါ သိပ်မ
ပေမယ့် မမှားနိုင်ပါ။ ပန်း ကို အထဲခေါ်သွင်းသွားတာ ဘာအတွက်
ပန်း ဘာဖြစ်လို့ လိုက်ဝင်သွားတာလဲ ..။

ပန်းပင်တွေရဲ့တစ်ဖက် မှောင်ရိပ်စပ်စပ်မှာ ခဏရပ်ကာ
ပင့်ကြည့်မိသည်။ ဆက်ပြီး စောင့်ကြည့်နေရကောင်းမလား
မဟုတ် လှည့်ပြန်ရမလား ..။

ပန်း ကို သူ ဘားစင်တာမှာ ထိုင်ခိုင်းခဲ့သည့်ပြဿနာ
သူမအတွက် ထိခိုက်နစ်နာဖွယ်တွေ ရှိလာခဲ့ပြန်တာ ပြန်တွေးမိ
မဆိုင်သလို ကျောခိုင်း လှည့်ပြန်သွားဖို့အတွက် စိတ်က မပြတ်
ဖြစ်နေမိသည်။

ဒီတိုင်းနေလိုက်လို့ ကိုကြည်ဇင် တို့ တစ်ယောက်ယောက်
သွားရင်ရော ..၊ ပြန်မယ်လို့ နှုတ်ဆက် ထထွက်ခဲ့ပြီးမှ ...

"ဟင်!..."





ကိုကြည်ဇင် ကို တွေးလိုက်မိတာနှင့် မျက်လုံးတို့က အပေါ်ထပ်
တာဆီ ရောက်သွားမိ၏။

'ခင်ဗျားတို့ညီအစ်ကိုတွေ ဒီလိုညမှာတောင် မဆုံဖြစ်ကြဘူးလား'
မေးတုန်းက 'ဟိုပေါ်မှာ ရှိတယ်၊ သူတို့နဲ့ ကိုယ်က လိုင်းပူးလို့
ဘူး'လို့ ကိုကြည်ဇင် မော့ကြည့်ပြီး ပြန်ဖြေသည်။

သူတောင် လှမ်းကြည့်မိခဲ့သေးသည်။ မှိုးတိုးမတ်တတ်တွေကို
ရတာ သတိရကာ ခု တစ်ယောက်မှ ရှိမနေသည့်အဖြစ်ကြောင့်..၊

"တောက် .."

အရိပ် ဖျတ်ခနဲ တွေးမိ၏။ တစ်ခုခုတော့ မှားနေပြီ ..၊ သူ့ခြေ
တွေ တွေဝေခြင်းမဲ့စွာ ကျွဲထွက်သွား၏။ ကိုကြည်ဇင် တို့လူစုက
ယောက်တစ်မျိုးစီ လုပ်ငန်းကြီးတွေ လုပ်ကိုင်နေကြပေမယ့် နာမည်
ခဲ့တဲ့ တချို့ကိစ္စတွေ ရှိသည်။

အပြင်မှာ ဧည့်ခံပွဲနဲ့မို့ အထဲမှာ လူမရှိဘဲ ဖြစ်နေသဖြင့် အရိပ်
ာရမှန်း မသိတော့ဘဲ အထဲထိ တောက်လျှောက်ဝင်ခဲ့သည်။

ထူးဆန်းစွာပင် လှေကားအောက် ထမင်းစားခန်းမှစ၍ လမ်း
လေးထဲ ဝင်ခဲ့လိုက်တာ..၊ ပန်း ဘယ်အခန်းမှာ ရှိနေမှန်း တပ်အပ်
သလိုပင် ..။ ထိုစဉ် သူ ခြေလှမ်းတွေ တုံ့ခနဲ ဖြစ်သွား၏။

"မင်းက ကိုယ့်ကျမှကွာ .. မရက်စက်ချင်ပါနဲ့ .."

"ရှင် ရှေ့ကို မတိုးနဲ့နော် .. ကျွန်မ ဒေါသမဖြစ်တတ်အောင်
တာ ..၊ လာပုတ်မနှိုးနဲ့"

"အရိုင်းပန်း ရာ .. မင်းကို ကိုယ် ဘယ်လောက်ရူးသွပ်ခဲ့လဲ ..
ည်းမှ မသနားဘူးလား၊ အမြဲတမ်း ခါထုတ်ခံခဲ့ရတာ ဒီတစ်ခါ
မရတော့ဘူး၊ မင်းရဲ့မျက်နှာလေးကို တစိမ့်စိမ့်ငေးပြီး ဒီညတော့.."

"ဟုတ်လား .. ကျွန်မ သိပ်လှသလား .."

"ဟုတ်တယ်.. အရမ်း.. အရမ်းကွာ.. ပက်ပက်စက်စက်လှတာ၊



www.burmeseclassic.com

www.burmeseclassic.com



မင်း ပြေးဖို့ အင်အားမရှိတော့ဘဲ ဘာလုပ်ဖို့ အမုန်းခံမှာလဲ ..
လက်ခံလိုက်တဲ့အတွက် မင်း လုံးဝ မနစ်နာစေရဘူး"

"ဟုတ်တယ် .. ကျွန်မ ချောင်ပိတ်မိနေပြီ၊ ယူပါ .. ရှင်
တယ်ဆိုတဲ့မျက်နှာမှာ ရှင် ဘာကိုအကြိုက်ဆုံးလဲ.. တစ်မှဲ့စိမ့်

ပန်း ဘယ်မှာလဲ ..၊ အသံတွေကို ကြားနေရပြီး အခန်း
လှုပ်ရှားမှုတစ်စုံတစ်ရာမှ မတွေ့ ..၊ အရိပ် ပျာယာခတ်သွား
ဟိုပြေးဒီပြေး ဖြစ်သွားပြီးမှ မျက်လုံးထောင့်မှာ လေ့ကားစွန်း
သတိထားမိသွား၏။

နောက်ဖေး သံလေ့ကားထိပ်မှာ ..၊

သိလိုက်ပေမယ့် သူ့ခြေလှမ်း နောက်ကျသွား၏။ တုတ်
ဝှေ့ခေါ်ပြီး ပြေးဝင်လာ၏။ မှောင်ရိပ်ကျနေသဖြင့် တုတ်ချက်ကို
မြော်ပါး ရှောင်လိုက်တာတောင် ကျောကော့သွားအောင် အ
ထိမိခြင်းက ပြင်းထန်သည်။ နောက်ထပ်ရိုက်ချက်ကို သူ မှန်း
မို့ ငုံ့ရှောင်လိုက်ရင်း လက်ရင်းထဲကို ကိုယ်တခြမ်းစောင်း
လိုက်၏။

ထိုအခါ တုတ်သမား၏ ရင်ဝကိုပါ လက်ပြန်တံတောင်
လိုက်နိုင်ကာ နောက်က ပြေးကန်သူ၏ ခြေထောက်ကို ဖမ်းကို
မိသည့် တုတ်နဲ့ပဲ သိမ်းရိုက်ပစ်လိုက်၏။

တစ်ချက်တည်းနှင့် နှစ်ယောက်စလုံး ကုန်းကွသွားကာ
တရက် ဘယ်လိုမှ မတ်မတ်စန့်စန့် ပြန်ဖြစ်နိုင်မှာ မဟုတ်တာ
၏။ သူ့အတွက် အရေးကြီးနေတာက ပန်း ရဲ့အခြေအနေ ..

အရိပ် လေ့ကားပေါ် ပြေးတက်သွားမိလျှင် နောက်ဖေးအ
တံခါးတစ်ချပ်က ပွင့်နေကာ ဝင်ဝင်ချင်းမှာပဲ မြင်လိုက်ရ၏။
ထောင့်မှာ ကျောကပ်မိနေသော ပန်း သည် ရုန်းလည်းမရုန်း
လည်း မလှုပ်ဘဲ နှုတ်ခမ်းအစုံ တင်းတင်းစေ့လျက် မျက်လုံး





က်လက် စူးရဲနေ၏။ သူ့ကို ကျောပေးနေသည့်လူသည် နောက်
ခြေတစ်လှမ်း ယိုင်ထွက်လာလျှင် ...

"မလုပ်နဲ့ .."

အရိပ် အသံပေးကာ ထိုလူ့အင်္ကျီကုတ်ပိုးစကို ဆောင့်ဆွဲ တွန်း
၏။

"ပန်း .. ဟေ့ .."

ပန်း သည် သူ့ကို အလန့်တကြား ကြည့်လိုက်ပြီး မျက်တောင်
တွေ မှေးစင်းသွားခဲ့လျက် ...

"အား!..."

စိုက်ခနဲ ယိုင်သွား၏။ ပန်း ကို ဆွဲဖမ်းထားလိုက်ကာ နောက်ပြန်
ကြည့်လိုက်လျှင် ကုတ်အင်္ကျီအနက်နှင့် ထိုလူသည် ...

"အား .. နာလိုက်တာ .. ကျွတ် .. ကျွတ် .. ဘယ်သူလဲ၊ လုပ်..
ပါဦး .. ကျွန်တော်က ဘာဖြစ်တာလဲ၊ ကိုကိုကြီးလား .. လုပ်ပါဦး၊
တော့်မျက်လုံးတွေ .. ခေါင်းတွေ ဘာဖြစ်တာလဲ .. လုပ်ကြပါဦး"

ပန်း ကို တစ်ဖက်က တွဲထားရင်း လေ့ကားက ပြန်ဆင်းခဲ့ပေ
ယ့် အိမ်ထဲက မဖြတ်တော့ဘဲ ခြံထဲကနေ ပတ်ထွက်လာခဲ့သည်။
ခံပွဲက လူတစ်ယောက်တလေ လှမ်းမြင်ကြတာ ရှိသော်လည်း
အသောက်အစားပါသွားလို့ မူးနေသူကို တွဲခေါ်သွားတာလိုလို..။

"ဟော့ .. ဒီမှာ .. ဘယ်လိုလဲ ..၊ မျက်လုံးတွေ ဖွင့်ဦး"

"ဟင်!..."

နားထင်နှစ်ဖက်ကို နှိပ်ရင်း ပန်း က ရှုံ့မဲ့နေဆဲ ..၊ သူမ သတိ
စ်တဲ့အထိ မဖြစ်ဘူးဆိုတော့ သူ အချိန်မီရဲ့လား ..၊ ဟိုလူ ဘယ်လို
ကျန်ခဲ့ပြီလဲ ..။

ကားကို ခြံထဲက အမြန်ဆုံး လွတ်အောင် မောင်းထွက်ခဲ့ပြီး
နေ့ ဆိုသည့်တစ်ယောက် ကျန်ခဲ့ပြီမှန်း သတိရသည်။ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



မတတ်နိုင်..။

"ကိုကို .."

ပန်း ကောင်းကောင်း သတိရလာကာ ဟိုကြည့်ဒီကြည့် သည်နှင့် ကားကို ဘေးချပြီး ရပ်ပစ်လိုက်သည်။

"လျှပ်ပန်း .."

"ပန်း ကို ကားနဲ့ တစ်ခါတည်း တင်ခေါ်လာတာလား၊ မ

"မသိဘူး.. မင်း ငါ မေးတာကိုပဲ ဖြေ၊ မင်း ဟိုကောင်ကို သ မလို့လား .. ဟုတ်လား၊ အခု ဘာလုပ်ခဲ့တာလဲ .. ဘာဖြစ်သွားနိုင် မင်းကို အဲ့ဒါတွေ မလုပ်ဖို့ .. ကျွတ်!.."

ဟိုတုန်းက စကားတွေပြောပြီး ဆူပူမာန်မဲဖို့က သူ့ကိုယ် ဟိုတုန်းက အရိပ်ထင် အဖြစ်မခံနိုင်သည်မို့ ...

"အဲဒီထဲထိ ဘာလိုက်လုပ်တာလဲ..၊ မင်းကိုယ်မင်း 'ငါ့ကို ထိရဲ ထိကြည့်'ဆိုတဲ့မာနနဲ့ .. ဟုတ်လား .."

"မဟုတ်ဘူး ကိုကို .. သားငယ် တို့ အထဲမှာရှိတယ်ဆိုလို့ လိုက်သွားတာ၊ အဲဒီကကောင်လေးနဲ့ သားငယ် တွဲနေတာ သတင်းရ ဒီပွဲကို လာဖို့ရှိတယ်ဆိုတာလည်း ကြားလို့ .."

"မင်္ဂလာပွဲတက်ဖို့ လာတဲ့လူက မလွယ်ပေါက်လေ့ကားထိပ် မှောင်ရိပ်ခိုနေမှာလား ..၊ မှောင်ရိပ်ခိုနေရအောင် မင့်ရဲ့သား အဖြစ် နေရင်ရော ဒီပွဲကို ဘာလာလုပ်မှာလဲ ..၊ နည်းနည်းမှ မင်း မတွေးဘူး လား .."

"တွေးနေချိန် မရလို့ပေါ့ ကိုကို ..၊ ဒီလိုလူမျိုးတွေ ဒီလောက် ယုတ်မာနိုင်မလားလို့လည်း မတွေးမိလို့ပေါ့၊ ပန်း ကိုကို့ကို ကတိပေး ခဲ့ပြီးတည်းက အရာအားလုံးကို ထိန်းချုပ်ခဲ့တာ သိလား ..၊ မွေးနေ့ တိုင်း ဥပုသ်စောင့်တယ်၊ ဒီနေ့ထိ အသားလွတ် အဓိဋ္ဌာန်နဲ့ နေခဲ့တာ ဒါပေမယ့် ဒေါသ လုံးဝ ကင်းစင်တဲ့အထိ ပန်း သမာဓိ မခိုင်သေးဘူး





ကြီး 'ကမ္ဘာမီးလောင် သားကောင်ချနင်း' ဆိုတဲ့ စကားတောင် ရှိခဲ့ ပန်း ဘ၀အတွက် ကိုယ်လွတ်ရုန်းဖို့ မကြိုးစားရတော့ဘူးလား..၊ ထဲမှာ ဘယ်သူသေစေ ဘယ်သူရှင်စေဆိုတာ မပါဘူး၊ အဓိကက လွတ်မြောက်ဖို့ .."

"ကောင်းပြီ .."

အရိပ် မျက်နှာမှာ စိတ်လှုပ်ရှားနေသည့် ဒေါသတွေအစား တည် ငြိမ်မှုတွေ ရုတ်တရက် ပြောင်းသွားကာ ...

"သွားမယ် .."

ပြောပြီးတာနှင့် ကားကို လမ်းကြောင်းပေါ်ပြန်တက်ပြီး တစ်ခွန်း ထပ်မပြောတော့ဘဲ မောင်းထွက်ခဲ့၏။

"ဘယ်ကိုလဲ ကိုကို .. ပန်း အဲဒီဘက်ကို ပြန်ရမှာမှ မဟုတ်တာ"

"ဟုတ်တယ် .. နောက်ဆိုရင် မင်း ပြန်ရမှာ ဒီဘက် ဖြစ်ချင်ဖြစ် မှာ"

ပန်း ကိုကို့မျက်နှာကို နားမလည်နိုင်စွာ ကြည့်မိ၏။ ကိုကို ဘာလုပ်တာလဲ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၆)

"ဘာလဲ ကိုကို .."

"မင်း ငါနဲ့လက်ထပ်ဖို့ .."

"ဘယ်လို .."

စာချုပ်ကို စားပွဲပေါ်မှာ ချလိုက်ပေမယ့် ပန်း က ထရပ်လိုက် တော့ နှစ်ယောက်သည် ထောင့်မှန်ကျပုံစံ ရင်ဆိုင်ရပ်မိကြကာ အရိပ် က လှချင်တိုင်းလှနေသည့် ပန်း တစ်ကိုယ်လုံးကို ဝေခနဲ ကြည့်၍ နှုတ်ခမ်းမဲ့သည်။

"မင်း ဒီပုံစံနဲ့ အမြဲနေနေပြီးတော့ ကျွန်မရဲ့ လွတ်မြောက်ခွင့် အတွက်ပါဆိုရင် မင်း လွတ်မြောက်ဖို့အတွက် တစ်ယောက်ယောက် က အမြဲတမ်း ဒုက္ခတွေ့နေမှာပဲ"

"မိန်းကလေးလှလှမြင်တိုင်း တော်သလင်းခွေးတွေလို သိက္ခာမဲ့စွာ ချဉ်းကပ်နေကြတဲ့ ယောကျ်ားတွေကတော့ အပြစ်မဲ့စွာခံရရှာတယ်ပေါ့"

"မင်း ငါ့ကို ပြန်မမေးနဲ့ ..၊ ငါ ဖြစ်စေချင်တာ မင်း လူသတ် သမားဖြစ်ဖို့ မဟုတ်ဘူး .."





"ဒါဆို ဘာလဲ ..၊ ကိုကို ပြောပါ .. ပြောလိုက်ပါ ကိုကို၊ ပန်း ဒီထက် ဘာဖြစ်စေချင်သေးလို့လဲ"

ပန်း ကိုကို့ရှေ့ကို ထပ်တိုးသွားမိသည်။ ကိုကို့မျက်နှာအောက်မှာ က်လုံးချင်းဆိုင်ဖြစ်အောင် ခေါင်းမော့ဝင်၏။

"ပန်း ရဲ့သားလေး ပန်း ကို အမျိုးမျိုး အထင်လွဲ နာကျင်ပြီး အရက်သမားဖြစ်နေပြီလား .. ဘိန်းစားဖြစ်နေပြီလား .. ဒါမှ တ် လူမိုက်တွေနဲ့ပေါင်းပြီး ထောင်ထဲရောက်နေပြီလား၊ ဘယ် ့မှ ပြန်မဆုံနိုင်တော့တဲ့လမ်းဆုံးမှာ ဆေးထိုးအပ်တန်းလန်းနဲ့.."

ပြောနေရင်း ရင်ထဲမှာ တဆစ်ဆစ် နာကျင်လာခဲ့သည်။ အဲ့ဒါ ို့ညီလေးပါ ကိုကို ..၊ ပန်း ဘဝနဲ့ရင်းပြီး စောင့်ရှောက်လာခဲ့တဲ့ းလိုချစ်ရတဲ့ မောင်လေးတစ်ယောက်ပါ။

ဆို့နင့်ကျပ်ခဲသွားသည့် ရင်ထဲမှာ စကားလုံးပေါင်းများစွာ အသံ ်ဖြစ်နေရင်း ပန်း ပါးပြင်ပေါ် မျက်ရည်တွေ စိုစွတ်လာခဲ့သည်။ ားတွေကို ဘယ်တော့မှ ဖွင့်ပြောမှာ မဟုတ်သည့် နာကျင်မှုက ငယ် ဒုက္ခတွေ့မှာကို စိုးရိမ်လာလေ .. ထုထည် ကြီးမားလေ ...။

ဘဝဆိုတာ စာလုံးလေးနှစ်လုံးနဲ့ ဖြစ်တည်ခဲ့ပေမယ့် ကံကြမ္မာ ာ လက်တစ်ဆုပ်စာမကဘူး ကိုကို ...၊ အဲ့ဒီ မသိနိုင် မမြင်နိုင်တာ အများကြီးနဲ့ အပြောကျယ်တဲ့ ကံကြမ္မာ ဝဲဂယက်ထဲမှာ ငါ င်တာပဲ မှန်တယ်၊ ငါသိတာနဲ့တင် ပြည့်စုံပြီလို့ ကိုကို ယုံကြည်ပြီး ကြီးခဲ့တာ ...။ အဲ့ဒီအတ္တတွေ ကိုကို ကိုယ်တိုင် ခွာချလိုက်တဲ့ နေ့ မရောက်မချင်း ...၊

"လျှပ်ပန်း .."

အံကြိတ် မျက်နှာလွှဲပစ်သည့် ပန်း ကို အရိပ် က စေ့စေ့ကြည့်ပြီး သည်။ မျက်လုံးချင်း ဆုံမိကာမှ ...

"မင်း ပြောချင်တာ ဘာလဲ ...၊ ပြောလို့ ပြီးပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ပန်း ပြောချင်တာအားလုံးက ပန်း က ကိုကို့အတွက် ဆို ပါပဲ၊ ဒါပေမယ့် လက်ထပ်ဖို့ထိတော့ ပန်း မလုပ်နိုင်ဘူး .. ပန်း အထင်လွဲပြီး သားငယ် ထွက်သွားခဲ့တာ၊ ကိုကို နိုင်းနေတာမှန်း ပေမယ့် အဲဒီဘားမှာ အလုပ်လုပ်နေသရွေ့ ပြန်မလာဘူးလို့ ပြော ခဲ့တာ .. ပန်း အဲဒါကိုတောင် .."

"တခြားအကြောင်းတွေလည်း ရှိနိုင်သေးတာပဲ လျှပ်ပန်း၊ တစ်ယောက်က သားကို ဂရုမစိုက်ဘဲ သူ့ခံစားချက်အတိုင်း ဆုံးဖြ တယ်ဆိုတာ ယုတ္တိမရှိဘူး၊ ဒါ အမှန်ဆိုရင်လည်း မင်း လုပ်ခဲ့တဲ့အ က ဒီလောက်ထိ ပေးဆပ်တာတောင် မကျေနိုင်ဘူးဆိုတာ မင်းတ တိုင် နားလည်နေလို့ပေါ့"

"ကျေးဇူးဆိုတာ မသိတတ်တဲ့ အတွက် ဝန်ထုပ်ဝန်ပိုးတ မဟုတ်ဘူး ကိုကို ...၊ မကောင်းမှုကျူးလွန်ရဲတဲ့လူကလည်း ပေး ခြင်းဆိုတာကို နားမလည်နိုင်ဘူး၊ ပန်း ကို ကိုကို မမုန်းဘူး၊ ဥ လည်း မထားနိုင်ဘူး၊ ဒါပေမယ့် နာကြည်းချက်တစ်ခုတည်းနဲ့ ပန်း ကို အငြိုးထားနေတာ၊ တယောတစ်ဖက် ဓားတစ်ဖက်နဲ့ ပန်း ကို နှိပ်စက်နေတာ၊ ပန်း ကလည်း ရှိခဲ့ဖူးတဲ့ ကိုကိုရဲ့ စေတ မေတ္တာတွေ .. ပန်း အများကြီး ရယူခဲ့တဲ့ ကိုကို့ရဲ့ ကျေးဇူးတွေကြော ပန်း ပြောခွင့်မရတဲ့ အမှန်တရားတွေကို မျိုသိပ်ပြီး ခုလို ကိုကိုပြော ယုတ္တိမရှိတဲ့ အလုပ်တွေ ပန်း လုပ်နေခဲ့တာ"

အရိပ် မျက်နှာကြီး ပြုံကျမလို နီရဲသိုမှောင်သွားသည်။ မျက် လွှဲပစ်လိုက်ပေမယ့် လှုပ်ရှားနေသော မျက်ဝန်းတွေထဲမှာ ချောက် တွေ ယောက်ယက်ခတ်နေ၏။

ဖွေးထိန်နေသော ပြာလဲ့တောက်ပသည့် မီးဆိုင်းကြီးအောက် သူ မျက်နှာလွှဲပစ်ပေမယ့် ပန်း က စူးစိုက်လိုက်ကြည့်နေခဲ့လျက် –

"ပန်း ဘာမှမသိဘူး ကိုကို .. ပန်း ဘာဖြစ်လို့ ဒီအမှုကို





တဲ့တရားခံ ဖြစ်သွားခဲ့တာလဲ ပန်း မသိဘူး၊ ဒါပေမယ့် ပန်း မလုပ်ခဲ့ဘူးဆိုတာက လွဲပြီး ဘာမှလည်း သက်သေမပြနိုင်ဘူး"

"ဟုတ်တယ် .. ငါ့မှာ သက်သေနဲ့တကွ ရှိတယ်၊ အဲဒါတွေကို ပြောနဲ့တော့ လျှပ်ပန်း၊ မင်းကို ငါ တစ်ကနေ ပြန်စပြီး မမုန်းချင် – မင်း ပြောခဲ့သလို မှန်တယ်၊ မင်းနဲ့ပတ်သက်လာတိုင်း ငါ့မှာ ထိ တွေဝေမှုတွေ ရှိနေတုန်းပဲ၊ ဒါပေမယ့် အဲဒါကြောင့် မင်းကို း‌တယ် .."

ဘောင်းဘီအိတ်နှစ်ဖက်မှာ လက်တွေ ထည့်နှစ်ရင်း ပန်း နဲ့ ချင်းတိုက်မတတ် ရှေ့ကပ်၍ မျက်နှာငုံ့ကာ ...

"ဟိုတုန်းက ငါ သတ်မှတ်တဲ့ အဖြူရောင်စက်ဝိုင်းထဲမှာ မင်းပဲ ပန်း၊ အပြစ်လို့ သတ်မှတ်နိုင်သမျှ မှင်နီသားလို့ ဖြစ်လာခဲ့ရင် င်းကို အမြဲတမ်း ဘေးဖယ်ထားခဲ့တာ .."

'မှန်ပါသည် ...၊ ဒါတွေ အခု ဆုံးရှုံးခဲ့ရပါပြီ' လို့ ပြောနေတာမျိုး၊ မျက်နှာကို မော့ငေးရင်း ပန်း မျက်ဝန်းမှာ မျက်ရည်တွေသာ တက်လာခဲ့၏။

တစ်ယောက်သည် ငိုကြွေး ခယနေခဲ့လျက် တစ်ယောက်၏နှုတ် မှာ မဲ့ပြုံးတို့နှင့် ...။

"ငါ အဲဒါတွေကို မေ့လိုက်ပြီ ...၊ အခု မင်းကို နောက်ထပ် တာဖို့ စဉ်းစားလိုက်တာက မင်းကိုမြင်ရင် အမျိုးမျိုးသောနည်း ရယူဖို့ ကြိုးစားကြတဲ့ လက်ရှိပင့်ပက္ခတွေကလွတ်အောင် မင်းကို က်ထပ်မယ် .."

"ဝမ်းသာပါတယ် ကိုကို .. ဒါပေမယ့် ကျေးဇူးတွေ ထပ်တင်နေ း‌လို့ တော်ပါပြီ"

"ငါ ပေးနေတာ လိုချင်လား .. မလိုချင်ဘူးလား မေးနေတာ ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ပန်း မှ မလိုချင်တာ ကိုကို၊ ကိုကို့မှာ မိန်းမရှိတယ် .. မ
မှာ သားလူပျို ရှိသေးတယ်၊ အဲဒီမျက်နှာတွေကို ကျော်လွှားပြီး
က ဘာကို ယူရမှာလဲ"

"မင်း ခုလိုတွေ ဖြစ်ပျက်နေတာကျတော့ မင်းရဲ့ သားလူပျို
ဂုဏ်ကျက်သရေ တိုးသွားသလား"

"ဒါက ကိုကို ဖြစ်စေချင်တဲ့အတိုင်းပဲလေ .. ပန်း ဘဝ ဘာ
ဖြစ်လို့ ကိုကို့ကို ပြောပြီးသား၊ ရိုက်ပုတ်ထုထောင်းပြီးမှ မျက်
သုတ်ပေးရုံလောက်နဲ့ ပန်း မပြုံးနိုင်ဘူး၊ အရိုးကွဲအောင်ရိုက်မှ အသ
စွဲအောင် ချစ်တယ်ဆိုတဲ့စကား မှန်တယ်ဆိုရင် ပန်း က မှားနေတဲ့
ပန်း နားလည်ကျေနပ်ပေးနိုင်တာ မျက်ရည်သုတ်ပေးမယ့်လက် မဟု
ဘူး .. ကြင်နာတဲ့အကြည့်တစ်ချက်ပဲ .."

နားစိုက်ထောင်နေသည့် အရိပ် မျက်နှာ တင်းသွားသည်။

"မင်း လိုချင်တာလည်း မပေးနိုင်ဘူး၊ မင်း ဖြစ်ချင်သလိုလည်း
ဖြစ်ခွင့်မပြုဘူး၊ မင်းဘက်က ဘယ်လိုရှိရှိ လျှပ်ပန်း ..၊ အခု မင်း
ငါ့ရဲ့လိုအပ်ချက်က လက်ထပ်ထားဖို့ပဲ"

"ကိုကို့မှာ ဇနီးရှိနေရက်နဲ့ ပန်း ကို .. ဟုတ်လား .. ပြောပါဦး
အဲ့ဒါ ပန်း အတွက် လိုအပ်လို့ လုပ်ရမှာလား၊ ကိုကို့ရဲ့ အဆုံးအ
တုံ့ပြန်မှုထဲက တစ်ခုလား .."

"အဟွန်း .. ဘာအတွက်ဖြစ်ဖြစ် မင်းရင်ထဲမှာ ကြိုက်တဲ့အ
နဲ့ သိမ်းလို့ရတယ်၊ ငါ စိတ်ဝင်စားတာတစ်ခုပဲ .. အဲဒါ မင်း အမြဲ
စိတ်ဆင်းရဲနေဖို့ .."

"ကောင်းပါပြီ .. ကိုကို ပျော်ပါစေ"





## အခန်း (၄၇)

"အဟွန်း .."

ဖုန်း နားထောင်ရင်း စီးကရက်တစ်ရှိုက်နှင့် ပြုံးလိုက်မိသည်။
ပြီးတော့ မီးခိုးဖြူတို့ကို ခပ်လွှန့်လွှန့် မှုတ်လိုက်ရင်း ...

"ဟုတ်တယ် .. နာမည်တူလူတိုင်း ပေးခွင့်ရှိတယ်၊ ဒါပေမယ့် 'မျက်လုံးရိုင်း'ကို ဆက်သုံးခွင့် မပြုနိုင်ဘူး၊ ကိုချမ်း တို့ လုပ်ခွင့်ရှိတယ် ထင်ရင် လုပ်ကြည့်လိုက်ပါ"

သူ့နှုတ်ခမ်းက မဲ့ပြုံးကို စားပွဲမှာထိုင်ရင်း မြင့်ဦး က လှမ်းကြည့်နေသည်။ ပြီးတော့ ပြတင်းပေါက်ကို ပခုံးနဲ့ ခပ်ခွဲ့ခွဲ့မှီရင်း စီးကရက် ပြာခြွေလိုက်သည့်လက်ကို မျက်လုံးတွေ ထပ်ပါသွားပြန်သည်။ ဖုန်း ပိတ်ပြီး စားပွဲ ပြန်ထိုင်တဲ့အထိ မလွှဲမိဘဲ ...

"ဘာတွေဖြစ်နေတာလဲ .. နာမည်သုံးတာပဲဟာကို"

"မရဘူး .. ဒီနာမည်က လူကို ထိခိုက်နေတာ .."

အရိုင်းပန်းလေး ..၊ မျက်လုံးရိုင်းလေး ..၊ အထူးထူးသော ခံစား ခြင်းများနှင့် မျက်လုံးရိုင်းက နာမည်ကျော်သွားခဲ့တာမို့ သူ မေ့ဖျောက်မခံနိုင်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်က 'မျက်လုံးရိုင်း'ဟာ ဆိုင်နာမည်ကျော်တာမှ
ဘဲ ..။

"အဲဒါ မင်း လုပ်ခဲ့တာပဲမို့လား..၊ ဟွန်း.. တကယ် ဖြစ်လာ
လည်း မင်း လက်မခံနိုင်ဘူး၊ ဒါပဲလေ.. အဲဒီဒုက္ခတွေ ဟိုကောင်
ခံရမှာ မဟုတ်ဘူး၊ မင်းပဲ ပုဆိုးကောက်ချိန်မရအောင် ရှင်းရတော့

ဒေါသလိုလို ရယ်စရာလိုလိုနှင့် မြင့်ဦး က မဲ့ရွဲ့ ကဲ့ရဲ့သည်

"ဘာဖြစ်ဖြစ် နာမည်တူတတ်တာ မင်း တရားစွဲလို့ မ
အရိပ်..၊ နောက်ပြီး ဒီနာမည် မင်းကိုယ်တိုင် တပ်ခဲ့တာကို"

"ဟွန်း .. မင်း ကြည့်နေလိုက်လေ .. ငါ ခွင့်မပြုဘူးဆိုတာ
သူ ဆက်လုပ်ရဲမလားဆိုတာ .."

အရိပ် က စီးကရက်မွှိက်လိုက်၊ မထိတထိပြုံးလိုက်နှင့် —

"ဥပဒေဆိုတာ အားကိုးရှာတဲ့လူတွေအတွက် အမြဲတမ်း လ
ကိုင်ထားစရာပေမယ့် ငါ့အတွက် မလိုဘူး၊ တစ်ခုခုကို စမိပြီဆို
အဲဒါကို အဆုံးသတ်ဖို့ ငါ့ခေါင်းထဲမှာ ရှိပြီးသား .."

အရိပ် ဆိုတဲ့ကောင် ပညာရေးတစ်ဖက်နဲ့ စီးပွားရေးလောက
မလည်မဝယ်လေး ရောက်လာလို့ပါလား ..၊ သူများတွေလို လေ့
ထောင်ပြီးသားကို တက်လာရမယ်ဆိုရင် ဘယ်လောက်ထိ ဖြစ်လာ
လိုက်မလဲ..။ ယောက်ျားချင်းတောင် ပြန်ပြီး အထင်ကြီး အားကျမိသည်

"မင်းကို တကယ်ကို အထင်ကြီးမိတယ် အရိပ် ..၊ တစ်ခုပဲ
တယ်.. လျှပ်ပန်း ဆိုတဲ့ကောင်မလေးနဲ့ပတ်သက်ရင်တော့ မင်း မှား
တာတွေ အများကြီးပဲနော် .. အဲဒါ မမေ့နဲ့ ..၊ ပြီးခဲ့တာတွေကို
ပြန်စဉ်းစား .. အခု မင်းပဲ ခေါင်းစားနေရတာတွေလေ၊ လက်ထ
လိုက်တဲ့အထိ ဖြစ်သွားကြပြီ၊ အဲဒါကရော ဘာလဲ ..၊ မင်းကိုယ်မင်း
သူ့ကို အငယ်အနှောင်းပုံစံထားပြီး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင်
နှိပ်စက်နိုင်မယ်လို့ ထင်ပေမယ့် မင်း ထင်သလို ဖြစ်မလာရင် .."





"ဘာလို့ မဖြစ်ရမှာလဲ .."

"ကောင်မလေးက အရမ်းလှနေလို့ပေါ့ကွ .. ပြီးတော့ မင်းကို
သမ်းနေတဲ့ မိန်းကလေး၊ မင်းကလည်း .."

"မြင့်ဦး .. မင်း ငါ့ကို အဲဒီအကြောင်းနဲ့ပတ်သက်လာတိုင်း
တယ်ပြောရတာ မပင်ပန်းဘူးလား"

"ဘာလို့ ပင်ပန်းရမှာလဲ..၊ မင်းအကြောင်း အားလုံးသိရမှ မင်း
ို့ စိတ်ဝင်စားပြီး မြန်မာပြည်မှာ နေရတာ ပိုအဓိပ္ပာယ်ရှိလာတာ"

"သြော် .. သြော် ..."

အရိပ် က ရယ်ကျဲကျဲနှင့် စီးကရက်ကို ဖိချေပစ်သည်။

"ဒါဆို ငါ့ကို မင်း ကျေးဇူးတင်သင့်တာပေါ့"

"ဘာလို့ တင်ရမှာလဲ ..၊ မင်းဆီရောက်လာတိုင်း အကုသိုလ်
းများပြီး ပြန်ရတာ၊ မင်းက ပြန်လျော်သင့်တာ"

မြင့်ဦး ပြောပုံကြောင့် အရိပ် က ပခုံးတွေလှုပ်အောင် ရယ်သည်။

ဒါကိုလည်း အလွတ်မပေးဘဲ စိုက်ကြည့်ကာ ...

"ဒီဆိုင်မှာ ထိုင်မိကာမှ ရယ်ချည်းပဲနေတယ်၊ မင်း ခုတစ်လော
န်းနေသလိုပဲ၊ လျှပ်ပန်း ကို လက်ထပ်ပြီးမှ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ
ဖြစ်နေပုံပဲ"

အရိပ် မျက်နှာ ရဲခနဲဖြစ်သွား၏။ ပြီးတော့ 'ခွေးသူခိုး'ဟု ခပ်တိုး
တိုးဆဲသံနှင့် တစ်ဖက်လှည့် ရယ်သည်။

"တွေ့လား .. ရုပ်ကြီးက၊ မုန်းလွန်းလို့ ရဲတွတ်နေတာ၊ ဟွန်း..
အရိပ် .. အရိပ် .. မင်း အဲဒီကောင်မလေးကိုသာ ညာပါကွာ .. မင်း
မျက်နှာမှာ အမုန်းတွေ တစ်ပေစာလောက်ရှိရင်တောင် အချစ်တွေက
တစ်ကောလောက် ပြန့်ပြောနေတာ အေးလူတွေ အကုန်လုံး သိတယ်၊
သိချင်လို့ ယူရင် ယူတယ်ပေါ့၊ ရန်ငြိုးရှိလို့ တုံ့ပြန်မယ့်လူက သားအိမ်
ယောက် အမေကို .."



www.burmeseclassic.com

www.burmeseclassic.com



"မင်း တော်တော့ .. မတော်ရင် လက်သီးစာမိတော့မယ်"

"မိပါစေ .. ပြောချင်တာ ပြောရရင် ပြီးတာပဲ၊ သူ့ကို
အမေတစ်ယောက်လို့သာ သိထားတာ၊ ဘယ်နေရာကြည့်ကြည့်
မတူဘူး၊ မင်းက ပိုသိမှာပါ .. ဘယ်လိုနေလဲ .."

"ဟား!... ဒီကောင်..."

လက်သီးဆုပ်ကြီးနဲ့ ရွယ်ပြီးမှ ဆံပင်တွေ ဖွပစ်ရင်း မျက်နှာ
၏။ ပြီးတော့ တည်ကြည်သွားသည့်မျက်နှာနှင့် ...

"ငါ မသိတော့ဘူး .. တကယ်ဆို အဲဒီလောက်ထိဖြစ်ဖို့
မရည်ရွယ်ခဲ့ဘဲ ဖြစ်သွားတာ၊ ငါ ဝန်ခံပါတယ် .. သူ့ကို လက်
လိုက်ပြီးမှ စိတ်ထဲမှာ ပေါ့သွားသလိုလို.. ချမ်းသာသွားသလိုလို -

"ဖြစ်မှာပေါ့ .. မင်းက ကိုယ်တိုင် သရဲလုပ်ခြောက်ပြီး ကြော
လို့ အော်ငိုတော့လည်း ပြေးချော့ချင်တာကိုး၊ နောက်ပြီး မင်း
လူပျို့ပဲ၊ ဒီလောက်လှပြီး သံယောဇဉ်ရှိခဲ့တဲ့ မိန်းကလေးကို .."

"ဒီလို မဖြစ်ချင်ခဲ့ဘူး"

"အချစ်ဆိုတာ တားထားလို့ မရဘူးကွ .. အချိန်တန်မှ လိုသ
ဖွင့်ထုတ်လို့လည်း မရဘူး၊ မင်း သူ့ကို နာကြည်းနေခဲ့တာ မလွန်
ဘူး၊ ဒါပေမယ့် ခွင့်လွှတ်နိုင်တဲ့စိတ်တွေ ဖြစ်လာရင်လည်း ခွင့်လွှ
လိုက်ပါကွာ .. ကိုယ့်ကိုယ်ကိုယ် ဟန်ဆောင်တာ ပိုဆင်းရဲပါတ
တစ်ခုတော့ ရှိတာပေါ့ .. သူက ကလေးအမေဖြစ်နေလို့ မင်း ရင်ခံ
တာဆိုရင်တော့ ဒါက မင်းကိစ္စလေ .."

အရိပ် ခေါင်းခါလိုက်သည်။

"အဲဒါနဲ့ မဆိုင်ဘူး .. ဒါပေမယ့် သူ့ကို ပျော့ပျောင်းညင်သာ
အတွက် ငါ့အသိစိတ်က ခွင့်မပြုဘူး၊ ငါ သူနဲ့ ပြန်ဆုံပြီးတည်
ဒေါသတွေ .. မကျေနပ်တာတွေနဲ့ လုံးထွေးရင်း ငါ့ရင်ခုန်သံတွေ
အဲဒီကြားထဲက ပြန်ပြန်ကြားနေရတာ စိတ်ပျက်ဖို့ ကောင်းတယ်"





"ငါ ပြောသလို နှလုံးသားက ခိုင်းတဲ့အတိုင်း မင်း နာခံလိုက်ရင်
လုံး ငြိမ်းချမ်းသွားမှာပါ"

"မဖြစ်ဘူး မြင့်ဦး ..၊ ငါ့အမေနဲ့ ငါ့ညီလေးအတွက် ငါ သစ္စာမဲ့
ဖြစ်ဘူး .."

"ဘာပဲဖြစ်ဖြစ် ယောကျ်ားနဲ့မိန်းမ မင်း အခု လက်ထပ်ယူပြီး
က်တဲ့နည်းနဲ့ တုံ့ပြန်တာ အရမ်းတရားလွန်တယ်နော်..၊ ပြောရရင်
အောက်တန်းကျတာပဲ၊ နောက်ပြီး မင်း သူ့သားကို လမ်းလွှဲပို့နေတာ
သား၊ ကောင်လေးကိုရော ဘယ်ထိ အရောက်ပို့ဖို့ စိတ်ကူးနေတာ
- ပြောပါဦး"

"ထောင်ကျသွားတဲ့အထိ .."

မြင့်ဦး ခေါင်းတခါခါ ဖြစ်သွားသည်။ ဒါပေမယ့် ကိုယ့်လူ
ပျက်ခဲ့ရတာလည်း သက်သေတွေနဲ့တကွ ရှိခဲ့တာကို သိပြီးသားမို့
ယ်လို ဖျန်ဖြေပြောပေးရမှန်း မသိတော့ပေ ..။

"တော်တော်တော့ နက်ရှိုင်းလာပြီ အရိပ် .. အခု သူ့သားကို
လုပ်ထားတာ သူ မသိသေးဘူး၊ သူ သိသွားခဲ့ရင် မင်းတို့အိမ်ထောင်
ရော .."

"အိမ်ထောင်ရေးလို့ မသတ်မှတ်နိုင်အောင် ငါ ကြိုးစားနေတာ
ါကြောင့်ပဲ၊ သားငယ် ထောင်ကျသွားတဲ့နေ့ သူ့ကို အသိပေးမယ်၊
က်နေ့မှာ သူနဲ့ငါ ပြီးပြီ"

"အဲလိုပြီးသွားကြရင် မင်းတို့တွေ စိတ်ချမ်းသာသွားကြမှာလား"

အရိပ် ဘာမှမဖြေဘဲ မေးရိုးနှစ်ဖက်မှာ တင်းခနဲ လှုပ်ခတ်သွား
။ ထိုစဉ် သူ့အိတ်ထဲက ဖုန်း မြည်လာကာ ...

"ဘာ!..."

ဖုန်းထုတ်ပြီး နားထောင်လိုက်တာနှင့် မျက်စိမျက်နှာပျက်သွား
ာ မြင့်ဦး နားစွင့်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"မျက်လုံးကွယ်သွားတယ် .. ဟုတ်လား .. ပြီးတော့

"… … … …"

"အင်း .. အင်း .. ရပြီ .. အသက်အန္တရာယ် မရှိ
သေချာလား .."

"… … … …"

သူ ဖုန်းချလိုက်တာနှင့် မြင့်ဦး က မေးသည်။

"ဘယ်သူ ဘာဖြစ်တာလဲ .."

"ဖင်မင်းထွတ် ဆိုတဲ့လူပါ .. ဆေးရုံရောက်သွားတယ်
မေး ကြည့်တာ"

"မင်း အသိလား .. နေပါဦး .. ဒီနာမည် ငါ သိပါတယ်၊
ဘာဖြစ်လို့လဲ .. မျက်လုံးကွယ်သွားတယ်ဆိုတော့ .."

"မသိသေးဘူး"

ပြီးစလွယ် ဖြေလိုက်ရင်း ထိုညက အဖြစ်အပျက်တွေကို
ယောင်မိသည်။ ပြီးတော့ တလက်လက် စူးစိုက်နေသည့် ပန်း
မျက်လုံးအစုံ …၊ ပြီးတော့ အော်ဟစ် ညည်းညူသံတွေ …၊
ခက်ပါလား …။





## အခန်း (၄၈)

"ခဏလေးတောင် ဘာဖြစ်လို့လဲ ကိုမောင်.. ကျွန်တော်တို့က.."

"မဖြစ်လို့ပါ သားငယ် ရာ .. မင်း အဲဒီ ဖင်ကို ဆိုတဲ့ကောင်နဲ့
…ွားတိုင်း ငါ့မှာ ရင်မနေရတယ်၊ သူ့ဦးလေးတွေက ငါ့သူဌေးနဲ့
…်းရင်းနှီးနေတာ .. မင်းနဲ့ သူဌေးလည်း သိနေတာပဲကွာ .. ဒါတွေ
…သိသွားရင် ငါ မလွယ်ဘူး"

မောင်မောင် က ညည်းညူသလိုပြောရင်း လိုသည့်ပိုက်ဆံကို
…ည်း ထုတ်ပေးသည်။ အနားကနေ တော်တော်နဲ့ မခွာဘဲ စိုးရိမ်သည့်
…်နှာနှင့် …၊

"ငါတို့အားလုံး ဒီအဆင့်လောက်နဲ့တောင် လူရာမဝင် ဖြစ်ကုန်
…်င်းလည်း မင်းအမေဆီ မျက်နှာမပြရဲတော့ဘူး၊ ငါရော ဘာထူးလဲ..၊
…ွားတို့က ချမ်းသာပေမယ့် ငါ့ကို လိုသလောက် ထုတ်ပေးတယ်
…်လို့လား …၊ အခု သူဌေးဆီမှာ စီးပွားရေးပညာ ကျွမ်းကျင်အောင်
…ြီး သေချာ အပ်နှံထားတာ .. ငါ ပျော်အောင်လို့ ခုလို အလှူမယ်



www.burmeseclassic.com

www.burmeseclassic.com



သုံးစွဲဖို့ စီစဉ်ပေးထားတာက ငါ့အဒေါ်ရယ် .. အဘွား လုံးဝ အဘွားက တင်းကျပ်လွန်းလို့ အဒေါ်က တစ်ဖက်လှည့်နဲ့ ထောက်ပံ့နေတာ .."

"မင်းက ချမ်းသာပေမယ့် သုံးစွဲခွင့် မရှိသလို ငါလည်း တစ်လုပ်စာပဲ ရှိတာပါ၊ ငါ့အဘွားဘက်က အမွေတွေရဖို့ ရှိ မေမေက လုံးဝ လှည့်ကြည့်တာမဟုတ်ဘူး၊ အဲဒါကြောင့် ငါတို့ အမေ့ကို ကူညီချင်ခဲ့တာ၊ တကယ်တမ်း ဖြစ်လာတော့ .."

"အဲဒါတွေ ပြောမနေပါနဲ့ကွာ .. ငါတို့တွေက အကြောင်း မျိုးနဲ့ နွံနစ်ခဲ့ကြတာပဲ၊ ဒါပေမယ့် အစတည်းက မကောင်းမှန်း တာကို လူကယ်ရာမရှာတဲ့အပြင် မြန်မြန်နစ်အောင် ခုန်တက်ဖို့ နေရင် ပိုဆိုးမှာ ..၊ ဇင်ကို တို့က ဒါတွေကို အဆင့်လွန်တဲ့အ နေကြတာကွ"

သားငယ် က မောင်မောင့် မျက်နှာကို မယုံသလို ဖြ သည်။ မောင်မောင် က သူ့ထက်တော့ အသက်ကြီးတာ သေ သည်။ ဒါပေမယ့် အရုပ်ပုကာ ကိုယ်လုံးက သေးသေးလေးမို့ လို့ ခေါ်ပေမယ့် သူငယ်ချင်းလို ပြောမိဆိုမိတဲ့အခါတွေလည်း

ဘာပဲဖြစ်ဖြစ် ကိုမောင် က သူ့အတွက် သိကြားမင်း ပေးတဲ့ သူငယ်ချင်းကောင်းတစ်ယောက်လိုပါ ..။

"မင်း ငါပြောတာ သဘောပေါက်လား .."

"အင်း .."

"ငါ့သူဌေးက စီးပွားရေးလောကမှာ စံပြထားရတဲ့ လူ ယောက်ကွ ..၊ ငါသာ ဒီလိုလူဖြစ်နေမှန်းသိရင် လုံးဝ ခွင့်လွှ မဟုတ်ဘူး .."

"အစ်ကိုက ကိုမောင့် ကို နည်းနည်းမှ သံသယ မဝင်ဘူး

မျက်မှောင်ကုတ်၍ စိုက်ကြည့်တာ ခံလိုက်ရတိုင်း ရင်ထဲ





အကုန်ပြောပြ ဝန်ခံလိုက်ချင်အောင် ထက်မြက်စူးရှသော မျက် ကို မြင်ယောင်ပြီး မေးလိုက်မိခြင်း ဖြစ်သည်။ မောင်မောင် င်းခါပြကာ ...

"လွတ်အောင်တော့ ရှောင်ရတာပေါ့ .. ငါ့မျက်နှာကလည်း သိပ် ပုံ မပေါ်သေးပါဘူး"

"ဘျွန်တော်ရော .."

မျက်ကွင်းညိုတွေဖြစ်လျက် ဖြူဖျော့နေသည့်မျက်နှာကို ကြည့် မောင်မောင် မလုံမလဲ မျက်နှာလွှဲမိ၏။

"မျက်ကွင်းတွေတော့ ညိုနေတယ်၊ မင်းလည်း လျှော့သုံးကွာ.. ငါ့ထက် ပိုသုံးတာကိုး၊ ငါက အလုပ်တစ်ဖက်နဲ့ မင်းက အား တိုင်း အဲဒီကောင်တွေမှု .."

"ဇင်ကို နဲ့က တစ်ခါတလေပါ .. သူက ရေလျှံတဲ့လူနဲ့ပဲ တွဲတာ၊ းတစ်ယောက် မျက်လုံးကန်းသွားလို့ဆိုပြီး မလာတာကောင် .. ဒီနေ့မှ ပြန်ရောက်လာတာ"

"အေး .. အဲဒါ မင်း သူနဲ့ ဘယ်မှမသွားနဲ့၊ ငါလည်း ဘယ်မှ လို့မရဘူး၊ ရော့ .. ငါ ဒီနေ့ ယူလာတာ ဒါ အကုန်ပဲ"

လက်ထဲကို မသိမသာ ထည့်ပေးပြီး မောင်မောင် က နေရာမှ သည်။

"မင်း ဒီမှာ ဆက်တိုင်မနေနဲ့...၊ ဇင်ကို တို့ ရောက်လာရင် ငြင်းရ သိမ့်မယ်"

"အင်းပါ .."

မောင်မောင် ထွက်လာခဲ့ရပေမယ့် စိတ်မချပါ။ ဆရာ သေချာ းတာက အလွန်အကျွံ ဆေးသုံးစွဲတဲ့အထိ မဖြစ်စေဖို့ ...၊ နောက် ဘာတွေလုပ်ရမယ်ဆိုတာ ညွှန်ကြားချက်မလာသေးပေမယ့် ငွေ တော့ အလျှံပယ် ပေးထားလျက်ပင် ..။



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်လေးအတွက် နေစရာတိုက်ခန်းနှင့် စီးဖို့ကားနှင့် တော့ ငွေ လိုသလောက် ထုတ်ပေးဖို့ကို အခြေအနေအရ ပြော ဖြင့် လည်သလို လုပ်သွားဖို့ သေချာမှာသည်။

တစ်ခုခုတော့ တစ်ခုခုပါ ...။

သားငယ် ရင်ထဲမှာလည်း တစ်ခုခုတော့ ထိရှနေခဲ့ပြီ မောင်မောင် သူ့ဌေးက အရိပ်ထင် မှန်း သူ သိခဲ့ရတာ မကြာ ထို့ကြောင့် အရိပ် ကနေတစ်ဆင့် မေမေ သိသွားမလားလို့ တွေး မိသည်။ မောင်မောင့် စကားကို နားထောင်နေခဲ့တာလည်း သူ တိုင် စိုးရိမ်လာလို့ပဲ ဖြစ်၏။

သူ့ဘဝကို သူ ဘယ်လို ဆက်လက်မောင်းနှင်ရမလဲဆိုတာ မသေချာတော့ပါ။ လောလောဆယ် သေချာနေတာက သူဟာ သမားလုံးလုံး ဖြစ်နေခဲ့သည့်ပြင် အရက်တွေကိုလည်း နှစ်သက် ခဲ့ပြီ။

"ဟား .. ကိုယ့်လူက တယ်ဟုတ်ပါလား"

တရင်းတနှီး နှုတ်ဆက်သည့်အသံကို ကြားသည်။ လှည့် ကြည့်လိုက်မိ၏။ ဒါပေမယ့် ထိုလူကြီးကို သူ မသိ ...။

"မင်းက ကျောင်းသားပေါက်စအရွယ်လေးနဲ့ တော်တော် စုံနေတာပဲကွ .."

ထပ်ပြောပြီး သူ့ဟာသူ ခုံဆွဲထိုင်သည်။ ပြီးတော့ မြန်မာဘီ လို့ ရေးထားသည့် ပုလင်းကို ဆွဲယူကြည့်ပြီး ခေါက်ခနဲ ပြန်ချ

"ဘီယာပဲဖြစ်ဖြစ် ဝီစကီဖြစ်ဖြစ် အရက်ပါပဲကွာ .. အင် မင်းမှာ စိတ်ညစ်စရာတွေ များနေပုံပဲ"

"ဦးလေးကို ကျွန်တော် မသိပါလား"

"ဟုတ်လား .."

သူက ဦးမြတ်ထွန်း ပဲ ဖြစ်လေသည်။ ဒါပေမယ့် သူ့ကိုယ်





ဆက်ဖို့လာတာ မဟုတ် ..။

"မင်းကို ကျုပ်က သိနေရင် လုံလောက်ပါတယ်၊ အထူးသဖြင့် ာ လျှပ်ပန်း ရဲ့သား .. မင်းအမေက မျက်လုံးရှိုင်း .."

"ဘာဗျ .."

ခပ်မှေးမှေး ရီဝေနေသည့် မျက်လုံးတွေ ရှုံးခနဲ ဝင်းလက်သွား ည်၊ စားပွဲကို လက်နှစ်ဖက်နဲ့ ဖြန်းခနဲ ရိုက်ပုတ်၍ လက်ထောက် ပြီး ထရပ်ဖို့ ပြင်၏။ ဒါပေမယ့် မထလိုက်နိုင်ဘဲ ဆောင့်ခနဲ ထိုင်ကျ၍ ...

"ခင်ဗျားက ဘယ်သူလဲ .. ခင်ဗျား .. တောက် .."

"လူကြီးတစ်ယောက်ကို တက်မခေါက်ရဘူးဆိုတာ မင်းအမေ သင်မထားဘူး ထင်တယ်"

"ဟုတ်တယ် .. အရက်သမားတွေကို ရိုရိုသေသေ ဆက်ဆံဖို့ င်မထားဘူး"

"ဟား .. ဟား .. ဟား ..."

တခြားစားပွဲကလူတွေ သတိထားမိကုန်အောင် ဦးမြတ်ထွန်း ရယ်၍ ...

"ကျလည်း ကျပါ့ကွာ .. လောလောဆယ် ငါက အရက်ဆိုင်ထဲ ခေါင်းစိုက်နေတဲ့ကောင်ကို စကားလာပြောတာလေ၊ မင်းက မူးနေ ာပါကွ .. ငါ မမူးဘူး"

"ဟုတ်တယ် .. ကျွန်တော်က မူးနေတာ၊ ဒါပေမယ့် အရက်ဆိုင် ထဲမှာ အရက်သမားတစ်ယောက်က ဂါရဝါစတရား မရှိတာကို လာ ပြောရဲနေတာရော ဦးလေး မကြောင်လွန်းဘူးလား ..၊ အရက်သမား ဖြစ်ဖြစ် .. အရူးဖြစ်ဖြစ် ဒေါသထွက်အောင် စရင် ဒေါသထွက်မှာပဲ၊ သူများမကြိုက်တာ မပြောမိဖို့ ခင်ဗျားလည်း ဆင်ခြင်"

"မှန်တယ် .. မင်း ကြိုက်မှာတော့ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဦးမြတ်ထွန်း က ဖြူဖြူနုနု မျက်နှာလေးကို စူးစိုက်ကြည့်

"မျက်လုံးရိုင်း က .."

"ဦးလေး .. ခင်ဗျားကို ကျုပ် ဒီ့ထက် မရိုင်းချင်ဘူးနော်"

"မင်းအမေကို ငါက မကောင်းရွတ်ချပြောမလို့ မဟုတ်ပါ မင်း မသိသေးဘူးထင်တာ ပြောချင်လို့"

သားငယ် ဖန်ခွက်ကို ကျိုးကြေမတတ် ဖိဆုပ်ကာ ဖံကြိတ် လျက် ဦးမြတ်ထွန်း ကို စူးစူးဝါးဝါး စိုက်ကြည့်သည်။ ကုတ်အ အနက် ရှပ်အင်္ကျီအပြာကွက်နှင့် ဆံပင်တွေ အပြောင်သိမ်း ဖြီး သည့် မျက်နှာပြည့်ပြည့်ကြီးက ခန့်ခန့်ညားညားပါ။

ဒီလူကြီး မျက်လုံးရိုင်းမှာများ မေမေနဲ့ ..၊

တစ်ကိုယ်လုံး ဖျင်းခနဲ ဆူပွက်လာသည်။ ရက်ခြင်းဆိုသည် ယောကျ်ားမာနက သားဆိုသောအဖြစ်ထဲကနေ နုတ်ထွက် ပျော ကွယ်သွားချင်မိတဲ့အထိ ..။ ဦးမြတ်ထွန်း က သားငယ် အံကြိတ် တာကို ကြည့်၍ ...

"မင်းရဲ့အမေကို မျက်လုံးရိုင်း ဆိုတဲ့ ဘွဲ့ထူး တပ်ပေးလိုက်တာ ဘယ်သူလဲ သိလား .."

ဦးမြတ်ထွန်း နဲ့ သားငယ် မျက်လုံးချင်း ဆုံသွားသည်။

"အဲဒီဆိုင်ပိုင်ရှင် .. အရိပ်ထင် ပဲ"

"ဘာ!... အရိပ်ထင် .. အရိပ်ထင် ..၊ အဲဒီဆိုင် ပိုင်ရှင် .."

"ဪ .. ဪ .. ဒါတောင် မသိရှာဘူးပဲ .."

ဦးမြတ်ထွန်း ကိုယ်တိုင် အံ့သြသွားသည့်စိတ်ကို မျိုသိပ်ထား လိုက်ရင်း ...

"မင်းရဲ့အမေရဲ့ အစွမ်းထက်ဆုံး လက်နက်က သူ့ရဲ့မျက်လုံးပဲ သိပ်လှလွန်းလို့ တင်စားနေကြတာလို့ အားလုံးက ထင်ပေမယ့် တကယ်ကို ရိုင်းစိုင်းလွန်းတဲ့ မျက်လုံး ..၊ လူကို သေစေနိုင်တဲ့မျက်လုံး





င်းရဲ့အမေက လူကို သေအောင် ပြုစားနိုင်တဲ့ မှော်ကဝေ .."

"ခင်ဗျား .."

"ငြိမ်ငြိမ်နေလိုက် ကောင်လေး .."

သားငယ် ဝုန်းခနဲ ထဖို့ ပြင်လိုက်တာနှင့် လက်ကောက်ဝတ် စ်ဖက်ကို ဖက်ခနဲ ဖိဆုပ်ထားခြင်း ခံလိုက်ရကာ ....

"ကျုပ် ပြောနေတာ တစ်ခုမှ အပိုမပါဘူး၊ မင်းရဲ့အမေကို ကြိုး ိုင် ခြယ်လှယ်နေတာ အရိပ်ထင် ..၊ သူ့ဘဝရဲ့အရိပ်သခင်ဟာ အရိပ် င် ပဲ ..၊ ဒါပေမယ့် အရိပ်ထင် ကတော့ မင်းအမေကို သူ့ရဲ့ စားကြွင်း းကျန်တစ်ခုလိုပဲ သဘောထားခဲ့တာ ..၊ အဲဒါကြောင့် သူ့ဘေးမှာ သလို အသုံးချဖို့ ထားခဲ့ပေမယ့် ခုချိန်ထိ လက်မထပ်ခဲ့တာပေါ့၊ င်းအမေဟာ လူတိုင်းအပေါ်မှာ မာန်မာန ထောင်လွှားခဲ့ပြီး အရိပ် င် နဲ့ပတ်သက်ရင် သူ့ဘဝတစ်ခုလုံးကို ထိုးကျွေးထားခဲ့တာ၊ သူ့ဘဝ င်မကဘူး .. အားလုံး ဘာဖြစ်နေနေ အရိပ်ထင် ကျေနပ်အောင်ပဲ ကြိုးစားတယ် .. မင်း ဘာမှမသိခဲ့ဘူးမို့လား၊ ငါက ပြောပြတာ..၊ း နားစွင့်ကြည့်လိုက်ပေါ့ .. နောက်တစ်ခုက အမေ့မျက်လုံးတွေနဲ့ ဘယ်နှစ်ယောက် သတ်ပြီးပြီလဲလို့ မေးကြည့် .."

"ခင်ဗျား .. မဟုတ်တာတွေ မပြောနဲ့ .."

"ဟား .. ဟား .. ဟား .. ယုံတာ မယုံတာ မင်းအပိုင်းပါ၊ ါက မသိသေးတာကို သိအောင် ထောက်ပြတာ .."

ဦးမြတ်ထွန်း ထထွက်လာခဲ့သည်။ ရင်ထဲမှာ ခံပြင်း နာကြည်း င်းတွေက ဟိုတုန်းကအတိုင်း ပြန်ရှိနေတာ ကိုယ့်ကိုယ်ကိုယ် ဆုံးမရ င်နေ၏။

မေ့ပျောက်ဖို့ ကြိုးစားခဲ့ပြီးမှ လှျပ်ပန်း ရဲ့သား ဆိုတဲ့မျက်နှာကို င်လိုက်ရမှ စောစီးစွာ ကြွေလွင့်သွားခဲ့ရသည့် ကိုယ့်သားရဲ့မျက်နှာ းကို ပြေးမြင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ခံခဲ့ရတဲ့ဒဏ်ကတော့ သားတစ်ယောက်လုံး သေဆုံးခဲ့ရတာ တောင် သနားမယ့်သူ မရှိ ..၊ ငါ့ဆွေ ငါ့မျိုးပါလားလို့ နာကျင်ခံစား ပေးဖော် မရ ..။

လျှပ်ပန်း ဆိုတဲ့ ပိန်းကလေးကို ဘယ်တုန်းကမှ ထိပါးမခံခဲ့ အရိပ်ထင် ..၊ ညီအစ်ကိုဝမ်းကွဲ သေတဲ့အထိ ဖြစ်တာကိုလည်း သူ ဘက်က ကာကွယ်ပေးခဲ့သည်။ မအေးတစ်ယောက်လုံးက ဒီမိန်းကလေး ကို မုန်းပါသည်ဆိုတာလည်း ဂရုမစိုက်ဘဲ နေခဲ့သည်။

အဲဒီ ခွင့်လွှတ်နားလည်ခြင်းတွေက ခုချိန်ထိဆိုတော့ မလွန်လွန်း ဘူးလား ..။ သူ့ မကြာခင် နိုင်ငံခြားကို ပြန်သွားရတော့မှာ ဖြစ်သည်။ ဒီကို ရောက်လာခိုက်လေးမှာ အတိတ်က ဒီလူတွေနဲ့မှ အရင်တုန်းက အတိုင်း ဘာဖြစ်လို့ ပြန်ဆုံနေရတာလဲ ..။

ဇင်မင်းထွတ် မျက်လုံးကွယ်သွားခဲ့သည့်အဖြစ်က ကိုယ်နဲ့မသက် ဆိုင်ပေမယ့် ကိုယ်ပဲ တွန်းပို့ခဲ့တာမို့ အကြောင်းအရာတွေက အသစ် ပြန်ဖြစ်လာခဲ့သလို ပူလောင်နေသည်။

တကယ်ဆို ဒီမျက်လုံး ဘာလို့ ကွယ်သွားတာလဲဆိုတာ ဘယ်သူ မှ မသိပေမယ့် သူ သိနေသည်။ ပြောပြန်ရင်လည်း သူသာ အရှုံးဖြစ် တော့မည်။

ဒါကြောင့် ဒီနေ့ သူ လှုပ်ရှားခဲ့သည်။ ဒီလူသုံးယောက်ဟာ ဒီနေ့ တစ်ယောက်နဲ့တစ်ယောက် မဟာရန်သူးတော်ကြီးတွေလို တုတ်တပြင် ဓားတပြက် မဖြစ်ကြရင်တောင် ..။





## အခန်း (၄၉)

"မမအေး .. မမအေး .. သော့ခတ်ပြီး ဘာလုပ်တာလဲ၊ အဟွတ်.. အဟွတ် .. အထဲမှာ ဘယ်သူမှ မရှိဘူးလား .."

မီးတွေ လောင်နေတာ ဟီးဟီးထနေသည်။ မီးတောက်တွေ ပတ် သည်ရုံလျက် မီးခိုးတွေ ပြာမှိုင်းနေသည့်ကြားမှာ မအေးမိုး ကို နီးနီး လေးကျမှ မြင်ရ၏။

"ဂျောက် .."

မအေးမိုး လက်ထဲ ဂျောက်ခနဲ လွှတ်ကျသံနှင့်အတူ ချောက်ချား သည့်မျက်နှာနှင့် လှည့်ကြည့်လာလျက် ...

"မဟုတ်ဘူး .. မဟုတ်ဘူး .. အဟွတ် .. မရှိဘူး"

"ဟင်!... အထဲမှာ မရှိဘူးလား .. တံခါးကို ထုနေတယ်လေ .. အဟွတ် .."

"ဟုတ်တယ် .. ဟုတ်တယ် .. အဲဒါ တံခါးဖွင့်နေတာ မရလို့"

မအေးမိုး ပြန်ငုံ့ကောက်လိုက်တော့ သော့တွဲတစ်တွဲ ..၊

"အမလေး .. ပူလိုက်တာ .."

"ပေး .. ပေး .. ကျွန်မကို သော့ .."



www.burmeseclassic.com

www.burmeseclassic.com



ပန်း လက်ထဲ သော့ရောက်လာတော့ မီးတန်းတွေ ပြုတ်ကျလာသဖြင့် မီးဖွားတွေ လူပေါ်ထိ လွင့်စင်လာကြသည်။

"လာပါဦး .. ကယ်ပါဦး .. အပြင်မှာ ဘယ်သူလဲ .."

တံခါးဖွင့်လိုက်ပေမယ့် အထဲမှာ မီးတောက်တွေက ရှိနှင့်ပြီးဖြစ်ကာ နောက်ဘက်တံခါးတစ်ချပ်လုံး အခန်းထဲကို ဝုန်းခနဲ ပြိုကျ၏။

"အား!... ပူတယ် .. ဟီး .. ဟီး .."

"သား .. သားငယ်လေး .. လာကြပါဦး .. သားကြီးရေ .."

"မေမေကြီး .. ကျွန်မ အသံ ကြားရလား၊ ကြားရင် ဒီကိုလာ.."

"ဟင်!... လျှပ်ပန်း လား .. အမလေး ငါတို့ကို ကယ်ပါဦး။ ငါ့မှာ ရှိသမျှ ပုံပေးပါ့မယ် .. ငါ့ကို ကယ်ပါ၊ ငါ့ကို မဟုတ်ဘူး - ငါ့သားလေး ပူလှပါပြီ .. ကယ်ပါဦး .."

တဝုန်းဝုန်း ပြိုကျနေသည့် ပစ္စည်းပစ္စယတွေရော မီးခိုးတွေပါ လှိုက်လောင်နေသဖြင့် တစ်ဖက်နဲ့တစ်ဖက် လှမ်းမြင်သွားလိုက်၊ ပြန်ကွယ်သွားလိုက်..၊ ပန်း ဆံပင်တွေကို လက်နဲ့တစ်ပတ်ပျှို့ကျစ်နေအောင် ဆွဲထုံးပစ်လိုက်ကာ မီးပါးသည့်ကြားထဲကနေ ပြေးဝင်လိုက်သည်။

"မောင်လေး .."

"မမ .."

"ရော့ပါ .. ရော့ပါ .. ငါ့သားလေးကို ခေါ်ပေးပါ"

"လာပါ မေမေကြီး .. ကျွန်မ နောက်က လိုက်ခဲ့ပါ၊ နည်းနည်းတော့ လောင်မှာပဲ"

ပန်း ကလေးကိုပိုက်၍ ပြေးပေါက်ဆီ လှည့်တော့ မီးတွေချည်းပဲဖြစ်နေ၏။ တိုက်ကြီးက အလုံပိတ်ထားသည့် ရဲတိုက်ကြီးလို ကြီးမားခမ်းနားသဖြင့် အထဲမှာ ပြာပုံဖြစ်မှပဲ လူတွေ သိကုန်ကြမယ့်အဖြစ်ကို ပန်း တွေးမိလိုက်ကာ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်သလိုတော့ အဖြစ်မခံနိုင်သည့်စိတ်နှင့် အံကြိတ်လိုက်သည်။ ကိုယ်မှာ မီးတောက်တွေ





ဟိုတစ်ကွက် ဒီတစ်ကွက် ဖြစ်နေပြီမို့ သူမ မကြာခင် မီးသွေးတုံးဘဝရောက်ရတော့မည်။ ကလေးကို မီးပွားမစင်အောင် အုပ်စီးဖက်ထားလျက် နောက်ဆုံးထွက်သက်အထိ ကြိုးစားသွားဖို့ ဆုံးဖြတ်လိုက်ပြီး...

"အား!..."

ရူးရူးဝါးဝါး အော်လိုက်သံကို ကြားသည်။ သူများ အော်လိုက်တာလား ..၊ ကိုယ့်အသံလားဆိုတာ ခွဲခြားဖို့ မေ့နေခဲ့၏။ မီးလွတ်ရာကို ရောက်ခဲ့သော်လည်း သူမ ဘယ်ဘက်အရပ်မျက်နှာမှာ တုံ့ခနဲလဲသည်ကို မသိခဲ့ ..။ သေချာတာတစ်ခုက သူမနောက်မှာ မေမေကြီးပါမလာခဲ့ခြင်း ..၊ မျက်လုံးတွေ သေချာဖွင့်လိုက်နိုင်လျှင် မီးသတ်ကားသံတွေ ဆူညံနေကာ အိမ်မှာ မီးတောက်တွေကို မြင်နေရဆဲ ..။

"မောင်လေး .. မောင်လေး .. လရိပ် .."

"ပန်း .. ပန်း ရေ .. ဟဲ့ .. ဪ .. ဒုက္ခပါပဲ"

"ဟင်!..."

ပန်း မျက်လုံးတွေ တကယ်ပွင့်လာတော့ သူမရှေ့မှာ မီးလောင်ပြင်နှင့် ညဦးယံမဟုတ် ..။

"အိပ်မက်မက်ပြန်ပြီလား.. ရော့.. ရေလေးဘာလေး သောက်ဦး"

မန္တေ က ကိုယ်တိုင် ရေထည့်ပေးပြီး အနားမှာရပ်၍ ...

"နေ့ခင်းကြောင်တောင် ပန်း ရယ် .. နင်ကတော့ သားငယ်သာ အနားမှာရှိရင် အဲဒီမောင်လေးဆိုတာ ခဏ ခဏ ကြားနေရတာနဲ့ပဲ နင်ကတော့ အားလုံး ပေါကုန်မှာပဲ၊ ထန်းရည်မူးမှ ကျွဲခိုးပေါ်တာမဟုတ်ဘဲ အိပ်မက်ကြောင့်ပဲ တစ်သက်လုံး ဖုံးခဲ့သမျှ ပေါ်မှာ .."

ပန်း လက်တွေ ကိုက်ခဲ နာကျင်နေတာကို ကွေးချီဆန့်ချီလုပ်ပြီး ချွေးတွေစိုနေသည့် လည်ပင်းကိုပါ ပွတ်သပ်ပစ်မိသည်။

"ဟုတ်ပါတယ် မန္တေ ရယ် .. ပန်း အဲဒါကို တွေးပြီး အိပ်လိုက်တိုင်း အိပ်မက် တန်းမက်တာပဲ၊ မက်လိုက်ရင်လည်း အဲဒီအဖြစ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ထဲကို ပြန်ပြန်ရောက်သွားတယ် ..''

''ပြောပါဦး .. မောင်လေးလို့ အတင်းခေါ်နေတာက ..''

''ဟိုတစ်ခါလိုပါပဲ .. သားငယ် ကို အတင်းဖက်ထားမိလို့ ရှု ကျပ်ပြီး သေသွားပြီလား .. ပန်း မသိဘဲ တစ်နေရာရာကို မီးစွဲလို သလားလို့ အတင်းခေါ်နေမိတာ၊ အဲဒီတုန်းက ပန်း ထွက်ပြေးခဲ့ အထိ ကလေးက သတိမှမရတာ ..''

''အင်း ..''

မန္တေ က သက်ပြင်းရှည်ကြီးချ၍ ပန်း ရေသောက်နေတာ ငေးကြည့်နေ၏။ ပြီးမှ ...

''နင့်ဖုန်းက မြည်နေလို့ ငါ ကိုင်လိုက်တယ်၊ အရိပ်ထင် ဆီက-''

''ဟင်!...''

''နင်တို့ ချိန်းထားတယ်ဆို ..''

''ဟုတ်တယ် .. ဒါပေမယ့် သူ့ကုမ္ပဏီထဲထိ ပန်း မလိုက်ချင်လို့''

''သူက ဘာလုပ်ဖို့ ခေါ်တာလဲ''

ပန်း က မဖြေချင်သည့်မျက်နှာလေးနှင့် စားပွဲရှေ့ကနေ ထ လိုက်ကာ ...

''သူ့အလုပ်တွေ နိုင်းတာပါပဲ၊ ဒါပေမယ့် အလုပ်ကြောင့် မဟုတ် ဘူး မန္တေ .. ရုံးက မိန်းကလေးတွေက အရမ်းကြည့်တာ၊ ကိုကို့ တော်တော် အထင်တကြီး ရှိကြတဲ့ပုံ၊ ပြီးတော့ 'လူပျိုကြီးက တွဲတော လည်း ရှယ်ပဲ'လို့ မကြားတကြား ပြောတယ်''

''လူပျိုကြီး ဟုတ်လား ..''

''အင်း .. သူက နိုင်ငံခြားမှာ လက်ထပ်ထားတာကို ဒီမှာ လုံး မပြောခဲ့ဘူးတဲ့ပုံပဲ၊ ပန်း ကို တခြားလူတွေနဲ့ မိတ်ဆက်ပေးရင်လည်း''

''ဆက်ပြောလေ .. ဘာလို့ ရပ်ပစ်တာလဲ''

''သူနဲ့ ဘယ်လိုပတ်သက်တယ်မှ မပြောဘူး၊ သူများက ဟို





ဒီလို ထင်ကြေးပေးကြတာလည်း မငြင်းဘူး၊ ပန်း ကို ဘယ်လိုနေရာ မှာ ထားတာပါဆိုတာ ရက်ရက်စက်စက်တော့ မပြောပေမယ့် မျက်လုံး တွေ၊ သူ့အပြုံးတွေနဲ့ သရုပ်ဖော်သွားတာမျိုး''

ပန်း က အိပ်ရာပေါ်မှာတင်ထားသည့် ဆလင်းဘက်ခ်ကို လှမ်း ယူ၍ ဖွင့်စစ်နေရင်း ...

''အဲဒါကြောင့် အဲဒီနေရာကို မသွားချင်လို့ ပြင်ဆင်ပြီးမှ ပြန်ထိုင် နေလိုက်တာ၊ မေးခနဲ ပျော်သွားတာနဲ့ အိပ်မက်က နိုပ်စက်ပြန်ရော..''

''နည်းနည်းပါးပါး အကောင်းဘက်က မြင်ကြည့်ပါလား ပန်း ရယ် .. ဘာဖြစ်ဖြစ် နင် သူ့ကို လိုက်လျောနေရတာပဲမို့လား၊ သူ့ကို အားလုံးက လူပျိုလို့ပဲသိထားကြတာ ကောင်းသလို သူ့ကိုယ်သူ လူအို ဆိုပြီး နင့်ကို တမင်နှိပ်စက်ချင်တာရော မဖြစ်နိုင်ဘူးလား၊ သားငယ် ရဲ့ ဒီကိုစရောက်လာတုန်းကလည်း အိမ်ထောင်မရှိပါဘူးလို့ ပြောတယ် ဆိုလား ..၊ နင့်မျက်နှာ မြင်လိုက်မှ ချက်ချင်းကြီး မိန်းမရှိသွားတာ ဖြစ်နိုင်ဘူးလား ..''

''ဘာကိုပဲညာညာ ဒီလိုကိစ္စကိုတော့ ကိုယ့်ရဲ့ဂုဏ်သိက္ခာ ပွန်းပဲ့ ပြီး မညာပါဘူး မန္တေ ရယ်.. သူ လက်ထပ်ထားတယ်ဆိုတာ တကယ် ပါ၊ အဲဒီလိုပဲ ပန်း ခံစားမိနေတယ်''

ကိုကို့အကြောင်းဆို အကောင်းဘက်က တွေးမိတိုင်း ကိုယ်သာ ရှင် စိတ်ကူးယဉ်လွန်းတဲ့သူ ဖြစ်ခဲ့ရတာတွေ များပါပြီ။ ဒါကြောင့် ဘာဖြစ်ဖြစ် အဆိုးဆုံးထိသာ သူမ တွေးထားခဲ့သည်။

''မင်းကို စောင့်နေတာ မိနစ်နှစ်ဆယ် ရှိသွားပြီ''

လူကို မြင်လိုက်တာနှင့် မာကျောသောမျက်နှာကနေ လာသည့် သံထွက်ကလည်း မညင်သာ ..၊

''ပန်း ငါးမိနစ်လောက်ပဲ နောက်ကျတာပါ၊ မျက်လုံးရိုင်းကို င်လိုက်လို့ ..''



www.burmeseclassic.com

www.burmeseclassic.com



"ဘာ!... ပြောတယ် .."

ကားပါကင်နေရာမှာ တခြားဝန်ထမ်းတချို့ လှမ်းကြည့်ကြတာ သူ့လေသံကို လျှော့၍ ပန်း ရဲ့လက်ကို ဆောင့်ခနဲ ဆွဲသည်။ ပြီးတော့ ရေတံခွန်ငယ်လေးနဲ့ပန်းတင်နေသော နားနေဆောင်လေးထဲထိ ရောက်လာမှ လွှတ်လိုက်ကာ ...

"မင်းကို 'မျက်လုံးရိုင်း' ဘယ်သူ သွားခိုင်းလို့လဲ၊ ဘာလဲ.. သိပ် သွားချင်နေတာလား"

"ကိုကိုက ဘယ်ကို လာရမယ်လို့ ပြောလို့လား .."

"မင်းကို ဒီအချိန် ဒီနေရာကို နှစ်ခေါက် သုံးခေါက် ခေါ်ထား ပြီးပြီ၊ ဒီကိုပဲ ခေါ်တယ်ဆိုတာ မတွေးမိဘူးလား၊ လျှပ်ပန်း .. မင်း သက်သက် ငါ့ကို ရွဲ့လိုက်တာမို့လား .."

"အို .. ပန်း .. အဲဒါမျိုးတွေ မတတ်ဘူး"

"ငါကတော့ တတ်နေတယ်လို့ပဲ ထင်တယ်၊ ဒီမှာ .."

ခရမ်းရောင်လက်လက်လေးနှင့် ပန်းခရမ်းရောင်သမ်းနေသည့် မျက်နှာလေး မော့သွားအောင် ပခုံးနှစ်ဖက်ကို ဆောင့်ခါပစ်မိရင်း --

"မင်းကို ဟိုအရင်တုန်းက စောင့်ရှောက်ခဲ့ဖူးတဲ့စိတ်နဲ့ စေတနာ လေး နည်းနည်းထားပြီး အဲဒီကိစ္စတွေထဲက ပြန်ဆွဲထုတ်လိုက်တာ ငါ့ရဲ့ဒါရိုက်ရှင်က ပြောင်းသွားပေမယ့် မင်းက ဒါကိုပဲ စွဲလမ်း ပျော်မွေ့ နေတာလား .."

ပန်း ဘာမှမပြောတော့ဘဲ မျက်နှာလွှဲပစ်လိုက်ပြီး နှုတ်ခမ်းလေး ကို ဖိပိတ်ထား၏။ ထိုစဉ် ဘာမှဆက်မပြောတော့ဘဲ အရိပ် မြည်သံလေး ပေးလာသည့် ဖုန်း ကို ထုတ်ကိုင်လိုက်လျှင် ...

"ဆရာ .. သားငယ် ဒီမနက် လုံးဝ ရောက်မလာဘူး၊ ခုလို ဒါတိုင်းဆို ညနေပိုင်းကျမှ ထွက်တာ များတယ်"

"မင်း ဖုန်းဆက်မကြည့်ဘူးလား .."





"ကားတောင် ယူမသွားဘူး ဆရာ၊ ဖုန်းဆက်တာလည်း မကိုင် ဘူး၊ ဆရာ ဟို .. ကျွန်တော့်အစ်မဝမ်းကွဲတစ်ယောက် ရန်ကုန်ကို ရောက်နေတယ်ဆိုတာလေ၊ အဲဒါ ကျွန်တော့်ဆီ လာလည်ချင်လို့တဲ့၊ သားငယ် လဲ မရောက်သေးဘူးဆိုတော့ ခဏလောက် .."

"လာလည်ချင်ရင် လိပ်စာပေးပြီး ခေါ်လိုက်ပေါ့ကွ၊ ဒီနေ့ အပြီး သတ် လုပ်စရာ ရှိတယ်၊ ချာတိတ် လာအောင် မင်း စောင့်၊ ပြင်စရာရှိ တာ ကြိုပြင်ထား .. ပြီးရင် ရဲကို ဖုန်းဆက်လိုက်တော့ .."

"ဆရာ .. ဆရာ့အိမ်မှာဆိုတော့ .."

"အဲဒီကိစ္စ မင်း ပူဖို့မလိုပါဘူး .. ခိုင်းတဲ့အတိုင်း လုပ် .."

ဖုန်းပိတ်ပြီးတာနှင့် အလုပ်စားပွဲနား ရောက်နေသည့် ပန်း ဆီ သို့ လျှောက်လာကာ ...

"မင်းကို ဒီအလုပ်လုပ်ခိုင်းဖို့ ခေါ်တာ မဟုတ်ဘူး"

လို့ ပခုံးကို တို့ပြီးပြောကာ နောက်ထဲကို ဖုန်းကိုင်သည့်လက်နဲ့ ညွှန်ပြရင်း ...

"ရေခဲသေတ္တာထဲမှာ အသားတွေ ထည့်ထားတယ်၊ အသီးအရွက် တွေလည်း ရှိတယ်၊ ဒီနေ့လယ်စာ အပြင်ထွက်မစားချင်လို့ .. အဲဒါ တွေ သွားချက်ပေး .."

"ဟင်!... တစ်နာရီခွဲတော့မယ်.. ကိုကို နေ့လယ်စာမစားရသေးဘူး"

"ဟုတ်တယ် .."

စိုးရိမ်သွားသည့် မျက်နှာလေးကို မမြင်မိအောင် လွှဲနေလိုက်ရ သည်။ နှာတံကော့ကော့ မျက်တောင်ကော့ကော့နှင့် ဝင်းစက်နေမွတ်နေ သည့် ပါးပြင်လေးတွေကအစ အချိန်တိုင်း ဖျောက်မရအောင် ဖြစ်နေခဲ့ တာ ဘယ်သူမှ မသိ ..။

မနက်တည်းက ကော်ဖီနဲ့ မုန့် တစ်ခုပဲ စားဖြစ်ခဲ့ပြီး တစ်ယောက် တည်း တငေးငေး တတွေးတွေး ဖြစ်နေခဲ့တာလည်း သူပဲ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ သူမနဲ့သူ နောက်ဆုံး ဖြစ်သွားနိုင်သလို သူမရဲ့ မျက်ဝန်းတွေအောက်မှာလည်း အသက်ပျောက်နိုင်သေးသည်။ ကြောင့် သူမရဲ့ပါးလေးနှစ်ဖက်ကို အငြိုးအတေးမဲ့စွာ မြတ်မြတ်နိုး နမ်းချင်မိသည်။ နှုတ်ခမ်းလေးတွေမှာ ခဏလေးဖြစ်ဖြစ် ငြိမ်း သာယာစွာ ယစ်မူးချင်၏။ သို့သော် တွေ့လိုက်တာနှင့် ပြောဖြစ်တာ မတည့်ရာ မတည့်ကြောင်းတွေ ..။

"ကိုကို ရော့ .. ဒါလေး အဆာပြေစားထားနှင့်နော် .. နေမြင့် စားတော့ အစာအိမ်လည်း ထိမယ်၊ အဆာလွန်ရင်လည်း ချက်ပြု ထားရပြီး သိပ်စားနိုင်မှာ မဟုတ်ဘူး"

ခဏလေးပဲ ကြာလိုက်သည်ထင်၏။ နှာခေါင်းထဲမှာ ပေါင်မုန့် ကြော်နံ့ ဝေ့ခနဲ ရောက်လာသည်။ ကြည့်လိုက်တော့ ပေါင်မုန့် တစ်ချပ်လုံးမဟုတ်ဘဲ တစ်ခြမ်းတည်းပေါ်မှာ ကြက်ဥဟတ်ဖရိုက် ဒီတိုင်း တင်ထားတာ ဖြစ်၏။

"ဆီမပါဘူး ကိုကို ..၊ ကြက်ဥတွဲရုံလေး အပေါ်မီးနဲ့ အပူ ပေးရုံ လုပ်ထားတာ၊ ကော်ဖီနဲ့ဆို ရင်ခုံသွားမှာစိုးလို့"

ဘေးမှာ အအေးဘူးလေးနဲ့ ဖန်ခွက်လည်း ပါသည်။ သူပဲ ရှင်း ပြီး ရှေ့မှာ ချပေးသွားသည်။ ပြီးတော့ မီးဖိုချောင်မဟုတ်သည့် မီး ထားသောနေရာကို ပြန်ရောက်သွား၏။ တစ်ခါတလေ လိုအပ်လျှ သုံးဖို့ ဒီထဲမှာလည်း ရှိသင့်သလောက်တော့ စုံလင်အောင် ထည့်ထား တာပါ။ စားစရာကိုတော့ အစီအစဉ်ရှိမှ ရေခဲသေတ္တာထဲ ဝယ်ထည့် လိုက်တာ ဖြစ်၏။ ဒီနေ့က သူမနဲ့အတူ အချိန်ဖြုန်းချင်လို့ ..။

အရိပ် ပေါင်မုန့်ကြော်ကို တစ်ဝက်လောက်ပဲစားပြီး ဆိုဖာပေါ်မှာ လှဲနေလိုက်မိသည်။ အကယ်၍သာ ခုချိန်မှာ ပန်း နဲ့ သူ တကယ့် လင်မယား ဖြစ်ခဲ့ရင် ..၊

ချက်ပြုတ်နေသည့် လှုပ်ရှားသံတို့ကို နားစွင့်ရင်း သူ့နှုတ်ခမ်း





ပြုံးယောင်သမ်း၏။ ပြီးတော့ ပြုံးရာမှ ခပ်မဲ့မဲ့ဖြစ်သွားခဲ့ပြီး ... မင်းနဲ့ငါက ဆုံမှတ်မရှိတဲ့ ကောက်ကွေ့ကြောင်းတွေပဲ လျှပ်ပန်း၊ ပြိုင်တွေ မဆုံနိုင်တာ မထူးဆန်းပေမယ့် မင်းနဲ့ ငါ အနီးဆုံးကနေ းဆုံးဖြစ်သွားကြရင် အားလုံး အံ့ဩကုန်လိမ့်မယ် ..။

ကိုယ်လက် မလှုပ်ရှားရပါပဲ စိတ်ပင်ပန်းကြီးစွာနှင့် မျက်လုံးတွေ လိုမှေးကျ အိပ်ပျော်သွားလိုက်မှန်း မသိ ..။

"ကိုကို .. ကိုကို့ .."

"ဟင်!..."

"ထ .. မျက်နှာသစ်လိုက် .. ထမင်းစားလို့ ရပြီ"

သူ့ပခုံးကို လှုပ်နိုးလိုက်သဖြင့် ရှေ့ကိုဝဲကျနေသည့် ဆံနွယ်ရှည်တို့ ပျံ့သောရနံ့တစ်မျိုးနှင့် သူ့ရှေ့မှာ ခွဲ့ခနဲ လွန့်ခနဲ ..။ ကိုယ်ကို တ်ပြီး လှည့်ထွက်ဖို့ခြေလှမ်းပြင်လိုက်တော့ ကိုယ်သင်းနံ့နဲ့ ပုံရိပ် လေးကို မစွန့်လွှတ်နိုင်သည့် တပ်မက်စိတ်တို့နှင့် သူ ..၊

"အမေ့!..."

ပန်း ရဲ့လက်ကလေးကို လှမ်းဆွဲလိုက်မိသည်။ ပြီးတော့ ပုံခနဲပြန် သည့် သူမကိုယ်လေးကို တင်းကျပ်စွာပွေ့ပိုက်ထားလိုက်ပြီး...

"မင်းကို .. ကိုယ် .."

စကားတို့ကို ရှေ့မဆက်ဖြစ်သော်လည်း အဆီးအတားမဲ့သော မ်းတို့က အရာအားလုံးကို မော့လျော့လျက် ခရီးနှင်ကြလေသည်။ ကို ပွေ့ပိုက်နမ်းရှိုက်မိတိုင်း တလှပ်လှပ် အေးငြိမ့်နေသော ယစ်မူး တ မုသား မပါခဲ့ပေ ..။

ပန်း ကို သူ သနား ကြင်နာခဲ့သည်။ နားလည် ခွင့်လွှတ်ခဲ့၏။ ီး နာကြည်းသွားခဲ့တာတောင် မြတ်နိုးချင်မိခဲ့သော ..၊

"ပန်း ကို လွှတ်ပါ ကိုကို .."

လူးလွန့် ရုန်းဖယ်ရင်း ပန်း ရဲ့မျက်ဝန်းမှာ မျက်ရည်စလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ခိုတွဲလာခဲ့၏။ ကိုယ်မပိုင်သော အနမ်းတွေနဲ့ မေ့မူးချင်လာတိုင်း အတွက် မဟုတ်ဘူးဆိုတာကို မမေ့ဖို့ သတိထားနေရသည်။

ချစ်လို့ မဟုတ်ဘူး လျှပ်ပန်း ..၊ အဲဒါ နှင့်ကို နာကျင်စေ အနမ်းတွေ၊ တန်ဖိုးမဲ့ဆန္ဒနဲ့ ဖြတ်သန်းလာတဲ့ ရင်ခုန်သံတွေ သူ့ဆီက ဘာမှ မမျှော်လင့်နဲ့ ..။

"ဘာဖြစ်လို့ ငိုတာလဲ .."

ငုံ့ထားသည့် မျက်နှာလေးကို အတင်းအကျပ် ဆွဲလှည့် နီးနီးကပ်ကပ်လေး ငေးမိ၏။ ပြီးတော့ ဆိုဖာပေါ်မှာ သူ့ရင်ခွင် လှဲမချမိအောင် လက်လေးထောက်၍ ပြန်ကျူးထဖို့ ကြိုးစား ပန်း ရဲ့လက်လေးတွေကို သူ့ကို ပြန်ဖက်ပြီး ရင်ဘတ်ချင်း ထိ သည့်ပုံ ဖြစ်အောင် ဆွဲယူပစ်လိုက်၏။ ထိုအခါ ပန်း ရဲ့ဆံပင် သူ့ရင်ဘတ်ပေါ် ခွေဝိုက် ပုံကျလာကာ ...

"ဟင့်အင်း .."

ရှက်သွေးကြွယ်နေသည့် အပျိုရိုင်းလေးနဲ့တူသော ပါးမို့ တွေကို စိုက်ကြည့်တော့ ပန်း က ရှောင်တိမ်းဖို့ ကြိုးစား၏။

"မင်းကို ကိုယ် လက်ထပ်ထားတာလေ .."

"ဒါပေမယ့် .."

"နောက်ထပ် မင်းဆီက ကိုယ် ဘာမှ အစမ္မ မယူခဲ့သေး

မရှောင်သာ မတိမ်းသာလို့ မှားယွင်းကုန်ကြတာမျိုးကို သန်းလိုက်နိုင်ပေမယ့် ချစ်သူတွေလို ယစ်မူးကြဖို့က ကိုယ် တစ်ဖက်သတ် ရူးရတဲ့သူမို့ ကိုကို့အပြုံးတွေကို ရှက်မိပါ၏။

နောက်ထပ် ကိုကို့အနမ်းတွေမှာ မေ့မိုက် ရင်ခုန်ဖို့လည်း

"မင်း ကိုယ့်ကို ခံပြင်းနာကြည်းတဲ့စကားမျိုးတွေ မကြား ထွက်လာတယ်မို့လား..၊ မင်းကို တမင်ဒုက္ခပေးချင်တာလို့လည်း ပြောပြီးသား၊ ဘယ်လိုလဲ.. သတ်ပစ်ချင်တဲ့စိတ်တွေ ဖြစ်မလာဘူး





ဝန်း မျက်နှာလေး တင်းသွားပြီး ဆတ်ခနဲ ကျူးထတော့ အရိပ် အတင်းဆွဲဖက်ထားကာ ...

"စိတ်ထဲရှိတဲ့အတိုင်း ဖြေ .."

"စိတ်ထဲရှိတာ ပြောရရင်တော့ .. ခင်ဗျားကို အခု သတ်ပစ်ချင် ်"

ဟင်!...

သိလိုက်ခြင်းနှင့်တစ်ပြိုင်နက် လှည့်ကြည့်လိုက်မိရာ သားငယ် တံခါးဝမှာ ခြေချဲ ခါးထောက်လျက် ...

"သိပ်အဆင်ပြေနေတယ် ဟုတ်လား .."

အသံတွေ တုန်ခါနေခဲ့လျက် ရှေ့ကို တစ်လှမ်းချင်း ဝင်လာခဲ့ပြီး မျက်နှာကို စူးစိုက်ကြည့်နေခဲ့သည်။

"သားငယ် .."

နှစ်ယောက်ရဲ့အလယ်မှာ ဘယ်မျက်နှာကိုကြည့်ပြီး ဘယ်လို နား ည်ရမှန်း မသိတာက ပန်း ဖြစ်နေသည်။

သားငယ် ကို အိမ်ကထွက်သွားပြီးမှ ပထမဆုံး မြင်ရတာမို့ ငယ် မှ ဟုတ်ရဲ့လားလို့ တအံ့တဩဖြစ်ရင် ဆို့နင့်ကြေကွဲခြင်းက ်တွဲပါ၏။ ပြီးတော့ အရိပ် နဲ့ သားငယ် ဘယ်လောက်ထိ ရင်းနှီး ဲ့ ဆက်သွယ်ချက်တွေ ရှိနေသလဲ ..။

သားငယ် ဘာဖြစ်လာတာလဲ..၊ ကိုယ့်ဆီပြန်လာချင်တာ မဟုတ် ဒီလိုဖြစ်နေကြမှာကိုလည်း ကြိုသိနေပုံမျိုးနှင့် သားငယ် မျက်ဝန်း မျက်ရည်တွေက ဘယ်လို မျက်ရည်တွေလဲ ..။

ပန်း ဘာမှမသိဘဲ ဘာဝင်ပြောရမှန်းလည်း မသိပေ ..။

ကြည့်လိုက်တော့ အရိပ် သည် တည်ငြိမ်သည့်မျက်နှာနှင့် နေရာ ထရပ်လိုက်ပြီ ဖြစ်ကာ ...

"မင်း ကိုယ့်ဆီ လာတာလား ..၊ မင်းအမေဆီကိုလား"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ ညားနေကြပြီပဲ၊ တစ်ယောက်ဆီကို လာ
ယောက်စလုံးနဲ့ တွေ့မှာ သိပြီသား"

"သားငယ် .."

ရက်သည့်စိတ်ကြောင့် နားထဲမှာ ရှိန်းခနဲ ပူထူသွားသည်
ကြောင့် တအား အော်ပစ်လိုက်ပေမယ့် သားငယ် ရဲ့နူးစိုက်မှုဟာ
ဘက်မှာ မဟုတ်ဘဲ ..၊

"ခင်ဗျားကို .. ခင်ဗျား .. ဗျာ .."

စကားစပြီးမှ ငိုချင်နေသည့် ကလေးလို နှုတ်ခမ်းတွေပါ
သွားလျက် အသံလည်း ပျောက်၏။ အရိပ် ၏မျက်ခုံးနှစ်ဖက် တွ
ကုတ်သွား၏။ နူးရဲသောမျက်လုံးတို့က မျက်ရည်တွေ ဖိတ်လျှံ
ဖြစ်နေသော သားငယ် ရဲ့မျက်ဝန်းတို့ပေါ်မှာ ရှိနေခဲ့ပြီး ...

"ခု .. မင်း ဘာဖြစ်ချင်တာလဲ သားငယ် .."

တည်ငြိမ်သည့်မေးခွန်းနှင့် ရှေ့ကို နှစ်လှမ်းသုံးလှမ်း လျှော
ထွက်လာသည်။ ဘောင်းဘီအိတ်တွေထဲ လက်နှစ်ဖက် ထည့်လိုက်
စိုက်ကြည့်လိုက်ပုံက သူ အလွန်အမင်း အားကျ အထင်ကြီးခဲ့ရသေ
စတိုင်လ်ပဲ ဖြစ်၏။ သို့သော် ဒါတွေ အားလုံးဟာ ခုချိန်မှာတော့

"ပြောပါ.. လက်ရှိအခြေအနေကို တားဆီးချင်တာလား..၊ မ
ကိုယ် ခွေမျိုးတော်သွားပြီဆိုတော့ ကိုယ့်ဆီက တစ်ခုခုကို တောင်း
ချင်တာလား .. ဘာလဲ .."

"ဟုတ်တယ် .. တောင်းဆိုချင်တာ .. ဒါပေမယ့် .."

သားငယ် က မျက်ရည်ကျလာတာကိုတော့ ရက်ပုံပေါ်ကာ လ
မောင်းနဲ့ ပင့်တိုက်ပစ်လိုက်ပြီး ...

"ကျွန်တော် လိုချင်တာက တောင်းမှာမဟုတ်ဘူး.. သိချင်တာ

ပြောလက်စနဲ့ လှည့်ကြည့်လိုက်တော့ ပန်း ထိတ်ခနဲ ဖြစ်သွ
၏။ သားငယ် နဲ့ မျက်လုံးချင်းဆုံလိုက်စဉ်မှာ ဘာပြောတော့မ





တာကိုပါ နားလည်သွားခဲ့လျက် ...

"သားငယ် .. နေဦး .."

ပန်း က သားငယ် ဘေးကို ကပ်ဖို့ကြိုးစား၏။ အရိပ် ကို ဒါတွေ
ားပြောလျှင် အရိပ် ထံမှ တုံ့ပြန်ပြောလိုက်မှာတွေကို သားငယ်
ကြားစေချင်ပါ။ သို့သော် သားငယ် က သူမအနားကပ်မှာကို ရှောင်
က်ရင်း အရိပ် နဲ့သာ ပိုမို နီးကပ်သွားခဲ့ပြီး ...

"အစ်ကို့ကို ကျွန်တော် အရမ်း.. အရမ်းကို ခင်ခဲ့တာပါ၊ ကျွန်တော့်
မေကို ဘာဖြစ်လို့ .. ဘာဖြစ်လို့ .. ခုလို .."

"သားငယ် .. တိတ်စမ်း .."

"မေမေ ဖယ်နေပါ .. မေမေ သားကြောင့် အများကြီး ထိန်းသိမ်း
တာ.. သား သိတယ်၊ အရိပ်ထင် ဆိုတဲ့ ယောကျ်ားကလည်း လူယုတ်
 မဟုတ်ဘူး .. အဲ့ဒါ .. အဲ့ဒါကို သား ယုံကြည်တယ်၊ တစ်ခုကိုပဲ
သိချင်တာပါ"

သားငယ် သည် ရှိုက်သံနှင့် ရောထွေးသော စကားလုံးတွေကို
အစီအစဉ်ကျအောင် မကြိုးစားနိုင်တော့ဘဲ ...

"မေမေ့ကို ဘာဖြစ်လို့ ဒီလိုထားခဲ့တာလဲ ..၊ ကျွန်တော့်အမေက
ဘာချို့ယွင်းချက်တွေ ရှိနေလို့ ဒီလိုဖြစ်အောင် လုပ်နေတာလဲ .."

သားငယ် ရဲ့မေးခွန်းတိုင်းဟာ အရိပ် ၏မျက်နှာပေါ်ကို ရောင်စုံ
ဆေးမှုန့်တွေနဲ့ တစ်မျိုးချင်း ခွတ်ဖျန်းနေသလို ရှိနေခဲ့လျက် ...

"ကျွန်တော် ချစ်တဲ့လူတွေက .."

သားငယ် က ဆက်မပြောဘဲ သူတို့နှစ်ယောက်စလုံးကို တစ်
လှည့်စီ ကြည့်၍ ...

"ကျွန်တော် ချစ်တဲ့လူနှစ်ယောက်ကို အဲဒီလို မဖြစ်ချင်ဘူး၊
ဒါပေမယ့် ဒီတိုင်းပဲ ဖြစ်နေတာ ဘာလဲ ..၊ ပြောပြစမ်းပါ .. မေမေနဲ့
ခင်ဗျားက ဘာလဲ ..၊ ဘယ်တုန်းတည်းကလဲ ..၊ ဘယ်လိုတွေလဲ ..



www.burmeseclassic.com

www.burmeseclassic.com



ပြောပြစမ်းပါ ..''

သားငယ် အော်ဟစ်ရင်း ဆံပင်တွေကိုပါ ဖွပစ်၏။ ထိုစဉ် တံခါးကို ဒရောသောပါးရောက်လာကြသည့် ကုမ္ပဏီကဝန်ထမ်းနှစ်ယောက်သည် ကိုယ်ရှိန်သတ်လိုက်ပေမယ့် ရှေ့တိုးရမလို .. နောက်ပြန်လှည့်ရမလို ရှိနေဆဲ ..။

''မင်း သိချင်ရင် မင်းအမေကို မေးကြည့်လေ .. လျှပ်ပန်း ..''

အရိပ် မျက်နှာက လိုတာထက် ပိုမိုတင်းမာနေကာ ပန်း ၏ ခပ်စောင်းစောင်း လှည့်ကြည့်၍ ...

''မင်း ပြန်လိုက်သွား ..''

''ခင်ဗျား ..''

သားငယ် မျက်နှာ သွေးရောင်လွှမ်းသွားခဲ့ပြီး လက်သီးတစ်ဖက် ဆန့်ထွက်လာ၏။

''ခင်ဗျားက .. အဲဒီလိုလူကြီးလား ..''

''ဟုတ်တယ် .. မင်းအမေနဲ့ ငါ လက်ထပ်ထားတာ၊ ဒါပေမယ့် ရုံးမှာ မဟုတ်ဘူး''

''တောက် ..''

ကြိုတင်ပြင်ဆင်လာပုံရှိသော အော်တိုမစ်တစ် မောင်းပြန်ဓားလေး တစ်ချောင်း လက်ခနဲ ဖြစ်သွားပြီး ...

''ခင်ဗျားကို .. သတ်ပစ်မယ်''

''မလုပ်နဲ့ ..''

ပန်း မျက်လုံးတွေ ဝိုင်းစက်ပြူးကျယ်သွား၏။ လက်ခနဲ ဖြင့် လိုက်တာနှင့် သူမသည် အရိပ် ကို လှည့်ဖက်ထားလိုက်ပြီးဖြစ်ကာ—

''အား!...''

''လျှပ်ပန်း ..''

''မေမေ ..''





ဘယ်သူမှ တားချိန် ဆွဲချိန် မရလိုက်ဘဲ ပန်း သည် အရိပ် ရင်ခွင်ထဲကနေ ပျော့ခွေ ညွတ်ကျသွားခဲ့လျက် ...

''ချွေးသူနိုးလေး ..''

အရိပ် ၏ လက်ပြန်ရိုက်ချက်က ပြင်းထန်စွာ ဖြောင်းခနဲ ကျ၏။

''ဟိတ် .. ဆွဲထုတ်သွားစမ်း ဒီကောင့်ကို ..၊ ဘာဖြစ်ဖြစ် ခြံပြင် ထုတ်ထားလိုက် ..''

ရိုက်ချက်တစ်ချက်တည်းနှင့် သတိလစ် မေ့မြောသွားသည့် သားငယ် လက်ထဲက ပြေကျလာသည့် ဓားကို အရိပ် က ခြေထောက်ဖြင့် ကန်ထုတ်ပစ်လိုက်၏။ ဓားသည် အသားထဲကို စိုက်နစ်ကျန်ခဲ့တာ မဟုတ်သော်လည်း ပန်း ရဲ့ကျောပြင်မှာ သွေးတို့ဖြင့် ချင်းချင်းနီလျက်...

''ဒေါက်တာ သိန်းထိုက် ကို ဖုန်းဆက်လိုက်စမ်း၊ မင်းတို့ ပါးစပ် ပိတ်ပြီး လုပ် ..''

အခြေအနေကို သဘောပေါက်သွားကာ သူတို့ ပြေးလွှားလှုပ်ရှားကြ၏။ လျှပ်ပန်း သည် သတိမလစ်အောင် ကြိုးစားနေသလိုရှိပေမယ့် ကြာခင်မှာပဲ မေ့မြောသွားခဲ့၏။

''လျှပ်ပန်း .. ဟိတ် .. ကိုယ်ပြောတာ ကြားလား ..၊ မင်း ဘာမှမဖြစ်ဘူး .. စိတ်တင်းထားနော် ..''

ပန်း ကို သူ ခုတင်ပေါ်ချမလို ပြင်ပြီးမှ ဒဏ်ရာပေါ်ကို ပဝါနဲ့ ဖိပိတ်ထားပေးရသဖြင့် လက်ကို ဖယ်လိုက်ရမှာစိုးကာ ဒီတိုင်းပဲ ဖက်ထားမိသည်။

ပြီးတော့ ..၊ နဖူးဆံစလေးတွေကို ပွတ်သပ်ပေးနေမိလျက် ...

''မင်း ဘာမှမဖြစ်ပါနဲ့.. ဘာမှမဖြစ်ပါနဲ့ ချာတိတ်ရယ် ..၊ ကိုယ့်အတွက် မင်း မရှိလို့ မဖြစ်လို့ပါ''



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

"မင်း သက်သာရဲ့လား .."

"အင်း .."

ပန်း မျက်နှာလေး ဖြူဖျော့နေတာကို ငုံ့မိုးကြည့်ရင်း လက်ဖဝါး လေးကို ဖျစ်ညှစ် ကိုင်လိုက်မိသည်။ ပြီးတော့ ခုတင်ဘေးက ခုံမှာ ဝင်ထိုင်လိုက်၍ ...

"မင်း စားချင်တာ စားလို့ရအောင် စားစရာတွေ အစုံ ယူလာ ပို့နိုင်းထားတယ်"

"ဟင့်အင်း .."

"နည်းနည်းတော့ စားရမှာပေါ့ .. ဒေါ်က်ရာက နက်ပေမယ့် အရေး ကြီးတဲ့ ထိရှမှုတွေ မဖြစ်ဘူးတဲ့၊ သွေးထွက်လွန်လို့ မင်း အရမ်းခံလိုက် ရတာ .. အားရှိအောင် တစ်ခုခုတော့ စားမှပေါ့"

"ကိုကို .."

"ဟင် .."

"ပန်း ရဲ့သား .."





"အဲဒါတွေ အခုမှမပြောနဲ့ဦးကွာ .. လောလောဆယ် မင်း အရေး ကြီးတယ်၊ မင်း တစ်ခုခုဖြစ်သွားခဲ့ရင်ဆိုတဲ့ စိုးရိမ်စိတ်နဲ့ ကိုယ် အသ လောက်ထိ သွေးပျက်သွားခဲ့လဲ သိလား .."

ပန်း မျက်ဝန်းလေးတွေ ငေးစိုက်နေရင်း ရီဝေပျော့ကျသွားခဲ့၏။ ပြီးတော့ မျက်ရည်ရောင်တို့နှင့် စိုလက်လက်လေး ဖြစ်လာသည်။

"ကိုကို့ရှေ့ကနေ အသေခံပြီး ကာကွယ်ပေးလိုက်တယ် ဆိုပြီး တော့လား .."

"ဟုတ်တယ် .. အဲဒါကြောင့် ပါတယ် .. ဒါပေမယ့် .."

အစိုင် မျက်နှာမှာ ပြောရခက်သည့် အမူအရာတွေ တရှပ်ရှပ်ပြေး နေလျက် ...၊ ပြီးမှ နှုတ်ခမ်းတွေ တင်းခနဲ စေ့၏။

"မင်းကို ချစ်လို့ဖြစ်စေ၊ မုန်းလို့ဖြစ်စေ ဘာအတွက်နဲ့မှ ကိုယ် စွန့်လွှတ်နိုင်ဘူး .. အဲဒါ သေချာသွားတာ"

သူသည် ပန်း မျက်နှာလေးကို စူးစိုက်ကြည့်နေရင်း ...

"ကိုယ့်ကို ခွင့်လွှတ်ပါ .. မင်းကို ချစ်ခွင့်မရှိပေမယ့် ကိုယ် ချစ်တယ်၊ မုန်းစရာကောင်းတဲ့မိန်းမလို့ တတွတ်တွတ် ပြောနေမိရင်း ကိုယ့်ရင်ထဲက ချစ်တယ်လို့ပဲ အော်နေတယ် .."

သူ ပန်း ရဲ့လက်ဖဝါးလေးကို သူ့လက်နှစ်ဖက်ထဲမှာ ထပ်ဆုပ် ထားလျက် လက်သုံးဖက်စလုံးကို မျက်နှာရှေ့မှာပဲ ထိကပ်ထားခဲ့ပြီး—

"မင်းကို ကိုယ် အရမ်းချစ်တယ်"

မျက်လုံးတွေ မှိတ်ထားရင်း 'တကယ်ပါ .. ကိုယ် မင်းကို ချစ် တယ်'လို့ အထပ်ထပ် ပြောနေပြီးမှ ...

"ဒါပေမယ့် အဲဒီစကားကို မင်း မေ့လိုက်ပါ"

သူ မျက်လုံးတွေ ပြန်ဖွင့်သည့်အချိန်မှာ ပန်း ရဲ့ နှုတ်ခမ်းလေး တွေ လှုပ်စွာ ပြုံးနေခဲ့လျက် ...

"ဘယ်လိုပဲဖြစ်ဖြစ် ပန်း ကျေနပ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောလေသည်။ မျက်ဝန်းတို့ ဆုံစည်းနေခဲ့ရင်း အရိပ် သည် သူမ လက်ဖဝါးလေးကို နှုတ်ခမ်းနဲ့ ဖိကပ် နမ်း၏။ ပန်း ရဲ့ မျက်ဝန်း ထောင့်မှ အပျော်လွန်မျက်ရည်လေးတစ်စက်က ထိုအနမ်းတစ်ပွင့်၏ ရင်ခုန်သံကို အသိအမှတ်ပြုလိုက်ခြင်းလား ...၊

တကယ်ဆို တစ်သက်လုံး မျှော်လင့်တောင့်တခဲ့ရတာ ဒီစကား တစ်ခွန်းပဲ ဖြစ်၏။ သူမ ပြောပြပါတော့မည် ...၊ သားငယ် ရဲ့ ခါးချက်နဲ့ ကိုကို့ကို အသေမခံနိုင်တာဟာ သားငယ် ဟာ ကိုကို့ရဲ့ညီလေး ဖြစ်နေ လို့ပါ ဆိုတဲ့အကြောင်း ...။

"မင်း ကိုယ့်ကို ကာကွယ်ပေးလိုက်တဲ့အတွက်ရော .. မင်း မရှိလို့ မဖြစ်တာ ကိုယ့်အတွက်ရော.. အဲဒီလို ''ရှိမဖြစ်တာတွေကြောင့် အပြစ် တစ်ခြမ်းကို ချေလိုက်မယ်၊ ဒါပေမယ့် မင်းရဲ့သားကတော့ .."

"မဟုတ်ဘူး ကိုကို .. သားငယ် က .."

"ခဏလေး .."

ဖုန်းမြည်သံ နှောင့်ယှက်လိုက်သဖြင့် သူ ဖုန်းကိုင်ပြီး ထရပ်လိုက် ကာ အပြင်ကို လျှောက်ထွက်ခဲ့ရင်း ...

"ပြော .."

"... ... ... ..."

"ဟုတ်တယ်.. သူ ဒီနေ့ အိပ်ချိန်လောက်မှပြန်လာမယ်ထင်တယ်"

"... ... ... ..."

"သူ ရောက်လာတဲ့အချိန် ငါ့ဆီ ဖုန်းဆက်လိုက် .. ဟုတ်တယ် နောက်နေ့ မကူးစေနဲ့ .."

"... ... ... ..."

"ရတယ် .. ငါ ဒေါ်စာဥ ကိုပဲ လုပ်နိုင်းလိုက်တယ်၊ ဟိုတယ်လ် စာတွေ မဖြစ်လို့ .. ဒါပဲ"

သားငယ် .. မင်းကို ဓားထိုးလုပ်ကြံမှုနဲ့ မဟုတ်ဘဲ လွတ်ရက်မရှိ





အောင် ငါ လုပ်နိုင်သေးတယ်ဆိုတာ မင်း သိရတော့မယ် ..။

အပြစ်တစ်ခုကို အေးဆေးစွာ စွန့်လွှတ်လိုက်တာက သားငယ် အပေါ် သူ တကယ်တမ်း ဘယ်လိုမှ ငြိုးမယ်ဖွဲ့၍မရခြင်းကြောင့်ဖြစ် ကာ အမြန်ဆုံး လက်စသတ် စီရင်ဖို့ ဆုံးဖြတ်ရတာက ကြာလေ ဝေဝါး လာလေဖြစ်သည့် သံယောဇဉ်၏ညှို့သက်ခြင်းက ကြောက်မက်ဖွယ်..။

ထို့ကြောင့် ပန်း ကို သူ မြတ်နိုးယုယလိုသည့်အတွက် မေမေနဲ့ ညီလေးအတွဲ့ဖို့ တစ်ခုခုတော့ တုံ့ပြန် တာဝန်ကျေပြီး ဖြစ်ချင်၏။

ငါ လက်လွှတ်ချင်တာက ပန်း ဖြစ်နေပြီး ဖိဆုပ် ချေမွပစ်ရမယ့် သက်တစ်ဖက်ထဲမှာ မင်း ဖြစ်နေတာကတော့ မင်းရဲ့ကံတရားပဲ သား ငယ် ..။ အဲဒါကြောင့် ငါ့အမေနဲ့ ညီလေးအတွက် မင်းဆီက တစ်ဝက် လောက်တော့ ပြန်ရမှ ဖြစ်မယ် ..။

ရင်ထဲက စကားသံတွေကို ပြန်နားထောင်ရင်း သူ့မျက်နှာမှာ ချစ်ခြင်းနှင့် နာကျင်မှုတွေ ရောထွေးနေခဲ့၏။ အခန်းထဲကို ပြန်ဝင်လာ သည့် ခြေလှမ်းတွေပါ တစ်လှမ်းချင်း နှေးကွေးနေခဲ့ပြီး ...

"လူနာ အိပ်နေလား မသိဘူး ..၊ လူနာရှင် ဘယ်များရောက်သွား လဲဟင် .. ကျွန်မက လူနာအိမ်က စားစရာလာပို့ပေးတဲ့ လူကြုံပါ၊ ထားခဲ့ရမလား .. စောင့်နေရဦးမလား မသိလို့"

သူ့ကို ကျောပေး၍ အခန်းတံခါးဝမှာ ဟိုဘက်က လူနာရှင်တစ် ယောက်ကိုမေးနေသည့် အမျိုးသမီး..၊ ကိုယ့်ကိုမေးတာလားလို့ တွေးမိ သေမယ့် မသိသည့်လူမို့ ဂရုမစိုက်တော့ဘဲ အခန်းထဲလှည့်ဝင်လိုက်လျှင်...

"ဟိုမောင်လေး ထင်တယ် .. ဒီမှာ .."

အရိပ် ဖျတ်ခနဲ လှည့်ကြည့်လိုက်လျှင် သူ့ကို လှည့်ကြည့်သည့် မျက်နှာနှင့် နီးကပ်စွာ ဆုံမိသွားခဲ့၏။

"ဟင်!... ခင်ဗျား .."

"သူဌေးလေး .. မောင်လေး .. အရိပ်ထင် နော် .."



www.burmeseclassic.com

www.burmeseclassic.com



ဆွဲခြင်းကြီးနှစ်ဖက်နှင့် လှည့်လာပြီးမှ အေးမှာပဲ ဒီတိုင်း ချထားလိုက်ကာ ...

"အစ်မရဲ့မောင်ဝမ်းကွဲက မောင်လေးဆီမှာ အလုပ်လုပ်နေတာလို့ မထင်မိဘူး .. မေးလည်း မမေးမိခဲ့ဘူးလေ၊ ရန်ကုန်ကို ရောက်လာတာတောင် ကိုယ့်ကိစ္စနဲ့ကိုယ် အဆင်မပြေလို့သာ မောင်မောင့် ကို အကူအညီတောင်းရတာ .."

"သြော် .. ကျေးဇူးပဲ"

အနားမှာ ရပ်ကြည့်နေသည့် အမျိုးသမီးကြီးကို လှည့်ပြောလိုက်ပြီးမှ ဆွဲခြင်းတွေကို သူပဲ ကောက်၍ အထဲသွင်းထားလိုက်သည်။ ပြီးတော့ ပန်း ကို အသံမပေးတော့ဘဲ ပြန်ထွက်လာကာ ...

"ကျွန်တော်တို့ စကားပြောရအောင် ..၊ မအေးမိုး က ဘယ်လိုရောက်လာတာလဲ"

"မောင်မောင့် ကို ရှာရင်းနဲ့ အိမ်ကို ရောက်သွားတာ၊ သူဌေးအိမ်နဲ့ မောင်မောင် နေတဲ့နေရာ တစ်နေရာဆီမှန်း သိမှမသိတာ ..၊ အဲဒါနဲ့ မောင်မောင် က သူဌေးနားမှာရှိမှာလို့ အိမ်က အဒေါ်ကြီး ပြောတာနဲ့ သူ့တစ်ယောက်တည်း သိပ်ပြီး မသွားလာဖူးဘူးလို့လည်း ပြောတော့ ဒီပစ္စည်းတွေ ကျွန်မပဲ သယ်သွားပေးလိုက်မယ်ဆိုပြီး .."

"ကျွန်တော်လည်း မအေးမိုး နဲ့ မောင်မောင် ပတ်သက်နေမယ်မှန်း မသိခဲ့ဘူး၊ အထဲမှာ ဘယ်သူလဲ သိလား .."

"ဟင် .."

မအေးမိုး က လူနာခန်းထဲကို ပြန်လှည့်ကြည့်ပြီးမှ ခေါင်းညိတ်၍—

"မောင်မောင် ဖုန်းဆက်တုန်းက ပြောတယ်လေ .. သူဌေးက လက်ထပ်ပြီးပြီတဲ့၊ မောင်လေးရဲ့ ဇနီးလား .."

"ဟုတ်တယ် .. လျှပ်ပန်း .."

"ဟင်!... ဘာ!..."





အေးမိုး ပုံစံက သူမ အရမ်းကြောက်ရွံ့သည့် ပိုးကောင်တစ်ကောင် ကိုယ်ပေါ်ခုန်တက်လာသလို တုန်ခနဲ နောက်တွန့်သွား၏။ ပြီးမှ မျက်လုံးမျက်ဆံပြူးနှင့် ...

"လျှပ်ပန်း .. ပန်း .. ဟုတ်လား .."

အရိပ် က ခေါင်းညိတ်လိုက်ရင်း ...

"ဟုတ်တယ် .. သူ့ အပြစ်တွေလုပ်ထားမှန်း သိပေမယ့် ကျွန်တော်က ကို .."

ဘာဆက်ပြောမှာလဲဆိုသည့် မျက်လုံးအစုံက ပြူးထွက်လာကာ အေးမိုး နှုတ်ခမ်းတွေ တဆတ်ဆတ် တုန်လာ၏။

"သူ့ကိုပဲ လက်ထပ်ခဲ့တယ် ..၊ အဲဒါက အပြစ်တစ်ခု ဖြစ်သွားမှန်းတော့ သိတယ်၊ ဒါပေမယ့် သူ့ကို ကျွန်တော် လက်ထပ်တာမှာ ရန်းအငြိုးတွေ ဘာမှမပါဘူးဆိုတာလည်း သေချာနေတော့ .."

"နေပါဦး .. ဘုရား .. ဘုရား .. ကံကြမ္မာကလည်း ဆန်းလိုက်တာ"

"ဘာဖြစ်လို့ ဘုရားတတာလဲ မအေးမိုး .. ကျွန်တော်တို့ ဗုဒ္ဓဘာသာအယူမှာ ရန်ငြိုးကလဲ့စားက .."

"ဟုတ်တယ် .. ဟုတ်ပါတယ် .. မဟုတ်တာက .. ဟိုဟာ .. အဲဒါက မဟုတ်ဘူးလို့ ပြောချင်တာ .."

"ဘာလဲ .."

သူ ထပ်မေးလိုက်တော့ အေးမိုး ခေါင်းကြီးငုံ့၍ ငြိမ်ကျသွားသည်။ သိပ်မကြာလိုက်ခင် မျက်ရည်ရစ်ဝိုင်းသော မျက်လုံးတို့ သူ့ဆီ မော့ကြည့်လာကာ ...

"အစ်မ အပြစ်ပါ မောင်လေးရယ် .. အစ်မ ငွေမက်မိတာပါ"

"ဘယ်လို!.."

"တကယ်တော့လေ .. တကယ်တော့ .."

စိတ်ကောင်းလေးဝင်ပြီး ပြောပြလိုက်တော့မို့ ဆုံးဖြတ်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် တကယ်တမ်းကျတော့ ပြောဖို့သတ္တိကမရှိ ဖြစ်နေခဲ့ရ...

"မအေးမိုး .."

"အမလေး!..."

အရိပ် က လက်တံတောင်ဆစ်တစ်ဖက်ကို ဖျတ်ခနဲ ဆောင့်... လိုက်သဖြင့် လိပ်ပြာလွင့်မတတ် တုန်လှုပ်သွားခဲ့၏။

"တကယ်တော့ ဘာဖြစ်လဲ .. ဘာလျှို့ဝှက်ချက်တွေ ရှိခဲ့... ခင်ဗျား ဘယ်မျက်နှာကိုမှ ကြောက်စရာမလိုဘူး .. အားလုံး ပြော...

အရိပ် က လျှင်သည်။ အေးမိုး စကားဟလိုက်တာနှင့် ဘယ်... လျှို့ဝှက်မှုတွေရှိနေပြီဆိုတာ စိတ်ထဲမှာ ခန့်မှန်းတွက်ချက်ပြီးဖြစ်...

"မီးလောင်မှုကို ပန်း တကယ် မကျူးလွန်ခဲ့ဘူးမို့လား"

"ဟင့်အင်း .."

"တောက် .."

သူ တက်ခေါက်လိုက်တိုင်း အေးမိုး တုန်ခနဲ ဖြစ်သွားခဲ့လ...

"အစ်မ ပြောပြပါ့မယ်၊ ဒါပေမယ့် ငါ့ .. ငါ့ကိုတော့ ထော... ပါနဲ့နော် .. ငါ့ကို သူများ ခိုင်း .."

"လေးလေး ခိုင်းတာမို့လား"

"ဟင်!..."

တပ်အပ်မေးချလိုက်တာ မှန်သွားပြီမှန်း သိတော့ ရင်ထဲမှာ... ရှုံ့ နာကျင်သွားသည်။ မအေးမိုး ကို အိမ်မှာ အဆင်ပြေအောင်... ခရီးထွက်ခါနီးမှာ သေချာမှာခဲ့သည်။ လေးလေးနဲ့ မအေးမိုး ပဲ... ကပ်ဆုံး ကျန်ခဲ့သူတွေမို့ ဒီလိုကြံစည်မှုကို မအေးမိုး လို မိန်း... တစ်ယောက်တည်း ကြံစည်တာ မဖြစ်နိုင်တော့ နောက်တစ်ယော... လေးလေးအပြင် တခြားလူ မရှိ ...။

"ဟုတ်တယ် .. ငါကလေ မောင်လေး ခရီးသွားနီးမှ ရော... ရတော့ အိမ်နဲ့လည်း မရင်းနှီးတော့ ဘာမှမသိခဲ့ပါဘူး၊ တကယ်...





ယုံပါဟယ် .."

"ဘာတွေ ခိုင်းတာလဲ .. ပြောပါ .. ဆက်ပြောပါ"

မေးကြောကြီးတွေ ထောင်ကားနေအောင် အံကြိတ်ထားသည့် အရိပ် မျက်နှာကို အေးမိုး သေချာတောင် မကြည့်ရဲခဲ့ဘဲ ...

"သူ .. သူက ငါ့ကို အရင်ဆုံး သိမ်းပိုက်ပြီးမှ သူ ခိုင်းတဲ့အတိုင်း လုပ်ဖို့ စည်းရုံးတာ .."

"တောက် .."

ခပ်ကြိတ်ကြိတ် တက်ခေါက်ရင်း အရိပ် ကော်ရစ်ဒါနံရံကို လက်သီးဆုပ်နှင့် ထု၏။ ဒီလိုတွေ ရှိနိုင်တယ်ဆိုတာ မတွေးဘဲ လေးလေးသာ ခွင့်လွှတ်သည်းခံနိုင်သူကြီးလို့ သူ ဘာဖြစ်လို့ တစ်ဖက်သတ် နားလည်ပေးမိတာလဲ ..။ သူ့သားတစ်ယောက်လုံး ဆုံးရှုံးထားခဲ့သည့် အဖေတစ်ယောက် ရင်ထဲကို ဘာဖြစ်လို့များ ငြိမ်းချမ်းခဲ့ပြီလို့ တွက်ဆိုက်မိတာလဲ..။ ခုတော့ .. သွားပြီ ..။

"သူ .. သူက မမကြီးကို ပစ္စည်းတွေ ဘယ်မှာထားလဲလို့ မေးနေတုန်း ငါက မြင်သွားလို့ အဲဒီနည်းနဲ့ နှုတ်ပိတ်လိုက်တာ၊ မမကြီးဆီက ပစ္စည်းတွေရရင် အိမ် မီးလောင်သွားပြီး ပန်း က လုပ်ကြံတာလို့ သွဲ့ချပြီး ငါနဲ့ လက်ထပ်မယ်၊ ချမ်းချမ်းသာသာ နေမယ် .. အားလုံး စီစဉ်ပြီးတော့ .."

အေးမိုး က ပြောနေရင်းမှ မရဲတရဲ မော့ကြည့်လာကာ ...

"မမကြီးက ငါက မြေကြီးထဲမှာ မြှုပ်ထားတာ၊ ဒီခြံကြီးတစ်ခြံလုံး လိုက်တူး ..၊ ဒီအိမ်ကြီးကို အမြစ်က ဖြိုမှ နင် ရမှာလို့ ပြောတယ်၊ ပြောပြီး တွေ့ကရာတွေနဲ့ ပစ်ပေါက်ပြေးတော့ လျှပ်စစ်မီးခလုတ်ကနေ ဘာတွေ ထပေါက်မှန်း မသိဘူး၊ နောက်ကျတော့ အစ်ကိုကြီး.. အဲ- ဦးထွန်း က ဒေါသထွက်လာတာနဲ့ မီးရှို့သတ်ပစ်မယ်လို့ ပြောတယ်..."

"လူယုတ်မာကြီး .."



www.burmeseclassic.com

www.burmeseclassic.com



"သူ ဘာလုပ်လိုက်မှန်းတောင် အစ်မ မသိပါဘူး မောင်လေ ရယ်..၊ တကယ်ပါ .. လျှပ်စစ်က စလောင်တာ တကယ်ဟုတ်တ သူ ဘာလုပ်လိုက်တယ်ဆိုတာတော့ မသိဘူး၊ မီးတွေ တဖျစ်ဖျ ထတောက်တော့မှ အဲဒီအခန်း သော့ခတ်ပိတ်လိုက်လို့ နိုင်းတ တကယ်တော့ သူ အဲဒီကတည်းက ငါ့ကိုပါ သေအောင်ကြံတာ ပန်း ရောက်လာလို့ အခြေအနေ တစ်မျိုးဖြစ်သွားတာ .."

"ပန်း ဘယ်လို ရောက်လာတာလဲ"

"သူ့အိပ်ခန်းထဲကနေ လှမ်းမြင်လို့ နေမှာပေါ့၊ ပန်း နဲ့ မမ အဲဒီမတိုင်ခင်နေ့တွေက ရန်တွေဖြစ်၊ ပစ်ပေါက်ကြတဲ့အထိဖြစ်အော ဖန်တီးပေးတာလည်း ဦးထွန်း ပဲ၊ ပန်း ကို ဒုက္ခရောက်စေရမယ်၊ သူ အမြဲတမ်းမယုံကြည်တဲ့ မောင်လေးနဲ့ တစ်လျှောက်လုံး မသထာရေ ကျွေးလာခဲ့တဲ့ မရီးကိုရော မျိုးတုံးပစ်မယ်လို့ သူ အမြဲ ကြိမ်းဝါးနေတာ အဲဒီညက ပန်း ရောက်လာပြီး ကယ်ဖို့ ကြိုးစားပါတယ်၊ ဒါပေမယ့် ငါတို့တောင် မနည်း ကိုယ်လွတ်ရုန်းပြေးကြရတာ..၊ ငါတောင်မှ သ မီးထဲပါသွားပြီထင်တာ၊ ဦးထွန်း ပြောမှ မသေသေးမှန်း သိတယ်-

"အဲဒီတော့ ခင်ဗျားတို့ချင်း ဘယ်လို ဆက်ပြီး အဆင်ပြေနေကြ တာလဲ .."

"သူက ပန်း ကို လွှဲချချင်ပေမယ့် ရဲက တကယ်လိုက်ရင် သူ့ လုပ်ကြံမှုဆိုတာ ပေါ်သွားမှာစိုးတယ်လေ ..၊ ငါကလည်း မသေတော့ မယုံရဲဘူးနေမှာပေါ့၊ အဲဒါနဲ့ပဲ ပန်း နဲ့ နင် အထင်လွဲပြီး တစ်သက်လုံ ရန်သူတွေဖြစ်သွားအောင် ငါ့ကို ထပ်လုပ်ခိုင်းတာ၊ နင် ရောက်မလာ ခင် သူ လာပြီး ငါ့ကို ဒီလိုပြော.. ဒီလိုငို ဆိုတာတွေ နှုတ်တိုက် ချပေ သွားတာပေါ့၊ ဒါမျိုးက ကာယကံရှင်မဟုတ်ဘဲ ဘေးလူတွေက ပြော တာ ပိုထိရောက်တယ်တဲ့ .."

တော်ပါပေတယ် လေးလေး ..၊ ခင်ဗျားကိုပဲ ဆရာ ခေါ်သင့်တာ





အရိပ် ကျိုခနဲ အံကြိတ်မိသည်။ ဒါကြောင့် နိုင်ငံခြားမှာဝဲ သေချာ ပ်ယူပြီး မြန်မာပြည်မှာတော့ ညွှဲသည်လို ..။

"ပန်း ကို 'ဇမ္ဗူတစ်လု'စံအိမ်ကြီးနား ပြန်မကပ်ရဲအောင် မီးရှို့တဲ့ ခံဖြစ်အောင် ပြောတာတွေ၊ မောင်လေးက ဘယ်လောက်ထိ စားချေဖို့ စိုင်းပြင်းနေတာတွေ သူပဲ ပြော၊ သူပဲ လုပ်တတ်ပါ ငါလေ .. သူ ထောက်ပံ့တဲ့ မဝရေစာလေး စားပြီး ပန်း လိုပဲ တ်လှန့်ခံထားရတဲ့သူပါဟယ် ..၊ ရဲက မီးလောင်မှုကို လိုက်နေ - မောင်လေးက အရမ်းလည်တာ .. ငါက သူ့နဲ့အတူ ပြစ်မှုကျူး ားတာမို့လို့ ရှောင်နေရမယ် .. ဘာညာ .."

"ပြီးတော့ရော .. အခု ခင်ဗျား ဘာလို့ ထွက်လာတာလဲ"

"သူ ဘာမှ မပေးတာ ကြာပြီလေ ..၊ မီးလောင်မှုဖြစ်တုန်းက ါ မီးထဲပါအောင် လုပ်ခဲ့တာလို့ သူ့ပါးစပ်က ပြောတဲ့အကြောင်း ငါ့မောင်လေးက ပြန်ပြောတော့ ဒေါသဖြစ်တာပေါ့၊ ငါ့ကို နိုင်း သူက လူကိုလည်း ဖျက်ဆီးတယ်၊ သူများမိသားစုကိုလည်း.."

"တော်တော့ .. မအေးမိုး .. ကျန်တာတွေ မကြားချင်တော့ဘူး"

"မောင်လေးရယ် .. ငါက ဘာမှမပြောဘဲ နေပေးခဲ့မိတာပါ၊ ပြစ်တွေကို တကယ် မကျူးလွန်ခဲ့ပါဘူး၊ ခုလည်း ဒီလူကြီးရဲ့ မှုကို ခံလိုက်ရတာပဲ၊ သူ့သတင်းရလို့ ငါ လိုက်လာတာကို ာ့ ဘာလုပ်သွားလဲ .. သိလား .."

အေးမိုး က ဘေးဘီကိုတော့ အကဲခတ်ပါသေးသည်။ ပြီးမှ ာင့်၍ ငိုပစ်လိုက်ရင်း ...

"ငါ့ကို အိမ်တစ်အိမ်မှာ ချိန်းပြီး ယောက်ျားလေးယောက်နဲ့ ပေးခဲ့တာ .. အဲဒီလူတွေထဲက တစ်ယောက်က ငါ့ကို တစ်ချက် သနားစိတ်ဝင်ပြီး ပြန်လွှတ်ပေးခဲ့လို့.. မဟုတ်ရင် ငါ့ဘဝ ပျက် လည်း ငါ သူ့ကို လိုက်ရှာနေတာ .."



www.burmeseclassic.com

www.burmeseclassic.com



"မရှာနဲ့ .. မရှိတော့ဘူး"

"ဟင်!..."

အေးမိုး က အံ့ဩဟန်နှင့် တစ်ခုခုမေးဖို့ ပြင်လိုက်သေး…
အရိပ် က မျက်မှောင်ကုတ်၍ စိုက်ကြည့်ရင်း ...

"ခင်ဗျား သွားတော့ မအေးမိုး"

"ဟင်!..."

"အတိတ်ကပြဿနာတွေကို ပြီးခဲ့ပြီလို့ ခင်ဗျား ထင်လား"

"ဟင့်အင်း .. မထင်ပါဘူး၊ ဒါပေမယ့်လေ .. ငါက .."

"ကျူးလွန်တဲ့သူက တရားခံပေမယ့် ခင်ဗျားကြောင့် အ…
တွေ ဘာတွေဖြစ်ကုန်လဲ .. ခင်ဗျား သိလား .."

ယောင်နန ခေါင်းခါလိုက်တာကို အရိပ် က နှုတ်ခမ်းမဲ့၍ …
မျက်နှာလွှဲကာ ...

"မသိရင်လည်း သွားတော့ .. နောက်ကို လုံးဝ လှည့်မကြ…
သွား..၊ ကျွန်တော် စိတ်ပြောင်းသွားတဲ့အချိန် ရှေ့မှာ ခင်ဗျား ရှိနေ…
ရင် ခင်ဗျားကို ကျွန်တော် ဘယ်လိုအပြစ်ပေးမလဲဆိုတာ မသေ…"

တနုံ့နုံ့ ခံစားနေသည့် ကိုယ့်ရင်ဘတ်ကို ဆုံးမရင်း မျက်လုံး…
ကို မှိတ်ပစ်မိသည်။ ဒေါသတွေ ပွက်ပွက်ဆူလာတိုင်း သူ ဖြေ…
အကျင့်တစ်ခုက မျက်လုံးတွေ မှိတ်ပစ်တတ်ခြင်း ...။

ပြန်ဖွင့်လိုက်တော့ သူ့ရှေ့မှာ အေးမိုး မရှိတော့ပေ။

လူတစ်ယောက်ရဲ့ဘဝတစ်ခုဟာ တခြားတစ်ယောက်ရဲ့ …
ထဲမှာ ဒီလောက်ထိ အဆုံးအစမဲ့ ပျက်စီး လောင်ကျွမ်းသွားနိုင်သ…

အဖြေရှိနေပေမယ့် သူ မယုံနိုင် ..၊ အမှားတစ်ခုကို ကျူးလွ…
သည့်နောက် ...။

❦ း•❦•❦•❦ ❦





## အခန်း (၅၁)

"ဘာဗျ!.."

"ဟ .. ဖြည်းဖြည်း ပြောစမ်းပါ၊ ဖုန်းပြောတာ ဒယ်အိုးဆရာ…
…ရှေ့ ရောက်နေရတဲ့အတိုင်းပဲ"

"မင်းကလည်း ဆရာတော်ရှေ့ ရောက်တယ် ပြောနေပြန်ပြီ၊
…ကိုယ်ကိုယ် ဘာလုပ်နေလဲ ပြန်ကြည့် ..၊ တန်ရာတန်ရာ ပြော.."

သူတို့ချင်း လက်တုံ့၍ မျက်ကြောစင်းနေတာတွေ မပျောက်ပျက်
…ောင် ထိန်းသိမ်းဖို့ ကြိုးပမ်းနေကြသည်။ သားငယ် ကတော့ မူးယစ်
…နေတာတွေလည်း ကုန်ပါပြီ။

နားငြီးမခံသူတွေရှေ့ကနေ ဖုန်းကိုင်ရင်း ပြတင်းပေါက်နားထိ
…သွားလိုက်ကာ ...

"ခင်ဗျားက ဘယ်သူလဲ ..၊ အခု လေယာဉ်ပေါ်မှာလား"

"လေယာဉ်ပေါ်မှာ ဖုန်းပြောလို့ မရဘူးလေ .. ဟဲ .. ဟဲ ..
…င်း အရမ်းကို နုနယ်ပါလား ချာတိတ်ရာ .. အဲဒါကြောင့် …



www.burmeseclassic.com

www.burmeseclassic.com



စိတ်မကောင်းတာ၊ ဒီမှာ လူဆိုးဆိုတာ လူကောင်းထက် တော်ပြီး ပဲကွ၊ ငါ လေယာဉ်ပေါ် ပြေးထိုင်ပြီးမှ မင်းကို ဖုန်းဆက်ရဲတ ထင်နေသလား ..၊ မလိုဘူး ချာတိတ် .. ငါ့ကိုယ်ငါ ခုချက်ချင်း ယောင်ဖျောက်လို့ ရသလို မင်းရှေ့မှာ ဘွားခနဲ ပေါ်လာလည်း ထင် ဆိုတဲ့ကောင်ကို ဂရုစိုက်ဖို့ မလိုဘူး၊ ဖုန်းနဲ့ပဲ ပြောပြတာက မလိုလားအပ်တာတွေ ရှင်းမနေချင်လို့ ..''

''ခင်ဗျား ပြောသလို .. ဒါတွေ ..''

''မင်း မယုံလည်း မတတ်နိုင်ဘူး၊ ငါ ဘယ်သူဆိုတာ မင်းတို့သားအမိကို ချုပ်ကိုင်ခြယ်လှယ်နေတဲ့ နောက်ကွယ်က မင်း သိဖို့ လိုအပ်တာ မဟုတ်ဘူးလား ..၊ စဉ်းစားကြည့်လေ .. မင်း ဖြစ်နေတာတွေနဲ့ သူ့လုပ်ရပ်တွေကို.. ဟွန်း.. ဒီကောင်က ခန့် လို့ မရလောက်အောင် ချမ်းသာတယ်၊ မယုံနိုင်လောက်အောင် တယ်၊ သူ လိုတာ တစ်ခုပဲ ..''

အသံ ခဏတိတ်သွားသည်။ ပြီးမှ ခပ်ညှင်းညှင်းရယ်သံနှင့်

''သူ ငါ့ကို ယုံကြည်စွာ မေ့လျော့နေတာပဲ၊ ဟား ... ဟား ဟား ...''

ကျယ်လောင်စွာ ရယ်ချလိုက်ပြီး ရယ်သံ တလွင်လွင် ကွယ်သွားမှ ဖုန်းချ၏။ သားငယ် ဖုန်းကိုင်ရင်း လက်တွေ တ ဆတ် တုန်လာသည်။ ချုံးပွဲချ ငိုရမှာလား ..၊ ပျော်ရမှာလား ..

ဘာမှန်း မသိသေးဘဲ မျက်ရည်တွေ ဝေ့လည်လာခဲ့၏။

''ဟိတ်ကောင် .. ဘာဖြစ်နေတာလဲ .. ရော့ .. ဒါပဲ ကျန်တ

ဆေးလိပ်ကို အငမ်းမရ ယူမိပေမယ့် သူ တကယ် ပြောပြမိ က နောက်ထပ်ပစ္စည်း ဘယ်လိုရနိုင်မလဲဆိုတာ မဟုတ်ခဲ့ဘဲ ..

''အဲ့ဒါတွေ ငါ့ကို လူကြီးတစ်ယောက် ပြောသွားတာ ..''

သူ ပြန်ပြောပြလိုက်တော့ ဇင်ကို အပါအဝင် ကျန်တဲ့သုံးယော





ပါ မျက်လုံးချင်း ဆုံသွားကြ၏။ နှစ်ယောက်က ပြန်၍ ပက်လက်လှန် မိန်းမောနေကြပြီး ဇင်ကို နဲ့ ဇော်ဇော် ကတော့ သေချာ စဉ်းစားပေး တော်ရကာ ...

''မင်းက ငါကို မယုံဘူးလား .. မယုံရင် ကိုမောင် ရှိတာပဲကွာ၊ သူ့ရဲ့သူဌေး ဘယ်သူလဲ မေးလိုက်ပေါ့ .. မင်း တစ်ခါမှ မမေးခဲ့ဘူး နို့လား ..''

''ရှာမနေနဲ့ .. ကိုမောင် အပြင်ထွက်သွားတာ ကြာလှပြီ''

ဇော်ဇော် က ဝင်ပြောတော့ ဇင်ကို က မဲ့ကာ ...

''ဒါဆို မကြာခင် ပြန်လာမှာပဲ၊ ဒီတိုက်ခန်းက အရိပ်ထင် ရဲ့ တိုက်ခန်း ဟုတ်မဟုတ် မေးကြည့်လိုက်.. ဟုတ်တယ်ဆိုရင် ပြီးပြီပေါ့''

''ဘာပြီးတာလဲ ..''

သားငယ် မေးလိုက်တာကို ဇင်ကို က စိတ်မရှည်သလိုကြည့်ပြီး း ကရက်ကို မီးသတ်လိုက်တာ တယုတယ ..။

''သူ မင်းအတွက် နေဖို့ စားဖို့ သုံးဖို့ ငွေတွေပါ အလျှံပယ် ဆ ထားတာလေ၊ မင်း ဖုန်းပေါင်ထားတယ်ဆိုတာတောင် ပြန်ရွေးပေး လိုက်သေးတယ်၊ အခု ငါတို့တောင် မင်းနဲ့ ကပ်ဖွာနေရတာ မဟုတ် ဘူးလား ..''

''အေးလေ .. ဘိန်းစားချင်း တစ်မူးပိုရှူနေရတာ မင်းပဲ''

''ဒါဆို အရိပ်ထင် က ငါ့ကိုတော့ စောင့်ရှောက်ထားတာပဲ''

''ဘာ!...''

''မေမေ့ကိုတောင်မှ အခု သူပဲ ဂရုစိုက်ပြီး ဆေးကု ..''

''ဟား .. ဟား .. ဟား ...''

ဇင်ကို တို့ ပတ်ချွဲနှပ်ချွဲ ရယ်ချလိုက်တော့ သားငယ် က နားမလည် သည့်မျက်ဝန်းတွေနဲ့ဖြစ်ကာ မျက်ရည်တွေ ရစ်ဝိုင်းနေတာကို လ နဲ့ ပွတ်တိုက်သုတ်ပစ်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့က .."

"ဘာရယ်တာလဲလို့ မေးမလို့လား သားငယ် ရာ .. မင်း အဲဒါ ကြောင့် ဒီလူ့လက်ထဲက ရုပ်သေးရုပ်ဖြစ်သွားတာ၊ ဒေါသကြီးနေတဲ့ လက်ထဲ ဓားထည့်ပေးလိုက်တာ စေတနာလား ..၊ မင်း ဘီလူးရုပ် နေတာကို အစွယ်ပါမှ ပြည့်စုံမှာဆိုပြီး သူက အစွယ်ထည့်ပေးတာ အဆင်းကို ဘီးတပ်ပေးတာ၊ ဟား!... ငတုံးပဲကွာ .. ပြောပြရတာ ဥပမာတွေတောင် ကုန်နေပြီ"

"မပြောနဲ့တော့လေကွာ .. ငါတို့တောင် သူနဲ့ ကပ်ဖွာနေရတာကို"

ဇော်ဇော် က တဟဲဟဲရယ်ရင်း သူ့ပခုံးကို မမိုတမိ လှမ်းပုတ်၍

"လာစမ်းပါ .. ထိုင်စမ်းပါ သားငယ် ရာ .. ဒေါသတွေ နောက် မှာ ထားလိုက်၊ ငါတို့အလုပ်က ဒေါသကင်းလေ နိဗ္ဗာန်နဲ့နီးလေ လောကနိဗ္ဗာန်လေ .. ရတာလေးနဲ့ ချမ်းသာအောင် နေ၊ အေးအေး ခံစားနေစမ်းပါကွာ .."

"တောက် .."

"ဟ .."

သားငယ် က သူ့လက်ကို ခါချပစ်ကာ တက်ခေါက်လိုက်တော့ ဇော်ဇော် မျက်လုံးပြူးနှင့် ကြည့်သည်။ သားငယ် မျက်နှာက တရိပ်ရိပ် နီရဲလာခဲ့ပြီး လက်သီးဆုပ်နှစ်ဖက်မှာ အကြောပြိုင်းပြိုင်း ထလာခဲ့၏။

"လူယုတ်မာကြီး .. ငါ့ကို ဘိန်းစား သူခိုးဖြစ်အောင် သူ လိုက် လုပ်နေတာ .."

"သိသွားရှာပြီ .."

ခင်ကို က ခေါင်းစိုက်နေရင်း မကြားတကြား ပြော၏။

"ကိုမောင် ဆိုတဲ့လူနဲ့ အနီးကပ်ထားပြီး ဖျက်ဆီးခိုင်းတာ၊ ဒါကြောင့် ဟိုလူက ငါ့ကို လိုချင်တာပေးပြီး သူ့ကျတော့ ရှောင်ရှောင်သွားတာ.."

"အမှန်ပေါ့ .."





"အဲဒါ သူ့ရဲ့ပစ်မှတ်က ဘာဖြစ်လို့ ငါနဲ့ မေမေ နှစ်ယောက်စလုံး နေရတာလဲ၊ သူတို့ ဘယ်လိုအငြိုးတွေပဲ ရှိခဲ့ရှိခဲ့ ငါ့ကို ခုလို အကွက် ပုံအော ဖျက်ဆီးတဲ့အထိ ဘာဖြစ်လို့ ရက်စက်တာလဲ"

"ဟား .. မျက်ရည်တွေ ကျနေလိုက်တာကွာ .. ယောကျ်ားပဲကွ၊ သီးဆုပ်မလား .. လက်ဝါးဖြန့်မလား ကြိုက်တာ ရွေးလိုက်ပေါ့၊ ဘာလုပ်ချင်သလဲ ပြော .."

သားငယ် က ဘာမှမပြောတော့ဘဲ တစ်အိမ်လုံးကို မော့ကြည့် အသက် တစ်ဝကြီး ရှိုက်သွင်းလိုက်ကာ ...

"ကိုမောင် .. ကိုမောင် အခု ထွက်ခဲ့စမ်းပါ၊ ခင်ဗျား .."

"ဟား!... နားကွဲပါပြီကွာ .."

စည်းစိမ်ယစ်နေကြသူတွေ ရှုံ့မဲ့ ကျူးထလာကြသည်။ ထိုအခါ ဘာတွေဖြစ်နေတာလဲ လက်တို့ မေးကြ၏။

"ကိုမောင် .. ကိုမောင် .. ခင်ဗျားကို မေးမလို့နော် .. ခင်ဗျား ဖြဲရဲဘူးဆိုရင်လည်း ရတယ်၊ ပြောလိုက် ခင်ဗျားရဲ့သူ့ဒွေးကို ငယ် ဆိုတဲ့ကောင် ဘိန်းစားလုံးလုံးဖြစ်ပြီလို့ .. ဘာဆက်လုပ်မှာ ၊ ဘာတွေ ပေးဖို့ ရှိသေးလဲ .."

"သားငယ် မင်း လည်ချောင်းတွေ ကွဲကုန်လိမ့်မယ်၊ ငါတို့လည်း ကွဲနိုင်တယ်ကွ"

"ဟုတ်တယ် .. တစ်ယောက်ယောက် ထွက်လာအောင် လုပ်တဲ့ ရှိတယ်၊ လွယ်လွယ်လေး .."

"ခွမ်း .."

လေးပေခွဲရှည်သည့် ရှိုးကေ့စ်ကြီးတစ်ခုလုံး ခွေးခြေပုလေးတစ် ပစ်ဝင်သွားသည့်အရှိန်နှင့် မွမွကြေလေသည်။ ပြီးတော့ နောက် မှန်တွေ ရှိသမျှ ..၊

"ဝုန်း .."



www.burmeseclassic.com

www.burmeseclassic.com



"ခွမ်း .."

သားငယ် သူတို့တွေ သောင်းကျန်းသမျှကို ရပ်ကြည့်ရင်း မျက်[illegible] တွေတွေကျနေခဲ့၏။

ဘာတွေလဲ ...၊ ဘာအငြိုးတွေလဲ .. ဒီလူကိုမှ သူ ဘာဖြစ်[illegible] မြင်မြင်ချင်း ခင်တွယ်မိခဲ့တာလဲ ...။

သူကတော့ ကိုယ့်ကိုမြင်မှ ရန်သူဟောင်းပါလားဆိုပြီး ကွယ်[illegible] မှာ မုဲပြုံးတွေနဲ့ ကြံစည်နေခဲ့သည်။

ရက်ရက်စက်စက် အရိုပ်ထင် .. ခင်ဗျား ...၊





## အခန်း (၅၂)

"နင် တော်တော် ကောင်းနေပြီပဲ"

"ဟုတ်တယ် .. သားငယ် ကို ဖုန်းဆက်ပေးပါ မနွေ ရယ် .. [illegible]က်ဆွေချိုဆိုရင်တော့ သူ ဖတ်ဖြစ်မှာပါ၊ အရမ်း အရေးကြီးတဲ့စကား [illegible]ပြောဖို့ ရှိတယ် .. အိမ်ကို ခဏပြန်လာပါလို့ ပန်း က သူ ဖြစ်စေချင် [illegible]သလို ဖြစ်စေမှာပါလို့နော် .. မနွေ ဘက်က ကြိုးစားကြည့်ပေးပါ၊ [illegible]န်း ကို သူ မဆက်သွယ်ဘူး"

ခုတင်ပေါ်မှာ ခြေချထိုင်ရင်း ပန်း က တောင်းဆိုနေသည်။

"သူ့ကြောင့် ပန်း သွေးထွက်သံယို ဖြစ်သွားတာကို လန့်ပြီး [illegible]ရှောင်နေတာ ထင်တယ်"

"နင် ဘာမှ အကြီးအကျယ်မဖြစ်ဘူးဆိုတာ အဲဒီနောက်နေ့တည်း [illegible]က သူ သိပါတယ် ပန်း ရယ် .. ငါ့ဆီကို သူ ဖုန်းဆက်တာပဲဟာ .."

"ဟုတ်လား .. ပန်း ကို ဘာလို့ မပြောတာလဲ"

"နင် ကောင်းကောင်း မကျန်းမာသေးလို့ပေါ့၊ ပြောလည်း ဘာထူးမှာလဲ ...၊ သားငယ် က သူ့အတွေးနဲ့သူ အစတည်းက လမ်းမှား လိုက်နေခဲ့တာ၊ နင်က တလွဲတွေ ထပ်လုပ်တော့ .."



www.burmeseclassic.com

www.burmeseclassic.com



"ပန်း က ဘာတလွဲလုပ်မိလို့လဲ .."

"သြော်.. နင် ခုချိန်ထိ အရိပ်ထင် ကို သူ့ရဲ့ညီလေးဟာ သားငယ် ပါပဲလို့ မပြောခဲ့သေးဘူးလေ .. နင်ပဲ သူ့အချစ်ကို ဒီတိုင်းနဲ့ ရယူချင်တာ၊ သူ့အချစ်ကိုရမှ ဒါကို ဖွင့်ပြောမှာဆို .. နင် ဒဏ်ရာရတဲ့နေ့တည်းက သူက အရမ်းချစ်ပါတယ်လို့ ပြောခဲ့ပြီမို့လား ..၊ နင် ပြန်ပြော တည်းက ဒီကိစ္စတွေ ဖွင့်ပြောတော့မှာပဲလို့ ငါ ထင်ခဲ့တာ.."

ပန်း က ယုံယုံလေးပြုး၍ ဖြန့်ချထားသည့်ဆံပင်တွေကို ရင်ဘတ်ပေါ် ဆွဲယူလိုက်သည်။ ပြီးတော့ ဆံပင်တွေကို မင်းသမီးတစ်ပါးလို မဟာဆန်ဆန် သိမ်မွေ့စွာ ပွတ်သပ်ကိုင်နေရင်း ...

"ဟုတ်တယ် .. ပန်း ဒဏ်ရာရလိုက်တာနဲ့ သူ့အချစ်တွေ ပွင့်အံ လာခဲ့တယ်၊ အခု ပန်း မှာ အပြစ်မရှိဟော့ဘူးဆိုတာ သူ နားလည်သွား ပြီတဲ့ .. အဲဒီအတွက် တောင်းပန်ရင်းနဲ့ သားငယ် ကို တလွဲကြံစည်မိ သလို ဖြစ်တာတွေအတွက်လည်း သူ မှားပါတယ်တဲ့ .."

"အဲဒါတွေ သူ ဘယ်လိုသိသွားတာလဲ"

"ပန်း လည်း မသိဘူး .. သူ ပန်း ကို ပြန်ပြီး တောင်းပန်တာက တော့ အရမ်း ကြေကွဲခံစားနေရပုံပဲ၊ ပန်း ကို တစ်သက်လုံး စိတ် ချမ်းသာအောင်ထားပြီး စောင့်ရှောက်သွားမယ်တဲ့"

"သားငယ် ကိုရောလား .. သူက သားငယ် ကို ဘာတွေ ကြံစည် ခဲ့လို့လဲ .."

"အဲဒါတွေလည်း သူ ဘာမှ သေချာမပြောသေးဘူး၊ သူ့မှာ အပြစ်တွေ အများကြီးရှိနေပြီလို့ ပြောပြီး အံကြိတ်နေတာပဲ၊ ပန်း ကို တောင်းပန်ရတာတောင် သူ့ဘက်က သိမ်ငယ်ပါတယ်တဲ့ .."

"အဲ့ဒါများ ပန်း ရယ် .. သားငယ် ကို နင် ဒီအရွယ်ထိ ဘယ်လို မွေးမြူထားခဲ့တယ်ဆိုတာသာ ပြောပြလိုက်ရင် .."

"ပြောမှာပေါ့ .. ပန်း လည်း သူ့ကို တောင်းပန်ရဦးမှာပဲလေ..





သားငယ် ကို စိတ်ကူးထဲကအတိုင်း လူတော်လူကောင်းလေးတစ် ယောက် ဖြစ်လာအောင်တော့ ပုံမဖော်နိုင်ခဲ့ဘူးမို့လား .."

"အဲဒီလိုလူဆိုးလေးဖြစ်လာအောင် သူပဲ လုပ်တာလားမှ မသိတာ.."

"ဘယ်လို!.."

ပန်း ဆတ်ခနဲ ဖြစ်သွားတော့မှ မနွေ က စကားကို လျှောချပစ် ကာ ပန်း ဆေးသောက်ဖို့ ဖန်ခွက်ထဲကို ရေထည့်ရင်း အလုပ်ရှုပ်ကာ...

"သြော် .. သူ တလွဲကြံစည်မိတယ်ဆိုတာ သတိရလို့ ပြောပြတာ ပါ၊ ဘာဖြစ်လဲဟာ သားငယ် လည်း အစက သူနဲ့ ခင်တာပဲ.. သားငယ် ရဲ့ကာရိုက်တာကို သူ သိမှာပါ"

"အဲဒါကြောင့် ပန်း သေချာပြောပြချင်လို့ မျိုသိပ်ထားခဲ့တာ၊ ဒီနေ့တော့ .."

"ဟင် .. ဒီနေ့ ပြောတော့မှာလား"

"အင်း .. ဒီနေ့ ဆေးရုံကဆင်းရင် ပန်းခြံမှာ အေးအေး ထိုင်ချင် သေးတယ်လို့ပြောပြီး အဲဒီမှာ သွားထိုင်ရင်း ပြောပြမယ်၊ သားငယ် ကို တွေ့အောင်ရှာပေးပါလို့ .. ပန်း က တောင်းဆိုဖို့မလိုဘဲ သူ့ညီလေး ကို သူကိုယ်တိုင် အရမ်းတွေ့ချင်ပြီး အဲဒီအခါကျမှ သူ အပြေးအလွှား ရှာမှာ .."

"ဟုတ်ရဲ့လား ပန်း ရယ် .. နင့်ကို ဓားနဲ့ထိုးမှုနဲ့ သားငယ် ကို အချုပ်ထဲတွေ ဘာတွေများ ထည့်ပစ်လိုက်ပြီလား မသိဘူး၊ သားငယ် ဒီနေ့ထိ နင့်ဆီ ရောက်မလာတဲ့ပုံစံ ကြည့်ရတာ .."

"ဟာ .. ကိုကို အဲလိုလုပ်ထားရင် ပန်း ကို ဖုံးကွယ်ထားမှာ မဟုတ် ပါဘူး၊ အဲဒီနေ့တည်းက သူ အရေးမယူချင်လို့ ဒီတိုင်း လွှတ်ပေးလိုက် တဲ့ဟာ .."

"မသိဘူးလေ .. သူ့မျက်နှာကြီးက တင်းနေသေးတော့ ငါက နင်ပြောသလို နင့်အပေါ် နားလည်သွားပြီဆိုတာ သိပ်ခံစားလို့ မရဘူး၊



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခု အကြိတ်အခဲ ရှိနေသေးသလိုပဲ"

"ဟင့်အင်း .. အဲဒီလို မဟုတ်ဘူးဆိုတာ ပန်း သိတယ်၊ ဒီ ပြဿနာရဲ့ အဓိကတရားခံက တစ်ယောက်ယောက် ဖြစ်နေတဲ့ပုံပဲ ကိုကို အဲ့ဒါကို ခံရခက်နေတာ"

"ဒါဆို နင်တို့ရဲ့ မီးလောင်မှုက လုပ်ကြံမှုပေါ့ .. ဒီလိုလား"

"အဲဒီပုံစံမျိုး ပြောသွားတာပဲ .. ပန်း မသိဘူး၊ သူ အရမ်းခံစား ရမှန်းသိလို့ မေးလည်း မမေးရဲဘူး၊ ပန်း ကိုယ်တိုင် ဘာမှမသိတဲ့ အဖြစ်ကို သူ မယုံနိုင် ဖြစ်သွားတာ .. အဲဒါကြောင့် ပန်း ကို ခရယ တောင်းပန်နေတာ ထင်တယ်၊ တကယ်ဆို ကိုကို့ဆီက ပန်း ဘာမှ ထပ်မလိုချင်တော့ပါဘူး၊ ချစ်တယ်ဆိုတဲ့ စကားတစ်ခွန်းနဲ့တင် ဘဝ တစ်လျှောက်လုံး ပင်ပန်းခဲ့သမျှ ချေးသိပ်နိုင်တယ်"

"မန္တေ ရောက်နေတာလား .."

စကားပြောလို့ပြီးနေကာမှ အရိပ် ဝင်လာသည်။ ဘောင်းဘီရှည် အဖြူ ရှပ်အင်္ကျီအဖြူဆွတ်ဆွတ်ပေါ်မှာ ဆင်စွယ်ရောင် ကုတ်အင်္ကျီနှင့် ပွဲတစ်ခုက ပြန်လာတာမျိုးဖြစ်ကာ မသွားရသေးတာလည်း ဖြစ်နိုင်၏။

အထူးသဖြင့် ဝင်းမှုန်နေသည့်မျက်နှာသည် ဆံပင်တွေ သိမ်းလှန် ဖြီးထားသဖြင့် ထင်းနေသော နှာတံကြောင့် ပိုချောနေ၏။ မတိုမရှည် ဆံပင်တွေကို နားနောက်စပ်တွေထိ သိမ်းထားသော်လည်း ဂုတ်ပိုး အစပ်နားမှာ ရှည်နေသည့် ဆံစတချို့က အင်္ကျီကော်လံတွေ ဖုံးအောင် ခွေဝိုက်ကျနေတာလည်း ရှိသည်။

ယောက်ျားပီသ၍ ထင်းနေအောင် ချောသည့် အရိပ်ထင် ဆိုသူ သည် လျှပ်ပန်း ကို ကလေးအမေတစ်ယောက်အဖြစ်နဲ့ပဲ မြတ်နိုးကြင်နာ နေပါသည်ဆိုတာ နည်းနည်းတော့ အံ့သြထိုက်သည် ထင်၏။

အရိပ် ဝင်လာတာကို မျက်လုံးမလွှဲတမ်းကြည့်၍ မန္တေ က အံ့သြ နေတာကို မဖုံးနိုင် ...။





"သူ ဒီနေ့ ဆင်းလို့ရပြီ"

"ဟုတ်တယ် .. သိလို့လာတာလေ၊ သူ့ကို အိမ်ပြန်ပို့ပြီးရင် .."

"ဘယ်ကိုလဲ ...၊ လျှပ်ပန်း ကို ကျွန်တော် ခေါ်သွားမှာ"

"ရှင်!..."

မန္တေ မရှင်းမလင်းဖြစ်သွားပေမယ့် အရိပ် က ပြန်ရှင်းမပြဘဲ း ရဲ့မျက်နှာလေးကို ကြည့်၍ ...

"မင်း အဆင်ပြေရဲ့လား .. ဒဏ်ရာကို ပြောတာ"

"ပြေပါတယ် .. ဟိုလေ .."

"ခဏလေး .. ဖုန်းဝင်နေလို့ .."

သူ့ကို ပန်း တစ်ခုခု အရေးကြီးတာပြောဖို့ရှိတိုင်း ဖုန်းဝင်လာ တာလည်း တိုက်ဆိုင်တာပဲ ထင်သည်။ မြည်သံ မကြားလိုက်ပေ သူ ထုတ်ယူလိုက်တော့ စခရင်နံလင်းနေသည့်ဖုန်းက တစ် က်ယောက် ခေါ်နေမှန်း အချက်ပြနေလျက် ...၊

"ဟလို .. ပြော .."

"ဟိုကောင်လေး ဂြိုဟ်မွှေနေတယ် ဆရာ"

"ဘာ!..."

"မောင်မောင် ခေါ်ခေါ်လာတဲ့ သားငယ် ဆိုတဲ့ ကောင်လေး.."

အခန်းကပ်လျက်မှာ သူ့ရဲ့ကုမ္ပဏီရုံးခွဲလေးတစ်ခု ရှိသည်။ ဒါပေ အလယ်မှာ ကစားကွင်းတစ်ကွင်း ခြားနေတာမို့ သိပ်တော့ နေတာ မဟုတ်ပေ။ ထို့ကြောင့် မောင်မောင် အဆင်ပြေသလို ရှားသွားလာခွင့် ရနေတာလည်း ပါ၏။

"အခု မောင်မောင် ဘယ်မှာလဲ ...၊ သားငယ် က ဘာလုပ်နေလို့လဲ"

"မောင်မောင့် ကို ဝိုင်းထိုးထားကြတာ သတိလစ်နေပြီ၊ အဲဒီ ခန်းလုံးလည်း ပရိဘောဂတွေကအစ ရိုက်ခွဲဖျက်ဆီးထားတာ ပြုမှန့်နေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"တောက် .."

ကိုယ်လျှော့တော့ သူက တင်း ..၊ ကိုယ်နတော့ သူက [illegible] သည်။ ပန်း ရဲ့မျက်နှာကို ထောက်သင့်မှန်း သိပေမယ့် စော်[illegible] ခြင်းဆိုသည့် မာနက ဖျင်းခနဲ ရှိန်းခနဲ ခေါင်းထောင်၏။

"နေပါဦး .. ဘာကိစ္စ အဲဒီလိုတွေ လုပ်ကြတာလဲ၊ မင်း [illegible] ကူးသွားတာလား"

"မောင်မောင် ပြန်ရောက်လာတာ ..၊ ဒဏ်ရာတွေ မြင်မ[illegible] ဘူး ဆရာ .. ဘာမှကို မပြောနိုင်ဘဲ သတိတန်းလစ်သွားတယ်၊ [illegible] ကြောင့် ကျွန်တော် ရဲကို ဖုန်းဆက်လိုက်မယ် ..၊ ဒီကောင်[illegible] တစ်ခါကလည်း မူးယစ်ဆေးနဲ့ပတ်သက်ပြီး ရဲက အနံ့ရထားတ[illegible]

"အဲဒီထဲမှာ ဇင်ကို ပါနေသလား"

"ငါးယောက်တောင်ဆိုတော့ ပါမှာပေါ့၊ ဒီကောင့်ကို မြင်[illegible] ငါးယောက်လုံး ကြွမှာပဲ၊ ပူမနေနဲ့ ဆရာ .. သူ့စရိုတ်နဲ့သူ ကြွ[illegible]

"ခွမ်း .. ချလွမ်း .."

ဖုန်းထဲမှာ ပြင်းထန်သော ကွဲရှသံကြီး စူးစူးဝါးဝါး ဝင်လာ[illegible]

"ဟာ!... သွားပြီ .. သွားပြီ ဆရာ၊ မောင်မောင် ထွက်ပြေ[illegible] တာ မြင်လို့ ဒီဘက်ကိုပါ လှမ်းထုနေပြီ၊ ကျွန်တော် ရဲ တိုင်[illegible] တော့မယ်"

ဟိုဘက်က ဖုန်းချလိုက်တာနှင့် အရိပ် မျက်နှာ ဒီဘက် [illegible] လာ၏။ စိုးရိမ်စိတ်တို့ ပြည့်လျှမ်းသော ပန်း ရဲ့မျက်ဝန်းကိုမြင်[illegible] သူ့ မျက်နှာ တစ်ချက်တော့ ပျက်သွားပေမယ့် ...

"မင်းရဲ့သား ကိုယ့်အိမ်ကို ဖျက်ဆီးပြီး စိန်ခေါ်နေတယ်"

"ဘယ်လို!.."

"ကိုယ့်ရုံးက ကောင်လေးကိုလည်း ရစရာမရှိအောင် နှိပ်[illegible] ထားတယ်တဲ့ .."





"ဟုတ်ရဲ့လား ကိုကို ..၊ သားငယ် အဲဒီလို ရိုင်းရိုင်းစိုင်းစိုင်းတွေ [illegible]လုပ်တတ်ပါဘူး"

အရိပ် မျက်နှာက တင်းသွားတာမဟုတ်ပေမယ့် အေးစက်စက် [illegible]သွားကာ ...

"မင်းရဲ့မျက်စိအောက်မှာ ကောင်းနေမှာပေါ့၊ အခု သူ့ရဲ့ပတ်ဝန်း[illegible]ကျင်ကို မင်း ဘာမှ မသိဘူးမို့လား .."

"ကိုကိုကတော့ သိနေသလိုပါလား .."

"သိတယ်.. ဒါပေမယ့် သူ တော်တာတွေ၊ ကိုယ်ကောင်းတာတွေ [illegible] အကွက်ရွှေ့ပြီး သင်ပုန်းချေဖို့ အချိန်မပေးနိုင်တော့ဘူး လျှပ်ပန်း..၊ [illegible]ရဲ့သားကို ကိုယ် ဘာမှ မလုပ်ပေမယ့် ရုံးကကောင်လေးတွေ [illegible]တော့ ရဲလက် အပ်လိုက်ပြီ"

"ဟင်!..."

ပန်း ဖျတ်ခနဲ ထရပ်လိုက်သဖြင့် ဒဏ်ရာက မချိမဆံ့ နာကျင် [illegible]ဘ် ခွေခနဲ ပြန်ကျသွား၏။

"ပန်း ..."

"လျှပ်ပန်း .. လာ .. ကိုယ့်ကို မှီလိုက် .."

မနွေ ရဲ့ လက်ထဲကနေ ပန်း ကို ပွေ့ယူလိုက်ကာ ခုတင်ပေါ်မှာ [illegible]ညင်သာဆုံး ချသိပ်လိုက်ပြီး ...

"ဘာဖြစ်လို့ ဒီလောက် စိတ်ပူရတာလဲ ..၊ မင်းရဲ့သား ကလေး [illegible]မှ မဟုတ်တာ၊ သူ့ခြေထောက်ပေါ် သူ ရပ်ချင်လို့ပဲ မင်းရင်ခွင်ထဲ [illegible] ခွဲထွက်နေခဲ့တာမို့လား ..၊ ယောက်ျားလေးဆိုတာ မလိမ္မာရင် [illegible]ကြတာပဲ၊ မိုက်ရဲပြီဆိုရင်လည်း မိုက်တဲ့အပြစ်ကို ခံရမှ လိမ္မာဖို့ [illegible]ရတာ၊ မင့်သား လူမိုက်လေးတစ်ယောက် မဟုတ်ခဲ့တာမှန်ရင် [illegible] ပြင်ဆင်ဖို့ အချိန်တွေ အများကြီးရှိတယ်"

"ကိုကိုရယ် .."



www.burmeseclassic.com

www.burmeseclassic.com



ပန်း တစောင်းလေး လှဲနေရင်းကနေ ခေါင်းအုံးစွန်းကို ... တစ်ဖက်ထဲမှာ တင်းကျပ်စွာ ဖိဆုပ်ထားမိ၏။ ပြီးတော့ ဆို့နင့် ... ခံစားချက်ကြောင့် နှုတ်ခမ်းသားလေးတွေ ဆတ်ဆတ်တုန်လျ...

"သားငယ် က မဆိုးပါဘူး .. တကယ်တော့ သူက ကိုကို့...

"ကိုယ် သူ့ကို ဒုက္ခမပေးဘူး .. ရပြီလား၊ အခု ဆရာဝန် ... ခေါ်လိုက်မယ်၊ မင်းရဲ့ဒဏ်ရာ သွေးထွက်နေပြီ ထင်တယ် .."

"ဟင့်အင်း .. ကိုကို .."

ပန်း ခေါင်းခါလျက် အင့်ခနဲ ရှိုက်မိ၏။ မျက်ရည်စက်တို့ ... မျက်ဝန်းထောင့်ကနေ ဆံစများထဲသို့ မြန်မြန်ဆန်ဆန် စီးကျ... ကုန်ကြပြီး ...

"သားငယ် ကို သွားခေါ်ပေးပါ .. ကိုကို့အိမ်ဆိုတော့ ... ကျေနပ်ပေးရင် ရမှာပဲ၊ သားငယ် ဆီ အချိန်မီ သွားပေးပါနော် ... ခက်ပါလား ..၊ ဟိုမှာ သူတို့ သုံးစွဲထားသည့် စီးကရက်... ပစ္စည်းအစအနတွေနဲ့ မိသွားမှာကို ဘယ်လို ပြန်ဆွဲထုတ်ရမ...

အရိုပ် အကျပ်ရိုက်သွား၏။ ဒေါသအလျှောက် စိတ်လက်... လုပ်လိုက်မိတာ မှားသွားပြီလားလို့ တွေးမိကာ ပန်း ရဲ့ မျက်ရည်... နေသည့် မျက်ဝန်းလေးတွေကို ဘယ်လို ချော့မော့ရမှန်း ... သို့သော် ...

"မခွေ .. ဒေါက်တာ့ဆီ မြန်မြန် ပြေးပေးပါ"

"အင်း .."

မခွေ က စက်ရုပ်တစ်ရုပ်လို ဒီတိုင်း ရပ်ကြည့်နေရာ... အပြေးအလွှား ထွက်သွား၏။ အရိုပ် က ခေါင်းညိတ်၍ ...

"ဒါဆို အခုပဲ ကိုယ် သွားလိုက်မယ် .. တစ်ခုရှိတာက အမှု... ဖြစ်သွားပြီဆိုရင် ရှင်းဖို့ ဖြည်ဖို့ ခက်တယ်၊ ကိုယ် ကြိုးစားကြည့်ပါ...

အရိုပ် စိတ်လေးလံစွာ လှည့်ထွက်လာခဲ့၏။ ထိုစဉ် ...





"ကြိုးစားပါ ကိုကို .. သားငယ် က ပန်း ရဲ့သား မဟုတ်ပါဘူး၊ ...မ်း နဲ့ ဘာမှကို မတော်စပ်တဲ့ .."

ဟင်!...

အရိုပ် ခြေလှမ်း တုံ့ခနဲ ဖြစ်သွား၏။

"သားငယ် က ကိုကို့ညီလေး .. လရိပ်လင်း .."

ဘာ!...

'ဘာ ..'တစ်ခွန်းသည် နှုတ်ခမ်းသာ လှုပ်သွားပြီး အသံမထွက်ခဲ့... အရိုပ် တစ်ကိုယ်လုံး ပန်း ဘက်ကို မျက်နှာချင်းဆိုင် တဖြည်းဖြည်း ...လှည့်လာ၏။ ပြီးတော့ ...

"မင်း .. မင်း .. ဘာပြောလိုက်တာလဲ .. မင်း ညီလေးအကြောင်း ...ပြောလိုက်တာလား ..၊ ပန်း ပြန်ပြောစမ်း .."

"ပန်း တမင် မပြောဘဲထားလိုက်တော့တာ ..၊ မီးလောင်ပြင်ထဲ... ပန်း ကယ်ထုတ်လာခဲ့တုန်းက မေမေကြီးလည်း အတူပါပါ... ...ယ်၊ ဒါပေမယ့် မီးလွတ်ရာရောက်တော့ မေမေကြီး ပါမလာတော့... ...မောင်လေးကို အပူဟပ်မှာစိုးလို့ အတင်းပွေ့ပိုက်ပြီး လွတ်အောင် ...ရတဲ့အချိန်မှာ မေမေကြီးကို သေချာ တွဲမခေါ်နိုင်ခဲ့တာပါ၊ ပန်း ...ခွင့်လွှတ်ပါ .. ပန်း အဲဒါတွေကို ပြောပြဖို့ ကြိုးစားပေမယ့် .."

"မင်း .. .."

အရိုပ် ၏ တုန်ခါအက်ရှသော စကားသံကြောင့် ပန်း ဆက်မပြော... ...ဖြစ်တော့ပေ ..။

"မင်း .. မင်း .. ရက်စက်လိုက်တာ .."

နောက်ထပ် ဆွံ့အနေခဲ့ပြီး အရိုပ် ဘာမှ ထပ်ပြောဖို့ မကြိုးစား... ...တော့ဘဲ ယိုင်ခနဲ ဖြစ်သွားသည့်ကိုယ်ကို တံခါးဘောင်နဲ့ ကပ်မှီလိုက်ရ... ...သည်။ ထို့နောက် တုန်ယင်နေသော လက်ဖြင့် ဖုန်းထုတ်ယူကာ ...

"မလုပ်နဲ့ .. မလုပ်ရဘူး .."



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းခေါ်လို့ မရတော့ခြင်းသည် သူ့အတွက် ကမ္ဘာပျက်ကြီး
ဖြစ်ကာ ကယောင်ချောက်ချားပြောရင်း ကမူးရှူးထိုး ပြေးထွ

မလုပ်နဲ့ ...၊ ရဲတွေ မလာစေနဲ့ ...၊ သားငယ် က ငါ့ညီ

ကားထဲ ဝင်ထိုင်ခြင်း၊ မောင်းထွက်ခဲ့ခြင်းတို့ဟာ ကိုယ်
သော တခြားတစ်ယောက်က လုပ်ပေးနေသကဲ့သို့ သူ့အသိစိတ်
လွင့်ချင်ရာ လွင့်နေ၏။

ကိုယ့်ရဲ့ညီအရင်းတစ်ယောက်လုံးကို မယားခိုးဖြစ်အောင်
လုပ်ကြံခဲ့သည်၊ ဆေးသမား သူခိုးလေးအဖြစ်နဲ့ နာမည်ပျက်
ကျန်ရစ်အောင် ကြံစည်သမျှလည်း အောင်မြင်ခဲ့၏။

ခု ထပ်ပြီး ကျူးကျော်ရမ်းကားမှု၊ ကိုယ်ထိလက်ရောက်
မှု၊ လူရိုက်မှု၊ ဆေးသုံးစွဲမှု စသဖြင့်သော အမှုတွေနဲ့ သားငယ်
ဖို့လည်း သေချာနေခဲ့ပြန်ပြီ ...။

ဘဝဆုံးသွားနိုင်သည့် ဒီအမှုတွေထဲကနေ သားငယ်
ဆွဲထုတ်နိုင်ပါ့မလား ...။

ခေါင်းသည် အိုးထိန်းစက်ကဲ့သို့ ချာချာလည်နေပြီ ထင်





## အခန်း (၅၃)

"တော်ပြီ မပစ်နဲ့တော့ သားငယ် .. အဲဒီဘက်ကကောင်တွေ
နေတာ ဘာလဲဆိုတာ ငါ သိပြီ .."

"ဟုတ်တယ် .. တော်ကြာ မင်းရဲ့ဘိုးတော်က ထွက်မလာဘဲ
ရောက်လာရင် အခက် .."

"မင်းတို့က ခုမှ ကြောက်နေတာလား .."

"မကြောက်လို့ မရဘူး .. ရဲတွေ ရောက်လာကြလိမ့်မယ်၊
လုံး ထွက်ကြစမ်း"

"ဟမ်!..."

ဒီစကားသံ သူတို့အုပ်စုထဲကမဟုတ်မှန်း သိလိုက်တာနှင့် မျက်နှာ
သူ့ဘက်ကို လှည့်လာကြ၏။

"ခင်ဗျား .. .."

"အရိပ်ထင် .."

"ဟား .. ဟား .. ရောက်လာပြီကွ၊ သားငယ် .. လုပ်လိုက်စမ်း၊
သလားလို့ .."

သူ့ဆီကို ပြေးဝင်လာတာ သားငယ် ...၊



www.burmeseclassic.com

www.burmeseclassic.com



"နေဦး .. မင်းနဲ့ .."

"မရဘူး .. ခင်ဗျားကို သတ်ဖို့ စောင့်နေတာ .."

ခွပ်ခနဲ မီးပွင့်သွားသည်။ မျက်နှာလည်သွားပေမယ့် သူ သင် ထားနေတာမို့ သားငယ် ရဲ့ အပေါ်ထပ်အင်္ကျီအိတ်ထဲကို အမိ နှိုက်လိုက်သည်။ ဘာမှပါမလာခဲ့ဘဲ နောက်အိတ်တစ်ဖက်ကို လိုက်တော့ ပစ္စည်းအတိုအစကို မိမိရရ ကိုင်မိသည်။

ဒါပေမယ့် လက်ထဲမှာ ပါလာဖို့ ကြိုးစားရင်း မျက်နှာ လက်သီးချက်ပေါင်းများစွာ ပွတ်ကပ် ရုပ်ထိတာတွေ မိုးရွာသလိုပင်

သူ့စိတ်က ပစ္စည်းနဲ့လူကို မိသွားမှာ စိုးရိမ်တာပဲ ကြိုးစိုး သဖြင့် ရှောင်တိမ်းနေပေမယ့် လွတ်အောင် မရှောင်နိုင်ပေ ..။

"သားငယ် .. မင်း ဖယ်စမ်း .."

စားပွဲခုံပေါ်မှာ သူ မြင်နေရသည်။ စီးကရက်တိုတွေရယ်.. ပစ္စည်း အစအနတွေရယ် .. ဒီအတိုင်း ..။

"မင်းတို့ ပစ္စည်းတွေကို ရှင်း .."

"ခင်ဗျားကြီးနဲ့ပဲ ရှင်းဖို့ ရှိတာ ..၊ လုပ်ပါ .. ပြန်ထိုးစမ်းပါ ခင်ဗျား တော်တာ သိပါတယ်"

အရိပ် ရဲ့လက်ပြန်တစ်ချက်မှာ သူ သတိလစ်ခဲ့တာကို မမေ့နိုင် ထို့ကြောင့် သားငယ် က ရင်ဆိုင်ထိုးကြိတ်ဖို့သာ ကြိုးစားလျက် အ က သားငယ် ကိုယ်ကြီးကို တွန်းဖယ် ရှေ့တက်သွားဖို့ ကြိုးစား

သူ စားပွဲပေါ်ကဟာတွေကို ရှင်းရမည်။ ဒါတွေနဲ့အတူ သား ကို မိသွားလို့ မဖြစ် ..။ သို့သော် သားငယ် နဲ့လုံးထွေးနေသည့် သူ ခင်ကို တို့က လက်တည့်စမ်းကြ၏။

"ခင်ဗျား ဗလကြီးနဲ့ ကြည့်မကောင်းပါဘူး .. ဒီမှာ ကျုပ်တို့ ကြည့် .."

"ဖယ်စမ်း .."





"ဖြောင်း .."

"အံမာ .."

လေးယောက်နဲ့ တစ်ယောက် ဆိုတာကို ဂရုမစိုက်ပေမယ့် အရိပ် တွက် ဖောကပ်နေတာ ဒီကောင်လေးတွေကို အနိုင်တိုက်နိုင်ဖို့ တ်ပေ။ ဒါပေမယ့် ဒီကလေးတွေ နှောင့်ယှက်နေသရွေ့ သူ ဘာမှ ပ်ခွင့်မရနိုင်တာကိုလည်း မေ့နေခဲ့၏။

"ဒုတ် .."

"ခွပ် .."

ခေါင်းမှာ မီးပွင့်သွားလိုက်၊ ကျောကော့သွားလိုက်နှင့် အရိပ် ပွဲဆီရောက်အောင် သွားကာ အတိုအထွာအားလုံးကို ဖြစ်သလို ကျုံးယူသည်။ ဖြန့်ခင်းထားသည့် သူ့ကုတ်အင်္ကျီနှင့် လုံးထွေးကိုင် ကြမ်းပေါ်မှာ အိုးတခြား ပန်းပင်တခြား လိမ့်နေသည့် တရုတ် အိုးရှည်ကြီးထဲ ဖြစ်သလို ထိုးထည့်လိုက်၏။ ပြီးတော့ ဒီတိုင်း နေတာမျိုး အတွင်းထောင့်တစ်နေရာထိ တွန်းထုတ်ပစ်လိုက်သည်။

"ဘာတွေ လာလုပ်နေတာလဲ .. ဒီတိုင်းပဲ ခင်ဗျား ဖြစ်စေချင်ခဲ့တာ"

"မလုပ်နဲ့ .. .."

"ဒုတ် .."

"အား!..."

ပန်း မျက်လုံးတွေ မိုက်ခနဲ ပြာသွားသည်။

သူမ အော်လိုက်ပေမယ့် မမီတော့ဘဲ သားငယ် ရဲ့ရိုက်ချက်က အရိပ် ခေါင်းပေါ်ကို တည့်မတ်စွာ ကျ၏။ ဒါပေမယ့် သူမ အော်ဟစ် လိုက်သည့်အသံကြောင့် အရှိန်နည်းသွားသဖြင့် အရိပ် စိုက်ခနဲ လဲကျ သွားပေမယ့် သတိမလစ်သေး ..။

လူငယ်တွေရဲ့ ခြေကြိုခြေကြားမှာ သွေးသံရဲရဲနှင့် မြင်မကောင်း အောင် ဖြစ်နေသည့် အရိပ် ၏အဖြစ်ကြောင့် နဂိုကတည်းက မချိန်း



www.burmeseclassic.com

www.burmeseclassic.com



မာသေးသည့် ပန်း ရင်ထဲမှာ တလှပ်လှပ် ပြာမိုက်လာခဲ့၏။

သူမ ထက်ကြပ်မကွာ လိုက်ခဲ့ပါလျက်နှင့် ခဏလေး ပြတ်ကျသွားသည့်အဖြစ်ကြောင့် ..။

"လူမိုက် .. လူရမ်းကား .."

ပန်း တအား အော်ပြောတာပါ။ ဒါပေမယ့် အသံက လေးသာသာပဲ ရှိ၏။ လက်ညှိုးထိုးထားသော်လည်း ထိုလက်က တုန်ယင်လျက် မငြိမ်မသက် ရှိနေကာ ...

"အဲ့ဒါ.. နင့်အစ်ကို အရင်း .. နင်က ငါနဲ့ ဘာမှမတော်၊ သူ့ရဲ့ ညီအရင်း .. သိရဲ့လား .."

သားငယ် ကိုင်ထားသည့် သစ်သားတုတ် လွတ်ကျသွားသည်။

"ညီမို့လို့ သည်းခံနေတာကို နင် တော်လှပြီ ထင်နေသလား-- လူရမ်းကားရဲ့ .."

ပန်း တရိပ်ရိပ် မူးဝေလာကာ နေရာမှာတင် ဖြည်းဖြည်းချင်း ခွေကျသွားခဲ့၏။ အားလုံး တိတ်ဆိတ်စွာ ကြောင်ငေးနေကြစဉ် --

"ဟိုကောင်တွေ .. မင်းတို့မှာ အမှုဟောင်းတွေ ရှိတယ်၊ မြန်မြန် ထွက်ကြစမ်း .. သွား .. ရဲတွေ လာနေပြီ"

ဖင်ကို တို့ အခြေအနေကို တွက်မိလိုက်ပေမယ့် မှန်ချပ်ကနေ လှမ်းမြင်လိုက်ရတာက လမ်းပေါ်နေက ဒီဘက်ကို ဖုံဆင်းလာနေသည့် ရဲကားတစ်စီး ..။

သူတို့ လှမ်းမျှော်ကြည့်ပြီး မျက်နှာပျက်သွားကြတာ မြင်သည်နှင့် အရိပ် က အိတ်ထဲက သော့တွဲတစ်တွဲ ထုတ်ယူ၍ ပစ်ချပေးလိုက်ကာ--

"နောက်ပေါက်က ဆင်း.. ကစားကွင်းနောက်မှာ အက်စ်အီးတစ်စီး ရှိတယ်၊ နောက်လမ်းအတိုင်းပဲ မောင်းပြီး လစ်တော့ .. မြန်မြန်သွား--

ဒါပဲပြောကာ အာရုံတွေ ဝေဝါးနေသည့်အဖြစ်ကို အနိုင်နိုင် အားတင်းနေရ၏။ ပန်း ဘာဖြစ်သွားပြီလဲ ..။





သူနဲ့ မလှမ်းမကမ်းမှာ ညီ ရပ်နေတာလား ..။

မပီဝိုးတဝါး ပုံရိပ်တွေထဲမှာ ထွက်ပြေးသွားကြတာရော .. ညီ အတိုင်းရပ်ကျန်နေခဲ့တာ အားလုံးက အရိပ်ထင်နေပေမယ့် မငြိမ်မသက် လှန့်ပေါက်နေကြ၏။ ထို့ကြောင့် သတိမလစ်သေးခင်မှာ ရဲတွေကို သူ အတတ်နိုင်ဆုံး အကောင်းဆုံး ပြောဖို့ ပြင်ဆင်၍ ...

"လူငယ်တွေ ရန်စပါလာကြလို့ အိမ်ထိ လာသောင်းကျန်းသွားတာပါ၊ နေပါစေ .. ဘာဖြစ်ဖြစ် ကျွန်တော့်သားရဲ့ ပါစင်နယ်လ်မို့လို့ မိသားစုအတွင်းရေးပါ၊ ဘယ်သူတွေမှန်းလည်း မသိလိုက်ဘူး ..၊ အကြီးအကျယ်တွေလည်း မဖြစ်ချင်လို့ အမှု မလုပ်ချင်ပါဘူး"

ဒီစကားတွေကို သားငယ် ရှေ့ရေးအတွက် သူ အားတင်း ပြောခဲ့သည်။ လူဆိုးလူပေလေးတွေကို သားငယ် ရဲ့နောင်ရေးတစ်ခုအတွက် သူ ကူညီ ကာကွယ်ပေးခဲ့၏။

အရိပ် ပြောသွားတာတွေကို ကြားသိ နားလည်ရင်း ဒါတွေဟာ ဘယ်သူ့ကြောင့်လို့ လက်ညှိုးထိုးရမှန်းလည်း မသိဘဲ မဟန်နိုင်တော့သည့် ပန်း ရဲ့ကိုယ်လေး ကြမ်းပြင်ထက်သို့ တအိအိ ခွေကျသွား၏။

သူ့ကြောင့် ဒဏ်ရာတွေ အသီးသီးရခဲ့ကြကာ သူ့အတွက် ငြိုးဆုံး ဆောင် ကာကွယ်သွားကြသည့်အဖြစ်ကြောင့် လူသုံးယောက်တည်း ကျန်ခဲ့သည့်အခန်းထဲမှာ သားငယ် တစ်ယောက်သာ မတ်တတ်ရပ် ကျန်ခဲ့ပြီး အသားဆတ်ဆတ်တုန်လေသည်။

"မေမေ .."

မပီမသဲခေါ်သံနှင့်အတူ မေမေ့ကို ပြေးပွေ့ရင်း အရိပ် ကို ငိုနေလျက်နှင့် လှမ်းကြည့်မိသည်။

"အိပ်မက်ဆိုးတွေ မက်နေခြင်းသာ ဖြစ်ပါစေ .."



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅၄)

"မင်း သိရဲ့လား .. စကားလေး မပီတပီနဲ့ သူ့ကို မင်းက ကိုကို လို့ ခေါ်တာလေ ...၊ ဒီပြင်စကားတွေကို ပီအောင်ပြောပြီး ကိုကို လို့ ခေါ်တာကျမှ အရမ်းချစ်ဖို့ကောင်းတဲ့ ခေါ်သံလေး .."

ပြောနေဆဲမှာ မျက်ဝန်းထောင့်ကနေ တစိမ့်စိမ့် ဆင်းကျနေသည့် မျက်ရည်စက်တို့က တစ်နေရာတည်းကနေ ဖြတ်သန်းနေခြင်းကြောင့် ခေါင်းအုံးပေါ်မှာ ရေစိုကွက်ကြီး ဖြစ်လောက်အောင် ကျယ်ပြန့်လာခဲ့၏။

"မေမေ ခုမှ သတိပြန်ရလာတာ .. ခဏနားလိုက်ပါဦး မေမေရာ .. သား တောင်းပန်ပါတယ်"

"မတောင်းပန်ပါနဲ့ .. တကယ်လို့ ဒီဒဏ်ရာနဲ့ ငါ သေသွားခဲ့ရင် .. ဒါမှမဟုတ် မင်းအစ်ကို သတိ ပြန်လည်မလာတော့ဘူးဆိုရင် မင်း ဒါတွေကို သိလာရင်လည်း ဘာမှ မထူးတော့ဘူး"

"မေမေရာ .."





သားငယ် မျက်နှာကို လက်သီးဆုပ်နဲ့ ထိကပ်ထားရင်း ရှိုက်ငိုချင်တာကို ထိန်းချုပ်နေမိသည်။

ရှိုက်သံမဲ့ကျသည့် မျက်ရည်က ရင်ကို ဘယ်လောက်ထိ လောင်မြိုက်စေသလဲဆိုတာ ဘယ်သူ သိမှာလဲ ...၊ အားလုံးဟာ သူ့ကြောင့် ...။

"ငါ မြင်မြင်ချင်း လေးစားခဲ့တာ သူပဲ ...၊ ငါ့ဘဝမှာ ချစ်ခင်ရွယ်တာစရာလူတစ်ယောက်ကို ပထမဆုံး ဆုံစည်းခွင့်ရခဲ့တာလည်း သူတစ်ယောက်ပဲ ရှိတယ်၊ ငါ မင်းကို သူ့ညီလေးမို့ ချစ်ခဲ့တာ၊ မင်းရဲ့ သူ့ကို လို့ ခေါ်သံလေးကို နားဝင်ချိုလွန်းလို့ ကိုကိုလို့ ငါကိုယ်တိုင် ခေါ်ဖြစ်ခဲ့တာ ...၊ ငါ့ဘဝရဲ့ အစစအရာရာအတွက် အရိပ်ထင် ဆိုတဲ့ လူဟာ အရိပ်စစ်တစ်ခုပဲ သားငယ်၊ သူ့ကို ဘယ်လောက်ထိ ကျေးဇူး ဆပ်ချင်ခဲ့သလဲ ...၊ ဘယ်လောက် မျှော်လင့်ခဲ့သလဲဆိုရင် ငါ့ဘဝရဲ့ အချိုစင်ဆိုတဲ့ အလှပဆုံးအချိန်တွေကို ကလေးအမေတစ်ယောက် အဖြစ် ရင်းနှီးပေးဆပ်ထားခဲ့တာ သိရဲ့လား .."

ရှိုက်၍မရသော မျက်ရည်စက်တို့ကို အတားအဆီးမဲ့ လွှတ်ပေးထားမိရင်း အရိပ်ထင် သေဆုံးသွားပါပြီဆိုသည့် သတင်း ဘယ်အချိန် နားထဲရောက်လာမလဲဆိုတာကို သူမ စောင့်နေခဲ့၏။

ဒီသတင်းကို ကြားသည့်အချိန်မှာ သူမမှာ မျက်ရည်တွေ ကုန်ခမ်းနေပါစေ ...၊ ခြောက်သွေ့ကွဲအက်သော နှလုံးသားဒဏ်ရာကို မျက်လုံးတွေ မှိတ်၍ မိမိကိုယ်တိုင် နာကြည်းစွာ ဒဏ်ခတ်ခြင်းဖြင့် နှလုံးကွဲ၍ သေပါစေ ...။

အားလုံးအတွက် ပြင်ဆင်၍ .. စော်ကားရက်သူအတွက် အကျိုးအကြောင်းတွေကိုတော့ နားလည် ကျန်ရစ်စေချင်၏။ ဘယ်သူမပြု မိမိအမှုဆိုတာ ဘယ်သူ့အတွက် ဖြစ်မလဲ ...၊ ကိုကိုလား .. သူမလား...။

သူမတို့၏ လွဲမှားသောအတွေ့အကြုံတွေကြောင့် တလွဲတွေ ထပ်မံကျူးလွန်ခဲ့သည့် သားငယ် ဖြစ်မလား ...၊



www.burmeseclassic.com

www.burmeseclassic.com



သားငယ် ကို 'စော်ကားရက်သူ'လို့ ပုဒ်မတပ်ပေးခဲ့တာပဲ သူမ နောက်ထပ် မှားယွင်းခဲ့သည်လား ..။

ဘာဆိုဘာမှ အဖြေမရှိပါ။ သူမ သိနေတာတစ်ခုက သူမ မျက်စိ နှစ်လုံး ပြန်ဖွင့်လာနိုင်သည့်အချိန်မှာ အရိပ်ထင် သတိပြန်မရသေးဝါ ဆိုသည့် သတင်းဆိုးကြောင့် သူမရဲ့ရှင်သန်ခြင်းဟာ အရိပ်ထင် ၏ သေခြင်းရှင်ခြင်း နှစ်ရပ်မှာသာ အမိက မူတည်နေခြင်း ..။

"သားငယ် .."

"ဗျာ .."

သားငယ် ရဲ့ ကလေးဆန်စွာ ငိုသံပါလေးနှင့် ထူးသံကြောင့် ရင်ထဲမှာ စူးခနဲ ဒဏ်ရာတစ်ခု ထပ်ဖြစ်၏။

"မငိုနဲ့ .. မင်းရဲ့အစ်ကိုကို သူ မသေခင် မင်း တောင်းပန်ခွင့် ရအောင် ကြိုးစား .. သူ .. သူက မင်းတို့သားအမိကို ငါက လုပ်ကြံ ရက်တယ်လို့ တစ်လွှဲကောက်လုံးထင်ပြီး မင်းတို့အတွက်နဲ့ .. ငါ့ကို မုန်းတာမဟုတ်ဘဲ နှိပ်စက်ကလူပြုဖို့ ကြိုးစားတာ၊ မင်းကို ငါ့သားလို့ ထင်ပြီး ဒီလိုလုပ်ခဲ့ပေမယ့် သူ့ညီလေးအတွက် .."

"မေမေ တော်ပါတော့ဗျာ .. သား အဲဒီလောက် အသည်းမမာပါ ဘူး၊ အငြိုးလည်း မကြီးပါဘူး၊ အစ်ကို့ကို ဘယ်တုန်းက ဘာကိစ္စတွေ ကိုမှ ထည့်မတွက်ဘဲ သား ပြန်ချစ်နိုင်ပါတယ်၊ အစ်ကို သတိရလာရင် သား ရှိခိုးပြီး တောင်းပန်ပါ့မယ် .. မေမေ မငိုပါနဲ့ မေမေရယ် .."

'မင်း တောင်းပန်ခွင့် ရစေချင်ပါတယ်'လို့ အသံတိတ်ပြောမိရင်း ပန်း နှုတ်ခမ်းလေး မဲ့ခနဲ ဖြစ်၏။ ဖွဲအိတ်တစ်အိတ်လို ထင်သလို နှိပ်စက်ခဲ့ကြသည့် အတွင်းကြေဒဏ်ရာတွေနဲ့ သူ အသက်ပြန်ရှင်ဦးမှာ တဲ့လား ..။

ဒါကြောင့် သူမ အငိုတိတ်လို့ မဖြစ်..၊ နှလုံးကွဲ၍ တုံးခနဲ လဲကျ ေ-ဖို့ သူမ ကိုယ့်ကိုယ်ကိုယ် စီရင်မည်။





ကိုကို့ကို သူမ အသက်လောက် ချစ်ပါ၏။

"တကယ်တော့ မင်းရယ် .. ငါရယ် .. ကိုကိုရယ် .. ငါတို့ သုံး ယောက်ဟာ မဆုံစည်းသင့်တဲ့လူတွေပါ"

"မဟုတ်ဘူး မေမေ .. သား နှစ်ယောက်စလုံးကို ချစ်တယ်၊ အခု အမှန်အတိုင်း သိပြီးတဲ့အထိ ဟိုတုန်းကအတိုင်းပဲ ချစ်တယ်..၊ အစ်ကို့ကို သားအစ်ကိုမှန်း မသိခင်တည်းက ချစ်ခဲ့ရတာ မေမေ သိပါ တယ်၊ အဲ့ဒါ ဆုံစည်းသင့်တဲ့ ရေစက်တွေပါ"

"ဆုံစည်းခွင့်ရှိကြတယ်ဆိုပြီး ဆုံနိုင်ခွင့်ကို ဆုံးရှုံးလိုက်ရရင် ငါ မခံနိုင်ဘူး သားငယ် .. အဲဒီလောက်ထိ ကိုကို့ကို ငါ ချစ်တယ်၊ ငါ ငါ့ဘဝထက် ပိုချစ်ခဲ့တာ၊ သူ မရှိတော့ရင်ဆိုတဲ့ အတွေးနဲ့တင် ငါ သေသွားနိုင်လို့ .. သူ့ရဲ့နှုတ်ဆက်ခြင်းကို ခံနိုင်ရည်ရှိအောင် စောင့်နေ တာ .."

"အစ်ကို့ကို သမားတော်ကြီးတွေ ကြိုးစား ကုသနေကြပါတယ်၊ အစ်ကို သတိပြန်ရလာမှာပါ မေမေရာ .. အစ်ကိုသာ တစ်ခုခုဖြစ်သွား ရင် သေလောက်အောင် ခံစားရမှာက သားရယ်ပါ .. သားကြောင့်.."

ပန်း က ခေါင်းခါလိုက်ပြီး သားငယ် လက်ကို ဆုပ်ကိုင်ထား လိုက်သည်။

"မင်း ဆေးဖြတ်ပါ့မယ်လို့ ငါ့ကို ကတိပေး .."

"ပေးပါ့မယ် မေမေ .. သား ဖြစ်အောင်ကို လုပ်မှာပါ၊ ကတိ ပေးပါတယ် .. မေမေ မငိုပါနဲ့နော်၊ အစ်ကိုက .."

"သူ သတိပြန်ရလာခဲ့ရင် .. ဒါမှမဟုတ် နှုတ်ဆက်ရုံ နောက်ဆုံး ထွက်သက်လေးနဲ့ ခဏလေး ပြန်နိုးလာခဲ့တာဆိုရင် ကိုကို့ကို ပြောပေး ပါ.. ပန်း က ကိုကို့ရဲ့အချစ်ကို ဟိုးအရင် မိုးတစ်ညတုန်းကလို ကလေးဘ မျိုးနဲ့ ဒီအတိုင်း နားလည်ခွင့်လွှတ်ပြီး မပြောင်းမလဲ ချစ်နေတဲ့ပုံစံမျိုး နဲ့ပဲ လိုချင်ခဲ့တဲ့ အတ္တတစ်ခုက လွဲရင် .."



www.burmeseclassic.com

www.burmeseclassic.com



"မေမေ .. .."

"ညီအစ်ကိုနှစ်ယောက် ဒီလိုအဖြစ်ဆိုးနဲ့ ပြန်ဆုံပါစေဆို... တဲ့ပြန်ချင်တဲ့ အငြိုးအတေးမျိုး နည်းနည်းလေးမှ မရှိခဲ့ပါဘူးလို့ -

"လူနာ သတိရလာပြီ .. လူနာရှင် လာတွေ့လို့ ရပါပြီ .."

"ဗျာ!.. .."

သားငယ် ဆတ်ခနဲ ထရပ်ဖို့ပြင်လျှင် ပန်း က လက်ကိုတင်းကျပ်သွားအောင် ဖိဆုပ်ထားလျက် ...

"သိလား .. အဲဒီအတိုင်း ပြောပေး .."





## အခန်း (၅၅)

BURMESE CLASSIC .com

"ကိုကို .. အဲ .. မဟုတ်ဘူး .. မေမေက ဒီလိုခေါ်တာဆိုတော့ အစ်ကိုပဲ ကောင်းပါတယ်၊ အစ်ကို ညီလေးကို ခွင့်လွှတ်တယ်နော်.."

ရှုးရဲနေသည့်အကြည့်တွေ ချက်ချင်း ပျော့ကျသွား၏။ ပြီးတော့ မဲ့လိုက်တာလား .. ပြုံးလိုက်တာလား မသိဘဲ နှုတ်ခမ်းအစုံ ခပ်လွန့်လွန့် လှုပ်ခတ်သွားခဲ့သည်။

လက်မောင်း လက်ဖျံတွေကအစ မေးသိုင်းပတ်တီးအထိ တစ်ကိုယ်လုံး ဒဏ်ရာတွေနဲ့ပေမယ့် အရိပ်ထင် မျက်နှာက တည်ငြိမ်ခန့်ညားနေဆဲ ..။

စတွေ့တုန်းကလို သွေးအေး တည်ငြိမ်သော မာနကြီးတတ်သော မတည်မပြုံးမျက်နှာအတိုင်း ရှိနေပေမယ့် မျက်ဝန်းထဲမှာ သူ့အလွမ်းအကြင်နာတွေကို မြင်နေရသည်။

ဒါ သူပဲ စိတ်ထင်နေတာလား ..။



www.burmeseclassic.com

www.burmeseclassic.com



ပြုံးယောင်သမ်းနေပြီး တိတ်ဆိတ်နေဆဲ မျက်နှာကို အားမင်အားမရ ဖြစ်မိရင်း ဘေးမှာ ရှိနေသေးသည့် ပါမောက္ခကို အားကိုးတကြီး လှည့်ကြည့်မိကာ ...

"ဒေါက်တာ .. အစ်ကို စိတ်ချရပြီမို့လားဟင် .. အစ်ကို စကားမပြောနိုင်သေးတာလား .."

ဒေါက်တာက ဘာမှမဖြေသေးဘဲ ပြုံးလိုက်လျှင် သားငယ်အထိတ်တလန့် ဖြစ်သွား၏။ သို့သော် သူ့လက်တစ်ဖက်ပေါ်ကို အရိုင်၏လက်တစ်ဖက် ဖွဖွလေး ဆုပ်ကိုင်လိုက်တာ သိလိုက်ရပြီး ...

"အစ်ကို .."

"အဆင်ပြေပါတယ် .."

ဆိုသည့် ခပ်တိုးတိုးဖြေသံဟာ သူ့အတွက် တစ်ဘဝလုံးစာ ငြိမ်းချမ်းမှုပေးတော့မည့် အရိုပ်မိုးတစ်ခုနှယ် ..၊ ပြီးတော့ ...

"ညီလေး .. ကိုကြီးကို ခွင့်လွှတ်နိုင်ရဲ့လား .."

"ကိုကြီးရာ .."

ဝမ်းသာ လှိုက်လှဲ၍လည်း ငိုချင်ပြန်၏။

ဟုတ်တာပေါ့ .. သူ ငယ်ငယ်တုန်းကဆို ကိုကြီးနဲ့ အသက်အရမ်းကွာမှာပဲ။ ပြန်တွေ့ကြသည့်အချိန်မှာသာ အသက်မသိဘဲ ပခုံးချင်း ယှဉ်ကြည့်ပြီး နုပျိုချောမွေ့နေတဲ့ ကိုကြီးကို သူ အစ်ကိုလို့ ခေါ်ခဲ့မိသည်။

မေမေ့ကိုတောင် မေမေလို့ ခေါ်ခဲ့ရသေးတာ .. ကိုကြီးကို ဖေဖေလို့တောင် ခေါ်ရဦးမှာမို့လား ..။ ကိုကြီး သူ့ကိုယ်သူ 'ကိုကြီး'လို့ ပြောလိုက်တဲ့စကားသံကို နှစ်သက်မြတ်နိုးလို့ မဆုံး ..။

ထို့ကြောင့် ဆေးနံ့တွေနဲ့ ကိုကြီးလက်ကို မြတ်နိုးမဝစွာ နမ်းရှိုက်မိကာ ...

"ကိုကြီးကို သားက ဖေဖေလို့တောင် ခေါ်သင့်တာကို၊ ဘာတွေ





မေးနေတာလဲ ကိုကြီးရာ .. ကိုကြီးကို သားက မြင်မြင်ချင်း ချစ်ခဲ့တာပါ၊ သားက ယုံကြည် ချစ်ခင်ခဲ့ရသလောက် ရက်စက်လိုက်တာဆိုပြီး ဝမ်းနည်းလွန်းလို့ သား အမှားတွေ လုပ်ခဲ့မိတာ၊ ကိုကြီးကို သား ရှိခိုး တောင်းပန်ပါတယ်၊ အိမ်ပြန်ကြရင်လည်း တောင်းပန်ဦးမှာပါ၊ အဲဒါတွေ သားတို့ မေ့လိုက်ရအောင်နော် .. ကိုကြီး နော်၊ သားက မေမေ့ကို 'ကိုကြီးလိုယောက်ျားမျိုးနဲ့မှ ကြည်ဖြူချင်တာ၊ ကိုကြီးကို မြင်ကတည်းက မေမေနဲ့ ကိုကြီးကို စိတ်ကူးထဲမှာ အမြဲ တွဲကြည့်နေခဲ့တာ .."

သားငယ် က အပျော်လွန်ကာ မျက်ရည်တွေကျရင်း အရိပ် ရဲ့ လက်ကို နှုတ်ခမ်းမှာ ထိကပ်ထားလျက် ပြောလို့ မဆုံးနိုင် ..။

"အခု .. သားဆန္ဒတွေ ပြည့်ဝပြီ၊ မေမေ့ကို မေမေလို့ပဲ ခေါ်ချင်ပေမယ့် ကိုကြီးကို ခုမှ ကိုကြီးလို့ ခေါ်ခွင့်ရတာမို့လို့ ဖေဖေလို့ မခေါ်ချင်ဘူး၊ နောက်ပြီး သားရဲ့ တူ၊ တူမလေးတွေ ရှိလာရင်လည်း သားက ဖေဖေ မေမေလို့ ခေါ်နေရင် ဆွေမျိုးစပ်ရ ခက်ဦးမှာ .. အဲဒါကြောင့် မမကြီးလို့ ပြောင်းခေါ်မယ်၊ တဖြည်းဖြည်းတော့ အကျင့်ရသွားမှာပါ၊ ကိုကြီး ကြိုက်တယ်မို့လားဟင် .."

မေးလိုက်သည့်အချိန်မှာ အရိပ် မျက်ဝန်းမှာ မျက်ရည်ကြည်တွေဝေ့နေတာ မြင်လိုက်ရသဖြင့် သားငယ် စကားသံ ရပ်တန့်သွား၏။

အရိပ် က ခန့်ညားသည့်အပြုံးနှင့် သွားတွေပေါ်အောင် ရယ်သည်။

"တစ်ခု လိုသေးတယ် .. ကိုကြီး လိုချင်တာ အဲဒါပဲ .."

"ဗျာ!..."

"မင်း ဆေးဖြတ်ပြီး လူတော်လူကောင်းတစ်ယောက် ဖြစ်ဖို့ ကြိုးစားရမယ် .. မင်းရဲ့ အဲဒီလိုပြောင်းလဲမှုဟာ လျှပ်ပန်း နဲ့ ကိုကြီး တို့ရဲ့ ချမ်းသာစွာ ရှင်သန်ခွင့်နဲ့ အများကြီး သက်ဆိုင်နေလို့ .."



www.burmeseclassic.com

www.burmeseclassic.com



သားငယ် က ဘာမှမမေးဘဲ ငေးကြည့်နေ၏။

"ကိုကြီးတို့ မှားခဲ့ကြတယ် .. အဲဒါတွေထဲမှာမှ ကိုကြီးက အ
အရှိဆုံးလူပဲ၊ မင်းဘက်က မှားယွင်းမှုတွေကို ဆက်မြင်နေရမယ်ဆို
ဒီအမှားတွေဟာ ငါ့ကြောင့်ဆိုတဲ့ .."

"တော်ပါတော့ ကိုကြီး .. သား ပြင်မှာပါ၊ မေမေ့ကိုလ
ကတိပေးထားပါတယ်၊ လွယ်လွယ် ကတိပေးတာလို့ ထင်ရမေ
နိုင်မှာတယ်ဆိုတာ သား အလုပ်နဲ့ သက်သေပြမှာပါ .."

သားငယ် မျက်ရည်တွေ သုတ်ပစ်လိုက်ပြီး ပြုံးကာ ...

"သား မေမေ့ဆီ သွားလိုက်ဦးမယ်၊ မေမေကလေ .. ကို
ဘယ်လိုမှ ပြန်မရှင်နိုင်ဘူးလို့ပဲ စွဲလမ်းနေတာ .."

အတူတူ သေပွဲဝင်ချင်ပါသည်ဆိုသော ဆုံးဖြတ်ချက်ကို ပြော
သတိရမှ မေမေ့ဆီကို အရင်ဆုံး သူ သွားပြီး သတင်းပေးသင့်တာ
သတိရသည်။

ထို့ကြောင့် ဒီစကားကို မပြောဖြစ်တော့ဘဲ နေရာမှ ထရပ်လို
ကာ ...

"အရေးကြီးတယ် ကိုကြီး .. သား ခုပဲ သွားမှဖြစ်မှာ .."

သားငယ် မေမေ့အခန်းဆီ သုတ်ခြေတင် ပြေးသည်။ မေမ
တလွဲတွေတွေးပြီး တစ်ခုခုများ ဖြစ်နေပြီလား ...

ကြောက်စရာကောင်းအောင် ချစ်တတ်လွန်းသည့် မေမေ့ရ
ကို ပထမဆုံး သူ မြင်လိုက်ရသည့်အချိန်ဟာ သူ့အတွက် ပြင်ဆ
ရဖို့ ဖြစ်လာခြင်းပဲ ဖြစ်ပါရစေ..။

ဘယ်သူ့ကိုမှ မဆုံးရှုံးရဘဲ သာယာသော ကမ္ဘာကြီးမှာ လု
သော မိသားစုဘဝလေးနဲ့ နေခွင့်ရပါရစေ ...။

"မေမေ .. .."

မျက်လုံးတွေ မှိတ်ကျ ငြိမ်သက်နေသဖြင့် သူ အလန့်တ





လိုက်သံဟာ မိုးခြိမ်းသံလို မြည်ဟီးသွားသလား မသိ ..။

"သူ့ဒဏ်ရာကို သေချာ ပြန်လုပ်ပေးထားပါတယ်"

သန့်စင်ခန်းထဲက ထွက်လာသည့် သူနာပြုဆရာမလေးက အံ့ဩ
လို ကြည့်ရင်း .. ပြောရင်းနဲ့ 'ဒီလောက် အော်ဟစ်နေရသလား'
လည်း အပြစ်တင်ချင်ပုံ ပေါ်ကာ ...

"လူနာက အရမ်းအားနည်းနေတာ .. နားပါစေ .."

"ဗျာ!..."

သားငယ် မော့ကြည့်လိုက်ရင်း ခေါင်းခါသည်။ ပြီးတော့ ပန်း
လက်ဖဝါးလေးကို ဖိဆုပ်လိုက်မိရင်း ...

"မဖြစ်ဘူး .. အဲဒီလို မရဘူး .. မေမေ .. မေမေ့ .."

တစ်ခုခု တားဆီးရန် သူနာပြုဆရာမ အနားကပ်လာသည့်အချိန်
ပန်း မျက်တောင်ကော့တွေ တဖြည်းဖြည်း ပွင့်လာခဲ့ပြီး ...

"ပြော .. ငါ နားထောင်ဖို့ စောင့်နေတာ"

"မေမေ .. မေမေ ထင်သလို မဟုတ်ဘူး .. ကိုကြီး သတိရလာပြီ၊
ာမှ မစိုးရိမ်ရတော့ဘူးတဲ့ မေမေ၊ ဆရာမကို မေးကြည့်ပါ .. နော်
ဆရာမ .. ဟုတ်တယ်နော်၊ ကျွန်တော့်ကိုကြီး ကောင်းကောင်း သတိရ
ာပြီလေ .. အခန်းနံပါတ် သရီးက အရိပ်ထင် .."

သူ အားကိုးတကြီး တုန်ယင်စွာ မေးသည်၊ ဖြေသံကို မေမေ
ည်း မျက်တောင်ဖျားတွေ မေးစင်းလျက် နားစွင့်နေတာကို သိသည်။

ဒါပေမယ့် ဆရာမက ခေါင်းခါ၍ ...

"ဆောရီးပါရှင် .. ကျွန်မက ဒီမနက် ခြောက်နာရီကမှ ဂျူတီ
င်တာမို့လို့ မသိပါဘူး"

"ဟာဗျာ .. ဆရာမက ဆရာမပဲ .."

သိရမှာပေါ့လို့ အပြစ်မတင်ရသေးမီ သူမက ထွက်ခွာသွားပြီ
ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ .. တကယ်ပါ ကိုကြီး .."

"မင်း ဘာဖြစ်လို့ ကြာနေတာလဲ .. ဒီကနေ နှစ်ခန်းကျော်မှာ ဆို .."

"မေမေရာ .. သား ကိုကြီးကို တောင်းပန်နေတာပါ၊ ကိုကြီး ခွင့်လွှတ်တယ်တဲ့ ..၊ မေမေ သားကိုတောင်းတဲ့ ကတိမျိုး ကိုကြီး ထပ်တောင်းတယ်၊ သား အဲဒီကတိတွေပေးပြီး မေမေ ဖြစ်စေချင်သ အကြိမ်ကြိမ်အခါခါ ဝန်ချ တောင်းပန်နေတာ ..၊ အဲဒါကြောင့် ခ ကြာသွားတာပါ"

ပန်း က မျက်တောင်မခတ် ငေးနေဆဲ ..၊ ပြီးမှ ...

"ငါ အသက်ရှည်အောင် မင်း ညာလိုက်တာဆိုရင် ငါ မင်း ကျေးဇူးတင်မယ် ထင်နေသလား .."

"မထင်ပါဘူး .. မေမေ့ကို သား ညာလည်း မညာရက်ပါဘူ မေမေတို့ရဲ့အချစ်ကို သား နားလည်ပါပြီ မေမေရယ် .. မေမေ မ ရင်လေ .."

သားငယ် တွေခနဲ စဉ်းစားလိုက်ပြီး နေရာမှထရပ်လိုက်ကာ အိတ်ထဲက ဖုန်းကို ထုတ်၍ ပန်း လက်ထဲ ထည့်လိုက်၏။

"မေမေ ပြောခိုင်းတာတွေ သား ဘာမှမပြောခဲ့ဘူး .. မေမေ ကိုယ်တိုင် ပြောပြလိုက် .."

သားငယ် ပြေးထွက်သွားပြန်၏။ ဖုန်းကို ကိုင်ထားရင်း ပန်း လက်တွေ တဆတ်ဆတ် တုန်လာသည်။ မျက်ရည်တွေက တရစ်ရ ပြည့်တက်လာ၏။ မျက်ရည်တွေ မကုန်ခန်းသေးဘူးဆိုတော့ ကို ရှိနေသေးတယ်ဆိုတာ တကယ်ပဲပေါ့ ..။

ချစ်လို့ .. လွမ်းလို့ ကျရမယ့် မျက်ရည်တွေ ပန်း ရဲ့မျက်ဝန်းထဲ မှာ ရှိနေသေးတယ်ဆိုတာ ပန်း ကိုကို့ကို ချစ်ခွင့်လွမ်းခွင့်တွေ ရှိနေ သေးတယ်ဆိုတဲ့ အဓိပ္ပာယ်လား ..၊



BURMESE CLASSIC .com



ဒါဟာ ဖြစ်နိုင်မှန်း သိပေမယ့် မယုံနိုင်ပေ။

သူမဟာ ကိုကို့အချစ်တွေကို ရယူပိုင်ဆိုင်ခွင့်ရှိပြီး ပျော်ရွှင် သာယာမှုတွေနဲ့ ရှင်သန်ခွင့်ကို ဘယ်သောအခါမှ မရနိုင်သည့်သူလို့ တပ်အပ်တွက်လိုက်ကာမှ ...

.. ပြန်လာပါ အိပ်မက်လေး .. ငါ လိုနေပါတယ် မင်းအချစ်များ - ငါ့ရဲ့ အချစ်က မင်းအတွက် အဆုံးမဲ့ ...

.. အဝေးထွက်မသွားပါနဲ့ .. အိပ်ပြန်ချိန်မှာ ရှာတဲ့ မိုး .. အရှေ့အနောက် သွန်းဖြိုးနေဆဲ .. ငါ့ရဲ့အချစ်က ..

.. မင်းအတွက် အဆုံးမဲ့ .. အဝေးထွက်မသွားပါနဲ့ -

ဖျတ်ခနဲ လင်းလာသည့် ဖုန်းဆီမှ သီချင်းသံလေးကြောင့် ပန်း ရင်တွေ ကတုန်ကယင် ဖြစ်လာ၏။

ဒီသီချင်းလေး သူမ နှစ်သက်မှန်း သိလို့ သားငယ် သူ့ဖုန်းထဲ ထည့်ထားတာ ဖြစ်မည်။

.. မင်းအကြောင်းကို နားမလည်ဘူး .. ရင်နာတယ် ချစ်သူလေး .. ဒီနှင်း ကို အနိုင်ယူလိုက် ..

.. အလှူပေးထားတဲ့ ကိုယ့်အချစ်များ ..

.. တနာပါကွယ် မင်းလေး .. ဒီမှာ ငါလိုနေတာ မင်းအချစ်များ .. လား ဘာတွေများလဲ ပြောဦး ..

.. ငါလေ ပိုင်ဆိုင်တာတွေ အကုန်ယူပါ ..

ဖုန်းသံ တစ်ချက်ပြတ်ကျသွားပြီးမှ နောက်ထပ် မြည်လာပြန် သည်။

ပန်း လက်ချောင်းလေး တစ်နှိပ်ကို တုန်ယင်စွာ အားစိုက်နေ လျက် နားမှာ ကပ်လိုက်လျှင် ...

"ချာတိတ် .."

ကိုကို့အသံ ..၊



www.burmeseclassic.com

www.burmeseclassic.com



ပန်း တစ်ကိုယ်လုံး မြောက်ကြွ လွင့်တက်သွားပြီလား မသိ၊ ဖုန်းကို ဖိဆုပ်ထားရင်း နှုတ်ခမ်းလေးပါ ဖိကိုက်ထားမိသည်။

သူမ ဒီနေ့မှစ၍ 'မီးစနေ' ခေါ် 'မီးစ'မ၏ ကံဆိုးလွန်းခြင်း သက်တမ်း ကုန်ဆုံးသွားခဲ့ပါပြီ ..။

"ကိုကို .."

"မင်း နေကောင်းရဲ့လား .."

"ကိုကိုရောဟင် .. ကိုကို ပြောပါ .. ခု ပြောနေတာ ပန်း သိပ်ချစ်တဲ့ ကိုကိုလား .."

ရယ်သံသဲ့သဲ့လေး တိုးဝင်လာသည်။ ပြီးတော့ မေမေ .. လို့ ခေါ်သံနှင့်အတူ သားငယ် တစ်ခုခု ဝင်ပြောလိုက်သည့်အသံလည်း ပါ၏။ ပန်း ရင်ထဲမှာ ငြိမ်းချမ်းသွားသည်။

သွားတန်းလေးတွေ ပေါ်အောင် ပြုံးရင်း အသံထွက် ရယ်မိခြင်းသို့ ဖြစ်လျက် ..၊

"ပန်း ပျော်လိုက်တာ .. ကိုကို့ကိုလေ .. ပန်း သိပ်ချစ်တယ် သိလား .."

"အင်း .."

"ကိုကို ပန်း ကို ပထမဆုံး တွေ့ဖို့ ချိန်းတုန်းက ကိုကို့ရဲ့ညီလေးကို ပန်း ဘယ်လို စောင့်ရှောက်မွေးမြူထားတာတွေ၊ ကိုကို့ကို အဲဒီလောက်ထိ ချစ်တယ်ဆိုတာတွေ အားလုံး ပြောပြတော့မလို့ လာခဲ့တာ ..၊ အဲ့ဒါ ကိုကို ဖုန်းပြောနေတာကို ကြားရပြီး .."

"ရပြီ ချာတိတ် .. ကိုယ် လိပ်ပတ်လည်ပြီ၊ ကိုယ်လည်း မင်း အပေါ်မှာ .."

"ကိုကို တမင်ရက်စက်နေတာကို ပန်း ခံစားမိနေပါတယ် ကိုကို၊ အဲဒါကြောင့်လေ ကိုကို့အချစ်ကို ဟိုတုန်းကအတိုင်းပဲ ပြန်ရချင်တဲ့ ဝေဒနာအဆိပ်တွေ တက်ခဲ့တယ်၊ အဲ့ဒါလေးကိုပဲ ဆက်ပြီး ခွင့်လွှတ်





ပေးပါ ကိုကိုရယ် .. ပန်း လေ သားငယ် ကို ကိုကိုနဲ့ ဒီလိုတွေ့ဆုံဖို့ လုံးဝ မရည်ရွယ်ခဲ့ဘူး .. သိလည်း မသိခဲ့ပါဘူး"

"ချာတိတ် .."

"ပြောပါ ကိုကို .."

"ကိုယ့်ကို အရင်လို ချစ်သေးလား .."

"ပန်း ဘဝနဲ့ထပ်တူ .. အသက်လောက်ကို မြတ်နိုး အားကိုးခဲ့တာပါ၊ ခုရော နောက် ထာဝရအထိ .."

"ဒါဆို အဲဒီအချစ်တွေနဲ့ပဲ ရှေ့ဆက်ကြမယ် .. ကျွန်ခဲ့တာ အားလုံးကို မေ့လိုက်ရအောင်"

"ကိုကိုရယ် .."

"မင့်သား ရယ်နေတယ်ကွ .. သူ့အမေကို ရှည်းစားစကား ပြောနေရတာ နည်းနည်းတော့ မျက်နှာပူတယ် .."

ပန်း ရယ်လိုက်တိုင်း ကျောထဲက အောင့်လာတတ်သေးမယ့် ဘအား ရယ်နေမိသည်။

မျက်ရည်စိုသွားပြီဆို ခြောက်နိုင်ခဲ့သည့် မျက်တောင်ရှည်တို့က သူ့ရဲ့ စိုဖတ်ဖတ်ရိုက်ခတ်မှုတွေနဲ့ 'ခုတော့ မငိုပြန်ဘူးလား' လို့ [illegible] သလိုပင် ..။

မကြာခင် သားငယ် အခန်းထဲ ပြေးဝင်လာကာ —

"ဟာ!... မေမေ မျက်ရည်တောင် မခြောက်သေးဘူး ရယ်နေပြီး ကိုကြီး လုပ်ပါ .. ဆက်ပြော .. သား လက်ကြဲကြီးနဲ့ နားပိတ်ထားမယ်"

ပန်း နဲ့ ဖုန်းနားကို နားနဲ့ တကယ်ကပ်နေပြီး အော်ပြောလိုက်တော့ အငိုပ် အသံ တန်းဝင်လာ၏။

"ဒါဆို တစ်က ပြန်စမေးမှ ဖြစ်မယ် ..၊ ချာတိတ် .. ကိုယ့်ကို ထာဝရ နှောင့်ယှက်ခွင့် ပြုပါ"



www.burmeseclassic.com

www.burmeseclassic.com



"နှောင့်ယှက်စေချင်လွန်းလို့ပါ ကိုကို .."

"ဟား!... ရှုပါတော့လက်ကီ ပဲကွာ .."

'ပွတ်ဒ်တယ်'လို့ မြောက်ခနဲ ခုန်ပစ်လိုက်ပြီး အော်ကာ သားငယ်လက်'မ' ထောင်ပြသေးသည်။

ပြီးတော့ သတိထားမိသေးသည်။

ရှက်သွေးတို့ဖြင့် ရဲနေသော မေမေ့ ပါးပြင်လေးတစ်ဖက်ကို မြင်လိုက်ရတာ အချစ်နဲ့ ကမ္ဘာကြီးတစ်ခုလုံးကိုပါ နားလည်သွားခဲ့ခြင်းကို ဖြစ်စေလျက် ...၊

'အချစ်ရဲ့ဂုဏ်သတ္တိ'ဆိုတာ အဲဒါပါ မေမေ ...။

လရောင်ကျူးရင့်



www.burmeseclassic.com